အနောက်အရပ်မှ၊ ပတိဋ္ဌ- တည်ရာကို၊ န လဘတိ- မရ။ ပုရတော- အရှေ့အရပ်မှ၊ ပတိဋ္ဌ- တည်ရာကို၊ န လဘတိ- မရ။ ဥတ္တရ- မြောက်အရပ်မှ၊ ပတိဋ္ဌ- တည်ရာကို၊ န လဘတိ- မရ။ ဒက္ခိဏ- တောင် အရပ်မှ၊ ပတိဋ္ဌ- တည်ရာကို၊ နောပိ လဘတိ- မရ။

၃၀။ မဟာရာဇ- မင်းမြတ်၊ သော ဝိဟင်္ဂမော- ထိုကျီးသည်၊ ယတ္ထ- အကြင်သမုဒ္ဒရာပြင်၌၊ ပက္ခီနံ- ငှက်တို့အား၊ အဂတိ- တည်ရာမရှိ၊ တတ္ထ- ထိုတည်ရာ မရှိသော သမုဒ္ဒရာအပြင်၌၊ အဂစ္ဆိ- ပျံသွားပြီ။ ဒီပံ- တည်ရာ ကိုကား၊ နဇ္ဈဂါ- မရနိုင်။ မဟာရာဇ- မင်းမြတ်၊ သော စ ဝိဟင်္ဂမော- ထို ကျီးသည်၊ ယထာ- အကြင်အခြင်းအရာအားဖြင့် ပျံသွားဖန် များသည် ရှိသော်၊ ဒုဗ္ဗလကော- အားနည်း၏။ တထာ- ထိုအခြင်းအရာအားဖြင့် ပျံသွားသည်ရှိသော်၊ တတ္ထေဝ- ထိုသမုဒ္ဒရာ အပြင်၌ပင်လျှင်၊ ပါပတ္ထ- ကျလေပြီ။

၃၁။ မဟာရာဇ- မင်းမြတ်၊ ဝိပက္ခကံ- အတောင်လည်း ပျက်စီးထသော၊ ဖန္ဒမာနံ- တုန်လှုပ်ထသော၊ တဉ္စ- ထိုကျီးကိုလည်း၊ သာမုဒ္ဒိကာ- သမုဒ္ဒရာ၌ ဖြစ်ကုန်သော၊ မစ္ဆာ စ- ငါးတို့သည်လည်းကောင်း၊ ကုမ္ဘီလာ စ- လင်းပိုင်တို့ သည်လည်းကောင်း၊ မကရာ စ- မကန်းတို့သည်လည်းကောင်း၊ သုသူ စ- မိကျောင်းတို့သည်လည်းကောင်း၊ ပသယှကာရာ- နှိပ်စက်ခြင်းကို ပြုကုန်လျက်၊ ခါဒိံသု- စားကြကုန်ပြီ။

၃၂။ ရာဇ- မင်းမြတ်၊ ဧဝမေဝ- ဤအတူသာလျှင်၊ တုဝံ စ- သင်မင်း မြတ်သည်လည်းကောင်း၊ အညေ- သင်မင်းမြတ်မှတစ်ပါးကုန်သော၊ ကာမဘောဂိနော- ကာမဂုဏ်ချမ်းသာကို ခံစားကုန်သော၊ ဂိဒ္ဓါ- ကာမဂုဏ်၌ တပ်မက်မောကုန်သော၊ ယေ စ ပုဂ္ဂလာ- အကြင်ပုဂ္ဂိုလ် တို့သည်လည်းကောင်း၊ စေ န ဝမိဿန္တိ- အကယ်၍ မစွန့်ကုန်အံ့။ တေ ပုဂ္ဂလာ- ထိုပုဂ္ဂိုလ်တို့ကို၊ ကာကပညာဝ- ကျီးပညာနှင့်တူသော ပညာ ရှိသောသူဟူ၍၊ တေ- ထိုဘုရားအစရှိသော ပညာရှိတို့သည်၊ ဝိဒူ- သိကုန်၏။

၃၃။ ရာဇ- မင်းမြတ်၊ တေ- သင်မင်းမြတ်အား၊ အတ္ထသန္ဒဿနီ- အကျိုးကို ကောင်းစွာ ပြတတ်သော၊ သော ဥပမာ- ဤဥပမာကို၊ ကတာ- ပြုအပ်ပြီ။ တွဉ္စ- သင်မင်းမြတ်သည်လည်း၊ တေန- ထိုအကြောင်းဖြင့်၊ ပညာယသေ- ထင်လတ္တံ့။ ယဒိ- အကယ်၍၊ ကာဟသိ ဝါ- လိုက်နာလိုလည်း လိုက်နာလော့၊ န ဝါ ကာဟသိ- မလိုက်နာလိုလျှင်လည်း နေတော်မူလော့။

တတ္ထ- ထို'ကာမေ ဂိဒ္ဓါ'စသော ဂါထာတို့၌၊ ပါပါနီတိ- ပါပါနိ ဟူသည်ကား၊ မဟာရာဇ- မြတ်သော မင်းကြီး၊ တွံ- သင်သည်၊ ကာမဂိဒ္ဓေါ- ကာမဂုဏ်၌ တပ်မက်သည် (ဟောတိ- ဖြစ်၏)။ စ- ဆက်၍ ဆိုဦးအံ့၊ နရာ- လူတို့သည်၊ ကာမေ- ကာမဂုဏ်တို့ကို၊ နိဿာယ- မှီ၍၊ ကာယဒုစ္စရိတာဒီနိ- ကာယဒုစရိုက် အစရှိကုန်သော၊ ပါပါနိ- မကောင်းမှုတို့ကို၊ ကတွာ- ပြု၍၊ ယတ္ထ- အကြင်ဒုဂ္ဂတိ၌၊ သုပိနန္တေပိ- အိပ်မက်၌လည်း၊ ဒိဗ္ဗာ- နတ်၌ဖြစ်ကုန်သော၊ (ကာမာ) စ- ကာမဂုဏ်တို့ကို လည်းကောင်း၊ မာနုသိကာ- လူ၌ဖြစ်ကုန်သော၊ ကာမာ စ- ကာမဂုဏ်တို့ကို လည်းကောင်း၊ န လဗ္ဘန္တိ- မရအပ်ကုန်။ တံ ဒုဂ္ဂတိံ- ထိုဒုဂ္ဂတိသို့၊ ဥပပဇ္ဇန္တိ- ဖြစ်ရကုန်၏။ ဣတိ- ဤကား၊ အတ္ထော- အနက်တည်း။ ပဟန္ဒာနာတိ- ပဟန္ဒာန ဟူသည်ကား၊ ခေဠပိဏ္ဍံ ဝိယ- တံတွေးပေါက်ကဲ့သို့ ပဟာယ- ပယ်စွန့်၍။ အကုတောဘယာတိ- အကုတောဘယာ ဟူသည်ကား၊ ရာဂါဒီသု- ရာဂ အစရှိသည်တို့တွင်၊ ကုတောစိ- တစ်စုံတစ်ခုမှ၊ အနာဂတဘယာ- ရောက်အပ်သော ဘေးမရှိသည်ဖြစ်၍။ ဧကောဒိဘာဝါဓိဂတာတိ- ဧကောဒိဘာဝါဓိဂတာ ဟူသည်ကား၊ ဧကောဒိဘာဝံ- တစ်ယောက်တည်း၏ အဖြစ်သို့၊ ဧကဝိဟာရိကတံ- တစ်ယောက်တည်းနေခြင်း ရှိသူ၏ အဖြစ်သို့ အဓိဂတာ- ရောက်ကုန်၏။ န တေတိ- န တေ ဟူသည်ကား၊ ဧဝရူပါ- ဤသို့ သဘောရှိကုန်သော၊ တေ ပဗ္ဗဇိတာ- ထိုရဟန်းတို့သည်၊ ဒုဂ္ဂတိံ- ဒုဂ္ဂတိသို့၊ န ဂစ္ဆန္တိ- မရောက်ကုန်။

ဥပမံ တေတိ- ဥပမံ တေ ဟူသည်ကား၊ မဟာရာဇ- မြတ်သောမင်းကြီး၊ ဒိဗ္ဗမာနုသကေ- နတ်ပြည် လူ့ပြည်၌ ဖြစ်ကုန်သော၊ ကာမေ- ကာမဂုဏ်တို့ကို၊ ပတ္ထေန္တဿ- တောင့်တသော၊ ဟတ္ထိကုဏပေ- ဆင်အသေကောင်ပုပ်၌၊

ပဋိဗဒ္ဓကာကသဒိသဿ- တပ်မက်သော ကျီးနှင့်တူသော၊ တဝ- သင့်အတွက်၊ ဧကံ- တစ်ခုသော၊ ဥပမံ- ဥပမာကို၊ ကရိဿာမိ- ပြုအံ့။ တံ- ထိုဥပမာကို၊ သုဏောဟိ- နာလော့၊ ဣတိ- ဤကား၊ အတ္ထော- အနက်တည်း။ ကုဏပန္တိ- ကုဏပံ ဟူသည်ကား၊ ဟတ္ထိကဠေဝရံ- ဆင်သေကောင်ပုပ်ကို။ မဟဏ္ဏဝေတိ- မဟဏ္ဏဝေ ဟူသည်ကား၊ ဂမ္ဘီရပုထုလေ- နက်လည်းနက် ကျယ်လည်းကျယ်သော၊ [နှာ-၂၇၁] ဥဒကေ- ရေ၌။ ကိရ- ခဲ့ဦးအံ့၊ ဧကော- တစ်ကောင်သော၊ မဟာဝါရဏော- ဆင်ကြီးသည်၊ ဂင်္ဂါတီရေ- ဂင်္ဂါကမ်းနား၌၊ စရန္တော- လှည့်လည်စဉ်၊ ဂင်္ဂါယံ- ဂင်္ဂါမြစ်သို့ ပတိတွာ- ကျ၍၊ ဥတ္တရိတုံ- ကူးခြင်းငှာ၊ အသက္ကောန္တော- မစွမ်းနိုင်သည် ဖြစ်၍၊ တတ္ထေဝ- ထိုဂင်္ဂါမြစ်၌ပင်၊ မတော- သေ၍၊ ဂင်္ဂါယ- ဂင်္ဂါမြစ်၌၊ ဝုယှိ- မျောပါခဲ့ပြီ။ တံ- ထိုဆင်သေကောင်ကို၊ သန္ဓာယ- ရည်ရွယ်၍၊ ဧတံ- ဤဥပမာကို၊ ဝုတ္တံ- ဆိုအပ်ပြီ။ ဝါယသောတိ- ဝါယသော ဟူသည်ကား၊ အာကာသေန- ကောင်းကင်ဖြင့်၊ ဂစ္ဆန္တော- သွားသော၊ ဧကော- တစ်ကောင်သော၊ ကာကော- ကျီးသည်။ ယာနဥ္စ ဝတဒိန္တိ- ယာနဥ္စ ဝတဒိ ဟူသည်ကား၊ သော- ထိုကျီးသည်၊ ဧဝံ- ဤသို့၊ စိန္တေတွာ- ကြံ၍၊ တတ္ထ- ထိုဆင်သေကောင်ပုပ်၌၊ နိလီယိတွာ- နေ၍၊ "မယာ- ငါသည်၊ ဣဒံ ဟတ္ထိယာနံ- ဤဆင်ယာဉ်ကို၊ လဒ္ဓံ- ရအပ်ပြီ။ ဧတ္ထ- ဤဆင်ယာဉ်၌၊ နိလီနော- နေလျက်၊ သုခံ- ချမ်းသာစွာ၊ စရိဿာမိ- လှည့်လည်အံ့။ စ- ထို့အပြင်၊ အယမေဝ- ဤဆင်သေကောင်သည်ပင်၊ မေ- ငါ့အတွက်၊ အနပ္ပကော- များစွာသော၊ ဘက္ခော- အစာသည်၊ ဘဝိဿတိ- ဖြစ်လတ့်။ ဣဒါနိ- ယခုအခါ၌၊ မယာ- ငါသည်၊ အညတ္ထ- အခြားသော အရပ်သို့ ဂန္တုံ- သွားခြင်းငှာ၊ န ဝဋ္ဋတိ- မအပ်။" ဣတိ- ဤသို့ သန္နိဋ္ဌာန်- ဆုံးဖြတ်ခြင်းကို၊ အကာသိ- ပြုပြီ။ တတ္ထ ရတ္တိန္တိ- တတ္ထ ရတ္တိံ ဟူသည်ကား၊ တတ္ထ- ထိုဆင်သေကောင် ပုပ်၌၊ ရတ္တိဥ္စ- ညဉ့်၌လည်းကောင်း၊ ဒိဝါ စ- နေ့၌လည်းကောင်း၊ တတ္ထေဝ- ထိုဆင်သေကောင်ပုပ်၌ပင်၊ မနော- စိတ်သည်၊ အဘိရတော- မွေ့လျော်သည်၊ အဟောသိ- ဖြစ်ပြီ။ န ပလေတ္ထာတိ- န ပလေတ္ထ ဟူသည်ကား၊ ဥပ္ပတိတွာ- ပျံ၍၊ န ပက္ကာမိ- မသွား။

ဩတရဏီတိ- ဩတရဏီဟူသည်ကား၊ (ဂင်္ဂါ- ဂင်္ဂါမြစ်သည်)၊ သမုဒ္ဒါဘိမုခီ- သမုဒ္ဒရာသို့ ရှေးရှု၊ ဩတရမာနာ- သက်ဝင်သည်ရှိသော်။ "ဩဟာရိဏီ"တိပိ- ဩဟာရိဏီ ဟူ၍လည်း၊ ပါဌော- ပါဌ်သည်၊ (ဘဝတိ- ဖြစ်၏)။ သာ- ထိုဂင်္ဂါ

မြစ်သည်၊ သမုဒ္ဒါဘိမုခီ- သမုဒ္ဒရာသို့ရှေးရှု အဝဟာရိဏီ- ဆောင်ယူသည် ရှိသော်၊ ဣတိ- ဤကား၊ အတ္ထော- အနက်တည်း။ အဂတိ ယတ္ထာတိ- အဂတိ ယတ္ထ ဟူသည်ကား၊ သမုဒ္ဒမဇ္ဈေ- သမုဒ္ဒရာအလယ်ကို၊ သန္ဓာယ- ရည်ရွယ်၍၊ အာဟ- ဆိုပြီ။ ဘက္ခပရိက္ခီဏောတိ-'ဘက္ခပရိက္ခီဏော ဟူသည်ကား၊ ပရိက္ခီဏဘက္ခော- ကုန်သောအစာ ရှိသည် ဖြစ်၍။ ဥဒပတ္တွာတိ¹- ဥဒပတ္တွာ ဟူသည်ကား၊ စမ္မေ စ- အရေသည်လည်းကောင်း၊ မံသေ စ- အသားသည်လည်းကောင်း၊ ခီဏေ- ကုန်သည် ရှိသော်၊ အဋ္ဌိသံဃာတော- အရိုးစုသည်၊ ဦမိဝေဂေန- လှိုင်းတံပိုးကြောင့်၊ ဘိန္နော- ကွဲလျက်၊ ဥဒကေ- ရေ၌၊ နိမုဇ္ဇိ- မြုပ်ပြီ။ အထ- ထိုအခါ၌၊ သော ကာကော- ထို ကျီးသည်၊ ဥဒကေ- ရေ၌၊ ပတိဋ္ဌာတုံ- တည်ခြင်းငှာ၊ အသက္ကောန္တော- မစွမ်းနိုင်သည်ဖြစ်၍၊ ဥပ္ပတိ- ပျံတက်၏။ ဧဝံ- ဤသို့၊ ဥပ္ပတိတွာ- ပျံတက်သည် ဖြစ်၍။ ဣတိ- ဤကား၊ အတ္ထော- အနက်တည်း။ အဂတိ ယတ္ထ ပက္ခိနန္တိ- အဂတိ ယတ္ထ ပက္ခိနံ ဟူသည်ကား၊ ယသ္မိံ သမုဒ္ဒမဇ္ဈေ- အကြင်သမုဒ္ဒရာအလယ်၌၊ ပက္ခိနံ- ငှက်တို့၏၊ အဂတိ- တည်ရာမရှိ တတ္ထ- ထိုသမုဒ္ဒရာအလယ်၌၊ သော- ထိုကျီးသည်၊ ဧဝံ- ဤသို့၊ ဥပ္ပတိတော- ပျံတက်သည်ဖြစ်၍၊ ပစ္ဆိမံ- အနောက်ဖြစ်သော၊ ဒိသံ- အရပ်သို့၊ ဂန္တွာ- သွား၍၊ တတ္ထ- ထိုအနောက်အရပ်၌၊ ပတိဋ္ဌံ- တည်ရာကို၊ အလဘိတွာ- မရမူ၍၊ ပုရတ္ထိမံ- အရှေ့အရပ်သို့၊ တတော- ထို့နောင်မှ၊ ဥတ္တရံ- မြောက်အရပ်သို့၊ တတော- ထို့နောင်မှ၊ ဒက္ခိဏံ- တောင်အရပ်သို့၊ ဣတိ- ဤသို့၊ စတဿောပိ- လေးပါးလည်းဖြစ်ကုန်သော၊ ဒိသာ- အရပ်မျက်နှာတို့သို့၊ ဂန္တွာ-

---

၁။ ဥဒပတ္တွာ- ပါဠိ၌ ဥ-ဥပသာရပုဒ်သည် သက္ကတ၌ ဥတ်-ဟုရှိ၏၊ တ်-ဗျည်းသည် နောက်၌ သရ သို့မဟုတ် ဃောသဗျည်းရှိလျှင် ဒ်-သို့ ပြောင်း၍ အဃောသဗျည်း ရှိလျှင် သဒိသပြုရသည်၊ ထို့ကြောင့် ဥဒ်+အပ+တွာ-ဥဒပတွာ-ဟုရုပ်ဖြစ်၏၊ ဥတ်+ပတ်+က္က+တွာ- ဥပ္ပတိတွာ-ဟုရုပ်ဖြစ်၏၊ အပ-ဓာတ် ပါပုဏနတ္ထဟု ပါဠိဆရာတို့ ကြံဆ၏၊ သက္ကတ၌ကား အာပ-ဓာတ်ဖြစ်သည်၊ အာပ-ဖြင့် ရုပ်ပြီး မလွယ်၍ ပဒ-ဓာတ်ဖြင့်လည်း ကြံဆသေး၏၊ ပါဠိအင်္ဂလိပ်အဘိဓာန်၌ ဥဒ်-ကို အ-သရထည့်၍ ဥဒ-ပုဒ်ပြုပြီး ၎င်းပုဒ်ရှေ့ရှိသော ပတ်-ဓာတ်၊ တွာ-ဖြင့် ရုပ်ပြီးကြံထား၏၊ ဤပုဒ်သည် ရုပ်အထူးတည်း။

သွား၍၊ အတ္တနော- မိမိ၏၊ ပတိဋ္ဌာနံ- တည်ရာကို၊ န အဒ္ဒက္ခိ- မရ။ နာဂစ္ဆိ- မသွားနိုင်။ ဣတိ- ဤကား၊ အတ္ထော- အနက်တည်း။ အထ ဝါ- ထို့အပြင်၊ ဝါယသော- ကျီးသည်၊ ဧဝံ- ဤသို့၊ ဥပ္ပတိတွာ- ပျံတက်၍၊ ပစ္ဆိမာဒိသု- အနောက်အရပ် စသည်တို့တွင်၊ ဧကေကံ- တစ်ခုတစ်ခုသော၊ ဒိသံ- အရပ်သို့၊ အာဂစ္ဆိ- ပျံသွားပြီ။ ဒိပံ ပန- ကျွန်းသို့ကား၊ နဇ္ဈာဂမာ- မရောက်နိုင်။ ဣတိ ဧဝံ- ဤသို့ ဧတ္ထ- ဤဥပမာ၌၊ အတ္ထော- အနက်ကို၊ ဒဋ္ဌဗ္ဗော- မှတ်အပ်၏။ ပါပတ္တာတိ¹- ပါပတ္တ ဟူသည်ကား၊ ပပတိတော- ကျခဲ့ပြီ။ ယထာ ဒုဗ္ဗလကောတိ- ယထာ ဒုဗ္ဗလကော ဟူသည်ကား၊ ဒုဗ္ဗလကော- အားနည်းသော သူသည်၊ ပတေယျ ယထာ- ကျဘိသကဲ့သို့၊ တထေဝ- ထို့အတူ ပတိတော- ကျခဲ့ပြီ။ သုသူတိ- သုသု ဟူသည်ကား၊ သုသုနာမကာ- သုသုဟု အမည်ရှိကုန်သော၊ စဏ္ဍမစ္ဆာ- ကြမ်းတမ်းသော ငါးတို့သည်။ ပသယှကာရာတိ- ပသယှကာရာ ဟူသည်ကား၊ အနိစ္ဆမာနကံယေဝ- အလိုမရှိဘဲလျက်သာလျှင်၊ ဗလက္ကာရေန- အနိုင်အထက်ဖြင့်။ ဝိပက္ခကန္တိ- ဝိပက္ခကံ ဟူသည်ကား၊ ဝိဒ္ဒသ္တပက္ခကံ- ပျက်စီးသော အတောင်ရှိသော။

ဂိဒ္ဓါ စေ န ဝမိဿန္တီတိ- ဂိဒ္ဓါ စေ န ဝမိဿန္တိ ဟူသည်ကား၊ ဂိဒ္ဓါ- တပ်မက်ကုန်သည် ဟုတွာ- ဖြစ်၍၊ ကာမေ- ကာမဂုဏ်တို့ကို၊ ယဒိ န ဝမိဿန္တိ- အကယ်၍ မထွေးအန် ကုန်အံ့၊ န ဆဍ္ဍေဿန္တိ- မစွန့်ကုန်အံ့။ ကာကပညာဝ တေတိ- ကာကပညာဝ တေ ဟူသည်ကား၊ ကာကဿ- ကျီးနှင့်၊ သမာနပညာ ဣတိ- တူသောပညာရှိသူ ဟူ၍၊ ပဏ္ဍိတာ- ပညာရှိကုန်သော၊ ဗုဒ္ဓါဒယော- ဘုရားအစရှိကုန်သော၊ တေ ဝိဒူ- ထိုပညာရှိတို့သည်၊ ဝိဒန္တိ- သိကုန်၏။ ဇာနန္တိ- သိကုန်၏။ ဣတိ- ဤကား၊ အတ္ထော- အနက်တည်း။ အတ္ထသန္ဒဿနီတိ- အတ္ထသန္ဒဿနီ ဟူသည်ကား၊ အတ္ထပ္ပကာသိကာ- အနက်ကို ထင်ရှားပြတတ်သော။ တွဉ္စ ပညာယသေတိ- တွဉ္စ ပညာယသေ ဟူသည်ကား၊ တွဉ္စ- သင်သည်လည်း၊ ပညာယိဿသိ- ထင်ရှားလတ့်။ ဣဒံ- ဤစကားကို၊ ဝုတ္တံ- ဆိုအပ်သည်၊ ဟောတိ- ဖြစ်၏။ မဟာရာဇ- မြတ်သော မင်းကြီး၊ ဟိတကာမေန- အစီးအပွားကို လိုလားသော၊

---

၁။ ပါပတ္တ-ပဒေ့ရှိသော အာပ-ဓာတ် ပရောက္ခာ အတ္တနောပုဒ် နာမယောဂ ဧကဝုစ် တ္ထ-ဝိဘတ်ဖြင့် ရုပ်ပြီး၏၊ ဓာတ်နှင့် ဝိဘတ်အကြား၌ အ-သရထည့်ပေးရ၏။

မယာ- ငါသည်၊ တဝ- သင့်အား၊ ဩဝါဒေါ- ဩဝါဒကို၊ ဒိန္နော- ပေးအပ်ပြီ။ ပန- ဆက်၍ ဆိုဦးအံ့၊ တံ- ထိုငါပေးသော ဩဝါဒကို၊ တွံ- သင်သည်၊ ယဒိ ကာဟသိ- အကယ်၍ လိုက်နာအံ့။ ဒေဝလောကေ- နတ်ပြည်လောက၌၊ နိဗ္ဗတ္တိဿသိ- ဖြစ်လတ့်။ ယဒိ- အကယ်၍၊ န ကာဟသိ- မလိုက်နာအံ့။ ကာမပင်္ကေ- ကာမည္ဘွန်၌၊ နိမုဂ္ဂေါ- နစ်သည် ဖြစ်၍၊ ဇီဝိတပရိယောသာနေ- အသက်၏ အဆုံး၌၊ နိရယေ- ငရဲ၌၊ နိဗ္ဗတ္တိဿသိ- ဖြစ်လတ့်။ ဣတိ ဧဝံ- ဤသို့၊ တွမေဝ- သင်သည်ပင်၊ တေန ကာရဏေန ဝါ- ထိုလိုက်နာခြင်း ကြောင့်လည်းကောင်း၊ [နှာ-၂၇၂] တေန အကာရဏေန ဝါ- ထိုမလိုက်နာ ခြင်းကြောင့် လည်းကောင်း၊ သဂ္ဂေ ဝါ- နတ်ပြည်၌လည်းကောင်း၊ နိရယေ ဝါ- ငရဲ၌လည်းကောင်း၊ ပညာယိဿသိ- ထင်လတ့်။ အဟံ ပန- ငါသည်ကား၊ သဗ္ဗဘဝေဟိ- အလုံးစုံသော ဘဝတို့မှ၊ မုတ္တော- လွတ်ပြီ။ အပ္ပဋိသန္ဓိကော- တစ်ဖန် ပဋိသန္ဓေနေခြင်း မရှိတော့ပြီ။ ဣတိ- ဤကား၊ အတ္ထော- အနက်တည်း။

ပန- အဖို့ တစ်ပါးကို ဆိုဦးအံ့၊ ဣမံ ဩဝါဒံ- (အကြောင်းအကျိုးနှင့် ယှဉ်စပ်သော) ဤဩဝါဒအဆုံးအမကို၊ ဒေန္တေန- ပေးသနားသော၊ ပစ္စေကဗုဒ္ဓေန- အရှင် သောဏကပစ္စေကဗုဒ္ဓါသည်၊ နဒီ- မြစ်ကို၊ ဒဿိတာ- ပြအပ်ပြီ။ တာယ- ထိုမြစ်၌၊ ဝုယှမာနံ- မျောနေသော၊ ဟတ္ထိကုဏပံ- ဆင်သေကောင်ကို၊ ဒဿိတံ- ပြအပ်ပြီ။ ကုဏပခါဒကော- အကောင်ပုပ်ကို ခဲစားသော၊ ကာကော- ကျီးကန်းကို၊ ဒဿိတော- ပြအပ်ပြီ။ တဿ- ထိုကျီးကန်း၏၊ ကုဏပံ- အကောင်ပုပ်ကို၊ ခါဒိတွာ- ခဲစား၍၊ ပါနီယပိဝနကာလော- သောက်ရေကို သောက်သောအခါ ကာလကို၊ ဒဿိတော- ပြအပ်ပြီ။ ရမဏီယဝနသဏ္ဍဒဿနကာလော- မွေ့လျော်ဖွယ်ကောင်းသော တောအုပ်ကို မြင်သောအခါကာလကို၊ ဒဿိတော- ပြအပ်ပြီ။ နဒိယာ- မြစ်၌၊ ဝုယှမာနဿ- မျောနေသော၊ ကုဏပဿ- အကောင်ပုပ်၏၊ သမုဒ္ဒပဝေသော- သမုဒ္ဒရာသို့ ဝင်ခြင်းကို၊ ဒဿိတော- ပြအပ်ပြီ။ သမုဒ္ဒမဇ္ဈေ- သမုဒ္ဒရာ၏ အလယ်၌၊ ကာကဿ- ကျီးကန်း၏၊ ဟတ္ထိကုဏပေ- ဆင်သေကောင်၌၊ ပတိဋ္ဌံ- တည်ရာကို၊ အလဘိတွာ- မရမူ၍၊ ဝိနာသံ- ပျက်စီးခြင်းသို့၊ ပတ္တကာလော- ရောက်ရာအချိန်ကို၊ ဒဿိတော- ပြအပ်ပြီ။ တတ္ထ- ထိုဥပမာ၌၊ နဒီ ဝိယ- မြစ်ကဲ့သို့၊ အနမတဂ္ဂေါ- ဉာဏ်ဖြင့် လျှောက်၍ မသိအပ်သော အရှေ့စွန်း၊ အနောက်စွန်း အပိုင်းအခြား

ရှိသော၊ သံသာရော- သံသရာကို၊ ဒဋ္ဌဗ္ဗော- မှတ်သားအပ်၏။ နဒိယာ- မြစ်၌၊ ဝုယှမာနံ- မျောနေသော၊ ဟတ္ထိကုဏပံ ဝိယ- ဆင်သေကောင်ကဲ့သို့၊ သံသာရေ- သံသရာ၌၊ ပဉ္စ- ငါးပါးကုန်သော၊ ကာမဂုဏာ- ကာမဂုဏ်တို့ကို၊ (ဒဋ္ဌဗ္ဗာ- မှတ်သား အပ်ကုန်၏)။ ကာကော ဝိယ- ကျီးကန်းကဲ့သို့၊ ဗာလပုထုဇ္ဇနော- မိုက်ကန်းသော ပုထုဇဉ်ကို၊ (ဒဋ္ဌဗ္ဗော- မှတ်သားအပ်၏)။ ကာကဿ- ကျီးကန်း၏၊ ကုဏပံ- သူသေကောင်ကို၊ ခါဒိတွာ- ခဲစား၍၊ ပါနီယပိဝနကာလော ဝိယ- သောက်ရေကို သောက်ရာ အချိန်အခါကဲ့သို့၊ ပုထုဇ္ဇနဿ- ပုထုဇဉ်၏၊ ကာမဂုဏေ- ကာမဂုဏ် တို့ကို၊ ပရိဘုဉ္ဇိတွာ- သုံးဆောင်ခံစားပြီး၍၊ သောမနဿိကကာလော- ကောင်းသော ဝမ်းမြောက်ခြင်း ရှိရာအခါကို၊ (ဒဋ္ဌဗ္ဗော- မှတ်သားအပ်၏)။ ကုဏပေ- သူသေကောင်၌၊ လဂ္ဂဿ- (တဏှာဖြင့်) ကပ်ငြိသော၊ ကာကဿ ဧဝ- ကျီးကန်း၏ သာလျှင်၊ ရမဏီယဝနသဏ္ဍဒဿနံ ဝိယ- မွေ့လျော်ဖွယ်ကောင်းသော တောအုပ်ကို မြင်သကဲ့သို့၊ ကာမဂုဏေသု- ကာမဂုဏ်ငါးပါးတို့၌၊ လဂ္ဂဿ- တဏှာဖြင့် ကပ်ငြိသော၊ ပုထုဇ္ဇနဿ ဧဝ- ပုထုဇဉ်၏သာလျှင်၊ သဝနဝသေန- ကြားခြင်း၏ အစွမ်းဖြင့်၊ အဋ္ဌတိံသာရမ္မဏဒဿနံ- သုံးဆယ့်ရှစ်ပါးသော ကမ္မဋ္ဌာန်းအာရုံတို့ကို မြင်ခြင်းကို၊ ဒဋ္ဌဗ္ဗံ- မှတ်သားအပ်၏။ ကုဏပေ- သူသေကောင်သည်၊ သမုဒ္ဒံ- သမုဒ္ဒရာသို့၊ ပဝိဋ္ဌေ- ဝင်သည်ရှိသော်၊ ပတိဋ္ဌံ- တည်ရာကို၊ လဘိတုံ- ရခြင်းငှာ၊ အသက္ကောန္တဿ- မစွမ်းနိုင်သော၊ ကာကဿ- ကျီးကန်း၏၊ ဝိနာသံ- ပျက်စီးခြင်းသို့၊ ပတ္တကာလော ဝိယ- ရောက်ရာအခါကဲ့သို့၊ ကာမဂုဏဂိဒ္ဓဿ- ကာမဂုဏ်တို့၌ တပ်မက်သော၊ ပါပပရာယဏဿ- မကောင်းမှု၌ မှီခိုရာ, လဲလျောင်းရာ ရှိသော၊ (ဗာလပုထုဇ္ဇနဿ-၌စပ်၊) ကုသလေ ဓမ္မေ- ကုသိုလ်တရား၌၊ ပတိဋ္ဌံ- တည်ရာကို၊ လဘိတုံ- ရခြင်းငှာ၊ အသက္ကောန္တဿ- မစွမ်းနိုင်သော၊ ဗာလပုထုဇ္ဇနဿ- မိုက်ကန်းသော ပုထုဇဉ်၏၊ မဟာနိရယေ- ကြီးစွာသော ငရဲ၌၊ မဟာဝိနာသပတ္တိ- ကြီးစွာသော ပျက်စီးခြင်းသို့ ရောက်ခြင်းကို၊ ဒဋ္ဌဗ္ဗာ- မှတ်သားအပ်၏။ ဣတိ- ဤ သည်ကား ဥပမာနှင့် ဥပမေယျတည်း။

ဧဝံ- ဤသို့၊ အဿ- ထိုအရိန္ဒမမင်းကြီးအား၊ သော- ထိုအရှင်သောဏက ပစ္စေကဗုဒ္ဓါသည်၊ ဣမာယ ဥပမာယ- ဤဥပမာဖြင့်၊ ဩဝါဒံ- အဆုံးအမကို၊ ဒတွာ- ပေးတော်မူပြီး၍၊ ဣဒါနိ- ယခုအခါ၌၊ တမေဝ ဩဝါဒံ- ထိုအဆုံးအမကိုသာလျှင်၊

ထိရံ- မြဲစွာ၊ ကတွာ- ပြု၍၊ ပတိဋ္ဌပေတုံ- တည်စေခြင်းငှာ၊ " ဧကဝါစမ္ပိ ဒွိဝါစံ၊ (ပ) ဒါသော'ဝ'ယျသ သန္တိကေ"တိ- "ဧဝံဝါစမ္ပိဒွိဝါစံ (ပ) ဒါသော'ဝ'ယျသ သန္တိကေ" ဟူသော၊ ဂါထံ- ဂါထာကို၊ အာဟ- ဟောတော်မူပြီ။

၃၄။ မဟာရာဇ- မင်းမြတ်၊ အနုကမ္ပကော- အစဉ်သနားခြင်းရှိသော သူသည်၊ ဧကဝါစမ္ပိ- တစ်ခွန်းသော စကားကိုလည်းကောင်း၊ ဒွိဝါစမ္ပိ- နှစ်ခွန်းသော စကားကိုလည်း၊ ဘဏေယျ- ဆိုဆုံးမရာ၏။ တတုတ္တရိံ- ထိုတစ်ခွန်းနှစ်ခွန်းထက် အလွန်၊ န ဘာသေယျ- မဆို မဆုံးမရာ။ အယျဿ- အရှင်၏၊ သန္တိကေ- အထံ၌၊ ဒါသော ဣဝ- ကျွန်ကဲ့သို့ ဟောတိ- ဖြစ်၏။

တတ္ထ- ထိုဧကဝါစမ္ပိ စသော ဂါထာ၌၊ န ဘာသေယျာတိ- န ဘာသေယျ ဟူသည်ကား၊ ဟိ- ထင်ရှားအောင် ဆိုဦးအံ့။ ဝစနံ- စကားကို၊ အဂ္ဂဏှန္တဿ- မနာယူသော ပုဂ္ဂိုလ်အား၊ တတော- ထို့ထက်၊ ဥတ္တရိံ- အလွန်၊ ဘာသမာနော- ပြောဆိုသော သူသည်၊ သာမိကဿ- အရှင်၏၊ သန္တိကေ- အထံ၌၊ ဒါသော ဝိယ- ကျွန်ကဲ့သို့၊ ဟောတိ- ဖြစ်၏။ ဟိ- မှန်၏၊ ဒါသော- ကျွန်သည်၊ သာမိကေ- အရှင်သည်၊ ကထံ- စကားကို၊ ဂဏှန္တေပိ- ယူသော်လည်းကောင်း၊ အဂ္ဂဏှန္တေပိ- မယူသော် လည်းကောင်း၊ ကထေတိ ယေဝ- ဆိုရသည်သာ။ တေန- ထို့ကြောင့်၊ "တတုတ္တရိံ န ဘာသေယျာ"တိ- တတုတ္တရိံ န ဘာသေယျဟူ၍၊ ဝုတ္တံ- ဆိုအပ်ပြီ။

ပစ္စေကဗုဒ္ဓါ အဆုံးအမဂါထာ

၃၅။ "ဣဒံ ဝတွာန ပက္ကာမိ၊ သောဏကော အမိတဗုဒ္ဓိမာ။
ဝေဟာသေ အန္တလိက္ခသ္မိံ၊ အနုသာသိတွာန ခတ္တိယ"န္တိ-

"ဣဒံ ဝတွာန ပက္ကာမိ (ပ) အနုသာသိတွာန ခတ္တိယံ"ဟူသော၊ အယံ- ဤဂါထာ သည်ကား၊ အဘိသမ္ဗုဒ္ဓဂါထာ- ထိုးထွင်း၍ ကောင်းစွာသိအပ်သော ဂါထာတည်း။

၃၅။ ဘိက္ခဝေ- ရဟန်းတို့၊ အမိတဗုဒ္ဓိမာ- မနှိုင်းယှဉ်အပ်သော လောကုတ္တရာပညာရှိထသော၊ သောဏကော- သောဏကပစ္စေက ဗုဒ္ဓါသည်၊ ဣဒံ- ဤသို့သော စကားကို၊ ဝတွာန- မိန့်တော်မူပြီး၍၊ ခတ္တိယံ- ရေမြေကို အစိုးရသော အရိန္ဒမမင်းကြီးကို၊ အနုသာသိတွာန-

ဆုံးမတော်မူပြီး၍၊ ဝေဟာသေ- ဝေဟာသဟုဆိုအပ်သော၊ အန္တလိက္ခသို့-
ကောင်းကင်၌၊ ပက္ကာမိ- ကြွလေပြီ။

[နှာ-၂၇၃] တတ္ထ- ထို'ဣဒံ ဝတွာန' စသော ဂါထာ၌၊ ဣဒံ ဝတွာနာတိ-
ဣဒံ ဝတွာန ဟူသည်ကား၊ ဘိက္ခဝေ- ရဟန်းတို့၊ အမိတာယ- မနိူင်းယှဉ်အပ်သော၊
လောကုတ္တရ-ဗုဒ္ဓိယာ- လောကုတ္တရာဉာဏ်ဖြင့်၊ အမိတဗုဒ္ဓိမာ- မနိူင်းယှဉ်အပ်သော
ဉာဏ်ရှိသော၊ သော ပစ္စေကဗုဒ္ဓေါ- ထိုပစ္စေကဗုဒ္ဓါသည်၊ ဣဒံ- ဤစကားကို၊ ဝတွာ-
ဆိုပြီး၍၊ ဣဒ္ဓိယာ- တန်ခိုးဖြင့်၊ ဥပ္ပတိတွာ- ကောင်းကင်သို့ ပျံတက်၍၊ (တွံ-
သင်သည်)၊ "သစေ- အကယ်၍၊ ပဗ္ဗဇိဿသိ- ရဟန်းပြုအံ့၊ တဝေဝ- သင်၏သာလျှင်၊
(ဘာရော- ဝန်သည်၊ ဟောတိ- ဖြစ်၏)။ နော စေ ပဗ္ဗဇိဿသိ- အကယ်၍
ရဟန်းမပြုအံ့၊ တဝေဝ- သင်၏သာလျှင်၊ (ဘာရော- ဝန်သည်၊ ဟောတိ- ဖြစ်၏)။
မယာ- ငါသည်၊ တေ- သင့်အား၊ ဩဝါဒေါ- ဩဝါဒကို၊ ဒိန္နော- ပေးအပ်ပြီ။
အပ္ပမတ္တော- မမေ့လျော့သည်၊ ဟောဟိ- ဖြစ်လော့။" ဣတိ ဧဝံ- ဤသို့၊ ခတ္တိယံ-
မင်းကို၊ အနုသာသိတွာန- ဆုံးမ၍၊ ပက္ကာမိ- ကြွလေပြီ။

ဗောဓိသတ္တောပိ- ဘုရားလောင်း အရိန္ဒမမင်းသည်လည်း၊ အာကာသေန-
ကောင်းကင်ခရီးဖြင့်၊ ဂစ္ဆန္တံ- ကြွသွားတော်မူသော၊ တံ- ထိုအရှင်
သောဏကပစ္စေကဗုဒ္ဓါကို၊ ယာဝ ဒဿနပထာ- မြင်လောက်ရာ လမ်းခရီး (မျက်စိ
မြင်ကောင်းသော ခရီး)တိုင်အောင်၊ ဌတွာ- ရပ်၍၊ ဩလောကေန္တော- ကြည့်မျှော်
လျက်၊ တသ္မိံ- ထိုသောဏကပစ္စေကဗုဒ္ဓါသည်၊ စက္ခုပထေ- မျက်စိမြင်လောက်ရာ
ခရီးတို့ကို၊ အတိက္ကန္တေ- လွန်သည်ရှိသော်၊ သံဝေဂံ- ထိတ်လန့်ခြင်းကို၊ ပဋိလဘိတွာ-
ရ၍၊ "ဟီနဇစ္စော- ယုတ်ညံ့သော ဇာတ်ရှိသော၊ အယံ- ဤသူသည်၊ ဗြာဟ္မဏော-
ပုဏ္ဏားသည်၊ သမာနော- ဖြစ်လျက်၊ အသမ္ဘိန္နေ- (အခြားအမျိုးတို့နှင့်) မရော
ယှက်သော၊ ဝါ- မျိုးရိုးမပျက်သော၊ ခတ္တိယဝံသေ- မင်းမျိုးမင်းနွယ်၌၊ ဇာတဿ-
ဖြစ်သော၊ မမ- ငါ၏၊ မတ္ထကေ- ဦးခေါင်းထက်၌၊ အတ္တနော- မိမိ၏၊ ပါဒရဇံ-
ခြေမှုန့် မြူမှုန့်ကို၊ ဩကိရန္တော- ကြဲချလျက်၊ အာကာသံ- ကောင်းကင်သို့ ဥပ္ပတိတွာ-
ပျံတက်၍၊ ဂတော- ကြွသွားတော်မူပြီ။ မယာပိ- ငါသည်လည်း၊ အဇ္ဇေဝ- ယနေ့
ပင်လျှင်၊ နိက္ခမိတွာ- တောထွက်၍၊ ပဗ္ဗဇိတုံ- (ရသေ့)ရဟန်းပြုခြင်းငှာ၊ ဝဋ္ဋတိ-

သင့်၏၊” ဣတိ- ဤသို့၊ စိန္တေသိ- ကြံပြီ။ (စိန္တေတွာ- ကြံပြီး၍)၊ သော- ထိုအရှိန္ဒမင်းကြီးသည်၊ ရဇ္ဇံ- တိုင်းပြည်ကို၊ နိယျာဒေတွာ- အပ်နှင်း၍၊ ပဗ္ဗဇိတုကာမော- (ရသေ့)ရဟန်း ပြုခြင်းငှာ အလိုရှိသည်ဖြစ်၍-

၃၆။ “ကောနု’မေ ရာဇကတ္တာရော၊ သုဒ္ဒါ ဝေယျတ္တမာဂတာ။
ရဇ္ဇံ နိယျာဒယိဿာမိ၊ နာဟံ ရဇ္ဇေန မတ္ထိကော။

၃၇။ အဇ္ဇေဝ ပဗ္ဗဇိဿာမိ၊ ကောဇညာ မရဏံ သုဝေ။
မာဟံ ကာကောဝ ဒုမ္မေဓော၊ ကာမာနံ ဝသမန္ဝဂ”န္တိ-

“ကော နုမေ ရာဇကတ္တာရော (ပ) ကာမာနံ ဝသမန္ဝဂံ”ဟူကုန်သော၊ ဂါထာဒွယံ- ဂါထာနှစ်ခုတို့၏ အပေါင်းကို၊ အာဟ- ဆိုတော်မူပြီ။

၃၆။ ဘောန္တော အမစ္စာ- အိုအမတ်အပေါင်းတို့၊ သုဒ္ဒါ စ- သုဒ္ဒမျိုးနွယ် တို့သည်လည်းကောင်း၊ ဝေယျတ္တမာဂတာ- ထင်ရှားသောအဖြစ်သို့ ရောက်သော နှုတ်မင်္ဂလာရှိသောသူတို့သည်လည်းကောင်း၊ ယေ- အကြင် သူတို့သည်၊ ရာဇကတ္တာရော- မင်း၏ အဖြစ်ကို ပြုခြင်းငှာ စွမ်းနိုင်ကုန်၏၊ ဣမေ- ဤသူတို့သည်၊ ကော နု- အဘယ်မှာနည်း၊ အဟံ- ငါသည်၊ ရဇ္ဇံ- တိုင်း ပြည်ကို၊ နိယျာဒယိဿာမိ- အပ်နှင်းပါအံ့။ ရဇ္ဇေန- မင်းအဖြစ်ဖြင့်၊ န အတ္ထိကော- အလိုမရှိ။

၃၇။ ဘောန္တော အမစ္စာ- အိုအမတ်အပေါင်းတို့ အဇ္ဇေဝ- ယနေ့ပင်လျှင်၊ ပဗ္ဗဇိဿာမိ- ရဟန်းပြုအံ့၊ သုဝေ- နက်ဖြန်၊ မရဏံ- သေအံ့သည်ကို၊ ကော- အဘယ်သူသည်၊ ဇညာ- သိနိုင်ရာအံ့နည်း၊ အဟံ- ငါသည်၊ ဒုမ္မေဓော- ပညာမရှိသော၊ ကာကောဝ- ဆင်သေကောင်ပုပ်၌ တပ်စွမ်းသဖြင့် မွေ့လျော်ပျော်ပါးသော ကျီးကဲ့သို့၊ ကာမာနံ- ကာမဂုဏ်တို့၏၊ ဝသံ- အလိုသို့၊ မာ အန္ဝဂံ- မလိုက်ပြီ။

တတ္ထ- ထို‘ကွဒံ ဝတ္တာန’ စသော ဂါထာ၌၊ ကွဒံ ဝတ္တာနာတိ- ကွဒံ ဝတ္တာန ဟူသည်ကား၊ ဘိက္ခဝေ- ရဟန်းတို့၊ အမိတာယ- မနှိုင်းယှဉ်အပ်သော၊ လောကုတ္တရဗုဒ္ဓိယာ- လောကုတ္တရာဉာဏ်ဖြင့်၊ အမိတဗုဒ္ဓိမာ- မနှိုင်းယှဉ်အပ်သော

ဉာဏ်ရှိသော၊ သော ပစ္စေကဗုဒ္ဓေါ- ထိုပစ္စေကဗုဒ္ဓါသည်၊ ဣဒံ- ဤစကားကို၊ ဝတွာ- ဆို၍၊ ဣဒ္ဓိယာ- တန်ခိုးဖြင့်၊ ဉပ္ပတိတွာ- ကောင်းကင်သို့ ပျံတက်၍၊ "(တွံ- သင်သည်)၊ သစေ- အကယ်၍၊ ပဗ္ဗဇိဿသိ- ရဟန်းပြုအံ့။ တဝေ- သင်၏သာလျှင်၊ (ဘာရော- ဝန်သည်၊ ဟောတိ- ဖြစ်၏)။ နော စေ ပဗ္ဗဇိဿသိ- အကယ်၍ ရဟန်းမပြုအံ့။ တဝေ- သင်၏သာလျှင်၊ (ဘာရော- ဝန်သည်၊ ဟောတိ- ဖြစ်၏)။ မယာ- ငါသည်၊ တေ- သင့်အား၊ ဩဝါဒေါ- ဩဝါဒကို၊ ဒိန္နော- ပေးအပ်ပြီ။ အပ္ပမတ္တော- မမေ့မလျော့သည်၊ ဟောဟိ- ဖြစ်လော့၊" ဣတိ ဧဝံ- ဤသို့၊ ခတ္တိယံ- မင်းကို၊ အနုသာသိတွာန- ဆုံးမ၍၊ ပက္ကာမိ- ကြွလေပြီ။

ဧဝံ- ဤသို့ ရဋ္ဌံ- တိုင်းပြည်ကို နိယျာဒေန္တဿ- အပ်နှင်းသော အရိန္ဒမမင်းကြီး၏၊ (ဝစနံ- စကားကို)၊ သုတွာ- ကြားကုန်၍၊ အမစ္စာ- မှူးတော်မတ်တော်တို့သည်၊ (ရညော- မင်းကြီးအား)-

၃၈။ "အတ္ထိ တေ ဒဟရော ပုတ္တော၊ ဒီဃာဝု ရဋ္ဌဝဍ္ဎနော။

တံ ရဇ္ဇေ အဘိသိဉ္စဿု၊ သော နော ရာဇာ ဘဝိဿတိ"တိ-

"အတ္ထိ တေ ဒဟရော ပုတ္တော (ပ) သော နော ရာဇာ ဘဝိဿတိ" ဟူသော၊ (ဂါထံ- ဂါထာကို)၊ အာဟံသု- တင်လျှောက်ကုန်ပြီ။

> ၃၈။ မဟာရာဇ- မင်းမြတ်၊ တေ- အရှင်မင်းမြတ်၏၊ ပုတ္တော- သားတော်ဖြစ်သော၊ ဒဟရော- ငယ်နုစွာသော၊ ရဋ္ဌဝဍ္ဎနော- ပြည်သူတို့၏ နှလုံးကို ပွားစေတတ်သော၊ ဒီဃာဝု- ဒီဃာဝုအမည်ရှိသော သတို့သားသည်၊ အတ္ထိ- ရှိပါ၏။ တံ- ထိုသားတော်ဒီဃာဝုကို၊ ရဇ္ဇေ- မင်းအဖြစ်၌၊ အဘိသိဉ္စဿု- အဘိသိက်သွန်းတော်မူပါလော့။ သော- ထိုဒီဃာဝု မင်းသားသည်၊ နော- အကျွန်ုပ်တို့၏၊ ရာဇာ- အရှင်မင်းမြတ်သည်၊ ဘဝိဿတိ- ဖြစ်ပါလတ္တံ့။

တတော- ထိုသို့ တင်လျှောက်သောအခါမှ၊ ပရံ- နောက်၌၊ (တစ်နည်း) တတော ပရံ- ထိုသို့ တင်လျှောက်သောအခါ၌၊ ရညာ- အရိန္ဒမမင်းကြီးသည်၊ ဝုတ္တဂါထံ- ဆိုအပ်ပြီးသော ဂါထာကို၊ အာဒိံ ကတွာ- အစပြု၍၊ ဉဒါနသမ္ဗန္ဓဂါထာ- ဉဒါန်း

(ဝမ်းမြောက်စကား)နှင့် စပ်ယှဉ်ကုန်သော ဂါထာတို့ကို ပါဠိနယေနေဝ- ပါဠိနည်းဖြင့် သာလျှင်၊ ဝေဒိတဗ္ဗာ- သိအပ်ကုန်၏။ (ကိံ ဝေဒိတဗ္ဗာ- နည်း)-

၃၉။ "ခိပ္ပံ ကုမာရမာနေထ၊ ဒီဃာဝုံ ရဋ္ဌဝဍ္ဎနံ။
တံ ရဇ္ဇေ အဘိသိဉ္စိဿံ၊ သော ဝေါ ရာဇာ ဘဝိဿတိ။ (ပ)

၆၈။ တဿ တေ သဂ္ဂကတံ ရာဇ၊ သီဟဿေဝ ဂိရိဗ္ဗဇံ။
အနုသာသ မဟာရာဇ၊ တွံ နော သဗ္ဗာသမိဿရော"တိ-

ခိပ္ပံ ကုမာရမာနေထ (ပ) တွံ နော သဗ္ဗာသမိဿရော" ဟူကုန်သော၊ (ဥဒါနသမ္ဗန္ဓဂါထာ- တို့ကို၊ ပါဠိနယေနေဝ- ဖြင့်သာလျှင်၊ ဝေဒိတဗ္ဗာ- ကုန်၏။)

မင်းကြီးက သားတော်ကို ခေါ်စေသော ဂါထာ

၃၉။ ဘောန္တော- အိုအမတ်များတို့၊ ရဋ္ဌဝဍ္ဎနံ- ပြည်သူအပေါင်းတို့၏ နှလုံးကို ပွားစေတတ်သော၊ ဒီဃာဝုံ- ဒီဃာဝုအမည်ရှိသော၊ တံ ကုမာရံ- ထိုမင်းသားကို၊ ခိပ္ပံ- လျင်စွာ၊ အာနေထ- ဆောင်ခဲ့ကြလော့။ တံ- ထို ဒီဃာဝု မင်းသားကို၊ ရဇ္ဇေ- မင်းအဖြစ်၌၊ အဘိသိဉ္စိဿံ- အဘိသိက် သွန်းကြလော့။ သော- ထိုဒီဃာဝုသည်၊ ဝေါ- သင်တို့၏၊ ရာဇာ- မင်းသည်၊ ဘဝိဿတိ- ဖြစ်လတ္တံ့။

[နှာ-၂၇၄] ၄၀။ တတော- ထိုမှနောက်၌၊ ရဋ္ဌဝဍ္ဎနံ- ပြည်သူ အပေါင်း တို့၏ နှလုံးကို ပွားစေတတ်သော၊ ဒီဃာဝုံ- ဒီဃာဝုအမည်ရှိသော၊ ကုမာရံ- မင်းသားကို၊ အာနေသုံ- ဆောင်ခဲ့ကုန်ပြီ။ ရာဇာ- ခမည်းတော် အရိန္ဒမ မင်းကြီးသည်၊ မနာေရမံ- နှစ်လိုဖွယ်ရှိသော၊ ဧကပုတ္တံ- တစ်ယောက် တည်းသော သားတော်ကို၊ ဒိသွာ- မြင်၍၊ အာလပိ- ခေါ်တော်မူပြီ။

သားတော်အား တိုင်းပြည်ကို အပ်နှင်းပုံ

၄၁။ ပုတ္တ- ချစ်သား ဒီဃာဝု၊ သဗ္ဗသော- ခပ်သိမ်းသောအခြင်းအရာ အားဖြင့်၊ ပရိပုဏ္ဏာနိ- ကောင်းစွာပြည့်ကုန်သော၊ သဋ္ဌိဂါမသဟဿာနိ- ခြောက်သောင်းသော ရွာတို့သည်၊ သန္တိ- ရှိကုန်၏။ တေ- ထိုရွာတို့ကို၊

ပဋိပဇ္ဇဿု- စီရင်ပါလော့။ တေ- သင်ချစ်သားအား၊ ရဋ္ဌံ- တိုင်းပြည်စည်းစိမ်ကို၊ နိယျာဒယာမိ- ငါဆောင်နှင်း၏။

၄၂။ ပုတ္တ- ချစ်သား ဒီဃာဝု၊ အဟံ- ငါသည်၊ အဇ္ဇေဝ- ယနေ့ပင်လျှင်၊ ပဗ္ဗဇိဿာမိ- ရဟန်းပြုတော့အံ့။ သုဝေ- နက်ဖြန်၊ မရဏံ- သေအံ့သည်ကို၊ ကော- အဘယ်သူသည်၊ ဇညာ- သိချေအံ့နည်း။ အဟံ- ငါသည်၊ ဒုမ္မေဓော- ပညာမရှိသော၊ ကာကောဝ- ဆင်သေကောင်ပုပ်၌ မွေ့လျော်သော ကျီးကဲ့သို့၊ ကာမာနံ- ကာမဂုဏ်တို့၏၊ ဝသံ- အလိုသို့၊ မာ အန္ဝဂံ- မလိုက်ပြီ။

၄၃။ ပုတ္တ- ဖခင်ရင်နှစ် သားချစ်မျက်ရှု ဒီဃာဝု၊ သဗ္ဗာလင်္ကာရ-ဘူသိတာ- ခပ်သိမ်းသော တန်ဆာတို့ဖြင့် တန်ဆာဆင်အပ်ကုန်သော၊ သုဝဏ္ဏကစ္ဆာ- ရွှေကြိုးတို့ဖြင့်လည်း ကအပ်ကုန်ထသော၊ မာတင်္ဂါ- မာတင်မျိုးလည်း ဖြစ်ကုန်သော၊ ဟေမကပ္ပနဝါသသာ- ရွှေကြိုးလည်း တင်ကုန်ထသော။

၄၄။ တောမရင်္ကုသပါဏိဘိ- လှံမချွန်းတောင်းလည်း လက်၌ စွဲကုန်ထသော၊ ဂါမဏိယေဘိ- ဆင်စီးသူရဲတို့သည်၊ အာရုဠှာ- တက်စီးကုန်ထသော၊ သဋ္ဌိ နာဂသဟဿာနိ- ခြောက်သောင်းသော ဆင်တော်အပေါင်းတို့သည်၊ သန္တိ- ရှိကုန်၏။ တေ- ထိုဆင်တို့ကို၊ ပဋိပဇ္ဇဿု- စီရင်ပါလော့။ တေ- သင်ချစ်သားအား၊ ရဋ္ဌံ- တိုင်းပြည်စည်းစိမ်ကို၊ နိယျာဒယာမိ- ငါဆောင်နှင်း၏။

၄၅။ ပုတ္တ- ချစ်သား ဒီဃာဝု၊ အဟံ- ငါသည်၊ အဇ္ဇေဝ- ယနေ့ပင်လျှင်၊ ပဗ္ဗဇိဿာမိ- ရဟန်းပြုတော့အံ့။ သုဝေ- နက်ဖန်၊ မရဏံ- သေအံ့သည်ကို၊ ကော- အဘယ်သူသည်၊ ဇညာ- သိချေအံ့နည်း။ အဟံ- ငါသည်၊ ဒုမ္မေဓော- ပညာမရှိသော၊ ကာကောဝ- ဆင်သေကောင်ပုပ်၌ မွေ့လျော်သော ကျီးကဲ့သို့၊ ကာမာနံ- ကာမဂုဏ်တို့၏၊ ဝသံ- အလိုသို့၊ မာ အန္ဝဂံ- မလိုက်ပြီ။

၄၆။ ပုတ္တ- ချစ်သား ဒီယာဝု၊ သဗ္ဗာလင်္ကာရဘူသိတာ- ခပ်သိမ်းသော တန်ဆာတို့ဖြင့် တန်ဆာဆင်အပ်ကုန်သော၊ ဇာတိယာ- အမျိုးအားဖြင့်၊ အာဇာနီယာဝ- အာဇာနည်မျိုး၌လည်း ဖြစ်ကုန်ထသော၊ သိန္ဓဝါ- သိန္ဓောမျိုး၌လည်းဖြစ်ကုန်သော၊ သီဃဝါဟိနော- လျင်ခြင်းအားနှင့်လည်း ပြည့်စုံကုန်ထသော။ ဣလ္လိယာစာပဓာရိဘိ- ဓားမြှောင်, လေး, မြားလွယ်ကုန်ထသော။

၄၇။ ပုတ္တ- ချစ်သား ဒီယာဝု၊ ဂါမဏိယေဘိ- မြင်းစီးသူရဲတို့သည်၊ အာရူဠာ- တက်စီးအပ်ကုန်ထသော၊ သဠ္ဍ အဿသဟဿနိ- ခြောက် သောင်းသော မြင်းတော်အပေါင်းတို့သည်၊ သန္တိ- ရှိကုန်၏။ တေ- ထိုမြင်းတို့ကို၊ ပဋိပဇ္ဇသု- စီရင်ပါလော့။ တေ- သင်ချစ်သားအား၊ ရဋ္ဌ- တိုင်းပြည်စည်းစိမ်ကို၊ နိယျာဒယာမိ- ငါဆောင်နှင်း၏။

၄၈။ ပုတ္တ- ချစ်သား ဒီယာဝု၊ အဟံ- ငါသည်၊ အဇ္ဇေဝ- ယနေ့ပင်လျှင်၊ ပဗ္ဗဇိဿာမိ- ရဟန်းပြုတော့အံ့။ သုဝေ- နက်ဖန်၊ မရဏံ- သေအံ့သည်ကို၊ ကော- အဘယ်သူသည်၊ ဇညာ- သိချေအံ့နည်း။ အဟံ- ငါသည်၊ ဒုမ္မေဓော- ပညာမရှိသော၊ ကာကောဝ- ဆင်သေကောင်ပုပ်၌ မွေ့လျော်သော ကျီးကဲ့သို့၊ ကာမာနံ- ကာမဂုဏ်တို့၏၊ ဝသံ- အလိုသို့၊ မာ အန္ဒဂံ- မလိုက်ပြီ။

၄၉။ ပုတ္တ- ချစ်သား ဒီယာဝု၊ သန္နဒ္ဓါ- မြဲမြံစွာ ဖွဲ့အပ်ကုန်ထသော၊ ဥဿိတဒ္ဓဇာ- ရထား၌ ဆောက်အပ်သော တံခွန်လည်းရှိကုန်ထသော၊ ဒီပါ- သစ်ရေလည်း ရံအပ်ကုန်ထသော၊ အထောပိ- ထိုမှတစ်ပါးလည်း၊ ဝေယျဂ္ဃါ- ကျားရေလည်း ရံအပ်ကုန်ထသော၊ သဗ္ဗာလင်္ကာရဘူသိတာ- ခပ်သိမ်းသော တန်ဆာတို့ဖြင့်လည်း တန်ဆာဆင်အပ်ကုန်ထသော။

၅၀။ စာပဟတ္ထေဟိ- လေးလက်စွဲကုန်ထသော၊ ဝမ္မိဘိ- ချပ်မိန်ညှိလည်း ဝတ်ကုန်ထသော၊ ဂါမဏိယေဟိ- ရထားစီးသူရဲတို့သည်၊ အာရူဠာ- တက်စီးအပ်ကုန်ထသော၊ သဠ္ဍ ရထသဟဿာနိ- ခြောက်သောင်းသော ရထားတော်အပေါင်းတို့သည်၊ သန္တိ- ရှိကုန်၏။ တေ-

ထိုရထားတို့ကို၊ ပဋိပဇ္ဇဿု- စီရင်ပါလော့။ တေ- သင်ချစ်သားအား၊ ရဇ္ဇံ- တိုင်းပြည် စည်းစိမ်ကို၊ နိယျာဒယာမိ- ငါဆောင်နှင်း၏။

၅၁။ ပုတ္တ- ချစ်သား ဒီဃာဝု၊ အဟံ- ငါသည်၊ အဇ္ဇေဝ- ယနေ့ပင်လျှင်၊ ပဗ္ဗဇိဿာမိ- ရဟန်းပြုတော့အံ့။ သုဝေ- နက်ဖန်၊ မရဏံ- သေအံ့သည်ကို၊ ကော- အဘယ်သူသည်၊ ဇညာ- သိချေအံ့နည်း။ အဟံ- ငါသည်၊ ဒုမ္မေဓော- ပညာ မရှိသော၊ ကာကောဝ- ဆင်သေကောင်ပုပ်၌ မွေ့လျော်သော ကျီးကဲ့သို့၊ ကာမာနံ- ကာမဂုဏ်တို့၏၊ ဝသံ- အလိုသို့ မာ အန္ဝဂံ- မလိုက်ပြီ။

၅၂။ ပုတ္တ- ချစ်သား ဒီဃာဝု၊ ရောဟညာ- နီသောအဆင်းလည်း ရှိကုန်ထသော၊ ပုင်္ဂဝူသဘာ- နွားလားဥသဘဟု ဆိုအပ်သော အကြီးဖြစ်သော နွားနှင့် တကွဖြစ်ကုန်သော၊ သဋ္ဌိဓေနုသဟဿာနိ- ခြောက်သောင်းကုန်သော နို့ညှစ်နွားမတို့သည်၊ သန္တိ- ရှိကုန်၏။ တာ- ထိုနွားမအပေါင်းတို့ကို၊ ပဋိပဇ္ဇဿု- စီရင်ပါလော့။ တေ- သင်ချစ်သားအား၊ ရဇ္ဇံ- တိုင်းပြည် စည်းစိမ်ကို၊ နိယျာဒယာမိ- ငါဆောင်နှင်း၏။

[နှာ-၂၇၅] ၅၃။ ပုတ္တ- ချစ်သား ဒီဃာဝု၊ အဟံ- ငါသည်၊ အဇ္ဇေဝ- ယနေ့ပင်လျှင်၊ ပဗ္ဗဇိဿာမိ- ရဟန်းပြုတော့အံ့။ သုဝေ- နက်ဖန်၊ မရဏံ- သေအံ့သည်ကို၊ ကော- အဘယ်သူသည်၊ ဇညာ- သိချေအံ့နည်း။ အဟံ- ငါသည်၊ ဒုမ္မေဓော- ပညာမရှိသော၊ ကာကောဝ- ဆင်သေကောင်ပုပ်၌ မွေ့လျော်သော ကျီးကဲ့သို့၊ ကာမာနံ- ကာမဂုဏ်တို့၏၊ ဝသံ- အလိုသို့ မာ အန္ဝဂံ- မလိုက်ပြီ။

၅၄။ ပုတ္တ- ချစ်သား ဒီဃာဝု၊ သဗ္ဗလင်္ကာရဘူသိတာ- ခပ်သိမ်းသော တန်ဆာတို့ဖြင့် တန်ဆာဆင်အပ်ကုန်သော၊ ဝိစိတြဝတ္ထာဘရဏာ- ဆန်းကြယ်သော အဝတ်တန်ဆာလည်း ဝတ်ဆင်ကုန်ထသော၊ အာမုတ္တမဏိကုဏ္ဍလာ- ပုလဲ၊ ပတ္တမြား နားဋောင်းလည်း ဆင်ဝတ်ကုန်ထသော၊ သောဠသိတ္ထိသဟဿာနိ- တစ်သောင်းခြောက်ထောင်ကုန်သော မောင်းမတို့သည်၊ သန္တိ- ရှိကုန်၏။ တာ- ထိုမောင်းမတို့ကို၊

ပဋိပဇ္ဇသု- စီရင်ပါလော့။ တေ- သင်ချစ်သားအား၊ ရဋ္ဌံ- တိုင်းပြည်စည်းစိမ်ကို၊ နိယျာဒယာမိ- ငါဆောင်နှင်း၏။

၁၅။ ပုတ္တ- ချစ်သား ဒီယာဝု၊ အဟံ- ငါသည်၊ အဇ္ဇေဝ- ယနေ့ပင်လျှင်၊ ပဗ္ဗဇိဿာမိ- ရဟန်းပြုတော့အံ့။ သုဝေ- နက်ဖန်၊ မရဏံ- သေအံ့သည်ကို၊ ကော- အဘယ်သူသည်၊ ဇညာ- သိချေအံ့နည်း။ အဟံ- ငါသည်၊ ဒုမ္မေဓော- ပညာမရှိသော၊ ကာကောဝ- ဆင်သေကောင်ပုပ်၌ မွေ့လျော်သော ကျီးကဲ့သို့၊ ကာမာနံ- ကာမဂုဏ်တို့၏၊ ဝသံ- အလိုသို့၊ မာ အန္ဒဂံ- မလိုက်ပြီ။

သားတော်ပါ လိုက်ပါလို

၁၆။ တာတ- ခမည်းတော် မင်းမြတ်၊ ဒဟရဿေဝ- ငယ်စဉ်ကပင်လျှင်၊ မေ- အကျွန်ုပ်၏၊ မာတာ- မယ်တော်သည်၊ မတာတိ- သေပြီဟူ၍၊ မေ- အကျွန်ုပ်သည်၊ သုတံ- ကြားအပ်ဖူးပါ၏။ တာတ- ခမည်းတော်မင်းမြတ်၊ အဟံ- အကျွန်ုပ်သည်၊ တယာ- သင်ဖခင်မင်းမြတ်နှင့်၊ ဝိနာ- ကင်း၍၊ ဇီဝိတုမ္ပိ- အသက်ရှင်ခြင်းငှာလည်း၊ န ဥဿဟေ- မစွမ်းနိုင်ပါ။

၁၇။ တာတ- ခမည်းတော် မင်းမြတ်၊ ယထာ- ဥပမာမည်သည်ကား၊ သမေသု စ- ညီညွတ်သည်လည်း ဖြစ်ကုန်ထသော၊ ဝိသမေသု စ- မညီညွတ်သည်လည်း ဖြစ်ကုန်ထသော၊ ဂိရိဒုဂ္ဂေသု- တောင်ချောက်ကြားတို့၌၊ ဇေယန္တံ- သွားသော၊ အာရညကံ- တော၌နေသော၊ နာဂံ- ဆင်မင်းကို၊ ပေါတော- ဆင်သူငယ်သည်၊ ပစ္ဆတော- နောက်က၊ အန္ဒေတိ ယထာ- အစဉ်လိုက်သကဲ့သို့။

၁၈။ ဧဝံ တထာ- ထို့အတူ၊ ပတ္တံ- ခွက်ကို၊ အာဒါယ- ယူ၍၊ ပစ္ဆတော- နောက်မှ၊ တံ- သင်ဖခင်မင်းမြတ်သို့၊ အနုဂစ္ဆာမိ- အစဉ်တစိုက် လိုက်ပါတော့အံ့။ တေ- သင်ဖခင်မင်းမြတ်အား၊ သုဘရော- မွေးမြူလွယ်သည်၊ ဘဝိဿာမိ- ဖြစ်ပါအံ့။ တေ- သင်ဖခင်မင်းမြတ်အား၊ ဒုဗ္ဘရော- အသက်မွေးခက်သည်၊ န ဟေဿာမိ- မဖြစ်ရပါလတ္တံ့။

## ဒီဃာဝုမင်းသားအား အတင်းနန်းအပ်ခဲ့

၅၉။ ဘောန္တော- အို အမတ်တို့၊ ယထာ- ဥပမာမည်သည်ကား၊ ခနေသိနံ- ဥစ္စာကို ရှာကုန်သော၊ ဝါဏိဇာနံ- ကုန်သည်တို့၏၊ သာမုဒ္ဒိကံ- သမုဒ္ဒရာ၌ သွားသော၊ နာဝံ- လှေကို၊ တတ္ထ- ထိုသမုဒ္ဒရာ၌၊ ဝေါဟာရေ- အထူးထူးသော ဘေးရန်သည်၊ ယဒိ ဂစ္ဆေယျ- အကယ်၍ ကိုင်ငင်ငြားအံ့၊ [ဝါဏိဇာဗျသနီ (ဝါဏိဇဗျသနံ)]- ကုန်သည်တို့၏ပျက်စီးခြင်းသည်၊ သိယာ ယထာ- ဖြစ်သကဲ့သို့။

၆၀။ ဧဝမေဝ- ဤအတူသာလျှင်၊ အယံ ပုတ္တကလိ- ဤသားယုတ်သည်၊ မမ- ငါ၏၊ အန္တရာယကရော- ရဟန်းပြုခြင်းအန္တရာယ်ကို ပြုဘိ၏။ ဣမံ ကုမာရံ- ဤမင်းသားကို၊ ရတိဝၯနံ- မွေ့လျော်ခြင်းကို ပွားစေတတ်သော၊ ပါသာဒံ- ရွှေနန်းပြာသာဒ်ထက်သို့၊ ပါပေထ- ပို့လေကုန်။

## သားတော်မင်းသား မင်းပြုရလေပြီ

၆၁။ ဘောန္တော- အိုအမတ်အပေါင်းတို့၊ တတ္ထ- ထိုမွေ့လျော်ခြင်းကို ပွားစေတတ်သော ရွှေနန်းပြာသာဒ်ထက်၌၊ ကမ္ဗုသဟတ္ထာယော- ရွှေတန်ဆာဖြင့် တန်ဆာဆင်အပ်သော လက်ရှိကုန်သော၊ တာ- ထိုမောင်းမတို့သည်၊ နံ- ထိုဒီဃာဝုမင်းသားကို၊ အစ္ဆရာ- နတ်သမီးတို့သည်၊ သက္ကံ- သိကြားနတ်မင်းကို၊ ရမေန္တိ ယထာ- မွေ့လျော် ပျော်ပါးစေကုန်သကဲ့သို့၊ တထာ- ထို့အတူ၊ တတ္ထ- ထိုသို့ မွေ့လျော်ခြင်းကို ပွားစေတတ်သော ရွှေနန်းပြာသာဒ်၌၊ ရမေဿန္တိ- မွေ့လျော်စေကုန်လတ္တံ့။ ဧသော စ- ဤမင်းသားသည်လည်း၊ တာဟိ- ထိုမောင်းမတို့နှင့်၊ သဒ္ဓိံ- တကွ၊ ရမိဿတိ- မွေ့လျော်ပျော်ပါးလတ္တံ့။

၆၂။ ဘိက္ခဝေ- ရဟန်းတို့၊ တတော- ထို့နောင်မှ၊ ကုမာရံ- ဒီဃာဝုမင်းသားကို၊ ရတိဝၯနံ- မွေ့လျော်ခြင်းကိုပွားစေတတ်သော၊ ပါသာဒံ- ပြာသာဒ်သို့၊ ပါပေသုံ- ပို့လေကုန်ပြီ။ ရဋ္ဌဝၯနံ- တိုင်းပြည်သူအပေါင်းကို တိုးပွားစေတတ်သော၊ ဒီဃာဝုံ- ဒီဃာဝုအမည်ရှိသော၊ တံ- ထိုမင်းသားကို၊ ဒိသွာ- မြင်၍၊ ကညာ- နန်းတွင်းသူအပေါင်းတို့သည်၊ အဝစုံ- မေးကြကုန်ပြီ။

၆၃။ ကထံ အဝစ- အဘယ်သို့ မေးလျှောက်ကြကုန်သနည်း။ သာမိ- အရှင်၊ တွံ- သင်သည်၊ ဒေဝတာ- စာတုမဟာရာဇ်နတ်သည်တည်း၊ အသိ နု- ဖြစ်လေသလော။ ဂန္ဓဗ္ဗော- ဂန္ဓဗ္ဗနတ်သည်တည်း၊ အသိ နု- ဖြစ်သလော။ အဒု- ထိုသို့ မဟုတ်မူကား၊ ပုရိန္ဒဒေါ- အလှူလက်ဦး ပေးကြူးစွာသော၊ သက္ကော- သိကြားမင်းသည်တည်း၊ အသိ နု- ဖြစ်လေသလော။ တွံ- သင်သည်၊ ကော ဝါ- အဘယ်သူနည်း။ ကဿ ဝါ- အဘယ်သူ၏မူလည်း၊ ပုတ္တော- သားနည်း။ ကထံ- အဘယ်သို့သော အကြောင်းဖြင့်၊ တံ- သင့်ကို၊ မယံ- ငါတို့သည်၊ ဇာနေမု- သိရကုန်အံ့နည်း။

[နှာ-၂၇၆] ၆၄။ ဘဒ္ဒန္တေ- အရှင်မတို့၊ အဟံ- ငါသည်၊ ဒေဝေါ- စာတုမဟာရာဇ်နတ် သည်၊ န အမှိ- မဖြစ်။ ဂန္ဓဗ္ဗော- ဂန္ဓဗ္ဗနတ်သည်၊ န အမှိ- မဖြစ်။ အဟံ- ငါသည်၊ ပုရိန္ဒဒေါ- အလှူလက်ဦး ပေးကျူးစွာသော၊ သက္ကော- သိကြားနတ် မင်းသည်၊ န အမှိ- မဖြစ်။ အဟံ- ငါသည်၊ ရဋ္ဌဝဍ္ဎနော- တိုင်းပြည်သူ အပေါင်းကို ပွားစေတတ်သော၊ ဒီဃာဝု- ဒီဃာဝုအမည်ရှိသော၊ ကာသိရညော- ကာသိမင်းမြတ်၏၊ ပုတ္တော- သားတော်တည်း။ ဘဒ္ဒန္တေ- အရှင်မတို့၊ မမံ- ငါ့ကို၊ ဝေါ- ရှင်မတို့သည်၊ ဘရထ- လုပ်ကျွေးကြကုန်လော့။ အဟံ- ငါသည်၊ ဝေါ- အရှင်မတို့၏၊ ဘတ္တာ- ချစ်လင်သည်၊ ဘဝါမိ- ဖြစ်အံ့။

## မင်းကြီး၏အကြောင်းကို ဘုရားရှင်ဟောပြ

၆၅။ ဘိက္ခဝေ- ရဟန်းတို့၊ တတ္ထ- ထိုမွေလျော်ခြင်းကို ဖြစ်စေတတ်သော ရွှေနန်းပြာသာဒ်၌၊ ကညာ- မင်းသမီးအပေါင်းတို့သည်၊ ရဋ္ဌဝဍ္ဎနံ- ပြည်သူအပေါင်းကို ပွားစေတတ်သော၊ ဒီဃာဝုံ- ဒီဃာဝုအမည်ရှိသော၊ တံ- ထိုမင်းသားကို၊ အဝစုံ- မေးလျှောက်ကြကုန်ပြီ။ သာမိ- အရှင်၊ ရာဇာ- ငါတို့သခင် အရှင်အရိန္ဒမမင်းမြတ်သည်၊ ကုဟိံ- အဘယ်အရပ်သို့၊ အနုပ္ပတ္တော- ရောက်တော်မူလေသနည်း။ ရာဇာ- ငါတို့သခင် အရှင် အရိန္ဒမမင်းမြတ်သည်၊ ဣတော- ဤငါတို့ တိုင်းပြည်မှ၊ ကုဟိံ- အဘယ်အရပ်သို့၊ ဂတော- သွားလေသနည်း။

၆၆။ ဘဒ္ဒန္တေ- အရှင်မတို့၊ ရာဇာ- သင်တို့သခင် အရှင် အရိန္ဒမမင်း မြတ်သည်၊ ပင်္က- ရာဂအစရှိသော ကိလေသာတည်းဟူသော ညွန်ကို၊ အတိက္ကန္တော- လွန်လေပြီ။ ရာဇာ- သင်တို့သခင် အရှင်အရိန္ဒမမင်း မြတ်သည်၊ ထလေ- ရဟန်းအဖြစ်တည်းဟူသော ကြည်းကုန်းထက်၌၊ ပတိဋ္ဌိတော- တည်လေပြီ။ အကဏ္ဍက- ရာဂအစရှိသော ဆူးငြောင့်မှ ကင်းထသော၊ အဂဟနံ- ရာဂစသော ခြုံပုတ်မရှိထသော၊ မဟာပထံ- နတ်ရွာ နိဗ္ဗာန်သို့ သွားသောသူတို့၏ ခရီးသို့၊ ပဋိပန္နော- သွားလေပြီ။

၆၇။ ဘဒ္ဒန္တေ- အရှင်မတို့ ယေန မိစ္ဆာမဂ္ဂေန- အကြင်မှားသောခရီးဖြင့်၊ ဒုဂ္ဂတိံ- မကောင်းမှုကို ပြုသောသူတို့၏ လားရာဒုဂ္ဂတိဘဝသို့၊ ဂစ္ဆန္တိ- သွားရကုန်၏။ သကဏ္ဍက- ရာဂအစရှိသော ဆူးငြောင့်လည်း ရှိထသော၊ သဂဟနံ- ရာဂစသော ခြုံပုတ်တို့ ရှိသော၊ ဒုဂ္ဂတိဂါမိနံ- မကောင်းမှုကို ပြုသောသူတို့၏ သွားရာဖြစ်သော၊ တံ မဂ္ဂံ- ထိုခရီးကို၊ အဟာစ္စ- ငါသည်လည်း၊ ပဋိပန္နော- သွားသည်၊ အသို့- ဖြစ်ချေ၏။

**ဒီဃာဝုမင်းသား အလွန်နှစ်သက်သောဂါထာ**

၆၈။ ရာဇ- အရှင်မင်းမြတ်၊ ဂိရိဗ္ဗဇံ- ခြသေ့်မငယ်၏ နေရာရွှေဂူသို့၊ သီဟဿ- သားများသေဌ်နင်း ခြသေ့်မင်း၏၊ အာဂတံဝ- လာခြင်းကဲ့သို့၊ တဿ တေ- ထို အရှင်မင်းမြတ်၏၊ အာဂတံ- လာတော်မူခြင်းကား၊ သွာဂတံ- ကောင်းသော လာတော်မူခြင်းတည်း။ မဟာရာဇ- မင်းမြတ်၊ အနုသာသ- ဆုံးမတော်မူလော့၊ တွံ- အရှင်မင်းမြတ်သည်၊ သဗ္ဗာသံ- အလုံးစုံကုန်သော၊ နော အမှာကံ- အကျွန်ုပ်တို့၏၊ ဣဿရော- အစိုးရသော ချစ်လင်တည်း၊ ဣတိ- ဤသည်လျှင်အပြီးတည်း။

တတ္ထ- ထို'ခိပ္ပံ' စသော ဂါထာတို့၌၊ ခိပ္ပန္တိ- ခိပ္ပံ ဟူသည်ကား၊ တေန ဟိ- ထို့ကြောင့်ပင်လျှင်၊ နံ- ထိုမင်းသားကို၊ သီဃံ- လျင်စွာ၊ အာနေထ- ဆောင်ကြကုန်လော့။ အာလပီတိ- အာလပိ ဟူသည်ကား၊ "သဋ္ဌိ ဂါမသဟဿာနိ"တိ အာဒိနိ- သဋ္ဌိဂါမသဟဿာနိ ဤသို့ အစရှိသည်တို့ကို၊ ဝဒန္တော- ဆိုလျက်၊ အာလပိ- ပြောပြီ။ သဗ္ဗာလင်္ကာရဘူသိတာတိ- သဗ္ဗာလင်္ကာရဘူသိတာ ဟူသည်ကား၊ တေ နာဂါ-

ထိုဆင်တို့ကို၊ သဗ္ဗေဟိ- အလုံးစုံကုန်သော၊ သီသူပဂါဒိဟိ- ဦးခေါင်း တန်ဆာ အစရှိကုန်သော၊ အလင်္ကာရေဟိ- တန်ဆာတို့ဖြင့်၊ ဘူသိတာ- တန်ဆာ ဆင်အပ်ကုန်၏။ ဟေမကပ္ပနဝါသသာတိ- ဟေမကပ္ပနဝါသသာ ဟူသည်ကား၊ သုဝဏ္ဏခစိတေန- ရွှေစီချယ်အပ်သော၊ ကပ္ပနေန- ဆင်ကုံးနီးဖြင့်၊ ပဋိစ္ဆန္နသရီရာ- ဖုံးလွှမ်းအပ်သော ကိုယ်ရှိကုန်သော။ ဂါမဏီယေဘီတိ- ဂါမဏီယေဘိ ဟူသည်ကား၊ ဟတ္ထာစရိယေဟိ- ဆင်ဆရာတို့သည်။ အာဇာနီယာဝါတိ- အာဇာနီယာဝ ဟူသည်ကား၊ ကာရဏာကာရဏဝိဇာနနကာဝ- အကြောင်း ဟုတ်သည် မဟုတ်သည်ကို သိတတ်ကုန်သည်သာလျှင် ဖြစ်ကုန်သော။ ဇာတိယာတိ- ဇာတိယာ ဟူသည်ကား၊ သိန္ဓဝဇာတိယာ- သိန္ဓောဇာတ်အားဖြင့်၊ သိန္ဓုရဋ္ဌေ- သိန္ဓုတိုင်း၌၊ သိန္ဓုနဒီတီရေ- သိန္ဓုမြစ်ကမ်း၌၊ ဇာတာ- ဖြစ်ကုန်သော။ ဂါမဏီယေဘီတိ- ဂါမဏီယေဘိ ဟူသည်ကား၊ အဿာစရိယေဟိ- မြင်းဆရာ တို့သည်။ ဣလ္လိယာ စာပဓာရိဘီတိ- ဣလ္လိယာ စာပဓာရိဘိ ဟူသည်ကား၊ ဣလ္လိယာဝုဓေ- ဆောင်ဓားလက်နက်ကိုလည်းကောင်း၊ စာပါဝုဓေ- လေးလက်နက် ကိုလည်းကောင်း၊ ဓာရေန္တေဟိ- ဆောင်ကုန်သော။ ဒီပါ အထောပိ ဝေယျဂ္ဃိတိ- ဒီပါ အထောပိ ဝေယျဂ္ဃ ဟူသည်ကား၊ ဒီပိစမ္မဗျဂ္ဃစမ္မပရိဝါရာ- သစ်ရေ ကျားရေ တို့ဖြင့် ခြံရံအပ်ကုန်သော။ ဂါမဏီယေဘီတိ- ဂါမဏီယေဘိ ဟူသည်ကား၊ ရထိကေဟိ- ရထားစီးသူရဲတို့သည်။ ဝမ္မိဘီတိ- ဝမ္မိဘိ ဟူသည်ကား၊ သန္နဒ္ဓ ဝမ္မေဟိ- ဖွဲ့အပ်သော ချပ်မိန်ညို ရှိကုန်သော။ ရောဟညာတိ- ရောဟည ဟူသည်ကား၊ ရတ္တဝဏ္ဏာ- နီသော အဆင်းရှိကုန်သော။ ပုင်္ဂဝသဘာတိ- ပုင်္ဂဝသဘာ ဟူသည်ကား၊ ဥသဘသဒိသေန- ဥသဘဟု ဆိုအပ်ကုန်သော၊ ဇေဋ္ဌကပုင်္ဂဝေန- မြတ်သောနွားလားနှင့်၊ သမန္နာဂတာ- တကွဖြစ်ကုန်သော။

ဒဟရဿေဝ မေ တာတာတိ- ဒဟရဿေဝ မေ တာတာ ဟူသည်ကား၊ အထ- ထိုအခါ၌၊ နံ- ထိုမင်းကြီးကို၊ ကုမာရော- မင်းသားသည်၊ တာတ- ဖခင်၊ ဒဟရဿေဝ- ငယ်ရွယ်သည်သာလျှင်၊ သတော- ဖြစ်သော၊ မမ- ငါ၏၊ မာတာ- အမိသည်၊ မတာ- သေခဲ့ပြီ။ ဣတိ- ဤသို့ မယာ- ငါသည်၊ သုတံ- ကြားဖူး၏။ သောဟံ- ထိုငါသည်၊ တယာ- သင်ဖခင်နှင့်၊ ဝိနာ- ကင်း၍၊ ဇီဝိတုံ- အသက် ရှင်ခြင်းငှာ၊ န သက္ကိဿာမိ- မစွမ်းနိုင်။ ဣတိ- ဤသို့၊ အာဟ- ပြောပြီ။

ပေါတောတိ- ပေါတော ဟူသည်ကား၊ တရုဏပေါတကော- ငယ်ရွယ်သော ဆင်ပေါက်သည်။ ဇေဿန္တန္တိ- ဇေဿန္တံ ဟူသည်ကား၊ ဝိစရန္တံ- လှည့်လည်သော။ သာမုဒ္ဒိကန္တိ- သာမုဒ္ဒိကံ ဟူသည်ကား၊ သမုဒ္ဒေ- သမုဒ္ဒရာ၌၊ ဝိစရန္တံ- လှည့်လည်သော။ ဓနေသိနန္တိ- ဓနေသိနံ ဟူသည်ကား၊ ဓနံ- ဥစ္စာကို၊ ပရိယေသန္တာနံ- ရှာမှီးကုန်သော။ ဝေါဟာရောတိ- ဝေါဟာရော ဟူသည်ကား၊ ဝိစိတြဝေါဟာရော- ဆန်းကြယ်သော ဝေါဟာရရှိသော၊ ဟေဋ္ဌာကမ္ဗနကော- အောက်မှ ဆွဲငင်တတ်သော၊ ဝါဠမစ္ဆော ဝါ- ကြမ်းတမ်းသော ငါးသည်လည်းကောင်း၊ ဥဒကရက္ခသော ဝါ- ရေ၌နေသော ရက္ခိုက်သည်လည်းကောင်း၊ အာဝဋ္ဋော ဝါ- ဝဲသည်လည်းကောင်း။ တတ္ထာတိ- တတ္ထ ဟူသည်ကား၊ တသ္မိံ သမုဒ္ဒေ- ထို သမုဒ္ဒရာ၌။ ဝါဏိဇာ ဗျသနီ သိယာတိ- ဝါဏိဇာ ဗျသနီ သိယာ ဟူသည်ကား၊ အထ- ထိုအခါ၌၊ တေ ဝါဏိဇာ- ထို ကုန်သည်တို့သည်၊ ဗျသနပ္ပတ္တာ- ပျက်စီးခြင်းသို့ ရောက်ကုန်သည်၊ ဘဝေယျုံ- ဖြစ်ကုန်ရာ၏။ [နှာ-၂၇၇] "သိယျုန္တိ"ပိ ပါဌော- သိယျုန္တိ ဟူသော ပါဌ်သည်လည်း၊ (ဘဝတိ- ဖြစ်၏)။ ပုတ္တကလီတိ- ပုတ္တကလိ ဟူသည်ကား၊ ပုတ္တလာမကော- သားယုတ်တည်း။ ပုတ္တကာဠကဏ္ဏိ- မင်္ဂလာ မရှိသော သားတည်း။ ကုမာရော- မင်းသားသည်၊ ပုန- တစ်ဖန်၊ ကိဉ္စိ- တစ်စုံတစ်ခုကို၊ ဝတ္တုံ- ဆိုခြင်းငှာ၊ န ဝိသဟိ- မစွမ်းနိုင်။ အထ- ထိုအခါ၌၊ ရာဇာ- မင်းသည်၊ အမစ္စေ- အမတ်တို့ကို၊ အာဏာပေန္တော- စေလိုသည်ဖြစ်၍၊ "ဣမ"န္တိ အာဒိ- ဣမံ ဤသို့ အစရှိသော စကားကို၊ အာဟ- ဆိုပြီ။ တတ္ထ ကမ္ဗုသဟတ္ထာယောတိ- တတ္ထ ကမ္ဗုသဟတ္ထာယော ဟူသည်ကား၊ သုဝဏ္ဏံ- ရွှေကို၊ ကမ္ဗုသံ- ကမ္ဗုသဟူ၍၊ ဝုစ္စတိ- ဆိုအပ်၏။ သုဝဏ္ဏာဘရဏဘူသိတဟတ္ထာယော- ရွှေဖြင့်ပြီးသော လက်ဝတ် လက်စားတို့ဖြင့် တန်ဆာဆင်အပ်သော လက်ရှိကုန်သော၊ ဣတိ- ဤကား၊ အတ္ထော- အနက်တည်း။ ယထာတိ- ယထာ ဟူသည်ကား၊ ယထာ- အကြင်အခြင်းအရာဖြင့်၊ ဣစ္ဆန္တိ- အလိုရှိကုန်၏၊ တထာ- ထိုအခြင်းအရာဖြင့်၊ ကရောန္တု- ပြုကုန်၏။

ဇဝံ- ဤသို့၊ ဝတွာ- မိန့်တော်မူပြီး၍၊ မဟာသတ္တော- ဘုရားလောင်း အရိန္ဒမ မင်းကြီးသည်၊ တံ- ထိုသားတော် ဒီဃာဝုမင်းသားကို၊ တတ္ထေဝ- ထိုဥယျာဉ်တော်၌ပင်လျှင်၊ အဘိသိဉ္စာပေတွာ- အဘိသိက်သွန်းစေ၍၊ နဂရံ- နန်းမြို့သို့ ပါဟေသိ- ပို့ဆောင်စေတော်မူပြီ။ သယံ ပန- ကိုယ်တိုင် မိမိသည်ကား၊ ဧကကောဝ- ကိုယ်တော်

တစ်ပါးတည်းသာလျှင်၊ ဥယျာနာ- ဥယျာဉ်တော်မှ၊ နိက္ခမိတွာ- ထွက်သွား၍၊ ဟိမဝန္တံ- ဟိမဝန္တာသို့၊ ပဝိသိတွာ- ဝင်၍၊ ရမဏီယေ- မွေ့လျော်ဖွယ် ရှိသော၊ ဘူမိဘာဂေ- မြေအဖို့၌၊ ပဏ္ဏသာလံ- သစ်ရွက်မိုးကျောင်း(ဇရပ်)ကို၊ မာပေတွာ- ဖန်ဆင်းစေ (ဆောက်လုပ်)၍၊ ဣသိပဗ္ဗဇ္ဇံ- ရသေ့ရဟန်းကို၊ ပဗ္ဗဇိတွာ- (ရသေ့ရဟန်း) ပြု၍၊ ဝနမူလဖလာဟာရော- တောသစ်မြစ်, တောသစ်သီးဟူသော အစာအာဟာရ ရှိသည် ဖြစ်၍၊ ယာပေသိ- မျှတော်မူပြီ။ မဟာဇနောပိ- မှူးတော်မတ်တော် အစရှိသော လူအပေါင်းသည်လည်း၊ ကုမာရံ- သားတော် ဒီဃာဝုမင်းသားကို၊ ဗာရာဏသိံ- ဗာရာဏသီနေပြည်တော်သို့၊ ပဝေသေသိ- ဝင်စေပြီ (ပို့ဆောင်ပြီ)။ သော- ထိုဒီဃာဝု မင်းသားသည်၊ နဂရံ- မြို့တော်ကို၊ ပဒက္ခိဏံ- လက်ယာရစ် လှည့်လည်ခြင်းကို (လက်ယာဘက်၌ ထား၍ လှည့်လည်ခြင်းကို)၊ ကတွာ- ပြု၍၊ ပါသာဒံ- ရွှေနန်းပြာသာဒ်ထက်သို့ အဘိရုဟိ- တက်တော်မူပြီ။ တမတ္ထံ= တံ အတ္ထံ- ထိုအကြောင်းကို၊ ပကာသေန္တော- ထင်ရှားပြတော်မူလိုသော၊ သတ္ထာ- သဗ္ဗညု ဘုရားရှင်သည်၊ "တတော"တိ အာဒိံ- တတောအစရှိသော ဤခုနစ်ဂါထာကို၊ အာဟ- ဟောတော်မူပြီ။

တံ ဒိသွာ အဝစုံ ကညာတိ- တံ ဒိသွာ အဝစုံ ကညာ ဟူသည်ကား၊ တံ- ထိုမင်းသားကို၊ မဟန္တေန- ကြီးစွာသော၊ သိရိသောဘဂ္ဂေန- ကျက်သရေရှိ၍ တင့်တယ်သော၊ ပရိဝါရေန- အခြံအရံဖြင့်၊ အာဂတံ- လာသည်ကို၊ ဒိသွာ- မြင်၍၊ "ဧသော- ဤများသော အခြံအရံဖြင့် လာသောသူသည်၊ အသုကော နာမ- ဤအမည်ရှိသူတည်း။" ဣတိ- ဤသို့၊ အဇာနန္တိယော၀- မသိကြသည်သာလျှင် ဖြစ်ကုန်သော၊ တာ နာဋကိတ္ထိယော- ထိုကချေသည်မိန်းမတို့သည်၊ ဂန္တွာ- သွား၍၊ အဝေါစုံ- ပြောဆိုကြကုန်ပြီ။ မမံ ဘရထာတိ- မမံ ဘရထ ဟူသည်ကား၊ မမံ- ငါ့ကို၊ ဣစ္ဆထ- အလိုရှိကြပါ။ ပင်္ကန္တိ- ပင်္ကံ ဟူသည်ကား၊ ရာဂါဒိကိလေသပင်္ကံ- ရာဂ အစရှိသော ကိလေသာညွှန်ပျောင်းကို။ ထလေတိ- ထလေ ဟူသည်ကား၊ ပဗ္ဗဇ္ဇာယ- ရဟန်းအဖြစ်၌။ အကဏ္ဍကန္တိ- အကဏ္ဍကံ ဟူသည်ကား၊ ရာဂကဏ္ဍကာဒိဝိရဟိတံ- ရာဂတည်းဟူသော ငြောင့်စသည်မှ ကင်းသော။ တေဟေဝ- ထိုရာဂစသည်သာလျှင်ဖြစ်ကုန်သော၊ ဂဟနေဟိ- ချုံတို့ဖြင့်၊ အဂဟနံ- တောချုံ မရှိသော။ မဟာပထန္တိ- မဟာပထံဟူသည်ကား၊ သဂ္ဂမောက္ခဂါမိနံ- နတ်ရွာ

နိဗ္ဗာန်သို့ သွားရာ ဖြစ်သော၊ မဟာမဂ္ဂံ- ကြီးစွာသောလမ်းကို၊ ပဋိပန္နော- လျှောက်လှမ်းခဲ့ပြီ။ ယေနာတိ- ယေန ဟူသည်ကား၊ ယေန မိစ္ဆာမဂ္ဂေန- အကြင် များသော လမ်းဖြင့်၊ ဒုဂ္ဂတိံ- ဒုဂ္ဂတိဘဝသို့ ဂစ္ဆန္တိ- သွားကြကုန်၏၊ အဟံ- ငါသည်၊ တံ- ထိုမိစ္ဆာမဂ်တည်းဟူသော လမ်းသို့ ပဋိပန္နော- သွားသူတည်း၊ ဣတိ- ဤသို့ ဝဒတိ-¹ ဆို၏။ တတော- ထိုအခါမှ၊ တာ- ထိုကချေသည်မတို့သည်၊ စိန္တေသုံ- ကြံကြကုန်ပြီ။ (ကိံ) "ရာဇာ- မင်းသည်၊ တာဝ- ရှေးဦးစွာ၊ အမှေ- ငါတို့ကို၊ ပဟာယ- စွန့်၍၊ ပဗ္ဗဇိတော- ရဟန်းပြုခဲ့ပြီ။ အယမ္ပိ- ဤမင်းသားသည်လည်း၊ ကာမေသု- ကာမဂုဏ်တို့၌၊ ဝိရတ္တစိတ္တရူပေါ- တပ်ခြင်းကင်းသောစိတ်ရှိသော သဘောရှိ၏။ သစေ- အကယ်၍၊ နံ- ထိုမင်းသားကို၊ နာဘိရမေဿာမ- ကာမဂုဏ်တို့၌ မမွေ့လျော်စေနိုင်ကုန်အံ့၊ နိက္ခမိတွာ- တောထွက် ၍၊ ပဗ္ဗဇေယျ- ရဟန်းပြုရာ၏။ အဿ- ထိုမင်းသား၏၊ အဘိရမနာကာရံ- ကာမဂုဏ် တို့၌ မွေ့လျော်သော အခြင်းအရာကို၊ ကရိဿာမ- ပြုကုန်အံ့၊" ဣတိ- ဤသို့ (စိန္တေသုံ- ကြံကြကုန်ပြီ)။ အထ- ထိုအခါ၌၊ နံ- ထိုမင်းသားကို၊ အဘိနန္ဒန္တိယော- နှစ်သက် ကြသော ကချေသည်မတို့သည်၊ ဩသာနဂါထံ- အဆုံးဖြစ်သော ဂါထာကို၊ အာဟံသု- ဆိုကြကုန်ပြီ။ တတ္ထ- ထိုဂါထာ၌၊ ဂိရိဗ္ဗဇန္တိ- ဂိရိဗ္ဗဇံ ဟူသည်ကား၊ သီဟပေါတကာနံ- ခြင်္သေ့ငယ်တို့၏၊ ဝသနဋ္ဌာနံ- နေရာအရပ်ဖြစ်သော၊ ကဥ္စနဂုဟံ- ရွှေဂူသို့၊ ကေသရသီဟဿ- ကေသရမည်သော ခြင်္သေ့မင်း၏၊ အာဂတံ ဝိယ- လာခြင်းကဲ့သို့ တဿ တဝ- ထိုအရှင်မင်းသား၏၊ အာဂတံ- လာခြင်းသည်၊ သုအာဂတံ- ကောင်းသော လာခြင်းတည်း။ တွံ နော‌တိ- တွံ နော ဟူသည်ကား၊ တွံ- သင်သည်၊ သဗ္ဗာသမ္ပိ- အလုံးစုံလည်း ဖြစ်ကုန်သော၊ အမှာကံ- ငါတို့၏၊ ဣဿရော- အစိုးရသူပါတည်း၊ သာမိ- အရှင်သခင်ပါတည်း။ ဣတိ- ဤကား၊ အတ္ထော- အနက်တည်း။

စ- ဆက်ဦးအံ့၊ ဇဝံ- ဤသို့သော စကားကို၊ ဝတွာ ပန- ဆိုကုန်၍ကား၊ (စ, ပန- ကား နိပါတ်ပုဒ်ဟု ကြံပါ)၊ သဗ္ဗာ- အလုံးစုံကုန်သော၊ တူရိယာနိ- (အိုးစည်, မုရိုးစည်, ထက်စည်, နှဲ, မောင်း, ကြေးနင်းစသော အားဖြင့်) တီးမှုတ်မျိုးတို့ကို၊ ပဂ္ဂဏှိံသု- တီးမှုတ်ကြကုန်ပြီ (ချီးမြှောက်အားပေးကြကုန်ပြီ)။ နာနပ္ပကာရာနိ- (နာနာ+ပကာရ) အထူးထူး အပြားပြားရှိကုန်သော၊ (များသော အပြားရှိ

ကုန်သော)၊ နစ္စဂီတာနိ- ကခြင်း, သီဆိုခြင်းတို့ကို၊ ပဝတ္တိံသု- ဖြစ်စေကုန်ပြီ။ ယသော- စည်းစိမ်ချမ်းသာ အခြံအရံသည်၊ မဟာ- အလွန်များသည်၊ အဟောသိ- ဖြစ်ပြီ။ သော- ထိုဒီဃာဝုမင်းသားသည်၊ ယသမဒမတ္တော- အခြံအရံ စည်းစိမ် ဥစ္စာကို စွဲ၍ဖြစ်သော မာန်ယစ်ခြင်းဖြင့် မာန်ယစ်သည်ဖြစ်၍၊ ဝါ- များမြတ်သော စည်းစိမ်အခြံအရံဖြင့် မာန်ယစ်သည်ဖြစ်၍၊ (*"ယသ+ သမ္မတ္တော- ရှိလျှင် စည်းစိမ် အခြံအရံဖြင့် လွန်စွာ မာန်ယစ်သည် ဖြစ်၍ဟု လည်းကောင်း၊ "ယသမတ္တော- ရှိလျှင် စည်းစိမ်အခြံအရံဖြင့် မာန်ယစ်သည်ဖြစ်၍"ဟု လည်းကောင်း အနက်ပေးနိုင်သည်*)၊ ပိတရံ- ခမည်းတော်ကို၊ န သရိ- မအောက်မေ့ (သတိမရ)ပြီ။ ဓမ္မေန- တရားသဖြင့် (တရားနှင့်အညီ)၊ ရဇ္ဇံ- မင်းအဖြစ်ကို၊ ကာရေတွာ- ပြုစေ၍၊ (တစ်နည်း) ရဇ္ဇံ- တိုင်းပြည်ကို၊ ကာရေတွာ- အုပ်ချုပ်၍၊ ယထာကမ္မံ- ကံအားလျော်စွာ၊ ဝါ- အကြင် အကြင် (ကုသိုလ်, အကုသိုလ်, ကာယ, ဝစီ, မနော)ကံအားလျော်စွာ၊ ဂတော- သွားရောက်ပြီ (လားပြီ)။ ဗောဓိသတ္တောပိ- ဘုရားလောင်း အရိန္ဒမမင်းသည်လည်း၊ ဈာနာဘိညာ- ရူပဈာန်, အရူပဈာန်အားဖြင့် ဈာန် ၈ ပါးနှင့် ဣဒ္ဓိဝိဓ, ဒိဗ္ဗသောတ စေတောပရိယ (ပရစိတ္တဝိဇာနန)၊ ပုဗ္ဗေနိဝါသ, ဒိဗ္ဗစက္ခုအားဖြင့် လောကီ အဘိညာဉ် ၅ ပါးတို့ကို၊ နိဗ္ဗတ္တေတွာ- ဖြစ်စေ၍၊ အာယုပရိယောသာနေ- အသက်၏ အဆုံး၌၊ ဗြဟ္မလောကူပဂေါ- သုဒ္ဓါဝါသ ၅ ဘုံ ကြဉ်သော ဗြဟ္မာ ၁၅ ဘုံ၌ ကပ်ရောက် တတ်သည်၊ ဝါ- ဗြဟ္မာ့ပြည်သို့ လားသည်၊ အဟောသိ- ဖြစ်ပြီ။

ဇာတ်ပေါင်းခန်း

သတ္ထာ- သဗ္ဗညုဘုရားရှင်သည်၊ ဣမံ ဓမ္မဒေသနံ- ဤသောဏကဇာတ် တရား ဒေသနာကို၊ အာဟရိတွာ- ဆောင်တော်မူ၍၊ "ဘိက္ခဝေ- ရဟန်းတို့၊ ဣဒါနေဝ- ယခုအခါ၌သာလျှင်၊ (တထာဂတော- သင်တို့ဆရာ ငါဘုရားသည်၊ မဟာဘိ- နိက္ခမနံ- မြတ်သော တောထွက်ခြင်းကို၊ နိက္ခန္တော- တောထွက်တော်မူ သည်။) န- မဟုတ်သေး၊ ပုဗ္ဗေပိ- ရှေး၌လည်း၊ တထာဂတော- ငါဘုရားသည်၊ မဟာဘိနိက္ခမနံ- မြတ်သော တောထွက်ခြင်းကို၊ နိက္ခန္တောယေဝ- တောထွက်တော်မူဖူးသည် သာလျှင်တည်း၊ "ဣတိ- ဤသို့၊ ဝတွာ- မိန့်တော်မူ၍၊ "တဒါ- ထိုအခါ၌၊ ပစ္စေကဗုဒ္ဓေါ- အရှင်သောဏကပစ္စေကဗုဒ္ဓါသည်၊ ပရိနိဗ္ဗာယိ- ကိလေသာတို့၏ ငြိမ်းခြင်း, ခန္ဓာငါးပါးတို့၏ ငြိမ်းခြင်းဖြင့် ငြိမ်းတော်မူပြီ၊ ဝါ- ပရိနိဗ္ဗာန် ပြုတော်မူပြီ၊

(ဣဒါနိ- ယခုအခါ၌၊) ရာဟုလကုမာရော- ရာဟုလာမင်းသားသည်၊ (တဒါ- ထိုအခါ၌၊) ပုတ္တော- ဒီဃာဝုမင်းသားသည်၊ [နှာ-၂၃၈] အဟောသိ- ဖြစ်ပြီ၊ သေသပရိသာ- ကြွင်းကုန်သော ပရိသတ်တို့သည်၊ ဗုဒ္ဓပရိသာ- ဘုရားရှင်၏ ပရိသတ် တို့သည်၊ (အဟေသုံ- ဖြစ်ကုန်ပြီ)။ အရိန္ဒမရာဇာ ပန- အရိန္ဒမမင်းကြီးသည်ကား၊ အဟမေဝ- ငါဘုရားသည်သာလျှင်၊ အဟောသိ- ဖြစ်ခဲ့ပြီ" ဣတိ- ဤသို့ ဇာတက- ဇာတ်တော်ကို၊ သမောဓာနေသိ- ပေါင်းတော်မူပြီ။

ပဌမာ- ရှေးဦးစွာသော၊ သောဏကဇာတကဝဏ္ဏနာ- သောဏကဇာတ်၏ အဖွင့်သည်၊ (နိဋ္ဌိတာ- ပြီးဆုံးခြင်းသို့ ရောက်ပြီ)။

## ၂- သံကိစ္စဇာတ် (၅၃၀)

### သူတော်ကောင်းတရားနာရ၍ သောကကင်းဝေးရကြောင်း

ဟောတော်မူရာဌာန

သတ္ထာ- သဗ္ဗညုဘုရားရှင်သည်၊ "ဒိသွာ နိသိန္နံ ရာဇာန"န္တိ ဣဒံ- "ဒိသွာ နိသိန္နံ ရာဇာနံ" အစရှိသော ဂါထာပုဒ်တို့ဖြင့် တန်ဆာဆင်အပ်သော ဤသံကိစ္စ ဇာတ်တော်ကို၊ ဇီဝကမ္ဗဝနေ- ဇီဝက၏ သရက်ဥယျာဉ်၌၊ ဝိဟရန္တော- သီတင်းသုံး နေတော်မူစဉ်၊ အဇာတသတ္တုဿ- အဇာတသတ်မင်း၏၊ ပိတုဃာတကကမ္မံ- အဘကို သတ်သော အမှုကို၊ အာရဗ္ဘ- အကြောင်းပြု၍၊ ကထေသိ- ဟောတော်မူပြီ။

ပစ္စုပ္ပန်ဝတ္ထု

ဟိ သစ္စံ- ထိုစကားသည် မှန်၏၊ သော- ထိုအဇာတသတ်မင်းကြီးသည်၊ ဒေဝဒတ္တံ- အရှင်ဒေဝဒတ်ကို၊ နိဿာယ- အမှီပြု၍၊ တဿ- ထိုအရှင်ဒေဝဒတ်၏၊ ဝစနေန- စကားဖြင့်၊ ပိတရံ- ခမည်းတော် ဗိမ္ဗိသာရမင်းကြီးကို၊ ဃာတာပေတွာ- သတ်စေ၍၊ သံယဘေဒါဝသာနေ- သံဃာသင်းခွဲသော ကံကို ပြုသော အဆုံး၌၊ ဘိန္နပရိသဿ- ပျက်စီးသော ပရိသတ်ရှိသော၊ ဒေဝဒတ္တဿ- အရှင်ဒေဝဒတ်သည်၊ ဝါ-၏၊ ရောဂေ- ရောဂါသည်၊ ဥပ္ပန္နေ- ဖြစ်လတ်သော်၊ "တထာဂတံ- ဘုရားရှင်ကို၊ ခမာပေဿာမိ- သည်းခံစေအံ့၊" ဣတိ- ဤသို့၊ မဉ္စသိဝိကာယ- ညောင်စောင်း,

ထမ်းစင်ဖြင့်၊ သာဝတ္ထိံ- သာဝတ္ထိပြည်သို့၊ ဂစ္ဆန္တသာ- သွားစဉ်၊ ဇေတဝနဒွါရေ- ဇေတဝန် ကျောင်းတော်တံခါး အနီး၌၊ ပထဝိံ- မြေသို့၊ ပဝိဋ္ဌဘာဝံ- ဝင်သည်၏ အဖြစ်ကို၊ သုတွာ- ကြား၍၊ "ဒေဝဒတ္တော- အရှင်ဒေဝဒတ်သည်၊ သမ္မာသမ္ဗုဒ္ဓဿ- ဘုရားရှင်၏၊ ပဋိပက္ခော- ဆန့်ကျင်ဘက်သည်၊ ဟုတွာ- ဖြစ်၍၊ ပထဝိံ- မြေသို့ ပဝိသိတွာ- ဝင်၍၊ အဝီစိပရာယဏော- အဝီစိငရဲလျှင် လဲလျောင်းရာရှိသည်၊ ဇာတော- ဖြစ်ပြီ။ မယာပိ- ငါသည်လည်း၊ တံ- ထိုအရှင်ဒေဝဒတ်ကို၊ နိဿာယ- အမှီပြု၍၊ ဓမ္မိကော- တရားရှိသော၊ ဓမ္မရာဇာ- တရားမင်းဖြစ်သော၊ ပိတာ- ခမည်းတော်ကို၊ ဃာတိတော- သတ်အပ်ပြီ။ အဟမ္ပိ- ငါသည်လည်း၊ ပထဝိံ- မြေသို့ ပဝိသိဿာမိ နု ခေါ- ဝင်ရ အံ့လော၊" ဣတိ- ဤသို့ ဘီတော- ကြောက်သည်ဖြစ်၍၊ ရဇ္ဇသိရိယာ- မင်း၏ စည်းစိမ်၌၊ စိတ္တဿာဒံ- စိတ်၏သာယာခြင်းကို၊ န လဘိ- မရပြီ။ "ထောကံ- အနည်းငယ်၊ နိဒ္ဒါယိဿာမိ- အိပ်ဦးအံ့၊" ဣတိ- ဤသို့ကြံ၍၊ နိဒ္ဒံ- အိပ်ခြင်းသို့၊ ဥပဂတမတ္တောဝ- ကပ်ရောက်ကာမျှသည်သာလျှင်၊ နဝယောဇနဗဟလာယံ- အထုအားဖြင့် ကိုးယူဇနာ ရှိသော၊ အယမဟာပထဝိယံ- သံမြေကြီး၌၊ ပါတေတွာ- ကျစေ၍၊ အယသူလေဟိ- သံတံကျင်တို့ဖြင့်၊ ကောဋ္ဋိယမာနော ဝိယ-ထိုးဆွအပ်သကဲ့သို့လည်းကောင်း၊ သုနခေဟိ- ခွေးတို့သည်၊ လုဉ္စိတွာ- အပိုင်းပိုင်းဖြတ်၍၊ ခဇ္ဇမာနော ဝိယ- ခဲစားအပ်ဘိ သကဲ့သို့လည်းကောင်း၊ ဟုတွာ- ဖြစ်၍၊ ဘေရဝရဝေန- ကြောက်မက်ဖွယ်သော အသံဖြင့်၊ ဝိရဝန္တော- မြည်တမ်းလျက်၊ ဥဋ္ဌာတိ- ထ၏။

အဇာတသတ် ဘုရားရှင်ထံ ခစားဝင်ပုံ

အထ- ထိုအခါ၌၊ ဧကဒိဝသံ- တစ်နေ့သ၌၊ စာတုမာသိနိယာ- မိုးလေးလတို့၏ အဆုံးဖြစ်သော၊ ကောမုဒိယာ- တန်ဆောင်မုန်းလပြည့်နေ့၌၊ အမစ္စဂဏပရိဝုတော- မှူးမတ်တော် အပေါင်းသည် ခြံရံအပ်သည်ဖြစ်၍၊ အတ္တနော- မိမိ၏၊ ယသံ- စည်းစိမ်ကို၊ ဩလောကေတွာ- ကြည့်၍၊ "မမ- ငါ၏၊ ပိတု- ခမည်းတော်၏၊ ယသော- စည်းစိမ်သည်၊ ဣတော- ဤငါ၏ စည်းစိမ်ထက်၊ မဟန္တတရော- ကြီးမြတ်၏။ အဟံ- ငါသည်၊ တထာရူပံ နာမ- ထိုသို့သဘောရှိသည်မည်သော၊ ဓမ္မရာဇာနံ- တရားရှိ (တရားစောင့်)သော မင်းကို၊ ဒေဝဒတ္တံ- အရှင်ဒေဝဒတ်ကို၊ နိဿာယ- အမှီပြု၍၊ ဃာတေသိံ- သတ်မိပြီ၊" ဣတိ- ဤသို့ စိန္တေသိ- ကြံပြီ။ ဧဝံ-

ဤသို့၊ စိန္တေန္တဿေဝ- ကြံစည်သည်သာလျှင်ဖြစ်သော၊ တဿ- ထိုအဇာတသတ်မင်း၏၊ ကာယေ- ကိုယ်၌၊ ဒါဟော- ပူလောင်ခြင်းသည်၊ ဥပ္ပဇ္ဇိ- ဖြစ်ပြီ။ သကလသရီရံ- အလုံးစုံသော ကိုယ်ကို၊ ဝါ- ကိုယ်အလုံးသည်၊ သေဒတိန္တံ- ချွေးဖြင့် စိုစွတ်သည်၊ အဟောသိ- ဖြစ်ပြီ။ တတော- ထိုနောက်မှ၊ "ကော- အဘယ်သူသည်၊ မေ- ငါ၏၊ ဣမံ ဘယံ- ဤဘေးကို၊ ဝိနောဒေတုံ- ပယ်ဖျောက်ခြင်းငှာ၊ သက္ခိဿတိ နု ခေါ- တတ်နိုင်ပါလတ္တံ့နည်း၊" ဣတိ- ဤသို့၊ စိန္တေတွာ- ကြံ၍၊ "ဒသဗလံ- အားဆယ်ပါးနှင့် ပြည့်စုံတော်မူသော ဘုရားရှင်ကို၊ ဌပေတွာ- ထား၍၊ အညော- ဘုရားရှင်မှ တစ်ပါးသောသူ မည်သည်၊ နတ္ထိ- မရှိ" ဣတိ- ဤသို့၊ ဉတွာ- သိ၍၊ "အဟံ- ငါသည်၊ တထာဂတဿ- ဘုရားရှင်အား၊ မဟာပရာဓော- ကြီးစွာ ပြစ်မှားမိခဲ့၏။ ကော- အဘယ်သူသည်၊ မံ- ငါ့ကို၊ နေတွာ- ဆောင်ယူ၍၊ ဒဿေဿတိ နု ခေါ- ပြပါလတ္တံ့နည်း၊" ဣတိ- ဤသို့၊ စိန္တေန္တော- ကြံသည်ရှိသော်၊ "ဇီဝကာ- ဆေးဆရာဇီဝကကို၊ အညတြ- ထား၍၊ အညော- ဆရာဇီဝကမှ တစ်ပါးသော၊ ကောစိ- တစ်စုံတစ်ယောက်သော သူသည်၊ (မံ- ငါ့ကို၊ နေတွာ- ဆောင်ယူ၍)၊ န (ဒဿေဿတိ)- မပြနိုင်လတ္တံ့၊" ဣတိ- ဤသို့၊ သလ္လက္ခေတွာ- ကောင်းစွာ မှတ်ပြီး၍၊ တဿ- ထိုဆရာဇီဝကကို၊ ဂဟေတွာ- ခေါ်တော်မူ၍၊ ဂမနူပါယံ- သွားရခြင်း၏ အကြောင်းကို၊ ကရောန္တော- ပြုလိုသည် ရှိသော်၊ "ရမဏီယာ ဝတ ဘော ဒေါသိနာ ရတ္တိ"တိ- "ရမဏီယာ ဝတ ဘော ဒေါသိနာ ရတ္တိ"ဟူသော၊ ဥဒါနံ- ဥဒါန်း(ဝမ်းမြောက်စကား)ကို၊ ဥဒါနေတွာ- ကျူးရင့်မြွက်ဆို၍၊ (ဘော- အိုအချင်းတို့၊ ဒေါသိနာ- ဆီးနှင်း, မြူ, တိမ်, သူရိန်, မီးခိုး ညစ်မျိုးငါးဝ ကင်းစင်ပသော၊ ရတ္တိ- ညဉ့်သည်၊ ရမဏီယာ ဝတ- စိတ်နှလုံးကို ယူကျုံးသည့်အနေ မွေ့လျော်စေနိုင်ပေစွတကား၊) "အဇ္ဇ- ယနေ့၊ ကံ- အဘယ်မည်သော၊ သမဏံ ဝါ- ရဟန်းသို့လည်းကောင်း၊ ဗြာဟ္မဏံ ဝါ- ပုဏ္ဏားသို့ လည်းကောင်း၊ ပယိရုပါသေယျာမ နု ခေါ- ဆည်းကပ်ရအံ့နည်း၊" ဣတိ- ဤသို့၊ ဝတွာ- မိန့်တော်မူ၍၊ ပူရဏသာဝကာဒီဟိ- ပူရဏကဿပတို့၏ တပည့်အစရှိကုန်သော မှူးမတ်တော်တို့သည်၊ ပူရဏာဒီနံ- ပူရဏကဿပ အစရှိကုန်သော တိတ္ထိဆရာတို့၏၊ ဂုဏေ- ဂုဏ်ကျေးဇူးတို့ကို၊ ကထိတေ- ပြောဆို လျှောက်တင်အပ်သော်၊ တေသံ- ထိုသူတို့၏၊ ဝစနံ- စကားကို၊ အနာဒိယိတွာ- မယူမူ၍၊ ဇီဝကံ- ဆေးဆရာ ဇီဝကကို၊ ပဋိပုစ္ဆိတွာ-

မေးတော်မူပြန်၍၊ တေန- ထိုဆေးဆရာဇီဝကသည်၊ တထာဂတဿ- သဗ္ဗညု ဘုရားရှင်၏၊ ဂုဏံ- ဂုဏ်ကျေးဇူးတော်ကို၊ ကထေတွာ- ပြောဆိုရှိ၍၊ "(ဒေဝ- အရှင်မင်းမြတ်)၊ ဒေဝေါ- အရှင်မင်းမြတ်သည်၊ တံ ဘဂဝန္တံ- ထိုသဗ္ဗညုဘုရားရှင်သို့ ပယိရုပါသတု- ဆည်းကပ်ပါလော့၊" ဣတိ- ဤသို့ ဝတွော- လျှောက်တင်အပ်သည် ဖြစ်၍၊ [နှာ-၂၇၉] ဟတ္ထိယာနာနိ- ဆင်ယာဉ် (စသည်)တို့ကို၊ ကပ္ပါပေတွာ- ပြုပြင်စီရင်စေ၍ (ကစေ၍)၊ ဇီဝကမ္ဗဝနံ- ဆေးဆရာဇီဝက၏ သရက်ဥယျာဉ် တောသို့၊ ဂန္တွာ- သွား၍၊ တထာဂတံ- သဗ္ဗညုဘုရားရှင်သို့၊ ဥပသင်္ကမိတွာ- ချဉ်းကပ်၍၊ ဝန္ဒိတွာ- ရှိခိုး၍၊ တထာဂတေန- ဘုရားရှင်နှင့် တကွ၊ ကတပဋိသန္ထာရော- ပြုအပ်ပြီးသော စကားအစေ့အစပ်ရှိသည် ဖြစ်၍၊ သန္ဒိဋ္ဌိကံ- မျက်မှောက်၌ ဖြစ်သော၊ သာမညဖလံ- ရဟန်းအဖြစ်၏ အကျိုးကို၊ ပုစ္ဆိတွာ- မေးလျှောက်၍၊ တထာဂတဿ- ဘုရားရှင်၏၊ မဓုရံ- သာယာသော၊ သာမညဖလ- မဓုဒေသနံ- သာမညဖလသုတ် တရားဒေသနာကို၊ သုတွာ- နာရ၍၊ သုတ္တပရိယောသာနေ- သာမညဖလသုတ်ကို ဟောတော်မူသည်၏ အဆုံး၌၊ ဥပါသကတ္တံ- ရတနာသုံးပါးသို့ ဆည်းကပ်ကိုးကွယ်တတ်သော ဥပါသကာ၏ အဖြစ်ကို၊ ပဋိဝေဒိတွာ- လျှောက်ကြားပြီး၍၊ တထာဂတံ- ဘုရားရှင်ကို၊ ခမာပေတွာ- သည်းခံစေ၍ (ကန်တော့၍)၊ ပက္ကာမိ- ဖဲသွားလေပြီ။ သော- ထိုအဇာတသတ် မင်းသည်၊ တတော- ထိုအခါမှ၊ ပဋ္ဌာယ- စ၍၊ ဒါနံ- အလှူကို၊ ဝါ- စွန့်ကြဲခြင်းကို၊ ဒေန္တော- ပေးလျက်၊ သီလံ- အလေ့အကျင့် (သီလ)ကို၊ ရက္ခန္တော- စောင့်ရှောက်လျက်၊ တထာဂတေန- ဘုရားနှင့်၊ သဒ္ဓိံ- အတူတကွ၊ သံသဂ္ဂံ- ပေါင်းဖော်ခြင်းကို၊ ကတွာ- ပြု၍၊ မဓုရမဓုကထံ- သာယာစွာသော တရားစကားကို၊ သုဏန္တော- ကြားနာလျက်၊ ကလျာဏမိတ္တသံသဂ္ဂေန- အဆွေခင်ပွန်းကောင်းနှင့် ပေါင်းဖော်ရခြင်းဖြင့်၊ ပဟီနဘယော- ပယ်အပ်ပြီးသော ဘေးရှိသည်၊ ဝါ- ကြောက်ခြင်းကင်းသည်၊ ဝိဂတလောမဟံသော- ကင်းသော ကြက်သီးမွေးညှင်း ထခြင်းရှိသည် ဟုတွာ- ဖြစ်၍၊ စိတ္တသာတံ- စိတ်၏ ချမ်းသာ ခြင်းကို၊ ပဋိလဘိတွာ- ရ၍၊ သုခေန- ချမ်းသာခြင်းဖြင့်၊ စတ္တာရော- လေးပါးကုန်သော၊ ဣရိယာပထေ- လျောင်း, ထိုင်, ရပ်, သွားဟူသော ဣရိယာပုတ်တို့ကို၊ ကပ္ပေသိ- ပြုပြီ။

## စိတ်ချမ်းသာမှုရပြီ

အထ- ထိုအခါ၌၊ ဧကဒိဝသံ- တစ်နေ့သ၌၊ ဓမ္မသဘာယံ- တရားသဘင်၌၊ ကထံ- စကားကို၊ သမုဋ္ဌာပေသုံ- ဖြစ်စေကုန်ပြီ။ (ကိံ- အဘယ်သို့ သမုဋ္ဌာပေသုံ- နည်း)။ "အာဝုသော- ငါ့ရှင်တို့၊ အဇာတသတ္တု- အဇာတသတ်မင်းကြီးသည်၊ ပိတုဃာတကကမ္မံ- အဘသတ်သော အမှုကို၊ ကတွာ- ပြုမိသောကြောင့်၊ ဘယပ္ပတ္တော- ကြောက်ရွံ့ ထိတ်လန့်ခြင်းသို့ ရောက်သည်၊ အဟောသိ- ဖြစ်ပြီ။ ရဇ္ဇသိရိံ- မင်း၏ စည်းစိမ်ချမ်းသာဟူသော အသရေကို၊ နိဿာယ- မှီ၍၊ စိတ္တဿာဒံ- စိတ်၏ ချမ်းသာခြင်းကို၊ အလဘန္တော- မရသည်ဖြစ်၍၊ သဗ္ဗဣရိယာပထေသု- အလုံးစုံကုန်သော ဣရိယာပုတ်တို့၌၊ ဒုက္ခံ- ဆင်းရဲမှုကို၊ အနုဘောတိ- ခံစားရ၏။ သော- ထိုအဇာတသတ်မင်းသည်၊ ဒါနိ- ယခုအခါ၌၊ တထာဂတံ- သဗ္ဗညု ဘုရားရှင်ကို၊ အာဂမ္မ- အကြောင်းပြု၍၊ ကလျာဏမိတ္တသံသဂ္ဂေန- အဆွေ ခင်ပွန်းကောင်းနှင့် ပေါင်းဖော်ရသဖြင့်၊ ဝိဂတဘယော- ကင်းသော ဘေးရန်ရှိသည် ဖြစ်၍၊ ဣဿရိယသုခံ- အစိုးရခြင်း မင်းချမ်းသာကို၊ အနုဘောတိ- ခံစားရ၏။" ဣတိ- ဤသို့ (ကထံ- စကားကို၊ သမုဋ္ဌာပေသုံ- ဖြစ်စေကုန်ပြီ)။ သတ္ထာ- ဘုရားရှင် သည်၊ အာဂန္တွာ- ကြွလာတော်မူ၍၊ "ဘိက္ခဝေ- ရဟန်းတို့၊ ဧတရဟိ- ယခုအခါ၌၊ ကာယ ကထာယ- အဘယ်စကားဖြင့်၊ သန္နိသိန္နာ- အညီအညွတ်စည်းဝေး ထိုင်နေ ကြကုန်သည်၊ အတ္ထ နု- ဖြစ်ကြကုန်သနည်း၊" ဣတိ- ဤသို့ ပုစ္ဆိတွာ- မေးတော်မူ၍၊ "ဣမာယ နာမ- ဤမည်သော စကားဖြင့်၊ (သန္နိသိန္နာ- အညီအညွတ် စည်းဝေးကြ ကုန်သည်၊ ဘဝါမ- ဖြစ်ပါကုန်၏)၊" ဣတိ- ဤသို့၊ ဝုတ္တေ- (ရဟန်းတို့သည်) လျှောက်တင်အပ်သော်။ "ဘိက္ခဝေ- ရဟန်းတို့၊ ဣဒါနေဝ- ယခုအခါ၌သာလျှင်၊ (ဧသော- ဤအဇာတသတ်မင်းသည်၊ ပိတုဃာတကကမ္မံ- အဘသတ်သော အမှုကို၊ ကတွာ- ပြုမိသောကြောင့်၊ စိတ္တဿာဒံ- စိတ်၏ ချမ်းသာခြင်းကို၊ အလဘန္တော- မရလတ်သော်၊ မံ- ငါ့ကို၊ နိဿာယ- မှီ၍၊ သုခံ- ချမ်းသာစွာ၊ န (သယတိ)- အိပ်ရသည် မဟုတ်သေး)။ ပုဗ္ဗေပိ- ရှေး၌လည်း၊ ဧသ ဧသော- ဤ အဇာတသတ် သည်၊ ပိတုဃာတကကမ္မံ- အဘသတ်သော ကံကို၊ ကတွာ- ပြုပြီး၍၊ မံ- ငါ့ကို၊ နိဿာယ- မှီ၍၊ သုခံ- ချမ်းသာစွာ၊ သယိ- အိပ်ရဖူးပြီ၊" ဣတိ- ဤသို့ ဝတွာ- မိန့်တော်မူ၍၊ အတီတံ- လွန်လေပြီးသော ကာလကို၊ အာဟရိ- ဆောင်တော်မူပြီ။

အတိတ်ဝတ္ထု

အတီတေ- လွန်လေပြီးသော အခါ၌၊ ဗာရာဏသိယံ- ဗာရာဏသီမည်သော ပြည်၌၊ ဗြဟ္မဒတ္တေ- ဗြဟ္မဒတ်မင်းသည်၊ ရဇ္ဇံ- မင်း၏ အဖြစ်ကို၊ ဝါ- တိုင်းပြည်ကို၊ ကာရေန္တေ- ပြုစေသည်ရှိသော်၊ ဝါ- အုပ်ချုပ်သည် ရှိသော်၊ ဗြဟ္မဒတ္တကုမာရံ နာမ- ဗြဟ္မဒတ္တသတို့သားမည်သော၊ ပုတ္တံ- သားကို၊ ပဋိလဘိ- ရပြီ။ တဒါ- ထိုအခါ၌၊ ဗောဓိသတ္တော- ဘုရားလောင်းသည်၊ ပုရောဟိတဿ- ပုရောဟိတ်၏၊ ဂေဟေ- အိမ်၌၊ ပဋိသန္ဓိံ- ပဋိသန္ဓေကို၊ ဂဏှိ- ယူတော်မူပြီ။ ဇာတဿေဝ- ဖွားမြင်ပြီးသည် သာလျှင်ဖြစ်သော၊ အဿ- ထိုဘုရားလောင်းအား "သံကိစ္စကုမာရော"တိ နာမံ- သံကိစ္စသတို့သားဟူသော အမည်ကို၊ ကရိံသု- မှည့်ကြကုန်ပြီ။ ဉဘောပိ- နှစ်ယောက်လည်းဖြစ်ကုန်သော၊ တေ- ထိုမင်းသား, ပုဏ္ဏားတို့သည်၊ ရာဇနိဝေသနေ- မင်း၏အိမ်၌၊ ဧကတောဝ- တပေါင်းတည်း (အတူတကွ)သာလျှင်၊ ဝဍ္ဎိံသု- ကြီးကြ ကုန်ပြီ။ အညမည်- အချင်းချင်း၊ သဟာယကာ- သူငယ်ချင်း ဖြစ်ကြကုန်သည်၊ ဟုတွာ- ဖြစ်ကုန်၍၊ ဝယပ္ပတ္တာ- အရွယ်သို့ ရောက်ကုန်သည်ဖြစ်၍၊ တက္ကသိလံ- တက္ကသိုလ်ပြည်သို့၊ ဂန္တွာ- သွားကုန်ပြီး၍၊ သဗ္ဗသိပ္ပါနိ- အလုံးစုံကုန်သော အတတ်တို့ကို၊ ဉဂ္ဂဏှိတွာ- သင်ယူကုန်၍၊ ပစ္စာဂမိံသု- တစ်ဖန် ပြန်လာကုန်ပြီ။ အထ- ထိုအခါ၌၊ ရာဇာ- ခမည်းတော် ဗြဟ္မဒတ်မင်းကြီးသည်၊ ပုတ္တဿ- သားတော် ဗြဟ္မဒတ္တ မင်းသားအား၊ ဉပရဇ္ဇံ- အိမ်ရှေ့မင်း၏ အဖြစ်ကို၊ အဒါသိ- ပေးတော်မူပြီ။ ဗောဓိသတ္တောပိ- သံကိစ္စဘုရားလောင်းသည်လည်း၊ ဉပရာဇဿ- အိမ်ရှေ့မင်း၏၊ သန္တိကေယေဝ- အထံ၌သာလျှင်၊ အဟောသိ- ဖြစ်ပြီ။

မင်းသားအကြံများ သံကိစ္စတား

အထ- ထိုအခါ၌၊ ဧကဒိဝသံ- တစ်နေ့သ၌၊ ဉပရာဇာ- အိမ်ရှေ့မင်းသည်၊ ဉယျာနကီဠံ- ဉယျာဉ်ကစားခြင်းကို၊ ဂစ္ဆန္တဿ- သွားသော၊ ပိတု- ခမည်းတော် ဗြဟ္မဒတ်မင်း၏၊ မဟန္တံ- များစွာသော၊ ယသံ- စည်းစိမ်ချမ်းသာကို၊ ဒိသွာ- မြင်၍၊ တသ္မိံ- ထိုစည်းစိမ်၌၊ လောဘံ- (လိုချင်တပ်မက်မှု)လောဘကို၊ ဉပ္ပါဒေတွာ- ဖြစ်စေ ၍။ "မယှံ- ငါ၏၊ ပိတာ- ခမည်းတော်သည်၊ မမ- ငါ၏၊ ဘာတိကသဒိသော- အစ်ကိုနှင့် တူ၏၊ ဧတဿ- ထိုခမည်းတော်၏၊ မရဏံ- သေလွန်ခြင်းကို၊ သစေ

ဩလောကေဿာမိ- အကယ်၍ ငုံ့လင့်အံ့၊ မဟလ္လကကာလေ- ကြီးရင့်သော အခါ၌၊ ရဇ္ဇံ- မင်းအဖြစ်ကို၊ လဘိဿာမိ- ရလတ္တံ့။ တဒါ- ထိုသို့ ကြီးရင့်သော အခါ၌၊ လဒ္ဓေနပိ- ရအပ်သည်လည်းဖြစ်သော၊ ရဇ္ဇေန- မင်းအဖြစ်ဖြင့်၊ ကော အတ္ထော- အဘယ် အကျိုးရှိအံ့နည်း။ ပိတရံ- ခမည်းတော်ကို၊ မာရေတွာ- သတ်၍၊ ရဇ္ဇံ- မင်းအဖြစ်ကို၊ ဂဏှိဿာမိ- ယူအံ့" ဣတိ- ဤသို့ စိန္တေတွာ- ကြံ၍၊ ဗောဓိသတ္တဿ- သံကိစ္စဘုရားလောင်းအား၊ တမတ္ထံ- ထိုအကြောင်းကို၊ အာရောစေသိ- ပြောကြားပြီ။ ဗောဓိသတ္တော- ဘုရားလောင်းသည်၊ "သမ္မ- အရှင့်သား၊ ပိတုဃာတကမ္မံ နာမ- အဖကို သတ်သောအမှုမည်သည်၊ ဘာရိယံ- အလွန်ဝန်းလေးစွာ၏။ နိရယမဂ္ဂေါ- ငရဲပြည်သို့ သွားရာခရီးတည်း။ ဧတံ- ထိုခမည်းတော်ကို၊ ကာတုံ- သတ်ခြင်းငှာ၊ န သက္ကာ- မတတ်ကောင်း၊ မာ ကရိ- မပြုလင့်၊" ဣတိ- ဤသို့ ပဋိဗာဟိ- တားမြစ်ပြီ။ သော- ထိုအိမ်ရှေ့မင်းသည်၊ ပုနပ္ပုနမ္ပိ- အဖန်ဖန်လည်း၊ ကထေတွာ- ပြောဆို၍၊ ယာဝတတိယံ- သုံးကြိမ်မြောက်အောင်၊ တေန- ထိုသံကိစ္စဘုရားလောင်းသည်၊ ပဋိဗာဟိတော- တားမြစ်အပ်သည်ဖြစ်၍၊ ပါဒမူလိကေဟိ- ခြေရင်း၌ ခစားကုန်သော သူတို့နှင့်၊ သဒ္ဓိံ- အတူတကွ၊ မန္တေသိ- တိုင်ပင်ပြီ။ တေပိ- ထိုခြေရင်း၌ ခစားကုန်သော သူတို့သည်လည်း၊ သမ္ပဋိစ္ဆိတွာ- ဝန်ခံ၍၊ [နှာ-၂၈၀] ရညော- ခမည်းတော် ဗြဟ္မဒတ်မင်းကြီး၏၊ မာရဏူပါယံ- သေခြင်း၏ အကြောင်းကို၊ ဝီမံသိံသု- စုံစမ်းကြကုန်ပြီ။ ဗောဓိသတ္တော- ဘုရားလောင်းသည်၊ တံ ပဝတ္တိံ- ထိုအကြောင်းကို၊ ဉတွာ- သိ၍၊ "အဟံ- ငါ(သံကိစ္စ) သည်၊ ဧတေဟိ- ထိုသူတို့နှင့်၊ သဒ္ဓိံ- အတူတကွ၊ ဧကတော- တပေါင်းတည်း၊ န ဘဝိဿာမိ- မဖြစ်အံ့"၊ ဣတိ- ဤသို့၊ မာတာပိတရော- မိဘတို့ကို၊ အနာပုစ္ဆိတွာဝ- မပန်ကြားမူ၍သာလျှင်၊ အဂ္ဂဒွါရေန- မြတ်သော တံခါးဖြင့်၊ နိက္ခမိတွာ- ထွက်ခဲ့၍၊ ဟိမဝန္တံ- ဟိမဝန္တာ တောင်သို့ ပဝိသိတွာ- ဝင်၍၊ ကသိဏပရိကမ္မံ- ရသေ့ရဟန်း၏အဖြစ်ကို၊ ပဗ္ဗဇိတွာ- ရသေ့ရဟန်းပြု၍၊ ဈာနာဘိညာ- ဈာန်, အဘိညာဉ်တို့ကို၊ နိဗ္ဗတ္တေတွာ- ဖြစ်စေ၍၊ ဝနမူလဖလာဟာရော- တောသစ်မြစ်, တောသစ်သီးဟူသော အစာရှိသည် ဖြစ်၍ ဝိဟာသိ- နေပြီ။

ရာဇကုမာရောပိ- အိမ်ရှေ့မင်းသည်လည်း၊ တသ္မိံ- ထိုဘုရားလောင်း သံကိစ္စသည်၊ ဂတေ- သွားသည်ရှိသော်၊ ပိတရံ- ခမည်းတော်ဗြဟ္မဒတ်မင်းကြီးကို၊

မာရာပေတွာ- သတ်စေ၍၊ မဟန္တံ- များစွာသော၊ ယသံ- (မင်း၏) စည်းစိမ်ကို၊ အနုဘဝိ- ခံစားပြီ။ "သံကိစ္စကုမာရော- သံကိစ္စသတို့သားသည်၊ ဣသိပဗ္ဗဇ္ဇံ- ရသေ့ရဟန်းအဖြစ်ကို၊ ပဗ္ဗဇိတော ကိရ- (ရသေ့ရဟန်း)ပြုသတတ်။" ဣတိ- ဤသို့ သုတွာ- ကြား၍၊ ဗဟူ- များစွာကုန်သော၊ ကုလပုတ္တာ- အမျိုးသားတို့သည်၊ နိက္ခမိတွာ- (အိမ်မှ) ထွက်၍၊ တဿ- ထိုသံကိစ္စရသေ့၏၊ သန္တိကေ- အထံ၌၊ ပဗ္ဗဇိံသု- ရသေ့ရဟန်း ပြုကြကုန်ပြီ၊ သော- ထိုသံကိစ္စရသေ့သည်၊ မဟတာ- အရေအတွက်အားဖြင့် များသော၊ ဣသိဂဏေန- ရသေ့အပေါင်းသည်၊ ပရိဝုတော- ခြံရံအပ်သည်ဖြစ်၍၊ တတ္ထ- ထိုဟိမဝန္တာတောင်၌၊ ဝသိ- နေပြီ။ သဗ္ဗေပိ- အလုံးစုံကုန်သော ရသေ့တို့သည်လည်း၊ သမာပတ္တိလာဘိနော ယေဝ- ချာန်သမာပတ်ကို ရကုန်သည်သာလျှင်တည်း။ ရာဇာပိ- (သားတော် ဗြဟ္မဒတ္တ)မင်းသည်လည်း၊ ပိတရံ- ခမည်းတော် ဗြဟ္မဒတ်မင်းကြီးကို၊ မာရေတွာ- သတ်၍၊ အပ္ပမတ္တကံယေဝ- အနည်းငယ်မျှသည်သာလျှင်ဖြစ်သော၊ ကာလံ- ကာလပတ်လုံး၊ ရဇ္ဇသုခံ- မင်း၏ စည်းစိမ်ချမ်းသာကို၊ အနုဘဝိတွာ- ခံစား၍၊ တတော- ထိုအခါမှ၊ ပဋ္ဌာယ- စ၍၊ ဘီတော- ကြောက်လန့်သည်ဖြစ်၍၊ စိတ္တဿာဒံ- စိတ်၏ချမ်းသာခြင်းကို၊ အလဘန္တော- မရသည်ဖြစ်၍၊ နိရယေ- ငရဲ၌၊ ကမ္မကရဏပ္ပတ္တော ဝိယ- ညှဉ်းပန်းနှိပ်စက်ခြင်းသို့ ရောက်သကဲ့သို့၊ အဟောသိ- ဖြစ်ပြီ။

မင်းကြီး မိတ်ဆွေကို အောက်မေ့နေ

သော- ထိုဗြဟ္မဒတ်မင်းသည်၊ ဗောဓိသတ္တံ- သံကိစ္စဘုရားလောင်းကို၊ အနုဿရိတွာ- အောက်မေ့၍၊ "မေ- ငါ၏၊ သဟာယော- အဆွေဖြစ်သော သံကိစ္စသတို့သားသည်၊ 'ပိတုဃာတကမ္မံ- အဖကိုသတ်သော ကံသည်၊ ဘာရိယံ- အလွန်ဝန်လေး၏၊ မာ ကရိ- မပြုလင့်၊' ဣတိ- ဤသို့၊ ပဋိသေဓေတွာ- တားမြစ်၍၊ မံ- ငါ့ကို၊ အတ္တနော- မိမိ၏၊ ကထံ- စကားကို၊ ဂါဟာပေတုံ- ယူစေခြင်းငှာ၊ အသက္ကောန္တော- မတတ်နိုင်သည်ဖြစ်၍၊ အတ္တာနံ- မိမိကိုယ်ကို၊ နိဒ္ဒေါသံ- အပြစ်မရှိသည်ကို၊ ကတွာ- ပြု၍၊ ပလာယိ- ထွက်ပြေးလေပြီ။ သော- ထိုသံကိစ္စဘုရားလောင်းသည်၊ ဣဓ- ဤအရပ်၌၊ သစေ အဘဝိဿ- အကယ်၍ ရှိအံ့၊ မေ- ငါ့အား၊ ပိတုဃာတကမ္မံ- ပိတုဃာတကကံကို၊ ကာတုံ- ပြုခြင်းငှာ၊ အဒဿ- မပေးလေရာ။ မေ- ငါ၏၊ ဣဒမ္ပိ ဘယံ- ဤကြောက်ရွံ့ ထိတ်လန့်ခြင်းဘေးကိုလည်း၊

ဟာရေယျ- ပယ်ဖျောက်လေရာ၏။ သော- ထိုသံကိစ္စဘုရားလောင်းသည်၊ တေရဟိ- ယခုအခါ၌၊ ကဟံ- အဘယ်အရပ်၌၊ ဝိဟရတိ နု ခေါ- နေလေသနည်း။ (အဟံ- ငါသည်) တဿ- ထိုသံကိစ္စ၏၊ ဝသနဋ္ဌာနံ- နေရာအရပ်ကို၊ သစေ ဇာနေယျံ- အကယ်၍ သိအံ့၊ (တံ- ထိုသံကိစ္စကို) ပဏ္ဍောသာပေယျံ- ခေါ်စေရာ၏။ ကော- အဘယ်သူသည်၊ တဿ- ထိုသံကိစ္စဘုရားလောင်း၏၊ ဝသနဋ္ဌာနံ- နေရာအရပ်ကို၊ မေ- ငါ့အား၊ အာရောစေယျ နု ခေါ- ပြောကြားလာပါအံ့နည်း။" ဣတိ- ဤသို့၊ စိန္တေသိ- ကြံပြီ။ သော- ထိုပြဟ္မဒတ်မင်းသည်၊ တတော- ထိုအခါမှ၊ ပဋ္ဌာယ- စ၍၊ အန္တေပုရေ စ- နန်းတော်တွင်း၌လည်းကောင်း၊ ရာဇသဘာယဉ္စ- မင်းပွဲသဘင်၌လည်းကောင်း၊ ဗောဓိသတ္တဿ- သံကိစ္စဘုရားလောင်း၏၊ ဝဏ္ဏံယေဝ- ဂုဏ်ကျေးဇူးကိုသာလျှင်၊ ဘာသတိ- ပြောဆို၏။

## သံကိစ္စရသေ့ ကြွလာ၍ မင်းကြီးဆည်းကပ်ခြင်း

ဧဝံ- ဤသို့၊ အဒ္ဓါနေ- ရှည်သောကာလသည်၊ ဝါ- သို့၊ ဂတေ- ရောက်သည်ရှိသော်၊ ဗောဓိသတ္တော- ဘုရားလောင်းသည်၊ "ရာဇာ- ပြဟ္မဒတ်မင်းသည်၊ မံ- ငါ့ကို၊ သရတိ- အောက်မေ့၏။ မယာ- ငါသည်၊ တတ္ထ- ထို (ပြဟ္မဒတ်မင်း၏) နန်းတော်သို့၊ ဂန္တွာ- သွား၍၊ တဿ- ထိုမင်းအား၊ ဓမ္မံ- တရားကို၊ ဒေသေတွာ- ဟော၍၊ တံ- ထိုပြဟ္မဒတ်မင်းကို၊ နိဗ္ဗာယံ- ကြောက်ရွံ့ထိတ်လန့်ခြင်းကင်းသည်ကို၊ ကတွာ- ပြု၍၊ အာဂန္တုံ- လာခြင်းငှာ၊ ဝဋ္ဋတိ- သင့်၏၊" ဣတိ- ဤသို့၊ ပဏ္ဏာသဝဿာနိ- အနှစ် ငါးဆယ်တို့ပတ်လုံး၊ ဟိမဝန္တေ- ဟိမဝန္တာ၌၊ ဝသိတွာ- နေ၍၊ ပဉ္စသတတာပသပရိဝုတော- ရသေ့ငါးရာတို့သည် ခြံရံအပ်သည်ဖြစ်၍၊ အာကာသေန- ကောင်းကင်ခရီးဖြင့်၊ အာဂန္တွာ-လာ၍၊ ဒါယပဿေ နာမ- ဒါယပဿအမည်ရှိသော၊ ဥယျာနေ- ဥယျာဉ်၌၊ ဩတရိတွာ- သက်ဆင်း၍၊ ဣသိဂဏပရိဝုတော- ရသေ့အပေါင်းသည် ခြံရံအပ်သည်ဖြစ်၍၊ သိလာပဋ္ဋေ- မင်္ဂလာ ကျောက်ဖျာအပြင်၌၊ နိသီဒိ- နေတော်မူပြီ။ ဥယျာနပါလော- ဥယျာဉ်စောင့်သည်၊ တံ- ထိုဘုရားလောင်းသံကိစ္စရှင်ရသေ့ကို၊ ဒိသွာ- မြင်၍၊ "ဂဏသတ္ထာ- ဂိုဏ်းဆရာ ဖြစ်သော၊ ဘန္တေ- အရှင်ဘုရား၊ (တွံ- အရှင်ဘုရားသည်)၊ ကော နာမ- အဘယ်အမည်တော် ရှိသနည်း၊" ဣတိ- ဤသို့၊ ပုစ္ဆိတွာ- မေးလျှောက်၍၊ "သံကိစ္စပဏ္ဍိတော နာမ- သံကိစ္စပညာရှိ မည်၏။" ဣတိ စ- ဤသို့လည်း၊ သုတွာ-

ကြား၍၊ သယမ္ပိ- မိမိ(ဥယျာဉ်စောင့်)သည်လည်း၊ သဥ္စာနိတွာ- ကောင်းစွာ သိရှိမှတ်မိ၍၊ "ဘန္တေ- အရှင်ဘုရား၊ ယာဝ- အကြင်မျှလောက်၊ အဟံ- အကျွန်ုပ်သည်၊ ရာဇာနံ- အရှင်မင်းကြီးကို၊ အာနေမိ- ဆောင်ပါချေဦးအံ့။ တာဝ- ထိုမျှလောက်၊ (တုမှေ- အရှင်ဘုရားတို့သည်၊) ဣဓေဝ- ဤအရပ်၌သာ၊ ဟောထ- နေတော်မူပါဦးလော့။ အမှာကံ- အကျွန်ုပ်တို့၏၊ ရာဇာ- အရှင်မင်းကြီးသည်၊ တုမှေ- အရှင်ဘုရားတို့ကို၊ ဒဋ္ဌုကာမော- ဖူးမြင်ခြင်းငှာ အလိုရှိပါ၏" ဣတိ- ဤသို့ ဝတ္တာ- လျှောက်ကြား၍၊ ဝေဂေန- လျင်မြန်စွာ၊ ရာဇကုလံ- မင်း၏နန်းတော်သို့၊ ဂန္ဒာ- သွား၍၊ တဿ- ထိုသံကိစ္စဘုရားလောင်း ရှင်ရသေ့၏၊ အာဂတဘာဝံ- ကြွရောက်လာသည်၏အဖြစ်ကို၊ ရညော- ဗြဟ္မဒတ်မင်းအား၊ အာရောစေသိ- လျှောက်ကြားပြီ။ ရာဇာ- ဗြဟ္မဒတ်မင်းသည်၊ တဿ- ထိုသံကိစ္စ ရှင်ရသေ့၏၊ သန္တိကံ- အထံသို့၊ ဂန္ဒာ- သွား၍၊ ကတ္တပ္ပဋိသန္ထာရော- ပြုအပ်သည်နှင့် ယှဉ်သော၊ ဥပဟာရံ- ကပ်၍ ဆောင်ခြင်းဟူသော ပူဇော်ဖွယ်ကို၊ ကတွာ- ပြု၍၊ ပဥှံ- အမေးပြဿနာကို၊ ပုစ္ဆိ- မေးလျှောက်ပြီ။ တမတ္ထံ- ထိုအကြောင်းကို၊ ပကာသေန္တော- ထင်ရှားပြတော်မူလိုသော၊ သတ္ထာ- မြတ်စွာဘုရားသည်၊ "ဒိသွာ နိသိန္နံ ရာဇာနံ၊ (ပ) တံ မေ အက္ခာဟိ ပုစ္ဆိတော"တိ- "ဒိသွာ နိသိန္နံ ရာဇာနံ (ပ) တံ မေ အက္ခာဟိ ပုစ္ဆိတော" ဟူကုန်သော၊ (ဣမာ နဝ ဂါထာ- ဤကိုးဂါထာတို့ကို၊) အာဟ- ဟောတော်မူပြီ။

၆၉။ ဘိက္ခဝေ- ရဟန်းတို့ သော ဥယျာနပါလော- ထိုဥယျာဉ်စောင့်သည်၊ ရထေသဘံ- ရထားစီးချင်း မင်းတကာတို့ထက် မြတ်သော၊ ဗြဟ္မဒတ္တံ- ဗြဟ္မဒတ်အမည်ရှိသော၊ ရာဇာနံ- မင်းကို၊ ရာဇသဘာယံ- မင်းကွန်း၌၊ နိသိန္နံ- ထိုင်နေသည်ကို၊ ဒိသွာ- မြင်၍၊ အထ- ထိုသို့ မြင်ပြီးနောက်မှ၊ အဿ- ထိုဗြဟ္မဒတ်မင်းအား၊ ပဋိဝေဒေသိ- ကြားလျှောက်ပြီ။ မဟာရာဇ- မင်းကြီး၊ တွံ- သင်သည်၊ ယဿ- အကြင် သံကိစ္စရသေ့အား၊ အနု-ကမ္ပကော- နှုးညံ့သောစိတ် ရှိသည်၊ အသိ- ဖြစ်ပြီ။

[နှာ-၂၈၁] ၇၀။ မဟာရာဇ- မင်းမြတ်၊ ဣသီနံ- ရသေ့တကာတို့ထက်၊ သာဓု သမ္မတော- ကောင်းမြတ်၏ဟု သမုတ်အပ်သော၊ အယံ သံကိစ္စော- ဤသံကိစ္စရှင်ရသေ့သည်၊ အနုပ္ပတ္တော- ရောက်လာတော်မူ၏။ တရမာန-ရူပေါ- အဆောတလျင်၊ နိယျာဟိ- ကြွတော်မူပါလော့။ မဟေသိနံ-

သိလက္ခန္ဓာအစရှိသော ကျေးဇူးအပေါင်းကို ရှာမှီးလေ့ရှိသော ရှင်ရသေ့ကို၊ ခိပ္ပံ- လျင်စွာ၊ ပဿ- ဖူးမြင်တော်မူပါလော့။

၇၁။ ဘိက္ခဝေ- ရဟန်းတို့၊ တတော- ထိုသို့ကြားလျှောက်ပြီးသော နောက်မှ၊ ရထေသဘော- ရထားစီးချင်း မင်းတကာတို့ထက် မြတ်သော၊ ရာဇာ- ပြဟ္မဒတ်မင်းသည်၊ တရမာနော- အဆောတလျင်၊ ယုတ္တံ- ကအပ်သော၊ သန္ဒနံ- ရထားထက်သို့၊ အာရုယှ- တက်စီး၍၊ မိတ္တာမစ္စပရိဗျူဠော- ချစ်ကျွမ်းဝင်သော မှူးတော်မတ်တော် အပေါင်းခြံရံလျက်၊ အဂမာသိ- သွားလေပြီ။

၇၂။ ဘိက္ခဝေ- ရဟန်းတို့ ကာသိနံ- ကာသိတိုင်းသူတို့၏၊ ရဋ္ဌဝဍ္ဎနော- တိုင်းပြည်သူ လူအပေါင်း၏ စိတ်ကို ပွားစေတတ်သော၊ ရာဇာ- ပြဟ္မဒတ်မင်းကြီးသည်၊ ဝါဠဗီဇနိဥ္စ- သားမြီးယပ်လည်းကောင်း၊ ဥဏှီသဥ္စ- ရွှေသင်းကျစ်လည်းကောင်း၊ ခဂ္ဂဥ္စ- သန်လျက်လည်းကောင်း၊ ဆတ္တဥ္စ- ထီးဖြူလည်းကောင်း၊ ဥပါဟနဥ္စ- ရွှေခြေနင်းလည်းကောင်း၊ ဣတိ- ဤသို့ ပဥ္စကကုဓါနိ- ငါးပါးကုန်သော မင်းမြောက်တန်ဆာတို့ကို၊ နိက္ခိပ္ပ- ထားခဲ့၍။

၇၃။ ရာဇာ- ပြဟ္မဒတ်မင်းသည်၊ ယာနမှာ- ရထားထက်မှ၊ ဩရုယှ- သက်၍၊ ပဋိစ္ဆဒံ- မင်းမြောက်တန်ဆာငါးပါးကို၊ ဌပယိတွာ- ဘဏ္ဍာစိုး လက်၌ ထားခဲ့၍၊ ဒါယပဿသ္မိံ- ဒါယပဿ အမည်ရှိသော ဥယျာဉ်တော်၌၊ အာသိနံ- နေလင့်သော၊ သံကိစ္စံ- သံကိစ္စရှင်ရသေ့သို့ ဥပသင်္ကမိကပ်လေပြီ။

၇၄။ ဘိက္ခဝေ- ရဟန်းတို့၊ သော ရာဇာ- ထိုပြဟ္မဒတ်မင်းကြီးသည်၊ ဥပသင်္ကမိတွာ- ကပ်လေပြီး၍၊ ဣသိနာ- သံကိစ္စရှင်ရသေ့နှင့်၊ သဟ- အတူ တကွ၊ သမ္မောဒိ- ဝမ်းမြောက်ဝမ်းသာ ပြောဟောပြီ။ တံ ကထံထို ဝမ်းမြောက်ဝမ်းသာ ပြောဟောသော စကားကို၊ ဝီတိသာရေတွာပြီးဆုံးစေ၍၊ ဧကမန္တံ- တင့်အပ်လျောက်ပတ်သော အရပ်၌၊ ဥပါဝိသိကပ်ဝင်ပြီ။

၇၅။ ဧကမန္တံ- တင့်အပ်လျောက်ပတ်သော အရပ်၌၊ နိသိန္နော ၀- ထိုင်နေပြီးသော်သာလျှင်၊ အထ ပဥှာ- ထို့နောင်မှ၊ ကာလံ- ပြဿနာ မေးအံ့သော ကာလကို၊ အမညထ- သိ၏။ တတော- ထိုသို့ သိပြီးသော နောင်မှ၊ ပါပါနိ ကမ္မာနိ- မကောင်းမှုကံတို့ကို၊ ပုစ္ဆိတုံ- မေးအံ့သောငှာ၊ ပဋိပဇ္ဇထ- ဆည်းကပ်လေ၏။

၇၆။ ကုသိနံ- ရသေ့အပေါင်းတို့တွင်၊ သာဓုသမ္မတံ- သူတော်ကောင်းဟု သမုတ်အပ်သော၊ ကုသိသံဃပုရက္ခတံ- ရသေ့အပေါင်း ခြံရံအပ်သော၊ ဒါယပဿသ္မိံ- ဒါယပဿအမည်ရှိသော ဥယျာဉ်တော်၌၊ အာသီနံ- နေသော၊ သံကိစ္စံ- သံကိစ္စအမည်ရှိသော၊ ကုသိံ- ရသေ့ကို၊ ပုစ္ဆာမ- မေးလျှောက်ကုန်၏။

၇၇။ ဘန္တေ- အရှင်ဘုရား၊ ဓမ္မာတိစာရိနော- ကုသိုလ်ဆယ်ပါး တရားကို လွန်၍ ကျင့်ကုန်သော၊ နရာ- လူတို့သည်၊ ပေစ္စ- တမလွန်ဘ၀၌၊ ကံ ဂတိံ- အဘယ်မည်သော ဂတိသို့၊ ဂစ္ဆန္တိ- သွားရကုန်အံ့နည်း။ ဘန္တေ- အရှင်ဘုရား၊ မယာ- အကျွန်ုပ်သည်၊ ဓမ္မော- သုစရိုက်တရားကို၊ အတိစိဏ္ဏော- လွန်၍ ကျင့်မိအပ်၏။ ပုစ္ဆိတော- မေးအပ်သော အရှင်ဘုရားသည်၊ တံ- ထို အကြောင်းကို၊ မေ- အကျွန်ုပ်အား၊ အက္ခာဟိ- ဖြေကြားတော်မူပါလော့။

တတ္ထ- ထို'ဒိသွာ နိသိန္နံ' စသော ဂါထာတို့၌၊ ဒိသွာတိ- ဒိသွာ ဟူသည်ကား၊ ဘိက္ခဝေ- ရဟန်းတို့၊ သော ဥယျာနပါလော- ထိုဥယျာဉ်စောင့်သည်၊ ရာဇာနံ- မင်းကြီးကို၊ ရာဇသဘာယံ- မင်းကွန်း၌၊ နိသိန္နံ- ထိုင်နေသည်ကို၊ ဒိသွာ- မြင်၍။ အထ- ထိုအခါ၌၊ အဿ- ထိုမင်းကြီးအား၊ ပဋိဝေဒေသိ- ကြားလျှောက်ပြီ။ "ယဿာသိ"တိ ဝဒန္တော- ယဿာသိစသည်ကို ဆိုလျက်၊ အာရောစေသိ- လျှောက် ကြားပြီ။ ကုတိ- ဤကား၊ အတ္တော- အနက်တည်း။ ယဿာသီတိ- ယဿာသိ ဟူသည်ကား၊ "မဟာရာဇ- မြတ်သောမင်းကြီး၊ ယဿ- အကြင်သံကိစ္စရသေ့ကို၊ တွံ- သင်သည်၊ အနုကမ္ပကော မုဒုစိတ္တော- နူးညံ့သောစိတ်ရှိသည်၊ အဟောသိ- ဖြစ်ပြီ။ ယဿ- အကြင်သံကိစ္စရသေ့အား၊ အဘိဏှံ- မပြတ်၊ ဝဏ္ဏံ- ဂုဏ်ကျေးဇူးကို၊ ပယိရုဒါဟာသိ- ပြောဆိုခဲ့ပြီ။ ကုသိနံ- ရသေ့တို့၏၊ အန္တရေ- အကြား၌၊ သာဓု-

ကောင်း၏၊ လဒ္ဓကော- အကျိုးစီးပွားကို လိုလားသူတို့သည် ရအပ်၏၊[၁]" က္ကတိ- ဤသို့ သမ္မတော- သမုတ်အပ်သော၊ သော အယံ သံကိစ္စော- ထိုသံကိစ္စရသေ့သည်၊ တဝ ဥယျာနေ- သင်မင်းကြီး၏ ဥယျာဉ်၌၊ အနုပ္ပတ္တော- ရောက်ရှိခဲ့ပြီ။ သိလာပဋ္ဋေ- ကျောက်ဖျာထက်၌၊ ကူသိဂဏပရိဝုတော- ရသေ့အပေါင်း ခြံရံအပ်သည် ဖြစ်၍၊ ကဥ္စနပဋိမာ ဝိယ- ရွှေဆင်းတုကဲ့သို့၊ နိသိန္နော- ထိုင်နေခဲ့ပြီ။ တရမာနရူပေါတိ- တရမာနရူပေါ ဟူသည်ကား၊ မဟာရာဇ- မြတ်သောမင်းကြီး၊ ပဗ္ဗဇိတာ နာမ- ရဟန်းတို့မည်သည်၊ ကုလေ ဝါ- အမျိုး၌လည်းကောင်း၊ ဂဏေ ဝါ- ဂိုဏ်း၌လည်းကောင်း၊ အလဂ္ဂါ- မကပ်ငြိကုန်။ တုမှာကံ- သင်မင်းကြီးတို့သည်၊ ဂစ္ဆန္တာနညေဝ- သွားနေကုန်စဉ်မှာပင်လျှင်၊ ပက္ကမေယျုံ- ဖဲသွားကုန်ရာ၏။ တသ္မာ- ထို့ကြောင့်၊ တရမာနရူပေါ- ဆောလျင်သော သဘောရှိသည်၊ (ဟုတွာ- ဖြစ်၍၊) ခိပ္ပံ- လျင်စွာ၊ နိယျာဟိ- ထွက်ခွါလော့၊ မဟန္တာနံ- မြတ်ကုန်သော၊ သီလာဒိဂုဏာနံ- သီလအစရှိသော ဂုဏ်တို့ကို၊ ဓေိတတ္တာ- ရှားမှီးတတ်သည်၏ အဖြစ်ကြောင့်၊ မဟေသိနံ- ရသေ့မြတ်ဖြစ်သော သံကိစ္စရသေ့ကို၊ ပဿ- ဖူးမြင်ပါလော့။

တတောတိ- တတော ဟူသည်ကား၊ ဘိက္ခဝေ- ရဟန်းတို့၊ သော ရာဇာ- ထိုမင်းသည်၊ တဿ- ထိုဥယျာဉ်စောင့်၏၊ ဝစနံ- စကားကို၊ သုတွာ- ကြား၍၊ တတော- ထိုကြားသည်မှ နောက်၌၊ တဿ- ထိုဥယျာဉ်စောင့်၏၊ ဝစနတော- စကားမှ၊ အနန္တရမေဝ- အခြားမဲ့၌ပင်လျှင်။ နိက္ခိပ္ပါတိ- နိက္ခိပ္ပ ဟူသည်ကား၊ နိက္ခိပိတွာ- ထားခဲ့၍။ တဿ- ထိုမင်းကြီးအား၊ [နှာ-၂၈၂] ဥယျာနဒွါရံ- ဥယျာဉ်တံခါးသို့၊ ပတွာဝ- ရောက်၍သာလျှင်၊ ဧတံ- ဤသို့သော အကြံသည်၊ အဟောသိ ကိရ- ဖြစ်သတဲ့။ "ပဗ္ဗဇိတာ နာမ- ရဟန်းတို့မည်သည်၊ ဂရုဋ္ဌာနိယာ- အလေးဂရုပြုအပ်သော အရာတို့ ဖြစ်ကုန်၏။ သံကိစ္စတာပသဿ- သံကိစ္စရသေ့၏၊ သန္တိကံ- အထံသို့၊ ဥဒ္ဓတဝေသေန- ထောင်လွှားသော အသွင်ဖြင့်၊ ဂန္တုံ- သွားခြင်းငှာ၊ အယုတ္တံ- မသင့်၊" က္ကတိ- ဤသို့သော အကြံသည်၊ (အဟောသိ- ဖြစ်ပြီ။) သော-

---

၁။ သာဓု လဒ္ဓကော- သာဓုကို လဒ္ဓကောဟု ဖွင့်သည်၊ ထို့ကြောင့် လဒ္ဓကော- ကောင်းသူဟု အနက်ပေးရမည်၊ သဒ္ဒါနက်မှာ 'ရအပ်သူ' ဖြစ်သည်၊ အကျိုးစီးပွား လိုလားသူတို့သည် ရအပ်သော၊ မှီဝဲအပ်သော ကောင်းသောသူဟု ဆိုလိုသည်။

ထိုမင်းကြီးသည်၊ မဏိစိတ္တသုဝဏ္ဏဒဏ္ဍံ- ပတ္တမြားတို့ဖြင့် ဆန်းကြယ်စွာ စီခြယ်အပ်သော ရွှေဖြင့်ပြီးသော အရိုးရှိသော၊ ဝါလဗီဇနိံ- သားမြီးယပ်လည်းကောင်း၊ ကဉ္စနမယံ- ရွှေဖြင့်ပြီးသော၊ ဥဏှီသပဋ္ဋံ- နဖူးသင်းကျစ်လည်းကောင်း၊ သုပရိက္ခိတ္တံ- ကောင်းစွာ ဖုံးအုပ်၍ ထားအပ်သော၊ မင်္ဂလခဂ္ဂံ- မင်္ဂလာသန်လျက်လည်းကောင်း၊ သေတစ္ဆတ္တံ- ထီးဖြူလည်းကောင်း၊ သောဝဏ္ဏပါဒုကာ- ရွှေခြေနင်းလည်းကောင်း၊ ဣတိ- ဤသို့၊ ဣမာနိ ပဉ္စ ရာဇကကုဓဘဏ္ဍာနိ- ဤမင်းမြောက်တန်ဆာ ငါးပါးတို့ကို၊ အပနေသိ- ဖယ်ခဲ့ပြီ။ တေန- ထို့ကြောင့်၊ 'နိက္ခိပ္ပ'တိ- နိက္ခိပ္ပဟူ၍၊ ဝုတ္တံ- ဆိုအပ်ပြီ။ ပဋိစ္ဆဒန္တိ[၁]- ပဋိစ္ဆဒံ ဟူသည်ကား၊ တမေဝ ရာဇကကုဓဘဏ္ဍံ- ထိုမင်းမြောက်တန်ဆာ ငါးပါးကိုပင်လျှင်၊ ဌပယိတွာ- ထားခဲ့၍၊ ဘဏ္ဍာဂါရိကဿ- ဘဏ္ဍာစိုး၏၊ ဟတ္ထေ- လက်၌၊ ဒတွာ- ပေး၍။ ဒါယပဿသ္မိန္တိ- ဒါယပဿသ္မိံ ဟူသည်ကား၊ ဧဝံ နာမကေ- ဤသို့ ဒါယပဿဟူ၍ အမည်ရှိသော၊ ဥယျာနေ- ဥယျာဉ်၌။ အထ ကာလံ အမညထာတိ[၂]- အထ ကာလံ အမညထ ဟူသည်ကား၊ အထ- ထိုအခါ၌၊ သော- ထိုမင်းကြီးသည်၊ ဣဒါနိ- ယခုအခါ၌၊ မေ- ငါ၏၊ ပဉ္စ- ပြဿနာကို၊ ပုစ္ဆိတုံ- မေးမြန်း ခြင်းငှာ၊ ကာလော- အချိန်တည်း၊ ဣတိ- ဤသို့ ဇာနိ- သိပြီ၊ ပါဋ္ဌိယံ ပန- ပါဠိတော် ၌ကား၊ "ယထာကာလ"န္တိ- ယထာကာလံ ဟူ၍၊ အာဂတံ- လာခဲ့ပြီ။ တဿ- ထို ယထာကာလံ ဟူသောပါဌ်၏၊ ကာလာနုရူပေန- အချိန်အားလျောက်ပတ်စွာ၊ ပဉ္စပုစ္ဆနံ- ပြဿနာကို မေးခြင်းကို၊ (ရာဇာ- မင်းသည်၊) အမညထ- သိခဲ့ပြီ။ ဣတိ- ဤသို့ အတ္ထော- အနက်ကို၊ ဝေဒိတဗ္ဗော- သိအပ်၏။ ပဋိပဇ္ဇထာတိ- ပဋိပဇ္ဇထ ဟူသည်ကား၊ ပဋိပဇ္ဇိ- ကျင့်ခဲ့ပြီ။ ပေစ္စာတိ- ပေစ္စ ဟူသည်ကား၊ ပဋိဂန္တွာ- ဆန့်ကျင်၍၊ ဝါ- တစ်နည်းကား၊ ဧတံ- ဤပေစ္စဟူသည်၊

---

၁။ ပဋိစ္ဆဒံ- ခန္ဓာကိုယ်ကို ဖုံးလွှမ်းကြောင်းဖြစ်သော အဝတ်အထည်ကို ရ၏၊ ဤ၌ မင်းတို့၏ကိုယ်၌ ဝတ်ဆင်အပ်သော အဝတ်အထည်နှင့် အဆင်တန်ဆာတို့ကို ဆိုလိုသည်။

၂။ အမညထ- အ+မန+ယ+ထ-ဟုပုဒ်ခွဲ အဇ္ဇတ္တနီနာမယောဂ ဧကဝုစ်ဝိဘတ်ဖြင့် ရုပ်ပြီးသည်၊ ဤ-ဝိဘတ်ကို ထ-ပြုသည်ဟု ယူဆရမည်၊ အဋ္ဌကထာ၌ ဇာနိ-ဟု ဉာ-ဓာတ်၊ ဤ-ဝိဘတ်ဖြင့် ဖွင့်ပြထားသည်၊ ကစ္စည်း၌ ဤ-ဝိဘတ်ကို တ္ထ-ပြုဟု ဆိုထား၏၊ ဤ၌ သံယုတ်မပါ။

ပရလောကဿ- တမလွန်လောက၏၊ နာမံ- အမည်တည်း။ တသ္မာ- ထို့ကြောင့်၊ ပရလောကေ- တမလွန်လောက၌၊ ဣတိ- ဤကား၊ အတ္ထော- အနက်တည်း။ မယာတိ- မယာ ဟူသည်ကား၊ ဘန္တေ- အရှင်ဘုရား၊ မယာ- ငါသည်၊ သုစရိတဓမ္မော- သုစရိုက်တရားကို၊ အတိစိဏ္ဏော- လွန်၍ ကျင့်အပ်ပြီ။ ပိတုဃာတကမ္မံ- အဖကို သတ်သော ကံကို၊ ကတံ- ပြုအပ်ပြီ။ ပိတုဃာတကာ- အဖသတ်သူတို့သည်၊ ကံ ဂတိံ- အဘယ်မည်သော ဂတိသို့၊ ဂစ္ဆန္တိ- သွားရကုန်သနည်း။ တံ- ထို အကြောင်းအရာကို၊ မေ- ငါ့အား၊ အက္ခာဟိ- ပြောကြားလော့။ ကတရသ္မိံ နိရယေ- အဘယ်ငရဲ၌၊ ပစ္စန္တိ- ကျက်ကုန်သနည်း၊ ဣတိ- ဤသို့၊ ပုစ္ဆတိ- မေး၏။

## ရသေ့ကြီး တရားဟောခြင်း

တံ- ထိုမေးလျှောက်သော စကားကို၊ သုတွာ- ကြား၍၊ ဗောဓိသတ္တော- ဘုရားလောင်းသံကိစ္စရှင်ရသေ့သည်၊ “မဟာရာဇ- မြတ်သော မင်းကြီး၊ တေန ဟိ- ထိုသို့ဖြစ်လျှင်၊ သုဏောဟိ- နာတော်မူလော့။” ဣတိ- ဤသို့ ဝတွာ- ဆို၍၊ တာဝ- ရှေးဦးစွာ၊ ဩဝါဒံ- အဆုံးအမကို၊ အဒါသိ- ပေးတော်မူပြီ။ တမတ္ထံ- ထိုအကြောင်းကို၊ ပကာသေန္တော- ထင်ရှားပြတော်မူလိုသော၊ သတ္ထာ- မြတ်စွာဘုရားသည်၊ “ဣသိ အဝစ သံကိစ္စော (ပ) န သော ဂစ္ဆေယျ ဒုဂ္ဂတိ”န္တိ- ဣသိ အဝစ သံကိစ္စော (ပ) န သော ဂစ္ဆေယျ ဒုဂ္ဂတိံ ဟူကုန်သော၊ (ဣမာ တိဿော ဂါထာ- ဤသုံးဂါထာတို့ကို၊) အာဟ- ဟောတော်မူပြီ။

၇၈။ ဘိက္ခဝေ- ရဟန်းတို့၊ ဒါယပဿသ္မိံ- ဒါယပဿအမည်ရှိသော ဥယျာဉ်၌၊ အာသီနံ- ထိုင်နေသော၊ ကာသီနံ- ကာသိတိုင်းသူတို့၏၊ ရဋ္ဌဝဍ္ဎနံ- တိုင်းပြည်အစီးအပွားကို ပွားစေတတ်သော ဗြဟ္မဒတ်မင်းကြီးကို၊ သံကိစ္စော- သံကိစ္စအမည်ရှိသော၊ ဣသိ- ရှင်ရသေ့သည်၊ မဟာရာဇ- မင်းမြတ်၊ မေ- ငါ၏၊ ဝစနံ- စကားကို၊ သုဏောဟိ- နာလော့။ ဣတိ- ဤသို့၊ အဝစ- ဆိုလေပြီ။

၇၉။ မဟာရာဇ- မင်းမြတ်၊ ယော ဣသိ- အကြင်ရသေ့သည်၊ ဥပ္ပထေန- ခိုးသူရှိသော ခရီးဖြင့်၊ ဝဇန္တဿ- သွားသော ယောကျ်ားအား၊ မဂ္ဂံ- ဘေးမရှိသော ခရီးကို၊ အနုသာသတိ- ပြောကြား၏။ တဿ

က္လသိနော- ထိုဘေးမရှိသော ခရီးကိုကြားသော အရှင်ရသေ့၏၊ ဝစနံ- စကားကို၊ စေ ကယိရာ- အကယ်၍ လိုက်နာငြားအံ့၊ အသာ ပုရိသဿ- ထိုသို့ လိုက်နာသော ယောက်ျား၏၊ မုခံ- မျက်နှာကို၊ ကဏှရဇော- ခိုးသူသည်၊ န မဂ္ဂေယျ- မမြင်ရာ။

၈၀။ မဟာရာဇ- မင်းမြတ်၊ ယော က္လသိ- အကြင်ရသေ့သည်၊ အဓမ္မံ- ဒုစရိုက်တရားကို၊ ပဋိပန္နဿ- ကျင့်သောယောက်ျားအား၊ ဓမ္မံ ဓမ္မေန- သုစရိုက်တရားဖြင့်၊ အနုသာသတိ- ဆုံးမ၏။ တဿ က္လသိနော- ထိုရှင်ရသေ့၏၊ ဝစနံ- စကားကို၊ စေ ကယိရာ- အကယ်၍ လိုက်နာငြားအံ့၊ သော ပုရိသော- ထိုလိုက်နာသော ယောက်ျားသည်၊ ဒုဂ္ဂတိံ- ဒုဂ္ဂတိသို့၊ န ဂစ္ဆေယျ- မလားရာ။

တတ္ထ- ထို 'က္လသီ အဝစ' စသော ဂါထာတို့၌၊ ဥပ္ပထေနာတိ- ဥပ္ပထေန ဟူသည်ကား၊ စောရေဟိ- ခိုးသူတို့သည်၊ ပရိယုဋ္ဌိတမဂ္ဂေန- ထကြွ သောင်းကျန်းသော လမ်းဖြင့်။ မဂ္ဂမနုသာသတီတိ- မဂ္ဂမနုသာသတိ ဟူသည်ကား၊ ခေမမဂ္ဂံ- ဘေးကင်းသော လမ်းကို၊ အက္ခာတိ- ပြောကြား၏။ နာ'ဿ မဂ္ဂေယျ ကဏှရကောတိ- နာ'ဿ မဂ္ဂေယျ ကဏှရကောဟူသည်ကား၊ ဩဝါဒကရဿ- အဆုံးအမကို လိုက်နာသော၊ တဿ ပုရိသဿ- ထိုယောက်ျား၏၊ မုခံ- မျက်နှာကို၊ စောရကဏှရကော- ခိုးသူတည်းဟူသော ခြောင့်သည်၊ န ပဿေယျ- မမြင်ရာ။[1] ယော ဓမ္မန္တိ- ယော ဓမ္မံ ဟူသည်ကား၊ ယော- အကြင်သူသည်၊ သုစရိတဓမ္မံ- သုစရိုက်တရားကို။ န သောတိ- န သော ဟူသည်ကား၊ သော ပုရိသော- ထိုယောက်ျားသည်၊ နိရယာဒိဘေဒံ- ငရဲစသည် အပြားရှိသော၊ ဒုဂ္ဂတိံ- ဒုဂ္ဂတိသို့၊ န ဂစ္ဆေယျ- မရောက်ရာ။ ဟိ- မှန်၏၊ မဟာရာဇ- မြတ်သော မင်းကြီး၊ အဓမ္မော- အဓမ္မသည်၊ ဥပ္ပထသဒိသော- ခိုးသူထကြွ သောင်းကျန်းသော လမ်းနှင့်တူ၏။ သုစရိတဓမ္မော- သုစရိုက်တရားသည်၊ ခေမမဂ္ဂသဒိသော- ဘေးကင်းသော

၁။ န ပဿေယျ- န မဂ္ဂေယျကို န ပဿေယျ-ဟု ဖွင့်သည်၊ အဓိပ္ပါယ်ဖွင့်တည်း၊ ...ကဏှရကော-ဆူးသည်၊ န မဂ္ဂေယျ-မထိုးဖေါက်ရာ-ဟု သဒ္ဒတ္ထပေးလေ၊ ဆူး- ဆိုသည်မှာ ခိုးသူဖြစ်သည်၊ ခိုးသူသည်မမြင်ရာဟု အဓိပ္ပါယ်ယူထားသည်။

လမ်းနှင့်တူ၏။ တွံ ပန- သင်သည်ကား၊ ပုဗ္ဗေ- ရှေး၌၊ "(အဟံ- ငါသည်၊) ပိတရံ- အဖကို၊ ဃာတေတွာ- သတ်၍၊ ရာဇာ- မင်းသည်၊ ဟောမိ- ဖြစ်အံ့၊" ဣတိ- ဤသို့၊ မယှံ- ငါ့အား၊ ကထေတွာ- ပြော၍၊ မယာ- ငါသည်၊ ပဋိဗာဟိတော- တားမြစ်အပ်ပါလျက်၊ မမ- ငါ၏၊ ဝစနံ- စကားကို၊ အကတွာ- မလိုက်နာမူ၍၊ ပိတရံ- အဖကို၊ ဃာတေတွာ- သတ်၍၊ [နှာ-၂၈၃] ဣဒါနိ- ယခုအခါ၌၊ သောစသိ- စိုးရိမ်ရ၏။ ပဏ္ဍိတာနံ- ပညာရှိတို့၏၊ ဩဝါဒံ- အဆုံးအမကို၊ အကရောန္တော နာမ- မလိုက်နာသောသူ မည်သည်၊ စောရမဂ္ဂပဋိပန္နော ဝိယ- ခိုးသူရှိသော ခရီးကို သွားသောသူကဲ့သို့၊ မဟာဗျသနံ- ကြီးစွာသော ပျက်စီးခြင်းသို့၊ ပါပုဏာတိ- ရောက်၏။ ဣတိ- ဤသို့ ဆုံးမ၏။

ဧဝံ- ဤသို့၊ (ဗောဓိသတ္တော- ဘုရားလောင်းသံကိစ္စရှင်ရသေ့သည်)၊ အဿ- ထိုပြုဟ္မဒတ်မင်းအား၊ ဩဝါဒံ- အဆုံးအမကို၊ ဒတွာ- ပေးတော်မူ၍၊ ဥပရိ- အလွန်လည်း၊ (အဋ္ဌမဟာနိရယာဒီနိ- ငရဲကြီးရှစ်ထပ် အစရှိသည်တို့ကို၊ ဝိဝရေတွာ- ဖွင့်လှစ်၍)၊ ဓမ္မံ- တရားကို၊ ဒေသေန္တော- ဟောပြတော်မူလိုသည် ဖြစ်၍၊ "ဓမ္မော ပထော မဟာရာဇ ။ပ။ ဂန္တွာ တေ နိရယံ ဃဒ"န္တိ- "ဓမ္မောပထော မဟာရာဇ ။ပ။ ဂန္တွာ တေ နိရယံ ဃဒံ" ဟူကုန်သော၊ (ဒွိပဏ္ဏာသဂါထာယော- ငါးဆယ်နှစ် ဂါထာတို့ကို၊) အာဟ- ဟောတော်မူပြီ။

၈၁။ မဟာရာဇ- မင်းမြတ်၊ ဓမ္မော- ကုသိုလ်ကမ္မပထတရား ဆယ်ပါးသည်ကား၊ ပထော- ကောင်းမှုကိုပြုသောသူတို့၏ သွားရာဖြစ်သော ဘေးမရှိသော မြတ်သော ခရီးမတည်း။ အဓမ္မော ပန- အကုသိုလ်ကမ္မပထ တရား ဆယ်ပါးသည်ကား၊ ဥပ္ပထော- မကောင်းမှုကို ပြုကုန်သော သူတို့၏ သွားရာ ဖြစ်သော ဘေးနှင့်တကွသော ခရီးတည်း။ အဓမ္မော- အကုသိုလ် ကမ္မပထတရားဆယ်ပါးသည်၊ နိရယံ- ငရဲသို့၊ နေတိ- ဆောင်တတ်၏။ ဓမ္မော- ကုသိုလ်ကမ္မပထတရားဆယ်ပါးသည်၊ သုဂ္ဂတိံ- သုဂတိဘဝသို့၊ ပါပေတိ- ရောက်စေတတ်၏။

၈၂။ ရာဇ- မင်းမြတ်၊ အဓမ္မစာရိနော- မကောင်းသောအကျင့်ကို ကျင့်လေ့ရှိကုန်သော၊ ဝိသမဇီဝိနော- မကောင်းသော အသက်မွေးခြင်း

ရှိကုန်သော၊ ယေ နရာ- အကြင်သတ္တဝါတို့သည်၊ ပေစ္စ- တမလွန်ဘဝ၌၊ ယံ ဂတိံ- အကြင်ငရဲသို့၊ ဂစ္ဆန္တိ- သွားရကုန်၏။ တေသံ နရာနံ- ထို သတ္တဝါတို့၏၊ တေ နိရယေ- ထိုငရဲတို့ကို၊ မေ- ငါ၏၊ သန္တိကာ- အထံမှ၊ သုဏောဟိ- နာလော့။

## ငရဲကြီးရှစ်ထပ်

၈၃။ မဟာရာဇ- မင်းမြတ်၊ သဉ္စီဝေါ စ- သိဉ္စိုဝ်းငရဲလည်းကောင်း။ ကာဠသုတ္တော စ- ကာဠသုတ်ငရဲလည်းကောင်း၊ သင်္ဃာတော စ- သံဃာတ ငရဲလည်းကောင်း၊ ဒွေ စ ရောရုဝ- ဇာလရောရုဝ, ဓူမရောရုဝ ငရဲနှစ်ပါးတို့လည်းကောင်း၊ အထာပရော- ထို့မှတစ်ပါး၊ မဟာဝီစိ စ- မဟာအဝီစိငရဲလည်းကောင်း၊ တာပနော စ- တာပနငရဲလည်းကောင်း၊ ပတာပနော စ- ပတာပနငရဲလည်းကောင်း။

၈၄။ ဣတိ- ဤသို့ အဋ္ဌ- ရှစ်ပါးကုန်သော၊ ဧတေ နိရယာ- ထိုငရဲကြီးတို့ကို၊ အက္ခာတာ- ဟောတော်မူအပ်ကုန်၏။ ဒုရတိက္ကမာ- လွန်နိုင်ခဲကုန်၏။ လုဒ္ဒကမ္မေဟိ- ကြမ်းကြုတ်သောအမှုကို ပြုတတ်သော ငရဲထိန်းတို့ဖြင့်၊ အာကိဏ္ဏာ- ပြွမ်းကုန်၏။ ပစ္စေကာ- တစ်ခုတစ်ခုသော ငရဲကြီးကို စွဲ၍၊ သောဠသုဿဒါ- တစ်ဆယ့်ခြောက်ပါးကုန်သော ဥဿဒငရဲတို့သည်၊ သန္တိ- ရှိကုန်၏။

## ဝန်တိုသူတို့၏ ငရဲ

၈၅။ ကဒရိယာ- ဝန်တိုစဉ်းလဲသောသူတို့၏၊ တာပနာ- ကျရာခံရာ ဖြစ်ကုန်၏။ (ဝါ) ကျက်ရာဖြစ်ကုန်၏။ ဃောရာ- ကြမ်းကြုတ်ကုန်၏။ အစ္စိမန္တော- မီးအလျှံရှိကုန်၏။ မဟဗ္ဘယာ- ကြီးသောဘေးရှိကုန်၏။ လောမဟံသနရူပါ- ကြက်သီးထဖွယ်ရှိကုန်၏။ ဘေသ္မာ- အလွန် ကြောက်မက်ဖွယ် ရှိကုန်၏။ ပဋိဘယာ- ဘေးကို ဖြစ်စေတတ်ကုန်၏၊ ဒုခါ- အလွန်ဆင်းရဲကုန်၏။

၈၆။ စတုက္ကဏ္ဏာ- လေးထောင့်ရှိကုန်၏။ စတုဒွါရာ- တံခါးလေးမျက်နှာ ရှိကုန်၏။ ဝိဘတ္တာ- လေးတံခါးစီ ဝေဖန်အပ်ကုန်၏။ ဘာဂသော- ခရီးမ

အားဖြင့်၊ မိတာ- နှိုင်းယှဉ်အပ်ကုန်၏။ အယောပါကာရပရိယန္တာ- သံတံတိုင်းလျှင် အဆုံးရှိကုန်၏။ အယသာ- ကိုးယူဇနာရှိသော သံအိုးကင်းဖြင့်၊ ပဋိကုဇ္ဇိတာ- ဖုံးအုပ်အပ်ကုန်၏။

၈၇။ မဟာရာဇ- မင်းမြတ်၊ တေသံ နိရယာနံ- ထိုငရဲတို့၏၊ ဘူမိ- မြေသည်၊ အယောမယာ- သံဖြင့်ပြီး၏။ ဇလိတာ- အလျှံပြောင်ပြောင် တောက်၏။ တေဇသာ- မီးနှင့်၊ ယုတာ- ယှဉ်၏။ သမန္တာ- ထက်ဝန်းကျင်မှ၊ ယောဇနသတံ- ယူဇနာတစ်ရာတိုင်အောင်၊ သဗ္ဗေ- ခပ်သိမ်းကုန်သော ငရဲဘုံတို့သည်၊ ဖုဋ္ဌာ- ထိကုန်လျက်၊ သဗ္ဗဒါ- အခါခပ်သိမ်း၊ တိဋ္ဌန္တိ- တည်ကုန်၏။

## ရသေ့ ရဟန်းကို ဆဲသူတို့၏ ငရဲ

၈၈။ မဟာရာဇ- မင်းမြတ်၊ ယေ- အကြင်သူတို့သည်၊ တပဿိနံ- ခြိုးခြံသော အကျင့်ရှိကုန်သော၊ သညတာနံ- ကိုယ်နှုတ်နှလုံးကို စောင့်ရှောက်တတ်ကုန်သော၊ က္လသိနံ- ရသေ့တို့အား၊ အတိဝတ္တာရော- ကြမ်းကြုတ်သော စကားတို့ဖြင့် လွန်ကျူး၍ ဆိုတတ်ကုန်၏၊ ဇတေ- ထိုသူတို့သည်၊ ဥဒ္ဓံပါဒါ- ခြေကားမိုးမြှော်၊ အဝံသိရာ- ဦးခေါင်းစောက်ထိုး၊ နိရယေ- ငရဲ၌၊ ပတန္တိ- ကျကုန်၏။

၈၉။ မဟာရာဇ- မင်းမြတ်၊ ဘူနဟုနော- မိမိအစီးအပွါးကို ဖျက်ဆီးတတ်ကုန်သော၊ တေ- ထိုရသေ့တို့အားကြမ်းကြုတ်သော စကားဖြင့် လွန်ကျူး၍ ဆိုတတ်ကုန်သော သူတို့သည်၊ ဗိလကတာ- အပိုင်းအပိုင်းပြု၍ ချက်အပ်ကုန်သော၊ မစ္ဆာ ယထာ- ငါးတို့ကဲ့သို့၊ ပစ္စန္တိ- ကျက်ကုန်၏။ ကိဗ္ဗိသကာရိနော- ကြမ်းကြုတ်သော အမှုကို ပြုလေ့ရှိကုန်သော၊ နရာ- လူတို့သည်၊ အသင်္ချေယျေ- မရေမတွက်နိုင်ကုန်သော၊ သံဝစ္ဆရေ- နှစ်တို့ပတ်လုံး၊ ပစ္စန္တိ- ကျက်ကုန်၏။

၉၀။ မဟာရာဇ- မင်းမြတ်၊ နိစ္စံ- အမြဲ၊ သန္တရဗာဟိရံ- ကိုယ်တွင်း ကိုယ်ပကို၊ ဍယှမာနေန- လောင်သော၊ ဂတ္တေန- ကိုယ်ဖြင့်၊ နိရယာ- ငရဲမှ၊

နိက္ခမနံ- ထွက်ခြင်းကို၊ ဧသိနော- ရှာကုန်သောငရဲသူတို့သည်၊ ဒွါရံ- တံခါးကို၊ နာဓိဂစ္ဆန္တိ- မရကုန်။

၉၁။ မဟာရာဇ- မင်းမြတ်၊ တေ- ထိုငရဲသူသတ္တဝါတို့သည်၊ ပုရတ္ထိမေန- အရှေ့ မျက်နှာဖြင့်၊ ဓာဝန္တိ- ပြေးလေကုန်၏။ တတော- ထိုအရှေ့မျက်နှာမှ၊ ပစ္ဆတော- အနောက်မျက်နှာဖြင့်၊ ဓာဝန္တိ- ပြေးကုန်၏။ ဥတ္တရေန- မြောက်မျက်နှာဖြင့်၊ ဓာဝန္တိ- ပြေးကုန်၏။ တတော- ထိုမြောက်မျက်နှာမှ၊ ဒက္ခိဏံ- တောင်မျက်နှာသို့ ဓာဝန္တိ- ပြေးကုန်၏။ ယံ ယံ ဟိ ဒွါရံ- အကြင် အကြင် အမှတ်မရှိသော တံခါးတို့သို့ ဂစ္ဆန္တိ- ပြေးလေကုန်၏။ တံ တဒေဝ- ထိုအမှတ်မရှိသော တံခါးသည်လျှင်၊ ပိဓီယရေ- ပိတ်နှင့်လေကုန်၏။

[နှာ-၂၈၄] ၉၂။ မဟာရာဇ- မင်းမြတ်၊ နိရယဂါမိနော- ငရဲသို့ လားရကုန်သော၊ ဇနာ- ငရဲသူသတ္တဝါတို့သည်၊ ဗဟူနိ- များစွာကုန်သော၊ ဝဿသဟဿာနိ- အနှစ်တစ်သိန်းပတ်လုံး၊ အနပ္ပကံ- အတိုင်းအရှည် မရှိသော၊ ဒုက္ခံ- ဆင်းရဲသို့၊ ပတ္တာ- ရောက်ကုန်သည်ဖြစ်၍၊ ဗာဟာ- လက်နှစ်ဖက်တို့ကို၊ ပဂ္ဂယှ- ချီ၍၊ ကန္ဒန္တိ- ငိုကြွေးကုန်၏။

၉၃။ မဟာရာဇ- မင်းမြတ်၊ တေဇဿိံ- တန်ခိုးရှိသော၊ ဒုရတိက္ကမံ- လွန်နိုင်ခဲသော၊ ကုပိတံ- အမျက်ထွက်သော၊ အာသီဝိသံ- မြွေဟောက်ကို၊ ယထေ့တိ ကွာဝ- ပုတ်ခတ်သကဲ့သို့ သာဓုရူပေ- ကောင်းသော သဘောရှိသော ရသေ့တို့ကို၊ န အာသီဒေ- မပုတ်ခတ်ရာ။ သညတာနံ- ကိုယ်နှုတ်နှလုံး သုံးပါးကို စောင့်ရှောက်တတ်ကုန်သော၊ တပဿိနံ- ကိလေသာကို ပူပန် စေတတ်သော အကျင့်ရှိကုန်သော ရသေ့တို့ကို၊ အာသီဒေါ ယထေ့န္တော- သတ်ပုတ်သော၊ နရော- လူသည်၊ အဋ္ဌသု နိရယေသု- ငရဲကြီးရှစ်ထပ်တို့၌၊ ဥပဂစ္ဆေယျ- ကပ်လေရာ၏။

## ငရဲကျဖူးသူများနှင့် အပြစ်

၉၄။ မဟာရာဇ- မင်းမြတ်၊ အတိကာယော- ခွန်အားနှင့်ပြည့်စုံသော ကြီးသောကိုယ်လည်း ရှိထသော၊ မဟိဿာသော- လေးသမားကြီးလည်း ဖြစ်ထသော၊ ကေကကာဓိပေါ- ကေကကတိုင်းသူတို့၏ အကြီးလည်း

ဖြစ်ထသော၊ အဇ္ဈနော- အဇ္ဈုနမင်းသည်လည်းကောင်း၊ သဟဿဗာဟု- လေးသမားငါးရာတို့သည် လက်ရုံးတစ်ထောင်တို့ဖြင့် တင်အပ်သော လေးကို တင်ခြင်းငှာ စွမ်းနိုင်သော လက်ရုံးရှိသောကြောင့် သဟဿဗာဟု အမည်ရှိသော မင်းသည်လည်းကောင်း၊ ဂေါတမံ- အနွယ်ဖြစ်သော၊ ဣသိ- ရှင်ရသေ့ကို၊ အာသဇ္ဇ- သတ်၍၊ ဥစ္ဆိန္နော- ပျက်စီးခြင်းသို့ ရောက်၏။

၉၅။ မဟာရာဇ- မင်းမြတ်၊ ဒဏ္ဍကီ- ဒဏ္ဍကီမင်းသည်၊ အရဇံ- ကိလေသာမြူ မရှိသော၊ ကိသံ ဝစ္ဆံ- ကိသဝစ္ဆအမည်ရှိသော ရသေ့ကို၊ ရဇသာ- ကိလေသာ ဟူသော မြူဖြင့်၊ အဝကိရိယ- ကျဲဖြန့်၍၊ တာလော- ထန်းပင်ကို၊ မူလတော- အမြစ်မှ၊ ဆိန္နောဝ- ဖြတ်သကဲ့သို့၊ ဆိန္နော- ဖြတ်အပ်၏။ သ သော ရာဇာ- ထိုဒဏ္ဍကီမင်းသည်၊ ဝိဘဝံ- ပျက်စီးခြင်းသို့ ဂတော- ရောက်၏။

၉၆။ မဟာရာဇ- မင်းမြတ်၊ မဇ္ဈော- မဇ္ဈအမည်ရှိသော မင်းသည်၊ ယသဿိနေ- များသော အခြံအရံရှိသော၊ မာတင်္ဂသ္မိံ- မာတင်္ဂသုခမိန်၌၊ မနံ- မိမိ၏စိတ်ကို၊ ဥပဟစ္စ- ပျက်စီးစေ၍၊ တဒါ- ထိုအခါ၌၊ မဇ္ဈာရညံ- မဇ္ဈမင်း၏ တိုင်းပြည်သည်၊ သပါရိသဇ္ဇော- ပရိသတ်နှင့်တကွ၊ ဥစ္ဆိန္နော- ပျက်စီးသည်၊ အဟု- ဖြစ်ပြီ။

၉၇။ မဟာရာဇ- မင်းမြတ်၊ အန္ဓကဝေဏ္ဍယော- အန္ဓကဝေဏ္ဍုတိုင်း၌ နေသော သူတို့သည်၊ ကဏှဒီပါယနံ- ကဏှဒီပါယနအမည်ရှိသော၊ ဣသိ- ရှင်ရသေ့ကို၊ အာသဇ္ဇ- သတ်ကုန်၍၊ အညောညံ- အချင်းချင်း၊ မုသလာ မုသလေန- ကျည်ပွေ့ဖြင့်၊ ဟန္တွာ- သတ်ကုန်၍၊ ယမသာဓနံ- ငရဲသို့၊ သမ္ပတ္တာ- ရောက်ရကုန်၏။

၉၈။ မဟာရာဇ- မင်းမြတ်၊ ဣသိနာ- ကပိလရှင်ရသေ့သည်၊ သတ္တော- ကျိန်ဆိုအပ်သော၊ ပုရေ- ရှေးကာလ၌၊ အန္တလိက္ခစရော- ကောင်းကင်၌ သွားသော၊ အယံ စေစ္စော- ဤစေတိယမင်းသည်၊ ပတ္တပရိယာယံ- သေခါနီးသို့ ရောက်၍၊ ဟီနတ္တော- ယုတ်ညံ့သော တန်ခိုးရှိသည်ဖြစ်၍၊ ပထဝိံ- မြေထဲသို့၊ ပါဝေက္ခိ- ဝင်လေပြီ။

၉၉။ မဟာရာဇ- မင်းမြတ်၊ တသ္မာဟိ- ထို့ကြောင့်သာလျှင်၊ ဆန္နာဂမနံ- ဆန္ဒစသော လေးပါးသော မလားအပ်သည်သို့ လားခြင်းကို၊ ပဏ္ဍိတာ- ဘုရား အစရှိသော သူတော်ကောင်းအပေါင်းတို့သည်၊ နပ္ပသံသန္တိ- မချီးမွမ်းကုန်။ အဒုဋ္ဌစိတ္တော- မပြစ်မှားသော စိတ်ရှိသည်ဖြစ်၍၊ သစ္စူပသံဟိတံ- မှန်သည်နှင့် စပ်သော၊ ဂိရံ- စကားကို၊ ဘာသေယျ- ပြောဆိုရာ၏။

၁၀၀။ မဟာရာဇ- မင်းမြတ်၊ ယော နရော- အကြင်သူသည်၊ ပဒုဋ္ဌေန- ပြစ်မှားလိုသော၊ မနသာ- စိတ်ဖြင့်၊ ဝိဇ္ဇာစရဏသမ္ပန္နံ- ဝိဇ္ဇာသုံးပါး ဝိဇ္ဇာရှစ်ပါး စရဏတစ်ဆယ့်ငါးပါးနှင့်ပြည့်စုံတော်မူသော၊ မုနိံ- မြတ်စွာဘုရားကို၊ စေ ပေက္ခတေ- အကယ်၍ ကြည့်ငြားအံ့၊ သော နရော- ထိုသူသည်၊ အဓော နိရယံ- အောက်ငရဲသို့၊ ဂစ္ဆာ- သွားရလေ၏။

၁၀၁။ မဟာရာဇ- မင်းမြတ်၊ ယေ ဇနာ- အကြင်သူတို့သည်၊ ဖရုသံ- ရုန့်ရင်း ကြမ်းကြုတ်စွာ၊ ဥပက္ကမာ- လုံ့လပြုကုန်၍၊ ဝုဍ္ဎေ- ဝယဝုဍ္ဎ ဂုဏဝုဍ္ဎဖြစ်သော သူတို့ကို၊ ပရိဘာသန္တိ- ဆဲရေးစွပ်စွဲကုန်၏။ တေ ဇနာ- ထိုသူတို့သည်၊ အနပစ္စာ- သားသမီးမရှိကုန်သည်ဖြစ်၍၊ အဒါယာဒါ- အမွေခံမရှိကုန်သည်ဖြစ်၍၊ တာလဝတ္ထု- ထန်းပင်ငုပ်တို့ကဲ့သို့၊ ဘဝန္တိ- ဖြစ်ကုန်၏။

၁၀၂။ မဟာရာဇ- မင်းမြတ်၊ ယော စ နရော- အကြင်သူသည်လည်း၊ မဟေသိနံ- သီလက္ခန္ဓ အစရှိသော ကျေးဇူးအပေါင်းကို ရှာမှီးလေ့ရှိထသော၊ ကတကိစ္စံ- ပြုအပ်ပြီးသော ကိစ္စလည်းရှိထသော၊ ပဗ္ဗဇိတံ- ရသေ့ရဟန်းကို၊ ဟန္တိ- သတ်၏။ သ သော နရော- ထိုသူသည်၊ ကာဠသုတ္တေ နိရယေ- ကာဠသုတ်ငရဲ၌၊ စိရရတ္တာယ- ကြာမြင့်စွာသော နေ့ညဉ့်ပတ်လုံး၊ ပစ္စတိ- ခံရာ၏။

၁၀၃။ မဟာရာဇ- မင်းမြတ်၊ ယော စ ရာဇာ- အကြင်မင်းသည်ကား၊ အဓမ္မဋ္ဌော- မင်းကျင့်တရား၌ မတည်၊ မဂေါ ယထာ- သားမိုက်ကဲ့သို့၊ ရဋ္ဌဝိဒ္ဓံသနော- ဆန္ဒ အစရှိသည်၏ အစွမ်းဖြင့် အဂတိသို့ရောက်၍

တိုင်းပြည်ကို ဖျက်ဆီးတတ်၏။ သော စ ရာဇာ- ထိုမင်းသည်ကား၊ ဇနပဒံ- ဇနပုဒ်သူ ရှင်လူအပေါင်းကို၊ တာပယိတွာ- ပူပန်စေတတ်သောကြောင့်၊ ပေစ္စ- တမလွန်ဘဝ၌၊ တာပနေ- တာပနအမည်ရှိသော ငရဲ၌၊ ပစ္စတိ- ခံရ၏။

၁၀၄။ မဟာရာဇ- မင်းမြတ်၊ ယော စ ရာဇာ- အကြင်ဇနပုဒ်သူ ရှင်လူအပေါင်းကို ဖျက်ဆီးတတ်သော မင်းသည်ကား၊ ဒိဗ္ဗာနိ- နတ်တို့၏ အရေအတွက် ဖြစ်ကုန်သော၊ သတံ ဝဿသဟဿာနိ- အနှစ်တစ်သိန်းတို့ ကာလပတ်လုံး၊ နိရယေ- ငရဲ၌၊ ပစ္စတိ- ခံရ၏။ သော ရာဇာ- ထိုမင်းသည်၊ အစ္စိသံဃပရေတော- မီးလျှံအပေါင်းတို့ဖြင့် ခြံရံလျက်၊ ဒုက္ခံ ဝေဒနံ- ဆင်းရဲဝေဒနာကို၊ ဝေဒေတိ- ခံစားရ၏။

[နှာ-၂၈၅] ၁၀၅။ မဟာရာဇ- မင်းမြတ်၊ တဿ နေရယိကဿ- ထိုငရဲသူ သတ္တဝါ၏၊ ကာယာ- ကိုယ်မှ၊ အဂ္ဂိသိခါ- မီးလျှံတို့သည်၊ ပဘဿရာ- ပြိုးပြိုးပြက်၊ နိစ္ဆရန္တိ- ထွက်ကုန်၏။ တေဇောဘက္ခဿ- မီးကို စားရသော ငရဲသူ၏၊ ဂတ္တာနိ- ကိုယ်တို့သည်၊ လောမေဟိ စ- မွေးတွင်းတို့နှင့်လည်းကောင်း၊ နခေဟိ စ- ခြေသည်းလက်သည်း တို့နှင့် လည်းကောင်း၊ သဒ္ဒိံ- တကွ၊ ဇာလာနိ- တစ်ခဲနက်မီးလျှံတို့သည်၊ ဟောန္တိ- ဖြစ်ကုန်၏။

၁၀၆။ မဟာရာဇ- မင်းမြတ်၊ သော နေရယိကော- ထိုငရဲသူသည်၊ နိစ္စံ- အမြဲ သန္တရဗာဟိရံ- ကိုယ်တွင်းကိုယ်ပကို၊ ဥယှမာနေန- လောင်သော၊ ဂတ္တေန- ကိုယ်ဖြင့်၊ ဒုက္ခာဘိတုန္နော- ဆင်းရဲဖြင့် အလွန်နှိပ်စက်သည် ဖြစ်၍၊ တုတ္တင်္ကုသတော- ချွန်းတောင်းဖြင့် နှိပ်စက်အပ်သော၊ နာဂေါ ယထာ- ဆင်ပြောင်ကဲ့သို့၊ နဒတိ- ဟစ်ကြွေး ငိုမြည်ရ၏။

## အမိအဖသတ်သူတို့ ခံစားရာငရဲ

၁၀၇။ မဟာရာဇ- မင်းမြတ်၊ ယော ပုရိသာဓမော-အကြင် ယောက်ျား ယုတ်သည်၊ လောဘာ ဝါ- ပြည်တိုင်းကားကို လိုချင်သဖြင့်လည်းကောင်း၊ ဒေါသာ ဝါ- ပြစ်မှားလိုသော စိတ်ဖြင့်လည်းကောင်း၊ ပိတရံ- အဘကို၊

ဟန္တိ- သတ်၏။ သော ပုဂ္ဂလော- ထိုပုဂ္ဂိုလ်သည်၊ ကာဠသုတ္တေ- ကာဠသုတ် အမည်ရှိသော၊ နိရယေ- ငရဲ၌၊ စိရရတ္တာယ- ရှည်မြင့်စွာသော နေ့ညဉ့် ပတ်လုံး၊ ပစ္စတိ- ခံရ၏။

၁၀၈။ မဟာရာဇ- မင်းမြတ်၊ တာဒိသော- ထိုသို့သဘောရှိသော၊ သော ပုဂ္ဂလော- ထိုအဖကို သတ်သောပုဂ္ဂိုလ်သည်၊ လောဟကုမ္ဘိယံ- ကြေးနီ အိုးငရဲ၌၊ ပစ္စတိ- ခံရ၏။ ပက္ကဋ္ဌ- ကျက်သော ငရဲသူကိုလည်း၊ သတ္တိဟိ- လှံတို့ဖြင့်၊ ဟနန္တိ- ထိုးကုန်၏။ နိတ္တစံ- အရေမရှိသည်ကို၊ ကရောန္တိ- ပြုကုန်၏။ တထာဝိဓံ- ထိုသို့အပြားရှိသော၊ နရံ- အဖသတ်ငရဲသူကို၊ အန္ဓံ- မျက်စိကန်းသည်ကို၊ မုတ္တကရီသဘက္ခံ- ကျင်ကြီးကျင်ငယ်လျှင် အစာရှိသည်ကို၊ ကရိတွာ- ပြု၍၊ ခါရေ- ကြေးနီရေ၌၊ နိမုဇ္ဇန္တိ- ငုပ်စေ ကုန်၏။

၁၀၉။ မဟာရာဇ- မင်းမြတ်၊ ရက္ခသာ- ငရဲထိန်းတို့သည်၊ တတ္တံ- ရဲရဲ ပြောင်ပြောင် တောက်လောင်သော၊ အယောဂုဠဥ္စ- သံတွေခဲကို လည်းကောင်း၊ ပက္ကုထိတံ- ကျိုက်ကျိုက်ဆူသော၊ ဂူထကလလဥ္စ- ကျင်ကြီး ကျင်ငယ်ကိုလည်းကောင်း၊ စိရရတ္တတာပိတေ- ကြာမြင့်စွာ ပူစေအပ် ကုန်ပြီးသော၊ ဒီဃေ- ရှည်ကုန်သော၊ ဖာလေ စ- မြားချိတ်တို့ကို လည်းကောင်း၊ အာဒါယ- ယူ၍၊ ရဇ္ဇုဘိ- ကြိုးတို့ဖြင့်၊ ဝိဗန္ဓ- ဖွဲ့၍၊ ဝိက္ခမ္ဘ- ခံတွင်းကို ဖွင့်၍၊ ဝိဝရေ- ဟင်းလင်းသော၊ မုခေ- ခံတွင်း၌၊ သမ္ပဝိသန္တိ- ထည့်ကုန်၏။

၁၁၀။ မဟာရာဇ- မင်းမြတ်၊ တဿ ပိတုဃာတကဿ- ထိုအဖကို သတ်သော ငရဲသူ၏၊ ဖိဝံ- လျှာကို၊ ဝိဘိဇ္ဇ- ဖြတ်၍၊ သာမာ- ရွှေသော အဆင်းရှိကုန်သော၊ သောဏာ စ- ဆင်အတိုင်းအရှည်ရှိကုန်သော ခွေးတို့သည်လည်းကောင်း၊ သဗလာ- ပြောက်ကျားသော အဆင်းရှိ ကုန်သော၊ သောဏာ စ- ဆင်အတိုင်းအရှည်ရှိကုန်သော ခွေးတို့သည် လည်းကောင်း၊ အယောမုခါ- သံနှုတ်သီးရှိကုန်သော၊ ဂိဇ္ဈာ စ- ဝန်တင်လှည်း အတိုင်းအရှည်ရှိကုန်သော လင်းတတို့သည်လည်းကောင်း၊ ကာကောလသံဃာ စ- တောကျီးအပေါင်းတို့သည်လည်းကောင်း၊ ဒိဇာ

စ- ငှက်အပေါင်းတို့သည်လည်းကောင်း၊ သံဂမ္မ- စည်းဝေးကြ၍၊ သလောဟိတံ- သွေးနှင့်တကွ၊ ဝိဃာသံ- စားကြွင်းစားကျန်ကို၊ ခါဒန္တာ ဝိယ- စားကုန်သကဲ့သို့၊ ဝိပ္ပန္ဒမာနံ- တုန်လှုပ်သော ငရဲသူကို၊ မုရုံ- ကြွပ်ကြွပ်မြည်အောင် ဝါး၍၊ ခါဒန္တိ- စားကုန်၏။[၁]

၁၁၁။ မဟာရာဇ- မင်းမြတ်၊ ဒၶတာလံ- မီးလောင်သော ထန်းပင်ကဲ့သို့သော ကိုယ်ရှိသော၊ ပရိဘိန္နဂတ္တံ- တစ်ကိုယ်လုံးအပေါက်အပေါက် ခုတ်ထွင်းအပ်သော ကိုယ်ရှိသော၊ တံ- ထိုအဖကို သတ်သောသူကို၊ ရက္ခသာ- ငရဲထိန်းတို့သည်၊ နိပ္ပေါထယန္တာ- ပုက်ခတ်ကုန်လျက်၊ အနုဝိစရန္တိ- သွားကြကုန်၏။ မဟာရာဇ- မင်းမြတ်၊ တေသံ- ထို ငရဲထိန်းတို့အား၊ ရတီ- မွေ့လျော်ခြင်းတို့သည်၊ ဟောန္တိ- ဖြစ်ကုန်၏။ ဣတရေ ပန- ငရဲသူသတ္တဝါတို့သည်ကား၊ ဒုခိနော- ဆင်းရဲကုန်သည်၊ ဟောန္တိ- ဖြစ်ကုန်၏။ မဟာရာဇ- မင်းမြတ်၊ ဣဓ လောကေ- ဤလူ့ရွာ၌၊ ယေ ကေစိ- ခပ်သိမ်းကုန်သော၊ ပေတ္တိဃာတိနော- အဖကိုသတ်သောသူတို့သည်၊ ဧတာဒိသသ္မိံ- ဤသို့သဘောရှိသော၊ နိရယေ- ကြေးနီအိုးငရဲ၌၊ ဝသန္တိ- နေရကုန်၏။

၁၁၂။ မဟာရာဇ- မင်းမြတ်၊ ပုတ္တော စ- သားသည်လည်း၊ မာတရံ- အမိကို၊ ဟန္တွာန ဟန္တွာ- သတ်မိသောကြောင့်၊ ဣတော- ဤလူ့ပြည်မှ၊

---

၁၊ ဤဂါထာ၌ ပါဠိတော်ပါဌ်အနေအထားအရ ငရဲထိန်းတို့ထုတ်ဆောင်ထားသော ငရဲသား၏ လျှာကို ခွေး၊ ကျီး စသောသတ္တဝါတို့ ခဲစားကြကုန်၏-ဟု အဓိပ္ပါယ်ရ၏၊ အဋ္ဌကထာ၌ ဇိဝှံ-ဟူသော ကံ-ပုဒ်အပြင် သတ္တေ-ဟူသော ကံ-ပုဒ်အပို ထည့်၍ ဖွင့်ထား၏၊ ဇိဝှံ-ကို ဝိဘတ္တိကြိယာ၌စပ်၍ သတ္တေ-ကို ဘက္ခယန္တိ-၌စပ်ရသည်၊ ခွေး၊ ကျီး စသော သတ္တဝါတို့သည် ငရဲသား၏လျှာကို ဖြတ်တောက်၍ ငရဲသားတို့ကို စားကြကုန်၏-ဟု အဓိပ္ပါယ်ရ၏၊ ကာကပဒါကာရေန ကောဋ္ဌာသံ ကတွာ-ကို ဘက္ခယန္တိ-၌စပ်၊ ဝိပ္ပန္ဒမာနံ သလောဟိတံ ဝိဃာသံ ခါဒန္တိ-မှာ ဥပမာကို ပြခြင်းဖြစ်သည်၊ အဋ္ဌကထာပါဌ်အနေ ရှုပ်ထွေး၏၊

ဂန္တွာ- သွားလေ၍၊ ယမက္ခယံ- ယမမင်း၏ နေရာ၌၊ ဘုသံ- ပြင်းစွာသော၊ ဒုက္ခံ- ဆင်းရဲသို့ အာပဇ္ဇတေ- ရောက်၏။ အတ္တကမ္မဖလေန- မိမိပြုသော မကောင်းမှုကံ၏ အကျိုးဖြင့်၊ ဥပဂေါ- ကပ်ရလေ၏။

၁၁၃။ မဟာရာဇ- မင်းမြတ်၊ ဇနယန္တိယာ- အမိကို၊ ဟန္တာန- သတ်မိသော ကြောင့်၊ အတိဗလာ- အလွန်အားကောင်းကုန်သော၊ အမနုဿာ- ငရဲထိန်းတို့သည်၊ အယောမယေဟိ- သံဖြင့်ပြီးကုန်သော၊ ဝါလေဟိ- လျှော်တို့ဖြင့်၊ ပုနပ္ပုနံ- အထပ်ထပ်၊ ဝေဌေတွာ- ရစ်ပတ်၍၊ အယယန္တေ- သံယန္တရားဖြင့်၊ ပီဠယန္တိ- ကြိတ်ကုန်၏။

[နှာ-၂၈၆] ၁၁၄။ မဟာရာဇ- မင်းမြတ်၊ သကာ ဂတ္တာ- မိမိကိုယ်မှ၊ အဿဝံ- ယိုသော၊ တမ္ဗလောဟဝိလီနံဝ- မြေမြေကြေသော ကြေးနီရေနှင့် တူသော၊ တတ္တံ- ရဲရဲပြောင်ပြောင် တောက်လောင်သော၊ ရုဓိရံ- သွေးကို၊ အတ္တသမ္ဘဝံ- ကိုယ်ကောင်ပကတိ ပြန်၍ဖြစ်သော၊ တံ မတ္တိယံ- ထိုအမိကို သတ်သော ငရဲသူကို၊ ပါယေန္တိ- သောက်စေကုန်၏။

၁၁၅။ ဇိဂုစ္ဆံ- စက်ဆုပ်ဖွယ်သော၊ ကုဏပံ- အကောင်ပုပ်လည်း ဖြစ်ထသော၊ ပူတိံ- ပုပ်သောအဖြစ်သို့လည်း ရောက်ထသော၊ ဒုဂ္ဂန္ဓံ- အလွန် မကောင်းသော အနံ့လည်းရှိထသော၊ ဂူထကဒ္ဒမံ- မစင်ဟု ဆိုအပ်သော ညွှန်လည်းဖြစ်ထသော၊ ပုဗ္ဗလောဟိတသင်္ကာသံ- သွေးပြည်နှင့်လည်း တူထသော၊ ရဟဒံ- အိုင်သို့၊ ဓိပေန္တိ- ပစ်ချကုန်၏။ သော- ထိုအမိကို သတ်သော ငရဲသူသည်၊ တံ ရဟဒံ- ထိုအိုင်သို့ ဩဂယှ- သက်၍၊ တိဋ္ဌတိ- တည်နေရ၏။

၁၁၆။ မဟာရာဇ- မင်းမြတ်၊ တတ္ထ- ထိုမစင်ငရဲ၌၊ တမေနံ- ထို အမိသတ်သော ငရဲသူကို၊ အတိကာယာ- ပိန်းကောလှေ အတိုင်းအရှည် ရှိသော ကိုယ်ရှိကုန်သော၊ အယောမုခါ- သံအပ်နှင့်တူသော ထက်စွာသော နှုတ်သီး ရှိကုန်သော၊ ကိမယော- ပိုးလောက်တို့သည်၊ ဆဝိံ- အရေကို၊ ဘေတွာန- ဖောက်ကုန်၍၊ မံသလောဟိတေ- အသားအသွေးတို့ကို၊ သံဂိဒ္ဓါ- ပြင်းစွာထိုးဆွကုန်လျက်၊ ခါဒန္တိ- စားကုန်၏။

၁၁၇။ မဟာရာဇ- မင်းမြတ်၊ သော စ- ထိုအမိကို သတ်သော ငရဲသူ သည်လည်း၊ သတပေါရိသံ- အသူတစ်ရာနက်သော၊ နိရယံ- ငရဲသို့ ပတ္တော- ရောက်၍၊ နိမုဂ္ဂေါ- နစ်သည်၊ ဟောတိ- ဖြစ်၏။ တံ ကုဏပံ- ထိုအကောင်ပုပ်သည်၊ သမန္တာ- ထက်ဝန်းကျင်မှ၊ သတယောဇနံ- ယူဇနာ တစ်ရာတိုင်တိုင်၊ ပူတိကံ- ပုပ်သည်၊ ဟုတွာ- ဖြစ်၍၊ ဝါတိ- လှိုင်၏။

၁၁၈။ မဟာရာဇ- မင်းမြတ်၊ ဟိ သစ္စံ- မှန်၏၊ စက္ခုမာပိ- မျက်စိရှိသော သူသည်လည်း၊ တေန ဂန္ဓေန- ထိုအပုပ်နံ့ဖြင့်၊ ဖုသိတေဟိ- တွေ့ထိအပ် ကုန်သော၊ စက္ခူဟိ- မျက်စိတို့ကြောင့်၊ ဇီယတိ- ကြေမွပျက်စီးရ၏။ ဗြဟ္မဒတ္တ- ဗြဟ္မဒတ်မင်းမြတ်၊ မာတုဃော- အမိကို သတ်သော ငရဲသူ သည်၊ ဧတာဒိသံ- ထိုသို့သဘောရှိသော၊ ဒုခံ- ဆင်းရဲကို၊ လဘတေ- ရ၏။

## ကိုယ်ဝန် ဖျက်ချသူတို့ ခံစားရာငရဲ

၁၁၉။ မဟာရာဇ- မင်းမြတ်၊ ဂဗ္ဘပါတိယော- ကိုယ်ဝန်ကိုချသော မိန်းမ တို့သည်၊ ဒုရဘိသမ္ဘဝံ- အလွန်ကြောက်မက်ဖွယ်ကို ဖြစ်စေတတ်သော၊ တိက္ခံ- ထက်လှစွာသော၊ ခုရဓာရံ- သင်ဓုန်းသွားကို၊ အနုက္ကမ္မ- လွန်၍၊ ဒုဂ္ဂံ- ကူးနိုင်ခဲသော၊ ဝေတရဏိံ- ဝေတ္တရဏီအမည်ရှိသော၊ နဒိံ- ကြိမ်ပိုက်ချောင်းသို့၊ ပတန္တိ- ကျကုန်၏။

၁၂၀။ မဟာရာဇ- မင်းမြတ်၊ အယောမယာ- သံဖြင့်ပြီးကုန်သော၊ သောဠသင်္ဂုလကဏ္ဍကာ- တစ်ဆယ့်ခြောက်လက်သစ်ပမာဏ အဆူး ရှိကုန်သော၊ သိမ္ဗလိယော- လက်ပံပင်၏ အလက်တို့သည်၊ ဥဘတော ဒွိသု တီရေသု- ကမ်းနားနှစ်ဘက်တို့၌၊ ဒုဂ္ဂံ- ကူးနိုင်ခက်သော၊ ဝေတရဏိံ- ဝေတ္တရဏီအမည်ရှိသော၊ နဒိံ- ကြိမ်ပိုက်ချောင်းသို့ အဘိလမ္ဗန္တိ- တွဲရရွဲ ကျကုန်၏။

၁၂၁။ မဟာရာဇ- မင်းမြတ်၊ အာဒိတ္တာ- ရဲရဲညီးတောက်ကုန်သော၊ တေ သတ္တာ- ထိုသတ္တဝါတို့သည်၊ အာရကာ- အဝေးမှ၊ အဂ္ဂိခန္ဓာဝ- မီးပုံကြီး တို့ကဲ့သို့၊ အစ္စိမန္တော- အလျှံပြောင်ပြောင် တောက်ကုန်လျက်၊ တိဋ္ဌန္တိ- တည်ကုန်၏။ တေသံ- ထိုသတ္တဝါတို့၏၊ သရီရံ- ကိုယ်သည်၊ ဇာတဝေဒေန-

မီးအလျှံဖြင့်၊ သဒ္ဒိ- တကွ၊ ဥဒ္ဓံ- အထက်သို့၊ ယောဇနံ- တစ်ယူဇနာ
တိုင်တိုင်၊ ဥဂ္ဂတာ- တက်၏။

လင်ငယ် မယားငယ် နေသူတို့ ခံစားရာ ငရဲ

၁၂၂။ မဟာရာဇ- မင်းမြတ်၊ အတိစာရာ- မိမိလင်ကို လွန်ကျူး၍
ကျင့် ကုန်သော၊ နာရိယော စ- မိန်းမတို့သည်လည်းကောင်း၊ ပရဒါရဂူ-
သူတစ်ပါးမယားကို လွန်ကျူး၍ ကျင့်ကုန်သော၊ နရာ စ- ယောက်ျား
တို့သည်လည်းကောင်း၊ ဧတေ- ထိုသူတို့သည်၊ တိခိဏကဏ္ဍကေ-
ထက်စွာသော အဆူးရှိသော၊ တတ္တေ- ပြင်းစွာပူသော၊ နိရယေ-
ထိုလက်ပန်ပင်ငရဲ၌၊ ဝဇန္တိ- ဖြစ်ကုန်၏။

၁၂၃။ မဟာရာဇ- မင်းမြတ်၊ တေ- ထိုမိမိလင်ကို ကျူးလွန်၍
ကျင့်ကုန်သော မိန်းမ, သူတစ်ပါးမယားကို လွန်ကျူး၍ကျင့်သော
ယောက်ျားတို့သည်၊ အဝေကွန္တာ- ဦးခေါင်းစောက်ထိုး၊ ပတန္တိ-
လက်ပန်ပင်မှ ကျကုန်၏။ ပုထူ- အသီးအသီး၊ ဝိဝတ္တာ- စုတ်ပြတ်သော
ကိုယ်ရှိကုန်သည်၊ ဝိဟတာ- ပျက်စီးသော ကိုယ်ရှိကုန်သည်၊ ဝိနိဝိဒ္ဓင်္ဂါ-
ထိုးဖောက်အပ်သော ကိုယ်အင်္ဂါရှိ ကုန်သည်၊ ဟုတွာ- ဖြစ်ကုန်၍၊ သယန္တိ-
အိပ်ရကုန်၏။ ဒီဃံ- ရှည်စွာသော နေ့ညဥ့်ပတ်လုံး၊ သဗ္ဗဒါ- အခါခပ်သိမ်း၊
ဇဂ္ဂန္တိ နိဒ္ဒံ န ဩက္ကမန္တိ- မအိပ်ရကုန်။

၁၂၄။ မဟာရာဇ- မင်းမြတ်၊ တတော- ထိုနောင်မှ၊ ရတျာဝိဝသာနေ-
များစွာသော ညဥ့်တို့၏ အဆုံး၌၊ မဟတိံ- ကြီးမားသော၊ ပဗ္ဗတူပမံ-
တောင်အတိုင်းအရှည်ရှိသော၊ တတ္တံ- ပြောင်ပြောင်တောက်သော၊
အဂ္ဂိသမူဒကံ- မီးနှင့် တူသော ရေရှိသော၊ လောဟကုမ္ဘိံ- ကြေးနီအိုး၌၊
ပဝဇ္ဇန္တိ- ဝင်လျက် ငုပ်ရကုန်၏။

၁၂၅။ မဟာရာဇ- မင်းမြတ်၊ ဧဝံ- ဤဆိုအပ်သော နည်းဖြင့်၊ ဒိဝါ စ-
နေ့၌လည်းကောင်း၊ ရတ္တော စ- ညဥ့်၌လည်းကောင်း၊ မောဟပါရုတာ-
မောဟဖြင့် ဖုံးလွှမ်းအပ်ကုန်သော၊ ဒုဿီလာ- သူတစ်ပါးမယားကို ပြစ်မှား
တတ်ကုန်သော သူတို့သည်၊ ပုဗ္ဗေ- ရှေး၌၊ အတ္တနော- မိမိ၏၊ ဒုက္ကဋံ-

မကောင်းသဖြင့် ပြုအပ်သော ကံကို၊ ပဋိစ္စ- စွဲ၍၊ သကံ ကမ္မံ- မိမိပြုသော မကောင်းမှုကံကို၊ အနုဘောန္တိ- ခံစားရကုန်၏။

၁၂၆။ မဟာရာဇ- မင်းမြတ်၊ ခနက္ကိတာ- ဥစ္စာဖြင့် ဝယ်အပ်သော၊ ယာ စ ဘရိယာ- အကြင်မယားသည်လည်း၊ သာမိကံ- မိမိလင်ကို၊ အတိမညတိ- မထီမဲ့မြင် ပြု၏။ သဿုံ ဝါ- ယောက္ခမယောက်ျားသူကို လည်းကောင်း၊ သသုရံ ဝါ- ယောက္ခမ မိန်းမသူကိုလည်းကောင်း၊ ဇေဋ္ဌံ ဝါပိ- ခဲအိုကိုလည်းကောင်း၊ နနန္ဒရံ ဝါ- ယောက်မကိုလည်းကောင်း၊ အတိမညတိ- မထီမဲ့မြင်ပြု၏။

[န္တာ-၂၈၇] ၁၂၇။ မဟာရာဇ- မင်းမြတ်၊ တဿာ- ထိုငရဲသူမ၏၊ မုခံ- ခံတွင်းကို၊ အယသင်္ကုနာ- သံချွန်းတောင်းဖြင့်၊ ဝိဝရိတွာ- ဖွင့်၍၊ ဝင်္ကေန- သံမျှားချိပ်ဖြင့်၊ ဇိဝှဂ္ဂံ- လျှာဖျားကို၊ နိဗ္ဗဟန္တိ- ငင်ထုတ်ကုန်၏။ သဗန္ဓနံ- ကြိုးဖြင့်ဖွဲ့လျက်၊ ကမ္မန္တိ- ငင်ကုန်၏။ ကိမိနံ- ပိန်းကောကြီးမျှလောက်သော ပိုးလောက်တို့ဖြင့် ပြည့်သော၊ သဗျာမမတ္တံ- မိမိတစ်လံအတိုင်းအရှည် ရှိသော၊ အတ္တနိ အတ္တနော- မိမိ၏၊ ဇိဝှံ- လျှာကို၊ ပဿတိ- မြင်ရ၏။ ဝိညာပေတုံ- ငရဲထိန်းတို့ကို တောင်းပန်ခြင်းငှာလည်း၊ န သက္ကောတိ- မတတ်နိုင်ပေ။ ပေစ္စ- တစ်ဖန်လည်း၊ တာပနေ- တာပနငရဲ၌၊ ပစ္စတိ- ကျက်ရ၏။

တံငါ မုဆိုးတို့ ခံစားရာ ငရဲ

၁၂၈။ မဟာရာဇ- မင်းမြတ်၊ ဩရဗ္ဘိကာ စ- ဆိတ်ကိုသတ်၍အသက်မွေးသော သူတို့ကိုလည်းကောင်း၊ သူကရိကာ စ- ဝက်ကိုသတ်၍ အသက်မွေးသော သူတို့ကိုလည်းကောင်း၊ မစ္ဆိကာ စ- တံငါတို့ကိုလည်းကောင်း၊ မိဂဗန္ဓကာ စ- သားမုဆိုးတို့ကိုလည်းကောင်း၊ စောရာ စ- ခိုးသူတို့ကို လည်းကောင်း၊ ဂေါဃာတကာ စ- နွားသတ်ယောက်ျားတို့ကို လည်းကောင်း၊ လုဒ္ဒါ စ- ရုန့်ရင်း ကြမ်းကြုတ်သော သူတို့ကိုလည်းကောင်း၊ အဝဏ္ဏေ- မချီးမွမ်းအပ်သော သူတို့ကို၊ ဝဏ္ဏကာရကာ စ- ချီးမွမ်းခြင်းကို ပြုသော သူတို့ကိုလည်းကောင်း။

၁၂၉။ သတ္တိဟိ စ- လှံတို့ဖြင့်လည်းကောင်း၊ လောဟကူဋေဟိ စ- သံဆောက်ပုတ်တို့ဖြင့်လည်းကောင်း၊ နေတ္တိံသေဟိ စ- သန်လျက်တို့ဖြင့် လည်းကောင်း၊ ဥသူဟိ စ- မြားတို့ဖြင့်လည်းကောင်း၊ ဟညမာနာ- ညှဉ်းဆဲ သတ်ပုတ်ကုန်လျက်၊ အဝံသိရာ- ဦးခေါင်းစောက်ထိုး၊ ခါရနဒိံ- ကြိမ်ပိုက် ချောင်းသို့၊ နိရယပါလာ- ငရဲထိန်းတို့သည်၊ ပပတန္တိ- ပစ်ချကုန်၏။

## လာဘ်စားသူတို့ ခံစားရာ ငရဲ

၁၃၀။ မဟာရာဇ- မင်းမြတ်၊ ကူဋကာရီ- စဉ်းလဲစဉ်းစားပြုတတ်သော တရားသူကြီးစသော သူတို့သည်၊ သာယံပါတော- ညဉ့်နံနက်၊ အယော ကူဋေဟိ- ပြောင်ပြောင်တောက်သော သံတူတို့ဖြင့်၊ ဟညတိ- ညှဉ်းဆဲခံရ၏၊ တတော- ထိုနောင်မှ၊ ဒုရတ္တာနံ- မကောင်းသော အတ္တဘောရှိကုန်သော၊ ပရေသံ- သူတစ်ပါးတို့၏၊ ဝန္တံ- အန်ဖတ်ကို၊ သဒါ- အခါခပ်သိမ်း၊ ဘုဥ္စရေ- စားရကုန်၏။

၁၃၁။ မဟာရာဇ- မင်းမြတ်၊ ကိဗ္ဗိသကာရကံ- ကြမ်းကြုတ်သော အမှုကို ပြုတတ်ထသော၊ ဝိပ္ပန္နမာနံ- တပြောင်းပြန်ပြန် တုန်လှုပ်ထသော၊ နရံ- ငရဲသူ သတ္တဝါကို၊ အယောမုခါ- သံဖြင့်ပြီးသော နှုတ်သီးရှိကုန်သော၊ ဓင်္ကာ စ- စွန်ရဲတို့သည်လည်းကောင်း၊ ဘေရဏ္ဍကာ စ- မြေခွေးတို့သည် လည်းကောင်း၊ ဂိဇ္ဈာ စ- ဝန်တင်လှည်း အတိုင်းအရှည်ရှိသော လင်းတ တို့သည်လည်းကောင်း၊ ကာကောလာ စ- တောကျီးအပေါင်းတို့သည် လည်းကောင်း၊ ခါဒန္တိ- ခဲကုန်၏။

## မုဆိုးများ ခံစားရာငရဲ

၁၃၂။ မဟာရာဇ- မင်းမြတ်၊ ရဇသာ- ကိလေသာတည်းဟူသော မြူဖြင့်၊ ဆန္နာ- ဖုံးလွှမ်းအပ်ကုန်သော၊ အသန္တော- သူတော်ကောင်း မဟုတ် ကုန်သော၊ ယေ ပုဂ္ဂလာ- အကြင်ပုဂ္ဂိုလ်တို့သည်၊ မိဂေန- သမင် တိန်ညင်ဖြင့်၊ မိဂံ- သားအပေါင်းကို၊ ဟန္တိ- သတ်ကုန်၏။ ပက္ခိနာ ဝါ ပန- ငှက်တိန်ညင်ဖြင့်လည်း၊ ပက္ခိံ- ငှက်အပေါင်းကို၊ ဟန္တိ- သတ်ကုန်၏။ တေ ပုဂ္ဂလာ- ထိုပုဂ္ဂိုလ်တို့သည်၊ နိရယုဿဒံ- ဥဿဒငရဲသို့ ဂန္တာ- လားရကုန်၏။

တတ္ထ- ထို'ဓမ္မော ပထော' စသော ဂါထာတို့၌၊ ဓမ္မော ပထောတိ- ဓမ္မော ပထော ဟူသည်ကား၊ ဒသကုသလကမ္မပထဓမ္မော- ဆယ်ပါးသော ကုသိုလ်ကမ္မပထ တရားသည်၊ ခေမော- အေးချမ်း၏။ အပ္ပဋိဘယော- ဘေးမရှိ။ သုဂတိ မဂ္ဂေါ- သုဂတိသို့ သွားရာလမ်းကြောင်းတည်း။ ဝိသမဇီဝိနောတိ- ဝိသမဇီဝိနော ဟူသည်ကား၊ အဓမ္မေန- မတရားသဖြင့်၊ ကပ္ပိတဇီဝိကာ- ပြုအပ်သော အသက် မွေးခြင်းရှိသူတို့သည်။ နိရယေ တေတိ- နိရယေ တေ ဟူသည်ကား၊ ဧတေသံ- ထိုမတရားသဖြင့် အသက်မွေးခြင်း ပြုကြကုန်သူတို့၏၊ တေ နိဗ္ဗတ္တနိရယေ- ထိုဖြစ်ရာ ငရဲတို့ကို၊ ကထေမိ- ငါဟောအံ့။ သုဏောဟိ မေတိ- သုဏောဟိ မေ ဟူသည်ကား၊ မဟာသတ္တော- ဘုရားအလောင်းသည်၊ ရညာ- မင်းကြီးသည်၊ ပိတုဃာတကာနံ- အဖသတ်သော သူတို့၏၊ နိဗ္ဗတ္တနိရယံ- ဖြစ်ရာငရဲကို၊ ပုဋ္ဌော‌ပိ- မေးအပ်ပါ သော်လည်း၊ ပထမံ- ရှေးဦးစွာ၊ တံ- ထိုငရဲကို၊ အဒဿေတွာ- မပြမူ၍၊ အဋ္ဌ- ရှစ်ပါး ကုန်သော၊ မဟာနိရယေ စ- ငရဲကြီးတို့ကိုလည်းကောင်း၊ သောဠသ- တစ်ဆယ့် ခြောက်ပါးကုန်သော၊ ဥဿဒနိရယေ စ- ငရဲငယ်တို့ကိုလည်းကောင်း၊ ဒဿေတုံ- ပြခြင်းငှာ၊ ဧဝံ- ဤသို့၊ အာဟ- ပြောဆိုပြီ။ ကိံ ကာရဏာ?- အဘယ် အကြောင်းကြောင့်နည်းဟူမူကား၊ ဟိ- အကြောင်းကား၊ ပဌမံ- ရှေးဦးစွာ၊ တသ္မိံ- ထိုအဖ သတ်သောသူတို့ ရောက်ရာငရဲကို၊ ဒဿိယမာနေ- ပြအပ်သည်ရှိသော်၊ ရာဇာ- မင်းကြီးသည်၊ ဖလိတေန- ကွဲသော၊ ဟဒယေန- နှလုံးဖြင့်၊ တတ္ထေဝ- ထိုအရပ်၌ပင်လျှင်၊ မရေယျ- သေရာ၏။ ပန- ဆက်၍ ဆိုဦးအံ့၊ ဣမေသု နိရယေသု- ဤ ငရဲကြီးရှစ်ထပ် ငရဲငယ်တစ်ဆယ့်ခြောက်ထပ်တို့၌၊ ပစ္စမာနသတ္တေ- ကျက်ကုန်သော သတ္တဝါတို့ကို၊ ဒိသွာ- မြင်၍၊ ဒိဋ္ဌာနုဂတိကော- အမြင်သို့ အစဉ် လိုက်သည်၊ ဟုတွာ- ဖြစ်၍၊ "အဟံ ဝိယ- ငါကဲ့သို့၊ အညေပိ- အခြားလည်း ဖြစ်ကုန်သော၊ ဗဟူ- များစွာ ကုန်သော၊ ပါပကမ္မိနော- မကောင်းမှုကို ပြုကုန်သော သူတို့သည်၊ အတ္ထိ (သန္တိ)- ရှိကုန်၏။ အဟံ- ငါသည်၊ ဧတေသံ- ထိုသူတို့၏၊ အန္တရေ- အကြား၌၊ ပစ္စိဿာမိ- ကျက်ရလတ္တံ့၊" ဣတိ- ဤသို့၊ သဉ္ဇာတုပတ္ထမ္ဘော- ကောင်းစွာဖြစ်သော အထောက်အပံ့ ရှိသည်ဖြစ်၍၊ အရောဂေါ- မနာကျင်သည်၊ ဘဝိဿတိ- ဖြစ်လတ္တံ့၊ ဣတိ- ထို့ကြောင့်၊ တေ ပန နိရယေ- ထိုငရဲကြီးငရဲငယ်တို့ကို၊ ဒဿေန္တော- ပြလိုသော၊ မဟာသတ္တော- ဘုရားအလောင်းသည်၊ ပဌမံ- ရှေးဦးစွာ၊

ကူဒ္ဒိဗလေန- တန်ခိုးအားဖြင့်၊ ပထဝိံ- မြေကြီးကို၊ ဒွိဓာ- နှစ်ဖြာ၊ ကတွာ- ပြု၍၊ ပစ္ဆာ- နောက်မှ၊ ဒဿေသိ- ပြခဲ့ပြီ။

တေသံ- ထိုငရဲဘုံတို့၏၊ ဝဏ္ဏနတ္တော- ပုဒ်၏အနက်ကို (ဧဝံ- ဤသို့ ဝေဒိတဗ္ဗော- သိအပ်၏)။ ဧတ္ထ- ဤငရဲဘုံ၌၊ နိရယပါလေဟိ- ငရဲထိန်းတို့သည်၊ ပဇ္ဇလိတာနိ- အလျှံပြောင်ပြောင် တောက်ကုန်သော၊ နာနာဝုဓာနိ- အမျိုးမျိုးသော လက်နက်တို့ကို၊ ဂဟေတွာ- ကိုင်၍၊ ခဏ္ဍာခဏ္ဍိကံ- အပိုင်းပိုင်း၊ ဆိန္နာ- ဖြတ်အပ်ကုန်သော၊ ဟိရိံ ဟိရိံ- အမျှင်အမျှင်၊ ကတာ- ပြုအပ်ကုန်သော၊ နေရယိကသတ္တာ- ငရဲသားသတ္တဝါတို့သည်၊ ပုနပ္ပုနံ- အဖန်ဖန်၊ သဉ္ဇီဝန္တိ- အသက်ပြန်၍ရှင်ကုန်၏။ တတော- ထို့ကြောင့်၊ သဉ္ဇီဝေါ- သဉ္ဇီဝငရဲဘုံမည်၏။ ဧတ္ထ- ဤငရဲဘုံ၌၊ နိရယပါလာ- ငရဲထိန်းတို့သည်၊ ပုနပ္ပုနံ- အဖန်ဖန်၊ နဒန္တာ- အော်ဟစ်ကုန်လျက်၊ ဝဂ္ဂန္တာ- ကြွေးကျော်ကုန်လျက်၊[1] ပဇ္ဇလိတာနိ- အလျှံပြောင်ပြောင် တောက်ကုန်သော၊ နာနာဝုဓာနိ- အမျိုးမျိုးသော လက်နက်တို့ကို၊ ဂဟေတွာ- ကိုင်၍၊ ဇလိတာယ- အလျှံပြောင်ပြောင်တောက်သော၊ လောဟပထဝိယံ- သံမြေပြင်၌၊ နေရယိကေ- ငရဲသားဖြစ်ကုန်သော၊ သတ္တေ- သတ္တဝါတို့ကို၊ အပရာပရံ- အပြန်ပြန် အလှန်လှန်၊ အနုဗန္ဓိတွာ- ဖွဲ့ချည်၍၊ ပဟရိတွာ- ပုတ်ခတ်၍၊ ဇလိတပထဝိယံ- အလျှံပြောင်ပြောင် တောက်သော မြေပြင်၌၊ ပတိတေ- လဲကျသည်ရှိသော်၊ ဇလိတကာဠသုတ္တံ- အလျှံပြောင်ပြောင်တောက်သော မဲကြိုးကို၊ ပါတေတွာ- ချ၍၊ [နှာ-၂၈၈] ဇလိတဖရသုံ- အလျှံပြောင်ပြောင် တောက်သော ပဲခွပ်ကို(ဝါ) ဓားမကို၊ ဂဟေတွာ- ကိုင်၍၊ သယံ- ကိုယ်တိုင်၊ ဥန္နဒန္တာ- အော်ဟစ် ကြွေးကျော်ကုန်လျက်၊ မဟန္တေန- ကြီးစွာသော၊ အဋ္ဋဿရေန- နာကျင်သော အသံဖြင့်၊ ဝိရဝန္တေ- မြည်တမ်း၍နေကုန်သော ငရဲသားတို့ကို၊ အဋ္ဌံသေ- ရှစ်မြောင့်၊ သောဠသံသေ- တစ်ဆယ့်ခြောက်မြောင့်၊ ကရောန္တာ- ပြုကုန်လျက်၊ တစ္ဆန္တိ- ရွေကုန်၏

---

၁။ ဝဂ္ဂန္တာ= ဝဂ္ဂ-ဓာတ် ဥစ္စာရဏတ္ထ-ဟု ပါဠိဆရာတို့ ကြံဆကြ၏၊ ဓာတ်ကျမ်းတို့၌မူ ဝဂ္ဂ-ဓာတ်သည် ဂတျတ္ထ-ဟုပြ၏၊ သက္ကတ၌ ဝလ္က-ဓာတ် ပရိဘာသနတ္ထ-ရှိ၏၊ ဝလ္က-ကို သဒိသပြုသော် ဝက္က-ဟုဖြစ်၏၊ ပြာကတ၌ ပထမက္ခရာကို တတိယက္ခရာသို့ အသံပြောင်း၍ အသံထွက်တတ်သဖြင့် ဝဂ္ဂ-ဟုပုဒ်ဖြစ်လာပုံရသည်။

(ဝါ) ခုတ်ထစ်ကုန်၏။ ဣတိ- ထို့ကြောင့်၊ ကာဠသုတ္တော- ကာဠသုတ်ငရဲဘုံ[1] မည်၏။ ဧတ္ထ- ဤငရဲဘုံ၌၊ မဟန္တာ- ကြီးကုန်သော၊ ဇလိတအယပဗ္ဗတာ- အလျှံပြောင်ပြောင် တောက်သော သံတောင်တို့သည်၊ ယာတေန္တိ- ကြိတ်ချေကုန်၏။ ဣတိ- ထို့ကြောင့်၊ သံဃာတော- သံဃာတငရဲမည်၏။ တတ္ထ- ထိုသံဃာတငရဲဘုံ၌၊ သတ္တေ- ငရဲသား သတ္တဝါတို့ကို၊ နဝ ယောဇနာယ- ကိုးယူဇနာရှိသော၊ ဇလိတာယ- အလျှံပြောင်ပြောင် တောက်သော၊ အယပထဝိယာ- သံဖြင့်ပြီးသော မြေပြင်၌၊ ယာဝ ကဋိတော- ခါးအရပ်တိုင်အောင်၊ ပဝေသေတွာ- နစ်မြုပ်စေ၍၊ နိစ္စလေ- မလှုပ်ရှားသည်တို့ကို၊ ကရောန္တိ ကိရ- ပြုကုန်သတတ်။ အထ- ထို့နောင်မှ၊ ပုရတ္ထိမတော- အရှေ့အရပ်မှ၊ ဇလိတော- အလျှံပြောင်ပြောင် တောက်သော၊ အယပဗ္ဗတော- သံဖြင့်ပြီးသော တောင်သည်၊ သမုဋ္ဌာယ- ထ၍၊ အသနိ ဝိယ- မိုးကြိုးကဲ့သို့ ဝိရဝန္တော- မြည်လျက်၊ အာဂန္တွာ- လာ၍၊ တေ သတ္တေ- ထိုငရဲသားသတ္တဝါတို့ကို၊ သဏှကရဏိယံ[2]- ကျည်ပွေ့၌ (ဝါ) ဆုံ၌၊ တိလေ- နှမ်းတို့ကို၊ ပိသန္တော ဝိယ- ကြိတ်ချေဘိသကဲ့သို့၊ ဂန္တွာ- သွား၍၊ ပစ္ဆိမဒိသာယ- အနောက်အရပ်၌၊ တိဋ္ဌတိ- တည်၏။ ပစ္ဆိမဒိသတော- အနောက်အရပ်မှ၊ သမုဋ္ဌိတောပိ- ထသောသံတောင်သည်လည်း၊ တထေဝ- ထို့အတူပင်၊ ဂန္တွာ- သွား၍၊ ပုရတ္ထိမဒိသာယ- အရှေ့အရပ်၌၊ တိဋ္ဌတိ- တည်၏။ ပန- ထို့အပြင်၊ ဒွေ- သံတောင်နှစ်ခုတို့သည်၊ ဧကတော- တပေါင်းတည်း၊ သမာဂန္တွာ- အညီအမျှလာ၍၊ ဥစ္ဆုယန္တေ- ကြံကြိတ်စက်၌၊ ဥစ္ဆုခဏ္ဍာနိ ဝိယ- ကြံချောင်းတိုကို့ကဲ့သို့၊ ပီဠေန္တိ ကိရ- ကြိတ်ချေကုန်သတတ်။ ဧဝံ- ဤသို့လျှင်၊ တတ္ထ-

---

[1]။ ကာဠသုတ္တ- ကြိုးမဲ- လက်သမား၊ သစ်ခွဲသမားတို့ တိုင်းထွာရာတွင် အသုံးပြုသော အနက်ရောင်သုတ်လိမ်းထားသော မျဉ်းကြိုးတည်း၊ ထိုကြိုးမဲဖြင့်သစ်လုံးတို့ကို တိုင်းထွာ၍ လိုအပ်သလို ခုတ်ဖြတ်ခြင်းကို ပြုကြ၏၊ မြေပြင်၌ လဲကျနေသော ငရဲသားသတ္တဝါတို့ကို ထိုကြိုးမဲဖြင့် တိုင်းထွာ၍ ရှစ်မြှောင့် တစ်ဆယ့်ခြောက်မြှောင့် စသည်ဖြင့် ငရဲထိန်းတို့က ခုတ်ဖြတ်၍ ညှင်းပမ်းနှိပ်စက်မှုကို ပြုကြသဖြင့် ထိုငရဲပြည်ကို ကာဠသုတ်ငရဲဟု ခေါ်သည်။

[2]။ သဏှကရဏိယံ- သဏှ-နူးညံ့အောင်၊ ကရဏိယ-ပြုအပ်ရာ ဌာန၊ သို့မဟုတ် အရာဝတ္ထု၊ အမှုန့်ကြိတ်ဆုံ စသည်တည်း၊ ကျဉ်ပွေ့-ဟု ဦးဟုတ်စိန် အဘိဓာန်၌ ဆိုသည်။

ထိုသံဃာတငရဲဘုံ၌၊ ဗဟူနိ- များစွာကုန်သော၊ ဝဿသတသဟဿာနိ- အနှစ်တစ်သိန်းတို့ ကာလ ပတ်လုံး၊ ဒုက္ခံ- ဆင်းရဲကို၊ အနုဘောန္တိ- ခံစားရကုန်၏။

ဒွေ့ စ ရောရုဝါတိ- ဒွေ စ ရောရုဝ ဟူသည်ကား၊ ဇာလရောရုဝေါ စ- ဇာလရောရုဝလည်းကောင်း၊ ဓူမရောရုဝေါ စ- ဓူမရောရုဝလည်းကောင်း၊ ဣတိ- ဤသို့၊ ဒွေ- နှစ်ပါးတို့တည်း။ တတ္ထ- ထိုနှစ်မျိုးတို့တွင်၊ ဇာလရောရုဝေါ- ဇာလရောရုဝသည်၊ ကပ္ပေန- ကမ္ဘာပတ်လုံး၊ သဏ္ဍိတာဟိ- တည်ကုန်သော၊ ရတ္တလောဟဇာလာဟိ- နီရဲသော သံတွေခဲ မီးလျှံတို့ဖြင့်၊ ပုဏ္ဏော- ပြည့်နှက်၏။ ဓူမရောရုဝေါ- ဓူမရောရုဝသည်၊ ခါရဓူမေန- ကြမ်းတမ်းသော အခိုးတို့ဖြင့်၊ ပုဏ္ဏော- ပြည့်နှက်၏။ တေသု- ထိုနှစ်မျိုးတို့တွင်၊ ဇာလရောရုဝေ- ဇာလရောရုဝငရဲဘုံ၌၊ ပစ္စန္တာနံ- ကျက်ကုန်သော ငရဲသားတို့၏၊ နဝဟိ- ကိုးခုကုန်သော၊ ဝဏ္ဏမုခေဟိ- အမာဝတို့မှ၊ ဇာလာ- မီးတောက်တို့သည်၊ ပဝိသိတွာ- ဝင်၍၊ သရီရံ- ကိုယ်ကို၊ ဒဟန္တိ- လောင်မြိုက်ကုန်၏။ ဓူမရောရုဝေ- ဓူမရောရုဝငရဲဘုံ၌၊ ပစ္စန္တာနံ- ကျက်ကုန်သော ငရဲသားတို့၏၊ နဝဟိ- ကိုးခုကုန်သော၊ ဝဏမုခေဟိ- အမာဝတို့မှ၊ ခါရဓူမော- ကြမ်းတမ်းသော အခိုးသည်၊ ပဝိသိတွာ- ဝင်၍၊ ပိဋ္ဌ ဝိယ- မုန့်ညက်ကို ကဲ့သို့ သရီရံ- ကိုယ်ကို၊ သေဒေတိ- ပေါင်းခံ၏။ ဥဘယတ္ထာပိ- ငရဲဘုံနှစ်ခု၌လည်း၊ ပစ္စန္တာ- ကျက်ကုန်သော၊ သတ္တာ- သတ္တဝါတို့သည်၊ မဟာဝိရဝံ- ကျယ်စွာသော မြည်တမ်းခြင်းကို၊ ဝိရဝန္တိ- မြည်တမ်းကြကုန်၏။ ဣတိ- ထို့ကြောင့်၊ ဒွေပိ- နှစ်ခုလည်းဖြစ်ကုန်သော ငရဲဘုံတို့ကို၊ "ရောရုဝါ"တိ- ရောရုဝဟူ၍၊ ဝုတ္တာ- ဆိုအပ်ကုန်ပြီ။ တတ္ထ- ဤငရဲဘုံ၌၊ ဇာလာနံ ဝါ- မီးတောက်မီးလျှံတို့၏လည်းကောင်း၊ ပစ္စနသတ္တာနံ ဝါ- ကျက်သောသတ္တဝါတို့၏လည်းကောင်း၊ တေသံ- ထိုသတ္တဝါ တို့၏၊ ဒုက္ခဿ ဝါ- ဆင်းရဲ၏လည်းကောင်း၊ ဝီစိ အန္တရံ- အကြားသည်၊ နတ္ထိ- မရှိ ဣတိ- ထို့ကြောင့်၊ အဝီစိ- အဝီစိငရဲဘုံ မည်၏။ မဟန္တော- ကြီးသော၊ အဝီစိ- အဝီစိငရဲဘုံသည်၊ မဟာဝီစိ- မဟာအဝီစိမည်၏။ ဟိ- ချဲ့၍ ဆိုဦးအံ့၊ တတ္ထ- ထိုအဝီစိငရဲဘုံ၌၊ ပုရတ္ထိမာဒီဟိ- အရှေ့အရပ် အစရှိကုန်သော၊ ဘိတ္တီဟိ- နံရံတို့မှ၊ ဇာလာ- မီးတောက်မီးလျှံတို့သည်၊ ဥဋ္ဌဟိတွာ- ထ၍၊ ပစ္ဆိမာဒီသု- အနောက်အရပ် စသည်တို့၌၊ ပဋိဟညတိ- ညှင်းဆဲ၏။ တာ စ ဘိတ္တိယော- ထို နံရံတို့ကိုလည်း၊ ဝိနိဝိဇ္ဈိတွာ- ဖောက်ထွင်း၍၊ ပုရတော- ရှေ့မှ၊ ယောဇနသတံ- ယူဇနာတစ်ရာကို၊

ဂဏှာတိ- ယူ၏။ ဟေဋ္ဌာ- အောက်မှ၊ ဥဋ္ဌိတာ- ထသော၊ ဇာလာ- မီးတောက် မီးလျှံသည်၊ ဥပရိ- အထက်၌၊ ပဋိဟညတိ- ညှင်းဆဲ၏။ ဥပရိ- အထက်၌၊ ဥဋ္ဌိတာ- ထသော မီးတောက်မီးလျှံသည်၊ ဟေဋ္ဌာ- အောက်၌၊ ပဋိဟညတိ- ညှင်းဆဲ၏။ ဧဝံ- ဤသို့၊ တာဝ- ထိုမျှလောက်၊ ဧတ္ထ- ဤငရဲဘုံ၌၊ ဇာလာနံ- မီးတောက်မီးလျှံတို့၏၊ ဝီစိ နာမ- အကြားမည်သည်၊ နတ္ထိ- မရှိ။ ပန- ဆက်၍ ဆိုဦးအံ့၊ တဿ- ထိုငရဲဘုံ၏၊ အန္တော- အတွင်း၌၊ ယောဇနသတံ- ယူဇနာတစ်ရာတိုင်အောင်သော၊ ဌာနံ- အရပ်သည်၊ ခီရဝလ္လိပိဋ္ဌသ- ဥမ္ဗနိဥ[၁]ကိုကြိတ်ထားသော မုန့်ညက်ဖြင့်၊ ပူရိတနာဠိ ဝိယ- ပြည့်သော ကျီတောက်ကဲ့သို့ သတ္တေဟိ- သတ္တဝါ တို့ဖြင့်၊ နိရန္တရံ- အကြားမရှိ ပူရိတံ- ပြည့်လျက်နေ၏။ စတူဟိ- လေးပါးကုန်သော၊ ဣရိယာပထေဟိ- ဣရိယာပုတ်တို့ဖြင့်၊ ပစ္စန္တာနံ- ကျက်ကုန်သော၊ သတ္တာနံ- သတ္တဝါတို့၏၊ ပမာဏံ- ပမာဏသည်၊ နတ္ထိ- မရှိ။ စ- ထို့အပြင်၊ အညမညံ- အချင်းချင်း၊ န ဗျာဗာဓေန္တိ- မထိခိုက်မိကုန်။ သကဋ္ဌာနေယေဝ- မိမိနေရာ၌ပင်လျှင်၊ ပစ္စန္တိ- ကျက်ကုန်၏။ ဧဝံ- ဤသို့၊ ဧတ္ထ- ဤငရဲဘုံ၌၊ သတ္တာနံ- သတ္တဝါတို့၏၊ ဝီစိ နာမ- အကြားမည်သည်၊ နတ္ထိ- မရှိ။[၂] ပန- ဆက်၍ဆိုဦးအံ့၊ ဇိဝှဂ္ဂေ- လျှာဖျား၌၊ ဆ- ခြောက်ခုကုန်သော၊ မဓုပိန္ဍိကံ- ပျားရည်စက်တို့သည်၊ သတ္တမဿ- ခုနစ်ခုမြောက်သော၊ တမ္ဗလောဟ- ဗိန္ဒုနော- နီမြန်းသော သံရေပူစက်၏၊ အနုဒဟနဗလဝတာယ- ပူလောင်ခြင်း လွန်ကဲသည်၏အဖြစ်ကြောင့်၊ အဗ္ဗောဟာရိကာနိ- ပြောဆိုခြင်းငှာ မထိုက်ကုန်သည်၊ ဟောန္တိ ယထာ- ဖြစ်ကုန်သကဲ့သို့၊ တထာ- ထို့အတူ၊ တတ္ထ- ထိုငရဲဘုံ၌၊ အနုဒဟနဗလဝတာယ- ပူလောင်ခြင်း၏ လွန်ကဲသည်၏ အဖြစ်ကြောင့်၊ သေသာ- ကြွင်းကုန်သော၊ ဆ- ခြောက်ခုကုန်သော၊ အကုသလဝိပါကုပေက္ခာ- အကုသလ ဝိပါက် ဥပေက္ခာဝေဒနာတို့သည်၊ အဗ္ဗောဟာရိကာ- မပြောပကုန်သည်၊ ဟောန္တိ-

---

၁။ ခီရဝလ္လိ- ရှေးနိဿျတို့၌ ဥမ္ဗနိဥ-ဟုအနက်ပေး၏၊ မြန်မာအခေါ်အားဖြင့် တောင်ကန်စွန်းကြီးပင်-ဟု ခေါ်၏၊ အနွယ်အမျိုးအစား၊ ဥ-ဥသောအပင် ဖြစ်သည်၊ အပင်ကို ချိုးဖဲ့လျှင် နို့စေးသဏ္ဍာန်အရည်ထွက်၏၊ ဥ-မှာ တစ်ပိဿာခန့် ရှိတတ်၏။

၂။ အဟိတ်အကုသလဝိဘတ်(၇)ပါးတွင် ဥပေက္ခာဝေဒနာ (၆)ပါးနှင့် ဒုက္ခဝေဒနာ (၁)ပါးရှိရာ တစ်ပါးတည်းရှိသော ဒုက္ခဝေဒနာက ပြင်းထန်လွန်းသဖြင့် ဤ၌ ဥပေက္ခာဝေဒနာခြောက်ပါးမှာ မထင်ရှားတော့ဟု ဆိုလိုသည်။

ဖြစ်ကုန်၏။ ဒုက္ခမေဝ- ဒုက္ခဝေဒနာသည်သာလျှင်၊ နိရန္တရံ- မပြတ်၊ ပညာယတိ- ထင်ရှား၏။ ဧဝံ- ဤသို့ ဧတ္ထ- ဤငရဲဘုံ၌၊ ဒုက္ခသ- ဆင်းရဲဝေဒနာ၏၊ ဝီစိ နာမ- အကြားမည်သည်၊ နတ္ထိ- မရှိ။ သွာယံ=သော အယံ- ထိုအဝီစိငရဲသည်၊ ဘိတ္တိဟိ- နံရံတို့နှင့်၊ သဟ- တကွ၊ ဝိက္ခမ္ဘတော- အချင်းအားဖြင့်၊ အဋ္ဌာရသာဓိက တိယောဇနသတော- တစ်ဆယ့်ရှစ်ခုအလွန်ရှိသော ယူဇနာသုံးရာရှိ၏။ အာဝဋ္ဋတော ပန- အဝန်း အားဖြင့်ကား၊ စတုပဏ္ဏာသာဓိကနဝယောဇနသတော- ငါးဆယ့်လေးခု အလွန်ရှိသော ယူဇနာကိုးရာရှိ၏။ ဉဿဒေဟိ- ငရဲငယ်တို့နှင့်၊ သဟ- တကွ၊ ဒသယောဇနသဟဿာနိ- ယူဇနာတစ်သောင်း အကျယ်အဝန်း ရှိ၏။ ဧဝံ- ဤသို့ အဿ- ထိုအဝီစိငရဲ၏၊ မဟန္တတာ- ကြီးကျယ်သည်၏ အဖြစ်ကို၊ ဝေဒိတဗ္ဗာ- သိအပ်၏။

[နှာ-၂၈၉] နိစ္စလေ- မလှုပ်ရှားကုန်သော၊ သတ္တေ- သတ္တဝါတို့ကို၊ တပတိ- လောင်မြိုက်တတ်၏။ ဣကိ- ထို့ကြောင့်၊ တာပနော- တာပနငရဲဘုံ မည်၏။ အတိဝိယ- အလွန်လျှင်၊ တာပေတိ- ပူလောင်စေတတ်၏။ ဣတိ- ထိုကြောင့်၊ ပတာပနော- ပတာပနငရဲဘုံမည်၏။ တတ္ထ တာပနသ္မိံ- ထိုတာပနငရဲဘုံ၌၊ တာဝ- ရှေးဦးစွာ၊ သတ္တေ- သတ္တဝါတို့ကို၊ တာလက္ခန္ဓပ္ပမာဏေ- ထန်းပင်ပမာဏရှိသော၊ ဇလိတအယသူလေ- အလျှံပြောင်ပြောင် တောက်လောင်သော သံဖြင့်ပြီးသော တံကျင်၌၊ နိသီဒါပေန္တိ- နေစေကုန်၏။ (ဝါ) ထိုးစိုက်၍ထားကုန်၏။ တတော- ထို့နောင်မှ၊ ဟေဋ္ဌာ- အောက်ဖြစ်သော၊ ပထဝီ- မြေသည်၊ ဇလတိ- တောက်လောင် ၏။ သူလာနိ- တံကျင်တို့သည်၊ ဇလန္တိ- တောက်လောင်ကုန်၏။ သတ္တာ- သတ္တဝါတို့သည်၊ ဇလန္တိ- တောက်လောင်ကုန်၏။ ဧဝံ- ဤသို့လျှင်၊ သော နိရယော- ထိုငရဲဘုံသည်၊ နိစ္စလေ- မလှုပ်ရှားကုန်သော၊ သတ္တေ- ငရဲသားသတ္တဝါတို့ကို၊ တပတိ- လောင်မြိုက် တတ်၏။ ဣတရသ္မိံ ပန- အခြားသော ပတာပနငရဲ၌ကား၊ နိဗ္ဗတ္တသတ္တေ- ဖြစ်သော ငရဲသားတို့ကို၊ ဇလန္တေဟိ- အလျှံပြောင်ပြောင် တောက်လောင်ကုန်သော၊ အာဝုဓေဟိ- လက်နက်တို့ဖြင့်၊ ပဟရိတွာ- ပုတ်ခတ်၍၊ ဇလိတံ- အလျှံပြောင်ပြောင်တောက်သော၊ အယပဗ္ဗတံ- သံတောင်သို့ အာရောပေန္တိ- တက်ရောက်စေကုန်၏။ တေသံ- ထိုငရဲသားသတ္တဝါတို့၏၊ ပဗ္ဗတမတ္ထကေ- တောင်ထိပ်၌၊ ဌိတကာလေ- တည်သော အခါ၌၊ ကမ္မပစ္စယော- ကံကြောင့်

ဖြစ်သော၊ ဝါတော- လေသည်၊ ပဟရတိ- တိုက်ခတ်၏။ တေ- ထိုငရဲသားတို့သည်၊ တတ္ထ- ထိုတောင်ထိပ်၌၊ သဏ္ဍာတုံ- တည်ခြင်းငှာ၊ အသက္ကောန္တာ- မတတ်နိုင်ကုန်သည် ဖြစ်၍၊ ဥဒ္ဓံပါဒါ- ခြေထောက်မိုးမျှော်၊ အဓောသိရာ- ဦးခေါင်းဇောက်ထိုး၊ ပတန္တိ- ကျကုန်၏။ အထ- ထိုအခါ၌၊ ဟေဋ္ဌာ- အောက်၌၊ အယပထဝိတော- သံဖြင့်ပြီးသော မြေမှ၊ ဇလိတာနိ- အလျှံပြောင်ပြောင် တောက်လောင်ကုန်သော၊ အယသူလာနိ- သံဖြင့်ပြီးသော တံကျင် တို့သည်၊ ဥဋ္ဌဟန္တိ- ထွက်ပေါ်ကုန်၏။ တေ- ထိုငရဲသား သတ္တဝါတို့ကို၊ တာနိ- ထို တံကျင်တို့သည်၊ မတ္ထကေနေဝ- ဦးထိပ်၌ပင်၊ ပဟရိတွာ- ထိုးစိုက်၍၊ တေသု- ထိုတံကျင်တို့၌၊ ဝိနိဝိဒ္ဓသရီရာ- ထိုးစိုက်အပ်သော ကိုယ်ရှိကုန်သည်၊ (ဟုတွာ- ဖြစ်ကုန်၍၊) ဇလန္တာ- တောက်ကုန်လျက်၊ ပစ္စန္တိ- ကျက်ကုန်၏။ ဧဝံ- ဤသို့လျှင်၊ ဧသ- ဤပတာပနငရဲဘုံသည်၊ အတိဝိယ- အလွန်လျှင်၊ တာပေတိ- ပူလောင်စေတတ်၏၊ ဣတိ- ဤကား၊ အတ္ထော- အနက်တည်း။

ဗောဓိသတ္တော ပန- ဘုရားလောင်း သံကိစ္စရသေ့သည်ကား၊ ဧတေ နိရယေ- ထိုငရဲကြီးရှစ်ထပ်တို့ကို၊ ဒဿေန္တော- ပြသည်ရှိသော်၊ ပဌမံ- ရှေးဦးစွာသော၊ သဉ္ဇီဝံ- သဉ္ဇီးငရဲကို၊ ဒဿေတွာ- ပြတော်မူ၍၊ တတ္ထ- ထိုသဉ္ဇီးငရဲ၌၊ ပစ္စန္တေ- ခံရကုန်သော၊ နေရယိကသတ္တေ- ငရဲ၌ဖြစ်သော သတ္တဝါတို့ကို၊ ဒိသွာ- မြင်၍၊ မဟာဇနဿ- များစွာသော လူအပေါင်းအား၊ မဟာဘယေ- ကြီးစွာသော ဘေးသည်၊ ဥပ္ပန္နေ- ဖြစ်သည်ရှိသော်၊ တံ- ထိုသဉ္ဇီးငရဲကို၊ အန္တရဓာပေတွာ- ကွယ်ပျောက်စေ၍၊ ပုန- တစ်ဖန်၊ ပထဝိံ- မြေကြီးကို၊ ဒွိဓာ- နှစ်ဖြာ၊ ကတွာ- ပြု၍၊ ကာဠသုတ္တံ- ကာဠသုတ်ငရဲကို၊ ဒဿေသိ- ပြတော်မူပြီ။ တတ္ထာပိ- ထိုကာဠသုတ်ငရဲ၌လည်း၊ ပစ္စမာနေ- ခံရ ကုန်သော၊ သတ္တေ- (ငရဲသား)သတ္တဝါတို့ကို၊ ဒိသွာ- မြင်၍၊ မဟာဇနဿ- များစွာသော လူအပေါင်းအား၊ မဟာဘယေ- ကြီးစွာသော ဘေးသည်၊ ဥပ္ပန္နေ- ဖြစ်လတ်သော်၊ တမ္ပိ- ထိုကာဠသုတ် ငရဲကိုလည်း၊ အန္တရဓာပေသိ- ကွယ်ပျောက်စေပြီ။ ဣတိ ဧဝံ- ဤသို့၊ ပဋိပါဋိယာ- (ငရဲ၏)အစဉ်အားဖြင့်၊ ဒဿေသိ- ပြတော်မူပြီ။ တတော- ထိုမှ၊ ရာဇာနံ- ပြဟ္မဒတ်မင်းကို၊ အာမန္တေတွာ- သိစေ၍၊ "မဟာရာဇ- မင်းမြတ်၊ တယာ- သင်သည်၊ အဋ္ဌသု- ရှစ်ထပ်ကုန်သော၊ ဣမေသု မဟာနိရယေသု- ဤငရဲကြီးတို့၌၊ ပစ္စမာနေ- ခံရကုန်သော၊ သတ္တေ- ငရဲသားတို့ကို၊ ဒိသွာ- မြင်၍၊ အပ္ပမာဒံ- မမေ့မလျော့ကြောင်းတရားကို၊ ကာတုံ- ပြုခြင်းငှာ၊ ဝဋ္ဋတိ- သင့်၏၊"

ဣတိ- ဤသို့၊ ဝတွာ- မိန့်တော်မူ၍၊ ပုန- တစ်ဖန်၊ တေသညေဝ မဟာနိရယာနံ- ထိုငရဲကြီး ရှစ်ထပ်တို့၏သာလျှင်၊ ကိစ္စံ- ပြုသင့် ပြုထိုက်သော ကိစ္စကို၊ ကထေတုံ- ဟောပြော ခြင်းငှာ၊ "ဣစ္စေတေ"တိ အာဒိံ- 'ဣစ္စေတေ' ဤသို့အစရှိသော ဂါထာကို၊ အာဟ- ဟောတော်မူပြီ။

တတ္ထ- ထို'ဣစ္စေတေ' စသော ဂါထာတို့၌၊ အက္ခာတာတိ- အက္ခာတာ ဟူသည်ကား၊ မယာ စ- ငါသည်လည်း၊ တုယှံ- သင့်အား၊ ကထိတာ- ဟောအပ်ပြီ။ ပေါရာဏကေဟိ စ- ရှေးပုဂ္ဂိုလ်တို့သည်လည်း၊ ကထိတာယေဝ- ဟောအပ်ပြီး သည်သာ။ အာကိဏ္ဏာတိ- အာကိဏ္ဏာဟူသည်ကား၊ ပရိပုဏ္ဏာ- ပြည့်ကုန်၏။ ပစ္စေကာ သောဠသုဿဒါတိ- ပစ္စေကာ သောဠသုဿဒါ ဟူသည်ကား၊ ဧတေသံ နိရယာနံ- ထိုငရဲကြီးတို့၏၊ ဧကေကဿ- တစ်ခုတစ်ခုသော ဘုံ၏၊ စတူသု- လေးခုကုန်သော၊ ဒွါရေသု- တံခါးတို့တွင်၊ ဧကေကသ္မိံ- တစ်ခုတစ်ခုသော တံခါး၌၊ စတ္တာရော စတ္တာရော- လေးခု လေးခုတို့ကို၊ ကတွာ- ပြု၍၊ သောဠသ သောဠသ ဥဿဒနိရယာ- တစ်ဆယ့်ခြောက်ပါး တစ်ဆယ့်ခြောက်ပါးကုန်သော ငရဲငယ်တို့သည်၊ (ဟောန္တိ- ဖြစ်ကုန်၏)။ ဣတိ- ဤသို့၊ သဗ္ဗေပိ- အလုံးစုံလည်း ဖြစ်ကုန်သော၊ ဥဿဒနိရယာ- ငရဲငယ်တို့သည်၊ သတံ စ- တစ်ရာလည်းကောင်း၊ အဋ္ဌဝီသတိ စ- နှစ်ဆယ့်ရှစ်ခုတို့လည်းကောင်း၊ မဟာနိရယာ- ငရဲကြီးတို့သည်၊ အဋ္ဌ စ- ရှစ်ခု တို့လည်းကောင်း၊ ဣတိ- ဤသို့ ဆတ္တိံသနိရယသတံ- တစ်ရာသုံးဆယ့် ခြောက်ပါးသော ငရဲဘုံသည်၊ (ဟောတိ- ဖြစ်၏)။ ကဒရိယတာပနာတိ- ကဒရိယ တာပနာ ဟူသည်ကား၊ သဗ္ဗေတေ- ထိုအလုံးစုံသော ငရဲတို့သည်၊ ကဒရိယာနံ- ဝန်တိုစဉ်းလဲသောသူတို့၏၊ တာပနာ- ကျက်ရာတို့သည်၊ (ဟောန္တိ- ဖြစ်ကုန်၏)။ ဗလဝဒုက္ခတာယ- အားကြီးသော ဆင်းရဲခြင်းရှိသည်၏ အဖြစ်ကြောင့်၊ ဃောရာ- ကြမ်းကုန်၏။ ကမ္မနိဗ္ဗတ္တာနံ- ကံကြောင့်ဖြစ်ကုန်သော၊ အစ္စီနံ- မီးလျှံတို့၏၊ အတ္ထိတာယ- ရှိသည်၏ အဖြစ်ကြောင့်၊ အစ္စိမန္တော- မီးလျှံရှိကုန်၏။ ဘယဿ- ဘေး၏၊ မဟန္တတာယ- ကြီးသည်၏အဖြစ်ကြောင့်၊ မဟဗ္ဘယာ- ကြီးမားသော ဘေးကြီးရှိကုန်၏။ ဒိဋ္ဌမတ္တာ ဝါ- မြင်ကာမျှသော်လည်းကောင်း၊ သုတမတ္တာ ဝါ- ကြားကာမျှသော်လည်းကောင်း၊ လောမာနိ- အမွေးတို့သည်၊ ဟံသန္တိ- ရှင်ကုန်၏။ ဣတိ- ထို့ကြောင့်၊ လောမဟံသနရူပါ စ- ကြက်သီး မွေးညင်းထသော သဘော

ရှိကုန်၏။ ဘီသနတာယ- ကြောက်မက်ဖွယ် ကောင်းသည်၏ အဖြစ်ကြောင့်၊ ဘေသွာ- ကြောက်မက်ဖွယ် ကောင်းကုန်၏။ ဘယဇနနတာယ- ဘေးကို ဖြစ်စေတတ်သည်၏ အဖြစ်ကြောင့်၊ ပဋိဘယာ- ဘေးကို ဖြစ်စေတတ်ကုန်၏။ သုခါဘာဝေန- ချမ်းသာ၏ မရှိခြင်းကြောင့်၊ ဒုခါ- ဆင်းရဲကုန်၏။ စတုက္ကဏ္ဏာတိ- စတုက္ကဏ္ဏာ ဟူသည်ကား၊ သဗ္ဗေပိ- အလုံးစုံသော ငရဲဘုံတို့သည်လည်း၊ စတုရဿ မဉ္ဇူသသဒိသာ- လေးထောင့်ရှိသော သေတ္တာနှင့် တူကုန်၏။ ဝိဘတ္တာတိ- ဝိဘတ္တာ ဟူသည်ကား၊ စတုဒ္ဒွါရဝသေန- တံခါးလေးခု၏ အစွမ်းဖြင့်၊ ဝိဘတ္တာ- ပိုင်းခြားအပ်ကုန်၏။ ဘာဂသော မိတာတိ- ဘာဂတော မိတာ ဟူသည်ကား၊ ဒွါရဝီထိနံ- တံခါးပေါက်မှ ဝင်ရာလမ်းတို့၏၊ ဝသေန- အစွမ်းအားဖြင့်၊ ကောဋ္ဌာသေ- အဖို့အစုတို့ကို၊ ဌပေတွာ- ထား၍၊ မိတာ- တိုင်းတာအပ်ကုန်၏။ အယသာ ပဋိကုဇ္ဇိတာတိ- အယသာ ပဋိကုဇ္ဇိတာ ဟူသည်ကား၊ [နှာ-၂၉၀] သဗ္ဗေပိ- အလုံးစုံသော ငရဲဘုံတို့သည်လည်း၊ နဝ ယောဇနိကေန- ကိုးယူဇနာရှိသော၊ အယကပါလေန- သံအိုးကင်းဖြင့်၊ ပဋိစ္ဆန္နာ- ဖုံးအုပ်ကုန်၏။ ဖုဋ္ဌာ တိဋ္ဌန္တိတိ- ဖုဋ္ဌာ တိဋ္ဌန္တိ ဟူသည်ကား၊ သဗ္ဗေပိ- အလုံးစုံသော ငရဲဘုံတို့သည်လည်း၊ ဧတ္တကံ- ဤမျှလောက်သော၊ ဌာနံ- အရပ်ကို၊ အနုဖရိတွာ- ပျံ့နှံ့၍၊ တိဋ္ဌန္တိ- တည်ကုန်၏။

ဥဒ္ဒံပါဒါ အဝံသိရာတိ- ဥဒ္ဒံပါဒါ အဝံသိရာ ဟူသည်ကား၊ ဧဝံ- ဤသို့လျှင်၊ တေသု တေသု နိရယေသု- ထိုထိုငရဲတို့၌၊ သမ္ပရိဝတ္တိတွာ- ပြန်လှန်၍၊ ပုနပ္ပုနံ- အဖန်ဖန်၊ ပတမာနေ- ကျသည်တို့ကို၊ သန္ဓာယ- ရည်ရွယ်၍၊ အာဟ- ဆိုပြီ။ အတိဝတ္တာရောတိ- အတိဝတ္တာရော ဟူသည်ကား၊ ဖရုသဝါစာဟိ- ကြမ်းသော စကားတို့ဖြင့်၊ အတိက္ကမိတွာ- လွန်ကျူး၍၊ ဝတ္တာရော- ဆိုတတ်သူတို့တည်း။ မဟာနိရယေသု- ငရဲကြီးတို့၌၊ ယေဘုယျေန- များသောအားဖြင့်၊ ဓမ္မိကသမဏ ဗြာဟ္မဏေသု- တရားရှိသော ရဟန်းပုဏ္ဏားတို့၌၊ ကတာပရာဓာဝ- ပြုအပ်ပြီးသော ပြစ်မှားခြင်း ရှိသူတို့သည်သာလျှင်၊ ပစ္စန္တိ ကိရ- ကျက်ကုန်သတတ်၊ တသ္မာ- ထို့ကြောင့်၊ ဧဝံ- ဤသို့၊ အာဟ- ဆိုပြီ။ တေ ဘူနဟုနောတိ[၁]- တေ ဘူနဟုနော

၁။ ဘူနဟုနော• ဤ၌ ဝုမ္မိယာ ဟတတ္တာ-ဟု ဖွင့်သည်၊ မဇ္ဈိမဋီကာ၌ ဘူနံ ဝုစ္စတိ ဝုဒ္ဓိတံ၊ တံ ဟန္တိတိ ဘူနဟုနော-ဟု ဖွင့်သည်၊ ဖွင့်ပုံ မတူပေ။ မိမိ၏ အစီးအပွားကို ဖျက်ဆီးသူ-ဟု ကတ္တုကြံထား၏၊ မင်းစည်းစိမ်သည် မိမိ၏အစီးအပွားတည်း၊

ဟူသည်ကား၊ ဣသိနံ- ရသေ့တို့ကို၊ အတိဝတ္တာရော- လွန်ကျူး၍ဆိုကုန်သော၊ အတ္တနော- မိမိ၏၊ ဝုမိယာ- အစီးအပွားကို၊ ဟတတ္တာ- ဖျက်စီးတတ်သည်၏ အဖြစ်ကြောင့်၊ ဘူနဟုနော- ဘူနဟု မည်ကုန်သော (ဝါ) မိမိ၏အစီးအပွားကို ဖျက်စီးတတ်ကုန်သော၊ တေ- ထိုသူတို့သည်၊ ကောဋ္ဌသကတာ- အစုံအစုံ ပြုအပ်ကုန်သော၊ မစ္ဆာ ဝိယ- ငါးတို့ကဲ့သို့၊ ပစ္စန္တိ- ကျက်ကုန်၏။ အသခေ်ယျေတိ- အသခေ်ယျေ ဟူသည်ကား၊ ဂဏေတုံ- ရေတွက်ခြင်းငှာ၊ အသက္ကုဏေယျေ- မတတ်ကောင်းကုန်။ ကိဗ္ဗိသကာရိနောတိ- ကိဗ္ဗိသကာရိနော ဟူသည်ကား၊ ဒါရုဏကမ္မကာရိနော- ကြမ်းတမ်းသောအမှုကို ပြုလေ့ရှိကုန်သောသူတို့သည်။ နိက္ခမနေသိနောတိ- နိက္ခမနေသိနော ဟူသည်ကား၊ နိရယာ- ငရဲဘုံမှ၊ နိက္ခမနံ- ထွက်ရာကို၊ ဧသန္တာပိ- ရှာပါကုန်သော်လည်း၊ ဂဝေသန္တာပိ- ရှာပါကုန်သော်လည်း၊ နိက္ခမနဒွါရံ- ထွက်ရာ တံခါးသို့၊ နာဓိဂစ္ဆန္တိ- မရောက်နိုင်ကုန်။ ပုရတ္ထိမေနာတိ- ပုရတ္ထိမေန ဟူသည်ကား၊ ယဒါ- အကြင်အခါ၌၊ တံ ဒွါရံ- ထိုတံခါးသည်၊ အပါရုတံ- မပိတ်အပ်သည်၊ ဟောတိ- ဖြစ်၏။ အထ- ထိုအခါ၌၊ တံ- ထိုတံခါးသို့၊ အဘိမုခါ- ရှေ့ရှု ဓာဝန္တိ- ပြေးကုန်၏။ တတ္ထ- ထိုတံခါး၌၊ တေသံ- ထိုငရဲသားတို့၏၊ ဆဝိအာဒီနိ- အရေအစရှိသည်တို့သည်၊ ဈာယန္တိ- လောင်ကုန်၏။ ဒွါရသမီပံ- တံခါး၏အနီးသို့၊ ပတ္တာနဉ္စ- ရောက်သည်လည်း ဖြစ်ကုန်သော၊ တေသံ- ထိုငရဲသားတို့အတွက်၊ တံ-

---

ထိုစည်းစိမ်ကြောင့် ပိတုဃာတက-ကံကို ပြုမိသဖြင့် အစီးအပွားသည် ဖျက်ဆီးအပ်သူ-ဟု ဤ၌အဓိပ္ပါယ်ယူထားသည်။ ဘူ-ဓာတ် တ-ပစ္စည်း၊ တ-ကို န-ပြု၊ ဘူန-ဟုဖြစ်၏၊ ဟန-ဓာတ် ကွိ-ပစ္စည်း ဓာတွန် န-ကိုချေ၊ ဘူနဟ-ဟုဖြစ်၏၊ အ-ကို ဥ-ပြု၍ ဘူနဟု-ပုံစံပြောင်းသွားသည်၊ ယော-ဝိဘတ်ကို နော-ပြု။ ဘူနဟ-သည် ပုံစံမှန် ဖြစ်သည်၊ သက္ကတအလို ဘူတသည် သတ္တဝါကို ဟော၏၊ ဘူတိ-ကသာ ကြီးပွားခြင်းကို ဟော၏၊ ဟ-သည် သတ်ခြင်းအနက်ကို ဟော၏၊ ထို့ကြောင့် ဘူနဟ-သည် သူသတ်သမားဟူသော အနက်ကို ဟောသောပုဒ် ဖြစ်သည်၊ ဘူတ-မှ ဘူနသို့ အသံပြောင်းခြင်း၊ ဟ-မှ ဟု-သို့ အသံပြောင်းခြင်းများသည် ရှေးခေတ်ဟောင်း၌ပင် မှားယွင်းစွာ အသံထွက်နေကြခြင်း ဖြစ်သည်ဟု ပါဠိအင်္ဂလိပ်အဘိဓာန်၌ ဝေဖန်ထားသည်။

ထိုတံခါးသည်၊ ပိဓိယတိ- ပိတ်အပ်၏။ ပစ္ဆိမဒွါရံ- အနောက်တံခါးသည်၊ အပါရုတံ ဝိယ- မပိတ်အပ်သကဲ့သို့ ခါယတိ- ထင်ပြန်၏။ သဗ္ဗတ္ထ- အလုံးစုံ၌၊ ဧသ နယော- ဤနည်းပင်တည်း။ န သာဓုရူပေတိ- န သာဓုရူပေ ဟူသည်ကား၊ ဝုတ္တပ္ပကာရံ- ဆိုအပ်ပြီးသော အပြားရှိသော၊[၁] သပ္ပံ ဝိယ- မြွေကိုကဲ့သို့ သာဓုရူပေ- ကောင်းသော သဘောရှိကုန်သော၊ ဣသယော- ရသေ့တို့ကို၊ န အာသီဒေ- မထိပါးရာ၊ (ဝါ) မပုတ်ခတ်ရာ၊[၂] ဖရုသဝစနေန ဝါ- ကြမ်းတမ်းသော စကားဖြင့်လည်းကောင်း၊ ကာယကမ္မေန ဝါ- ကြမ်းတမ်းသော ကာယကံဖြင့်လည်းကောင်း၊ ယဋ္ဌေန္တော- ထိပါးလျက်၊ န ဥပဂစ္ဆေယျ- မချဉ်းကပ်ရာ။ ကိံ ကာရဏာ? အဘယ်အကြောင်း ကြောင့်နည်း ဟူမူကား၊ သညတာနံ- ကိုယ်နှုတ်ကို စောင့်စည်းကုန်သော၊ တပဿိနံ- ရသေ့တို့ကို၊ အာသာဒိတတ္တာ- ထိပါးသည်၏ အဖြစ်ကြောင့်၊ အဋ္ဌသု- ရှစ်ခုကုန်သော၊ မဟာနိရယေသု- ငရဲကြီးတို့၌၊ မဟာဒုက္ခံ- ကြီးစွာသော ဒုက္ခကို၊ အနုဘဝိတဗ္ဗတ္တာ- ခံစားအပ်သည်၏ အဖြစ်ကြောင့်တည်း။

ဣဒါနိ- ယခုအခါ၌၊ ယေ ရာဇာနော- အကြင်မင်းတို့သည်၊ တထာရူပေ- ထိုသို့ သဘောရှိသော ရသေ့တို့ကို၊ အာသာဒေတွာ- ထိပါးပုတ်ခတ်၍၊ တံ ဒုက္ခံ- ထိုကြီးစွာသော ဆင်းရဲသို့ ပတ္တာ- ရောက်ကုန်၏။ တေ- ထိုမင်းတို့ကို၊ ဒဿေတုံ- ပြခြင်းငှာ၊ "အတိကာယော"တိအာဒိံ- အတိကာယော ဤသို့ အစရှိသည်ကို၊ အာဟ- ဆိုပြီ။ တတ္ထ- ထို အတိကာယော အစရှိသော ဂါထာတို့၌၊ အတိ ကာယောတိ- အတိကာယော ဟူသည်ကား၊ ဗလသမ္ပန္နော- အားနှင့်ပြည့်စုံသော၊ မဟာကာယော- ကြီးမားသော ကိုယ်ရှိထသော။ မဟိဿာသောတိ- မဟိဿာသော ဟူသည်ကား၊ မဟာဓနုဂ္ဂဟော- မြတ်သော လေးသမားလည်း ဖြစ်ထသော။ ကေကကာဓိပေါတိ- ကေကကာဓိပေါ ဟူသည်ကား၊

---

၁။ ဝုတ္တပ္ပကာရံ-ဤပုဒ်သည် သပ္ပံ-ဟူသောပုဒ်ကို အထူးပြုသော ပုဒ်ဖြစ်သည်၊ အောက်၌ ကြမ်းတမ်းသော ပြင်းထန်သော အဆိပ်ရှိသော-ဟု ပြဆိုခဲ့ပြီးဖြစ်သည်၊ ထိုစကားရပ်တို့ကို ငဲ့သည်ဟု ဆိုရမည်။

၂။ အာသီဒေ- အာရှေးရှိသော သဒ-ဓာတ် ညှင်းဆဲခြင်းအနက်ဟော၊ သတ္တမိဝိဘတ်ဖြင့် ရုပ်ပြီးသည်၊ မညှင်းဆဲရာ-ဟု ဓာတွတ္ထဒီပနီ ပေါ်အောင် ပေးလေ။

ကေကကရဋ္ဌာဓိပတိ- ကေကကတိုင်း၏အရှင် ဖြစ်သော။ သဟာဿဗာဟူတိ- သဟာဿဗာဟု ဟူသည်ကား၊ ပဉ္စဟိ- ငါးပါးကုန်သော၊ ဓနုဂ္ဂဟသတေဟိ- လေးသမားအရာတို့သည်၊ ဗာဟုသဟဿေန- လက်ရုံးတစ်ထောင်ဖြင့်၊ အာရောပေတဗ္ဗံ- တင်အပ်သော၊ ဓနုံ- လေးကို၊ အာရောပနသမတ္ထတာယ- တစ်ယောက်တည်း တင်ခြင်းငှာ စွမ်းနိုင်သည်၏အဖြစ်ကြောင့်၊ သဟာဿဗာဟု- သဟာဿဗာဟု အမည်ရှိသော မင်းသည်။ ဝိဘဝင်္ဂတောတိ- ဝိဘဝင်္ဂတော ဟူသည်ကား၊ ဝိနာသံ- ပျက်စီးခြင်းသို့ ပတ္တော- ရောက်ခဲ့ပြီ။ ပန- ဆက်၍ ဆိုဦးအံ့၊ ဝတ္ထုနိ- ဝတ္ထုတို့ကို၊ သရဘင်္ဂဇာတကေ- သရဘင်္ဂဇာတ်၌၊ ဝိတ္ထာရိတာနိ- ချဲ့အပ်ကုန်ပြီ။ ဥပဟစ္စမနန္တိ- ဥပဟစ္စမနံ ဟူသည်ကား၊ အတ္တနော- မိမိ၏၊ စိတ္တံ- စိတ်ကို၊ ပဒူသေတွာ- ဖျက်စီး၍။ မာတင်္ဂသ္မိန္တိ- မာတင်္ဂသ္မိံ ဟူသည်ကား၊ မာတင်္ဂပဏ္ဍိတေ- မာတင်္ဂ အမည်ရှိသော ရသေ့ပညာရှိ၌။ ဝတ္ထု- ဝတ္ထုကို၊ မာတင်္ဂဇာတကေ- မာတင်္ဂဇာတ်၌၊ ဝဏ္ဏိတံ- ဖွင့်ဆိုအပ်ပြီ။ ကဏှဒီပါယနာသဇ္ဇာတိ- ကဏှဒီပါယနာသဇ္ဇာ ဟူသည်ကား၊ ကဏှဒီပါယနံ- ကဏှဒီပါယနအမည်ရှိသော ရသေ့ကို၊ အာသဇ္ဇ- ထိပါး၍။ ယမသာဓနန္တိ- ယမသာဓနံ ဟူသည်ကား၊ နိရယပါလကရညော- ငရဲထိန်းမင်း၏၊ အာဏာ ပဝတ္တဋ္ဌာနံ- အာဏာစက်ဖြစ်ရာ အရပ်သို့။ ဝတ္ထု- ဝတ္ထုကို၊ ယဋ္ဌပဏ္ဍိတဇာတကေ- ယဋ္ဌပဏ္ဍိတဇာတ်၌၊ ဝိတ္ထာရိတံ- ချဲ့အပ်ပြီ။ ဣသိနာတိ- ဣသိနာ ဟူသည်ကား၊ ကပိလတာပသေန- ကပိလရသေ့သည်။ ပါဝေက္ခီတိ- ပါဝေက္ခိ ဟူသည်ကား၊ ပဝိဋ္ဌော- ဝင်ခဲ့ပြီ။ စေစ္စောတိ- စေစ္စော ဟူသည်ကား၊[1] စေတိယရာဇာ- စေတိယမင်းသည်။ ဟီနတ္တောတိ- ဟီနတ္တော ဟူသည်ကား၊ ပရိဟီနတ္တဘာဝေါ- ယုတ်သော ကိုယ်ရှိသည်ဖြစ်၍၊ အန္တရဟိတတ္တဒ္ဓိ- ကွယ်ပျောက်သော တန်ခိုးရှိသည် ဖြစ်၍။ ပတ္တပရိယာယန္တိ- ပတ္တပရိယာယံ ဟူသည်ကား၊ ပရိယာယံ- သေခြင်းသို့ မရဏကာလံ- သေချိန်သို့ ပတွာ- ရောက်၍။ ဝတ္ထု- ဝတ္ထုကို၊ စေတိယဇာတကေ- စေတိယဇာတ်၌၊ ကထိတံ- ဆိုအပ်ပြီ။

---

၁။ စေစ္စော• စေတိယ-ပုဒ်၌ တိယ-ကို တျ-ပြု၊ ထို့နောက် တျ-ကို စ္စ-ပြု၍ စေစ္စ-ဟု ပုဒ်ဖြစ်လာသည်။

[နှာ-၂၉၁] တသ္မာ ဟီတိ- တသ္မာ ဟိ ဟူသည်ကား၊ ယသ္မာ- အကြင့်ကြောင့်၊ စိတ္တာဝသိကော- စိတ်အလိုသို့ လိုက်သည်၊ ဟုတွာ- ဖြစ်၍၊ ဣသီသု- ရသေ့တို့၌၊ အပရဒ္ဓိတွာ- ပြစ်မှား၍၊ အဋ္ဌသု- ရှစ်ခုကုန်သော၊ မဟာနိရယေသု- ငရဲကြီးတို့၌၊ ပစ္စတိ- ကျက်ရ၏။ တသ္မာ ဟိ- ထို့ကြောင့်ပင်လျှင်။ ဆန္ဒာဂမနန္တိ- ဆန္ဒာဂမန် ဟူသည်ကား၊ ဆန္ဒာဒိစတုဗ္ဗိဓမ္ပိ- ဆန္ဒအစရှိသော လေးပါးအပြားရှိသည်လည်း ဖြစ်သော၊ အဂတိဂမနံ- မလားအပ်သည်သို့ လားခြင်းကို။ ပဒုဋ္ဌေနာတိ- ပဒုဋ္ဌေန ဟူသည်ကား၊ ကုဒ္ဓေန- အမျက်ထွက်သော။ ဂန္တွာ သော နိရယံ အဓောတိ- ဂန္တွာ သော နိရယံ အဓော ဟူသည်ကား၊ သော- ထိုသူသည်၊ အဓော ဂမနိယေန- အောက်သို့သွားကြောင်းဖြစ်သော၊ တေန ကမ္မေန- ထိုအကုသိုလ်ကံကြောင့်၊ အဓော နိရယမေဝ- အောက်ငရဲသို့သာလျှင်၊ ဂစ္ဆတိ- သွားရ၏။ ပါဠိယံ ပန- ပါဠိတော်၌ကား၊ "နိရယုဿဒ"န္တိ- နိရယုဿဒံ ဟူ၍၊ လိခိတံ- ရေးအပ်ပြီ။ တဿ- ထိုနိရယုဿဒံ ဟူသော ပါဌ်၏၊ ဥဿဒနိရယံ- ငရဲငယ်သို့၊ ဂစ္ဆတိ- သွားရ၏။ ဣတိ- ဤသို့၊ အတ္ထော- အနက်ကို၊ (ဝေဒိတဗ္ဗော- သိအပ်၏)။ ဝုဍ္ဎေတိ- ဝုဍ္ဎေ ဟူသည် ကား၊ ဝယောဝုဍ္ဎေ စ- အရွယ်အားဖြင့် ကြီးသူတို့ကိုလည်းကောင်း၊ ဂုဏဝုဍ္ဎေ စ- ဂုဏ်အားဖြင့် ကြီးသူတို့ကိုလည်းကောင်း။ အနပစ္စာတိ- အနပစ္စာ ဟူသည်ကား၊ ဘဝန္တရေပိ- ဘဝတစ်ပါး၌လည်း၊ အပစ္စံ ဝါ- သားကိုလည်းကောင်း၊ ဒါယာဒံ ဝါ- အမွေခံကို လည်းကောင်း၊ န လဘန္တိ- မရကုန်။ ဣတိ- ဤကား၊ အတ္ထော- အနက်တည်း။ တာလာဝတ္ထူတိ- တာလာဝတ္ထု ဟူသည်ကား၊ ဒိဋ္ဌေဓမ္မေပိ- မျက်မှောက်ဘဝ၌လည်း၊ ဆိန္နမူလတာလော ဝိယ- အမြစ်ရင်းပြတ်သော ထန်းပင်ကဲ့သို့ မဟာဝိနာသံ- ကြီးစွာသော ပျက်စီးခြင်းသို့ ပတွာ- ရောက်၍၊ နိရယေ- ငရဲ၌၊ နိဗ္ဗတ္တန္တိ- ဖြစ်ရကုန်၏။ ယော စ ပဗ္ဗဇိတံ ဟန္တိတိ- ယော စ ပဗ္ဗဇိတံ ဟန္တိ ဟူသည်ကား၊ ယော ဗာလဇနော- အကြင်ညဏ်မဲ့သော သူသည်၊ သမဏံ- ရဟန်းကို၊ ဟနတိ- သတ်၏။ စိရရတ္တာယာတိ- စိရရတ္တာယ ဟူသည်ကား၊ စိရံ ကာလံ- ကြာမြင့်စွာသော ကာလပတ်လုံး။

ဧဝံ- ဤသို့၊ မဟာသတ္တော- ဘုရားအလောင်းသည်၊ ဣသိဝိဟေဌကာနံ- ရသေ့တို့ကို ညှဉ်းဆဲကုန်သော သူတို့၏၊ ပစ္စနနိရယေ- ကျက်ရာငရဲတို့ကို၊ ဒဿေတွာ- ပြပြီး၍၊ ဥပရိ- အထက်၌၊ အဓမ္မိကရာဇူနံ- တရားမစောင့်သော

မင်းတို့၏၊ ပစ္စနိကေ- ကျက်ရာငရဲတို့ကို၊ ဒဿေန္တော- ပြလိုသည်ဖြစ်၍၊ "ယော စာ"တိအာဒိ- 'ယော စ' ဤသို့အစရှိသော စကားရပ်ကို၊ အာဟ- ဆိုပြီ။ တတ္ထ- ထို 'ယော စ' အစရှိသော ဂါထာတို့၌၊ ရဋ္ဌဝိဒ္ဓံသနောတိ- ရဋ္ဌဝိဒ္ဓံသနော ဟူသည်ကား၊ ဆန္ဒာဒိဝသေန- ဆန္ဒအစရှိသည်၏ အစွမ်းအားဖြင့်၊ ဂန္တွာ- သွား၍၊ ရဋ္ဌသီ- တိုင်းနိုင်ငံကို၊ ဝိဒ္ဓံသနော- ဖျက်စီးတတ်သော။ အစ္စိသံယပရေတောတိ- အစ္စိသံယ ပရေတော ဟူသည်ကား၊ အစ္စိသမူဟပရိက္ခိတ္တော- မီးလျှံအပေါင်းသည် ဝန်းရံ အပ်သော။ တေဇောဘက္ခသာတိ- တေဇောဘက္ခသ ဟူသည်ကား၊ အဂ္ဂိမေဝ- မီးကိုသာလျှင်၊ ခါဒန္တသ- ခဲစားသော ငရဲသား၏။ ဂတ္တာနီတိ- ဂတ္တာနိ ဟူသည်ကား၊ တိဂါဝုတေ- သုံးဂါဝုတ်ရှိသော၊ သရီရေ- ကိုယ်၌၊ သဗ္ဗင်္ဂပစ္စင်္ဂါနိ- အလုံးစုံသော အင်္ဂါကြီးငယ်တို့သည်။ လောမဟိ စ နခေဟိ စာတိ- လောမဟိ စ နခေဟိ စ ဟူသည်ကား၊ ဧတေဟိ- ထိုမွေးညင်း လက်သည်းခြေသည်းတို့နှင့်၊ သဒ္ဓိံ- အတူ၊ သဗ္ဗာနိ- အလုံးစုံသော ကိုယ်အင်္ဂါ အစိတ်အပိုင်းတို့သည်၊ ဧကဇာလာနိ- တစ်ခဲနက်သော မီးလျှံတို့သည်၊ ဟောန္တိ- ဖြစ်ကုန်၏။ တုတ္တဋ္ဋိတောတိ- တုတ္တဋ္ဋိတော ဟူသည်ကား၊[၁] အာနေဥဋ္ဌကာရဏံ- မလှုပ်ရှားသော အမှုကို၊ ကာရိယမာနော- ပြုစေအပ်သော၊ တုတ္တေဟိ- သံချွန်တပ်သော ချွန်းတို့ဖြင့်၊ ဝိဒ္ဓေါ- ထိုးအပ်သော၊ နာဂေါ ယထာ- ဆင်ကဲ့သို့၊ နဒတိ- အော်မြည်၏။

ဧဝံ- ဤသို့၊ မဟာသတ္တော- ဘုရားအလောင်းသည်၊ အဓမ္မိကရာဇူနံ- တရား မစောင့်သော မင်းတို့၏၊ ပစ္စနိကေ- ကျက်ရာငရဲတို့ကို၊ ဒဿေတွာ- ပြပြီး၍၊ ဣဒါနိ- ယခုအခါ၌၊ ပိတုဃာတကာဒီနံ- အဖသတ်သူ စသည်တို့၏၊ ပစ္စနိကေ- ကျက်ရာငရဲတို့ကို၊ ဒဿေတုံ- ပြခြင်းငှာ၊ "ယော လောဘာ"တိ အာဒိ- 'ယော လောဘာ' ဤသို့ အစရှိသော စကားကို၊ အာဟ- ဆိုပြီ။ တတ္ထ- ထို 'ယော လောဘာ'

---

၁။ တုတ္တဋ္ဋိတော• တုဒတိ အနေနာတိ တုတ္တံ-ဆင်၏နားရင်း၌ ထိုးကြောင်းဖြစ်သော သံချွန်တပ်သော အရိုးရှည်နှင်တံ ခက်ရင်းကို တုတ္တ-ဟု ခေါ်၏၊ အဋ္ဋ-ဓာတ်၊ တ-ပစ္စည်း၊ က္က-သရခံ၍ဆက်၊ နှိပ်စက်အပ်သော-ဟု အဓိပ္ပါယ်ရ၏၊ မလှုပ်ရှားနိုင်အောင် ပြုလုပ်ခြင်းကို အပြုခံထားရသော ဆင်သည် သံချွန်တပ်ခက်ရင်း (ဝါ) သံချွန်တပ် နှင်တံဖြင့် ထိုးသော် အော်မြည်သကဲ့သို့ အော်မြည်၏-ဟုလို။

စသော ဂါထာတို့၌၊ လောဘာတိ- လောဘာ ဟူသည်ကား၊ ယသနေလောဘေန- အခြံအရံဥစ္စာကို တပ်မက်သော လောဘကြောင့်။ ဒေါသာ ဝါတိ- ဒေါသာ ဝါ ဟူသည်ကား၊ ဒုဋ္ဌစိတ္တတာယ ဝါ- ဒေါသသည် ဖျက်စီးအပ်သော စိတ်ရှိသည်၏ အဖြစ်ကြောင့်လည်းကောင်း။ နိတ္တစန္တိ- နိတ္တစံ ဟူသည်ကား၊ လောဟကုမ္ဘိယံ- လောဟကုမ္ဘိငရဲ၌၊ ဗဟူနိ- များစွာကုန်သော၊ ဝဿသဟဿာနိ- အနှစ် တစ်ထောင်တို့ပတ်လုံး၊ ပက္ကံ- ကျက်ပြီးသူကို၊ နီဟရိတွာ- ထုတ်၍၊ အဿ- ထိုငရဲသား၏၊ တိဂါဝုတံ- သုံးဂါဝုတ်ရှိသော၊ သရီရံ- ကိုယ်ကို၊ နိတ္တစံ- အရေမရှိသည်ကို၊ ကတွာ- ပြု၍၊ ဇလိတာယ- အလျှံပြောင်ပြောင်တောက်သော၊ လောဟပထဝိယံ- သံမြေကြီး၌၊ ပါတေတွာ- ကျစေ၍၊ တိဏှေဟိ- ထက်ကုန်သော၊ အယသူလေဟိ- သံဖြင့် ပြီးသော တံကျင်တို့ဖြင့်၊ ကောဋ္ဋေတွာ- ထိုးစိုက်၍၊ စုဏ္ဏဝိစုဏ္ဏံ- မုန့်မုန့်ညက်ညက်၊ ကရောန္တိ- ပြုကုန်၏။ အန္ဓံ ကရိတွာတိ- အန္ဓံ ကရိတွာ ဟူသည်ကား၊ မဟာရာဇ- မြတ်သော မင်းကြီး၊ တံ ပိတုဃာတကံ- ထိုအဖသတ်ငရဲသားကို၊ နိရယပါလာ- ငရဲထိန်းတို့သည်၊ ဇလိတလောဟပထဝိယံ- အလျှံပြောင်ပြောင်တောက်သော သံမြေပြင်၌၊ ဥတ္တာနံ- ပက်လက်၊ ပါတေတွာ- ကျစေ၍၊ ဇလိတေဟိ- အလျှံတောက်ကုန်သော၊ အယသူလေဟိ- သံတံကျင်တို့ဖြင့်၊ အက္ခီနိ- မျက်စိတို့ကို၊ ဘိန္ဒိတွာ- ထိုးစိုက်၍၊ အန္ဓံ- ကန်းသည်ကို၊ ကရိတွာ- ပြု၍၊ မုခေ- ပါးစပ်၌၊ ဥဏှံ- ပူသော၊ မုတ္တကရီသံ- ကျင်ငယ်ကျင်ကြီးကို၊ ပက္ခိပိတွာ- ထည့်၍၊ ပလာလပိဌံ ဝိယ- ကောက်ရိုးအင်းပျဉ်ကဲ့သို့၊[1] နံ- ထိုငရဲသားကို၊ ပရိဝတ္တေတွာ- လူးလိမ့်စေ၍၊ ကပ္ပေန- ကမ္ဘာရှည်ကြာစွာ၊ သဏ္ဍိတေ- တည်သော၊ ခါရေ- ငန်သော၊ လောဟဥဒကေ- သံရေ၌၊ နိမုဇ္ဇာပေန္တိ- ငုတ်စေကုန်၏။ တတ္တံ ပက္ကုထိတမယောဂုဠဉ္စာတိ- တတ္တံ ပက္ကုထိတမယောဂုဠဉ္စ ဟူသည်ကား၊ ပုန- တစ်ဖန်၊ ပက္ကုထိတံ- ပွက်ပွက်ဆူသော၊ ဂူထကလလဉ္စ- မစင် ညွန်ပျောင်းကိုလည်းကောင်း၊ ဇလိတအယောဂုဠဉ္စ- အလျှံတောက်သော သံတွေခဲကိုလည်းကောင်း၊ ခါဒါပေန္တိ- ခဲစားစေကုန်၏။ ပန- ဆက်၍ ဆိုဦးအံ့၊ သော-

---

၁။ ပလာလပိဌံ-ကောက်ရိုးဖြင့် ပြုလုပ်ထားသောအခင်းကို ကောက်ရိုးအင်းပျဉ်-ဟု ခေါ်၏။

ထိုငရဲသားသည်၊ တံ- ထိုမစင်ညွန်ပျောင်း စသည်ကို၊ အာဟရိယမာနံ- ဆောင်ယူအပ် သည်ကို၊ ဒိသွာ- မြင်၍၊ မုခံ- ပါးစပ်ကို၊ ပိဓေတိ- ပိတ်ထား၏။ အထ- ထိုအခါ၌၊ ဒီဃေ- ရှည်သော၊ စိရတာပိတေ- ကြာမြင့်စွာကျက်အပ်သော၊ ဇလမာနေ- အလျှံ တောက်သော၊ ဖာလေ- ထွန်သွားတို့ကို၊ အာဒါယ- ယူ၍၊ အဿ- ထိုငရဲသား၏၊ မုခံ- ပါးစပ်ကို၊ ဝိက္ခမ္ဘေတွာ ဝိဝရိတွာ- ဖွင့်ဟ၍၊ ရဇ္ဇုဗဒ္ဓံ- ကြိုးဖြင့် ဖွဲ့ချည်အပ်သော၊ [နှာ-၂၉၂] အယဗလိသံ- သံငါးမျှားချိတ်ကို၊ ခိပိတွာ- ပစ်သွင်း၍၊ ဇိဝှံ- လျှာကို၊ နီဟရိတွာ- ထုတ်၍၊ တသ္မိံ မုခေ- ထိုပါးစပ်သည်၊ ဝိဝဋေ- ပွင့်သည်ရှိသော်၊ တံ အယောဂုဠံ- ထိုသံတွေခဲကို၊ သမ္ပဝိသန္တိ ပက္ခိပန္တိ- ထည့်သွင်းကြကုန်၏။ ရက္ခသာတိ- ရက္ခသာ ဟူသည်ကား၊ နိရယပါလာ- ငရဲထိန်းတို့သည်။

သာမာ စာတိ- သာမာ စ ဟူသည်ကား၊ မဟာရာဇ- မင်းကြီး၊ တဿ ပိတုယာတကဿ- ထိုအဖသတ်ငရဲသား၏၊ ဇိဝှံ- လျှာကို၊ ဗလိသေန- မျှားချိပ်ဖြင့်၊ နိက္ကမိတွာ- ငင်၍၊ အယသင်္ကူဟိ- သံငုတ်တို့ဖြင့်၊ ပထဝိယံ- မြေပြင်၌၊ နီဟတံ- ကပ်ဆောင်အပ်သော၊ ဇိဝှံ- လျှာကို၊ သာမာ- ရွှေသောအဆင်းရှိကုန်သော၊ သောဏာ စ- ခွေးတို့သည်လည်းကောင်း၊ သဗလဝဏ္ဏာ- ပြောက်ကျားသော အဆင်းရှိ ကုန်သော၊ သုနခါ စ- ခွေးတို့သည်လည်းကောင်း၊ လောဟတုဏ္ဍာ- သံဖြင့်ပြီးသော နှုတ်သီးရှိကုန်သော၊ ဂိဇ္ဈာ စ- လင်းတတို့သည်လည်းကောင်း၊ ကာကောလသံဃာ စ- ကျီးငှက်အပေါင်းတို့သည်လည်းကောင်း၊ အညေ- အခြားကုန်သော၊ နာနပ္ပကာရာ- အမျိုးမျိုးသော အပြားရှိကုန်သော၊ သကုဏာ စ- ငှက်တို့သည် လည်းကောင်း၊ သမာဂန္တွာ- စုဝေးလာရောက်ကြကုန်၍၊ အာဝုဓေဟိ- ဓားလက်နက် တို့ဖြင့်၊ ဆိန္ဒန္တာ ဝိယ- ဖြတ်ကုန်သကဲ့သို့၊ ဝိဘဇ္ဇ- ဖြတ်တောက်၍၊ ကာကပဒါကာရေန- ကျီးခြေသဏ္ဌာန်အားဖြင့်၊[၁] ကောဋ္ဌာသေ-

---

၁။ ကာကပဒါကာရေန- ကျီးခြေသဏ္ဌာန်-ဟု စာပေ၌လာ၏၊ မြန်မာနိုင်ငံ အရပ်သုံး စကားအနေဖြင့် ကြက်ခြေ-ဟု သုံးနှုန်းထား၏၊ ကန့်လန့်ဖြတ် မျဉ်းကြောင်းနှစ်ခု ပုံသဏ္ဌာန်ကို ခေါ်၏၊ ကျီးငှက်၏ခြေချောင်းလေးများကဲ့သို့ အသားစကို အမြှောင်း အမြှောင်း ဖြစ်အောင် စိတ်ဖြာ၍ထားခြင်းဖြင့်-ဟု ဆိုလိုသည်။

အဖို့အစုတို့ကို၊ ကတွာ- ပြု၍၊ ဝိပ္ပန္နမာနံ- တုန်လှုပ် လျက်ရှိသော၊ သလောဟိတံ- သွေးနှင့်တကွ ဖြစ်သော၊ ဝိဃာသံ- စားကြွင်းကို၊ ခါဒန္တာ ဝိယ- စားကုန်သကဲ့သို့၊ သတ္တေ- ငရဲသားတို့ကို၊ ဘက္ခယန္တိ- စားကုန်၏။ ဣတိ- ဤကား၊ အတ္ထော- အနက်တည်း။ တံ ဒဍ္ဎတာလန္တိ- တံ ဒဍ္ဎတာလံ ဟူသည်ကား၊ ဈာယမာနတာလံ ဝိယ- အလျှံပြောင်ပြောင် တောက်သော ထန်းပင်ကဲ့သို့၊ ဇလိတသရီရံ- အလျှံ ပြောင်ပြောင်တောက်သော ကိုယ်ရှိသော၊ တံ ပိတုဃာတကံ- ထိုအဖသတ် ငရဲသားကို။ ပရိဘိန္နဂတ္တန္တိ- ပရိဘိန္နဂတ္တံ ဟူသည်ကား၊ တတ္ထ တတ္ထ- ထိုထိုအရပ်၌၊ ပရိဘိန္နဂတ္တံ- ပေါက်ကွဲ ပျက်စီးသော ကိုယ်ကို။ နိပ္ပေါထယန္တာတိ- နိပ္ပေါထယန္တာ ဟူသည်ကား၊ ဇလိတေဟိ- အလျှံတောက်ကုန်သော၊ အယမုဂ္ဂရေဟိ- သံတင်းပုတ်တို့ဖြင့်၊ ပဟရန္တာ- ပုတ်ခတ်ကုန်လျက်။ ရတ္တိ ဟိ တေသန္တိ- ရတ္တိ ဟိ တေသံ ဟူသည်ကား၊ တေသံ နိရယပါလာနံ- ထို ငရဲထိန်းတို့၏၊ သာ ရတ္တိ- ထိုပျော်ပါးမှုသည်၊ ကီဠာ- မြူးထူးပျော်ပါး ကစားပွဲသည်၊ ဟောတိ- ဖြစ်၏။ ဒုခိနော ပနီတရေတိ- ဒုခိနော ပနီတရေ ဟူသည်ကား၊ ဣတရေ ပန- ငရဲထိန်းမှ တစ်ပါးကုန်သော၊ နေရယိကသတ္တာ- ငရဲသားသတ္တဝါတို့သည်ကား၊ ဒုက္ခိတာ- ဆင်းရဲခြင်း ရှိကုန်သည်၊ ဟောန္တိ- ဖြစ်ကုန်၏။ ပေတ္တိဃာတိနောတိ- ပေတ္တိဃာတိနော ဟူသည်ကား၊ ပိတုဃာတကာ- အဖကို သတ်ကုန်သော သူတို့သည်။ ဣတိ- ဤသို့၊ ပိတုဃာတကာနံ- အဖသတ်သူတို့၏၊ ဣမံ ပစ္စနနိရယံ- ဤကျက်ရာ ငရဲကို၊ ဒိသွာ- မြင်၍၊ ရာဇာ- မင်းသည်၊ ဘီတတသိတော- ကြောက်ရွံ့ထိတ်လန့်သည်၊ အဟောသိ- ဖြစ်ခဲ့ပြီ။

အထ- ထိုမှနောက်၌၊ နံ- ထိုမင်းကို၊ မဟာသတ္တော- ဘုရားအလောင်းသည်၊ သမဿာသေတွာ- သက်သာရာရစေ၍၊ မာတုဃာတကာနံ- အမိကို သတ်သော သူတို့၏၊ ပစ္စနနိရယံ- ကျက်ရာငရဲကို၊ ဒဿေသိ- ပြပြီ။ ယမက္ခယန္တိ- ယမက္ခယံ ဟူသည်ကား၊[၁] ယမနိဝေသနံ- ယမမင်း၏ နေအိမ်သို့၊ နိရယံ- ငရဲသို့၊ ဣတိ-

---

၁။ ယမက္ခယံ- သက္ကတ-၌ က္ခယ-(ပရှ) သဒ္ဒါသည် အာဏာပြန့်နှံ့ရာ ဒေသကို ဟောသည်၊ ယမမင်း၏ အာဏာပြန့်နှံ့ရာအရပ် ဟူသည် ငရဲပင်တည်း၊ နိဝေသနံ- ဟု ဖွင့်ခြင်းမှာ အဓိပ္ပါယတ္ထသာ၊ ၎င်းအဖွင့်ကို ယူ၍ ဦးဟုတ်စိန်အဘိဓာန်၌ ခယ- အိမ်-ဟု ဖော်ပြထားသည်။

ဤကား၊ အတ္တော- အနက်တည်း။ အတ္တကမ္မဖလူပဂေါတိ- အတ္တကမ္မ ဖလူပဂေါ ဟူသည်ကား၊ အတ္တနော- မိမိ၏၊ ကမ္မဖလေန- ကံ၏အကျိုးအားဖြင့်၊ ဥပဂတော- ကပ်ရောက်လေ၏။ အမနုဿာတိ- အမနုဿာ ဟူသည်ကား၊ နိရယပါလာ- ငရဲထိန်းတို့သည်။ ဟန္တာရံ ဇနယန္တိယာတိ- ဟန္တာရံ ဇနယန္တိယာ ဟူသည်ကား၊ မာတုယာတကံ- အမိကိုသတ်သောသူကို။ ဝါလေဟီတိ- ဝါလေဟိ ဟူသည်ကား၊ အယမကစိဝါလေဟိ- သံဖြင့်ပြီးသော သင်ပေါင်းလျှော်တို့ဖြင့်၊ ဝေဌေတွာ- ရစ်ပတ်၍၊ အယယန္တေန- သံယန္တရားဖြင့်၊ ပီဠယန္တိ- ကြိတ်ကုန်၏။ တန္တိ- တံ ဟူသည်ကား၊ တံ မာတုယာတကံ- ထိုအမိသတ် ငရဲသားကို။ ပါယေန္တီတိ- ပါယေန္တိ ဟူသည်ကား၊ ပီဠိယမာနဿ- ယန္တရားဖြင့် ကြိတ်အပ်သော၊ တဿ- ထိုငရဲသား၏၊ ရုဟိရံ- သွေးသည်၊ ဂဠိတွာ- လျှောကျ၍၊ အယကပလ္လံ- သံအိုးကင်းကို၊ ပူရေတိ- ပြည့်စေ၏။ အထ- ထိုမှနောက်၌၊ နံ- ထိုငရဲသားကို၊ ယန္တတော- ယန္တရားမှ၊ နီဟရန္တိ- ထုတ် ကုန်၏။ တာဝဒေဝ- ထိုထုတ်ပြီးကာမျှ၌ပင်၊ အဿ- ထိုငရဲသား၏၊ သရီရံ- ကိုယ်သည်၊ ပါကတိကံ- ပကတိသည်၊ ဟောတိ- ဖြစ်၏။ တံ- ထိုငရဲသားကို၊ ပထဝိယံ- မြေပြင်၌၊ ဥတ္တာနံ- ပက်လက်၊ နိပဇ္ဇာပေတွာ- လဲလျောင်းစေ၍၊ ဝိလီနံ- အရည်ဖြစ်သော၊ တမ္ဗလောဟံ ဝိယ- နီရဲသော သံကဲ့သို့၊ ပက္ကုထိတံ- ပွက်ပွက် ဆူသော၊ လောဟိတံ- သွေးကို၊ ပါယေန္တိ- တိုက်ကုန်၏။ ဩဂယှ တိဋ္ဌတီတိ- ဩဂယှ တိဋ္ဌတိ ဟူသည်ကား၊ တံ- ထိုငရဲသားကို၊ ဗဟူနိ- များစွာကုန်သော၊ ဝဿသဟဿာနိ- နှစ်အထောင်တို့ပတ်လုံး၊ အယယန္တေဟိ- သံယန္တရားတို့ဖြင့်၊ ပီဠေတွာ- ကြိတ်၍၊ ဇေဂုစ္ဆေ- စက်ဆုတ်ဖွယ်သည်၊ (သတိ- ရှိသော်၊) ဒုဂ္ဂန္ဓေ- မကောင်းသော အနံ့ရှိသည်၊ (သတိ- ရှိသော်၊) ပဋိကူလေ- ရွံရှာဖွယ်သည်၊ (သတိ- ရှိသော်၊) မဟန္တေ- ကြီးစွာသော၊ ဂူထကလလအာဝါဋေ- မစင်ညွန်ပျောင်းတွင်း၌၊ ခိပန္တိ- ပစ်ချကုန်၏။ သော- ထိုငရဲသားသည်၊ တံ ရဟဒံ- ထိုညွန်ပျောင်းအိုင်သို့၊ ဩဂယှ ဩဂါဟိတွာ- သက်၍၊ တိဋ္ဌတိ- တည်၏။ အတိကာယာတိ- အတိကာယာ ဟူသည်ကား၊ ဧက ဒေါဏိကနာဝပ္ပမာဏာသရီရာ- ပိန်းကောလှေတစ်စင်းမျှ ကိုယ်ပမာဏ ရှိကုန်သော။[1] အယောမုခါတိ- အယောမုခါ ဟူသည်ကား၊

၁။ ဧကဒေါဏိကနာဝပ္ပမာဏာ- ဒေါဏိ-သဒ္ဒါ စားကျင်းကို ဟော၏၊ သစ်လုံးကို ထွင်း၍ ကျွဲ နွား အစာကျွေးရန် ခွက်အဖြစ် အသုံးပြုကြ၏၊ ၎င်းကို စားကျင်း-ဟု ခေါ်သည်၊

အယသူစိမုခါ- သံအပ်တည်းဟူသော နှုတ်သီးရှိကုန်သော။ ဆဝိ ဘေတွာနာတိ- ဆဝိ ဘေတွာန ဟူသည်ကား၊ ဆဝိ- အရေကို၊ အာဒိ ကတွာ- အစပြု၍၊ ယာဝ အဋ္ဌိမိဉ္ဇမ္ပိ- အရိုးတိုင်အောင်လည်း၊ ဘေတွာ- ဖောက်၍၊ အဋ္ဌိမိဉ္ဇမ္ပိ- ရိုးတွင်းခြင်ဆီကိုလည်း၊ ခါဒန္တိ- စားကုန်၏။ သံဂိဒ္ဓါတိ- သံဂိဒ္ဓါ ဟူသည်ကား၊ ဂဓိတာ- တပ်မက်ကုန်သည် ဖြစ်၍၊ မုစ္ဆိတာ- တွေဝေကုန်သည်ဖြစ်၍။ စ- ထို့အပြင်၊ ကေဝလံ- သက်သက်၊ န ခါဒန္တေဝ- စားကုန်သည်သာလျှင် မဟုတ်သေး။ ပန- အဟုတ်သော်ကား၊ အဓောမဂ္ဂါဒီဟိ- အောက်မဂ်ပေါက် စသည်တို့မှ၊ ပဝိသိတွာ- ဝင်၍၊ [နှာ-၂၉၃] မုခါဒီဟိ- ပါးစပ်အစရှိသည်တို့မှ၊ နိက္ခမန္တိ- ထွက်ကုန်၏။ ဝါမပဿာဒီဟိ- ဝဲဘက် အစရှိသည်တို့မှ၊ ပဝိသိတွာ- ဝင်၍၊ ဒက္ခိဏပဿာဒီဟိ- ယာဘက်ဘေး အစရှိသည်တို့မှ၊ နိက္ခမန္တိ- ထွက်ကုန်၏။ သကလမ္ပိ- အလုံးစုံလည်း ဖြစ်သော၊ သရီရံ- ကိုယ်ကို၊ ဆိဒ္ဒါဝဆိဒ္ဒံ- အပေါက်ကြီးငယ်ရှိသည်ကို၊ ကရောန္တိ- ပြုကုန်၏။ သော- ထိုငရဲသားသည်၊ တတ္ထ- ထိုငရဲဘုံ၌၊ အတိဒုက္ခပရေတော- အလွန်ဆင်းရဲခြင်းသည် နှိပ်စက်အပ်သည်ဖြစ်၍၊ ဝိရဝန္တော- မြည်တမ်းလျက်ပင်၊ ပစ္စတိ- ကျက်ရ၏။ သော စာတိ- သော စ ဟူသည်ကား၊ စ- ဆက်၍ဆိုဦးအံ့၊ သော မာတုဃာတကော- ထိုအမိသတ်ငရဲသားသည်၊ သတပေါရိသံ- အသူတစ်ရာနက်သော၊ တံ နိရယံ- ထိုငရဲသို့၊ ပတ္တော- ရောက်သည်၊ (ဟုတွာ- ဖြစ်၍)၊ သသီသကော- ဦးခေါင်းနှင့်တကွ၊ နိမုဂ္ဂေါ- နစ်မြုပ်သည်သာလျှင်၊ ဟောတိ- ဖြစ်၏။ တဥ္စ ကုဏပံ- ထိုအကောင်ပုပ်သည်လည်း၊ သမန္တာ- ထက်ဝန်းကျင်မှ၊ ယောဇနသတံ- ယူဇနာတစ်ရာတိုင်အောင်၊ ပူတိကံ- အပုပ်နံ့သည်၊ ဟုတွာ- ဖြစ်၍၊ ဝါယတိ- လှိုင်၏။ မာတုဃောတိ- မာတုဃော ဟူသည်ကား၊ မာတုဃာတကော- အမိကို သတ်သော ငရဲသားသည်။

---

ကလေးများ ရွေ့ချ၍ လှေအဖြစ် လော့ခတ်ကြ၏၊ ဤ၌ နာဝါ-ကို အထူးပြုထားသည်၊ ပျဉ်ချပ်တို့ကိုစပ်၍ ပြုလုပ်ထားသောလှေမဟုတ် သစ်လုံးကို ထွင်း၍ ပြုလုပ်ထားသော လှေဟု ဆိုလိုသည်၊ ထိုလှေတစ်စီးမျှ ပမာဏရှိသောဟု အနက်ပေးလေ။

ဧဝံ- ဤသို့၊ မဟာသတ္တော- ဘုရားအလောင်းသည်၊ မာတုဃာတကာနံ- အမိကို သတ်သော သူတို့၏၊ ပစ္စနိရယံ- ကျက်ရာငရဲကို၊ ဒဿေတွာ- ပြပြီး၍၊ ပုန- တဖန်၊ ဂဗ္ဘပါတကာနံ- ကိုယ်ဝန်ကို ချသောသူတို့၏၊ ပစ္စနိရယံ- ကျက်ရာငရဲကို၊ ဒဿေန္တော- ပြတော်မူလိုသည်ဖြစ်၍၊ ဂါထံ- ဂါထာကို၊ အာဟ- ဆိုပြီ။ ခုရဓာရမနုက္ကမ္မာတိ- ခုရဓာရမနုက္ကမ္မ ဟူသည်ကား၊ ခုရဓာရနိရယံ- သင်ဓုန်းဓားငရဲကို၊ အတိက္ကမိတွာ- ကျော်လွန်၍။ တတ္ထ- ထိုငရဲဘုံ၌၊ နိရယပါလာ- ငရဲထိန်းတို့သည်၊ မဟန္တမဟန္တေ- ကြီးကုန်ကြီးကုန်သော၊ ခုရေ- သင်ဓုန်းဓားတို့ကို၊ ဥပရိ- အထက်၌၊ ဓာရေ- အသွားကို၊ ကတွာ- ပြု၍၊ သန္ထရန္တိ ကိရ- ဖြန့်ထားကုန်သတတ်။ တတော- ထို့နောင်မှ၊ ယာဟိ- အကြင် မိန်းမတို့သည်၊ ဂဗ္ဘပါတနခရဘေသဇ္ဇာနိ- ကိုယ်ဝန်ကို ကျစေတတ်သော ကြမ်းတမ်းသော ဆေးတို့ကို၊ ပိဝိတွာ- သောက်၍၊ ဂဗ္ဘာ- ကိုယ်ဝန်ကို၊ ပါတိတာ- ကျစေအပ်ပြီ။ ဂဗ္ဘပါတိနိယော- ကိုယ်ဝန်ကို ကျစေကုန်သော၊ တာ က္ကတ္ထိယော- ထို မိန်းမတို့သို့ ဇလိတေဟိ- အလျှံတောက်ကုန်သော၊ အာဝုဓေဟိ- လက်နက်တို့ဖြင့်၊ ပေါထေန္တာ- ပုတ်ခတ်ကုန်လျက်၊ အနုဗန္ဓန္တိ- အစဉ်လိုက်ကုန်၏။ တာ- ထိုငရဲသူမတို့သည်၊ တိခိဏခုရဓာရာသု- ထက်သော သင်ဓုန်းဓားသွားတို့၌၊ ခဏ္ဍာခဏ္ဍိကာ- အပိုင်းအပိုင်းတို့သည်၊ ဟုတွာ- ဖြစ်ကုန်၍၊ ပုနပ္ပုနံ- အဖန်ဖန်၊ ဥဋ္ဌာယ- ထ၍၊ ခုရဘိသမ္ဘဝံ- ကျော်လွှန်နိုင်ခဲသော၊ တံ ခုရဓာရနိရယံ- ထိုသင်ဓုန်းဓားသွားငရဲကို၊ အက္ကမန္တိယော- နင်းကုန်လျက်၊ အတိက္ကမိတွာ- ကျော်လွန်ပြီး၍၊ နိရယပါလေဟိ- ငရဲထိန်းတို့သည်၊ အနုဗဒ္ဓါ- အစဉ် လိုက်အပ်ကုန်သည် ဖြစ်၍၊ ဒုဂ္ဂံ- သွားရန်ခက်ခဲသော၊ ဒုရတိက္ကမံ- ကျော်လွှန် နိုင်ခဲသော၊ ဝိသမံ- မညီညွတ်သော၊ ဝေတရဏိံ- ကြိမ်ပင်ရှိသော၊ နဒိံ- မြစ်သို့၊ ပတန္တိ- ကျကုန်၏။ တတ္ထ- ထိုကြိမ်ပိုက်ချောင်းငရဲ၌၊ ကမ္မကာရဏံ- နှိပ်စက်မှုကို ပြုခြင်းသည်၊ နိမိဇာတကေ- နိမိဇာတ်၌၊ အာဝိ- ထင်စွာ၊ ဘဝိဿတိ- ဖြစ်လတ့်။

ဧဝံ- ဤသို့၊ ဂဗ္ဘပါတိနီနံ- ကိုယ်ဝန်ကို ကျစေသော မိန်းမတို့၏၊ နိရယံ- ငရဲကို၊ ဒဿေတွာ- ပြပြီး၍၊ မဟာသတ္တော- ဘုရားအလောင်းသည်၊ ယတ္ထ- အကြင် ငရဲဘုံ၌၊ ပရဒါရိကာ စ- သူ့မယားကို သွားလာသော သူတို့သည်လည်းကောင်း၊ အတိစာရိနိယော စ- လင်ကိုကျော်လွန်၍ကျင့်သော မိန်းမတို့သည်လည်းကောင်း၊

ပတန္တာ- ကျကုန်လျက်၊ ပစ္စန္တိ- ကျက်ရကုန်၏။ တံ ကဏ္ဍကသိမ္ဗလိနိရယံ- ထိုဆူးရှိသော လက်ပံပင်ငရဲကို၊ ဒဿေန္တော- ပြတော်မူလိုသည်ဖြစ်၍၊ “အယော- မယာ”တိ အာဒိံ- အယောမယာ ဤသို့ အစရှိသော စကားကို၊ အာဟ- ဆိုပြီ။ တတ္ထ- ထို 'အယောမယာ' စသော ဂါထာတို့၌၊ ဥဘတော အဘိလမ္ဗန္တီတိ- ဥဘတော အဘိလမ္ဗန္တိ ဟူသည်ကား၊ ဝေတရဏိယာ- ကြိမ်ချောင်းရှိသော မြစ်၏၊ ဥဘောသု- နှစ်ဘက်ကုန်သော၊ တီရေသု- ကမ်းနားတို့၌၊ တာသံ သိမ္ဗလီနံ- ထို ဆူးရှိသော လက်ပံပင်တို့၏၊ သာခါ- အကိုင်းတို့သည်၊ ဩလမ္ဗန္တိ- တွဲလျားကျကုန်၏။ တေ အစ္စိမန္တောတိ- တေ အစ္စိမန္တော ဟူသည်ကား၊ ပဇ္ဇလိတသရီရာ- အလျှံ ပြောင်ပြောင် တောက်လောင်သော ကိုယ်ရှိကုန်သော၊ တေ သတ္တာ- ထိုငရဲသား တို့သည်၊ အစ္စိမန္တော- မီးလျှံရှိကုန်သည်၊ ဟုတွာ- ဖြစ်ကုန်၍၊ တိဋ္ဌန္တိ- တည်ကုန်၏။ ယောဇနန္တိ- ယောဇနံ ဟူသည်ကား၊ တေသံ- ထိုငရဲသားတို့၏၊ သရီရံ- ကိုယ်သည်၊ တိဂါဝုတံ- သုံးဂါဝုတ် ရှိ၏။ တတော- ထိုကိုယ်မှ၊ ဥဋ္ဌိတဇာလာယ ပန- ထွက်သော မီးတောက်နှင့်ကား၊ သဒ္ဓိံ- အတူ၊ ယောဇနဥဗ္ဗေဓာ- တစ်ယူဇနာ အစောက်ရှိကုန်သည်၊ ဟောန္တိ- ဖြစ်ကုန်၏။ ဧတေ ဝဇန္တီတိ- ဧတေ ဝဇန္တိ ဟူသည်ကား၊ ပရဒါရိကာ- သူမယားကို သွားလာကုန်သော၊ တေ သတ္တာ- ထိုငရဲသားတို့သည်၊ နာနာဝိဓေဟိ- အထူးထူး အပြားပြားရှိကုန်သော၊ အာဝုဓေဟိ- လက်နက်တို့ဖြင့်၊ ကောဋ္ဋိယမာနာ- ရိုက်နှက်အပ်ကုန်သည်ဖြစ်၍၊ ဧတေ သိမ္ဗလိနိရယေ- ထိုလက်ပံပင်ငရဲတို့သို့၊ အဘိရုဟန္တိ- တက်ကုန်၏။ တေ ပတန္တီတိ- တေ ပတန္တိ ဟူသည်ကား၊ တေ- ထိုငရဲသား တို့သည်၊ ဗဟူနိ- များစွာကုန်သော၊ ဝဿသဟဿာနိ- နှစ် အထောင်တို့ပတ်လုံး၊ ရုက္ခဝိဋ္ဋပေသု- လက်ပံပင်အခွတို့၌၊ လဂ္ဂါ- ကပ်ငြိကုန်လျက်၊ ဈာယိတွာ- လောင် ကျွမ်း၍၊ ပုန- တစ်ဖန်၊ နိရယပါလေဟိ- ငရဲထိန်းတို့သည်၊ အာဝုဓေဟိ- လက်နက် တို့ဖြင့်၊ ဝိဟတာ- ညှဉ်းဆဲအပ်ကုန်သည် ဖြစ်၍၊ ဝိဝတ္တာ- ပြန်လည်ကုန်သည်၊ ဟုတွာ- ဖြစ်၍၊ ပရိဝတ္တိတွာ- ပြောင်းပြန်လှည့်၍၊ အဓောသီသကာ- အောက်၌ဦးခေါင်း ရှိကုန်သည် ဖြစ်၍၊ ပတန္တိ- ကျကုန်၏။ ပူထူတိ- ပုထူ ဟူသည်ကား၊ ဗဟူ- များစွာကုန်သော။ ဝိနိဝိဒ္ဓင်္ဂါတိ- ဝိနိဝိဒ္ဓင်္ဂါ ဟူသည်ကား၊ တေသံ- ထိုငရဲသားတို့၏၊ တတော- ထိုလက်ပံပင်မှ၊ ပတနကာလေ- ကျသောအခါ၌၊ ဟေဋ္ဌာ- အောက်၌၊ အယပထဝိတော- သံမြေပြင်မှ၊ သူလာနိ- ငြောင့်တို့သည်၊ ဥဋ္ဌဟိတွာ- ထ၍၊ တေသံ- ထိုငရဲသားတို့၏၊ မတ္ထကံ- ဦးထိပ်ကို၊ ပဋိစ္ဆန္တိ- ခံယူကုန်၏။ တာနိ- ထိုငြောင့်တို့သည်၊

တေသံ- ထိုငရဲသားတို့၏၊ အဓောမဂ္ဂေန- အောက် မင်ပေါက်ဖြင့်၊ ဂိုက္ခမန္တိ- ထွက်ကုန်၏။ တေ- ထိုငရဲသားတို့သည်၊ ဧဝံ- ဤသို့၊ သူလေသု- ငြောင့် တို့၌၊ ဝိဒ္ဓသရီရာ- ထိုးအပ်သော ကိုယ်ရှိကုန်သည်၊ (ဟုတ္တွာ- ဖြစ်ကုန်၍)၊ စိရရတ္တာ- ကြာမြင့်စွာသော ညဉ့်တို့ပတ်လုံး၊ သယန္တိ- အိပ်ရကုန်၏။ ဒီဃန္တိ- ဒီဃံ ဟူသည်ကား၊ သုပိနေပိ- အိပ်သော်လည်း၊ နိဒ္ဒံ- အိပ်ပျော်ခြင်းကို၊ အလဘန္တာ- မရကုန်၍၊ ဒီဃရတ္တံ- ရှည်စွာသော ညဉ့်ပတ်လုံး၊ ဇဂ္ဂန္တိ- နိုးကြား၍ နေကုန်၏။ ဣတိ- ဤကား၊ အတ္ထော- အနက်တည်း။ ရတျာဝိဝသာနေတိ- ရတျာဝိဝသာနေ ဟူသည်ကား၊ ရတ္တိနံ- ညဉ့်တို့၏၊ အစ္စယေန- ကုန်လွန်သဖြင့်၊ စိရကာလာတိက္ကမေန- ကြာမြင့်စွာသော ကာလကို ကျော်လွန်သဖြင့်၊ ဣတိ- ဤကား၊ အတ္ထော- အနက်တည်း။ [နှာ-၂၉၄] ပဝဍ္ဎန္တီတိ- ပဝဍ္ဎန္တိ ဟူသည်ကား၊[၁] သင္ဃယောဇနိကံ- ယူဇနာခြောက်ဆယ် ရှိသော၊ ဇလိတံ- အလျှံပြောင်ပြောင်တောက်သော၊ လောဟကုမ္ဘိံ- လောဟကုမ္ဘီ ငရဲသို့၊ ကပ္ပေန- ကမ္ဘာဖြင့် (ဝါ) ကမ္ဘာပတ်လုံး၊ သဏ္ဍိတံ- တည်သော၊ ဇလိတ တမ္ဗလောဟရသပုဏ္ဏံ- အလျှံပြောင်ပြောင်တောက်သော နီမြန်းသော သံရည်ပူ တို့ဖြင့် ပြည့်သော၊ လောဟကုမ္ဘိံ- လောဟကုမ္ဘီငရဲသို့၊ နိရယပါလေဟိ- ငရဲထိန်းတို့သည်၊ ခိတ္တာ- ပစ်ချအပ်ကုန်သည်ဖြစ်၍၊ ပစ္စန္တိ- ကျက်ရကုန်၏။ ဒုဿီလာတိ- ဒုဿီလာ ဟူသည်ကား၊ ပရဒါရိကာ- သူ့မယားကို သွားလာသူ တို့သည်။

ဧဝံ- ဤသို့၊ မဟာသတ္တော- ဘုရားအလောင်းသည်၊ ပရဒါရိက အတိစာရိကာနံ- သူတစ်ပါးမယားကို သွားလာသူ, လင်သားကို ကျော်လွန်၍ ကျင့်သူတို့၏၊ ပစ္စနသိမ္ဗလိနိရယံ- ကျက်ရာ လက်ပန်တော ငရဲကို၊ ဒဿေတွာ- ပြပြီး၍၊ ဣတော- ယခုအခါမှ၊ ပရံ- နောက်၌၊ သာမိကဝတ္တသဿုသသုရဝတ္တာဒီနိ- လင်၏ကျင့်ဝတ် ယောက္ခမမိန်းမ ယောက္ခမယောကျ်ား စသူတို့၏ ဝတ်စသည်တို့ကို၊

---

၁။ ပဝဍ္ဎန္တိ- အဋ္ဌကထာ၌ ပစ္စန္တိ-ဟု ဖွင့်၏၊ မိုးထိမှု၌ ဝင်လျက်ငုတ်ရကုန်၏-ဟု အနက်ပေးထား၏၊ သက္ကတ-၌ ဝဇ်-ဓာတ်၊ ပါဠိ ဝဇ္ဈ-ဓာတ်သည် ရှောင်ခြင်း၊ လှည့်ထွက်ခြင်း၊ ရွေ့ရှားခြင်း၊ ထိခိုက်နာကျင်စေခြင်း အနက်တို့ကို ဟောနိုင်၏၊ အာဝဇ္ဇတိ-ဆင်ခြင်၏ ဆိုသည်မှာ စိတ်ကို ဘဝင်မှခွါ၍ အာရုံစိသို့ လှည့်ပေး ခြင်းတည်း၊ ဤ၌ ငရဲသားကို ငရဲဘုံသို့ လှည့်ပေးခြင်းဟု အနက်ရ၏။

အပူရေန္တိနံ- မပြည့်ကျင့်ကုန်သော သူတို့၏၊ ပစ္စုနဍ္ဍာနံ- ကျက်ရာအရပ်ကို၊ ပကာသေန္တော- ပြလိုသည်ဖြစ်၍၊ “ယာ စာ”တိ အာဒိ- ယာ စ ဤသို့ အစရှိသော ဂါထာကို၊ အာဟ- ဆိုပြီ။ တတ္ထ- ထို ‘ယာ စ’ စသော ဂါထာတို့၌၊ အတိမညတီတိ- အတိမညတိ ဟူသည်ကား၊ ဘိသဇာတကေ- ဘိသဇာတ်၌၊ ဝုတ္တံ- ဆိုအပ်သော၊ သာမိကဝတ္တံ- လင်၏ကျင့်ဝတ်ကို၊ အကရောန္တီ- မပြုမူ၍၊ အတိက္ကမိတွာ- ကျော်လွန်၍၊ မညတိ- အောက်မေ့မှတ်ထင်၏။ ဇေဋ္ဌံ ဝါတိ- ဇေဋ္ဌံ ဝါ ဟူသည်ကား၊ သာမိကဿ- လင်၏၊ ဇေဋ္ဌဘာတရံ- အစ်ကိုကြီးကို၊ နနန္ဒရန္တိ- နနန္ဒရံ ဟူသည်ကား၊ သာမိကဿ- လင်၏၊ ဘဂိနိံ- နှမကို။ ဟိ- ချဲ့၍ ဆိုဦးအံ့၊ ဧတေသံ- ထိုလင် အစရှိသည်တို့တွင်၊ အညတရဿပိ- တစ်ဦးဦး၏လည်း၊ ဟတ္ထပါဒ ပိဋ္ဌိပရိကမ္မနှာပန- ဘောဇနာဒိဘေဒံ- လက်ခြေကျောက်ကုန်းတို့ကို နှိပ်နယ်ပေးခြင်း ရေချိုးပေးခြင်း ထမင်းကျွေးခြင်း စသည်အပြားရှိသော၊ ဝတ္တံ- ဝတ်ကို၊ အပူရေန္တီ- မပြည့်ကျင့်သည်ရှိသော်၊ တေသု- ထိုလင်သားစသည်တို့၌၊ ဟိရောတ္တပ္ပံ- အရှက် အကြောက်ကို၊ အနုပဋ္ဌပေန္တီ- မဖြစ်စေသည်ရှိသော်၊ တေ- ထိုလင်သားစသည်တို့ကို၊ အတိမညတိ နာမ- မထီမဲ့မြင် ပြုသည်မည်၏။ သာပိ- ထိုမိန်းမသည်လည်း၊ နိရယေ- ငရဲ၌၊ နိဗ္ဗတ္တိ- ဖြစ်ရ၏။ ဝဏ္ဏနာတိ- ဝဏ္ဏန ဟူသည်ကား၊ တဿာ- ထိုမိန်းမ၏၊ သာမိကဝတ္တာဒိနံ- လင်၏ကျင့်ဝတ် စသည်တို့ကို၊ အပရိပူရိကာယ- မပြည့်ကျင့် သည်၏အဖြစ်ကြောင့်၊ သာမိကာဒယော- လင်အစရှိသည်တို့ကို၊ အက္ကောသိတွာ- ဆဲရေး၍၊ ပရိဘာသိတွာ- ကြိမ်းမောင်း၍၊ နိရယေ- ငရဲ၌၊ နိဗ္ဗတ္တာယ- ဖြစ်သည်၏ အဖြစ်ကြောင့်၊ လောဟပထဝိယံ- သံမြေကြီး၌၊ နိပဇ္ဇာပေတွာ- လဲလျောင်းစေ၍၊ အယသင်္ကုနာ- သံငုတ်ဖြင့်၊ မုခံ- ပါးစပ်ကို၊ ဝိဝရိတွာ- ဖွင့်၍၊ ဗလိသေန- မျှားချိပ်ဖြင့်၊ ဇိဝှဂ္ဂံ- လျှာဖျားကို၊ နိဗ္ဗဟန္တိ- ထုတ်ထားကုန်၏။ ရဇ္ဇုပန္ဓနေန- ကြိုးဖြင့် ဖွဲ့ခြင်းဖြင့်၊ သပန္ဓနံ- နှောင်ဖွဲ့ထားသော ငရဲသားကို၊ ကမ္မန္တိ- ငင်ကုန်၏။ ကိမိနန္တိ- ကိမိနံ ဟူသည်ကား၊ ကိမိဘရိတံ- ပိုးလောက်တို့ဖြင့် ပြည့်သော။ ဣဒံ- ဤစကားကို၊ ဝုတ္တံ- ဆိုအပ်သည်၊ ဟောတိ- ဖြစ်၏။ မဟာရာဇ- မြတ်သော မင်းကြီး၊ သော နေရယိကသတ္တော- ထိုငရဲသား သတ္တဝါသည်၊ ဧဝံ- ဤသို့၊ နိက္ကမိတံ- ထုတ်၍ ထားအပ်သော၊ အတ္တနော- မိမိ၏၊ ဗျာမေန- အလံအားဖြင့်၊ ဗျာမမတ္တံ- တစ်လံမျှ အတိုင်းအရှည်ရှိသော၊ ဇိဝှံ- လျှာကို၊ အာဝုဓေဟိ- လက်နက်တို့ဖြင့်၊ ကောဋ္ဋိတ ကောဋ္ဋိတဋ္ဌာနေ- ထုထောင်းအပ် ထုထောင်းအပ်သော အရပ်၌၊ သဥ္ဇာတေဟိ-

ကောင်းစွာဖြစ်ကုန်သော၊ မဟာဒေါဏိပ္ပမာဏောဟိ- ကြီးစွာသော စားကျင်းပမာဏ ရှိကုန်သော၊ ကိမီဟိ- ပိုးလောက်တို့ဖြင့်၊ ဘရိတံ- ပြည့်၍နေသည်ကို၊ ပဿတိ- မြင်ရ၏။ ဝိညာပေတုံ န သက္ကောတီတိ- ဝိညာပေတုံ န သက္ကောတိ ဟူသည်ကား၊ နိရယပါလေ- ငရဲထိန်းတို့ကို၊ ယာစိတုကာမောပိ- တောင်းပန်ခြင်းငှာ အလိုရှိသော်လည်း၊ ကိဉ္စိ- တစ်စုံတစ်ခုကို၊ ဝတ္တုံ- ဆိုခြင်းငှာ၊ န သက္ကောတိ- မစွမ်းနိုင်။ တာပနေတိ- တာပနေ ဟူသည်ကား၊ ဧဝံ- ဤသို့လျှင်၊ သာ- ထိုမိန်းမသည်၊ တတ္ထ- ထိုငရဲဘုံ၌၊ ဗဟူနိ- များစွာကုန်သော၊ ဝဿသဟဿာနိ- နှစ်အထောင်တို့ပတ်လုံး၊ ပစ္စိတွာ- ကျက်၍၊ ပုန- တစ်ဖန်၊ တာပနမဟာနိရယေ- တာပနငရဲကြီး၌၊ ပစ္စတိ- ကျက်ရ၏။

ဧဝံ- ဤသို့၊ မဟာသတ္တော- ဘုရားအလောင်းသည်၊ သာမိကဝတ္တ သဿုသသုရ ဝတ္တာဒီနိ- လင်၏ကျင့်ဝတ် ယောက္ခမမိန်းမ ယောက္ခမ ယောက်ျားတို့၏ ကျင့်ဝတ် အစရှိသည်တို့ကို၊ အပူရေန္တီနံ- မဖြည့်ကျင့်သော သူတို့၏၊ ပစ္စနနိရယံ- ကျက်ရာငရဲကို၊ ဒဿေတွာ- ပြပြီး၍၊ ဣဒါနိ- ယခုအခါ၌၊ သူကရိကာဒီနံ- ဝက်ထိုးသမားစသည်တို့၏၊ ပစ္စနနိရယေ- ကျက်ရာငရဲတို့ကို၊ ဒဿေန္တော- ပြတော်မူလိုသည်ဖြစ်၍၊ "သြရဗ္ဘိကာ"တိ အာဒိံ- သြရဗ္ဘိကာ ဤသို့ အစရှိသည်ကို၊ အာဟ- ဆိုပြီ။ တတ္ထ- ထိုသြရဗ္ဘိကာ စသော ဂါထာတို့၌၊ အဝဏ္ဏေ ဝဏ္ဏကာရကာတိ- အဝဏ္ဏေ ဝဏ္ဏကာရကာ ဟူသည်ကား၊ ပေသုညကာရကာ- ကုံးတိုက်ခြင်းကို ပြုသောသူ တို့သည်။ ခါရနဒိန္တိ- ခါရနဒိံ ဟူသည်ကား၊ ဧတေ သြရဗ္ဘိကာဒယော- ထိုသိုးသတ်သမားစသူတို့သည်၊ ဧတေဟိ သတ္တိအာဒီဟိ- ထိုလှံအစရှိသည်တို့ဖြင့်၊ ဟညမာနာ- ညှဉ်းဆဲအပ်ကုန်သည် ဖြစ်၍၊ ဝေတရဏိံ- ဝေတရဏီမည်သော၊ (ဝါ) ကြိမ်ပင်တို့ ပေါက်ရောက်ရာ ဖြစ်သော၊ နဒိံ- မြစ်သို့၊ ပတန္တိ- ကျကုန်၏။ ဣတိ- ဤကား၊ အတ္ထော- အနက်တည်း။ သေသာနိ- ကြွင်းကျန်ကုန်သော၊ သြရဗ္ဘိကာဒီနံ- သိုးသတ်သမား စသူတို့၏၊ ပစ္စနဋ္ဌာနာနိ- ကျက်ရာအရပ်တို့သည်၊ နိမိဇာတကေ- နိမိဇာတ်၌၊ အာဝိ- ထင်စွာ၊ ဘဝိဿန္တိ- ဖြစ်ကုန်လတ္တံ့။ ကူဋကာရီတိ- ကူဋကာရီ ဟူသည်ကား၊ ကူဋဝိနိစ္ဆယဿ စေဝ- ကောက်ကျစ်သော တရားအဆုံးအဖြတ်ကို ပြုသော တရားသူကြီး၏လည်းကောင်း၊ တုလာကူဋာဒီနံ- ချိန်စဉ်းလဲအစရှိသည်တို့ကို၊ ကာရကေ စ- ပြုတတ်သော သူတို့ကိုလည်းကောင်း၊ သန္ဓာယ- ရည်ရွယ်၍၊ ဧတံ- ဤကူဋကာရီ ဟူသော

စကားကို၊ ဝုတ္တံ- ဆိုအပ်ပြီ။ တတ္ထ- ထိုစကားရပ်၌၊ ကူဋဝိနိစ္ဆယကူဋမူလကာရက ကူဋအဂ္ဂါပနိကာနံ- ကောက်ကျစ်သော အဆုံးအဖြတ် ကောက်ကျစ်သော တရားတွေ့မှုကို ပြုတတ်သူ, ကောက်ကျစ်သော ရာဖြတ်သမားတို့၏၊ ပစ္စနိရယာ- ကျက်ရာ ငရဲတို့သည်၊ နိမိဇာတကေ- နိမိဇာတ်၌၊ အာဝိ- ထင်စွာ၊ ဘဝိဿန္တိ- ဖြစ်ကုန်လတ္တံ့။ ဝန္တန္တိ- ပန္တံ ဟူသည်ကား၊ ဝမိတက- အန်ဖတ်ကို။ ဒုရတ္တာနန္တိ- ဒုရတ္တာနံ ဟူသည်ကား၊ ဒုဂ္ဂတတ္တဘာဝါနံ- မကောင်းသော အတ္တဘော ရှိသော သတ္တဝါတို့၏။ ဣဒံ- ဤစကားကို၊ ဝုတ္တံ- ဆိုအပ်သည်၊ ဟောတိ- ဖြစ်၏။ မဟာရာဇ- မြတ်သော မင်းကြီး၊ တေ ဒုရတ္တဘာဝါ- ထိုမကောင်းသော အတ္တဘော ရှိကုန်သော၊ သတ္တာ- သတ္တဝါတို့သည်၊ အယကူဋေဟိ- သံတူတို့ဖြင့်၊ မတ္ထကေ- ဦးထိပ်၌၊ ဘိဇ္ဇမာနေ- ခွဲအပ်သည်ရှိသော် (ဝါ) ထုအပ်သည်ရှိသော်၊ ဝမန္တိ- အန်ကုန်၏။ တတော- ထိုသို့ အန်သောအခါမှ၊ တံ ဝန္တံ- ထိုအန်ဖတ်ကို၊ ဇလိတအယကပလ္လေဟိ- အလျှံတောက်သော သံအိုးကင်းတို့ဖြင့်၊ တေသု- ထိုငရဲသားတို့တွင်၊ ဧကစ္စာနံ- အချို့သော ငရဲသားတို့၏၊ မုခေ- ပါးစပ်၌၊ [နှာ-၂၉၅] ခိပန္တိ- ထည့်ကုန်၏။ ဣတိ- ဤသို့လျှင်၊ တေ- ထိုငရဲသားတို့သည်၊ ပရေသံ- သူတစ်ပါးတို့၏၊ ဝန္တံ- အန်ဖတ်ကို၊ ဘုဉ္ဇန္တိ နာမ- စားရသည် မည်ကုန်၏။ ဘေရဏ္ဍကာတိ- ဘေရဏ္ဍကာ ဟူသည်ကား၊ သိင်္ဂါလာ- မြေခွေးတို့သည်။ ဝိပ္ပန္ဒမာနန္တိ- ဝိပ္ပန္ဒမာနံ ဟူသည်ကား၊ အဓောမုခံ- အောက်သို့ မျက်နှာပြုလျက်၊ နိပဇ္ဇာပိတံ- ဝမ်းလျားမှောက်ထားအပ်သော၊ နိက္ခမိတဇိဝှံ- အပြင်သို့ ထုတ်ထားအပ်သော လျှာရှိသော၊ ဣတော စိတော စ- ဤမှထိုမှ၊ ဝိပ္ပန္ဒမာနံ- တုန်လှုပ်လျက်ရှိသော။ မိဂေနာတိ- မိဂေန ဟူသည်ကား၊ သြကစာရကမိဂေန- အိမ်မွေးသမင်ဖြင့်။[၁] ပက္ခီနာတိ- ပက္ခိနာဟူသည်ကား၊ တထာရူပေနေဝ- ထိုသို့ သဘောရှိသော အိမ်၌မွေးမြူထားသော ငှက်ဖြင့်။ ဂန္တာ တေတိ- ဂန္တာ တေ ဟူသည်ကား၊ တေ- ထိုပုဂ္ဂိုလ်တို့သည်၊ ဂန္တာရော- သွားရကုန်၏။ နိရယုဿဒန္တိ- နိရယုဿဒံ ဟူသည်ကား၊ ဥဿဒနိရယံ- ဥဿဒငရဲသို့။ ပါဋိယံ

---

၁။ သြကစာရကမိဂ- သြက-သဒ္ဒါ အိမ်၊ စာရက-နေသူ, ကျက်စားသူ၊ အိမ်၌ မွေးမြူထားသော, အိမ်သားနှင့် ယဉ်ပါးသော တောနေအရိုင်းတိရစ္ဆာန်တို့ကို ထောင်ဖမ်းရာတွင် အသုံးပြုသော သားကောင်-ဟူလို။

ပန- ပါဋ္ဌိတော် ၌ကား၊ "နိရယံ အဓော"တိ- နိရယံ အဓော ဟူ၍၊ လိခိတံ- ရေးအပ်၏။ အယံ ပန နိရယော- ဤဥဿဒငရဲသည်၊ နိမိဇာတကေ- နိမိဇာတ်၌၊ အာဝိ- ထင်စွာ၊ ဘဝိဿတိ- ဖြစ်လတ့်၊ ဣတိ- ဤကား၊ အတ္ထော- အနက်တည်း။

နတ်ပြည်ချမ်းသာ

ဣတိ- ဤသို့ မဟာသတ္တော- ဘုရားလောင်း သံကိစ္စရှင်ရသေ့သည်၊ ဧတ္တကေ- ဤမျှအတိုင်းအရှည်ရှိကုန်သော၊ နိရယေ- ငရဲတို့ကို၊ ဒဿေတွာ- ဖွင့်လှစ် ပြတော်မူပြီး၍၊ ဣဒါနိ- ယခုအခါ၌၊ ဒေဝလောကဝိဝရဏံ- နတ်ပြည်တို့ကို ဖွင့်လှစ်ခြင်းကို၊ ကတွာ- ပြု၍၊ ရညော- ပြဟ္မဒတ်မင်းအား၊ ဒေဝလောကေ- နတ်ပြည်တို့ကို၊ ဒဿေန္တော- ပြတော်မူလိုသည် ဖြစ်၍-

သန္တော စ ဥဒ္ဒံ ဂစ္ဆန္တိ (ပ) ယထာ တံ သုစိဏ္ဏံ နာနုတပ္ပေယျ ပစ္ဆာတိ- သန္တော စ ဥဒ္ဒံ ဂစ္ဆန္တိ (ပ) ယထာ တံ သုစိဏ္ဏံ နာနုတပ္ပေယျ ပစ္ဆာ ဟူကုန်သော၊ (ဣမာ ဒွေ ဂါထာ- ဤနှစ်ဂါထာတို့ကို) အာဟ- ဆိုတော်မူပြီ။

၁၃၃။ မဟာရာဇ- မင်းမြတ်၊ သန္တော- ကိုယ်အစရှိသည်ဖြင့် ငြိမ်သက်ကုန်သော၊ သက္ကန္ဒာ- သိကြားနတ်မင်းနှင့် တကွဖြစ်ကုန်သော၊ သဗြဟ္မကာ- ပြဟ္မာနှင့်တကွ ဖြစ်ကုန်သော၊ ဒေဝါ- နတ်ပြဟ္မာတို့သည်၊ ဣဓ- ဤ လူ့ပြည်၌၊ သုစိဏ္ဏေန- ကောင်းစွာ ကျင့်အပ်သော၊ ကမ္မုနာ- ကံကြောင့်၊ ဥဒ္ဒံ- နတ်ပြည် ပြဟ္မာ့ပြည်သို့၊ ဂစ္ဆန္တိ- သွားရကုန်၏။ သုစိဏ္ဏဿ- ကောင်းစွာကျင့်ခြင်း၏၊ ဖလံ- အကျိုးကို၊ ပဿ- ရှုပါလော့။

၁၃၄။ မဟာရာဇ- မင်းမြတ်၊ တံ တသ္မာ- ထို့ကြောင့်၊ တံ- သင်မင်းကြီးကို ဗြူမိ- ငါဆိုအံ့။ ရဋ္ဌပတီ- တိုင်းပြည်သူအရှင်ဖြစ်တော်မူသော၊ ရာဇ- မင်းမြတ်၊ ဓမ္မံ- တရားကို၊ စရ- ကျင့်လော့။ ယထာ- အကြင် အခြင်းအရာဖြင့်၊ ယံ ဓမ္မံ- အကြင်တရားကို၊ သုစိဏ္ဏံ- ကောင်းစွာ ကျင့်အပ်သည်ရှိသော်၊ ပစ္ဆာ- နောက်ကာလ၌၊ နာနုတပ္ပေယျ- မပူပန်ရာ။ တထာ- ထိုအခြင်းအရာဖြင့်၊ သုစိဏ္ဏံ- ကောင်းစွာ ကျင့်အပ်သော၊ တံ ဓမ္မံ- ထိုတရားကို၊ စရာဟိ- ကျင့်တော်မူလော့။

တတ္ထ- ထို 'သန္တော စ' စသောဂါထာတို့၌၊ သန္တောတိ- သန္တော ဟူသည်ကား၊ ကာယာဒီဟိ- ကိုယ်အစရှိသည်တို့ဖြင့်၊ ဥပသန္တာ- ငြိမ်သက်ကုန်သော။ ဥဒ္ဒန္တီ- ဥဒ္ဒိ ဟူသည်ကား၊ ဒေဝလောကံ- နတ်ပြည်သို့။ သက္ကန္ဒာတိ- သက္ကန္ဒာ ဟူသည်ကား၊ တတ္ထ တတ္ထ- ထိုထိုနတ်ပြည်၌၊ ဣန္ဒေဟိ- သိကြားမင်းတို့နှင့်၊ သဒ္ဓိံ- အတူ။ ဟိ- ချဲ့၍ဆိုဦးအံ့၊ မဟာသတ္တော- ဘုရားအလောင်းသည်၊ အဿ- ထိုမင်းကြီးအား၊ စာတုမဟာရာဇာဒိကေ- စာတုမဟာရာဇ်အစရှိကုန်သော၊ ဒေဝေ- နတ်ပြည်တို့ကို၊ ဒဿေန္တော- ပြလိုသည်ဖြစ်၍၊ "မဟာရာဇ- မြတ်သောမင်းကြီး၊ စာတုမဟာရာဇိကေ- စာတုမဟာရာဇ်ဘုံ၌ ဖြစ်ကုန်သော၊ ဒေဝေ- နတ်တို့ကို၊ ပဿ- ရှုလော့။ စတ္တာရော- လေးယောက်ကုန်သော၊ မဟာရာဇာနော- နတ်မင်းကြီးတို့ကို၊ ပဿ- ရှုလော့။ တာဝတိံသေ- တာဝတိံသာဘုံ၌ဖြစ်ကုန်သော၊ (ဒေဝေ- နတ်တို့ကို၊) ပဿ- ရှုလော့။ သက္ကံ- သိကြားမင်းကို၊ ပဿ- ရှုလော့။" ဣတိ ဧဝံ- ဤသို့၊ သဗ္ဗေပိ- အလုံးစုံလည်း ဖြစ်ကုန်သော၊ သက္ကန္ဒကေ- သိကြားမင်းနှင့်တကွ ဖြစ်ကုန်သော၊ သဗြဟ္မကေ စ- ဗြဟ္မာမင်းနှင့်လည်း တကွဖြစ်ကုန်သော၊ ဒေဝေ- နတ်တို့ကို၊ ဒဿေန္တော- ပြ၍၊ "ဣဒမ္ပိ- ဤသည်လည်း၊ သုစိဏ္ဏဿ- ကောင်းသော အကျင့်ရှိသူ၏၊ ဖလံ- အကျိုးတည်း။ ဣဒမ္ပိ- ဤသည်လည်း၊ ဖလံ- အကျိုးတည်း။" ဣတိ- ဤသို့၊ ဒဿေသိ- ပြပြီ။ တံ တံ ဗြူမီတိ- တံ တံ ဗြူမိ ဟူသည်ကား၊ တသ္မာ- ထို့ကြောင့်၊ တံ- သင်မင်းကြီးကို၊ ဘဏာမိ- ဆို၏။ ဓမ္မန္တိ- ဓမ္မံ ဟူသည်ကား၊ ဣတော- ဤအချိန်မှ၊ ပဋ္ဌာယ- စ၍၊ ပါဏာတိပါတာဒီနိ- ပါဏာတိပါတ အစရှိကုန်သော၊ ပဉ္စ- ငါးပါးကုန်သော၊ ဝေရာနိ- ဘေးရန်တို့ကို၊ ပဟာယ- ပယ်၍၊ ဒါနာဒီနိ- ဒါနအစရှိကုန်သော၊ ပုညာနိ- ကုသိုလ်ကောင်းမှုတို့ကို၊ ကရောဟိ- ပြုလော့။ ဣတိ- ဤသို့၊ အာဟ- ဆိုပြီ။ ယထာ တံ သုစိဏ္ဏံ နာနုတပေ္ပယျာတိ- ယထာ တံ သုစိဏ္ဏံ နာနုတပေ္ပယျ ဟူသည်ကား၊ ယထာ- အကြင်အခြင်းအရာအားဖြင့် ပြုသည်ရှိသော်၊ သုစိဏ္ဏံ- ကောင်းသော အကျင့်ဖြစ်သော၊ တံ ဒါနာဒိပုညကမ္မံ- ထိုဒါနအစရှိသော ကောင်းမှုကံသည်၊ ပိတုယာတကမ္မပစ္စယံ- ပိတုယာတကကံလျှင် အကြောင်းရှိသော၊ ဝိပ္ပဋိသာရံ- နှလုံးမသာယာခြင်းကို၊ ပဋိစ္ဆာဒေတုံ- ဖုံးလွှမ်းခြင်းငှာ၊ သမတ္ထတာယ- စွမ်းနိုင်သည်၏ အဖြစ်ကြောင့်၊ တံ- သင်မင်းကြီးကို၊ နာနုတပေ္ပယျ- မပူပန်စေရာ။ တထာ- ထိုအခြင်းအရာအားဖြင့်၊ တံ သုစိဏ္ဏံ- ထိုကောင်းသော အကျင့်ကို၊ စရ-

ကျင့်လော့။ ဗဟုံ- များစွာသော၊ ပုညံ- ကောင်းမှုကို၊ ကရောဟိ- ပြုလော့။ ဣတိ- ဤကား၊ အတ္ထော- အနက်တည်း။

သော- ထိုပြဟ္မဒတ်မင်းသည်၊ မဟာသတ္တဿ- ဘုရားလောင်း သံကိစ္စ ရှင်ရသေ့၏၊ ဓမ္မကထံ- တရားစကားကို၊ သုတွာ- ကြားနာရ၍၊ တတော- ထိုနေ့မှ၊ ပဋ္ဌာယ- စ၍၊ အဿာဒံ- သက်သာရာကို၊ ပဋိလဘိ- ရပြီ။ ဗောဓိသတ္တော ပန- ဘုရားလောင်း သံကိစ္စ ရှင်ရသေ့သည်ကား၊ ကိဉ္စိကာလံ- အနည်းငယ်မျှသောအခါ၌၊ တတ္ထ- ထို(မင်း၏) ဥယျာဉ်၌၊ ဝသိတွာ- နေ၍၊ အတ္တနော- မိမိ၏၊ ဝသနဋ္ဌာန ဋ္ဌေဝ- နေရာဟိမဝန္တာတောသို့သာလျှင်၊ ဂတော- ကြွတော်မူပြီ။

**ဇာတ်ပေါင်းခန်း**

[နှာ-၂၉၆] သတ္ထာ- မြတ်စွာဘုရားသည်၊ ဣမံ ဓမ္မဒေသနံ- ဤသံကိစ္စဇာတ် တရားဒေသနာတော်ကို၊ အာဟရိတွာ- ဆောင်တော်မူ၍၊ "ဘိက္ခဝေ- ရဟန်းတို့၊ ဣဒါနေဝ- ယခုအခါ၌သာလျှင်၊ (မယာ- ငါဘုရားသည်၊ ရာဇာ- အဇာတသတ် မင်းကို၊ အဿာသိတော- သက်သာရာ ရစေတော်မူအပ်သည်၊) န- မဟုတ်သေး၊ ပုဗ္ဗေပိ- ရှေးပြဟ္မဒတ်မင်းဖြစ်သော အခါ၌လည်း၊ ဧသ ဧသော- ဤအဇာတသတ် မင်းကို၊ မယာ- ငါဘုရားသည်၊ အဿာသိတောယေဝ- သက်သာရာ ရစေတော်မူ အပ်ပြီးသည်သာလျှင်တည်း။" ဣတိ- ဤသို့၊ ဝတွာ- မိန့်တော်မူ၍၊ (ဣဒါနိ- ယခု အခါ၌)၊ အဇာတသတ္တု- အဇာတသတ်မင်းသည်၊ တဒါ- ထိုအခါ၌၊ ရာဇာ- ပြဟ္မဒတ် မင်းသည်၊ အဟောသိ- ဖြစ်ဖူးပြီ။ (ဣဒါနိ- ၌၊) ဗုဒ္ဓပရိသာ- ဘုရားပရိသတ်တို့သည်၊ တဒါ- ၌၊ (လိုက်)၊ ဣသိဂဏော- တပည့်ရသေ့အပေါင်းသည်၊ (အဟေသုံ- ဖြစ်ဖူးကုန်ပြီ)။ (ဣဒါနိ- ၌) အဟမေဝ- ငါဘုရားသည်သာလျှင်၊ (တဒါ-၌ (လိုက်)၊ သံကိစ္စပဏ္ဍိတော- ပညာရှိ သံကိစ္စရှင်ရသေ့သည်၊ အဟောသိ- ဖြစ်ဖူးပြီ။" (ပန- ကား၊ ပဒပူရဏ)၊ ဣတိ- ဤသို့၊ ဇာတကံ- ဇာတ်တော်ကို၊ သမောဓာနေသိ- ပေါင်းတော်မူပြီ။

ဒုတိယာ- နှစ်ခုတို့၏ပြည့်ကြောင်းဖြစ်သော၊ သံကိစ္စဇာတကဝဏ္ဏနာ- သံကိစ္စ ဇာတ်၏အဖွင့်သည်၊ နိဋ္ဌိတာ- ပြီးဆုံးခြင်းသို့ ရောက်ပြီ။

ဇာတကုဒ္ဒါန်- ဇာတ်တို့၏ အခန်းကား-

အထ- ပဏ္ဏာသနိပါတ်မှ အခြားမဲ့၌၊ သဋ္ဌိနိပါတမှိ- ခြောက်ဆယ်ခုမြောက် ဖြစ်သော နိပါတ်၌၊ မမ- ငါ၏၊ ဘာသိတံ- ဆိုအပ်သော စကားကို (တုမှေ- သင်တို့သည်) သုဏာထ- နားစေ့စေ့ထောင်ကြကုန်လော့။ သောဏက အရိန္ဒမ သဝှယနော- သောဏကပုဏ္ဏားလုလင်, အရိန္ဒမမင်းသားအမည်နှင့် တကွသော၊ ပဝရော- မြတ်သောဇာတ်လည်းကောင်း၊ တထာ- ထို့အတူ၊ ဝုတ္တရထေသဘကိစ္စဝရော- ရထားစီးချင်း မင်းတကာတို့ထက်မြတ်သော မင်းအား (ဆုံးမသော အားဖြင့်) ဟောကြားအပ်သော မြတ်သောကိစ္စရှိသော၊ ဇာတကသဝှယနော- သံကိစ္စဇာတ် အမည်နှင့် တကွဖြစ်သော၊ ပဝရော- မြတ်သော ဇာတ်လည်းကောင်းတည်း။ ဣတိ- ဤတွင် ပြီး၏။

သဋ္ဌိနိပါတဝဏ္ဏနာ- သဋ္ဌိနိပါတ်၏ အဖွင့်သည်၊ နိဋ္ဌိတာ- ပြီးဆုံးခြင်းသို့ ရောက်ပြီ။

# ၂၀- သတ္တတိနိပါတ်

## ၁-ကုသဇာတ် (၅၃၁)

### ကိလေသာအလိုသို့ မလိုက်သင့်ကြောင်း

### ဟောတော်မူရာဌာန

ဣဒံ တေ ရဋ္ဌဉ္စ ဣဒံ- ဣဒံ တေ ရဋ္ဌံ အစရှိသော ဂါထာပုဒ်တို့ဖြင့် တန်ဆာဆင်အပ်သော ဤကုသဇာတ်ကို၊ သတ္ထာ- မြတ်စွာဘုရားသည်၊ ဇေတဝနေ- ဇေတဝန်ကျောင်းတော်၌၊ ဝိဟရန္တော- စဉ်၊ ဥက္ကဏ္ဌိတဘိက္ခုံ- သာသနာတော်၌ ပျင်းရိငြီးငွေ့ မလျော်မွေ့သော ရဟန်းကို၊ အာရဗ္ဘ- အကြောင်းပြု၍၊ ကထေသိ- ဟောတော်မူပြီ။

### ပစ္စုပ္ပန်ဝတ္ထု

သာဝတ္ထိဝါသီ- သာဝတ္ထိပြည်၌နေသော၊ ဧကော- တစ်ယောက်သော၊ ကုလပုတ္တော- အမျိုးကောင်းသားသည်၊ သာသနေ- သာသနာတော်၌၊ ဥရံ- ရင် (အသက်)ကို၊ ဒတွာ- ပေး၍၊ ပဗ္ဗဇိတော- ရဟန်းပြုသည်ဖြစ်၍၊ ဧကဒိဝသံ- တစ်နေ့သ၌၊ သာဝတ္ထိယံ- သာဝတ္ထိပြည်၌၊ (ဝါ- သို့) ပိဏ္ဍာယ- ဆွမ်းအလို့ငှာ၊ စရန္တော- သွားသည်ရှိသော်၊ ဧကံ- တစ်ယောက်သော၊ အလင်္ကတပ္ပဋိယတ္တံ- တန်ဆာဆင်အပ်သော မိန်းမကို၊ ဒိသွာ- မြင်၍၊ သုဘနိမိတ္တဂ္ဂါဟဝသေန- (ခြေ, လက်, ဆံပင် အစရှိသော အလုံးစုံသော ကိုယ်အင်္ဂါသည်) တင့်တယ်ပေ၏ဟု နိမိတ်ကို ယူသည်၏အစွမ်းအားဖြင့်၊ ဩလောကေတွာ- ကြည့်၍၊ ကိလေသာဘိဘူတော- ကိလေသာသည် လွှမ်းမိုးနှိပ်စက်အပ်သည် ဖြစ်၍၊ အနဘိရတော- သာသနာတော်၌ မမွေ့လျော်သည် ဖြစ်၍၊ ဒီဃကေသနခေါ- ရှည်သောဆံ, လက်သည်း ခြေသည်း ရှိသည် ဖြစ်၍၊ ကိလိဋ္ဌစီဝရော- ညစ်နွမ်းသော အဝတ်သင်္ကန်းရှိသည်ဖြစ်၍၊ ဥပ္ပဏ္ဍုပ္ပဏ္ဍုကဇာတော- ဖြစ်သော အလွန်အလွန် ဖျော့တော့သော အဆင်းရှိသူ၏ အဖြစ် ရှိသည်ဖြစ်၍၊ ဓမနိသန္ထတဂတ္တော- အကြောကွန်ရက်တို့ဖြင့် ဖြန့်ကျက်အပ်သော ကိုယ်ရှိသည်ဖြစ်၍၊ ဝိဟာသိ ကိရ- နေပြီသတတ်။

## နတ်တို့သေခါနီးနှင့် ရဟန်းတို့လူထွက်ခါနီး

ယထာ ဟိ- ဥပမာမည်သည်ကား၊ ဒေဝလောကာ- နတ်ပြည်မှ၊ စဝနဓမ္မာနံ- ရွေ့လျောလိုသော သဘောရှိကုန်သော၊ ဒေဝပုတ္တာနံ- နတ်သားတို့အား၊ ပဉ္စ- ငါးပါးကုန်သော၊ ပုဗ္ဗနိမိတ္တာနိ- ပုဗ္ဗနိမိတ်တို့သည်၊ ပညာယန္တိ- ထင်ကုန်၏။ မာလာ- ပန်ဆင်သော ပန်းတို့သည်၊ မိလာယန္တိ- ညှိုးကုန်၏၊ ဝတ္ထာနိ- ဝတ်ဆင်သော အဝတ်တို့သည်၊ ကိလိဿန္တိ- ညစ်နွမ်းကုန်၏၊ သရီရေ- ကိုယ်၌၊ ဒုဗ္ဗဏ္ဏိယံ- မကောင်းသော အဆင်းရှိသူ၏ အဖြစ်သည်၊ ဩက္ကမတိ- သက်ရောက်၏၊ ဥဘောဟိ- နှစ်ဖက်ကုန်သော၊ ကစ္ဆေဟိ- လက်ကတီးကြားတို့မှ၊ သေဒါ- ချွေးတို့သည်၊ မုစ္စန္တိ- ထွက်ကုန်၏၊ ဒေဝေါ- နတ်သည်၊ ဒေဝါသနေ- နတ်တို့၏ နေရာ၌၊ နာဘိရမတိ ယထာ- မမွေ့လျော် မပျော်ပါးသကဲ့သို့၊ ဧဝမေဝ- ဤအတူသာလျှင်၊ သာသနာ- သာသနာတော်မှ၊ ဝစနဓမ္မာနံ- ရွေ့လျောလိုသော သဘောရှိကုန်သော၊ ဥက္ကဏ္ဌိတဘိက္ခူနံ- ပျင်းရိငြီးငွေ့ မပျော်မွေ့ကုန်သော ရဟန်းတို့ အား၊ ပဉ္စ- ငါးပါးကုန်သော၊ ပုဗ္ဗနိမိတ္တာနိ- ပုဗ္ဗနိမိတ်တို့သည်၊ ပညာယန္တိ- ထင်ကုန်၏။ သဒ္ဓါပုပ္ဖါနိ- သဒ္ဓါတရားတည်းဟူသော ပန်းတို့သည်၊ မိလာယန္တိ- ညစ်နွမ်းကုန်၏၊ သီလဝတ္ထာနိ- သီလတည်းဟူသော အဝတ်တို့သည်၊ ကိလိဿန္တိ- ညစ်နွမ်းကုန်၏၊ သရီရေ- ကိုယ်၌၊ မင်္ကုတာယ စေဝ- မျက်နှာမသာယာသည်၏ အဖြစ်ကြောင့်လည်းကောင်း၊ အယသဝသေန စ- အကျော်စောမဲ့ခြင်း၏ အစွမ်းကြောင့်လည်းကောင်း၊ ဒုဗ္ဗဏ္ဏိယံ- မကောင်းသော အဆင်းရှိသူ၏ အဖြစ်သည်၊ ဩက္ကမတိ- သက်ရောက်၏၊ ကိလေသသေဒါ- ကိလေသာတည်းဟူသော ချွေးတို့သည်၊ မုစ္စန္တိ- ယိုထွက်ကုန်၏၊ အရညရုက္ခမူလသုညာဂါရေသု- တောကျောင်း (တောအုပ်) သစ်ပင်ရင်း ဆိတ်ငြိမ်ရာ အရပ်တို့၌၊ နာဘိရမန္တိ- မမွေ့လျော်ကုန်။ တဿပိ- ထိုရဟန်းအားလည်း၊ တာနိ- ထိုနိမိတ်ငါးပါးတို့သည်၊ ပညာယိံသု- ထင်ကုန်ပြီ။ အထ- ထိုအခါ၌၊ ဘိက္ခူ- ရဟန်းတို့သည်၊ နံ- ထိုရဟန်းကို၊ သတ္ထု- မြတ်စွာဘုရား၏၊ သန္တိကံ- အထံတော်သို့၊ နေတွာ- ဆောင်ယူ၍၊ "ဘန္တေ- မြတ်စွာဘုရား၊ အယံ- ဤရဟန်းသည်၊ ဥက္ကဏ္ဌိတော- သာသနာတော်၌ ငြီးငွေ့ပါ၏။" ဣတိ- ဤသို့၊ ဒဿေသုံ- ပြကြကုန်ပြီ။ သတ္ထာ- မြတ်စွာဘုရားသည်၊ "ဘိက္ခု- ရဟန်း၊ တွံ- သင်သည်၊ ဥက္ကဏ္ဌိတော- သာသနာတော်၌ ငြီးငွေ့သည်၊ အသိ ကိရ- ဖြစ်၏ဟု ကြားရသည်ကား၊ သစ္စံ-

မှန်သလော၊” ဣတိ- ဤသို့၊ တံ- ထိုရဟန်းကို၊ ပုစ္ဆိတွာ- မေးတော်မူ၍၊ “ဘန္တေ- အရှင်ဘုရား၊ သစ္စံ- မှန်ပါ၏၊” ဣတိ- ဤသို့၊ ဝုတ္တေ- လျှောက်အပ်သော်၊ “ဘိက္ခု- ရဟန်း၊ ကိလေသဝသိကော- ကိလေသာ အလိုသို့ လိုက်သည်၊ မာ ဟောဟိ- မဖြစ်လင့်။ ဧသေ= ဧသော မာတုဂါမော နာမ- ဤမိန်းမမည်သည်ကား၊ ပါပေါ- အလွန်ယုတ်မာစွာ၏။ တသ္မိံ- ထိုမိန်းမ၌၊ ပဋိဗဒ္ဓစိတ္တတံ- တပ်မက်သောစိတ်ရှိသည်၏ အဖြစ်ကို၊ ဝိနောဒေဟိ- ပယ်ဖျောက်လော့။ သာသနေ-သာသနာ တော်၌၊ အဘိရမ- မွေ့လျော်လော့။ ဟိ- ထိုစကားသည် မှန်၏၊ မာတုဂါမေ- မိန်းမ၌၊ ပဋိဗဒ္ဓစိတ္တတာယ- တပ်မက်သော စိတ်ရှိသည်၏ အဖြစ်ကြောင့်၊ တေဇဝန္တော- ဘုန်းတန်ခိုးအာနုဘော်ရှိကုန်သော၊ ပေါရာဏကပဏ္ဍိတာပိ- ရှေးပညာရှိတို့သည်လည်း၊ နိတ္တေဇာ- ဘုန်းတန်ခိုးအရှိန်အဝါ မရှိကုန်သည်၊ ဟုတွာ- ဖြစ်ကုန်၍၊ အနယဗျသနံ- အကျိုးမဲ့ပျက်စီးခြင်းသို့၊ ပါပုဏိံသု- ရောက်ကုန်ပြီ။” ဣတိ- ဤသို့၊ ဝတွာ- မိန့်တော်မူ၍၊ အတီတံ- အတိတ်ကို၊ အာဟရိ- ဆောင်တော်မူပြီ။

### အတိတ်ဝတ္ထု

အတီတေ- လွန်လေပြီးသောအခါ၌၊ မလ္လရဋ္ဌေ- မလ္လတိုင်း၌၊ ကုသာဝတီရာဇဓာနိယံ- ကုသာဝတီအမည်ရှိသော မင်းနေပြည်တော်၌၊ ဩက္ကာကော နာမ- ဩက္ကာကအမည်ရှိသော၊ ရာဇာ- မင်းသည်၊ ဓမ္မေန- ရာဇဓံဆယ်ပါးနှင့်၊ သမေန- ညီသဖြင့်၊ ရဇ္ဇံ- မင်းအဖြစ်ကို၊ ကာရေသိ- ပြုစေပြီ။ သောဠသန္နံ ဣတ္ထိသဟဿာနံ- တစ်သောင်းခြောက်ထောင်ကုန်သော မောင်းမတို့၏၊ [နှာ-၂၉၇] ဇေဋ္ဌိကာ- အကြီးဖြစ်သော၊ အဂ္ဂမဟေသီ- မိဖုရားကြီးသည်၊ သီလဝတီ နာမ- သီလဝတီ အမည်ရှိသည်၊ အဟောသိ- ဖြစ်ပြီ။ သာ- ထိုသီလဝတီမိဖုရားကြီးသည်၊ ပုတ္တံ- သားကို၊ နေဝ လဘိ- မရပြီ။ ဓီတရံ- သမီးကို၊ န လဘိ- မရပြီ။ အထ- ထိုအခါ၌၊ အဿ- ထို ဩက္ကာကမင်း၏၊ နာဂရာ စေဝ- မြို့၌နေသော လူတို့သည်လည်းကောင်း၊ ရဋ္ဌဝါသိနော စ- မလ္လတိုင်း၌နေသော လူတို့သည်လည်းကောင်း၊ ရာဇနိဝေသနဒွါရေ- မင်းအိမ်တော်တံခါး၌၊ သန္နိပတိတွာ- အညီအညွတ်စည်းဝေးကုန်၍၊ “ဒေဝ- အရှင်မင်းကြီး၏၊ ရဋ္ဌံ- တိုင်းပြည်သည်၊ နဿိဿတိ- ပျက်စီးလတ္တံ့၊ ဒေဝ- အရှင်မင်းကြီး၏၊ ရဋ္ဌံ- တိုင်းပြည်သည်၊ နဿိဿတိ- ပျက်စီးလတ္တံ့၊” ဣတိ- ဤသို့၊ ဥပက္ကောသိံသု- ကြွေးကြော်ကုန်ပြီ။ ရာဇာ- ဩက္ကာကမင်းကြီးသည်၊ သီဟပဉ္ဇရံ-

ခြသေ့်ခံသော လေသွန်တံခါးကို၊ ဥဋ္ဌါပေတွာ- ဖွင့်၍၊ “မယိ- ငါသည်၊ ရဇ္ဇံ- မင်းအဖြစ်ကို၊ ကာရေန္တေ- ပြုစေလတ်သော်၊ အဓမ္မကာရော နာမ- မတရားမှုကို ပြုသော မည်သည်၊ နတ္ထိ- မရှိ။ ကသ္မာ- အဘယ့်ကြောင့်၊ ဥပက္ကောသထ- ကြွေးကြော်ကုန်သနည်း၊” ဣတိ- ဤသို့ ပုစ္ဆိ- မေးတော်မူပြီ။ ဒေဝ- အရှင်မင်းမြတ်၊ သစ္စံ- မှန်ပေ၏၊ အဓမ္မကာရော နာမ- မတရားမှုကို ပြုသော မည်သည်၊ နတ္ထိ- မရှိပါ။ [နှာ-၂၉၈] ပန- ထိုသို့ပင် မရှိသည် မှန်သော်လည်း၊ အပိ စ- စင်စစ်သော်ကား၊ ဝေါ- အရှင်မင်းမြတ်အား၊ ဝံသာနုရက္ခကော- အမျိုးအနွယ်ကို စောင့်ရှောက်တတ်သော၊ ပုတ္တော- သားတော်သည်၊ နတ္ထိ- မရှိပါ။ အညော- တစ်ပါးသော မင်းသည်၊ ရဇ္ဇံ- မင်းအဖြစ်ကို၊ ဂဟေတွာ- ယူ၍၊ တေ- အရှင်မင်းကြီး၏၊ ရဋ္ဌံ- နိုင်ငံကို၊ နာသေဿတိ- ပျက်စီးစေလတ္တံ့၊ တသ္မာ- ထို့ကြောင့်၊ ဓမ္မေန- တရားသဖြင့်၊ ရဇ္ဇံ- မင်းအဖြစ်ကို၊ ကာရေတုံ- ပြုစေခြင်းငှာ၊ သမတ္ထံ- စွမ်းနိုင်သော၊ ပုတ္တံ- သားကို၊ ပတ္ထေထ- တောင့်တတော်မူပါကုန်လော့။ ဣတိ- ဤသို့ အာဟံသု- လျှောက်တင်ကြကုန်ပြီ။ ပုတ္တံ- သားကို၊ ပတ္ထေန္တော- ဆုတောင်းသည်ရှိသော်၊ ကိံ- အဘယ်သို့၊ ကရောမိ- ပြုရအံ့နည်း။ ဣတိ- ဤသို့ ပုစ္ဆိ- မေးတော်မူပြီ။ ဒေဝ- အရှင်မင်းမြတ်၊ ပဌမံ တာဝ- ရှေးဦးစွာ၊ ဧကံ- တစ်ယောက်သော၊ စုလ္လနာဋကံ- မောင်းမငယ်ကို၊ ဓမ္မနာဋကံ- တရားစောင့်သော မောင်းမငယ်ဟူ၍၊ ကတွာ- ပြု၍၊ သတ္တာဟံ- ခုနစ်ရက်ပတ်လုံး၊ ဝိဿဇ္ဇေထ- လွှတ်တော်မူကုန်လော့။ သာ- ထိုမောင်းမငယ်သည်၊ ပုတ္တံ- သားကို၊ သစေ လဘိဿတိ- အကယ်၍ ရအံ့၊ သာဓု- ကောင်း၏။ နော စေ လဘိဿတိ- အကယ်၍ မရအံ့၊ အထ- ထိုသို့မရသည်ရှိသော်၊ မဇ္ဈိမနာဋကံ- အလတ်ဖြစ်သော မောင်းမကို၊ ဓမ္မနာဋကံ- တရားစောင့်သော မောင်းမဟူ၍၊ ကတွာ- ပြု၍၊ သတ္တာဟံ- ခုနစ်ရက် ပတ်လုံး၊ ဝိဿဇ္ဇေထ- လွှတ်တော်မူကုန်လော့။ တတော- ထို့နောင်မှ (ဝါ) ထိုမှ နောက်၌၊ ဇေဋ္ဌနာဋကံ- မောင်းမကြီးကို၊ ဓမ္မနာဋကံ- တရားစောင့်သော မောင်းမဟူ၍ ကတွာ- ပြု၍၊ ဝိဿဇ္ဇေထ- လွှတ်တော်မူကုန်လော့။ ဧတ္တကာသု- ဤမျှလောက်ကုန်သော၊ ဣတ္ထီသု- မောင်းမတို့တွင်၊ ဧကာ- တစ်ယောက်ယောက်သည်၊ ပုညဝတီ- ဘုန်းကံရှိသည် ဖြစ်၍၊ အဝဿံ- မချွတ်ဧကန်၊ ပုတ္တံ- သားကို၊ လဘိဿတိ- ရပါလတ္တံ့။ ဣတိ- ဤသို့ (အာဟံသု- လျှောက်တင်ကြကုန်ပြီ)။

မောင်းမမိဿံ သားဆုပန်

ရာဇာ- ဥက္ကာကမင်းကြီးသည်၊ တေသံ- ထိုတိုင်းသူပြည်သားတို့၏၊ ဝစနေန- စကားဖြင့်၊ တထာ- ထိုတိုင်းသူပြည်သားတို့ လျှောက်တင်သည့်အတိုင်း၊ ကတ္ဝာ- ပြုတော်မူ၍၊ သတ္တဒိဝသေ- ခုနစ်ရက်မြောက်သောနေ့၌၊ ယထာသုခံ- ချမ်းသာသည် အားလျော်စွာ၊ အဘိရမိတွာ- မွေ့လျော်ပျော်ပါး၍၊ အာဂတာဂတံ- လာတိုင်း လာတိုင်းသော မောင်းမကို၊ "ကစ္စိ- အသို့နည်း၊ ဝေါ- သင်တို့သည် (တို့အား)၊ ပုတ္တော- သားကို၊ လဒ္ဓေါ- ရအပ်ပြီလော။" ဣတိ- ဤသို့၊ ပုစ္ဆိ- မေးတော်မူပြီ။ သဗ္ဗာ- အလုံးစုံကုန်သော မောင်းမတို့သည် "ဒေဝ- အရှင်မင်းကြီး၊ န လဘာမ- မရပါကုန်၊" ဣတိ- ဤသို့၊ အာဟံသု- လျှောက်တင်ကြကုန်ပြီ။ ရာဇာ- ဥက္ကာက မင်းကြီးသည်၊ "မေ- ငါအား၊ ပုတ္တော- သားသည်၊ န ဥပ္ပဇ္ဇိဿတိ- မဖြစ်လတ္တံ့" ဣတိ- ဤသို့၊ အနတ္တမနော- နှလုံးသာယာတော်မမူသည်၊ အဟောသိ- ဖြစ်ပြီ။ နာဂရာ- ပြည်သူပြည်သားတို့သည်၊ ပုန- တစ်ဖန်၊ တထေဝ- ထိုရှေးနည်းအတူ သာလျှင်၊ ဥပက္ကောသိံသု- ကြွေးကြော်ကြပြန်ကုန်ပြီ။ ရာဇာ- ဥက္ကာကမင်းကြီးသည်၊ "ကိံ- အဘယ်ကြောင့်၊ ဥပက္ကောသထ- ကြွေးကြော်ကုန်သနည်း။ မယာ- ငါသည်၊ တုမှာကံ- သင်တို့၏၊ ဝစနေန- စကားဖြင့်၊ နာဋကာနိ- မောင်းမတို့ကို၊ ဝိဿဇ္ဇာနိ- စေလွှတ်အပ်ကုန်ပြီ။ ဧကာပိ- တစ်ယောက်သော မောင်းမသည်လည်း၊ ပုတ္တံ- သားကို၊ န လဘတိ- မရ။ ဣဒါနိ- ယခုအခါ၌၊ ကိံ- အဘယ်သို့၊ ကရောမ- ပြုကုန် အံ့နည်း၊" ဣတိ- ဤသို့၊ အာဟ- မိန့်တော်မူပြီ။ ဒေဝ- အရှင်မင်းမြတ်၊ ဧတာ- ထို မောင်းမတို့သည်၊ ဒုဿီလာ- သီလမရှိကုန်သည်၊ နိပ္ပုညာ- ဘုန်းကံမရှိကုန်သည်၊ ဘဝိဿန္တိ- ဖြစ်ကုန်လတ္တံ့။ ဧတာသံ- ထိုမောင်းမတို့၌၊ ပုတ္တလာဘာယ- သားရခြင်းငှာ၊ ပုညံ- ကောင်းမှုသည်၊ နတ္ထိ- မရှိ၊ တုမှေ- အရှင်မင်းမြတ်တို့သည်၊ ဧတာသု- ထိုမောင်းမတို့၌၊ ဝါ- တို့သည်၊ ပုတ္တံ- သားကို၊ အလဘန္တိသုပိ- မရကုန်သည် ရှိသော်လည်း၊ အပ္ပေါသုက္ကတံ- ကြောင့်ကြမဲ့သည်၏ အဖြစ်သို့၊ မာ အာပဇ္ဇထ- ရောက်တော်မမူပါကုန်လင့်။ ဝေါ- အရှင်မင်းမြတ်၏၊ သီလဝတီ- သီလဝတီ အမည်ရှိသော၊ ဒေဝီ- မင်းသမီးဖြစ်သော၊ အဂ္ဂမဟေသီ- မိဖုရားကြီးသည်၊ သီလသမ္ပန္နာ- သီလနှင့်ပြည့်စုံပါ၏။ တံ- ထိုမိဖုရားကြီးကို၊ ဝိဿဇ္ဇေထ- လွှတ်တော်မူပါကုန်လော့၊ တဿာ- ထိုမိဖုရားကြီးအား၊ ပုတ္တော- သားသည်၊ ဥပ္ပဇ္ဇိဿတိ- ရပါလတ္တံ့၊ ဣတိ- ဤသို့၊ အာဟံသု- လျှောက်တင်ကြကုန်ပြီ။

## သိကြားမင်း သားဆုပေးပုံ

သော- ထိုသြက္ကာကမင်းကြီးသည်၊ "သာဓု"တိ- ကောင်းပြီဟု၊ သမ္ပဋိစ္ဆိတွာ- ဝန်ခံတော်မူ၍၊ "က္ကတော- ဤနေ့မှ၊ သတ္တမေ ဒိဝသေ- ခုနစ်ရက်မြောက်သော နေ့၌၊ ရာဇာ- သြက္ကာကမင်းကြီးသည်၊ သီလဝတိံ- သီလဝတီအမည်ရှိသော၊ ဒေဝိံ- မိဖုရားကြီးကို၊ ဓမ္မနာဋကံ- တရားစောင့်သော မိဖုရားကြီးဟူ၍၊ ကတွာ- ပြုတော်မူ၍၊ ဝိဿဇ္ဇေဿတိ ကိရ- လွှတ်တော်မူစေလတ္တံ့တဲ့။ ပုရိသာ- ယောက်ျားတို့သည်၊ သန္နိပတန္တု- စည်းဝေးကြစေကုန်။" က္ကတိ- ဤသို့၊ ဘေရိံ- စည်ကို၊ စရာပေတွာ- လည်စေတော်မူ၍၊ သတ္တမေ ဒိဝသေ- ခုနစ်ရက်မြောက်သောနေ့၌၊ ဒေဝိံ- သီလဝတီ မိဖုရားကြီးကို၊ အလင်္ကာရာပေတွာ- တန်ဆာဆင်စေပြီး၍၊ ရာဇနိဝေသနာ- နန်းတော်မှ၊ သြတာရေတွာ- သက်ဆင်းစေ၍၊ ဝိဿဇ္ဇေသိ- လွှတ်တော်မူပြီ။ တဿာ- ထိုသီလဝတီ မိဖုရားကြီး၏၊ သီလတေဇေန- သီလတန်ခိုးကြောင့်၊ သက္ကဿ- သိကြားမင်း၏၊ ဘဝနံ- နေရာသည်၊ ဥဏှာကာရံ- ပူသော အခြင်းအရာကို၊ ဒဿေသိ- ပြပြီ။ သက္ကော- သိကြားမင်းသည်၊ "ကိံ နု ခေါ"တိ- အကြောင်းအဘယ်သို့နည်းဟု၊ အာဝဇ္ဇေန္တော- ဆင်ခြင်လတ်သော်၊ ဒေဝိယာ- သီလဝတီမိဖုရားကြီးအား၊ ပုတ္တပတ္ထနဘာဝံ- သားဆုတောင်းသည်၏ အဖြစ်ကို၊ ဉတွာ- သိ၍၊ "ဧတိဿာ- ဤသီလဝတီမိဖုရားကြီးအား၊ မယာ- ငါသည်၊ ပုတ္တံ- သားကို၊ ဒါတုံ- ပေးခြင်းငှာ၊ ဝဋ္ဋတိ- သင့်၏။ ဧတိဿာ- ဤသီလဝတီမိဖုရားအား၊ အနုစ္ဆဝိကော- လျောက်ပတ်သော၊ ပုတ္တော- သားသည်၊ ဒေဝလောကေ- နတ်ပြည်၌၊ အတ္ထိ နု ခေါ- ရှိပါအံ့လော။" က္ကတိ- ဤသို့ ဥပဓာရေန္တော- စူးစမ်းဆင်ခြင်လတ်သော်၊ ဗောဓိသတ္တံ- ဘုရားလောင်း နတ်သားကို၊ အဒ္ဒသ- မြင်ပြီ။ သော- ထိုဘုရားလောင်း နတ်သားသည်၊ တဒါ- ထိုအခါ၌၊ တာဝတိံသဘဝနေ- တာဝတိံသာနတ်ပြည်၌၊ အာယုံ- အသက်ကို၊ ခေပေတွာ- ကုန်စေ၍၊ ဥပရိဒေဝလောကေ- အထက်နတ်ပြည် ၌၊ နိဗ္ဗတ္တိတုကာမော- ဖြစ်ခြင်းငှာ အလိုရှိသည်၊ အဟောသိ ကိရ- ဖြစ်ပြီသတတ်။ သက္ကော- သိကြားမင်းသည်၊ တဿ- ထိုဘုရားလောင်းနတ်သား၏၊ ဝိမာနဒွါရံ- ဗိမာန်တံခါးသို့၊ ဂန္တွာ- သွား၍၊ တံ- ထိုဘုရားလောင်းနတ်သားကို၊ ပက္ကောသိတွာ- ခေါ်၍၊ "မာရိသ- အမောင်နတ်သား၊ တယာ- သင်သည်၊ မနုဿလောကံ- လူ့ပြည်သို့၊ ဂန္တွာ- သွား၍၊ သြက္ကာကရညော- ဥက္ကာကမင်း၏၊ အဂ္ဂမဟေသိယာ-

မိဖုရားကြီး၏၊ ကုစ္ဆိမှိ- ဝမ်း၌၊ ပဋိသန္ဓိ- ပဋိသန္ဓေကို၊ ဂဏှိတုံ- ယူခြင်းငှာ၊ ဝဋ္ဋတိ- သင့်၏။" ဣတိ- ဤသို့ သမ္ပဋိစ္ဆာပေတွာ- ဝန်ခံစေပြီး၍၊ အပရမ္ပိ- ဘုရားလောင်း နတ်သားမှ တစ်ပါးလည်း ဖြစ်သော၊ ဒေဝပုတ္တံ- နတ်သားကို၊ "တွမ္ပိ- သင်အမောင် နတ်သားသည်လည်း၊ ဧတိဿာ- ထိုသီလဝတီမိဖုရားကြီး၏၊ ပုတ္တောယေဝ- သားသည်သာလျှင်၊ ဘဝိဿသိ- ဖြစ်လတ္တံ့။" ဣတိ- ဤသို့ ဝတွာ- ဆို၍၊ "ခေါ ပန- စင်စစ်သော်ကား၊ အဿာ- ထိုသီလဝတီမိဖုရားကြီး၏၊ သီလံ- သီလကို၊ ကောစိ- တစ်စုံတစ်ယောက်သော သူသည်၊ မာ ဘိန္ဒတု- မဖျက်ဆီးစေသတည်း။" ဣတိ- ဤသို့ နှလုံးသွင်း၍၊ မဟလ္လကဗြာဟ္မဏဝေသေန- ပုဏ္ဏားအို အသွင်ဖြင့်၊ ရညော- ဥက္ကာကမင်းကြီး၏၊ နိဝေသနဒွါရံ- နန်းတော်တံခါးသို့၊ အဂမာသိ- သွားလေပြီ။

မဟာဇနောပိ- လူများသည်လည်း၊ နှာတော- ရေချိုးပြီးသည်၊ အလင်္ကတော- တန်ဆာဆင်ပြီးသည် (ဟုတွာ- ဖြစ်၍၊) "အဟံ- ငါသည်၊ ဒေဝိံ- မိဖုရားကြီးကို၊ ဂဏှိဿာမိ- ယူအံ့၊ အဟံ- ငါသည်၊ ဒေဝိံ- မိဖုရားကြီးကို၊ ဂဏှိဿာမိ- ယူအံ့။" ဣတိ- ဤသို့၊ ရာဇဒွါရေ- မင်းအိမ်တံခါး၌၊ သန္နိပတိတွာ- အညီအညွတ် စည်းဝေး၍၊ သက္ကံ- သိကြားမင်းကို၊ ဒိသွာ စ- မြင်၍သာလျှင်၊ "တွံ- သင်သည်၊ ကသ္မာ- အဘယ့်ကြောင့်၊ [နှာ-၂၉၉] အာဂတော- လာသည်၊ အသိ- ဖြစ်သနည်း၊" ဣတိ- ဤသို့၊ ပရိဟာသံ- ပြက်ရယ်မှုကို၊ အကာသိ- ပြုပြီ။ သက္ကော- သိကြားမင်းသည်၊ မံ- ငါ့ကို၊ တုမှေ- သင်တို့သည်၊ ကိံ- အဘယ့်ကြောင့်၊ ဂရဟထ- ကဲ့ရဲ့ကြကုန် သနည်း။ မေ- ငါ၏၊ သရီရံ- ကိုယ်သည်၊ သစေပိ ဇိဏ္ဏံ- အကယ်၍ကား အို၏၊ ပန- ထိုသို့ အိုသော်လည်း၊ ရာဂေါ- တပ်မက်ခြင်းရာဂသည်၊ န ဇီရတိ- မအို။ သီလဝတိံ- သီလဝတီမိဖုရားကြီးကို၊ သစေ လဘိဿာမိ- အကယ်၍ ရအံ့၊ နံ- ထိုမိဖုရားကြီးကို၊ အာဒါယ- ယူ၍၊ ဂမိဿာမီတိ- သွားအံ့ဟု၊ အာဂတော- လာသည်၊ အမှိ- ဖြစ်၏။" ဣတိ- ဤသို့၊ ဝတွာ- ဆို၍၊ အတ္တနော- မိမိ၏၊ အာနုဘာဝေန- အာနုဘော်ဖြင့်၊ သဗ္ဗေသံ- အလုံးစုံကုန်သော သူတို့၏၊ ပုရတောဝ- ရှေ့မှောက်မှ သာလျှင်၊ အဋ္ဌာသိ- ရပ်ပြီ။ အညော- သိကြားမင်းမှ တစ်ပါးသော၊ ကောစိ- တစ်စုံတစ်ယောက်သော သူသည်၊ တဿ- ထိုသိကြားမင်း၏၊ တေဇေန- တန်ခိုးကြောင့်၊ ပုရတော- ရှေ့မှ၊ ဘဝိတုံ- ဖြစ်ခြင်းငှာ၊ နာသက္ခိ- မတတ်နိုင်။ သော- ထို သိကြားမင်းသည်၊ သဗ္ဗာလင်္ကာရပဋိမဏ္ဍိတံ- ခပ်သိမ်းသော တန်ဆာတို့ဖြင့်

တန်ဆာဆင်အပ်သော၊ နိဝေသနာ- နန်းတော်မှ၊ နိက္ခမန္တိယာ- ထွက်လာသည် သာလျှင်ဖြစ်သော၊ တံ- ထိုမိဖုရားကြီးကို၊ ဟတ္ထေ- လက်၌၊ ဂဟေတွာ- ကိုင်ယူ၍၊ ပက္ကာမိ- ဆောင်ယူသွားလေပြီ။ အထ- ထိုအခါ၌၊ နံ- ထိုသိကြားမင်းကို၊ တတ္ထ တတ္ထ- ထိုထိုအရပ်၌၊ ဌိတာ- တည်ကုန်သော သူတို့သည်၊ "ဘော- အိုအချင်းတို့၊ ပဿထ- ကြည့်ကြကုန်လော့။ မဟလ္လကဗြာဟ္မဏော- ပုဏ္ဏားအိုသည်၊ ဧဝံ- ဤသို့ သဘောရှိသော၊ ဥတ္တမရူပဓရံ- မြတ်သော အဆင်းကို ဆောင်သော၊ ဒေဝိံ- မိဖုရား ကြီးကို၊ အာဒါယ- ယူ၍၊ ဂစ္ဆတိ- သွားဘိ၏။ အတ္တနော- မိမိအား၊ ယုတ္တံ- လျောက်ပတ်သည်ကို၊ န ဇာနာတိ- မသိ။" ဣတိ- ဤသို့ ဂရဟိံသု- ကဲ့ရဲ့ကြကုန်ပြီ။ ဒေဝီပိ- သီလဝတီမိဖုရားကြီးသည်လည်း၊ "မဟလ္လကော- ပုဏ္ဏားအိုသည်၊ မံ- ငါ့ကို၊ ဂဟေတွာ- ယူ၍၊ ဂစ္ဆတိ- သွားဘိ၏။" ဣတိ- ဤသို့၊ န အဋ္ဋီယတိ- မညည်းညူ။ န ဟရာယတိ- မရှက်။ ရာဇာပိ- ဩက္ကာကမင်းကြီးသည်လည်း၊ ဝါတပါနေ- နန်းတော်လေသာပြူတင်း၌၊ ဌတွာ- ရပ်တော်မူ၍၊ "ကော- အဘယ်သူသည်၊ ဒေဝိံ- မိဖုရားကြီးကို၊ ဂဟေတွာ- ယူ၍၊ ဂစ္ဆတိ နု ခေါ- သွားလေသနည်း။" ဣတိ- ဤသို့ ဩလောကေန္တော- ကြည့်လတ်သော်၊ တံ- ထိုပုဏ္ဏားအိုကို၊ ဒိသွာ- မြင်၍၊ အနတ္တမနော- နှလုံးမသာယာခြင်းရှိသည်၊ အဟောသိ- ဖြစ်တော်မူပြီ။

သက္ကော- သိကြားမင်းသည်၊ တံ- ထိုမိဖုရားကြီးကို၊ အာဒါယ- ယူ၍၊ နဂရ ဒွါရတော- မြို့တံခါးမှ၊ နိက္ခမိတွာ- ထွက်ပြီး၍၊ ဒွါရသမီပေ- မြို့တံခါးအနီး၌၊ ဝိဝဋဒွါရံ- ဖွင့်လှစ်အပ်သော တံခါးရှိသော၊ ပညတ္တကဋ္ဌတ္ထရိကံ- ခင်းထားအပ်သော ပျဉ်အခင်းရှိသော၊ ဧကံ- တစ်ဆောင်သော၊ ဃရံ- အိမ်ကို၊ မာပေသိ- ဖန်ဆင်းပြီ။ အထ- ထိုအခါ၌၊ နံ- ထိုသိကြားမင်းကို၊ သာ- ထိုသီလဝတီအမည်ရှိသော မိဖုရားကြီးသည်၊ "ဘော မဟလ္လက- အိုအဖိုးအို၊ ဣဒံ- ဤအိမ်သည်၊ တေ- သင်၏၊ နိဝေသနံ- အိမ်လော။" ဣတိ- ဤသို့၊ ပုစ္ဆိ- မေးပြီ။ သော- ထိုသိကြားမင်းသည်၊ "ဘဒ္ဒေ- ရှင်မိဖုရား၊ အာမ- ဟုတ်၏။ ပုဗ္ဗေ ပန- ရှေး၌မူကား၊ အဟံ- ငါသည်၊ ဧကော- တစ်ယောက်တည်းသာ။ ဣဒါနိ- ယခုအခါ၌၊ မယံ- ငါတို့သည်၊ ဒွေ- နှစ်ယောက်ကုန်သော၊ ဇနာ- လူတို့သည်၊ အမှာ- ဖြစ်ကုန်၏။ အဟံ- ငါသည်၊ ဘိက္ခာယ- ဆွမ်းအလို့ငှာ၊ စရိတွာ- လှည့်လည်၍၊ တဏ္ဍုလာဒီနိ- ဆန်အစရှိသည် တို့ကို၊ အာဟရိဿာမိ- ဆောင်ယူအံ့။ တွံ- ရှင်မိဖုရားသည်၊ ဣမိဿာ

ကဋ္ဌတ္ထရိကာယ- ဤပျဉ်အခင်း၌၊ နိပဇ္ဇာဟိ- အိပ်လော့။" ဣတိ- ဤသို့၊ ဝတွာ- ဆို၍၊ တံ- ထိုမိဖုရားကြီးကို၊ မုဒုနာ- နူးညံ့စွာသော၊ ဟတ္ထေန- လက်ဖြင့်၊ ပရာမသန္တော- သုံးသပ်လျက်၊ ဒိဗ္ဗသမ္ဖဿံ- နတ်တို့၏အတွေ့ (ဖောဋ္ဌဗ္ဗာရုံ)ကို၊ ဖရာပေတွာ- နှံ့စေ၍၊ တတ္ထ- ထိုပျဉ်အိပ်ရာခင်း၌၊ နိပဇ္ဇာပေသိ- အိပ်စေပြီ။ သာ- ထိုမိဖုရားကြီးသည်၊ ဒိဗ္ဗသမ္ဖဿဖရဏေန- နတ်၏ အတွေ့၏ နှံ့ခြင်းဖြင့်၊ သညံ- အမှတ်သညာကို၊ ဝိဿဇ္ဇေသိ- လွှတ်စေပြီ။ အထ- ထိုအခါ၌၊ နံ- ထိုမိဖုရားကြီးကို၊ အတ္တနော- မိမိ၏၊ အာနုဘာဝေန- အာနုဘော်ဖြင့်၊ တာဝတိံသဘဝနံ- တာဝတိံသာနတ်ပြည်သို့ နေတွာ- ဆောင်ယူပြီး၍၊ အလင်္ကတဝိမာနေ- တန်ဆာဆင်အပ်သော ဗိမာန်၌၊ ဒိဗ္ဗသယနေ- နတ်၏ အိပ်ရာ၌၊ နိပဇ္ဇာပေသိ- အိပ်စေပြီ။

သာ- ထိုမိဖုရားကြီးသည်၊ သတ္တမေ ဒိဝသေ- ခုနစ်ရက်မြောက်သောနေ့၌၊ ပဗုဇ္ဈိတွာ- နိုး၍၊ တံ သမ္ပတ္တိံ- ထိုစည်းစိမ်ချမ်းသာ၏ ပြည့်စုံခြင်းကို၊ ဒိသွာ- မြင်ရ၍၊ "သော ဗြာဟ္မဏော- ထိုပုဏ္ဏားသည်၊ န မနုဿော- လူမဟုတ်၊ သက္ကော- သိကြားမင်းသည်၊ ဘဝိဿတိ- ဖြစ်လတ္တံ့။" ဣတိ- ဤသို့၊ အညာသိ- သိပြီ။ သက္ကောပိ- သိကြားမင်းသည်လည်း၊ တသ္မိံ သမယေ- ထိုအခါ၌၊ ပါရိစ္ဆတ္တကမူလေ- ပင်လယ်ကသစ်ပင်၏ အနီး၌၊ ဒိဗ္ဗနာဋကပရိဝုတော- နတ်သမီးကချေသည် အပေါင်းသည် ခြံရံအပ်လျက်၊ နိသိန္နော- ထိုင်နေသည်၊ အဟောသိ- ဖြစ်ပြီ။ သာ- ထိုသီလဝတီ မိဖုရားကြီးသည်၊ သယနာ- အိပ်ရာမှ၊ ဥဋ္ဌာယ- ထ၍၊ တဿ- ထိုသိကြားမင်း၏၊ သန္တိကံ- အထံသို့၊ ဂန္ဒ္ဓာ- သွား၍၊ ဝန္ဒိတွာ- ရှိခိုး၍၊ ဧကမန္တံ- သင့်တင့် လျောက်ပတ်သော အရပ်၌၊ အဋ္ဌာသိ- တည်နေပြီ။ အထ- ထိုအခါ၌၊ နံ- ထို သီလဝတီမိဖုရားကြီးကို၊ သက္ကော- သိကြားမင်းသည်၊ "ဒေဝိ- ရှင်မိဖုရားကြီး၊ တေ- ရှင်မိဖုရားကြီးအား၊ ဝရံ- ဆုကို၊ (အဟံ- သည်၊) ဒဒါမိ- ပေးအံ့၊ ဂဏှာဟိ- ယူအံ့ လော။" ဣတိ- ဤသို့၊ အာဟ- ဆိုပြီ။ ဒေဝ- အရှင်နတ်မင်း၊ တေန ဟိ- ထိုသို့ ပေးလိုသည်ရှိသော်ကား၊ မေ- ငါ့အား၊ ဧကံ- တစ်ယောက်သော၊ ပုတ္တံ- သားဆုကို၊ ဒေဟိ- ပေးတော်မူလော့၊ ဣတိ- ဤသို့၊ အာဟ- ဆိုပြီ။ ဒေဝိ- ရှင်မိဖုရားကြီး၊ ဧကော- တစ်ယောက်သော၊ ပုတ္တော- သားသည်၊ တိဋ္ဌတု- ထားဘိဦး။ အဟံ- ငါသည်၊ တေ- သင်မိဖုရားအား၊ ဒွေ- နှစ်ယောက်ကုန်သော၊ ပုတ္တေ- သားတို့ကို၊ ဒဿာမိ- ပေးအံ့၊ တေသု ပန- ထိုသားနှစ်ယောက်တို့တွင်ကား၊ ဧကော-

တစ်ယောက်သည်၊ ပညဝါ- ပညာရှိသည်ဖြစ်၍၊ ဝိရူပဝါ- အဆင်းမလှသူသည်၊ ဘဝိဿတိ- ဖြစ်လတ္တံ့။ ဧကော- တစ်ယောက်သည်၊ ရူပဝါ- အဆင်းလှသည် ဖြစ်၍၊ ပညဝါ- ပညာရှိသူသည်၊ န ဘဝိဿတိ- မဖြစ်လတ္တံ့။ တေသု- ထိုသားနှစ်ယောက်တို့တွင်၊ ကတရံ- အဘယ်သားကို၊ ပဋ္ဌမံ- ရှေးဦးစွာ၊ ဣစ္ဆသိ- အလိုရှိ သနည်း။ ဣတိ- ဤသို့၊ ပုစ္ဆိ- မေးပြီ။ ဒေဝ- အရှင်နတ်မင်း၊ ပညဝန္တံ- ပညာရှိသော သားကို၊ ဣစ္ဆာမိ- အလိုရှိပါ၏။ ဣတိ- ဤသို့၊ အာဟ- ဆိုပြီ။ သော- ထို သိကြားမင်းသည်၊ "သာဓု"တိ- ကောင်းပြီဟု၊ ဝတွာ- ဆို၍၊ တဿာ- ထိုသီလဝတီ မိဖုရားကြီးအား၊ ကုသတိဏဉ္စ- သမန်းမြက်ကိုလည်းကောင်း၊ ဒိဗ္ဗဝတ္ထဉ္စ- နတ်၌ဖြစ်သော အဝတ်ကိုလည်းကောင်း၊ ဒိဗ္ဗစန္ဒနဉ္စ- နတ်၌ဖြစ်သော စန္ဒကူးနံ့သာကိုလည်းကောင်း၊ ပါရိစ္ဆတ္တကပုပ္ဖဉ္စ- ပင်လယ်ကသစ်ပွင့်ကိုလည်းကောင်း၊ ကောကနဒံ နာမ- ကောကနဒအမည်ရှိသော၊ ဝီဏဉ္စ- စောင်းကိုလည်းကောင်း၊ ဒတွာ- ပေး၍၊ တံ- ထိုသီလဝတီမိဖုရားကြီးကို၊ အာဒါယ- ယူခဲ့၍၊ ရညော- ဩက္ကာကမင်းကြီး၏၊ သယနဃရံ- အိပ်ရာတိုက်ခန်းသို့၊ ပဝိသိတွာ- ဝင်၍၊ ရညာ- မင်းနှင့်၊ သဒ္ဓိံ- အတူတကွ၊ ဧကသယနေ- တစ်အိပ်ရာတည်း၌၊ နိပဇ္ဇာပေတွာ- အိပ်စေပြီး၍၊ အင်္ဂုဋ္ဌကေန- လက်မဖြင့်၊ တဿာ- ထိုသီလဝတီ မိဖုရားကြီး၏၊ နာဘိံ- ချက်ကို၊ ပရာမသိ- သုံးသပ်ပြီ။ [နှာ-၃၀၀] တသ္မိံ ခဏေ- ထိုခဏ၌၊ ဗောဓိသတ္တော- ဘုရားလောင်းသည်၊ တဿာ- ထိုသီလဝတီမိဖုရားကြီး၏၊ ကုစ္ဆိမှိ- ဝမ်း၌၊ ပဋိသန္ဓိံ- ပဋိသန္ဓေကို၊ ဂဏှိ- ယူတော်မူပြီ။ သက္ကောပိ- သိကြားမင်းသည်လည်း၊ သကဋ္ဌာနမေဝ- မိမိနေရာ တာဝတိံသာနတ်ပြည်သို့သာလျှင်၊ ဂတော- သွားလေပြီ။ ပဏ္ဍိတာ- ပညာရှိသော၊ ဒေဝီ- သီလဝတီမိဖုရားကြီးသည်၊ ဂဗ္ဘဿ- ကိုယ်ဝန်၏၊ ပတိဋ္ဌိတဘာဝံ- တည်သည်၏ အဖြစ်ကို၊ ဇာနိ- သိတော်မူပြီ။

## မင်းကြီး ချီးမြှောက်ပြီ

အထ- ထိုအခါ၌၊ ပဗုဒ္ဓေါ- နိုးလာသော၊ ရာဇာ- ဩက္ကာကမင်းသည်၊ နံ- ထိုသီလဝတီမိဖုရားကြီးကို၊ ဒိသွာ- မြင်၍၊ "ဒေဝိ- ရှင်မိဖုရား၊ တွံ- ရှင်မိဖုရားကို၊ ကေန- အဘယ်သူသည်၊ နီတာ- ဆောင်ယူအပ်သည်၊ အသိ- ဖြစ်သနည်း။" ဣတိ- ဤသို့၊ ပုစ္ဆိ- မေးတော်မူပြီ။ ဒေဝ- အရှင်မင်းကြီး၊ သက္ကေန- သိကြားမင်းသည်၊ နီတာ- ဆောင်ယူအပ်ပါ၏။ ဣတိ- ဤသို့ အာဟ- လျှောက်တင်ပြီ။ အဟံ- ငါသည်၊

ပစ္စက္ခတော- မျက်မှောက်အားဖြင့်၊ ဧကံ- တစ်ယောက်သော၊ မဟလ္လက ဗြာဟ္မဏံ- ပုဏ္ဏားအိုကို၊ တံ- သင့်ကို၊ အာဒါယ- ယူ၍၊ ဂစ္ဆန္တံ- သွားသည်ကို၊ အဒ္ဒသံ- မြင်ပြီ။ တွံ- သင်သည်၊ ကဿ- အဘယ်ကြောင့်၊ မံ- ငါ့ကို၊ ဝဉ္စေသိ- လှည့်စားဘိသနည်း။ ဣတိ- ဤသို့၊ အာဟ- မိန့်တော်မူပြီ။ ဒေဝ- အရှင်မင်းကြီး၊ သဒ္ဒဟထ- ယုံတော်မူလော့။ သက္ကော- သိကြားမင်းသည်၊ မံ- အကျွန်ုပ်ကို၊ ဂဟေတွာ- ယူ၍၊ ဒေဝလောကံ- နတ်ပြည်သို့၊ နေသိ- ဆောင်ယူပါပြီ။ ဣတိ- ဤသို့၊ အာဟ- လျှောက်တင်ပြီ။ ဒေဝိ- ရှင်မိဖုရား၊ န သဒ္ဒဟာမိ- ငါမယုံ။ ဣတိ- ဤသို့၊ အာဟ- မိန့်တော်မူပြီ။ အထ- ထိုအခါ၌၊ သာ- ထိုသီလဝတီမိဖုရားကြီးသည်၊ အဿ- ထိုဩက္ကာကမင်းကြီးအား၊ သက္ကဒတ္တိယံ- သိကြားမင်းသည်ပေးအပ်သော၊ ကုသတိဏံ- သမန်းမြက်ကို၊ ဒဿေတွာ- ပြ၍၊ "သဒ္ဒဟထာ"တိ- (အရှင်မင်းကြီး) ယုံတော်မူပါကုန်လော့ဟု၊ အာဟ- လျှောက်တင်ပြီ။ ရာဇာ- ဩက္ကာကမင်းကြီးသည်၊ "ကုသတိဏံ နာမ- သမန်းမြက်မည်သည်ကို၊ ယတော ကုတောစိ- အကြင်အမှတ်မရှိ တစ်စုံတစ်ခုသော အရပ်၌၊ လဗ္ဘတိ- ရအပ်၏၊" ဣတိ- ဤသို့ကြံ၍၊ န သဒ္ဒဟိ- ယုံတော်မမူ။ အထ- ထိုအခါ၌၊ အဿ- ထိုဩက္ကာကမင်းကြီးအား၊ သာ- ထို သီလဝတီမိဖုရားကြီးသည်၊ ဒိဗ္ဗဝတ္ထာဒီနိ- နတ်၌ဖြစ်သော အဝတ်ပုဆိုးစသည်တို့ကို၊ ဒဿေသိ- ပြပြီ။ ရာဇာ- ဩက္ကာကမင်းကြီးသည်၊ တာနိ- ထိုသမန်းမြက် နတ်ပုဆိုး စသည်တို့ကို၊ ဒိသွာ- မြင်၍၊ သဒ္ဒဟိတွာ- ယုံတော်မူ၍၊ "ဘဒ္ဒေ- ရှင်မိဖုရား၊ သက္ကော- သိကြားမင်းသည်၊ တံ- သင့်ကို၊ တာဝ နေတု- ဆောင်စေကာမူ ရှိပါစေ။ ပုတ္တော ပန- သားကိုကား၊ တေ- ရှင်မိဖုရားသည်၊ ဝါ- ရှင်မိဖုရားအား၊ လဒ္ဓေါ- ရအပ်ပါ ၏လော။" ဣတိ- ဤသို့၊ ပုစ္ဆိ- မေးပြီ။ မဟာရာဇ- အရှင်မင်းကြီး၊ ပုတ္တော- ကို၊ လဒ္ဓေါ- ရအပ်ပြီ။ ဂဗ္ဘော- ကိုယ်ဝန်သည်၊ မေ- ငါ့အား၊ ပတိဋ္ဌိတော- တည်ပြီ။ ဣတိ- ဤသို့၊ အာဟ- လျှောက်တင်ပြီ။ သော- ထိုဩက္ကာကမင်းကြီးသည်၊ တုဋ္ဌော- အလွန်နှစ်သက်တော်မူသည်ဖြစ်၍၊ တဿာ- ထိုသီလဝတီမိဖုရားကြီးအား၊ ဂဗ္ဘပရိဟာရံ- ကိုယ်ဝန်အစောင့်အရှောက်ကို၊ အဒါသိ- ပေးတော်မူပြီ။ သာ- ထို သီလဝတီမိဖုရားကြီးသည်၊ ဒသမာသစ္စယေန- ဆယ်လလွန်သဖြင့်၊ ပုတ္တံ- သားကို၊ ဝိဇာယိ- ဖွားတော်မူပြီ။ တဿ- ထိုသားအား၊ အညံ- တစ်ပါးသော၊ နာမံ- အမည်ကို၊ အကတွာ- မမှည့်မူ၍၊ ကုသတိဏနာမမေဝ- သမန်းမြက်ကိုစွဲသဖြင့် ကုသ

သတို့သားဟူသော အမည်ကိုသာလျှင်၊ အကံသု- မှည့်ကုန်ပြီ။ ကုသကုမာရဿ- ကုသမင်းသား၏၊ ပဒသာ- ခြေဖြင့်၊ ဂမနကာလေ- သွားနိုင်ရာ ကာလ၌၊ ဣတရော- တစ်ယောက်သော၊ ဒေဝပုတ္တော- နတ်သားသည်၊ တဿာ- ထိုသီလဝတီမိဖုရားကြီး၏၊ ကုစ္ဆိယံ- ဝမ်း၌၊ ပဋိသန္ဓိံ- ပဋိသန္ဓေကို၊ ဂဏှိ- ယူပြီ။ သာ- ထိုသီလဝတီမိဖုရားသည်၊ ဒသမာသေ- ဆယ်လသည်၊ ပရိပုဏ္ဏေ- ပြည့်လတ်သော်၊ ပုတ္တံ- သားကို၊ ဝိဇာယိ- ဖွားမြင်ပြီ။ တဿ- ထိုသားအား၊ "ဇယမ္ပတိ"တိ နာမံ- "ဇယမ္ပတိ" ဟူသော အမည်ကို၊ ကရိံသု- မှည့်ကုန်ပြီ။ တေ- ထိုမင်းသားညီနောင်နှစ်ပါးတို့သည်၊ မဟန္တေန- များစွာသော၊ ယသေန- အခြံအရံဖြင့်၊ ဝဍ္ဎိံသု- ကြီးကုန်ပြီ။ ဗောဓိသတ္တော- ဘုရားလောင်းဖြစ်သော နောင်တော်ကုသမင်းသားသည်၊ ပညဝါ- ပညာရှိတော်မူသည်ဖြစ်၍၊ အာစရိယဿ- ဆရာ၏၊ သန္တိကေ- အထံ၌၊ ကိဉ္စိ- တစ်စုံတစ်ခုသော၊ သိပ္ပံ- အတတ်ပညာကို၊ အနုဂ္ဂဟေတွာ- မသင်မူ၍၊ အတ္တနောဝ- မိမိ၏သာလျှင်၊ ပညာယ- ပညာဖြင့်၊ သဗ္ဗသိပ္ပေသု- အလုံးစုံသော အတတ်တို့၌၊ နိပ္ဖတ္တိံ- ပြီးဆုံးခြင်းသို့၊ ပါပုဏိ- ရောက်ပြီ။

အထ- ထိုအခါ၌၊ အဿ- ထိုသားတော် ကုသမင်းသား၏၊ ဝါ- အား၊ သောဠသဝဿကာလေ- တစ်ဆယ့်ခြောက်နှစ်ရှိသောအခါ၌၊ ရာဇာ- ခမည်းတော် ဩက္ကာကမင်းကြီးသည်၊ ရဇ္ဇံ- မင်း၏အဖြစ်ကို၊ ဒါတုကာမော- ပေးခြင်းငှာ အလိုရှိဖြစ်၍၊ ဒေဝိံ- မယ်တော်မိဖုရားကြီးကို၊ အာမန္တေတွာ- ခေါ်တော်မူ၍၊ "ဘဒ္ဒေ- ရှင်မိဖုရား၊ တေ- ရှင်မိဖုရား၏၊ ပုတ္တဿ- သားအား၊ ရဇ္ဇံ- မင်း၏အဖြစ်ကို၊ ဒတွာ- ပေး၍၊ နာဋကာနိ- ကိုယ်လုပ်မောင်းမတို့ကို၊ ဥပဋ္ဌပေဿာမ- လုပ်ကျွေးစေကုန်အံ့။ မယံ- ငါတို့သည်၊ ဇီဝန္တာယေဝ- အသက်ရှိကုန်စဉ်သာလျှင်၊ နံ- ထိုသားတော် ကုသမင်းသားကို၊ ရဇ္ဇေ- မင်းအဖြစ်၌၊ ပတိဋ္ဌိတံ- တည်သည်ကို၊ ပဿိဿာမ- ရှုမြင်ကုန်အံ့။ ခေါ ပန- စင်စစ်သော်ကား၊ သကလဇမ္ဗုဒီပေ- အလုံးစုံသော ဇမ္ဗူဒိပ်ကျွန်း၌၊ ယဿ ရညော- အကြင် ပြည့်ရှင်မင်း၏၊ ဓီတရံ- သမီးကို၊ ဣစ္ဆတိ- (သားတော်သည်)အလိုရှိ၏။ တံ- ထိုမင်းသမီးကို၊ အဿ- ထိုသားတော်အတွက်၊ အာနေတွာ- ဆောင်ယူ၍၊ အဂ္ဂမဟေသိံ- မိဖုရားကြီးအရာကို၊ ကရိဿာမ- ပြုစေကုန်အံ့။ အဿ- ထိုသားတော်၏၊ စိတ္တံ- စိတ်ကို၊ ဇာနာဟိ- သိအောင်ပြုလော့။ ကတရံ- အဘယ်မည်သော၊ ရာဇဓီတရံ- မင်းသမီးကို၊ တွံ- သင်သားတော်သည်၊ ရောစေသိ-

နှစ်သက်သနည်း။" ဣတိ- ဤသို့၊ အာဟ- မိန့်တော်မူပြီ။ သာ- ထိုမယ်တော် သီလဝတီမိဖုရားကြီးသည်၊ "သာဓု"တိ- ကောင်းပြီဟု၊ သမ္ပဋိစ္ဆိတွာ- ဝန်ခံ၍၊ "ကုမာရဿ- သားတော်မင်းသားအား၊ ဣမံ ပဝတ္တိံ- ဤအကြောင်းကို၊ အာရောစေတွာ- လျှောက်ကြား၍၊ စိတ္တံ- (ငါ့သားတော်၏) စိတ်ကို၊ ဇာနာဟိ- သိအောင် ပြုလော့။" ဣတိ- ဤသို့ မှာထား၍၊ ဧကံ- တစ်ယောက်သော၊ ပရိစာရိကံ- အလုပ်အကျွေး မိန်းမကို၊ ပေသေသိ- စေတော်မူလိုက်ပြီ။ သာ- ထိုအလုပ်အကျွေး မိန်းမသည်၊ ဂန္တွာ- သွား၍၊ တဿ- ထိုသားတော်အား၊ တံ ပဝတ္တိံ- ထိုအကြောင်းကို၊ အာရောစေသိ- လျှောက်ကြားပြီ။ တံ- ထိုလျှောက်ကြားသော စကားကို၊ သုတွာ- ကြား၍၊ မဟာသတ္တော- ဘုရားလောင်း ကုသမင်းသည်၊ "အဟံ- ငါသည်၊ န ရူပဝါ- အဆင်းမလှ၊ ရူပသမ္ပန္နာ- ရုပ်ရည်အဆင်းနှင့် ပြည့်စုံကုန်သော၊ ရာဇဓီတာ- မင်းသမီးတို့ကို၊ အာနီတာပိ- ဆောင်ယူအပ်ခဲ့ကုန်သော်လည်း၊ မံ- ငါ့ကို၊ ဒိသွာ- မြင်ရ၍၊ 'မေ- ငါ့အား၊ ဝိရူပေန- အဆင်းမလှသော၊ ဣမိနာ- ဤမင်းသားဖြင့်၊ ကိံ- အဘယ်အကျိုးရှိအံ့နည်း၊' ဣတိ- ဤသို့ ပလာယိဿတိ- ပြေးလတ္တံ့။ ဣတိ- ဤသို့ ပြေးသည်ရှိသော်၊ နော- ငါတို့အား၊ လဇ္ဇိတဗ္ဗကံ- ရှက်ဖွယ်သည်၊ ဘဝိဿတိ- ဖြစ်လတ္တံ့။ မေ- ငါ့အား၊ ဃရာဝါသေန- အိမ်ရာတည်ထောင် လူ့ဘောင်၌ နေခြင်းဖြင့်၊ ကိံ- အဘယ်အကျိုး ရှိအံ့နည်း။ ဓရမာနေ- ထင်ရှားရှိကုန်သော၊ မာတာပိတရော- မယ်တော် ခမည်းတော်တို့ကို၊ ဥပဋ္ဌဟိတွာ- လုပ်ကျွေး၍၊ တေသံ- ထိုမယ်တော် ခမည်းတော်တို့၏၊ အစ္စယေန- ကွယ်လွန်သောအခါ၌၊ နိက္ခမိတွာ- တောထွက်၍၊ ပဗ္ဗဇိဿာမိ- ရဟန်းပြုအံ့။" ဣတိ- ဤသို့၊ စိန္တေသိ- ကြံပြီ။ (စိန္တေတွာ- ၍၊) သော- ထိုဘုရားလောင်း ကုသမင်းသည်၊ "မယှံ- ငါ့အား၊ ရဇ္ဇေန- မင်းအဖြစ်ဖြင့်၊ နေဝ အတ္ထော- အလိုမရှိ နာဋကေဟိ- ကိုယ်လုပ်မောင်းမတို့ဖြင့်၊ န အတ္ထော- အလိုမရှိ။ ပန- စင်စစ်သော်ကား၊ အဟံ- ငါသည်၊ မာတာပိတူနံ- မိဘတို့၏၊ အစ္စယေန- ကွယ်လွန်သဖြင့်၊ ပဗ္ဗဇိဿာမိ- ရဟန်းပြုအံ့။" ဣတိ- ဤသို့၊ အာဟ- မှာတော်မူလိုက်ပြီ။ သာ- ထိုအလုပ်အကျွေးမိန်းမသည်၊ ဂန္တွာ- သွား၍၊ တဿ- ထိုသားတော် မင်းသား၏၊ ကထံ- မှာလိုက်သော စကားကို၊ ဒေဝိယာ- မယ်တော် မိဖုရားကြီးအား၊ အာရောစေသိ- လျှောက်ကြားပြီ။ ဒေဝီပိ- မယ်တော်မိဖုရားကြီးသည်လည်း၊ ရညော- ခမည်းတော်ဩက္ကာကမင်းကြီးအား၊ အာရောစေသိ- လျှောက်တင်ပြီ။ ရာဇာ-

ခမည်းတော်ဩြက္ကာကမင်းကြီးသည်၊ အနုတ္တမနော- နှလုံးမသာယာသည်၊ ဟုတွာ- ဖြစ်၍၊ ပုန- တစ်ဖန်၊ ကတိပါဟစ္စယေန- နှစ်ရက် သုံးရက် လွန်သောအခါ၌၊ သာသနံ- သတင်းစကားကို၊ ပေသေသိ- စေလွှတ်တော်မူပြန်ပြီ။ [နှာ-၃၀၁] သောပိ- ထို သားတော်ကုသမင်းသားသည်လည်း၊ ပဋိဗာဟတိယေဝ- ပယ်တော်မူသည် သာလျှင်တည်း။ ဧဝံ- ဤသို့ ယာဝတတိယံ- သုံးကြိမ်မြောက်အောင်၊ ပဋိဗာဟိတွာ- ပယ်တော်မူ၍၊ စတုတ္ထဝါရေ- လေးကြိမ်မြောက်၌၊ "မာတာပိတူဟိ- မိဘတို့နှင့်၊ သဒ္ဓိံ- အတူတကွ၊ ဧကန္တေန- စင်စစ်အားဖြင့်၊ ပဋိပက္ခဘာဝေါ နာမ- ဆန့်ကျင်ဘက် ဖြစ်ခြင်း မည်သည်ကား၊ န ယုတ္တော- မသင့်လျော်။ ဧကံ- တစ်ခုသော၊ ဥပါယံ- နည်းလမ်းကို၊ ကရိဿာမိ- ပြုအံ့။" ဣတိ- ဤသို့၊ စိန္တေသိ- ကြံတော်မူပြီ။

## ရွှေရုပ်ပုံနှင့် တူမှ ယူမည်

သော- ထိုကုသမင်းသားသည်၊ ကမ္မာရဇေဋ္ဌကံ- ရွှေပန်းထိမ်သည်ကြီးကို၊ ပက္କောသာပေတွာ- ခေါ်စေတော်မူ၍၊ ဗဟုံ- များစွာသော၊ သုဝဏ္ဏံ- ရွှေကို၊ ဒတွာ- ပေး၍၊ "ဧကံ- တစ်ခုသော၊ ဣတ္ထိရူပကံ- မိန်းမရုပ်တုကို၊ ကရောဟိ- ပြုလော့။" ဣတိ- ဤသို့၊ ဥယျောဇေတွာ- စေလွှတ်တော်မူ၍၊ တသ္မိံ- ထို ရွှေပန်းထိမ်သည် ကြီးသည်၊ ပက္ကန္တေ- ဖဲသွားသည်ရှိသော်၊ အညံ- တစ်ပါးသော၊ သုဝဏ္ဏံ- ရွှေကို၊ ဂဟေတွာ- ယူ၍၊ သယမ္ပိ- မိမိကိုယ်တိုင်လည်း၊ ဣတ္ထိရူပကံ- မိန်းမရုပ်တုကို၊ အကာသိ- ပြုပြီ။ ဟိ- ခဲ့ဦးအံ့၊ ဗောဓိသတ္တာနံ- ဘုရားလောင်းတို့၏၊ အဓိပ္ပါယော နာမ- အလိုတော်မည်သည်၊ သမိဇ္ဈတိ- ပြည့်စုံ၏။ တံ သုဝဏ္ဏရူပကံ- ထို ဘုရားလောင်း ပြုလုပ်သော ရွှေရုပ်တုသည်၊ ဇိဝှါယ- လျှာဖြင့် (ဝါ) နှုတ်ဖြင့်၊ အဝဏ္ဏနီယသောဘံ- မချီးမွမ်းနိုင်လောက်အောင် တင့်တယ်ခြင်း ရှိသည်၊ အဟောသိ- ဖြစ်ပြီ။ အထ- ထိုအခါ၌၊ မဟာသတ္တော- ဘုရားလောင်း ကုသ မင်းသားသည်၊ နံ- ထိုရွှေရုပ်တုကို၊ ခေါမံ- ခေါမတိုင်း၌ဖြစ်သော အဝတ်ကို၊ နိဝါသာပေတွာ- ဝတ်စေ၍၊ သိရိဂဗ္ဘေ- ကျက်သရေရှိသော တိုက်ခန်း၌၊ ဌပါပေသိ- ထားစေပြီ။ သော- ထိုဘုရားလောင်းသည်၊ ကမ္မာရဇေဋ္ဌကေန- ရွှေပန်းထိမ်သည် ကြီးသည်၊ အာဘတရူပကံ- ဆောင်ယူအပ်သော ရွှေရုပ်တုကို၊ ဒိသွာ- မြင်တော် မူ၍၊ တံ- ထိုရွှေရုပ်တုကို၊ ဂရဟိတွာ- ကဲ့ရဲတော်မူ၍၊ "တာတ- အမောင်၊ ဂစ္ဆ- သွားချေ။ အမှာကံ- ငါတို့၏၊ သိရိဂဗ္ဘေ- ကျက်သရေရှိသော တိုက်ခန်း၌၊ ဌပိတရူပကံ-

ထားအပ်သော ရွှေရုပ်တုကို၊ အာဟာရ- ဆောင်ယူခဲ့ချေလော့။" ဣတိ- ဤသို့၊ အာဟ- ဆိုတော်မူပြီ။ သော- ထိုရွှေပန်းထိမ်သည်ကြီးသည်၊ သိရိဂဗ္ဘံ- ကျက်သရေရှိသော တိုက်ခန်းသို့၊ ပဝိဋ္ဌော- ဝင်သည်ရှိသော်၊ တံ- ထိုရွှေရုပ်တုကို၊ ဒိသွာ- မြင်၍၊ "ကုမာရေန- အရှင်မင်းသားနှင့်၊ သဒ္ဓိံ- အတူတကွ၊ အဘိရမိတုံ- မွေ့လျော်ခြင်းငှာ၊ ဧကာ- တစ်ယောက်သော၊ ဒေဝစ္ဆရာ- နတ်သမီးသည်၊ အာဂတာ- လာသည်၊ ဘဝိဿတိ- ဖြစ်လတ္တံ့။" ဣတိ- ဤသို့ နှလုံးသွင်း၍၊ ဟတ္ထံ- လက်ကို၊ ပသာရေတုံ- ဆန့်ခြင်းငှာ၊ အဝိသဟန္တော- မဝံ့သည်ဖြစ်၍၊ နိက္ခမိတွာ- ထွက်ခဲ့၍၊ "ဒေဝ- အရှင့်သား၊ သိရိဂဗ္ဘေ- ကျက်သရေရှိသော တိုက်ခန်း၌၊ ဧကိကာဝ- တစ်ယောက်တည်းသော၊ အယျာ- နတ်သမီးသည်၊ ဌိတာ- တည်ရှိပါ၏။ ဥပဂန္တုံ- ချဉ်းကပ်ခြင်းငှာ၊ န သက္ကောမိ- မဝံ့ပါ။" ဣတိ- ဤသို့၊ အာဟ- လျှောက်တင်ပြီ။ "တာတ- အမောင်၊ ဂစ္ဆ- သွားချေ၊ ဧတံ- ဤသည်ကား၊ သုဝဏ္ဏရူပကံ- ရွှေရုပ်တုတည်း။ အာဟာရ- ဆောင်ယူခဲ့လော့။" ဣတိ- ဤသို့၊ ပုန- တစ်ဖန်၊ ပေသိတော- စေခိုင်းတော်မူသည်ဖြစ်၍၊ ကမ္မာရဇေဋ္ဌကော- ရွှေပန်းထိမ်သည်ကြီးသည်၊ အာဟရိ- ဆောင်ယူပြီ။ ကုမာရော- ကုသမင်းသားသည်၊ ကမ္မာရေန- ရွှေပန်းထိမ်သည်ကြီးသည်၊ ကတံ- ပြုလုပ်အပ်သော၊ ရူပကံ- ရွှေရုပ်တုကို၊ သုဝဏ္ဏဂဗ္ဘေ- ရွှေတိုက်၌၊ နိက္ခိပါပေတွာ- ထားစေပြီး၍၊ အတ္တနာ- မိမိသည်၊ ကတံ- ပြုလုပ်အပ်သော ရွှေရုပ်တုကို၊ အလင်္ကာရာပေတွာ- တန်ဆာဆင်စေ၍၊ ရထေ- ရထား၌၊ ဌပါပေတွာ- ထားစေပြီး၍၊ "ဧဝ ရူပံ- ဤသို့သဘောရှိသော မင်းသမီးကို၊ လဘန္တော- ရလတ်သော်၊ ဂဏှာမိ- ယူအံ့။" ဣတိ- ဤသို့၊ မာတု- မယ်တော် အရှင်မိဖုရားကြီး၏၊ သန္တိကံ- အထံသို့၊ ပဟိဏိ- ပို့စေပြီ။

## ရွှေရုပ်တုဖြင့် လှည့်လည်ရှာဖွေခြင်း

သာ- ထိုမယ်တော်မိဖုရားကြီးသည်၊ အမစ္စေ- အမတ်တို့ကို၊ ပက္ကောသာပေတွာ- ခေါ်စေတော်မူ၍၊ "တာတာ- အမောင်တို့၊ မယှံ- ငါ၏၊ ပုတ္တော- သားတော်သည်၊ မဟာပုညော- ကြီးမားသော ဘုန်းကံရှိသည်ဖြစ်၍၊ သက္ကဒတ္တိယော- သိကြားမင်းသည် ပေးအပ်သည်ဖြစ်၍၊ အနုစ္ဆဝိကံ- လျောက်ပတ်သော၊ ကုမာရိကံ- မင်းသမီးကို၊ လဘိဿတိ- ရပါလတ္တံ့။ တုမှေ- သင်တို့သည်၊ ဧဝရူပံ- ဤရွှေရုပ်တုနှင့် တူသော မင်းသမီးကို၊ လဘန္တာ- ရကုန်သည်ရှိသော်၊ ဂဏှိဿထ- ယူခဲ့ကြကုန်။

က္ကမံ ရူပကံ- ဤရွှေရုပ်တုကို၊ ပဋိစ္ဆန္နယာနေ- မိုးအပ်သော ယာဉ်၌၊ ဌပေတွာ- ထား၍၊ သကလဇမ္ဗုဒီပံ- အလုံးစုံသော ဇမ္ဗုဒိပ်ကျွန်းကို၊ စရန္တာ- လှည့်လည် ကုန်သည်ရှိသော်၊ ယဿ ရညော- အကြင် မင်းကြီး၏၊ (သန္တိကေ- အထံ၌) ဧဝရူပံ- ဤရွှေရုပ်တုနှင့် တူသော၊ ဓီတရံ- မင်းသမီးကို၊ ပဿထ- မြင်ရကုန်၏။ တဿ- ထိုမင်းအား၊ ဧတံ- ဤရွှေရုပ်တုကို၊ ဒတွာ- ပေးခဲ့၍၊ 'ဩက္ကာကရာဇာ- ဩက္ကာက မင်းကြီးသည်၊ တုမှေဟိ- အရှင်မင်းကြီးတို့နှင့်၊ သဒ္ဓိံ- အတူတကွ၊ အာဝါဟံ- အမျိုးသမီးကို ဆောင်ယူခြင်းကို၊ ကရိဿတိ- ပြုတော်မူလတ္တံ့၊' ဣတိ- ဤသို့၊ ဒိဝသံ- နေ့ရက်ကို၊ ဝဝတ္ထပေတွာ- မှတ်သား၍၊ အာဂစ္ဆထ- လာခဲ့ကြကုန်လော့။" ဣတိ- ဤသို့၊ အာဟ- မှာတော်မူလိုက်ပြီ။ တေ- ထိုအမတ်တို့သည်၊ "သာဓူ"တိ- ကောင်းပြီဟု၊ တံ- ထိုရွှေရုပ်တုကို၊ အာဒါယ- ယူ၍၊ မဟန္တေန- များစွာသော၊ ပရိဝါရေန- အခြံအရံဖြင့်၊ နိက္ခမိတွာ- ထွက်သွား၍၊ ဝိစရန္တာ- လှည့်လည်ကုန်သည် ရှိသော်၊ ယံ ရာဇဓာနိံ- အကြင်မင်းနေပြည်တော်သို့၊ ပါပုဏန္တိ- ရောက်ကုန်၏။ တတ္ထ- ထိုမင်းနေပြည်တော်၌၊ သာယန္ဟသမယေ- ညချမ်းအခါ၌၊ မဟာဇနဿ- လူအများ၏၊ သမောသရဏဋ္ဌာနေ- စုဝေးပေါင်းဆုံရာ အရပ်၌၊ တံ ရူပကံ- ထိုရွှေရုပ်တုကို၊ ဝတ္ထပုပ္ဖါလင်္ကာရေဟိ- အဝတ်ပန်းတန်ဆာတို့ဖြင့်၊ အလင်္ကရိတွာ- တန်ဆာဆင်ကုန်၍၊ သုဝဏ္ဏသိဝိကံ- ရွှေထမ်းစင်သို့၊ အာရောပေတွာ- တင်၍၊ တိတ္ထမဂ္ဂေ- ရေဆိပ်သို့ သွားရာလမ်းခရီး၌၊ ဌပေတွာ- ချထား၍၊ အမစ္စာ- အမတ်တို့သည်၊ သယံ- ကိုယ်တိုင်၊ ပဋိက္ကမိတွာ- ဖဲသွားကုန်၍၊ အာဂတာဂတာနံ- လာတိုင်း လာတိုင်းကုန်သော လူတို့၏၊ ကထာသဝနတ္ထံ- စကားကို နားထောင် ခြင်းငှာ၊ ဧကမန္တေ- သင့်တင့်လျောက်ပတ်သော အရပ်၌၊ တိဋ္ဌန္တိ- တည်နေကုန်၏။ မဟာဇနော- လူများသည်၊ တံ- ထိုရွှေရုပ်တုကို၊ ဩလောကေတွာ- ကြည့်၍၊ "သုဝဏ္ဏရူပက"န္တိ- ရွှေရုပ်တုဟူသော၊ သညံ- အမှတ်အသားကို၊ အကတွာ- မပြုမူ၍၊ "အယံ- ဤသူသည်၊ မနုဿိတ္ထီ- လူမိန်းမသည်၊ သမာနာပိ- ဖြစ်ပါလျက်လည်း၊ ဒေဝစ္ဆရပဋိဘာဂါ- နတ်သမီးတမျှ လှပသည်ဖြစ်၍၊ အတိဝိယ- အလွန်လျှင်၊ သောဘတိ- တင့်တယ်၏။ ကိံ နု ခေါ- အဘယ့်ကြောင့်၊ ဧတ္ထ- ဤအရပ်၌၊ ဌိတာ- တည်နေသနည်း။ ကုတော ဝါ- အဘယ်အရပ်မှမူလည်း၊ အာဂတာ- လာသနည်း။ အမှာကံ- ငါတို့၏၊ နဂရေ- မြို့၌၊ ဧဝရူပါ- ဤသို့သဘောရှိသော မိန်းမသည်၊ နတ္ထိ-

မရှိ။” က္ကတိ- ဤသို့ ဝဏ္ဏေန္တော- ချီးမွမ်းသည် ဖြစ်၍၊ ပက္ကမတိ- ဖဲသွားလေ၏။ တံ- ထိုစကားကို၊ သုတွာ- ကြား၍၊ အမစ္စာ- နားထောင်ကုန်သော အမတ်တို့သည်၊ “က္ကစ- ဤပြည်၌၊ ဧဝရူပါ- ဤသို့သဘောရှိသော၊ ဒါရိကာ- သတို့သမီးသည်၊ သစေ ဘဝေယျ- အကယ်၍ ရှိငြားအံ့၊ ဧဝံ သတိ- ဤသို့ ရှိသည်ဖြစ်သော်၊ ‘အသုကာ- ဤမည်သော၊ [နှာ-၃၀၂] ရာဇဓီတာ ဝိယ- မင်းသမီးကဲ့သို့တကား၊ အသုကာ- ထိုမည်သော၊ အမစ္စဓီတာ ဝိယ- အမတ်သမီးကဲ့သို့တကား၊’ က္ကတိ- ဤသို့ ဝဒေယျုံ- ဆိုကုန်ရာ၏။ အဒ္ဓါ- မချွတ်၊ က္ကစ- ဤပြည်၌၊ ဧဝရူပါ- ဤရွှေရုပ်တုနှင့်တူသော မိန်းမသည်၊ နတ္ထိ- မရှိ” က္ကတိ- ဤသို့၊ တံ- ထိုရွှေရုပ်တုကို၊ အာဒါယ- ယူ၍၊ အညံ- တစ်ပါးသော၊ နဂရံ- ပြည်သို့၊ ဂစ္ဆိံသု- သွားကြကုန်၏။

တေ- ထိုအမတ်တို့သည်၊ ဧဝံ- ဤသို့၊ ဝိစရန္တာ- သွားကြကုန်သည် ရှိသော်၊ အနုပုဗ္ဗေန- အစဉ်အတိုင်းအားဖြင့်၊ မဒ္ဒရဋ္ဌေ- မဒ္ဒရာဇ်တိုင်း၌၊ သာဂရနဂရံ- သာဂရမြို့သို့၊ သမ္ပာပုဏိံသု- ကောင်းစွာ ရောက်ကြလေကုန်ပြီ။ တတ္ထ- ထို သာဂလမြို့၌၊ မဒ္ဒရညော- မဒ္ဒရာဇ်မင်း၏၊ အဋ္ဌ- ရှစ်ယောက်ကုန်သော၊ ဓီတရော- သမီးတော်တို့သည်၊ ဥတ္တမရူပဓရာ- မြတ်သော အဆင်းကို ဆောင်ကုန်၏။ ဒေဝစ္ဆရပဋိဘာဂါ- နတ်သမီးနှင့် တူကုန်၏။ တာသံ- ထိုရှစ်ယောက်ကုန်သော မင်းသမီးတို့တွင်၊ သဗ္ဗဇေဋ္ဌိကာ- အလုံးစုံကုန်သော မင်းသမီးတို့ထက် အကြီးသည်၊ ပဘာဝတီ နာမ- ပဘာဝတီ အမည်ရှိ၏။ တဿာ- ထိုပဘာဝတီမင်းသမီး၏၊ သရီရတော- ကိုယ်မှ၊ ဗာလသူရိယဿ- တက်သစ်စဖြစ်သော နေလုလင်၏၊ ပဘာ ဝိယ- အရောင်ကဲ့သို့၊ ပဘာ- အရောင်တို့သည်၊ နိစ္ဆရန္တိ- ပြိုးပြိုးပြက်ထွက်ကုန်၏။ သာ ပဘာ- ထိုအရောင်သည်၊ အန္ဓကာရေပိ- အမိုက်တိုက်၌လည်း၊ စတုဟတ္ထေ- လေးတောင်ရှိသော၊ အန္တောဂဗ္ဘေ- တိုက်ခန်းအတွင်း၌၊ ပဒီပကိစ္စံ- ဆီမီး ထွန်းခြင်းကိစ္စသည်၊ နတ္ထိ- မရှိ။ သဗ္ဗော- အလုံးစုံသော၊ ဂဗ္ဘော- တိုက်ခန်းသည်၊ ဧကောဘာသော၀- တစ်ခဲနက်သော အရောင်ဖြင့် ထွန်းလင်းသည်သာလျှင်၊ ဟောတိ- ဖြစ်၏။ အဿာ- ထိုပဘာဝတီမင်းသမီး၏၊ ဓာတိ ပန- အထိန်းတော်သည်ကား၊ ခုဇ္ဇာ- ခုဇ္ဇာအမည်ရှိ၏။ သာ- ထိုအထိန်းတော် ခုဇ္ဇာသည်၊ ပဘာဝတိံ- ပဘာဝတီမင်းသမီးကို၊ ဘောဇေတွာ- ထမင်းစားစေ၍၊ တဿာ- ထိုပဘာဝတီ

မင်းသမီးအား၊ သီသန္ဟာပနတ္တံ- ဦးခေါင်းနှင့်တကွ ရေချိုးခြင်းငှာ၊ အဋ္ဌဟိ- ရှစ်ယောက်ကုန်သော၊ ဝဏ္ဏဒါသီဟိ- အဆင်းလှကုန်သော ကျွန်မတို့ကို၊ အဋ္ဌ- ရှစ်လုံးကုန်သော၊ ဃဋ္ဋေ- ရေအိုးတို့ကို၊ ဂါဟာပေတွာ- ယူစေ၍၊ သယန္ဟသမယေ- ညချမ်းအခါ၌၊ ဥဒကတ္ထာယ- ရေခပ်ခြင်းအကျိုးငှာ၊ ဂစ္ဆန္တီ- သွားသည်ရှိသော်၊ တိတ္ထမဂ္ဂေ- ရေဆိပ်လမ်းခရီး၌၊ ဌိတံ- တည်လင့်သော၊ တံ ရူပကံ- ထိုရွှေရုပ်တုကို၊ ဒိသွာ- မြင်၍၊ "ပဘာဝတီ"တိ- မင်းသမီးပဘာဝတီဟူသော၊ သညာယ- အမှတ်ဖြင့်၊ "အယံ ဒုဗ္ဗိနီတာ- ခဲယဉ်းသဖြင့် ဆုံးမအပ်သော ဤသူငယ်မသည်၊ 'သီသံ- ဦးခေါင်းကို၊ နှာယိဿာမိ- ရေချိုးအံ့'၊ ဣတိ- ဤသို့၊ အမှေ- ငါတို့ကို၊ ဥဒကတ္ထာယ- ရေခပ်ခြင်းအကျိုးငှာ၊ ပေသေတွာ- စေလွှတ်လိုက်၍၊ ပဌမတရံ- အထူးသဖြင့် ရှေးဦးစွာ၊ အာဂန္တွာ- လာ၍၊ တိတ္ထမဂ္ဂေ- ရေချိုးဆိပ်၌၊ ဌိတာ- တည်နေလင့်ဘိ၏၊" ဣတိ- ဤသို့၊ ကုဇ္ဈိတွာ- အမျက်ထွက်၍၊ "ကုလလဒ္ဓာပနိကေ- အမျိုးကို ရှက်စေတတ်သော၊ အရေ- ဟယ် သူငယ်မ၊ အမှေဟိ- ငါတို့ထက်၊ ပုရိမတရံ- အထူးသဖြင့် ရှေးဦးစွာ၊ အာဂန္တွာ- လာ၍၊ ကသ္မာ- အဘယ့်ကြောင့်၊ ဣဓ- ဤရေဆိပ်၌၊ ဌိတာ- တည်နေလင့်သည်၊ အသိ- ဖြစ်သနည်း။ ရာဇာ- ခမည်းတော်မင်းကြီးသည်၊ သစေ ဇာနိဿတိ- အကယ်၍ သိတော်မူအံ့၊ နော- ငါတို့အတွက်၊ နာသေဿတိ- ပျက်စီးရလတ္တံ့၊" ဣတိ- ဤသို့၊ ဝတွာ- ဆို၍၊ ဟတ္ထေန- လက်ဖြင့်၊ ဂဏ္ဍပဿေ- ပါးပြင်တို့ကို၊ ပဟရိ- ရိုက်ပုတ်ပြီ။ ဟတ္ထတလံ- လက်ဝါးပြင်သည်၊ ဘိဇ္ဇမာနံ ဝိယ- ပျက်စီးသကဲ့သို့ ဇာတံ- ဖြစ်ပြီ။ တတော- ထို့နောက်မှ၊ "သုဝဏ္ဏရူပက"န္တိ- ရွှေရုပ်တုဟူ၍၊ ဥ တွာ- သိ၍၊ ဟသမာနာ- ရယ်လျက်၊ တာသံ ဝဏ္ဏဒါသီနံ- ထိုအဆင်းလှကုန်သော ကျွန်မတို့၏၊ သန္တိကံ- အထံသို့၊ ဂစ္ဆန္တီ- သွားလတ်သော်၊ "သမ္မာ- အချင်းတို့၊ မေ- ငါ၏၊ ဧတံ ကမ္မံ- ဤအမှုကို၊ ပဿထ- ကြည့်ကြကုန်လော့။ မမ- ငါ၏၊ ဓီတာတိ သညာယ- သမီးဟူသော အမှတ်ဖြင့်၊ အဟံ- ငါသည်၊ ပဟာရံ- ရိုက်ပုတ်ခြင်းကို၊ အဒါသိံ- ပေးမိပြီ။ အယံ- ဤရွှေရုပ်တုသည်၊ မမ- ငါ၏၊ ဓီတု- သမီး၏၊ သန္တိကေ- အနီး၌၊ ကိံ- အဘယ်သို့၊ အဂ္ဃတိ- ထိုက်တန်အံ့နည်း။ ကေဝလံ- သက်သက်၊ မေ- ငါ၏၊ ဟတ္ထော- လက်ကို၊ ဒုက္ခာပိတော- ဆင်းရဲစေအပ်ပြီ၊" ဣတိ- ဤသို့၊ အာဟ- ပြောဆိုပြီ။

## ပဘာဝတီကို ရခဲ့ပြီ

အထ- ထိုအခါ၌၊ နံ- ထိုအထိန်းတော် ခုဇ္ဇာကို၊ ရာဇဒူတာ- ဩက္ကာကမင်းကြီး၏ တမန်တို့သည်၊ ဂဟေတွာ- လက်ကိုဆွဲ၍၊ "တွံ- သင်သည်၊ 'မမ- ငါ၏၊ ဓီတာ- သမီးသည်၊ ဣတော- ဤရွှေရုပ်တုထက်၊ အဘိရူပတရာ'တိ- အလွန် အဆင်း လှ၏ဟု၊ ဝဒန္တီ- ဆိုလတ်သော်၊ ကံ နာမ- အဘယ်မည်သော သူကို၊ ကထေသိ- ဆိုသနည်း၊" ဣတိ- ဤသို့၊ အာဟံသု- မေးကုန်ပြီ။ မဒ္ဒရညော- မဒ္ဒရာဇ်မင်း၏၊ ဓီတရံ- သမီးဖြစ်သော၊ ပဘာဝတိံ- ပဘာဝတီကို၊ ကထေသိ- ဆိုပြီ။ ဣဒံ ရူပကံ- ဤရွှေရုပ်တုသည်၊ တဿာ- ထိုပဘာဝတီ၏၊ သောဠသိံ- တစ်ဆယ့်ခြောက်စိတ်ကို၊ (ကတွာ- စိတ်၍)၊ ကလံပိ- တစ်စိတ်ကိုမျှလည်း၊ န အဂ္ဃတိ- မထိုက်တန်။ ဣတိ- ဤသို့၊ အာဟ- ဆိုပြီ။ တေ- ထိုဩက္ကာကမင်း၏ တစ်မန်တော်တို့သည်၊ တုဋ္ဌမာနသာ- နှစ်သက်ဝမ်းမြောက်သော စိတ်ရှိကုန်သည်ဖြစ်၍၊ ရာဇဒွါရံ- မင်းအိမ်တံခါးသို့ ဂန္တွာ- သွားကုန်၍၊ "ဩက္ကာကရညော- ဩက္ကာကမင်း၏၊ ဒူတာ- တမန်တော်တို့သည်၊ ဒွါရေ- တံခါး၌၊ ဌိတာ- ရပ်လာပါကုန်၏၊" ဣတိ- ဤသို့၊ ပဋိဟာရေသုံ- လျှောက်ကြားစေကုန်ပြီ။ ရာဇာ- မဒ္ဒရာဇ်မင်းသည်၊ အာသနာ- နေရာမှ၊ ဝုဋ္ဌာယ- ထ၍၊ ဌိတကောဝ- ရပ်လျက်သာလျှင်၊ "ပက္ကောသထ- ခေါ်ခဲ့ကြကုန်လော့၊" ဣတိ- ဤသို့၊ အာဟ- မိန့်တော်မူပြီ။ တေ- ထိုတမန်တော်တို့သည်၊ ပဝိသိတွာ- ဝင်ကုန်၍၊ ရာဇာနံ- မဒ္ဒရာဇ်မင်းကို၊ ဝန္ဒိတွာ- ရှိခိုး၍၊ "မဟာရာဇ- အရှင်မင်းမြတ်၊ အမှာကံ- အကျွန်ုပ်တို့၏၊ ရာဇာ- အရှင်ဩက္ကာက မင်းကြီးသည်၊ တုမှာကံ- အရှင်မင်းမြတ်တို့၏၊ အာရောဂျံ- အနာရောဂါမရှိသည်၏ အဖြစ်ကို၊ ပုစ္ဆတိ- မေးတော်မူပါ၏၊ ဣတိ- ဤသို့၊ ဝတွာ- လျှောက်တင်၍၊ ကတသက္ကာရ သမ္မနာ- ပြုအပ်ပြီးသော အရိုအသေပြုခြင်း ကောင်းစွာမြတ်နိုးခြင်းရှိကုန်သည် ဖြစ်၍၊ "ကိမတ္ထံ =ကိံ အတ္ထံ- အဘယ်အကျိုးငှာ၊ တုမှေ- အမောင်တို့သည်၊ အာဂတာ- လာရောက်ကြကုန်သည်၊ အတ္ထာ- ဖြစ်ကုန်သနည်း၊" ဣတိ- ဤသို့၊ ပုဋ္ဌာ- မိန့်တော်မူအပ်ကုန်လတ်သော်၊ "အမှာကံ- အကျွန်ုပ်တို့၏၊ ရညော- အရှင်ဩက္ကာကမင်းကြီး၏၊ သီဟဿရော- ခြင်္သေ့မင်း၏ အသံနှင့်တူသော အသံရှိသော၊ ကုသကုမာရော နာမ- ကုသတို့သားအမည်ရှိသော၊ ပုတ္တော- သားတော်သည်၊ အတ္ထိ- ရှိပါ၏။ ရာဇာ- ခမည်းတော် ဩက္ကာကမင်းကြီးသည်၊ တဿ- ထိုသားတော်အား၊ ရဇ္ဇံ- တိုင်းပြည်ကို၊

ဒါတုကာမော- အပ်နှင်းခြင်းငှာ အလိုရှိသည်ဖြစ်၍၊ အမ္ဗေ- အကျွန်ုပ်တို့ကို၊ တုမှာကံ- အရှင်မင်းမြတ်တို့၏၊ သန္တိကံ- အထံတော်သို့၊ ပဟိဏိ- စေလွှတ်တော်မူလိုက်ပြီ။ တုမှာကံ- အရှင်မင်းမြတ်တို့အား၊ ပဘာဝတီ- ပဘာဝတီအမည်ရှိသော၊ ဓိတာ- သမီးတော်သည်၊ အတ္ထိ ကိရ- ရှိသတတ်။ တံ- သမီးတော်ဖြစ်သော ထိုပဘာဝတီကို၊ တဿ- ထိုအရှင့်သားတော် ကုသမင်းသားအား၊ ဒေထ- ပေးတော်မူပါကုန်။ ဒေယျဓမ္မံ- ပေးအပ်သော သဘောရှိသော၊ ဣမဥ္စ သုဝဏ္ဏရူပကံ- ဤရွှေရုပ်တုကိုလည်း၊ ဂဏှထ- ယူတော်မူပါကုန်၊" ဣတိ- ဤသို့လျှောက်တင်၍၊ တံ ရူပကံ- ထိုရွှေရုပ်တုကို၊ တဿ- ထိုမဒ္ဒရာဇ်မင်းအား၊ အဒံသု- ဆက်သကြကုန်ပြီ။ သောပိ- ထိုမဒ္ဒရာဇ်မင်းကြီးသည်လည်း၊ "ဝေရူပေန- ဤသို့သဘောရှိသော၊ မဟာရာဇေန- မင်းမြတ်နှင့်၊ သဒ္ဓိံ- အတူတကွ၊ ဝိဝါဟမင်္ဂလံ- သမီးတော်ပေးခြင်းမင်္ဂလာသည်၊ ဘဝိဿတိ- ဖြစ်လတ္တံ့၊" ဣတိ- ဤသို့၊ တုဋ္ဌစိတ္တော- နှစ်သက်ဝမ်းမြောက်သော စိတ်ရှိသည်ဖြစ်၍၊ သမ္ပဋိစ္ဆိ- ဝန်ခံတော်မူပြီ။ အထ- ထိုအခါ၌၊ နံ- ထိုမဒ္ဒရာဇ်မင်းကြီးကို၊ ဒူတာ- သြက္ကာကမင်း၏တမန်တို့သည်၊ "မဟာရာဇ- အရှင်မင်းမြတ်၊ [နှာ-၃၀၃] အမှေဟိ- အကျွန်ုပ်တို့သည်၊ ပပဉ္စံ- ကြာမြင့်ခြင်းကို၊ ကာတုံ- ပြုခြင်းငှာ၊ န သက္ကာ- မတတ်ကောင်းပါ။ ကုမာရိကာယ- မင်းသမီး၏၊ လဒ္ဓဘာဝံ- ရအပ်သည်၏ အဖြစ်ကို၊ ရညော- သြက္ကာကမင်းကြီးအား၊ အာရောစေဿာမ- လျှောက်တင်ပါချေကုန်အံ့။ အထ- ထိုသို့လျှောက်သော အခါ၌၊ သော- ထိုသြက္ကာကမင်းကြီးသည်၊ အာဂန္တွာ- လာ၍၊ နံ- ထိုသမီးတော်ကို၊ အာဒါယ- ယူ၍၊ ဂမိဿတိ- သွားလတ္တံ့၊" ဣတိ- ဤသို့၊ အာဟံသု- လျှောက်တင်ကြကုန်ပြီ။ သော- ထိုမဒ္ဒရာဇ်မင်းကြီးသည်၊ "သာဓူ"တိ- ကောင်းပြီဟု၊ ဝတွာ- မိန့်တော်မူ၍၊ တေသံ- ထိုတမန်တော်တို့အား၊ သက္ကာရံ- ပေးကမ်းဖွယ်ကို၊ ကတွာ- ပြု၍၊ ဝိဿဇ္ဇေသိ- လွှတ်တော်မူလိုက်ပြီ။ တေ- ထိုတမန်တော်တို့သည်၊ ဂန္တွာ- သွားကုန်၍၊ ရညော စ- မင်းကြီးအားလည်းကောင်း၊ ဒေဝိယာ စ- သီလဝတီမိဖုရားအားလည်းကောင်း၊ အာရောစေသုံ- လျှောက်တင်ကြကုန်ပြီ။ ရာဇာ- သြက္ကာကမင်းကြီးသည်၊ မဟန္တေန- များစွာသော၊ ပရိဝါရေန- အခြံအရံဖြင့်၊ ကုသာဝတိတော- ကုသဝတီ နေပြည်တော်မှ၊ နိက္ခမိတွာ- ထွက်၍၊ အနုပုဗ္ဗေန- အစဉ်အတိုင်းအားဖြင့်၊ သာဂလနဂရံ- သာဂလမြို့သို့၊ ပါပုဏိ- ရောက်တော်မူပြီ။ မဒ္ဒရာဇာ- မဒ္ဒရာဇ်မင်းကြီးသည်၊ ပစ္စုဂ္ဂန္တွာ- ခရီးဦးကြိုဆို၍၊ တံ-

ထိုဩက္ကာကမင်းကြီးကို နဂရံ- မြို့တွင်းသို့၊ ပဝေသေတွာ- ဝင်စေ၍၊ မဟန္တံ- များစွာသော၊ သက္ကာရံ- ရိုရိုသေသေ ပေးကမ်းခြင်းကို၊ အကာသိ- ပြုတော်မူပြီ။

## ချွေးမတော်ကို လိုက်ကြည့်ကြပုံ

သီလဝတီ- သီလဝတီအမည်ရှိသော၊ ဒေဝီ- မိဖုရားကြီးသည်၊ ပဏ္ဍိတတ္တာ- ပညာရှိသည်၏အဖြစ်အကြောင့်၊ "ကော- အဘယ်သူသည်၊ ဇာနာတိ- သိနိုင်ရာအံ့နည်း၊ ကိံ- အဘယ်သို့ ဘဝိဿတိ- ဖြစ်လတ္တံ့နည်း၊" ဣတိ- ဤသို့ နှလုံးသွင်း၍၊ ကောဟဒ္ဒိဟစ္စယေန- တစ်ရက်, နှစ်ရက် လွန်သဖြင့်၊ မဒ္ဒရာဇာနံ- မဒ္ဒရာဇ်မင်းကို၊ "မဟာရာဇ- အရှင်မင်းကြီး၊ အဟံ- အကျွန်ုပ်သည်၊ သုဏှိသံ- ချွေးမတော်ကို၊ ဒဋ္ဌုကာမာ- မြင်ခြင်းငှာ အလိုရှိသည်၊ အမှိ- ဖြစ်ပါ၏၊" ဣတိ- ဤသို့၊ အာဟ- လျှောက်တင်ပြီ။ သော- ထိုမဒ္ဒရာဇ်မင်းကြီးသည်၊ "သာဓု"တိ- ကောင်းပြီဟူ၍၊ သမ္ပဋိစ္ဆိတွာ- ဝန်ခံ၍၊ တံ- ထိုသမီးတော်ကို၊ ပက္ကောသာပေသိ- ခေါ်စေတော်မူပြီ။ ပဘာဝတီ- သမီးတော် ပဘာဝတီသည်၊ သဗ္ဗာလင်္ကာရပဋိမဏ္ဍိတာ- ခပ်သိမ်းသော တန်ဆာတို့ဖြင့် တန်ဆာဆင်အပ်သည်၊ ဓာတိဂဏပရိဝုတာ- အထိန်းတော်အပေါင်းတို့ဖြင့် ခြံရံအပ်သည်၊ ဟုတွာ- ၍၊ အာဂန္တွာ- လာ၍၊ သဿုံ- ယောက္ခမဖြစ်သော သီလဝတီမိဖုရားကြီးကို၊ ဝန္ဒိ- ရှိခိုးပြီ။ သာ- သီလဝတီမိဖုရားကြီးသည်၊ တံ- ထိုမင်းသမီး ပဘာဝတီကို၊ ဒိသွာ- မြင်၍၊ စိန္တေသိ- ကြံတော်မူပြီ။ (ကိံ စိန္တေသိ- နည်း၊) "အယံ ကုမာရိကာ- ဤသတို့သမီးငယ်သည်၊ အဘိရူပါ- အလွန်အဆင်း လှ၏။ မယှံ- ငါ၏၊ ပုတ္တော- သားတော်သည်ကား၊ ဝိရူပေါ- အဆင်းမလှချေ။ ဧသာ- ဤသတို့သမီးငယ်သည်၊ တံ- ထိုငါ့သားတော်ကို၊ သစေ ပဿိဿတိ- အကယ်၍ မြင်ရအံ့။ ဧကာဟမ္ပိ- တစ်ရက်မျှကိုလည်း၊ အဝသိတွာ- မနေမူ၍၊ ပလာယိဿတိ- ထွက်ပြေးလတ္တံ့။ ဥပါယံ- နည်းလမ်းကို၊ ကရိဿာမိ- ငါပြုအံ့၊" ဣတိ- ဤသို့၊ စိန္တေသိ- ကြံတော်မူပြီ။ သာ- ထိုသီလဝတီမိဖုရားကြီးသည်၊ မဒ္ဒရာဇာနံ- မဒ္ဒရာဇ်မင်းကို၊ အာမန္တေတွာ- ပင့်ခေါ်စေ၍၊ "မဟာရာဇ- အရှင်မင်းကြီး၊ သုဏှိသာ- ချွေးမတော်သည်၊ မေ- အကျွန်ုပ်၏၊ ပုတ္တဿ- သားတော်အား၊ အနုစ္ဆဝိကာ- လျောက်ပတ်၏။ အပိ စ ခေါ ပန- ထိုသို့ လျောက်ပတ်သော်လည်း၊ အမှာကံ- ငါတို့၏၊ ကုလပဝေဏိယာ- အမျိုးအနွယ် အစဉ်အဆက်မှ၊ အာဂတံ- လာသော၊ စာရိတ္တံ- အကျင့်သည်၊ အတ္ထိ- ရှိပါ၏။ အယံ- ဤသတို့သမီးငယ်သည်၊

တသ္မိံ စာရိတ္တေ- ထိုအကျင့်၌၊ သစေ ဝတ္တိဿတိ- အကယ်၍ ကျင့်ပါအံ့။ နံ- ထိုသတို့သမီးငယ်ကို၊ နေဿာမိ- ဆောင်ယူပါအံ့၊" ဣတိ- ဤသို့၊ အာဟ- ဆိုပြီ။ ဝေါ- ရှင်မိဖုရားတို့၏၊ စာရိတ္တံ- အမျိုးအကျင့်သည်၊ ကိံ ပန- အဘယ်နည်း၊ ဣတိ- ဤသို့၊ ပုဋ္ဌော- မေးတော်မူပြီ။ အမှာကံ- အကျွန်ုပ်တို့၏၊ ဝံသေ- အမျိုး၌၊ ယာဝ- အကြင်မျှလောက်၊ ဧကေသ- တစ်ကြိမ်သော၊ ဂဗ္ဘဿ- ကိုယ်ဝန်၏၊ ပတိဋ္ဌာနံ- တည်ခြင်းသည်၊ ဟောတိ- ဖြစ်၏။ တာဝ- ထိုမျှလောက်၊ ဒိဝါ- နေ့အခါ၌၊ သာမိကံ- လင်ကို၊ ပဿိတုံ- မြင်ခြင်းငှာ၊ န လဘတိ- မရ။ ဧသော- ဤသတို့သမီးငယ်သည်၊ တထာ-ထိုအကျွန်ုပ်ဆိုသည့်အတိုင်း၊ သစေ ကရိဿတိ- အကယ်၍ လိုက်နာအံ့။ နံ- ထိုသတို့သမီးငယ်ကို၊ နေဿာမိ- ဆောင်ယူပါအံ့။ ဣတိ- ဤသို့၊ အာဟ- ဆိုပြီ။ ရာဇာ- ခမည်းတော် မဒ္ဒရာဇ်မင်းကြီးသည်၊ "အမ္မ- ချစ်သမီး၊ တွံ- သင်ချစ်သမီးသည်၊ ဧဝံ- ဤသို့ သီလဝတီမိဖုရားကြီး ဆိုသည့်အတိုင်း၊ ဝတ္တိတုံ- ကျင့်ခြင်းငှာ၊ ကိံ သက္ခိဿသိ- တတ်နိုင်ပါအံ့လော၊" ဣတိ- ဤသို့၊ ဓီတရံ- သမီးတော်ပဘာဝတီကို၊ ပုစ္ဆိ- မေးတော်မူပြီ။ သာ- ထိုသမီးတော်ပဘာဝတီသည်၊ "တာတ- ဖခင်မင်းမြတ်၊ အာမ- တတ်နိုင်ပါလတ္တံ့၊" ဣတိ- ဤသို့၊ အာဟ- လျှောက်တင်ပြီ။ တတော- ထိုသို့ ပဘာဝတီ ဝန်ခံလျှောက်တင်ပြီးမှ၊ ဩက္ကာကရာဇာ- ဩက္ကာကမင်းကြီးသည်၊ မဒ္ဒရညော- မဒ္ဒရာဇ်မင်းအား၊ ဗဟုံ- များစွာသော၊ ဓနံ- ဥစ္စာဘဏ္ဍာကို၊ ဒတွာ- ပေး၍၊ တံ- ထိုမင်းသမီးပဘာဝတီကို၊ အာဒါယ- ဆောင်ယူ၍၊ ပက္ကာမိ- ကုသဝတီနေပြည်တော်သို့ ပြန်တော်မူပြီ။ မဒ္ဒရာဇာပိ- မဒ္ဒရာဇ်မင်းသည်လည်း၊ မဟန္တေန- များစွာသော၊ ပရိဝါရေန- အခြံအရံဖြင့်၊ ဓီတရံ- သမီးတော် ပဘာဝတီကို၊ ဥယျောဇေသိ- ထည့်တော်မူလိုက်ပြီ။

## အဘိသိက်ခံ နန်းစံရပြီ

ဩက္ကာကော- ဩက္ကာကမင်းကြီးသည်၊ ကုသာဝတိံ- ကုသာဝတီ နေပြည်တော်သို့၊ ဂန္တွာ- သွား၍၊ နဂရံ- မြို့တော်ကို၊ အလင်္ကာရာပေတွာ- တန်ဆာဆင်စေတော်မူ၍၊ သဗ္ဗဗန္ဓနာနိ- အလုံးစုံကုန်သော အနှောင်အဖွဲ့တို့ကို၊ မောစေတွာ- လွှတ်စေတော်မူ၍၊ ပုတ္တဿ- သားတော်အား၊ အဘိသေကံ- ရာဇာဘိသိက်ကို၊ ကတွာ- ပြု၍၊ ရဇ္ဇံ- တိုင်းပြည်ကို၊ ဒတွာ- ပေးတော်မူ၍၊ ပဘာဝတိံ- မင်းသမီး ပဘာဝတီကို၊ အဂ္ဂမဟေသိံ- မိဖုရားကြီးအရာကို၊ ကာရေတွာ- ပြုစေ၍၊ နဂရေ-

မြို့တော်၌၊ "ကုသရာဇဿ- ကုသမင်း၏၊ အာဏာ- အာဏာတော်တည်း၊" ဣတိ-
ဤသို့၊ ဘေရိံ- စည်ကို၊ စရာပေသိ- လည်စေတော်မူပြီ။ သကလဇမ္ဗုဒီပတလေ-
အလုံးစုံသော ဇမ္ဗုဒိပ်ကျွန်းအပြင်၌၊ ရာဇာနော- မင်းတို့သည် (သာမညကတ္တား
ပဟိဏိံသု၌စပ်)၊ ယေသံ- အကြင်မင်းတို့အား၊ ဓီတရော- သမီးတို့သည်၊ အတ္ထိ-
ရှိကုန်၏။ တေ ရာဇာနော- ထိုသမီးရှိသော မင်းတို့သည်၊ (ဝိသေသကတ္တား၊)
ကုသရညော- ကုသမင်းအား၊ ဓိတရော- သမီးတို့ကို၊ ပဟိဏိံသု- ဆက်သစေကုန်ပြီ။
ယေသံ ရာဇူနံ- အကြင်မင်းတို့၏၊ ပုတ္တာ- သားတို့သည်၊ အတ္ထိ- ရှိကုန်၏။ တေ-
ရာဇာနော- ထိုမင်းတို့သည်၊ တေန- ထိုကုသမင်းနှင့်၊ သဒ္ဓိံ- အတူတကွ၊ မိတ္တဘာဝံ-
အဆွေခင်ပွန်း၏အဖြစ်ကို၊ အာကင်္ခန္တာ- အလိုရှိကုန်သည်ဖြစ်၍၊ ပုတ္တေ- သားတို့ကို၊
ဥပဋ္ဌာကေ- အလုပ်အကျွေးတို့ကို၊ ကတွာ- ပြု၍၊ ပဟိဏိံသု- ပို့စေလိုက်ကြကုန်ပြီ။
ဗောဓိသတ္တဿ- ဘုရားလောင်း ကုသမင်း၏၊ နာဋ္ဌကပရိဝါရော- ကိုယ်လုပ်မောင်းမ
အခြံအရံသည်၊ မဟာ- များသည်၊ အဟောသိ- ဖြစ်ပြီ။ မဟန္တေန- များမြတ်သော၊
ဿသေန- အခြံအရံဖြင့်၊ ရဇ္ဇံ- မင်းအဖြစ်ကို၊ ကာရေသိ- ပြုစေတော်မူပြီ။ သော-
ထိုကုသမင်းသည်၊ ပဘာဝတိံ- ပဘာဝတီကို၊ ဒိဝါ- နေ့အခါ၌၊ ပဿိတုံ- မြင်ခြင်းငှာ၊
န လဘတိ- မရ၊ သာပိ- ထိုမင်းသမီး ပဘာဝတီသည်လည်း၊ တံ- ထိုကုသမင်းကို၊
ဒိဝါ- နေ့အခါ၌၊ ပဿိတုံ- မြင်ခြင်းငှာ၊ န လဘတိ- မရ။ ဥဘိန္နံ- နှစ်ပါးကုန်သော
မင်း, မိဖုရားတို့အား၊ ရတ္တိဒဿနမေဝ- ညဉ့်အခါ၌ တွေ့မြင်ရခြင်းသည်သာလျှင်၊
ဟောတိ- ဖြစ်၏။ တတ္ထ- ထိုညဉ့်အခါ၌၊ ပဘာဝတိယာ- ပဘာဝတီ၏၊ သရီရပ္ပဘာပိ-
ကိုယ်၏ အရောင်သည်လည်း၊ အဗ္ဗောဟာရိကာ- မပြောပလောက် သည် (ဝါ)
မထင်ရှားသည်၊ အဟောသိ- ဖြစ်ပြီ။ ဗောဓိသတ္တော- ဘုရားလောင်း ကုသမင်းသည်၊
သိရိဂဗ္ဘတော- ကျက်သရေရှိသော တိုက်ခန်းမှ၊ ရတ္တိံယေဝ- ညဉ့်၌သာလျှင်၊
နိက္ခမတိ- ထွက်ခဲ့ရ၏။

[နှာ-၃၀၄] သော- ထိုကုသမင်းသည်၊ ကတိပါဟစ္စယေန- တစ်ရက်နှစ်ရက်
လွန်သဖြင့်၊ ပဘာဝတိံ- ပဘာဝတီကို၊ ဒိဝါ- နေ့အခါ၌၊ ဒဋ္ဌုကာမော- မြင်ခြင်းငှာ
အလိုရှိသည်၊ ဟုတွာ- ဖြစ်၍၊ မာတုယာ- မယ်တော်အား၊ အာရောစေသိ-
လျှောက်ကြားပြီ။ သာ- ထိုမယ်တော် မိဖုရားသည်၊ " တာတ- ချစ်သား၊ တေ-
သင်ချစ်သားအား (ဝါ) သင်ချစ်သားသည်၊ ဒိဝါ- နေ့အခါ၌၊ ပဘာဝတိံ- ဘာဝတီကို၊

ဒဋ္ဌု- မြင်ခြင်းငှာ၊ မာ ရုစ္စိ- အလိုမရှိလင့်။ ယာဝ- အကြင်မျှလောက်၊ ဧကံ- တစ်ယောက်သော၊ ပုတ္တံ- သားကို၊ လဘာသိ- ရအံ့။ တာဝ- ထိုမျှလောက်၊ အာဂမေဟိ- ဆိုင်းငံ့ပါဦးလော့၊” ဣတိ- ဤသို့ ပဋိက္ခိပိ- ပယ်တော်မူပြီ။ သော- ထိုသားတော် ကုသမင်းသည်၊ ပုနပ္ပုနံ- အဖန်ဖန် အထပ်ထပ်၊ ယာစိယေဝ- တောင်းပန် လျှောက်တင်ပြီသာလျှင်တည်း။

## ဆင်ချေးတုံးနှင့် မြင်းချေးတုံးတို့ဖြင့် ပစ်ပြီ

အထ- ထိုသို့ အဖန်ဖန်လျှောက်တင်သောအခါ၌၊ နံ- ထိုသားတော် မင်းသားကို၊ သာ- ထိုမယ်တော်မိဖုရားကြီးသည်၊ အာဟ- မိန့်တော်မူပြီ။ ကိံ အာဟ- နည်း။ “တာတ- ချစ်သား၊ တေန ဟိ- ထိုသို့မြင်လိုလျှင်၊ ဟတ္ထိသာလံ- ဆင်တင်းကုပ်သို့၊ ဂန္တွာ- သွား၍၊ ဟတ္ထိမေဏ္ဍဝေသေန- ဆင်ထိန်းအသွင်ဖြင့်၊ တိဋ္ဌ- တည်နေနှင့်လော့။ အဟံ- ငါသည်၊ နံ- ထိုပဘာဝတီကို၊ တတ္ထ- ထိုဆင်တင်းကုပ်သို့၊ အာနေဿာမိ- ဆောင်ခဲ့အံ့။ အထ- ထိုသို့ဆောင်ခဲ့သော အခါ၌၊ နံ- ထိုပဘာဝတီကို၊ အက္ခီနိ- မျက်စိတို့ကို၊ ပူရေတွာ- ပြည့်စေ၍၊ ဩလောကေယျာသိ- ကြည့်ရာပါ၏။ တံ့ စ- သင်ချစ်သားသည်လည်း၊ အတ္တာနံ- မိမိကိုယ်ကို (လင် ဖြစ်ကြောင်းကို)၊ မာ ဇာနာပေဟိ- မသိစေလင့်။ ဣတိ- ဤသို့ အာဟ- မှာထားပြီ။ သော- ထိုသားတော် ကုသမင်းသည်၊ “သာဓူ”တိ- ကောင်းပြီဟု၊ သမ္ပဋိစ္ဆိတွာ- ဝန်ခံ၍၊ ဟတ္ထိသာလံ- ဆင်တင်းကုပ်သို့၊ အဂမာသိ- သွားနှင့်ပြီ။ အထ- ထိုအခါ၌၊ အဿ- ထိုသားတော် မင်းသား၏၊ မာတာ- မယ်တော် သီလဝတီမိဖုရားကြီးသည်၊ ဟတ္ထိသာလံ- ဆင်တင်းကုပ်ကို၊ အလင်္ကာရာပေတွာ- တန်ဆာဆင်စေတော်မူပြီး၍၊ ပဘာဝတိံ- မင်းသမီးပဘာဝတီကို၊ “အမ္မ- ချစ်သမီး၊ ဧဟိ- လာလှည့်၊ သာမိကဿ- ချစ်သမီး လင်၏၊ ဟတ္ထိနော- ဆင်တော်တို့ကို၊ ပဿာမ- ကြည့်ရှုကုန်အံ့၊” ဣတိ- ဤသို့ဆို၍၊ တတ္ထ- ထိုဆင်တင်းကုပ်သို့၊ နေတွာ- ခေါ်ဆောင်ခဲ့၍၊ “အယံ ဟတ္ထီ- ဤဆင်သည်ကား၊ အသုကော နာမ- ဤအမည်ရှိသော ဆင်တည်း။ အယံ ဟတ္ထီ- ဤဆင်သည်ကား၊ အသုကော နာမ- ဤအမည်ရှိသော ဆင်တည်း၊” ဣတိ- ဤသို့ ဝတွာ- ဆို၍၊ တဿာ- ထိုပဘာဝတီမင်းသမီးအား၊ ဒဿေသိ- ပြပြီ။ ရာဇာ- ကုသမင်းသည်၊ တတ္ထ- ထိုဆင်တင်းကုပ်၌၊ မာတု- မယ်တော်၏၊ ပစ္ဆတော- နောက်မှ၊ ဂစ္ဆန္တိံ- သွားနေသော၊ တံ- ထိုပဘာဝတီကို၊ ဒိသွာ- မြင်၍၊ ဟတ္ထိဂေါပကဝေသေန-

ဆင်ထိန်းအသွင်ဖြင့်၊ ဟတ္ထိဆကဏ္ဍပိဏ္ဍေန- ဆင်ချေးတုံးဖြင့်၊ ပိဋ္ဌိယံ- ပဘာဝတီ၏ ကျော၌၊ ပဟာရိ- ပစ်ပြီ။ သာ- ထိုပဘာဝတီသည်၊ ကုဒ္ဓါ- အမျက်ထွက်သည်ဖြစ်၍၊ "ရညော- အရှင်မင်းကြီးအား၊ ကထေတွာ- လျှောက်တင်၍၊ တေ- သင်၏၊ ဟတ္ထံ- လက်ကို၊ ဆိန္ဒာပေဿာမိ- ဖြတ်စေအံ့၊" ဣတိ- ဤသို့၊ ဝတွာ- ဆို၍၊ ဒေဝိ- မယ်တော် သီလဝတီမိဖုရားကြီးကို၊ ဥဇ္ဈာပေသိ- ကဲ့ရဲ့ရှုတ်ချပြီ။ ရာဇမာတာ- မင်း၏ မယ်တော်မိဖုရားကြီးသည်၊ "အမ္မ- ချစ်သမီး၊ မာ ကုဇ္ဈိ- အမျက်မထွက်ပါလင့်၊" ဣတိ- ဤသို့ ဆို၍၊ သုဏ္ဍိသံ- ချွေးမကို၊ သညာပေတွာ- သိစေ၍၊ ပိဋ္ဌိ- ကျောကို၊ ပရိမဇ္ဇိ- ဆုပ်နယ်ပြီ။ ပုနပိ- တစ်ဖန်လည်း၊ ရာဇာ- ကုသမင်းသည်၊ တံ- ထို ပဘာဝတီ ကို၊ ဒဋ္ဌုကာမော- မြင်ခြင်းငှာ အလိုရှိသည်၊ ဟုတွာ- ဖြစ်၍၊ အဿသာလာယ- မြင်းတင်းကုပ်၌၊ အဿဂေါပကဝေသေန- မြင်းထိန်းအသွင်ဖြင့်၊ တံ- ထိုပဘာဝတီကို၊ ဒိသွာ- မြင်၍၊ တထေဝ- ထိုရှေးနည်းအတူသာလျှင်၊ အဿဆကဏ္ဍပိဏ္ဍေန- မြင်းချေးတုံးဖြင့်၊ ပဟာရိ- ပစ်ပေါက်ပြီ။ တဒါပိ- ထိုအခါ၌လည်း၊ ကုဒ္ဓံ- အမျက် ထွက်သော၊ တံ- ထိုပဘာဝတီမင်းသမီးကို၊ သဿု- ယောက္ခမတော် သီလဝတီ မိဖုရားသည်၊ သညာပေသိ- သိစေပြီ။

## ညီတော်ကို ပြခြင်း

ပုန- တစ်ဖန်လည်း၊ ဧကဒိဝသေ- တစ်နေ့သ၌၊ ပဘာဝတီ- ပဘာဝတီသည်၊ မဟာသတ္တံ- ဘုရားလောင်းကုသမင်းကို၊ ပဿိတုကာမော- မြင်ခြင်းငှာ အလိုရှိသည်၊ ဟုတွာ- ဖြစ်၍၊ သဿုယာ- ယောက္ခမတော် သီလဝတီ မိဖုရားကြီးအား၊ အာရောစေတွာ- လျှောက်ကြား၍၊ "အမ္မ- ချစ်သမီး၊ အလံ- မသင့်၊ တေ- သင် ချစ်သမီးအား၊ ကုသရာဇာနံ- ကုသမင်းကို၊ ပဿိတုံ- မြင်ခြင်းငှာ၊ မာ ရုစ္စိ- မနှစ် သက်လင့်၊" ဣတိ- ဤသို့၊ ပဋိက္ခိတ္တာပိ- မိဖုရားကြီးသည် ပယ်အပ်ပါသော်လည်း၊ ပုနပ္ပုနံ- အဖန်ဖန် အထပ်ထပ်၊ ယာစိ- လျှောက်တင်တောင်းပန်ပြီ။ အထ- ထိုအခါ၌၊ နံ- ထိုပဘာဝတီကို၊ သာ- ထိုမယ်တော် သီလဝတီမိဖုရားကြီးသည်၊ "အမ္မ- ချစ်သမီး၊ တေန ဟိ- ထိုသို့ မြင်လိုလျှင်၊ သွေ- နက်ဖြန်၌၊ မမ- ငါ၏၊ ပုတ္တော- သားတော်သည်၊ နဂရံ- မြို့ကို၊ ပဒက္ခိဏံ- လက်ယာရစ်လှည့်လည်သည်ကို၊ ကရိဿတိ- ပြုလတ္တံ့။ တွံ- သင်ချစ်သမီးသည်၊ သီဟပဉ္ဇရံ- ခြင်္သေ့ခံသော လေသာနန်းတံခါးကို၊ ဝိဝရိတွာ- ဖွင့်၍၊ တံ- ထိုကုသမင်းကို၊ ပဿေယျာသိ- ကြည့်ရာပါ၏၊" ဣတိ- ဤသို့ အာဟ-

မိန့်တော်မူပြီ။ ဧဝဉ္စ- ဤစကားကိုလည်း၊ ဝတွာ ပန- မိန့်ဆိုပြီး၍ကား၊ ပုနဒိဝသေ- နက်ဖြန်နေ့၌၊ နဂရံ- မြို့ကို၊ အလင်္ကာရာပေတွာ- တန်ဆာဆင်စေတော်မူ၍၊ ဇယမ္ပတိကုမာရံ- ညီတော် ဇယမ္ပတိမင်းသားကို၊ ရာဇဝေသံ- မင်း၏အသွင်ကို၊ ဂါဟာပေတွာ- ယူစေ၍၊ ဟတ္ထိပိဋ္ဌေ- ဆင်ကျောက်ကုန်းထက်၌၊ နိသီဒါပေတွာ- ထိုင်စေ၍၊ ဗောဓိသတ္တံ- ဘုရားလောင်း ကုသမင်းကို၊ ပစ္ဆိမာသနေ- နောက်နေရာ၌၊ နိသီဒါပေတွာ- ထိုင်စီးစေ၍၊ နဂရံ- မြို့တော်ကို၊ ပဒက္ခိဏံ- လက်ယာရစ် လှည့်လည် သည်ကို၊ ကာရာပေသိ- ပြုစေတော်မူပြီ။ သာ- ထိုမယ်တော်မိဖုရားကြီးသည်၊ ပဘာဝတိံ- ပဘာဝတီကို၊ အာဒါယ- ခေါ်ယူ၍၊ ဟီဟပဥ္စရေ- ခြသေ့်ခံသော လေသာနန်း တံခါးဝ၌၊ ဌတွာ- ရပ်၍၊ "အမ္မ- ချစ်သမီး၊ တဝ- သင်ချစ်သမီး၏၊ သာမိကဿ- လင်၏၊ သိရိသောဘဂ္ဂံ- ကျက်သရေ၏ တင့်တယ်ခြင်းဖြင့် မြတ်သည်၏ အဖြစ်ကို၊ ပဿ- ကြည့်ပါလော့၊" ဣတိ- ဤသို့၊ အာဟ- ဆိုပြီ။ သာ- ထိုမင်းသမီးပဘာဝတီသည်၊ "မေ- ငါသည်၊ အနုစ္ဆဝိကော- တင့်တယ်လျောက် ပတ်သော၊ သာမိကော- လင်ကို၊ လဒ္ဓေါ- ရအပ်ပြီ၊" ဣတိ- ဤသို့၊ အတ္တမနာ- နှစ်သက်ဝမ်းမြောက်သော စိတ်ရှိသည်၊ အဟောသိ- ဖြစ်ပြီ။ တံ ဒိဝသံ ပန- ထိုနေ့၌ကား၊ မဟာသတ္တော- ဘုရားလောင်း ကုသမင်းသည်၊ ဟတ္ထိမေဏ္ဍဝေသေန- ဆင်ထိန်းအသွင်ဖြင့်၊ ဇယမ္ပတိဿ- ညီတော်ဇယမ္ပတိ မင်းသား၏၊ ပစ္ဆိမာသနေ- နောက်နေရာ၌၊ နိသီဒိတွာ- နေတော်မူ၍၊ ယထာ ဓိပ္ပါယေန- အလိုအားလျော်စွာ၊ ပဘာဝတိံ- ပဘာဝတီကို၊ ဩလောကေန္တော- ကြည့်လျက်၊ ဟတ္ထဝိဟာရာဒိဝသေန- လက်ဖောက်ပြန်ခြင်းအစရှိသည်၏ အစွမ်းအားဖြင့်၊ စိတ္တရုစိယာ- စိတ်၏ နှစ်သက်ခြင်းဖြင့်၊ ကေဠိံ- ပြက်ရယ်မှုကို၊ ဒဿေသိ- ပြပြီ။ ဟတ္ထိမှိ- ဆင်တော်သည်၊ အတိက္ကန္တေ- လွန်သွားသည်ရှိသော်၊ ရာဇမာတာ- ကုသမင်း၏ မယ်တော် မိဖုရား ကြီးသည်၊ ပဘာဝတိံ- ပဘာဝတီကို၊ "အမ္မ- ချစ်သမီး၊ တေ- သင်ချစ်သမီး၏ (ဝါ) သင်ချစ်သမီးသည်၊ သမိကော- လင်ကို၊ ဒိဋ္ဌော- မြင်အပ်ပြီလော၊" ဣတိ- ဤသို့၊ ပုစ္ဆိ- မေးပြီ။ အယျေ- မိခင်၊ အာမ- မြင်ရပေပြီ။ အဿ- ထိုညီတော်မင်းကြီး၏၊ ပစ္ဆိမာသနေ- နောက်နေရာ၌၊ နိသိန္နော- နေသော၊ ဟတ္ထိမဏ္ဍော ပန- ဆင်ထိန်း သည်ကား၊ အတိဝိယ- အလွန်လျှင်၊ ဒုဗ္ဗိနီတော- ဆိုဆုံးမနိုင်ခဲ၏။ မယှံ- အကျွန်ုပ် ပဘာဝတီအား၊ ဟတ္ထဝိကာရာဒီနိ- လက်ဖောက်ပြန်ခြင်း အစရှိသည်တို့ကို၊

ဒဿေသိ- ပြဘိပြီ။ ကဿာ- အဘယ့်ကြောင့်၊ [နှာ-၃၀၅] ဧဝရူပံ- ဤသို့သဘော ရှိသော၊ အလက္ခိကံ- ကျက်သရေမရှိသော သူကို၊ ရညော- မင်း၏၊ ပစ္ဆိမာသနေ- နောက်နေရာ၌၊ နိသီဒါပေသုံ- နေစေကုန်ဘိသနည်း။ နံ- ထိုဆင်ထိန်းကို၊ နီဟရာပေဟိ- နှင်ထုတ်စေဘိလော့။ ဣတိ- ဤသို့ အာဟ- ဆိုပြီ။ အမ္မ- ချစ်သမီး၊ ရညော- မင်းကြီး၏၊ ပစ္ဆိမာသနေ- နောက်နေရာတော်၌၊ ရက္ခာ နာမ- အစောင့် အရှောက်မည်သည်တို့ကို၊ ဣစ္ဆိတဗ္ဗာ- အလိုရှိအပ်ကုန်၏။ ဣတိ- ဤသို့ အာဟ- ဆိုပြီ။

## ပဘာဝတီ စုံစမ်းခြင်း

သာ- ထိုပဘာဝတီသည်၊ "အယံ ဟတ္ထိမေဏ္ဍော- ဤဆင်ထိန်းသည်၊ အတိဝိယ- အလွန်လျှင်၊ နိဗ္ဘယော- ကြောက်ရွံ့ခြင်းမရှိ။ ရာဇာနံ- မင်းကို၊ 'ရာဇာ' တိပိ- မင်းဟူ၍လည်း၊ န မညတိ- မထင်မှတ်။ ဧသော၀- ဤသူသည်ပင်လျှင်၊ ကိံ နု ခေါ ကုသရာဇာ- ကုသမင်းလေလော။ ဟိ- ထိုစကားသည် မှန်၏၊ အဒ္ဓါ- မချွတ် ဧကန်၊ ဧသော- ထိုကုသမင်းသည်၊ အတိဝိယ- အလွန်လျှင်၊ ဝိရူပေါ ဧဝ- ရုပ်အဆင်း မလှသည်သာလျှင်၊ ဘဝိဿတိ- ဖြစ်လတ္တံ့။ တေနေဝ- ထိုကြောင့်ပင်၊ မံ- ငါ့ကို၊ န ဒဿေန္တိ- မပြကုန်။" ဣတိ- ဤသို့၊ စိန္တေသိ- ကြံပြီ။ သာ- ထိုပဘာဝတီသည်၊ ခုဇ္ဇံ- အထိန်းတော်ခုဇ္ဇာကို၊ ကဏ္ဏမူလေ- နားရင်း၌၊ "အမ္မ- အထိန်းတော်၊ ဂစ္ဆ- သွားချေ၊ တာဝ- ရှေးဦးစွာ၊ ဇာနာဟိ- သိအောင်ပြုလော့။ ပုရိမာသနေ- ရှေ့နေရာ၌၊ နိသိန္နကော- ထိုင်နေသော သူသည်၊ ကိံ ရာဇာ- မင်းလေလော၊ ဥဒါဟု- ထိုသို့ မဟုတ်မူ၊ ပစ္ဆိမာသနေ- နောက်နေရာ၌၊ နိသိန္နကော- ထိုင်နေသော သူသည်၊ ကိံ ရာဇာ- မင်းလေလော။" ဣတိ- ဤသို့ အာဟ- မှာဆိုပြီ။ အဟံ- အကျွန်ုပ်သည်၊ ကထံ ပန- အဘယ်သို့လျှင်၊ ဇာနိဿာမိ- သိနိုင်အံ့နည်း။ ဣတိ- ဤသို့၊ ပုစ္ဆိ- မေးလျှောက်ပြီ။ ဟိ- အထူးကို ဆိုဦးအံ့၊ သော- ထိုသူသည်၊ ရာဇာ- မင်းသည်၊ သစေ ဘဝိဿတိ- အကယ်၍ ဖြစ်အံ့။ ပဌမတရံ- အထူးသဖြင့် ရှေးဦးစွာ၊ ဟတ္ထိပိဋ္ဌိတော- ဆင်ကျောက်ကုန်းမှ၊ ဩတရိဿတိ- ဆင်းသက်လတ္တံ့။ ဣမာယ သညာယ- ဤအမှတ်ဖြင့်၊ ဇာနာဟိ- သိလော့ (ဝါ) သိအောင်ပြုလော့။ ဣတိ- ဤသို့ အာဟ- မှာဆိုပြီ။ သာ- ထိုအထိန်းတော် ခုဇ္ဇာသည်၊ ဂန္တွာ- သွား၍၊ ဧကမန္တေ- တစ်ခုသော အစွန်းအရပ်၌၊ ဌိတာ- ရပ်လျက်၊ ပဌမံ- ရှေးဦးစွာ၊ မဟာသတ္တံ-

ဘုရားလောင်းကုသမင်းကို၊ ဩတရန္တံ- ဆင်းသည်ကို၊ အဒ္ဒသ- မြင်ပြီ။ ပစ္ဆာ- နောက်မှ၊ ဇယမ္ပတိ ကုမာရံ- ညီတော် ဇယမ္ပတိမင်းသားကို၊ ဩတရန္တံ- ဆင်းသက်သည်ကို၊ အဒ္ဒသ- မြင်ပြီ။ မဟာသတ္တောပိ- ဘုရားလောင်း ကုသမင်းသည်လည်း၊ ဣတော စိတောစ- ထိုမှ ဤမှ၊ ဩလောကေန္တော- ကြည့်လတ်သော်၊ ခုဇ္ဇံ- အထိန်းတော် ခုဇ္ဇာကို၊ ဒိသွာ- မြင်၍၊ "ဣမိနာ နာမ ကာရဏေန- ဤမည်သော အကြောင်းကြောင့်၊ ဧသာ- ဤခုဇ္ဇာသည်၊ အာဂတာ- လာသည်၊ ဘဝိဿတိ- ဖြစ်လတ္တံ့။ ဣတိ- ဤသို့၊ ဉတွာ- သိတော်မူ၍၊ တံ- ထိုအထိန်းတော်ခုဇ္ဇာကို၊ ပက္ကောသာပေတွာ- ခေါ်စေတော်မူ၍၊ "ဣမံ အန္တရံ- ဤအကြောင်းအထူးကို၊ ပဘာဝတိယာ- ပဘာဝတီအား၊ မာ ကထေဟိ- မပြောပါလင့်။" ဣတိ- ဤသို့၊ ဒဠှံ- မြဲမြံစွာ၊ ဝတွာ- မှာဆို၍၊ ဥယျောဇေသိ- လွှတ်လိုက်ပြီ။ သာ- ထိုအထိန်းတော် ခုဇ္ဇာသည်၊ ဂန္တွာ- သွား၍၊ "အမ္မ- အရှင့်သမီး၊ ပုရိမာသနေ- ရှေ့နေရာ၌၊ နိသိန္နော- နေသော သူသည်၊ ပဌမံ- ရှေးဦးစွာ၊ ဩသရိ- ဆင်းသက်ပါပြီ။"ဣတိ- ဤသို့၊ အာဟ- လျှောက်ကြားပြီ။ ပဘာဝတီ- ပဘာဝတီသည်၊ တဿာ- ထိုအထိန်းတော် ခုဇ္ဇာ၏၊ ဝစနံ- ပြောသော စကားကို၊ သဒ္ဒဟိ- ယုံကြည်ပြီ။

ရေကန်ထဲ ရှေလက်ဆွဲ

မဟာသတ္တောပိ- ဘုရားလောင်း ကုသမင်းသည်လည်း၊ ပုန- တစ်ဖန်၊ ဒဋ္ဌုကာမော- မြင်ခြင်းငှာ အလိုရှိသည်၊ ဟုတွာ- ဖြစ်၍၊ မာတရံ- မယ်တော် မိဖုရားကြီးကို၊ ယာစိ- လျှောက်ထားတောင်းပန်ပြန်ပြီ။ သာ- ထိုမယ်တော် မိဖုရားကြီးသည်၊ ပဋိက္ခိပိတုံ- ပယ်ခြင်းငှာ၊ အသက္ကောန္တီ- မတတ်နိုင်သည်ဖြစ်၍၊ "တာတ- ချစ်သား၊ တေန ဟိ- ထိုသို့ဖြစ်လျှင်၊ အညာတကဝေသေန- မထင်ရှားသော အသွင်ဖြင့်၊ ဥယျာနံ- ဥယျာဉ်တော်သို့၊ ဂစ္ဆာဟိ- သွားနှင့်လော့။" ဣတိ- ဤသို့၊ အာဟ- မိန့်တော်မူပြီ။ သော- ထိုသားတော်ကုသမင်းသားသည်၊ ဥယျာနံ- ဥယျာဉ်တော်သို့၊ ဂန္တွာ- သွား၍၊ ပေါက္ခရဏိယံ- မင်္ဂလာရေကန်တော်၌၊ ဂလပ္ပမာဏံ- လည်မျိုအတိုင်းအရှည်ရှိသော၊ ဥဒကံ- ရေထဲသို့၊ ပဝိသိတွာ- ဆင်းပြီး၍၊ ပဒုမိနိပတ္တေန- ပဒုမ္မာကြာရုံ၏ အရွက်ဖြင့်၊ သီသံ- ဦးခေါင်းကို၊ ဆာဒေတွာ- ဖုံးလွှမ်း၍၊ ပုပ္ဖိတပဒုမေန- ပဒုမ္မာကြာပွင့်ဖြင့်၊ မုခံ- မျက်နှာကို၊ အာဝရိတွာ- ဖုံးကာ၍၊ အဋ္ဌာသိ- တည်နေနှင့်ပြီ။ အဿ- ထိုကုသမင်း၏၊ မာတာပိ- မယ်တော်မိဖုရားကြီးသည်လည်း၊

ပဘာဝတိံ- ပဘာဝတီကို၊ ဥယျာနံ- ဥယျာဉ်တော်သို့၊ သယနသမယေ- ညချမ်း အခါ၌၊ နေတွာ- ခေါ်ဆောင်၍၊ "ဣမေ ရုက္ခေ- ဤသစ်ပင်တို့ကို၊ ပဿ- ရှုလော့။ ဣမေ သကုဏေ- ဤငှက်တို့ကို၊ ပဿ- ရှုလော့။ ဣမေ မိဂေ- ဤသမင်တို့ကို၊ ပဿ- ရှုလော့။" ဣတိ- ဤသို့၊ ပလောဘယမာနာ- ဖြားယောင်းလျက်၊ ပေါက္ခရဏီတီရံ- မင်္ဂလာရေကန်နားသို့ ပါယာသိ- သွားလေပြီ။ သာ- ထိုပဘာဝတီ မင်းသမီးသည်၊ ပဉ္စဝိဓပဒုမသဉ္ဆန္နံ- ငါးပါးသော အပြားရှိသော ကြာပဒုမ္မာတို့ဖြင့် ဖုံးလွှမ်းအပ်သော၊ ပေါက္ခရဏိံ- မင်္ဂလာရေကန်တော်ကို၊ ဒိသွာ- မြင်၍၊ နှာယိတုကာမာ- ရေချိုးခြင်းငှာ အလိုရှိသည်ဖြစ်၍၊ ပရိစာရိကာဟိ- အလုပ်အကျွေး မောင်းမတို့နှင့်၊ သဒ္ဓိံ- အတူတကွ၊ ပေါက္ခရဏိံ- မင်္ဂလာရေကန်သို့ ဩတရိတွာ- ဆင်းသက်၍၊ ကီဠန္တီ- ကစားသည်ရှိသော်၊ တံ ပဒုမံ- ထိုပဒုမ္မာကြာပွင့်ကို၊ ဒိသွာ- မြင်၍၊ ဝိစိနိတုကာမာ- ဆွတ်ယူခြင်းငှာ အလိုရှိသည်ဖြစ်၍၊ ဟတ္ထံ- လက်ကို၊ ပသာရေသိ- ဆန့်ပြီ။ အထ- ထိုသို့လက်ကို ဆန့်သောအခါ၌၊ ရာဇာ- ကုသ မင်းသည်၊ ပဒုမိနိပတ္တံ- ပဒုမ္မာကြာရွက်ကို၊ အပနေတွာ- ပယ်၍၊ "အဟံ- ငါသည်၊ ကုသရာဇာ"တိ- ကုသမင်းတည်းဟု၊ ဝတွာ- ဆို၍၊ နံ- ထိုပဘာဝတီကို၊ ဟတ္ထေ- လက်၌၊ ဂဏှိ- ဆွဲယူပြီ။ သာ- ထိုပဘာဝတီသည်၊ တဿ- ထိုကုသမင်း၏၊ မုခံ- မျက်နှာကို၊ ဒိသွာ- မြင်၍၊ "ယက္ခော- ဘီလူးသည်၊ မံ- ငါ့ကို၊ ဂဏှိ- ဖမ်းခဲ့ပြီ။" ဣတိ- ဤသို့၊ ဝိရဝိတွာ- ငိုကြွေးမြည်တမ်း၍၊ တတ္ထေဝ- ထိုအရပ်၌ပင်လျှင်၊ ဝိသညိတံ- ကင်းသောအမှတ်သညာရှိခြင်း (မိန်းမောခြင်း)သို့၊ ပတ္တာ- ရောက်ပြီ။ အထ- ထိုအခါ၌၊ ရာဇာ- ကုသမင်းသည်၊ အဿာ- ထိုပဘာဝတီ၏၊ ဟတ္ထံ- လက်ကို၊ မုဉ္စိ- လွှတ်ပြီ။

## ပဘာဝတီ ပြန်သွားပြီ

သာ- ထိုပဘာဝတီသည်၊ သညံ- အမှတ်သညာ(သတိ)ကို၊ ပဋိလဘိတွာ- ပြန်ရ၍၊ "ကုသရာဇာ- ကုသမင်းသည်၊ မံ- ငါ၏၊ ဟတ္ထေ- လက်ကို၊ ဂဏှိ ကိရ- ကိုင်ဆွဲသတတ်။ ဣမိနာဝ- ဤကုသမင်းသည်ပင်လျှင်၊ အဟံ- ငါ့ကို၊ ဟတ္ထိသာလာယ- ဆင်တင်းကုပ်၌၊ ဟတ္ထိဆကဏပိဏ္ဍေန- ဆင်ချေးတုံးဖြင့်၊ ပဟဋ္ဌာ- ပစ်အပ်ပြီ။ ဣမိနာပ- ဤကုသမင်းသည်ပင်လျှင်၊ အဟံ- ငါ့ကို၊ အဿသာလာယ- မြင်းတင်းကုပ်၌၊ အဿဆကဏပိဏ္ဍေန- မြင်းချေးတုံးဖြင့်၊ ပဟဋ္ဌာ- ပစ်အပ်ဘိပြီ။

အယမေဝ- ဤကုသမင်းသည်ပင်လျှင်၊ ဟတ္ထိသာ- ဆင်၏၊ ပစ္ဆိမာသနေ- နောက်နေရာ၌၊ နိသိဒိတွာ- ထိုင်နေ၍၊ မံ- ငါ့ကို၊ ဥပဝ္ဝဏ္ဏေသိ- ပြက်ရယ်ပြုဘိပြီ။ မေ- ငါ့အား၊ ဧဝရူပေန- ဤသို့ သဘောရှိသော၊ ဒုမ္မုခေန- မကောင်းသော မျက်နှာရှိသော၊ ပတိနာ- လင်ဖြင့်၊ ကိံ- အဘယ်အကျိုးရှိအံ့နည်း။ ဣမံ- ဤလင်ကို၊ ဇဟိတွာ- စွန့်၍၊ အဟံ- ငါသည်၊ ဇီဝန္တီ- အသက်ရှင်သည်ရှိသော်၊ အညံ- တစ်ပါးသော၊ ပတိံ- လင်ကို၊ လဘိဿာမိ- ရပါလတ္တံ့။" ဣတိ- ဤသို့၊ စိန္တေတွာ- ကြံ၍၊ အတ္တနာ- မိမိနှင့်၊ သဒ္ဓိံ- အတူတကွ၊ အာဂတေ- ပါလာကုန်သော၊ အမစ္စေ- အမတ်တို့ကို၊ ပက္ကោသာပေတွာ- ခေါ်စေ၍၊ "မမ- ငါ၏၊ ယာနဝါဟနံ- ရထားယာဉ် စသော ဆင်ယာဉ်, မြင်းယာဉ်တို့ကို၊ သဇ္ဇံ- စီရင်ခြင်းကို၊ ကရောထ- ပြုကြကုန်လော့။ အဇ္ဇေဝ- ယနေ့၌ပင်၊ အဟံ- ငါသည်၊ ဂမိဿာမိ- သွားအံ့။" ဣတိ- ဤသို့၊ [နှာ-၃၀၆] အာဟ- ဆိုပြီ။ တေ- ထိုအမတ်တို့သည်၊ တံ- ထိုအကြောင်းကို၊ ရညော- ကုသမင်းကြီးအား၊ အာရောစေသုံ- လျှောက်တင်ကုန်ပြီ။ ရာဇာ- ကုသမင်းကြီးသည်၊ "ပဘာဝတီ- ပဘာဝတီသည်၊ သစေ- အကယ်၍၊ ဂန္တုံ- ပြန်သွားခြင်းငှာ၊ န လဘိဿတိ- အခွင့်မရအံ့၊ အဿာ- ထိုပဘာဝတီ၏၊ ဟဒယံ- နှလုံးသည်၊ ဖလိဿတိ- ကွဲလတ္တံ့။ ဂစ္ဆတု- သွားပါစေ၊ တံ- ထိုပဘာဝတီကို၊ ပုန- တစ်ဖန်၊ အတ္တနော- ငါ၏၊ ဗလေန- အစွမ်းဖြင့်၊ အာနေဿာမိ- ဆောင်ယူအံ့။" ဣတိ- ဤသို့၊ စိန္တေတွာ- ကြံတော်မူ၍၊ အထ- ထိုအခါ၌၊ အဿာ- ထို ပဘာဝတီအား၊ ဂမနံ- ပြန်သွားခြင်းကို၊ အနုဇာနိ- ခွင့်ပေးတော်မူပြီ။ သာ- ထိုပဘာဝတီသည်၊ ပိတုနဂရမေဝ- ခမည်းတော်၏ မြို့သို့သာလျှင်၊ အဂမာသိ- ပြန်သွားလေပြီ။

ရှေးအကြောင်းဖန် ကံစီမံ

မဟာသတ္တောပိ- ဘုရားလောင်းကုသမင်းကြီးသည်လည်း၊ ဥယျာနတော- ဥယျာဉ်တော်မှ၊ နဂရံ- မြို့တော်သို့၊ ပဝိသိတွာ- ဝင်တော်မူ၍၊ အလင်္ကတပါသာဒံ- တန်ဆာဆင်အပ်သော ရွှေနန်းပြာသာဒ်ထက်သို့၊ အဘိရုဟိ- တက်တော်မူပြီ။ ဟိ- ထိုစကားသည် မှန်၏။ သာ- ထိုပဘာဝတီသည်၊ ဗောဓိသတ္တံ- ဘုရားလောင်း ကုသမင်းကို၊ ပုဗ္ဗပတ္ထနာဝသေန- ရှေးဆုတောင်း၏ အစွမ်းဖြင့်၊ န ဣစ္ဆိ- အလိုမရှိပြီ။ သောပိ- ထိုဘုရားလောင်းကုသမင်းသည်လည်း၊ ပုဗ္ဗကမ္မဝသေနေဝ- ရှေး၌ ပြုအပ်ခဲ့ပြီးသော အကုသိုလ်ကံ၏ အစွမ်းဖြင့်သာလျှင်၊ ဝိရူပေါ- ရုပ်အဆင်း မလှ

သည်၊ အဟောသိ- ဖြစ်ပြီ။ အတီတေ- လွန်လေပြီးသော အခါ၌၊ ဟာရာဏသိယံ- ဗာရာဏသီပြည်၌၊ ဒွါရဂါမေ- မြို့တံခါးရွာ၌၊ ဥပရိမဝီထိယာ စ- လမ်း၏ အထက်ဘက်၌လည်းကောင်း၊ ဟေဋ္ဌိမဝီထိယာ စ- လမ်း၏ အောက်ဘက်၌လည်းကောင်း၊ ဒွေ- နှစ်ဦးကုန်သော၊ ကုလာနိ- အမျိုးတို့သည်၊ ဝသိံသု ကိရ- နေကုန်သတတ်၊ ဧကေသ- တစ်ယောက်သော၊ ကုလဿ- အမျိုးအား၊ ဒွေ- နှစ်ယောက်ကုန်သော၊ ပုတ္တာ- သားတို့သည်၊ အဟေသုံ ကိရ- ရှိကုန်သတတ်။ ဧကေသ- တစ်ယောက်သော အမျိုးအား၊ ဧကာဝ- တစ်ယောက်သည်သာလျှင်ဖြစ်သော၊ ဓီတာ- သမီးသည်၊ အဟောသိ ကိရ- ရှိသတတ်။ ဒွိသု ပုတ္တေသု- သားနှစ်ယောက်တို့တွင်၊ ဇေဋ္ဌကော- ဘုရားလောင်းသည်၊ ကနိဋ္ဌော- ညီငယ်သည်၊ အဟောသိ ကိရ- ဖြစ်သတတ်။ တံ ကုမာရိကံ- ထိုတစ်ယောက်သော သတို့သမီးကို၊ ဇေဋ္ဌကဿ- အစ်ကိုကြီးအား၊ အဒံသု- ပေးကြကုန်ပြီ။ ကနိဋ္ဌော- ညီငယ်သည်၊ အဒါရဘရဏော- မယားကို လုပ်ကျွေးခြင်း မရှိသည်ဖြစ်၍၊ ဘာတု- အစ်ကို၏၊ သန္တိကေယေဝ- အထံ၌သာလျှင်၊ ဝသိ- နေပြီ။ အထ- ထိုအခါ၌၊ ဧကဒိဝသံ- တစ်နေ့သည်၌၊ တသ္မိံ ယရေ- ထိုအိမ်၌၊ အတိရသကပူဝေ- အလွန်အရသာရှိသော မုန့်တို့ကို၊ ပစိံသု- ကြော်ကုန်ပြီ။ ဇေဋ္ဌကော- ညီငယ်ဘုရားလောင်းသည်၊ အရညံ- တောသို့ ဂတော- သွားသည်၊ ဟောတိ- ဖြစ်၏။ တဿ- ထိုညီငယ် ဘုရားလောင်း၏၊ ပူဝံ- အစုမုန့်ကို၊ ဌပေတွာ- ထား၍၊ အဝသေသေ- ကြွင်းကျန်သော မုန့်တို့ကို၊ ဘာဇေတွာ- ဝေဖန်၍၊ ခါဒိံသု- စားကြကုန်ပြီ။ တသ္မိံ ခဏေ- ထိုခဏ၌၊ ပစ္စေကဗုဒ္ဓေါ- အရှင်ပစ္စေကဗုဒ္ဓါသည်၊ ဘိက္ခာယ- ဆွမ်းအလို့ငှာ၊ ယရဒွါရံ- အိမ်၏ တံခါးဝသို့၊ အဂမာသိ- ကြွရောက်တော်မူလာပြီ။ ဇေဋ္ဌကဿ- ဘုရားလောင်း၏၊ ဘာတုဇာယာ- အစ်ကို မယားသည်၊ "စူဠပတိနော- မတ်အား၊ အညံ- တစ်ပါးသော၊ ပူဝံ- မုန့်ကို၊ ပစိဿာမိ- ကြော်အံ့။" ဣတိ- ဤသို့၊ တံ- ထိုမတ်၏ အစုမုန့်ကို၊ ဂဟေတွာ- ယူ၍၊ ပစ္စေကဗုဒ္ဓဿ- အရှင်ပစ္စေကဗုဒ္ဓါအား၊ အဒါသိ- ပေးလှူပြီ။ သောပိ- ထိုညီငယ် ဘုရားလောင်းသည်လည်း၊ တံ ခဏညေဝ- ထိုခဏ၌ပင်၊ အရညတော- တောမှ၊ အာဂစ္ဆိ- ရောက်လာပြီ။ အထ- ထိုသို့ရောက်သော အခါ၌၊ နံ- ထိုလင်၏ ညီကို၊ သာ- ထိုမရီးသည်၊ "သာမိ- အမောင်၊ စိတ္တံ- စိတ်ကို၊ ပသာဒေဟိ- ကြည်ညိုပါစေလော့။ တဝ- သင်၏၊ ကောဋ္ဌာသော- အစုမုန့်ကို၊ ပစ္စေကဗုဒ္ဓဿ- အရှင်ပစ္စေက

ဗုဒ္ဓါအား၊ ဒိန္နော- လှူအပ်ပြီ၊" ဣတိ- ဤသို့၊ အာဟ- ပြောဆိုပြီ၊ သော- ထိုအမတ်သည်၊ "တဝ- သင်၏၊ ကောဋ္ဌာသံ- အစုကို၊ ခါဒိတွာ- စား၍၊ မမ- ငါ၏၊ ကောဋ္ဌာသံ- အစုကို၊ ဒေသိ- ပေးလှူပြီ၊ အဟံ- ငါသည်၊ ကိံ- အဘယ်မုန့်ကို၊ ခါဒိဿာမိ- စားရအံ့နည်း၊" ဣတိ- ဤသို့၊ ကုဒ္ဓေါ- အမျက် ထွက်သည်ဖြစ်၍၊ ပစ္စေကဗုဒ္ဓံ- အရှင်ပစ္စေကဗုဒ္ဓါကို၊ အနုဂန္တွာ- အစဉ်လိုက်၍၊ ပတ္တတော- သပိတ်မှ၊ ပူဝံ- မုန့်ကို၊ ဂဏှိ- ယူပြီ၊ သာ- ထိုမရီးသည်၊ မာတု- အမိ၏၊ ဃရံ- အိမ်သို့၊ ဂန္တွာ- သွား၍၊ နဝဝိလီနံ- အသစ်ဖြစ်၍ စိုစွတ်သော၊ ဝါ- ချက်သစ်စဖြစ်၍ ကြည်လင်သော၊ (သပ္ပိ-ဥစပ်) စမ္ပက ပုပ္ဖဝဏ္ဏံ- စကားပွင့် အဆင်းနှင့် တူသော၊ သပ္ပိ- ထောပတ်ကို၊ အာဟရိတွာ- ဆောင်ယူ၍၊ ပစ္စေကဗုဒ္ဓဿ- အရှင်ပစ္စေကဗုဒ္ဓါအား၊ ပတ္တံ- သပိတ်ကို၊ ပူရေသိ- ပြည့်စေပြီ၊ တံ- ထိုထောပတ်သည်၊ ဩဘာသံ- အရောင်ကို၊ မုဉ္စိ- လွှတ်ပြီ၊ သာ- ထိုဘုရားလောင်း၏ မရီးသည်၊ တံ- ထိုအရောင်ကို၊ ဒိသွာ- မြင်၍၊ ပတ္ထနံ- ဆုတောင်းခြင်းကို၊ ပဋ္ဌပေသိ- ဖြစ်စေပြီ။ (ကိံ ပဋ္ဌပေသိ- နည်း) "ဘန္တေ- အရှင်ဘုရား၊ ဣမိနာ ဒါနဗလေန- ဤထောပတ်အလှူ၏ အစွမ်းကြောင့်၊ နိဗ္ဗတ္တနိဗ္ဗတ္တဋ္ဌာနေ- ဖြစ်တိုင်း ဖြစ်တိုင်းသော ဘုံဘဝ၌၊ မေ- အကျွန်ုပ်၏၊ သရီရံ- ကိုယ်သည်၊ ဩဘာသ ဇာတံ- အရောင်ထွက်သည်၊ ဟောတု- ဖြစ်ပါစေသတည်း။ ဥတ္တမရူပဓရာ စ- မြတ်သောအဆင်းကို ဆောင်သည်လည်း၊ ဘဝေယျံ- ဖြစ်ရပါလို၏။ စ- သည်သာ မကသေး၊ မေ- အကျွန်ုပ်အား၊ ဣမိနာ အသပ္ပုရိသေန- ဤသူယုတ်နှင့်၊ သဒ္ဓိံ- အတူတကွ၊ ဧကဋ္ဌာနေ- တစ်ခုသော အရပ်၌၊ ဝါသော- နေခြင်းသည်၊ မာ အဟောသိ- မဖြစ်ပါစေသတည်း။" ဣတိ- ဤသို့၊ ပတ္ထနံ- ဆုတောင်းခြင်းကို၊ ပဋ္ဌပေသိ- ဖြစ်စေပြီ။ ဣတိ- ဤသို့၊ သာ- ထိုပဘာဝတီသည်၊ ဣမိဿာ ပုဗ္ဗပတ္ထနာယ- ဤရှေးဆုတောင်း၏၊ ဝသေန- အစွမ်းကြောင့်၊ တံ- ထိုကုသမင်းကို၊ န ဣစ္ဆိ- အလိုမရှိ၊ ဗောဓိသတ္တောပိ- ညီတော်ဘုရားလောင်းသည်လည်း၊ တံ ပူဝံ- ထိုမုန့်ကို၊ တသ္မိံ သပ္ပိပတ္တေ- ထိုထောပတ်ခွက်၌၊ ဩသီဒါပေတွာ- နစ်မြုပ်စေ၍၊ "ဘန္တေ- အရှင်ဘုရား၊ ဣမံ- ဤအကျွန်ုပ်မရီးကို၊ ယောဇနသတေ- ယူဇနာတစ်ရာ ဝေးသောအရပ်၌၊ ဝသန္တိမ္ပိ- နေသော်လည်း၊ အာနေတွာ- ဆောင်ယူ၍၊ မမ- အကျွန်ုပ်၏၊ ပါဒပရိစာရိကံ- ခြေရင်း၌ အလုပ်အကျွေးကို၊ ကာတုံ- ပြုခြင်းငှာ၊ သမတ္ထော- စွမ်းနိုင်သည်၊ ဘဝေယျံ- ဖြစ်ရပါလို၏။" ဣတိ- ဤသို့၊ ပတ္ထနံ-

ဆုတောင်းခြင်းကို၊ ပဋ္ဌပေသိ- ဖြစ်စေပြီ။ တတ္ထ- ထိုသူနှစ်ယောက်တို့တွင်၊ သော- ထိုကုသမင်းသည်၊ ကုဒ္ဒေါ- အမျက်ထွက်သည် ဖြစ်၍၊ ဂန္တွာ- သွား၍၊ ယံ ပူဝံ- အကြွင်းမုန့်ကို၊ ဂဏှိ- လုယူပြီ။ တဿ ပုဗ္ဗကမ္မဿ- ထိုရှေး မကောင်းမှု၏၊ ဝသေန- အစွမ်းကြောင့်၊ ဝိရူပေါ- ရုပ်ရည်အဆင်းမလှသည်၊ အဟောသိ- ဖြစ်ပြီ။ သာ စ- ထိုပဘာဝတီသည်လည်း၊ တဿာ ပုဗ္ဗပတ္ထနာယ- ထိုရှေးဆုတောင်း၏၊ ဝသေန- အစွမ်းကြောင့်၊ တံ- ထိုကုသမင်းကို၊ န ဣစ္ဆိ- အလိုမရှိပြီ။ ဣတိ- ဤသည်လျှင် ရှေးအကြောင်းတည်း။

## ကုသမင်း လိုက်လာပြီ

သော- ထိုကုသမင်းသည်၊ ပဘာဝတိယာ- ပဘာဝတီသည်၊ ဂတာယ- ပြန်သွားသည်ရှိသော်၊ သောကပ္ပတ္တော- ပြင်းစွာသော စိုးရိမ်ပူပန်ခြင်းသို့ ရောက်သည်၊ အဟောသိ- ဖြစ်ပြီ။ သေသိတ္ထိယော- ကြွင်းကုန်သော မောင်းမတို့သည်၊ နံ- ထိုကုသမင်းကို၊ နာနာကာရေဟိ- အထူးထူးသော အခြင်းအရာတို့ဖြင့်၊ ပရိစာရယမာနာပိ- လုပ်ကျွေးပါကုန်သော်လည်း၊ ဩလောကာပေတုမ္ပိ- ကြည့်စေခြင်းငှာလည်း၊ [နှာ-၃၀၇] နာသက္ခိံသု- မတတ်နိုင်ကုန်ပြီ။ အဿ- ထိုကုသမင်းအား၊ ပဘာဝတိရဟိတံ- ပဘာဝတီနှင့် ကင်းသော၊ သကလမ္ပိ- အလုံးစုံလည်းဖြစ်သော၊ နိဝေသနံ- နန်းတော်သည်၊ တုစ္ဆံ ဝိယ- အချည်းနှီးကဲ့သို့၊ ခါယိ- ထင်တော်မူပြီ။ သော- ထိုကုသမင်းသည် "ဣဒါနိ- ယခုအခါ၌၊ သာဂလနဂရံ- သာဂလမြို့သို့၊ ပတ္တာ- ရောက်သည်၊ ဘဝိဿတိ- ဖြစ်လတ္တံ့။" ဣတိ- ဤသို့ နှလုံးသွင်းတော်မူ၍၊ ပစ္စူသသမယေ- မိုးလင်းသော အခါ၌၊ မာတု- မယ်တော်၏၊ သန္တိကံ- အထံသို့၊ ဂန္တွာ- သွား၍၊ "အမ္မ- မိခင်၊ အဟံ- အကျွန်ုပ်သည်၊ ပဘာဝတိံ- ပဘာဝတီကို၊ အာနေဿာမိ- ဆောင်ယူပါချေအံ့။ တုမှေ- သင်မိခင်တို့သည်၊ ရဇ္ဇံ- တိုင်းပြည်ကို၊ အနုသာသထ- ဆုံးမတော်မူရစ်ပါကုန်လော့။" ဣတိ- ဤသို့၊ ဝဒန္တော- ဆိုသည် ဖြစ်၍၊ "ဣဒံ တေ ရဋ္ဌံ သဓနံ သယောဂ္ဂံ (ပ) ဂစ္ဆာမဟံ ယတ္ထ ပိယာ ပဘာဝတီ" တိ- "ဣဒံ တေ ရဋ္ဌံ သဓနံ သယောဂ္ဂံ (ပ) ဂစ္ဆာမဟံ ယတ္ထ ပိယာ ပဘာဝတီ" ဟူသော၊ ပဌမံ- ရှေးဦးစွာသော၊ ဂါထံ- ဂါထာကို၊ အာဟ- ဆိုပြီ။

၁။ အမ္မ- မိခင်၊ ဣဒံ ရဋ္ဌံ- ဤတိုင်းပြည်သည်၊ တေ- သင်မိခင်၏၊ ရဋ္ဌံ- တိုင်းပြည်တည်း။ အမ္မ- မိခင်၊ သဓနံ- ဥစ္စာဘဏ္ဍာနှင့်တကွဖြစ်ထသော၊

သယောဂ္ဂံ- ဆင်ယာဉ် မြင်းယာဉ်နှင့်တကွ ဖြစ်ထသော၊ သကာယူရံ- မင်းမြောက်တန်ဆာ ငါးပါးနှင့် တကွဖြစ်ထသော၊ သဗ္ဗကာမူပပန္နံ- ခပ်သိမ်းသော အလိုဆန္ဒနှင့် ပြည့်စုံထသော၊ ဣဒံ ရဇ္ဇံ- ဤတိုင်းပြည်ကို၊ တေ- သင်မိခင်သည်၊ အနုသာသ- ဆုံးမတော်မူရစ်လော့။ အဟံ- အကျွန်ုပ်သည်၊ ယတ္ထ- အကြင်အရပ်၌၊ ပိယာ- ချစ်အပ်သော၊ ပဘာဝတီ- ပဘာဝတီသည်၊ အတ္ထိ- ရှိ၏။ တတ္ထ- ထိုပဘာဝတီရှိရာ အရပ်သို့ ဂစ္ဆာမိ- သွားပါချေအံ့။

တတ္ထ- ထို 'ဣဒံ တေ' စသော ဂါထာ၌၊ သယောဂ္ဂန္တိ- သယောဂ္ဂံ ဟူသည်ကား၊ ဟတ္ထိယောဂ္ဂါဒိသဟိတံ- ဆင်ယာဉ် စသည်နှင့် တကွဖြစ်သော။ သကာယူရန္တိ- သကာယူရံ ဟူသည်ကား၊[၁] သပဥ္စရာဇကကုဓဘဏ္ဍံ- မင်းမြောက်တန်ဆာ ငါးပါးနှင့် တကွဖြစ်သော။[၂] အနုသာသ အမ္မာတိ- အနုသာသ အမ္မ ဟူသည်ကား၊ သော- ထို ကုသမင်းသည်၊ ပုရိသဿ- ယောကျ်ားအား၊ ရဇ္ဇံ- မင်းအဖြစ်ကို၊ ဒတွာ- ပေးပြီး၍၊ ပုန- တစ်ဖန်၊ ဂဏှန္တံ နာမ- ပြန်ယူခြင်းမည်သည်၊ န ယုတ္တံ- မသင့်၊ ဣတိ- ဤသို့ကြံ၍၊ ပိတု ဝါ- အဖအားလည်းကောင်း၊ ဘာတု ဝါ- အစ်ကိုအားလည်းကောင်း၊ အနိယျာဒေတွာ- မအပ်နှင်းမူ၍၊ မာတု- အမိအား၊ နိယျာဒေန္တော- အပ်နှင်းလိုသည် ဖြစ်၍၊ ဇဝံ- ဤသို့၊ အာဟ ကိရ- ပြောဆိုသတတ်။

---

၁။ ကာယုရ- လက်၌ဝတ်ဆင်သောအဆင်တန်ဆာ၊ ခန္ဓာကိုယ်အထက်ပိုင်း၌ ဝတ်ဆင်သော အဆင်တန်ဆာ၊ စစ်ဝတ်တန်ဆာ ဟူသောအနက်တို့ကို ဟော၏၊ သက္ကတ၌ ကေယူရ-ဟု ရှိ၏၊ ကေ-ဓာတ် အသံပြုခြင်း၊ ဉရ- သို့မဟုတ် ဦရ- ပစ္စည်းကို ယ်-ဗျည်းခံ၍ဆက်၊ ဤ၌ မင်းမြောက်တန်ဆာငါးပါးကို ဟော၏။

၂။ ကကုဓဘဏ္ဍ- ကကုဓ-ပုဒ်သက်သက်ဖြင့်ပင် မင်းမြောက်တန်ဆာ ငါးပါးကို ဟောနိုင်၏၊ ကုက-ဓာတ် အာဒါနေ-ယူခြင်းအနက်၊ ဓ-ပစ္စည်းဆက် ကုက--မှ ကကုဓ-သို့ ဝိပရိတ်ပြု၊ ပါဠိ၌ ကက-ဓာတ်၊ ဥဓ-ပစ္စည်း သို့မဟုတ် ဥဒ-ပစ္စည်း၊ ကကုဓ-ကကုဒ-ဟုလည်း ပုံစံရှိသေး၏၊ သက္ကတ၌ ကကုဒ-ဟုသာ ရှိ၏၊ အမောက်၊ တောင်ထွတ်၊ ခေါင်းဆောင်၊ နွားလဘို့ မင်းတို့ဝတ်ဆင်သော တန်ဆာကို ဟော၏။

သာ- ထိုမယ်တော် သီလဝတီမိဖုရားကြီးသည်၊ တဿ- ထိုသားတော် ကုသမင်း၏၊ ကထံ- စကားကို၊ သုတွာ- ကြား၍၊ "တာတ- ချစ်သား၊ တေန ဟိ- ထိုသို့ သွားလိုသည်ရှိသော်၊ အပ္ပမတ္တော- မမေ့မလျော့သည်၊ ဘဝေယျာသိ- ဖြစ်လေလော့။ မာတုဂါမော နာမ- မိန်းမမည်သည်ကား၊ အပရိသုဒ္ဓဟဒယော- မစင်ကြယ်သော စိတ်နှလုံးရှိတတ်၏။" ဣတိ- ဤသို့၊ ဝတွာ- မှာဆိုတော်မူ၍၊ နာနဂ္ဂရသဘောဇနဿ- အထူးထူးသော မွန်မြတ်သော အရသာရှိသော ဘောဇဉ်ဖြင့်၊ သုဝဏ္ဏကရောဋိ- ရွှေပခြုပ်ကို၊ ပူရေတွာ- ပြည့်စေ၍၊ "ဣဒံ- ဤအစားအစာကို၊ အန္တရာမဂ္ဂေ- ခရီး အကြား၌၊ ဘုဉ္ဇေယျာသိ- စားလေလော့၊" ဣတိ- ဤသို့၊ ဝတွာ- ဆို၍၊ ဥယျောဇေသိ- စေလွှတ်လိုက်ပြီ။ သော- ထိုသားတော်ကုသမင်းသည်၊ တံ- ထို မယ်တော် ပေးလိုက်သော ထမင်းပခြုပ်ကို၊ အာဒါယ- ယူ၍၊ မာတရံ- မယ်တော်ကို၊ ဝန္ဒိတွာ- ရှိခိုး၍၊ တိက္ခတ္တုံ- သုံးကြိမ်၊ ပဒက္ခိဏံ- လက်ယာရစ်လှည့်သည်ကို၊ ကတွာ- ပြု၍၊ "ဇီဝန္တော- အသက်ရှင်ပါသည်ရှိသော်၊ ပုန- တစ်ဖန်၊ တုမှေ- သင် မယ်တော် တို့ကို၊ ပဿိဿာမိ- ဖူးမြင်ပါအံ့။" ဣတိ- ဤသို့၊ ဝတွာ- လျှောက်တင်ပြီး၍၊ သိရိဂဗ္ဘံ- ကျက်သရေရှိသော တိုက်ခန်းသို့ ပဝိသိတွာ- ဝင်၍၊ ပဉ္စာဝုဓံ- ငါးပါးသော လက်နက်ကို၊ သန္နယှိတွာ- မြဲမြံစွာ ဖွဲ့၍၊ ဘတ္တကရောဋိယာ- ထမင်းခွက်နှင့်၊ သဒ္ဓိံ- တကွ၊ ကဟာပဏသဟဿံ- အသပြာတစ်ထောင်ကို၊ ပသိဗ္ဗကေ- လွယ်အိတ်၌၊ ကတွာ- ထည့်၍၊ ကောကနုဒံ- ကောကနုဒအမည်ရှိသော၊ ဝီဏာဥ္စ- စောင်းတော်ကိုလည်း၊ အာဒါယ- ယူ၍၊ နဂရာ- မြို့တော်မှ၊ နိက္ခမိတွာ- ထွက်ခဲ့၍၊ မဂ္ဂံ- ခရီးသို့ ပဋိပဇ္ဇိတွာ- သွား၍၊ မဟဗ္ဗလော- အလွန်အားအစွမ်းရှိသည်၊ မဟာထာမော- ကြီးမားသော ခွန်အားရှိသည်၊ ဟုတွာ- ဖြစ်၍၊ ယာဝမဇ္ဈန္ဟိကာ- မွန်းတည့်တိုင်အောင်၊ ပဏ္ဏာသယောဇနာနိ- ယူဇနာငါးဆယ်ရှိသော ခရီးတို့ကို၊ ဂန္တွာ- သွား၍၊ ဘတ္တံ- ထမင်းကို၊ ဘုဉ္ဇိတွာ- စား၍၊ သေသဒိဝသဘာဂေန- ကြွင်းသောနေ့အဖို့ဖြင့်၊ ပုန- တစ်ဖန်၊ ပဏ္ဏာသယောဇနာနိ- ယူဇနာငါးဆယ်ရှိသော ခရီးတို့ကို၊ ဂန္တွာ- သွား၍၊ ဧကာဟေနေဝ- တစ်နေ့ချင်းဖြင့်သာလျှင်၊ ယောဇနသတိကံ- ယူဇနာတစ်ရာရှိသော၊ မဂ္ဂံ- ခရီးကို၊ ခေပေတွာ- ကုန်စေ၍၊ သာယန္ဟသမယေ- ညဉ့်ချမ်းအခါ၌၊ နှတွာ- ရေချိုးပြီး၍၊ သာဂလနဂရံ- သာဂလမြို့သို့ ပါဝိသိ- ဝင်တော်မူပြီ။ တသ္မိံ- ထိုကုသ

မင်းသည်၊ ပဝိဋ္ဌမတ္တေယေဝ- ဝင်ကာမျှသော်သာလျှင်၊ တဿ- ထိုကုသမင်း၏၊ တေဇေန- တန်ခိုးကြောင့်၊ ပဘာဝတီ- ပဘာဝတီသည်၊ သယနပိဋ္ဌေ- အိပ်ရာ အပြင်၌၊ သဏ္ဌာတုံ- ကောင်းစွာ တည်ခြင်းငှာ၊ အသက္ကောန္တီ- မတတ်နိုင်သည်ဖြစ်၍၊ ဩတရိတွာ- သက်ဆင်း၍၊ ဘူမိယံ- မြေ၌၊ နိပဇ္ဇိ- အိပ်ပြီ။ ကိလိန္တရူပါယ- ညစ်နွမ်းသော ကုန္ဒြေရှိသော၊ ဝိထိယာ- ခရီးကို၊ ဂစ္ဆန္တ- သွားသော၊ ဗောဓိသတ္တံ- ဘုရားလောင်း ကုသမင်းကို၊ အညတရာ- တစ်ယောက်သော၊ ကုတ္တိ- မိန်းမသည်၊ ဒိသွာ- မြင်၍၊ ပက္ကောသာပေတွာ- ခေါ်စေ၍၊ နိသီဒါပေတွာ- ထိုင်နေစေ၍၊ ပါဒေ- ခြေတို့ကို၊ ဓောဝါပေတွာ- ဆေးစေ၍၊ သယနံ- အိပ်ရာကို၊ ဒါပေသိ- ပေးပြီ။ သော- ဘုရားလောင်း ကုသမင်းသည်၊ ကိလန္တကာယော- ပင်ပန်းသောကိုယ်ရှိသည် ဖြစ်၍၊ နိပဇ္ဇိတွာ- အိပ်၍၊ နိဒ္ဒံ- အိပ်ပျော်ခြင်းသို့၊ ဩက္ကမိ- သက်ရောက်ပြီ။

## စောင်းသံပေးပြီ

အထ- ထိုအခါ၌၊ သာ- ထိုမိန်းမသည်၊ တသ္မိံ- ထိုဘုရားလောင်း ကုသမင်းသည်၊ နိဒ္ဒံ- အိပ်ပျော်ခြင်းသို့၊ ဥပဂတေ- ကပ်ရောက်သည်ရှိသော်၊ ဘတ္တံ- ထမင်းကို၊ သမ္ပါဒေတွာ- ပြည့်စုံစေ၍၊ တံ- ထိုကုသမင်းကို၊ ပဗောဓေတွာ- နိုးစေ၍၊ ဘတ္တံ- ထမင်းကို၊ ဘောဇေသိ- စားစေပြီ။ သော- ထိုဘုရားလောင်းသည်၊ တုဋ္ဌော- နှစ်သက်သည်ဖြစ်၍၊ တဿာ- ထိုမိန်းမအား၊ ဘတ္တကရောဋ္ဌိယာ- ထမင်းခွက်နှင့်၊ သဒ္ဓိံ- တကွ၊ ကဟာပဏသဟဿံ- အသပြာတစ်ထောင်ကို၊ အဒါသိ- ပေးတော်မူပြီ။ သော- ထိုဘုရားလောင်းသည်၊ ပဉ္စာဝုဓံ- လက်နက်ငါးပါးကို၊ တတ္ထေဝ- ထိုအိမ်၌ပင်၊ ဌပေတွာ- ထား၍၊ "မေ- ငါ့အား၊ ဂန္တဗ္ဗဋ္ဌာနံ- သွားအပ်ရာအရပ်သည်၊ အတ္ထိ- ရှိ၏။" ဣတိ- ဤသို့ ဝတွာ- ဆို၍၊ ဝီဏံ- စောင်းကို၊ အာဒါယ- ယူ၍၊ ဟတ္ထိသာလံ- ဆင်တင်းကုပ်သို့၊ ဂန္တွာ- သွား၍၊ "အဇ္ဇ- ယနေ့၊ မေ- ငါ့အား၊ ဣဓ- ဤအရပ်၌၊ ဝသိတုံ- နေခြင်းငှာ၊ ဒေထ- ပေးပါကုန်လော့။ ဝေါ- သင်တို့အား၊ ဂန္ဓဗ္ဗံ- စောင်း သီချင်းသံကို၊ ကရိဿာမိ- ပြုပါအံ့။" ဣတိ- ဤသို့ ဝတွာ- ဆို၍၊ ဟတ္ထိဂေါပကေဟိ- ဆင်ထိန်းတို့သည်၊ အနုညာတော- ခွင့်ပြုအပ်သည်ဖြစ်၍၊ ဧကမန္တေ- တစ်ခုသော အစွန်းအရပ်၌၊ နိပဇ္ဇိတွာ- အိပ်၍၊ ထောကံ- အနည်းငယ်၊ နိဒ္ဒါယိတွာ- အိပ်ပျော်၍၊ ပဋိပ္ပဿဒ္ဓဒရထော- ငြိမ်းအေးပြီးသော (ကိုယ်စိတ်)ပူပန်ခြင်း ရှိသည်ဖြစ်၍၊ ဥဋ္ဌာယ အိပ်ရာမှ ထ၍၊ ဝီဏံ- စောင်းကို၊ မုဉ္စိတွာ ဖြေပြီး၍၊ "သာဂလနဂရဝါသိနော-

သာဂလမြို့၌နေသော သူတို့သည်၊ ကမ္ဗံ သဒ္ဒံ- ဤစောင်းသံကို၊ သုဏန္တု- ကြားစေကုန်သတည်း၊ ဣတိ- ဤသို့၊ ဝီဏံ- စောင်းကို၊ ဝါဒေန္တော- တီးလျက်၊ ဂါယိ- သီချင်းဆိုပြီ။ ပဘာဝတီ- ပဘာဝတီမင်းသမီးသည်၊ ဘူမိယံ- မြေ၌၊ နိပန္နာ- အိပ်လျက်၊ တံ သဒ္ဒံ- ထိုစောင်းသံကို၊ သုတွာဝ- ကြား၍သာလျှင်၊ "အယံ- ဤစောင်းသံသည်၊ အညဿ- တစ်ပါးသော သူ၏၊ ဝီဏာသဒ္ဒေါ- စောင်းသံသည်၊ န- မဟုတ်၊ နိဿံသယံ- မချွတ်လျှင်၊ ကုသရာဇာ- ကုသမင်းသည်၊ မမ- ငါ၏၊ အတ္ထာယ- အကျိုးငှာ၊ အာဂတော- လာပြီ။" ဣတိ- ဤသို့၊ အညာသိ- သိပြီ။ မဒ္ဒရာဇာပိ- မဒ္ဒရာဇ်မင်း သည်လည်း၊ တံ သဒ္ဒံ-ထိုစောင်းသံကို၊ သုတွာ- ကြားတော်မူ၍၊ "အတိဝိယ- အလွန်လျှင်၊ မဓုရံ- သာယာစွာ၊ ဝါဒေတိ- တီးမှုတ်၏ (မြည်စေ၏)။ သွေ- နက်ဖြန်၌၊ ဧတံ- ထိုစောင်းသမားကို၊ ပက္កោសាបេត្វា- ခေါ်စေ၍၊ မမ- ငါ့အား၊ ဂန္ဓဗ္ဗံ- စောင်းသီချင်းကို၊ ကာရေဿာမိ- ပြုစေအံ့၊" ဣတိ- ဤသို့၊ စိန္တေသိ- ကြံပြီ။

## အိုးတော်ဆက်ပြန်ပြီ

[နှာ-၃၀၈] ဗောဓိသတ္တော- ဘုရားလောင်းကုသမင်းသည်၊ "ဣဓ- ဤဆင်တင်းကုပ်၌၊ ဝသမာနေန- နေခြင်းဖြင့်၊ ပဘာဝတိ- ပဘာဝတီကို၊ ဒဋ္ဌုံ- မြင်ခြင်းငှာ၊ န သက္កာ- မတတ်ကောင်းသေး၊ ဧတံ- ဤဆင်တင်းကုပ်သည်၊ အဋ္ဌာနံ- နေရာမဟုတ်သေး။" ဣတိ- ဤသို့ နှလုံးသွင်း၍၊ ပါတော၀- နံနက်စောစော၌ပင်၊ နိက္ခမိတွာ- ထွက်ခဲ့၍၊ သာယံ- ညနေချမ်း၌၊ ဘတ္တဂေဟေယေ၀- ထမင်းစားရာအိမ်၌သာလျှင်၊ ပါတရာသံ- နံနက်စာကို၊ ဘုဉ္ဇိတွာ- စား၍၊ ဝီဏံ- စောင်းကို၊ ဌပေတွာ- ထားခဲ့၍၊ ရာဇကုမ္ဘကာရဿ- မင်း၏ အိုးထိန်းသည်၏၊ သန္တိကံ- အထံသို့၊ ဂန္ဒာ- သွား၍၊ တဿ- ထိုအိုးထိန်းသည်၏၊ အန္တေဝါသိကဘာဝံ- အနီးနေ တပည့်၏ အဖြစ်ကို၊ ဥပဂန္ဒာ- ကပ်ရောက်၍၊ ဧကဒိဝသေနေ၀- တစ်နေ့ချင်းဖြင့်သာလျှင်၊ ယရံ- အိမ်ကို၊ မတ္တိကာယ- မြေစိုင်ခဲဖြင့်၊ ပူရေတွာ- ပြည့်စေ၍၊ "အာစရိယ- ဆရာ၊ ဘာဇနာနိ- အိုးတို့ကို၊ ကရောမိ- လုပ်ပါအံ့။" ဣတိ- ဤသို့၊ ဝတွာ- ဆို၍၊ "အာမ- ဟုတ်ကဲ့၊ ကရောဟိ- လုပ်လော့။" ဣတိ- ဤသို့၊ ဝုတ္တေ- ဆိုအပ်လတ်သော်၊ ဧကံ- တစ်ခုသော၊ မတ္တိကာပိဏ္ឌံ- မြေစိုင်ကို၊ စက္ကေ- အိုးထိန်းစက်၌၊ ဌပေတွာ- ထား၍၊ စက္កံ- စက်ကို၊ အာဝိဉ္ဆိ- လှည့်ပြီ။ သကိံ- တစ်ကြိမ်၊ အာဝိဒ္ဓမေ၀- လှည့်အပ်သည်

သာလျှင်၊ ယာဝ မဇ္ဈန္ဟိကာတိက္ကမာ- မွန်းတည့်ချိန်ကို ကျော်လွန်သည့်တိုင်အောင်၊ ဘမိယေဝ- လည်ပြီသာလျှင်ကတည်း၊ သော- ထိုဘုရားလောင်း ကုသမင်းသည်၊ နာနာဝဏ္ဏာနိ- အထူးထူးသော အဆင်းရှိကုန်သော၊ ခုဒ္ဒကမဟန္တာနိ- ငယ်ငယ်ကြီးကြီး ဖြစ်ကုန်သော၊ ဘာဇနာနိ- အိုးတို့ကို၊ ကတ္ဝာ- ပြုလုပ်၍၊ ပဘာဝတိယာ- ပဘာဝတီ၏၊ အတ္ထာယ- အကျိုးငှာ၊ ဘာဇနံ- အိုးကို၊ ကရောန္တော- ပြုလုပ်သည်ရှိသော်၊ နာနာရူပါနိ- အထူးထူးကုန်သော အရုပ်တို့ကို၊ သမုဋ္ဌာပေသိ- ဖြစ်စေပြီ။ ဟိ- ထိုစကားသည် မှန်၏၊ ဗောဓိသတ္တာနံ- ဘုရားလောင်းတို့၏၊ အဓိပ္ပါယော နာမ- အလိုတော်မည်သည်၊ သမိဇ္ဈတိ- ပြည့်စုံသည်သာလျှင်တည်း။ "တာနိ ရူပါနိ- ထိုအထူးထူးကုန်သော အရုပ်တို့ကို၊ ပဘာဝတိယေဝ- ပဘာဝတီသည်သာလျှင်၊ ပဿတု- မြင်စေသတည်း။" ဣတိ- ဤသို့ အဓိဋ္ဌာသိ- အဓိဋ္ဌာန်တော်မူပြီ။ သော- ထိုဘုရားလောင်း ကုသမင်းသည်၊ သဗ္ဗဘာဇနာနိ- အလုံးစုံကုန်သော အိုးတို့ကို၊ သုက္ခာပေတွာ- ခြောက်စေပြီး၍၊ ပစိတွာ- ဖုတ်၍၊ ဂေဟံ- အိမ်ကို၊ ပူရေသိ- ပြည့်စေပြီ။ ကုမ္ဘကာရော- အိုးထိန်းသည်သည်၊ နာနာဘာဇနာနိ- အထူးထူးကုန်သော အိုးတို့ကို၊ ဂဟေတွာ- ယူ၍၊ ရာဇကုလံ- မင်း၏ နန်းတော်သို့ အဂမာသိ- သွားလေပြီ။ ရာဇာ- မဒ္ဒရာဇ်မင်းကြီးသည်၊ ဒိသွာ- မြင်တော်မူ၍၊ ဣမာနိ- ဤအိုးတို့ကို၊ ကေန- အဘယ်သူသည်၊ ကတာနိ- ပြုလုပ်အပ်ကုန်သနည်း။" ဣတိ- ဤသို့ ပုစ္ဆိ- မေးတော်မူပြီ။ ဒေဝ- အရှင်မင်းကြီး၊ မယာ- အကျွန်ုပ်သည်၊ ကတာနိ- ပြုလုပ်အပ်ပါကုန်၏။ ဣတိ- ဤသို့၊ အာဟ- လျှောက်တင်ပြီ။ အဟံ- ငါသည်၊ တယာ- သင်သည်၊ ကတာနိ- လုပ်အပ်ကုန်သော အိုးတို့ကို၊ ဇာနာမိ- သိ၏၊ ကထေဟိ- ဟုတ်တိုင်း လျှောက်တင်လော့။ ကေန- အဘယ်သူသည်၊ ကတာနိ- ပြုလုပ်အပ်ကုန်သနည်း။ ဣတိ- ဤသို့၊ ပုစ္ဆိ- မေးတော်မူပြန်ပြီ။ ဒေဝ- အရှင်မင်းကြီး၊ မေ- အကျွန်ုပ်၏၊ အန္တေဝါသိကေန- အနီးနေတပည့်သည်၊ ကတာနိ- ပြုလုပ်အပ်ကုန်ပြီ။ ဣတိ- ဤသို့ အာဟ- လျှောက်တင်လေပြီ။ "သော- ထိုသူသည်၊ တေ- သင်၏၊ အန္တေဝါသီ- အနီးနေ တပည့်သည်၊ န- မဟုတ်၊ သော- ထိုသူသည်၊ တေ- သင်၏၊ အာစရိယော- ဆရာပေတည်း။ တွံ- သင်သည်၊ တဿ- ထိုသူ၏၊ သန္တိကေ- အထံ၌၊ သိပ္ပံ- အတတ်ကို၊ သိက္ခ- သင်လေလော့။ စ- သည်သာမကသေး၊ ဣတော- ဤနေ့မှ၊ ပဋ္ဌာယ- စ၍၊ သော- ထိုသူသည်၊ မမ- ငါ၏၊ ဓီတာနံ- သမီးတော်တို့အတွက်၊

ဘာဇနာနိ- အိုးတို့ကို၊ ကရောတု- လုပ်စေလော့။ ဣမဥ္စ သဟဿံ- ဤအသပြာတစ်ထောင်ကိုလည်း၊ အဿ- ထိုသူအား၊ ဒေဟိ- ပေးလော့။" ဣတိ- ဤသို့၊ ဝတွာ- မိန့်တော်မူ၍၊ သဟဿံ- အသပြာတစ်ထောင်ကို၊ ဒါပေတွာ- ပေးစေ၍၊ "နာနာဝဏ္ဏာနိ- အထူးထူးသော အဆင်းရှိကုန်သော၊ ဣမာနိ ခုဒ္ဒကဘာဇနာနိ- ဤအိုးငယ်တို့ကို၊ မမ- ငါ၏၊ ဓီတာနံ- သမီးတော်တို့အား၊ ဒေဟိ- ပေးလော့။" ဣတိ- ဤသို့၊ အာဟ- ဆိုတော်မူပြီ။

သော- ထိုအိုးထိန်းသည်သည်၊ တာနိ- ထိုအိုးတို့ကို၊ တာသံ- ထိုသမီးတော်တို့၏၊ သန္တိကံ- အထံသို့၊ နေတွာ- ဆောင်ယူ၍၊ "ဣမာနိ- ဤအိုးငယ်တို့သည်၊ ဝေါ- သင် သမီးတော်တို့၏၊ ကီဠနတ္ထာယ- ကစားခြင်းအကျိုးငှာ၊ ခုဒ္ဒကဘာဇနာနိ- အိုးငယ်တို့တည်း။" ဣတိ- ဤသို့၊ အာဟ- လျှောက်တင်ပြီ။ တာ သဗ္ဗာ- ထိုအလုံးစုံကုန်သော သမီးတို့သည်၊ အာဂမိံသု- လာကုန်ပြီ။ ကုမ္ဘကာရော- အိုးထိန်းသည်သည်၊ မဟာသတ္တေန- ဘုရားလောင်းသည်၊ ပဘာဝတိယာ- မင်းသမီးပဘာဝတီ၏၊ အတ္ထာယ- အကျိုးငှာ၊ ကတဘာဇနမေဝ- ပြုလုပ်အပ်သော အိုးကိုသာလျှင်၊ တဿာ- ထိုပဘာဝတီမင်းသမီးအား၊ အဒါသိ- ဆက်သပြီ။ သာ စ- ထိုမင်းသမီး ပဘာဝတီသည်လည်း၊ ဘာဇနံ- အိုးကို [နှာ-၃၀၉] ဂဟေတွာ- ယူ၍၊ တတ္ထ- ထိုအိုး၌၊ အတ္တနော- မိမိ၏၊ ရူပဉ္စ- ရုပ်ကိုလည်းကောင်း၊ မဟာသတ္တဿ- ဘုရားလောင်း ကုသမင်း၏၊ ရူပဉ္စ- ရုပ်ကိုလည်းကောင်း၊ ခုဇ္ဇာယ- အထိန်းတော် ခုဇ္ဇာ၏၊ ရူပဉ္စ- ရုပ်ကိုလည်းကောင်း၊ ပဿိတွာ- မြင်၍၊ "ဣဒံ- ဤအိုးကို၊ အညေန- တစ်ပါးသော သူသည်၊ န ကတံ- မပြုလုပ်အပ်။ ကုသရာဇေနေဝ- ကုသမင်းသည်သာလျှင်၊ ကတံ- ပြုလုပ်အပ်ပြီ။" ဣတိ- ဤသို့၊ ဉတွာ- သိ၍၊ ကုဇ္ဈိတွာ- အမျက်ထွက်၍၊ ဘူမိယံ- မြေ၌၊ ခိပိတွာ- ပစ်လွှင့်၍၊ "မယှံ- ငါ့အား၊ ဣမိနာ- ဤအိုးဖြင့်၊ အတ္ထော- အလိုသည်၊ နတ္ထိ- မရှိ။ ဣစ္ဆန္တာနံ- အလိုရှိကုန်သော သူတို့အား၊ ဒေဟိ- ပေးလေလော့။" ဣတိ- ဤသို့၊ အာဟ- ဆိုပြီ။ အထ- ထိုအခါ၌၊ ဘဂိနိယော- ညီမတော်တို့သည်၊ အဿာ- ထိုအစ်မတော် ပဘာဝတီ၏၊ ကုဒ္ဓဘာဝံ- အမျက်ထွက်သည်၏ အဖြစ်ကို၊ ဉတွာ- သိကုန်၍၊ "ခုဒ္ဒကဘာဇနံ- အိုးငယ်ကို၊ ကုသရညာ- ကုသမင်းသည်၊ ကတန္တိ- ပြုလုပ်အပ်၏ဟု၊ မညသိ- မှတ်ထင်သလော။ ဣဒံ- ဤအိုးကို၊ တေန- ထို ကုသ မင်းသည်၊ န ကတံ- မပြုလုပ်အပ်။ ကုမ္ဘကာရေနေဝ- အိုးထိန်းသည်သည်သာလျှင်၊ ကတံ-

ပြုလုပ်အပ်ပြီ။ နံ- ထိုအိုးကို၊ ဂဏှာဟိ- ယူလော့။" ဣတိ- ဤသို့၊ အဝဟာသိံသု- ပြက်ရယ်ပြုကြကုန်ပြီ။ သာ- ထိုပဘာဝတီသည်၊ တေန- ထိုကုသမင်းသည်၊ ကတဘာဝံ စ- ပြုလုပ်အပ်သည်၏ အဖြစ်ကိုလည်းကောင်း၊ တဿ- ထိုကုသမင်း၏၊ အာဂတဘာဝံ စ- လာသည်၏ အဖြစ်ကိုလည်းကောင်း၊ တာသံ- ထိုညီမတော်တို့အား၊ န ကထေသိ- မပြောဆိုပြီ။ ကုမ္ဘကာရော- အိုးထိန်းသည်သည်၊ သဟဿံ- အသပြာတစ်ထောင်ကို၊ ဗောဓိသတ္တဿ- ဘုရားလောင်း ကုသမင်းအား၊ ဒတွာ- ပေး၍၊ "တာတ- အမောင်၊ တေ- သင်အမောင်အား၊ ရာဇာ- အရှင်မင်းကြီးသည်၊ တုဋ္ဌော- နှစ်သက်တော်မူပြီ။ ဣတော- ဤနေ့မှ၊ ပဋ္ဌာယ- စ၍၊ ရာဇဓီတာနံ- သမီးတော်တို့အတွက်၊ ဘာဇနာနိ- အိုးတို့ကို၊ ကရေယျာသိ ကိရ- ပြုလုပ်အံ့သတတ်၊ အဟံ- ငါသည်၊ တာသံ- ထိုသမီးတော်တို့အား၊ ဟရိဿာမိ ကိရ- ဆောင်ယူရအံ့သတတ်၊" ဣတိ- ဤသို့၊ အာဟ- ဆိုပြီ။

ဖျာတော်ဆက် ပြန်ပြီ

သော- ထိုဘုရားလောင်းသည်၊ "ဣဓာပိ- ဤအရပ်၌လည်း၊ ဝသန္တေန- နေသဖြင့်၊ ပဘာဝတီ- ပဘာဝတီကို၊ ဒဋ္ဌုံ- မြင်ခြင်းငှာ၊ န သက္ကာ- မတတ်ကောင်းသေး။" ဣတိ- ဤသို့၊ တံ သဟဿံ- ထိုအသပြာတစ်ထောင်ကိုလည်း၊ တဿေဝ- ထိုအိုးထိန်းသည်အားသာလျှင်၊ ဒတွာ- ပေး၍၊ ရာဇုပဋ္ဌာကဿ- မင်းကို လုပ်ကျွေးခစားသော၊ နဠကာရဿ- ကျူထရံသည်၏၊ သန္တိကံ- အထံသို့၊ ဂန္တွာ- သွား၍၊ တဿ- ထိုကျူထရံသည်၏၊ အန္တေဝါသိကော- အနီးနေတပည့်သည်၊ ဟုတွာ- ဖြစ်၍၊ ပဘာဝတိယာ- ပဘာဝတီ၏၊ အတ္ထာယ- အကျိုးငှာ၊ တာလဝဏ္ဍံ- ယပ်တောင်ကို၊ ကတွာ- ရက်၍၊ တတ္ထေဝ- ထိုယပ်တောင်ဖျာ၌သာလျှင်၊ သေတစ္ဆတ္တဥ္စ- ထီးဖြူရုပ်ကိုလည်းကောင်း၊ အာပါနဘူမိဥ္စ- စားဖွယ် သောက်ဖွယ် ရောင်းရာဌာနကိုလည်းကောင်း၊ ဝတ္ထုံ- အဝတ်ကို၊ ဂဟေတွာ- ကိုင်၍၊ ဌိတံ- တည်သော၊ ပဘာဝတိဥ္စ- ပဘာဝတီအရုပ်ကိုလည်းကောင်း၊ ဣတိ- ဤသို့၊ နာနာရူပါနိ- အထူးထူးသော အရုပ်တို့ကို၊ ဒဿေသိ- ထင်စေပြီ။ နဠကာရော- ကျူထရံသည်သည်၊ တေန- ထိုကုသမင်းသည်၊ တဥ္စ- ပြုလုပ်အပ်သော ထို ယပ်တောင်ဖျာကိုလည်းကောင်း၊ ကတဘာဏ္ဍကံ- မိမိသည် ပြုလုပ်အပ်သော ဘဏ္ဍာတော်ဖြစ်သော၊ အညဥ္စ- တစ်ပါးသော ဖျာကိုလည်းကောင်း၊ အာဒါယ-

ယူ၍၊ ရာဇကုလံ- မင်း၏ နန်းတော်သို့၊ အဂမာသိ- သွားပြီ။ ရာဇာ- မဒ္ဒရာဇ် မင်းကြီးသည်၊ ဒိသွာ- မြင်တော်မူ၍၊ "ဣမာနိ- ဤဖျာတို့ကို၊ ကေန- အဘယ်သူသည်၊ ကတာနိ- ပြုလုပ်အပ်ကုန်သနည်း။" ဣတိ- ဤသို့၊ ပုစ္ဆိတွာ- မေးတော်မူ၍၊ ပုရိမနယေနေဝ- ရှေးနည်းဖြင့်သာလျှင်၊ သဟဿံ- အသပြာတစ်ထောင်ကို၊ ဒတွာ- ပေးတော်မူ၍၊ "ဣမာနိ နဠကာရဘဏ္ဍာနိ- ဤကျူထရုံသည်တို့၏ ဘဏ္ဍာတို့ကို၊ မမ- ငါ၏၊ ဓီတာနံ- သမီးတော်တို့အား၊ ဒေဟိ- ပေးလော့၊" ဣတိ- ဤသို့၊ အာဟ- မိန့်တော်မူပြီ။ သောပိ- ထိုကျူထရုံသည်သည်လည်း၊ ဗောဓိသတ္တေန- ဘုရားလောင်း ကုသမင်းသည်၊ ပဘာဝတိယာ- ပဘာဝတီ၏၊ အတ္ထာယ- အကျိုးငှာ၊ ကတံ- ပြုလုပ် အပ်သော၊ တာလဝဏ္ဋံ- ယပ်တောင်ဖျာကို၊ တဿာယေဝ- မင်းသမီး ပဘာဝတီအား သာလျှင်၊ အဒါသိ- ဆက်သပြီ။ တတြာပိ- ထိုဖျာ၌လည်း၊ ရူပါနိ- အထူးထူးသော အရုပ်တို့ကို၊ အညော- တစ်ပါးသော၊ ဇနော- သူသည်၊ န ပဿတိ- မမြင်။ ပဘာဝတီ ပန- ပဘာဝတီသည်ကား၊ ဒိသွာ- မြင်၍၊ ကုသရညာ- ကုသမင်းသည်၊ ကတဘာဝံ- ပြုလုပ်အပ်သည်၏အဖြစ်ကို၊ ဉတွာ- သိ၍၊ "ဂဏှိတုကာမာ- ယူခြင်းငှာ အလိုရှိ ထိုက်ကုန်သော သူတို့သည်၊ ဂဏှန္တု- ယူပါကုန်လော့။" ဣတိ- ဤသို့၊ ကုဒ္ဓါ- အမျက် ထွက်သည်ဖြစ်၍၊ ဘူမိယံ- မြေ၌၊ ခိပိ- ပစ်လိုက်ပြီ။ အထ- ထိုသို့ ပစ်လိုက်သော အခါ၌၊ သေသာ- ကြွင်းကုန်သော ညီမတို့သည်၊ နံ- ထိုအစ်မ ပဘာဝတီကို၊ အဝဟသိံသု- ပြက်ရယ်ပြုကြကုန်ပြီ။ နဠကာရောပိ- ကျူထရုံသည် သည်၊ သဟဿံ- အသပြာတစ်ထောင်ကို၊ အာဟရိတွာ- ယူဆောင်ခဲ့၍၊ ဗောဓိသတ္တဿ- ဘုရားလောင်း ကုသမင်းအား၊ ဒတွာ- ပေး၍၊ တံ ပဝတ္တိံ- ထို အကြောင်းကို၊ အာရောစေသိ- လျှောက်တင်ပြီ။

## ပန်းကုံးဆက်ပြန်ပြီ

သော- ထိုဘုရားလောင်း ကုသမင်းသည်၊ "ဣဒမ္ပိ- ဤအရပ်သည်ကား၊ မယှံ- ငါ့အား၊ အဝသနဋ္ဌာနံ- နေထိုင်ရာအရပ် မဟုတ်သေး။" ဣတိ- ဤသို့၊ သဟဿံ- အသပြာတစ်ထောင်ကို၊ တဿေဝ- ထိုကျူထရုံသည်အားသာလျှင်၊ ဒတွာ- ပေး၍၊ ရာဇမာလာကာရဿ- မင်း၏ ပန်းကုံးသည်၏၊ သန္တိကံ- အထံသို့၊ ဂန္တွာ- သွား၍၊ အန္တေဝါသိကဘာဝံ- အနီးနေတပည့်၏အဖြစ်သို့ ဥပဂန္တွာ- ကပ်ရောက်၍၊ နာနာဝိဓံ- အထူးထူးအပြားပြားသော၊ မာလာဝိကတိံ- ထူးဆန်းသော ပန်းကုံးကို၊ ဂန္ထိတွာ-

သီကုံး၍၊ ပဘာဝတိယာ- ပဘာဝတီ၏၊ အတ္ထာယ- အကျိုးငှာ၊ နာနာရူပဝိစိတြံ- အထူးထူးသော အရုပ်တို့ဖြင့် ဆန်းကြယ်သော၊ ဧကံ- တစ်ခုသော၊ စုမ္ဗဋကံ- ပန်းကုံးကို၊ အကာသိ- ပြုပြီ။ မာလာကာရော- ပန်းသည်သည်၊ တံ သဗ္ဗံ- ထို အလုံးစုံကို၊ အာဒါယ- ယူ၍၊ ရာဇကုလံ- မင်း၏နန်းတော်သို့ အဂမာသိ- သွားပြီ။ ရာဇာ- မဒ္ဒရာဇ်မင်းကြီးသည်၊ ဒိသွာ- မြင်တော်မူ၍၊ "ကဿမာနိ- ဤပန်းကုံးတို့ကို၊ ကေန- အဘယ်သူသည်၊ ဂန္ထိတာနိ- သီကုံးအပ်ကုန်သနည်း။" ဣတိ- ဤသို့ ပုစ္ဆိ- မေးတော်မူပြီ။ ဒေဝ- အရှင်မင်းကြီး၊ မယာ- အကျွန်ုပ်သည်၊ ဂန္ထိတာနိ- သီကုံး အပ်ပါကုန်၏။ ဣတိ- ဤသို့ အာဟ- လျှောက်တင်ပြီ။ အဟံ- ငါသည်၊ တယာ- သင်၏၊ ဂန္ထိတာနိ- သီကုံးအပ်ကုန်သော ပန်းတို့ကို၊ ဇာနာမိ- သိ၏။ ကထေဟိ- ဟုတ်မှန်တိုင်းလျှောက်တင်လော့။ ကေန- အဘယ်သူသည်၊ ဂန္ထိတာနိ- သီကုံးအပ် ကုန်သနည်း။ ဣတိ- ဤသို့ ပုစ္ဆိ- မေးတော်မူပြီ။ ဒေဝ- အရှင်မင်းကြီး၊ မေ- အကျွန်ုပ်၏၊ [နှာ-၃၁၀] အန္တေဝါသိကေန- အနီးနေတပည့်သည်၊ ဂန္ထိတာနိ- သီကုံးအပ်ပါ ကုန်၏။ ဣတိ- ဤသို့ အာဟ- လျှောက်တင်ပြီ။ "သော- ထိုသူသည်၊ အန္တေဝါသီ- အနီးနေတပည့်သည်၊ န- မဟုတ်၊ သော- ထိုသူသည်၊ တေ- သင်၏၊ အာစရိယော- ဆရာပေတည်း။ တွံ- သင်သည်၊ တဿ- ထိုသူ၏၊ သန္တိကေ- အထံ၌၊ သိပ္ပံ- အတတ် ကို၊ သိက္ခ- သင်ယူလော့။ ဧ- သည်သာမကသေး၊ ဣတော- ဤနေ့မှ၊ ပဋ္ဌာယ- စ၍၊ သော- ထိုသူသည်၊ မမ- ငါ၏၊ ဓီတာနံ- သမီးတော်တို့အတွက်၊ ပုပ္ဖါနိ- ပန်း တို့ကို ဂန္ထတု- သီကုံးစေလော့။ ဣမဉ္စ သဟဿံ- ဤအသပြာတစ်ထောင်ကိုလည်း၊ အဿ- ထိုသူအား၊ ဒေဟိ- ပေးလော့။" ဣတိ- ဤသို့ သဟဿံ- အသပြာ တစ်ထောင်ကို၊ ဒတွာ- ပေးတော်မူ၍၊ "ဣမာနိ ပုပ္ဖါနိ- ဤပန်းတို့ကို၊ မမ- ငါ၏၊ ဓီတာနံ- သမီးတော်တို့အား၊ ဒေဟိ- ပေးလော့။" ဣတိ- ဤသို့ အာဟ- ဆိုတော်မူပြီ။ သောပိ- ထိုပန်းကုံးသည်သည်လည်း၊ ဗောဓိသတ္တေန- ဘုရားလောင်း ကုသမင်းသည်၊ ပဘာဝတိယာ- ပဘာဝတီ၏၊ အတ္ထာယ- အကျိုးငှာ၊ ကတံ- ပြုအပ် သီကုံးအပ်သော၊ စုမ္ဗဋကံ- ပန်းကုံးကို၊ တဿာယေဝ- ထိုပဘာဝတီ မင်းသမီးအား သာလျှင်၊ အဒါသိ- ဆက်သပြီ။ သာ- ထိုပဘာဝတီသည်၊ တတ္ထ- ထိုပန်းကုံး၌၊ အတ္တနော စ- မိမိ၏လည်းကောင်း၊ ရညော စ- ကုသမင်း၏လည်းကောင်း၊ ရူပေဟိ- အရုပ်တို့နှင့်၊ သဒ္ဓိံ- တကွ၊ နာနာရူပါနိ- အထူးထူးသော အရုပ်တို့ကို၊ ဒိသွာ- မြင်၍၊ တေန-

ထိုကုသမင်းသည်၊ ကတဘာဝံ- သီကုံးအပ်သည်၏အဖြစ်ကို၊ ဉတွာ- သိ၍၊ ကုဇ္ဈိတွာ- အမျက်ထွက်၍၊ ဘုမိယံ- မြေ၌၊ ခိပိ- ပစ်လိုက်ပြီ။ သေသာ- ကြွင်းကုန်သော၊ ဘဂိနိယော- ညီမတော်တို့သည်၊ တံ- ထိုအစ်မတော် ပဘာဝတီကို၊ တထေဝ- ထိုရှေးနည်းအတူသာလျှင်၊ အဝဟသိံသု- ပြက်ရယ်ပြုကုန်ပြီ။ မာလာကာရောပိ- ပန်းကုံးသည်သည်လည်း၊ သဟဿံ- အသပြာတစ်ထောင်ကို၊ အာဟရိတွာ- ဆောင်ယူ၍၊ ဗောဓိသတ္တဿ- ဘုရားလောင်း ကုသမင်းအား၊ ဒတွာ- ပေး၍၊ တံ ပဝတ္တိံ- ထိုအကြောင်းကို၊ အာရောစေသိ- လျှောက်ကြားပြီ။

စားတော်ဆက်သွားပြီ

သော- ထိုဘုရားလောင်း ကုသမင်းသည်၊ "က္ကဒမ္ပိ- ဤအရပ်သည်လည်း၊ မယှံ- ငါ၏၊ အဝသနဋ္ဌာနံ- နေထိုင်ရာအရပ် မဟုတ်သေး။" ဣတိ- ဤသို့၊ သဟဿံ- အသပြာတစ်ထောင်ကို၊ တဿေဝ- ထိုပန်းကုံးသည်အားသာလျှင်၊ ဒတွာ- ပေး၍၊ ရညော- မင်း၏၊ သူဒဿ- စားတော်ချက်၏၊ သန္တိကံ- အထံသို့၊ ဂန္တွာ- သွား၍၊ အန္တေဝါသိကဘာဝံ- အနီးနေတပည့်၏အဖြစ်သို့၊ ဥပဂစ္ဆိ- ကပ်ရောက်ပြီ။ အထ- ထိုအခါ၌၊ ဧကဒိဝသံ- တစ်နေ့သ၌၊ သူဒေါ- စားတော်ချက်သည်၊ ရညော- မင်းအတွက်၊ ဘောဇနဝိကတိံ- စားသောက်ဖွယ်ရာအထူးကို၊ ဟရန္တော- ပို့ဆောင်လတ်သော်၊ အတ္တနော- မိမိ၏၊ အတ္ထာယ- အကျိုးငှာ၊ ပစိတုံ- ချက်ခြင်းငှာ၊ ဗောဓိသတ္တဿ- ဘုရားလောင်းအား၊ အဋ္ဌိမံသံ- အရိုးအသားကို၊ ဝါ- အရိုးနှင့်တကွသော အသားကို၊ အဒါသိ- ပေးပြီ။ သော- ထိုဘုရားလောင်း ကုသမင်းသည်၊ တံ- ထိုအရိုးအသားကို၊ ယထာ- အကြင်အခြင်းအရာအားဖြင့် ပြီးစေသည်ရှိသော်၊ အဿ- ထိုအရိုးအသားဟင်း၏၊ ဂန္ဓော- အနံ့သည်၊ သကလနဂရံ- အလုံးစုံသော မြို့ကို၊ အဝတ္ထရိ- လွှမ်းမိုးပြီ။ တထာ- ထိုအခြင်းအရာအားဖြင့်၊ သမ္ပာဒေသိ- ပြီးစေပြီ။ ရာဇာ- မဒ္ဒရာဇ်မင်းသည်၊ တံ- ထိုအနံ့ကို၊ ဃာယိတွာ- နမ်းရှုမိ၍၊ "တေ- သင်၏၊ မဟာနသေ- စားဖိုအိမ်၌၊ အညမ္ပိ- တစ်ပါးလည်းဖြစ်သော၊ မံသံ- အသားကို၊ ပစသိ ကိံ- ချက်သလော။" ဣတိ- ဤသို့၊ ပုစ္ဆိ- မေးတော်မူပြီ။ ဒေဝ- အရှင်မင်းမြတ်၊ နတ္ထိ- မချက်ပါ။ အပိ စ ခေါ ပန- စင်စစ်သော်ကား၊ မေ- အကျွန်ုပ်၏၊ အန္တေဝါသိကဿ- အနီးနေတပည့်အား၊ အဋ္ဌိမံသံ- အရိုးအသားကို၊ ပစနတ္ထာယ- ချက်ခြင်းအကျိုးငှာ၊ ဒိန္နံ- ပေးအပ်ပြီ။ သော- ထိုအနံ့သည်၊ တဿေဝ- ထိုဟင်း၏

သာလျှင်၊ ဂန္တွာ- အနှံ့သည်၊ ဘဝိဿတိ- ဖြစ်လတ္တံ့။ ဣတိ- ဤသို့၊ အာဟ- လျှောက်တင်ပြီ။ ရာဇာ- မဒ္ဒရာဇ်မင်းသည်၊ အာဟာရာပေတွာ- ထိုဟင်းကို ဆောင်ယူစေ၍၊ တတော- ထိုဟင်းမှ၊ ထောကံ- အနည်းငယ်၊ ဓိဝှာဂ္ဂေ- လျှာဖျား၌၊ ဌပေသိ- ထားတော်မူပြီ။ တာဝဒေဝ- ထိုခဏ၌သာလျှင်၊ သတ္တရသဟရဏီ သဟဿာနိ- အရသာကို ဆောင်တတ်သော အကြောခုနစ်ထောင်တို့ကို၊ ခါဘေန္တိ- ချောက်ချားစေလျက်၊ ဖရိ- ပျံ့နှံ့လေပြီ။ ရာဇာ- မဒ္ဒရာဇ်မင်းသည်၊ ရသတဏှာယ- အရသာ၌ တပ်မက်ခြင်း ရသတဏှာဖြင့်၊ ဗဒ္ဓိတွာ- နှောင်ဖွဲ့၍၊ သဟဿံ- အသပြာတစ်ထောင်ကို၊ ဒတွာ- ပေး၍၊ "ဣတော- ဤနေ့မှ၊ ပဋ္ဌာယ- စ၍၊ တဝ- သင်၏၊ အန္တေဝါသိနာ- တပည့်သည်၊ မမ စ- ငါ၏လည်းကောင်း၊ မေ- ငါ၏၊ ဓီတာနဥ္စ- သမီးတော်တို့၏လည်းကောင်း၊ ဘတ္တံ- ထမင်းကို၊ ပစာပေတွာ- ချက်စေ၍၊ တွံ- သင်သည်၊ မယှံ- ငါ့အား (ငါ့အတွက်)၊ အာဟရ- ဆောင်ယူခဲ့လော့။ သော- ထိုသင်၏ တပည့်သည်၊ မမ- ငါ၏၊ ဓီတာနံ- သမီးတော်တို့အတွက် (သမီးတော်တို့အား)၊ ဟရတု- ဆောင်ယူစေလော့။" ဣတိ- ဤသို့၊ အာဟ- မိန့်တော်မူပြီ။ သူဒေါ- စားဖိုသည် (ထမင်းချက်သမား)သည်၊ ဂန္တွာ- သွား၍၊ တဿ- ထိုဘုရားလောင်းအား၊ အာရောစေသိ- ပြောကြားပြီ။

သော- ထိုဘုရားလောင်းသည်၊ တံ- ထိုစားဖိုသည် လျှောက်ကြားသော စကားကို၊ သုတွာ- ကြားရ၍၊ "ဣဒါနိ- ယခုအခါ၌၊ မေ- ငါ၏၊ မနောရထော- စိတ်အလို (စိတ်တောင့်တမှု)သည်၊ မတ္ထကံ- အပြီးအဆုံးသို့၊ ပတ္တော- ရောက်ပြီ။ ဣဒါနိ ပန- ယခုအခါ၌ကား၊ အဟံ- ငါသည်၊ ပဘာဝတိံ- ပဘာဝတီမင်းသမီးကို၊ ဒဋ္ဌုံ- မြင်ခြင်းငှာ၊ လဘိဿာမိ- ရလတ္တံ့။" ဣတိ- ဤသို့၊ တုဋ္ဌော- အလွန်နှစ်သက်သည်ဖြစ်၍၊ တံ သဟဿံ- ထိုအသပြာတစ်ထောင်ကို၊ တဿေဝ- ထိုစားတော်ချက်အားသာလျှင်၊ ဒတွာ- ပေး၍၊ ပုနဒိဝသေ- နက်ဖြန်နေ့၌၊ ဘတ္တံ- စားတော်ထမင်းကို၊ သမ္ပာဒေတွာ- ပြည့်စုံစေ၍၊ ရညော- မင်း၏၊ ဘတ္တဘာဇနာနိ- ထမင်းခွက်တို့ကို၊ ပေသေတွာ- ပို့စေ၍၊ ရာဇဓီတာနံ- မင်းသမီးတို့၏၊ ဘတ္တကာဇံ- ထမင်းအိုးထမ်းသော ထမ်းပိုးကို၊ သယံ- မိမိကိုယ်တိုင်၊ ဂဟေတွာ- ထမ်း၍၊ ပဘာဝတိယာ- ပဘာဝတီ၏၊ ဝသနပါသာဒံ- နေရာနန်းတော်ပြသာဒ်ထက်သို့၊ အဘိရုဟိ- တက်လေပြီ။ သာ- ထိုပဘာဝတီသည်၊ တံ ဘတ္တကာဇံ- ထိုထမင်းအိုးထမ်းသော

ထမ်းပိုးကို၊ အာဒါယ- ထမ်း၍ (ယူ၍)၊ ပါသာဒံ- နန်းတော်ပြာသာဒ်ထက်သို့၊ အဘိရုဟန္တံ- တက်လာသော ဘုရားလောင်းကို၊ ဒိသွာ- မြင်၍၊ စိန္တေသိ- ကြံပြီ။ (ကိံ စိန္တေသိ- နည်း)၊ "အယံ- ဤကုသမင်းသည်၊ အတ္တနော- မိမိအား၊ အနနုစ္ဆဝိကံ- မလျောက်ပတ်သော၊ ဒါသကမ္မကရေဟိ- ကျေးကျွန်အမှုလုပ်တို့သည်၊ ကတ္တဗ္ဗံ- ပြုအပ်သော အမှုကို၊ ကရောတိ- ပြုဘိ၏။ အဟံ ပန- ငါ(ပဘာဝတီ) သည်ကား၊ ကတိပါဟံ- နှစ်ရက်သုံးရက်ပတ်လုံး၊ တုဏှီ- ဆိတ်ဆိတ်၊ သစေ ဘဝိဿာမိ- အကယ်၍ နေချေအံ့။ 'ကုဒါနိ- ယခု အခါ၌၊ ဧသော- ဤပဘာဝတီသည်၊ မံ- ငါ့ကို၊ ရောစတိ- နှစ်သက်၏။' ဣတိ- ဤသို့၊ သညီ- အမှတ်သညာ ရှိသည်၊ ဟုတွာ- ဖြစ်၍၊ ကတ္ထစိ- တစ်စုံတစ်ခုသော အရပ်သို့၊ အဂန္တွာ- မသွားမူ၍၊ မံ- ငါ့ကို၊ ဩလောကေန္တော- ကြည့်လျက်၊ ဣဓေဝ- ဤအရပ်၌သာလျှင်၊ ဝသိဿတိ- နေလတ္တံ့။ ဣဒါနေဝ- ယခု၌သာလျှင်၊ တံ- ထိုကုသမင်းကို၊ အက္ကောသိတွာ- ဆဲရေး၍၊ ပရိဘာသိတွာ- ခြိမ်းခြောက် မောင်းမဲ၍၊ မုဟုတ္တမ္ပိ- တစ်ခဏမျှလည်း၊ ဣဓ- ဤအရပ်၌၊ ဝသိတုံ- နေခြင်းငှာ၊ အဒတွာ- မပေးမူ၍၊ ပလာပေဿာမိ- ပြေးစေအံ့။" ဣတိ- ဤသို့၊ စိန္တေသိ- ကြံပြီ။ သာ- ထိုပဘာဝတီသည်၊ ဒွါရံ- တံခါးရွက်ကို၊ အဍ္ဍဝိဝဋံ- ထက်ဝက်ပွင့်သည်ကို၊ ကတွာ- ပြု၍၊ ဧကံ ဟတ္ထံ- လက်တစ်ဖက်ကို၊ ကဝါဋေ- တံခါးရွက်၌၊ လဂ္ဂေတွာ- ဆွဲ၍၊ ဧကေန ဟတ္ထေန- လက်တစ်ဖက်ဖြင့်၊ အဂ္ဂဠံ- တံခါးကျည်ကို၊ ဥပ္ပီဠေတွာ- နှိပ်၍၊ (အက္ကောသေန္တော- ဆဲရေးလိုသည် ဖြစ်၍)၊ "အနုဒ္ဓဘုတေန ဟာရံ မဟန္တံ (ပ) နိစ္ဆာမိ ဒုဗ္ဗဏ္ဏမဟံ ဝသန္တံ"န္တိ- "အနုဒ္ဓဘုတေန (ပ) နိစ္ဆာမိ ဒုဗ္ဗဏ္ဏမဟံ ဝသန္တံ"ဟူသော၊ ဒုတိယံ- နှစ်ခုမြောက်သော၊ ဂါထံ- ဂါထာကို၊ အာဟ- ဆိုပြီ။

[နှာ-၃၁၁] ၂။ ကုသ- ကုသမင်းမြတ်၊ အနုဒ္ဓဘုတေန- ကောက်သော ရာဂစိတ်ဖြင့်၊ မဟန္တံ- ကြီးစွာသော ထမ်းပိုးကို၊ ဟာရံ- ဟာရန္တော- ထမ်းလျက်၊ ဒိဝါ စ- နေ့၌လည်းကောင်း၊ ရတ္တော စ- ညဉ့်၌လည်းကောင်း၊ နိသီထကာလေ စ- ညဉ့်အခါ၌လည်းကောင်း၊ မဟန္တံ- ကြီးစွာသော ဆင်းရဲကို၊ အနုဘဝိဿသိ- အစဉ်ခံစားဘိတကား။ တွံ- သင်မင်းမြတ်သည်၊ ခိပ္ပံ- လျင်စွာ၊ ကုသာဝတိံ - ကုသာဝတီပြည်ကြီးသို့၊ ပဋိဂစ္ဆ- ပြန်လေလော့။

အဟံ- ငါသည်၊ ဒုဗ္ဗဏ္ဏံ- အဆင်းမလှသော၊ တံ- သင့်ကို၊ က္လစ- ဤငါတို့ ပြည်၌၊ ဝသန္တံ- နေသည်ကို၊ န ဣစ္ဆာမိ- အလိုမရှိ။

တဿ- ထို 'အနုဇ္ဇုဘူတေန' စသော ဂါထာ၏၊ အတ္ထော- အနက်ကို၊ ဧဝံ- ဤသို့၊ ဝေဒိတဗ္ဗော- သိအပ်၏။ မဟာရာဇ- မြတ်သောမင်းကြီး၊ တွံ- သင်သည်၊ ဘတ္တကာရကော- စားဖိုသည်သည်၊ ဟုတွာ- ဖြစ်၍၊ ဥဇုကေန- ဖြောင့်သော၊ စိတ္တေန- စိတ်ဖြင့်၊ ယောပိ- အကြင်သူသည်လည်း၊ တေ- သင်၏၊ သီသံ- ဦးခေါင်းကို၊ ဘိန္ဒေယျ- ခွဲရာ၏။ တဿပိ- ထိုသူ၏လည်း၊ တံ ကမ္မံ- ထိုအမှုကို၊ န ကရောသိ- မပြု။ ပန- ဆက်၍ဆိုဦးအံ့၊ အနုဇုဘူတေန- မဖြောင့်သော၊ စိတ္တေန- စိတ်ဖြင့်၊ မမတ္ထာယ- ငါ၏အကျိုးငှာ၊ မဟန္တံ- ကြီးစွာသော၊ ဧတံ ကာဇံ- ထိုထမ်းပိုးကို၊ ဟာရန္တော- ထမ်းလျက်၊ ဒိဝါ စ- နေ့၌လည်းကောင်း၊ ရတ္တော စ- ညဉ့်၌လည်းကောင်း၊ နိသီထကာလေ စ- ညဉ့်သန်းခေါင်အချိန်၌လည်းကောင်း၊[၁] မဟန္တံ- ကြီးစွာသော၊ ဒုက္ခံ- ဆင်းရဲကို၊ အနုဘဝိဿသိ- ခံစားဘိ၏။ တေန အနုဘူတေန- ထိုခံစားအပ်သော၊ ဒုက္ခေန- ဆင်းရဲဖြင့်၊ တေ- သင့်အား၊ ကိံ- အဘယ်အကျိုး ရှိအံ့နည်း။ တွံ- သင်သည်၊ အတ္တနော- မိမိ၏၊ နဂရံ- မြို့ဖြစ်သော၊ ကုသာဝတိမေဝ- ကုသာဝတီ သို့သာ၊ ပဋိဂစ္ဆ- ပြန်လေလော့။ အညံ- အခြားသော၊ အတ္တနာ- မိမိနှင့်၊ သဒိသိံ- တူမျှသော၊ အတိရသကပ္ပဝဏ္ဏသဏ္ဌာနမုခိံ- အလွန် အရသာရှိသော မုန့်ပုံသဏ္ဌာန် မျက်နှာရှိသော၊ ယက္ခိနိံ- ဘီလူးမကို၊ အဂ္ဂမဟေသိံ- မိဖုရားကြီးကို၊ ကတွာ- ပြု၍၊ ရဇ္ဇံ- မင်းအဖြစ်ကို၊ ကာရေဟိ- ပြုစေလော့။ က္လတိ- ဤကား၊ အတ္ထော- အနက် တည်း။ နိစ္ဆာမိ ဒုဗ္ဗဏ္ဏမဟံ ဝသန္တံ- နိစ္ဆာမိ ဒုဗ္ဗဏ္ဏမဟံ ဝသန္တံ ဟူသည်ကား၊ အဟံ ပန- ငါသည်ကား၊ တံ ဒုဗ္ဗဏ္ဏံ- ထိုမကောင်းသော အဆင်းရှိသူကို၊ တံ ဒုဿဏ္ဌိတံ- ထိုမကောင်းသော ပုံသဏ္ဌာန်ရှိသူကို၊ က္လစ- ဤငါတို့မြို့၌၊ ဝသန္တံ- နေသည်ကို၊ န ဣစ္ဆာမိ- အလိုမရှိ။ က္လတိ- ဤကား၊ အတ္ထော- အနက်တည်း။

---

၁။ နိသီထကာလေ-မိုးထိမှု၌ နိသီဒကာလေ-ဟု ပါဌ်များရှိပြီး ထိုအမှားအတိုင်း အနက် ပေးထား၏၊ နိသီထ-ညဉ့်သန်းခေါင် အနက်ဟောတည်း။

မချစ်ရ ငါမပြန်

သော- ထိုကုသမင်းသည်၊ "မေ- ငါသည်၊ ပဘာဝတိယာ- ပဘာဝတီ၏၊ သန္တိကာ- အထံမှ၊ ကထာ- စကားကို၊ လဒ္ဓါ- ရအပ်ပြီ။" ဣတိ- ဤသို့ တုဋ္ဌစိတ္တော- အလွန်နှစ်သော စိတ်ရှိသည်ဖြစ်၍၊ (ပဘာဝတိယာ- ပဘာဝတီအား၊ ပဋိဝစနံ ကာတုံ- စကားတုံ့ပြန်ခြင်းငှာ)၊ "နာဟံ ဂမိဿာမိ ဣတော ကုသာဝတိံ (ပ) နာဟံ ရဇ္ဇေန မတ္ထိကော"တိ- "နာဟံ ဂမိဿာမိ (ပ) နာဟံ ရဇ္ဇေန မတ္ထိကော" ဟူကုန်သော၊ တိဿော ဂါထာ- သုံးဂါထာတို့ကို၊ အဘာသိ- ဆိုပြီ။

၃။ ပဘာဝတီ- ရှင်မ ပဘာဝတီ၊ တဝ- သင်၏၊ ဝဏ္ဏပလောဘိတော- လှပတင့်တယ်ခြင်းဟူသော အဆင်းဖြင့် ဖြားယောင်းအပ်သည်ဖြစ်၍၊ ဣတော- ဤသင်တို့ပျော်ရာ သာဂလပြည်တော်မှ၊ ကုသာဝတိံ- ငါတို့နေရာ ကုသာဝတီပြည်သို့ အဟံ- ငါသည်၊ နာဂမိဿာမိ- မသွားတော့အံ့။ မဒ္ဒဿ- ရှင်မခမည်းတော် မဒ္ဒရာဇ်မင်း၏၊ ရမ္မေ- မွေ့လျော်တော်မူရာ ဖြစ်သော၊ နိကေတေ- ရွှေနန်းတော်၌၊ ရမာမိ- ငါမွေ့လျော်၏။ တဝ- သင့်ကို၊ ဒဿနေ- မြင်ရခြင်း၌၊ ရတော- ချစ်သော စိတ်ရှိသည်ဖြစ်၍၊ ရမာမိ- ငါမွေ့လျော်၏။ ရဋ္ဌံ- သင်တို့ပျော်ရာ သာဂလပြည်ကို၊ ဟိတွာန- စွန့်ပစ်၍၊ အဟံ- ငါသည်၊ န ဂမိဿာမိ- မသွားနိုင်။

၄။ ပဘာဝတီ- ရှင်မ ပဘာဝတီ၊ တဝ- သင်၏၊ ဝဏ္ဏပလောဘိတော- ရုပ်ရည်လှသည်ဟူသော အဆင်းဖြင့် ဖြားယောင်းခဲ့ရကား၊ သမ္ဗူဠ္ဟရူပေါ- ချစ်ခင်လေးမြတ် တပ်စွန်းခြင်းဟူသော ကိလေသာဖြင့် တွေဝေသောသဘော ရှိသည် ဖြစ်၍၊ မေဒနိံ- မြေအပြင်၌၊ ဝိစရာမိ- ငါသွားအံ့။ ကုတော- အဘယ်အရပ်မှ၊ အာဂတော- လာသည်၊ အမှိ- ဖြစ်၏ဟူ၍၊ ဒိသံ- အရပ်မျက်နှာကို၊ န ဇာနာမိ- ငါမမှတ်မိပြီ။ မိဂမန္ဒလောစနေ- ယနေ့ မွေးစဖြစ်သော သမင်ငယ်၏ မျက်စိနှင့်တူသော နူးသောမျက်စိရှိထသော ပဘာဝတီ၊ အဟံ- ငါသည်၊ တယိ- သင်၌၊ မတ္တော- ချစ်ခင်လေးမြတ် တပ်စွန်းသောအားဖြင့် မေ့နလျော့သူသည်၊ အမှိ- ဖြစ်ခဲ့ပြီ။

၅။ သုဝဏ္ဏစီရဝသနေ- ရွှေချည်တို့ဖြင့် ယက်အပ်သော အဝတ် ကိုလည်း ဝတ်ထသော၊ ဇာတရူပသုမေခလေ- ရွှေပြားခါးကြိုးကိုလည်း ဆင်သော၊ သုဿောဏိ- လျပါးသေးသွယ် ငယ်သောခါးလည်း ရှိသော ရှင်မပဘာဝတီ၊ ဟိ- မှန်၏၊ တဝ- သင့်အား၊ ကာမာ- ချစ်ခင်တပ်စွန်း သောကြောင့်၊ အဟံ- ငါသည်၊ ရဇ္ဇေန- ပြည်ကြီးစည်းစိမ်ဖြင့်၊ န အတ္ထိကော- အလိုမရှိပြီ။

တတ္ထ- ထို 'နာဟံ ဂမိဿာမိ' စသော ဂါထာတို့၌၊ ရမာမီတိ- ရမာမိ ဟူသည်ကား၊ အဘိရမာမိ- အလွန်မွေ့လျော်၏။ န ဥက္ကဏ္ဌာမိ- မငြီးငွေ့။ သမ္မူဠှရူပေါတိ- သမ္မူဠှရူပေါ ဟူသည်ကား၊ ကိလေသသမ္မူဠှော- ကိလေသာဖြင့် တွေဝေသည်၊ ဟုတွာ- ဖြစ်၍။ တယ'မှိ မတ္တောတိ- တယ'မှိ မတ္တော ဟူသည်ကား၊ တယိ- သင်၌၊ မတ္တော- အချစ်ဖြင့် ယစ်မူးသည်၊[၁] အမှိ- ဖြစ်၏။ ဝါ- တစ်နည်းကား၊ (အဟံ- ငါသည်၊) တယာ- သင့်ကြောင့်၊ မတ္တော- ယစ်မူးသူသည်၊ အမှိ- ဖြစ်၏။ သုဝဏ္ဏစီရဝသနေတိ- သုဝဏ္ဏစီရဝသနေ ဟူသည်ကား၊ သုဝဏ္ဏခစိတဝတ္ထဝသနေ- ရွှေဖြင့်စီချယ်သော အဝတ်ကို ဝတ်ဆင်သော ရှင်မ ပဘာဝတီ။ နာဟံ ရဇ္ဇေန မတ္ထိကောတိ- နာဟံ ရဇ္ဇေန မတ္ထိကော ဟူသည်ကား၊ အဟံ- ငါသည်၊ ရဇ္ဇေန- မင်းအဖြစ်ဖြင့်၊ န အတ္ထိကော- အလိုမရှိ။

[နှာ-၃၁၂] ဧဝံ- ဤသို့၊ ရညာ- ကုသမင်းသည်၊ ဝုတ္တေ- ပြောဆိုအပ်သော်၊ သာ- ထို ပဘာဝတီသည်၊ စိန္တေသိ- ကြံပြီ။ (ကိံ စိန္တေသိ- နည်း:)၊ "အဟံ- ငါသည်၊ ဧတံ- ဤကုသမင်းကို၊ 'ဝိပ္ပဋိသာရီ- နှလုံးမသာယာခြင်းရှိသည်၊ ဘဝိဿတိ- ဖြစ်လတ္တံ့၊' ဣတိ- ဤသို့၊ ပရိဘာသာမိ- ပြက်ရယ်ပြု၏။ အယံ ပန- ဤ ကုသမင်းသည်ကား၊ ရဇ္ဇိတွာဝ- ဘပ်မက်၍သာလျှင်၊ ကထေတိ- ပြောဆိုဘိ၏။

---

၁။ တယိမတ္တော၊ တယာမတ္တော-တယိ-၌ သတ္တမီဝိဘတ် အာဓာရ၊ သင့်၌မှီ၍ ငါမှာ ယစ်မူးခြင်း တွေဝေခြင်းဖြစ်ရသည်ဟု ဆိုလိုသည်၊ တယာ-၌ တတိယာဝိဘတ် အကြောင်းဟော၊ သင့်ကြောင့် ငါမှာ ယစ်မူးတွေဝေခြင်းဖြစ်ရသည်-ဟု ယူ၊ အခြား နေရာ၌ သုရာမဒေန မတ္တော၊ ယောဗ္ဗနမဒေန မတ္တော-ဟု ကရိုဏ်းအနက်လည်း ယူသေး၏။

ခေါ ပန- စင်စစ် သော်ကား၊ မံ- ငါ့ကို၊ ‘အဟံ- ငါသည်၊ ကုသရာဇာ’တိ- ကုသမင်းပါတကား’ဟု၊ ဝတွာ- ကြုံးဝါးပြောဆို၍၊ ‘ဟတ္ထေ- လက်တို့ကို၊ သစေ ဂဏှေယျ- အကယ်၍ ဆွဲကိုင်ငြားအံ့၊ ဧဝံ သန္တေ- ဤသို့ ဆွဲကိုင်သည်ရှိသော်၊ ကော- အဘယ်သူသည်၊ တံ- ထိုကုသမင်းကို၊ နိဝါရေယျ- တားမြစ်နိုင်ရာအံ့နည်း။ ကောစိ- တစ်စုံ တစ်ယောက်သော သူသည်၊ နော- ငါတို့ကို၊ ဣမံ ကထံ- ဤပြောဆိုသော စကားကို၊ သုဏေယျ- ကြားရာ၏။” ဣတိ- ဤသို့ နှလုံးသွင်း၍၊ ဒွါရံ- တံခါးကို၊ ထကေတွာ- ပိတ်၍၊ သူစိံ- တံခါးကျည်ကို၊ ဒတွာ- လျှို၍၊ အန္တော- တိုက်ခန်းတွင်း၌၊ အဋ္ဌာသိ- တည်နေပြီ။ သောပိ- ထိုကုသမင်းသည်လည်း၊ ဘတ္တကာဇံ- ထမင်းအိုးထမ်းသော ထမ်းပိုးကို၊ အာဟရိတွာ- ထမ်းယူ၍၊ ဘတ္တံ- ထမင်းကို၊ ဝဍ္ဎေတွာ- ခူးခပ်စေပြီး၍၊ ရာဇဓီတရော- မင်းသမီးတို့ကို၊ ဘောဇေသိ- လုပ်ကျွေးပြီ။ ပဘာဝတီ- ပဘာဝတီ သည်၊ “ဂစ္ဆ- သွားချေ၊ ကုသရာဇေန- ကုသမင်းသည်၊ ပက္ကဘတ္တံ- ချက်ထား အပ်သော ထမင်းကို၊ အာဟရ- ဆောင်ချေလော့။” ဣတိ- ဤသို့ ခုဇ္ဇံ- အထိန်းတော် ခုဇ္ဇာကို ပေသေသိ- စေလိုက်ပြီ။ သာ- ထိုအထိန်းတော် ခုဇ္ဇာသည်၊ အာဟရိတွာ- ဆောင်ယူ၍၊ “ဘုဉ္ဇာဟိ”တိ- စားတော်မူပါလော့ဟု၊ အာဟ- ဆိုပြီ။ အဟံ- ငါသည်၊ တေန- ထိုကုသမင်းသည်၊ ပက္ကဘတ္တံ- ချက်အပ်သော ထမင်းကို၊ န ဘုဉ္ဇာမိ- မစားအံ့။ တွံ- သင်ခုဇ္ဇာသည်၊ ဘုဉ္ဇိတွာ- စား၍၊ အတ္တနော- မိမိ၏၊ လဒ္ဓနိဝါပံ- ရအပ်သော ရိက္ခာကို၊ ဂဟေတွာ- ယူ၍၊ ဘတ္တံ- ထမင်းကို၊ ပစိတွာ- ချက်၍၊ အာဟရ- ဆောင်ယူ ခဲ့ပါလော့။ ကုသရညော- ကုသမင်း၏၊ အာဂတဘာဝဉ္စ- လာသည်၏အဖြစ် ကိုလည်း၊ ကဿစိ- တစ်စုံတစ်ယောက်သောသူအား၊ မာ အာရောစေသိ- မပြောကြားလေလင့်။ ဣတိ- ဤသို့၊ အာဟ- မှာဆိုပြီ။

ခုဇ္ဇာ- အထိန်းတော် ခုဇ္ဇာသည်၊ တတော- ထိုနေ့မှ၊ ပဋ္ဌာယ- စ၍၊ တဿာ- ထိုပဘာဝတီ၏၊ ကောဋ္ဌာသံ- အစုကို၊ အာဟရိတွာ- ဆောင်ယူ၍၊ သယံ- မိမိကိုယ်တိုင်၊ ဘုဉ္ဇတိ- စား၏။ အတ္တနော- မိမိ၏၊ ကောဋ္ဌာသံ- အစုကို၊ တဿာ- ထိုပဘာဝတီအား၊ ဥပနေတိ- ဆက်ကပ်၏။ ကုသရာဇာပိ- ကုသမင်းသည်လည်း၊ တတော- ထိုနေ့မှ၊ ပဋ္ဌာယ- စ၍၊ တံ- ထိုပဘာဝတီကို၊ ပဿိတုံ- မြင်ခြင်းငှာ၊ အလဘန္တော- မရသည်ရှိသော်၊ စိန္တေသိ- ကြံပြီ။ (ကိံ စိန္တေသိ- နည်း)၊

“ပဘာဝတိယာ- ပဘာဝတီသည်၊ မယိ- ငါ၌၊ သိနေဟော- ချစ်ခြင်းသည်၊ အတ္ထိ နု ခေါ- ရှိဦး မည်လော။ ဥဒါဟု- ထိုသို့မဟုတ်မူ၊ သိနေဟော- ချစ်ခြင်းသည်၊ နတ္ထိ နု ခေါ- မရှိပြီလော။ နံ- ထိုပဘာဝတီကို၊ ဝီမံသိဿာမိ- စုံစမ်းအံ့။” ဣတိ- ဤသို့၊ စိန္တေသိ- ကြံတော်မူပြီ။ သော ပန- ထိုကုသမင်းသည်ကား၊ ရာဇမိတရော- မင်းသမီးတို့ကို၊ ဘောဇေတွာ- ကျွေးပြီး၍၊ ဘတ္တကာဇံ- ထမင်းထမ်းပိုးကို၊ အာဒါယ- ထမ်း၍၊ နိက္ခန္တော- ထွက်ခဲ့သည်ရှိသော်၊ တဿာ- ထိုပဘာဝတီ၏၊ ဂဗ္ဘဒွါရေ- တိုက်ခန်း တံခါးအနီး၌၊ ပါသာဒတလေ- ပြာသာဒ်အပြင်သို့၊ ပါဒေန- ခြေဖြင့်၊ ပဟရိတွာ- ခတ်၍၊ ဘာဇနာနိ- အိုးခွက်တို့ကို၊ ဃဋ္ဋေတွာ- လိမ့်စေ၍၊ နိတ္ထုနိတွာ- ညည်းတွား၍၊ ဝိသညီ- ကင်းသော အမှတ်သညာရှိသည် (ဝါ) မိန်းမောတွေဝေသည်၊ ဟုတွာ ဝိယ- ဖြစ်သကဲ့သို့၊ အဝကုဇ္ဇော- အောက်သို့ မျက်နှာမူသည် ဖြစ်၍၊ (ဝါ- မှောက်သည် ဖြစ်၍) ပတိ- လဲကျပြီ။

## ပဘာဝတီ တံတွေးထွေးခံရ

သာ- ထိုပဘာဝတီသည်၊ တဿ- ထိုကုသမင်း၏၊ နိတ္ထုနိတသဒ္ဒေန- ညည်းညူသံကြောင့်၊ ဒွါရံ- တံခါးကို၊ ဝိဝရိတွာ- ဖွင့်၍၊ တံ- ထိုကုသမင်းကို၊ ဘတ္တကာဇေန- ထမင်းထမ်းပိုးနှင့်တကွ၊ ဩတ္ထတံ- ဖိမိသည်ကို၊ ဒိသွာ- မြင်၍၊ “အယံ- ဤကုသမင်းသည်၊ သကလဇမ္ဗုဒီပေ- အလုံးစုံသော ဇမ္ဗူဒိပ်ကျွန်း၌၊ အဂ္ဂရာဇာ- မြတ်သော မင်းသည်၊ (ဟုတွာ- ဖြစ်၍၊) မံ- ငါ့ကို၊ နိဿာယ- မှီ၍၊ ရတ္တိန္ဒိဝံ- ညဉ့်နေ့ပတ်လုံး၊ ဒုက္ခံ- ဆင်းရဲကြီးစွာ၊ အနုဘောတိ- ခံစားရ၏။ သုခုမာလတာယ- နူးညံ့သိမ်မွေ့သည်၏အဖြစ်ကြောင့်၊ ဘတ္တကာဇေန- ထမင်းထမ်းပိုးဖြင့်၊ အဝတ္ထတော- ဖုံးအုပ်သောအားဖြင့် (ဖိလျက်)၊ ပတတိ- လဲကျ၏။ ဇီဝတိ နု ခေါ- အသက်ရှင်ပါသေးသလော။ နော ဝါ ဇီဝတိ- အသက် မရှင်ပြီလော။” ဣတိ- ဤသို့၊ စိန္တေသိ- ကြံပြီ။ သာ- ထိုပဘာဝတီသည်၊ ဂဗ္ဘတော- တိုက်ခန်းမှ၊ နိက္ခမိတွာ- ထွက်၍၊ တဿ- ထိုကုသမင်း၏၊ နာသဝါတံ- နှာခေါင်းလေကို၊ ဥပဓာရေတုံ- စုံစမ်းခြင်းငှာ၊ ဂီဝံ- လည်ကို၊ ပသာရေတွာ- ဆန့်၍၊ မုခံ- မျက်နှာကို၊ ဩလောကေသိ- ကြည့်ပြီ။ သော- ထိုကုသမင်းသည်၊ မုခပူရံ- ခံတွင်းပြည့်အောင်၊ ခေဠံ- တံထွေးကို၊ ဂဟေတွာ- ငုံ၍၊ တဿာ- ထိုပဘာဝတီ၏၊ သရီရေ- ကိုယ်၌၊ ပါတေသိ- ကျစေပြီ (ဝါ- ထွေးပြီ)။ သာ- ထိုပဘာဝတီသည်၊ တံ- ထိုကုသမင်းကို၊ ပရိဘာသိတွာ- ဆဲရေး၍၊ ဂဗ္ဘံ-

တိုက်ခန်းထဲသို့ ပဝိသိတွာ- ဝင်၍၊ အဓုဝိဝဋ္ဋ- ထက်ဝက်ဖွင့်နေသော၊ ဒွါရ- တံခါး ရွက်ကို၊ ထကေတွာ- ပိတ်၍၊ ဌိတာ- တည်လျက်၊ (ပရိဒေဝန္တာ- ငိုကြွေးမြည်တမ်း လိုသည် ဖြစ်၍)၊ "အဗ္ဘုတိ တဿ ဘော ဟောတိ၊ (ပ) အကန္တံ ကန္တ မိစ္ဆာသီ"တိ- "အဗ္ဘုတိ တဿ ဘော ဟောတိ၊ (ပ) အကန္တံ ကန္တ မိစ္ဆာသီ"ဟူသော၊ ဂါထံ- ဂါထာကို၊ အာဟ- ဆိုပြီ။

၆။ ဘော- အို အချင်းတို့၊ ယော- အကြင်သူသည်၊ အနိစ္ဆန္တံ- အလိုမရှိအပ်သည်ကို၊ ဣစ္ဆတိ- အလိုရှိ၏။ တဿ- ထိုသူ၏၊ အဗ္ဘုတိ- အစီးအပွါးမရှိခြင်းသည်၊ ဟောတိ- ဖြစ်၏။ ရာဇ- ကုသမင်း၊ တွံ- သင်သည်၊ အကာမံ- အလိုမရှိအပ်သည်ကို၊ ကာမေသိ- အလိုရှိ၏။ အကန္တံ- မနှစ်လိုအပ်သည်ကို၊ ကန္တ- နှစ်လိုအံ့သောငှာ၊ ဣစ္ဆသိ- အလိုရှိ၏။

တတ္ထ- ထိုအဗ္ဘုတိ စသော ဂါထာ၌၊ အဗ္ဘုတီတိ- အဗ္ဘုတိ ဟူသည်ကား၊ အဘူတိ- အစီးအပွားမရှိခြင်းတည်း။ အဝုဍ္ဎိ- ကြီးပွားတိုးတက်ခြင်းမရှိသည်။ ဣတိ- ဤကား၊ အတ္ထော- အနက်တည်း။

မကြိုက်ကြိုက် ရဖို့သာ ပဓာန

သော ပန- ထိုကုသမင်းသည်ကား၊ ပဋိဗဒ္ဓစိတ္တတာယ- တပ်မက်သော စိတ်ရှိ သည်၏အဖြစ်ကြောင့်၊ အက္ကောသိယမာနောပိ- ဆဲရေးအပ်သော်လည်း၊ ပရိဘာသိယမာနောပိ- ခြိမ်းခြောက်မောင်းမဲအပ်သော်လည်း၊ ဝိပ္ပဋိသာရံ- နှလုံး မသာယာခြင်းကို၊ အနုပ္ပါဒေတွာဝ- မဖြစ်စေမူ၍သာလျှင်၊ (ပဘာဝတိယာ- အား၊ ပဋိဘာသေတုကာမော- စကားပြန်ပြောလိုသည်ဖြစ်၍)၊ "အကာမံ ဝါ သကာမံ ဝါ၊ (ပ) အလာဘော တတ္ထ ပါပကော"တိ- "အကာမံ ဝါ သကာမံ ဝါ၊ (ပ) အလာဘော တတ္ထ ပါပကော"ဟူသော၊ အနန္တရ- အခြားမဲ့ဖြစ်သော၊ ဂါထံ- ဂါထာကို၊ အာဟ- ဆိုပြီ။

၇။ အယျေ- ရှင်မ ပဘာဝတီ၊ ယော နရော- အကြင်သူသည်၊ အကာမံ ဝါ- အလိုမရှိသည်လည်းဖြစ်သော၊ သကာမံ ဝါ- အလိုရှိသည်လည်း ဖြစ်သော၊ ပိယံ- မိမိသည် ချစ်အပ်သောသူကို၊ လဘတေ- ရ၏။ ဧတ္ထ- ဤသို့ ချစ်အပ်သောသူကို ရရာ၌၊ လာဘံ- ရသူကို၊ ပသံသာမ-

ခိုးမွမ်းကုန်၏။ တတ္ထ- ထိုချစ်အပ်သူကို မရရာ၌၊ အလာဘော- မရသူသည်၊ ပါပကော- လူညံ့တည်း။

## ကုသမင်းနှင့် ပဘာဝတီ အပြန်အလှန် ပြောကြပုံ

[နှာ-၃၁၃] သာပိ- ထိုပဘာဝတီသည်လည်း၊ တသ္မိံ- ထိုကုသမင်းသည်၊ ဧဝံ- ဤသို့ ကထေန္တေပိ- မစွန့်မူ၍ နှစ်သက်ဖွယ်သော စကားကို ဆိုသော်လည်း၊ အနောသက္ကိတွာ- မဆုတ်နစ်မူ၍၊ ထဒ္ဓတရဝစနံ- အထူးသဖြင့် ခက်ထန်သော စကားကို၊ ဝတွာ- ဆို၍၊ ပလာပေတုကာမော- ပြေးစေခြင်းငှာ အလိုရှိသည်ဖြစ်၍ "ပါသာဏသာရံ ခဏာသိ၊ (ပ) ယော အနိစ္ဆန္တမိစ္ဆသီ"တိ- "ပါသာဏသာရံ ခဏာသိ၊ (ပ) ယော အနိစ္ဆန္တ မိစ္ဆသိ"ဟူသော၊ ဣတရံ- တစ်ပါးသော၊ ဂါထံ- ဂါထာကို၊ အာဟ- ဆိုပြီ။

၈။ ယော ရာဇ- အို ကုသမင်း၊ ယော တွံ- အကြင်သင်သည်၊ အနိစ္ဆန္တံ- အလိုမတူသော ငါ့ကို၊ ဣစ္ဆသိ- အလိုရှိဘိ၏။ သော တွံ- ထိုသင်သည်၊ ကဏိကာရဿ ဒါရုနာ- မဟာလှေကားသားဖြင့်၊ ပါသာဏသာရံ- အနှစ်ပြည့်သော ကျောက်ကို၊ ခဏာသိ- တူးဘိ၏။ ဝါတံ- လေကို၊ ဇာလေန- ကွန်ဖြင့်၊ ဗာဓေသိ- ဖွဲ့ထောင်ဘိ၏။

တတ္ထ- ထို"ပါသာဏသာရံ" စသော ဂါထာ၌၊ ကဏိကာရဿ ဒါရုနာတိ- ကဏိကာရဿ ဒါရုနာ ဟူသည်ကား၊ ကဏိကာရကဋ္ဌေန- မဟာလှေကားသားဖြင့်၊ ဗာဓေသီတိ- ဗာဓေသိ ဟူသည်ကား၊ ဗန္ဓသိ- နှောင်ဖွဲ့ဘိ၏။ ဣတိ- ဤကား၊ အတ္ထော- အနက်တည်း။

တံ- ထိုစကားကို၊ သုတွာ- ကြား၍၊ ရာဇာ- ကုသမင်းသည်၊ (ပဋိဝါဒံ ကတ္တုကာမော- စကားတုံ့ကို ချေပလိုသည်ဖြစ်၍၊) "ပါသာဏော နူန တေ ဟဒယေ (ပ) ရာဇာ ဟောမိ တဒါ ကုသော"တိ- "ပါသာဏော နူန တေ ဟဒယေ (ပ) ရာဇာ ဟောမိ တဒါ ကုသော" ဟူကုန်သော၊ တိဿော ဂါထာယော- သုံးဂါထာတို့ကို၊ အဘာသိ- ဆိုပြီ။

၉။ မုဒုလက္ခဏေ- နူးညံ့စွာသော မိန်းမတို့၏လက္ခဏာနှင့်ပြည့်စုံသော ရှင်မပဘာဝတီ၊ တေ- သင်၏၊ ဟဒယေ- နှလုံး၌၊ ပါသာဏော- ကျောက်

ဖျာကို၊ ဩဟိတော နူန- ထားအပ်လေသလော။ တိရောဇနပဒါ- ဇနပုဒ်တစ်ပါးမှ၊ အာဂတော- ရောက်လာသော၊ ယော အဟံ- အကြင်ငါသည်၊ တေ- သင်၏၊ သန္တိကေ- အထံ၌၊ သာတံ- ချမ်းသာကို၊ န ဝိန္ဒာမိ- မရပါ။

၁၀။ မုဒုလက္ခဏေ- နူးညံ့လှစွာသော မိန်းမတို့၏လက္ခဏာနှင့်ပြည့်စုံသော ရှင်မပဘာဝတီ၊ ယဒါ- အကြင်အခါ၌၊ ရာဇပုတ္တီ- မင်းသမီးဖြစ်သော ရှင်မပဘာဝတီသည်၊ မံ- ငါ့ကို၊ ဘကုဋိံ ကတွာ- မျက်မှောင်တကြုတ်ကြုတ်ပြု၍၊ ဥဒိက္ခတိ- ကြည့်၏။ တဒါ- ထိုအခါ၌၊ အဟံ- ငါသည်၊ မဒ္ဒဿ ရညော- မဒ္ဒရာဇ်မင်း၏၊ အန္တေပုရေ- နန်းတော်တွင်း၌၊ အာဠာရိကော ဝိယ- စားတော်ချက်၏ ကျွန်ကဲ့သို့၊ ဟောမိ- ဖြစ်ရချေ၏။

၁၁။ မုဒုလက္ခဏေ- နူးညံ့လှစွာသော မိန်းမတို့၏ လက္ခဏာနှင့်ပြည့်စုံသော ရှင်မပဘာဝတီ၊ ယဒါ- အကြင်အခါ၌၊ ရာဇပုတ္တီ- မင်းသမီးဖြစ်သော ရှင်မပဘာဝတီသည်၊ မံ- ငါ့ကို၊ ဥမှယမာနာ- ရယ်ရွှင်မြူးလျက်၊ ဥဒိက္ခတိ- ကြည့်၏။ တဒါ- ထိုအခါ၌၊ အာဠာရိကော ဝိယ- စားတော်ချက်၏ ကျွန်ကဲ့သို့ န ဟောမိ- ငါမဖြစ်ရပေ။ တဒါ- ထိုသို့ ရယ်မြူးလျက်ကြည့်သော အခါ၌၊ ကုသောရာဇာ ဝိယ- ကုသမင်းကဲ့သို့၊ ဟောမိ- ဖြစ်ရပေ၏။

တတ္ထ- ထိုပါဠိတော် စသော ဂါထာတို့၌၊ မုဒုလက္ခဏေတိ- မုဒု လက္ခဏေ ဟူသည်ကား၊ မုဒုနာ- နူးညံ့သော၊ က္ကတ္ထိလက္ခဏေန- မိန်းမ၏ လက္ခဏာနှင့်၊ သမန္နာဂတေ- ပြည့်စုံသော ရှင်မပဘာဝတီ။ ယောတိ- ယော ဟူသည်ကား၊ ယော အဟံ- အကြင်ငါသည်၊ တိရောရဋ္ဌာ- တိုင်းတစ်ပါးမှ၊ အာဂတော- လာရောက်၍၊ တဝ- သင်၏၊ သန္တိကေ- အထံ၌၊ ဝသန္တော- နေစဉ်၊ ပဋိသန္ထာရမတ္တံ- စကားတုံ့မျှဖြစ်သော၊ သာတံပိ- သာယာဖွယ်ကိုလည်း၊ န လဘာမိ- မရ၊ သော အဟံ- ထိုငါသည်၊ ဧဝံ- ဤသို့၊ မညာမိ- မှတ်ထင်၏။ မယိ- ငါ့အပေါ်၌၊ သိနေဟုပ္ပတ္တိ နိဝါရဏာယ- ချစ်ခြင်း၏ဖြစ်ခြင်းကို တားမြစ်ခြင်းအကျိုးငှာ၊ တဝ- သင်၏၊ ဟဒယေ- နှလုံး၌၊ ပါသာဏော- ကျောက်ကို၊ ဌပိတော နူန- ထားအပ်လေသလော။ ဘကုဋိံ ကတွာတိ- ဘကုဋိံ ကတွာ ဟူသည်ကား၊ ကောဓဝသေန- အမျက်၏အစွမ်းဖြင့်၊ ဝလိဝိသမံ- အရေးအတွန့်တို့ဖြင့်မညီမျှသော၊ နလာဋံ- နဖူးကို၊ ကတွာ- ပြု၍။

အာဠ္ဌာရိကောတိ- အာဠ္ဌာရိကောဟူသည်ကား၊ ဘတ္တကာရကော- စားဖိုသည် သည်။ တသို့ ခဏေ- ထိုမျက်မှောင်ကြုတ်၍ ကြည့်သော ခဏ၌၊ အဟံ- ငါသည်၊ မဒ္ဒရညော- မဒ္ဒတိုင်းမင်း၏၊ အန္တေပုရေ- နန်းတွင်း၌၊ ဘတ္တကာရကဒါသော ဝိယ- စားဖိုသည်ကျွန်ကဲ့သို့၊ ဟောမိ- ဖြစ်ရလေ၏။ ဣတိ- ဤသို့၊ ဝဒတိ- ဆို၏။ ဥမ္မယမာနာတိ- ဥမ္မယမာနာ ဟူသည်ကား၊ ပဟဋ္ဌာကာရံ- ရွှင်လန်းသော အမူအရာကို၊ ဒဿေတွာ- ပြ၍၊ ဟသမာနာ- ရယ်ရွှင်လျက်။ ရာဇာ ဟောမီတိ- ရာဇာ ဟောမိ ဟူသည်ကား၊ တသို့ ခဏေ- ထိုပြုံးရယ်၍ ကြည့်သောခဏ၌၊ အဟံ- ငါသည်၊ ကုသာဝတီနဂရေ- ကုသာဝတီမြို့၌၊ ရဇ္ဇံ- မင်းအဖြစ်ကို၊ ကာရေန္တော- ပြုစေသော၊ ရာဇာ ဝိယ- မင်းကဲ့သို့၊ ဟောမိ- ဖြစ်၏။ ဘဒ္ဒေ- ရှင်မ၊ ကဿာ- အဘယ့်ကြောင့်၊ (တွံ- သင်သည်)၊ ဧဝံ- ဤသို့၊ ဖရုသာ- ကြမ်းတမ်းသည်၊ အသိ- ဖြစ်သနည်း။ ဣတော- ဤအခါမှ၊ ပဋ္ဌာယ- စ၍၊ ဧဝရူပံ- ဤသို့ ကြမ်းတမ်းသော အမှုကို၊ မာ ကရိ- မပြုပါလင့်။ ဣတိ- ဤကား၊ အတ္ထော- အနက်တည်း။

သာ- ထိုပဘာဝတီသည်၊ တဿ- ထိုကုသမင်း၏၊ ဝစနံ- စကားကို၊ သုတွာ- ကြားရ၍၊ "အယံ- ဤကုသမင်းသည်၊ အတိဝိယ- အလွန်လျှင်၊ အလ္လီယိတွာ- ကပ်ငြိစွဲလန်း၍၊ ကထေတိ- ဆို၏။ အဟံ- ငါသည်၊ မုသာဝါဒံ- မဟုတ်မမှန်သော စကားကို ပြောဆိုခြင်းကို၊ ကတွာ- ပြု၍၊ ဥပါယေန- တစ်ခုသော နည်းလမ်းဖြင့်၊ နံ- ထိုကုသမင်းကို၊ ဣတော- ဤနေပြည်တော်မှ၊ ပလာပေဿာမိ- ပြေးစေအံ့။" ဣတိ- ဤသို့၊ စိန္တေသိ- ကြံပြီ။ စိန္တေတွာ- ကြံပြီး၍၊ ပလာပေတုကာမာ- ပြေးစေ လိုသည် ဖြစ်၍၊ "သစေ ဟိ ဝစနံ သစ္စံ၊ (ပ) ကာမံ ဆိန္ဒန္တု သတ္တဓာ"တိ- "သစေ ဟိ ဝစနံ သစ္စံ၊ (ပ) ကာမံ ဆိန္ဒန္တု သတ္တဓာ"ဟူသော၊ ဂါထံ- ဂါထာကို၊ အာဟ- ဆိုပြီ။

[နှာ-၃၁၄] ၁၂။ ရာဇ- ကုသမင်းမြတ်၊ နေမိတ္တာနံ- နိမိတ်ကို သိသောသူတို့၏၊ ဝစနံ- စကားသည်၊ သစ္စံ- မှန်သည်၊ သစေ ဘဝိဿတိ- အကယ်၍ ဖြစ်ငြားအံ့။ ကာမံ- စင်စစ်၊ မေ- ငါ၏၊ ကာယံ- ကိုယ်ကို၊ သတ္တဓာ- ခုနစ်ပိုင်း၊ ဆိန္ဒန္တု- ဖြတ်စေကာမူ၊ တွံ- သင်သည်၊ မေ- ငါ၏၊ ပတိ- လင်သည်၊ နေဝ အဿ- မဖြစ်ရာ။ ဣတိ- ဤသို့၊ ဝဒိံသု- ဖတ်ဆိုကြ ကုန်ပြီ။

တသ္မာ- ထို 'သစေ ဟိ' စသော ဂါထာ၏၊ အတ္ထော- အနက်ကို၊ ဧဝံ- ဤသို့၊ ဝေဒိတဗ္ဗော- သိအပ်၏။ မဟာရာဇ- မြတ်သောမင်းကြီး၊ မယာ- ငါသည်၊ (ပုဋ္ဌိတာ- ၌စပ်) "အယံ ကုသရာဇာ- ဤကုသမင်းသည်၊ မယှံ- ငါ၏၊ ပတိ- လင်သည်၊ ဘဝိဿတိ- ဖြစ်လတ့်လော၊ န ဘဝိဿတိ- မဖြစ်လတ့်လော။" ဣတိ- ဤသို့၊ ဗဟူ- များစွာကုန်သော၊ နိမိတ္တပါဌကာ- နိမိတ်ဖတ်သူတို့ကို၊ ပုဋ္ဌိတာ- မေးအပ်ပြီ။ တေ- ထိုနိမိတ်ဖတ်သူတို့သည် (ဝဒိံသု-၌စပ်)၊ "ကာမံ- စင်စစ်၊ မံ- ငါကို၊ သတ္တဓာ- ခုနစ်ပိုင်း၊ ဆိန္ဒန္တု- ဖြတ်စေဦးလော့၊ တွံ- သင်သည်၊ မေ- ငါ၏၊ ပတိ- လင်သည်၊ နေဝ ဘဝိဿသိ ကိရ- မဖြစ်လတ့်တဲ့၊" ဣတိ- ဤသို့၊ ဝဒိံသု- ပြောကြကုန်ပြီ၊ ဣတိ- ဤကား၊ အတ္ထော- အနက်တည်း။

[နှာ-၃၁၄] တံ- ထိုစကားကို၊ သုတွာ- ကြား၍၊ ရာဇာ- ကုသမင်းသည်၊ တံ- ထိုစကားကို၊ ပဋိဗာဟန္တော- ပယ်လို(တားမြစ်လို)သည်ဖြစ်၍၊ "ဘဒ္ဒေ- ရှင်မ ပဘာဝတီ၊ မယာပိ- ငါသည်လည်း၊ အတ္တနော- မိမိတို့၏၊ ရဋ္ဌေ- ကုသဝတီ ပြည်ကြီး၌၊ နေမိတ္တကာ- နိမိတ်ဖတ်တတ်ကုန်သော သူတို့ကို၊ ပုဋ္ဌိတာ- မေးအပ် ကုန်ပြီ။ တေ- ထိုနိမိတ်ဖတ်တတ်ကုန်သူတို့သည်၊ 'သီဟဿရကုသရာဇတော- ခြင်္သေ့မင်းအသံနှင့်တူသော အသံရှိသော ကုသမင်းကို၊ အညတြ- ထား၍၊ အညော- ကုသမင်းမှ တစ်ပါးသော၊ တဝ- သင့်အား၊ ပတိနာမ- လင်မည်သည်၊ နတ္ထီ'တိ- မရှိဟူ၍၊ ဗျာကရိံသု- ဖတ်ဆိုကြကုန်ပြီ။ အဟမ္ပိ- ငါသည်လည်း၊ အတ္တနော- မိမိ၏၊ ဉာဏဗလနိမိတ္တေန- ဉာဏ်အားဟူသော နိမိတ်ဖြင့်၊ ဧဝမေဝ- ဤအတူသာလျှင်၊ ကထေသိ- ဖတ်ဆိုပြီ။" ဣတိ- ဤသို့၊ ဝတွာ- ဆို၍၊ (တံ- ထိုအကြောင်းကို၊ ပဋိဘာဝေတုကာမော- ပြန်ကြားလိုသည် ဖြစ်၍)၊ "သစေ ဟိ ဝစနံ သစ္စံ၊ (ပ) အညော သီဟဿရော ကုသာ"တိ- "သစေ ဟိ ဝစနံ သစ္စံ၊ (ပ) အညော သီဟဿရော ကုသာ" ဟူသော၊ အနန္တရံ- အခြားမဲ့ ဖြစ်သော၊ ဂါထံ- ဂါထာကို၊ အာဟ- ဆိုပြီ။

၁၃။ အယျေ- ရှင်မ ပဘာဝတီ၊ အညေသံ- ငါမှတစ်ပါးသောနိမိတ် ဖတ်တတ်သောသူတို့၏၊ ဝစနံ ဝါ- စကားသည်လည်းကောင်း၊ ယဒိ- ထို့အပြင် မမ ဝစနံ ဝါ- ငါ့စကားသည်လည်းကောင်း၊ သစ္စံ- မှန်သည်၊ သစေ သိယာ- အကယ်ဖြစ်၍ငြားအံ့၊ ဧဝံ- ဤသို့ဖြစ်သည်ရှိသော်၊ သီဟဿရာ-

ခြသေ့်မင်းအသံနှင့် တူသောအသံရှိသော၊ အညောကုသာ-
ကုသမင်းမှတစ်ပါးသော၊ တယှံ- သင်အား၊ ပတိ- လင်သည်၊ နေဝ အတ္ထိ-
မရှိသည်သာလျှင်တည်း။

တဿ- ထိုသစေ ဟိ စသောဂါထာ၏၊ အတ္ထော- အနက်ကို၊ ဧဝံ- ဤသို့၊
ဝေဒိတဗ္ဗော- သိအပ်၏။ ဟိ- အမှန်ကိုဆိုဦးအံ့၊ အညေသံ- အခြား ကုန်သော၊
နေမိတ္တာနံ- နိမိတ်ဖတ်သူတို့၏၊ ဝစနံ- စကားသည်၊ ယဒိ သစ္စံ- မှန်မူလည်း မှန်ရာ၏။
ဝါ- ထို့အပြင်၊ မမ- ငါ၏၊ ဝစနံ- စကားသည်၊ ယဒိ သစ္စံ- မှန်မူလည်း မှန်ရာ၏။
တဝ- သင့်အတွက်၊ အညော- ငါမှတစ်ပါးသော၊ ပတိ နာမ- လင်မည်သည်၊ နတ္ထိ-
မရှိ။ ဣတိ- ဤကား၊ အတ္ထော- အနက်တည်း။

သာ- ထိုပဘာဝတီသည်၊ တဿ- ထိုကုသမင်း၏၊ ဝစနံ- စကားကို၊ သုတွာ-
ကြား၍၊ "ဣမံ- ဤမင်းကို၊ လဇ္ဇာပေတုံ ဝါ- ရှက်စေခြင်းငှာလည်းကောင်း၊
ပလာပေတုံ ဝါ- ပြေးစေခြင်းငှာလည်းကောင်း၊ န သက္ကာ- မတတ်ကောင်း၊ မေ-
ငါ့အား၊ ဣမိနာ- ဤကုသမင်းဖြင့်၊ ကိံ- အဘယ် အကျိုးရှိအံ့နည်း။" ဣတိ- ဤသို့၊
ဒွါရံ- တံခါးကို၊ ပိဓာယ- ပိတ်၍၊ အတ္တာနံ- မိမိကိုယ်ကို၊ န ဒဿေသိ- မပြပြီ။
သောပိ- ထိုကုသမင်းသည်လည်း၊ ကာဇံ- ထမ်းပိုးကို၊ ဂဟေတွာ- ထမ်း၍၊ ဩတရိ-
ဆင်းသွားရပြီ။ တတော- ထိုနေ့မှ၊ ပဋ္ဌာယ- စ၍၊ တံ- ထိုပဘာဝတီကို၊ ဒဋ္ဌုံ-
မြင်ခြင်းငှာ၊ န လဘတိ- မရ။ ဘတ္တကာရကကမ္မံ- စဖိုသည်အမှုကို၊ ကရောန္တော-
ပြုလျက်၊ အတိဝိယ- အလွန်လျှင်၊ ကိလမတိ- ပင်ပန်း၏။ ဘုတ္တပါတရာသော-
စားအပ်ပြီးသော နံနက်စာထမင်းရှိသည်၊ (ဟုတွာ- ဖြစ်၍)၊ ဒါရူနိ- ထင်းတို့ကို၊
ဖာလေတိ- ခွဲရ၏။ ဘာဇနာနိ- အိုးခွက်တို့ကို၊ ဓောဝတိ- ဆေးရ၏။ ကာဇေန-
ထမ်းပိုးဖြင့်၊ ဥဒကံ- ရေကို၊ အာဟရတိ- ထမ်းရ၏။ သယန္တော- အိပ်သည်ရှိသော်၊
အမ္ဗဏပိဋ္ဌေ- ထမင်းပွဲခုံ၏ ကြမ်းပြင်၌၊ (ထမင်းတင်သော အင်းပျဉ်၌)၊ သယတိ-
အိပ်ရ၏။ ပါတော- နံနက်စောစော၌၊ ဝုဋ္ဌာယ- ထ၍၊ ယာဂုအာဒီနိ- ဆန်ပြုတ်
အစရှိသည်တို့ကို၊ ပစတိ- ချက်ပြုတ်ရ၏၊ ဟရတိ- ထမ်းယူ ပို့ဆောင်ရ၏၊
ဘောဇေတိ- ကျွေးမွေးရ၏၊ နန္ဒိရာဂံ- မိန်းမ၌ ချစ်ကြိုက် နှစ်သက်ခြင်းတည်း ဟူသော
ရာဂကို၊ နိဿာယ- မှီ၍၊ အတိဒုက္ခံ- အလွန်ဆင်းရဲခြင်းကို၊ (ဆင်းရဲကြီးစွာ)၊
အနုဘောတိ- ခံစားရ၏၊ သော- ထိုကုသမင်းသည်၊ ဧကဒိဝသံ- တစ်နေ့သ၌၊

ဘတ္တဂေဟာ ဒွါရေန- စဖိုအိမ်တံခါးဝဖြင့်၊ ဂစ္ဆန္တိ- သွားသော၊ ခုဇ္ဇံ- အထိန်းတော် ခုဇ္ဇာကို၊ ဒိသွာ- မြင်၍၊ ပက္ကောသိ- ခေါ်ပြီ၊ သာ- ထိုအထိန်းတော် ခုဇ္ဇာသည်၊ ပဘာဝတိယာ- ပဘာဝတီမှ၊ ဘယေန- ကြောက်သောကြောင့်၊ တဿ- ထိုကုသမင်း၏၊ သန္တိကံ- အထံသို့၊ ဂန္တုံ- သွားခြင်းငှာ၊ အဝိသဟန္တီ- မဝံ့သည်ဖြစ်၍၊ တုရိတတုရိတာ ဝိယ- အလွန်လျင်လိုသကဲ့သို့၊ ဂစ္ဆတိ- သွား၏၊ အထ- ထိုအခါ၌၊ နံ- ထိုခုဇ္ဇာသို့၊ ဝေဂေန- လျင်မြန်စွာ၊ ဥပဂန္တွာ- ချဉ်းကပ်၍၊ "ခုဇ္ဇေ"တိ- ခုဇ္ဇာဟူ၊ အာဟ- ခေါ်ပြီ။

## ခုဇ္ဇာကို ကပ်၍ ပြောသည်

သာ- ထိုခုဇ္ဇာသည်၊ နိဝတ္တိတွာ- ပြန်လည်၍၊ ဌိတာ- ရပ်လျက်၊ "ဧသော- ဤသူသည်၊ ကော- အဘယ်သူနည်း၊" ဣတိ- ဤသို့၊ ဝတွာ- ဆို၍၊ "တုမှာကံ- အရှင်မင်းကြီးတို့၏၊ သဒ္ဒံ- စကားသံကို၊ န သုဏာမိ- မကြားဝံ့၊" ဣတိ- ဤသို့၊ အာဟ- ဆိုပြီ၊ အထ- ထိုအခါ၌၊ နံ- ထိုခုဇ္ဇာကို၊ "ခုဇ္ဇေ- အထိန်းတော်ခုဇ္ဇာ၊ တွမ္ပိ- သင်သည်လည်းကောင်း၊ သာမိနီပိ- သင့်သခင်မပဘာဝတီသည်လည်းကောင်း၊ တေ ဥဘောပိ- ထိုနှစ်ယောက်စလုံးတို့သည်လည်း၊ အတိဝိယ- အလွန်လျှင်၊ ထဒ္ဓါ- ခိုင်မာကုန်၏၊ ဧတ္တကံ ကာလံ- ဤမျှလောက်သော ကာလပတ်လုံး၊ တုမှာကံ- သင်တို့၏၊ သန္တိကေ- အထံ၌၊ ဝသန္တော- နေပါလျက်၊ အာရောဂျသာသနမတ္တမ္ပိ- အနာကင်းခြင်းဟူသော သတင်းစကားမျှကိုလည်း၊ န လဘာမိ- မရပါ၊ ဒေယျဓမ္မံ ပန- ပေးကမ်းအပ်သော လက်ဆောင်(ပစ္စည်းဝတ္ထု)ကိုကား၊ ကိံ ဒဿထ- အဘယ်မှာ ပေးပါကုန်အံ့နည်း၊ ဧတံ (သင်တို့၏) ဤအမှုသည်၊ တာဝတိဋ္ဌတု- ထားဘိဦး၊ အပိ- စင်စစ်သော်ကား၊ မေ- ငါ့အား၊ ပဘာဝတိံ- ပဘာဝတီကို၊ မုဒုကံ- နူးညံ့အောင်၊ ကတွာ- ပြု၍၊ ဒဿေတုံ- ပြခြင်းငှာ၊ သက္ခိဿသိ- တတ်နိုင်ပါမည်လော၊" ဣတိ- ဤသို့၊ [နှာ-၃၁၅] အာဟ- ဆိုပြီ၊ သာ- အထိန်းတော် ခုဇ္ဇာသည်၊ "သာဓု"တိ- ကောင်းပြီဟူ၊ သမ္ပဋိစ္ဆိ- ဝန်ခံပြီ၊ အထ- ထိုအခါ၌၊ နံ- ထိုဝန်ခံသော အထိန်းတော် ခုဇ္ဇာကို၊ (တွံ- သင်သည်၊) မေ- ငါ့အား၊ တံ- ထိုပဘာဝတီကို၊ ဒဿေတုံ- ပြခြင်းငှာ၊ သစေ သက္ခိဿသိ- အကယ်၍ တတ်နိုင်အံ့၊ (ဧဝံ သန္တေ- ဤသို့ တတ်နိုင်သည် ရှိသော်၊) တေ- သင်အား၊ ခုဇ္ဇဘာဝံ- ကျွန်အဖြစ် ကို၊ ဥဇုကံ- ဖြောင့်ဖြောင့်(တော်လှန်သည်)ကို၊ ကတွာ- ပြု၍၊ ဂီဝေယျကံ- လည်ဆွဲတန်ဆာကို၊

ဒဿာမိ- ငါပေးအံ့၊" ဣတိ- ဤသို့ ပလောဘေန္တော- ဖြားယောင်းလိုသည် ဖြစ်၍- "နေကျံ့ ဂိဝံ တေ ကာရေဿံ၊ (ပ) ပါဏိဟိ ဥပသမ္ဘုသေ"တိ- "နေကျံ့ ဂိဝံ တေ ကာရေဿံ၊ (ပ) ပါဏိဟိ ဥပသမ္ဘုသေ"ဟူကုန်သော၊ ပဥ္စဂါထာ ယောငါးဂါထာတို့ကို၊ အဘာသိ- ဆိုပြီ။

၁၄။ ခုဒ္ဒေ- မိခင်ခုဋ္ဌာ၊ နာဂနာသူရု- ဆင်နှာမောင်းနှင့်တူသော ပေါင်ရှိသော၊ ပဘာဝတီ- ပဘာဝတီသည်၊ မံ- ငါ့ကို၊ သစေ ဩလောကေယျ- အကယ်၍ ကြည့်ငြားအံ့၊ ကုသာဝတီံ- ကုသာဝတီပြည်သို့၊ ပတ္တာ- ရောက်၍၊ တေ- သင်အတွက်၊ နေကျံ့-ရွှေစင်ဖြင့်ပြီးသော၊ ဂိဝံ- လည်ရွဲတန်ဆာကို၊ ကာရေဿံ- ပြုစေအံ့။

၁၅။ ခုဒ္ဒေ- အထိန်းတော်ခုဋ္ဌာ၊ နာဂနာသူရု- ဆင်နှာမောင်းနှင့် တူသော ပေါင်ရှိသော၊ ပဘာဝတီ- ပဘာဝတီသည်၊ မံ- ငါ့ကို၊ သစေ အာလပေယျ- အကယ်၍စကားပြောငြားအံ့၊ ကုသာဝတီံ- ငါနေရာ ကုသာဝတီပြည်သို့၊ ပတ္တာ- ရောက်၍၊ တေ- သင်အတွက်၊ နေကျံ့-ရွှေစင်ဖြင့်ပြီးသော၊ ဂိဝံ- လည်ရွဲတန်ဆာကို၊ ကာရေဿံ- ပြုစေအံ့။

၁၆။ ခုဒ္ဒေ- အထိန်းတော်ခုဋ္ဌာ၊ နာဂနာသူရု- ဆင်နှာမောင်းနှင့် တူသော ပေါင်ရှိသော၊ ပဘာဝတီ- ပဘာဝတီသည်၊ မံ- ငါ့ကို၊ သစေ ဥမှာယေယျ- အကယ်၍ဖြည်းညှင်းသာယာစွာ ရယ်ငြားအံ့၊ ကုသာဝတီံ- ငါနေရာ ကုသာဝတီပြည်သို့ ပတ္တာ- ရောက်၍၊ တေ- သင့်အတွက်၊ နေကျံ့-ရွှေစင်ဖြင့်ပြီး သော၊ ဂိဝံ- လည်ရွဲတန်ဆာကို၊ ကာရေဿံ- ပြုစေအံ့။

၁၇။ ခုဒ္ဒေ- အထိန်းတော်ခုဋ္ဌာ၊ နာဂနာသူရု- ဆင်နှာမောင်းနှင့် တူသော ပေါင်ရှိသော၊ ပဘာဝတီ- ပဘာဝတီသည်၊ မံ- ငါ့ကို၊ သစေ ပမှာယေယျ- အကယ်၍ပြင်းစွာ ရယ်ငြားအံ့၊ ကုသာဝတီံ- ငါနေရာ ကုသာဝတီ ပြည်သို့၊ ပတ္တာ- ရောက်၍၊ တေ- သင်အတွက်၊ နေကျံ့-ရွှေစင်ဖြင့် ပြီးသော၊ ဂိဝံ- လည်ရွဲတန်ဆာကို၊ ကာရေဿံ- ပြုစေအံ့။

၁၈။ ခုဒ္ဒေ- အထိန်းတော်ခုဋ္ဌာ၊ နာဂနာသူရု- ဆင်နှာမောင်းနှင့် တူသော ပေါင်ရှိသော၊ ပဘာဝတီ- ပဘာဝတီသည်၊ မံ- ငါ့ကို၊ ပါဏိနာ-

လက်ဖြင့်၊ သစေ ဥပသမ္ဗုသေ- အကယ်၍သုံးသပ်ငြားအံ့၊ ကုသာဝတီ-
ငါ့နေရာ ကုသာဝတီ ပြည်သို့ ပတ္တာ- ရောက်၍၊ တေ- သင်အတွက်၊
နေက္ခံ- ရွှေစင်ဖြင့်ပြီးသော၊ ဂီဝံ- လည်ရွဲတန်ဆာကို၊ ကာရေယံ- ပြုစေအံ့။

တတ္ထ- ထို'နေက္ခံ ဂီဝံ တေ' စသော ဂါထာတို့၌၊ နေက္ခံ ဂီဝံ တေတိ- နေက္ခံ ဂီဝံ တေဟူသည်ကား၊ တဝ- သင့်အတွက်၊ သဗ္ဗသုဝဏ္ဏမယမေဝ- အလုံးစုံရွှေဖြင့်ပြီးသည်သာဖြစ်သော၊ ဂီဝေယျံ- လည်ဆွဲတန်ဆာကို၊ ကာရေဿာမိ- ပြုစေအံ့၊ ဣတိ- ဤကား၊ အတ္ထော- အနက်တည်း။ "နေက္ခံ ဂီဝံ တေ ကရိဿာမိ"တိပိ- နေက္ခံ ဂီဝံ တေ ကရိဿာမိဟူ၍လည်း၊ ပါဌော- ပါဌ်သည်၊ (ဘဝတိ- ဖြစ်၏၊) တဝ- သင်၏၊ ဂီဝါယ- လည်၌၊ နေက္ခမယံ- ရွှေတစ်နိက္ခဖြင့်ပြီးသော၊ ပိဠန္ဓနံ- အဆင်တန်ဆာကို၊ ပိဠန္ဓေဿာမိ- ဆင်အံ့၊ ဣတိ- ဤကား၊ အတ္ထော- အနက်တည်း။ ဩလောကေယျာတိ- ဩလော ကေယျဟူသည်ကား၊ တဝ- သင်၏၊ ဝစနေန- စကားကြောင့်၊ ပဘာဝတီ- ပဘာဝတီသည်၊ မံ- ငါ့ကို၊ သစေ ဩလောကေယျ- အကယ်၍ ကြည့်ငြားအံ့၊ တွံ- သင်သည်၊ မံ- ငါ့ကို၊ တာယ- ထိုပဘာဝတီကို၊ ဩလောကာပေတုံ- ကြည့်စေခြင်းငှာ၊ သစေ သက္ခိဿသိ- အကယ်၍စွမ်းနိုင်အံ့၊ ဣတိ- ဤကား၊ အတ္ထော- အနက်တည်း။ "အာလပေယျာ" တိ အာဒီသုပိ- အာလပေယျ ဤသို့အစရှိသည်တို့၌လည်း၊ ဧသေဝ နယော- ဤနည်းပင်တည်း။ ပန- အဖို့တစ်ပါးကား၊ ဧတ္ထ- ဤစကား ရပ်၌၊ ဥမှာယေယျာတိ- ဥမှာယေယျ ဟူသည်ကား၊[၁] မန္ဒဟသိတဝသေန- ညင်းညင်းရယ်ခြင်း၏ အစွမ်းအားဖြင့်၊ ပရိဟာသေယျ- ရယ်ငြားအံ့။ ပမှာယေယျာတိ- ပမှာယေယျဟူသည်ကား၊ မဟာဟသိတဝသေန- ကျယ်စွာရယ်ခြင်း၏အစွမ်းအားဖြင့်၊ ပရိဟာသေယျ- ရယ်ငြားအံ့။

---

၁။ ဥမှာယေယျ- ဥ-ရှေ့ရှိသော မှိ-ဓာတ်၊ ကာရိုက် ဏေ-ပစ္စည်းဖြင့် ရုပ်ပြီး၏၊ ဥမှာပေယျ-ဟုလည်း မူကွဲရှိသေး၏၊ ဏာပေ-ပစ္စည်းဖြင့်ရုပ်ပြီး၏၊ ပမှာယေယျ-ပုဒ်နှင့် ယှဉ်၍ ကြည့်လျှင် ဥ နှင့် ပ-ဥပသာရပုဒ်တို့၏ အနက်ထူးခြားမှုကို တွေ့နိုင်ပါသည်။

## အထိန်းတော် ခုဇ္ဇာ၏ ကြိုးပမ်းချက်

သာ- ထိုအထိန်းတော်ခုဇ္ဇာသည်၊ တဿ- ထိုကုသမင်း၏၊ ဝစနံ- စကားကို၊ သုတွာ- ကြား၍၊ "ဒေဝ- အရှင်မင်းကြီး၊ တုမှေ- အရှင်မင်းကြီးတို့သည်၊ ဂစ္ဆထ- ကြွတော်မူပါကုန်လော့၊ ကတိပါဟစ္စယေန- နှစ်ရက် သုံးရက်လွန်သဖြင့်၊ နံ- ထိုမင်းသမီး ပဘာဝတီကို၊ တုမှာကံ- အရှင်မင်းကြီးတို့၏၊ ဝသေ- အလိုတော်၌၊ ကရိဿာမိ- ပြုပါအံ့၊ မေ- အကျွန်ုပ်၏၊ ပရက္ကမံ- လုံ့လကို၊ ပဿထ- ကြည့်တော်မူဦးလော့၊" ဣတိ- ဤသို့ ဝတွာ- ဆို၍၊ တံ ကာရဏိယံ- ထိုပြုအပ် သော အမှုကိစ္စ (ပြုဖွယ်ကိစ္စ)ကို၊ တီရေတွာ- ပြီးစေ၍၊ ပဘာဝတိယာ- ပဘာဝတီ၏၊ သန္တိကံ- အထံသို့၊ ဂန္တွာ- သွား၍၊ တဿာ- ထိုပဘာဝတီ၏၊ ဝသနဂဗ္ဘံ- နေရာတိုက်ခန်းကို၊ သောဓေန္တီဝိယ- သုတ်သင်သကဲ့သို့၊ ပဟရဏယောဂ္ဂံ- ပုတ်ခတ်ခြင်းငှာ သင့်တော်သော၊ လေဍ္ဍုခဏ္ဍမ္ပိ- ခဲအပိုင်းအပြတ်ကိုလည်း၊ အသေသေတွာ- မကျန် (မကြွင်း)စေမူ၍၊ အန္တမသော- အယုတ်ဆုံးအားဖြင့်၊ ပါဒုကာပိ- ခြေနင်းတို့ကိုလည်း၊ နီဟရိတွာ- ထုတ်၍၊ သကလဂဗ္ဘံ- အလုံးစုံသော တိုက်ခန်းကို၊ သမ္မဇ္ဇိတွာ- တံမြက်လှည်း၍၊ ဂဗ္ဘဒွါရေ- တိုက်ခန်း တံခါး၌၊ ဥမ္မာရံ- တံခါးခုံကို၊ အန္တရံ- အလယ်အကြား၌၊ ကတွာ- ပြု၍၊ ဥစ္စာသနံ- မြင့်သော နေရာကို၊ ပညပေတွာ- ခင်း၍၊ ပဘာဝတိယာ- ပဘာဝတီအား၊ ဧကံ- တစ်ခုသော၊ နီစပီဌကံ- နိမ့်သော အင်းပျဉ်ကို၊ အတ္ထရိတွာ- ခင်း၍၊ "အမ္မ- ချစ်သမီး၊ ဧဟိ- လာလှည့်၊ [နှာ-၃၁၆] တေ- သင်၏၊ သီသေ- ဦးခေါင်း၌၊ ဦကာ- သန်းတို့ကို၊ ဝိစိနိဿာမိ- ရှာအံ့၊" ဣတိ- ဤသို့ ဆို၍၊ တံ- ထိုပဘာဝတီကို၊ တတ္ထ ပီဌကေ- ထိုနိမ့်သော အင်းပျဉ်၌၊ နိသီဒါပေတွာ- နေစေ၍၊ အတ္တနော- မိမိ၏၊ ဦရုအန္တရေ- ပေါင်ပေါ်၌၊ တဿာ- ထိုပဘာဝတီ၏၊ သီသံ- ဦးခေါင်းကို၊ ဌပေတွာ- ထား၍၊ ထောကံ- အတန်ငယ် (အနည်းငယ်)၊ ကဏ္ဍုယိတွာ- ယားစေ ၍၊ "ဣမိဿာ- ဤပဘာဝတီ၏၊ သီသေ- ဦးခေါင်း၌၊ ဦကာ- သန်းတို့သည်၊ အဟော ဗဟူ- များကုန်စွတကား၊" ဣတိ- ဤသို့ (ဝတွာ- ဆို၍၊) သကသီသ တော- မိမိဦးခေါင်းမှ၊ ဦကာ- သန်းတို့ကို၊ ဂဟေတွာ- ယူ၍၊ တဿာ- ထိုပဘာဝတီ၏၊ ဟတ္ထေ- လက်၌၊ ဌပေတွာ- ထားပြီး၍၊ "တေ- သင်၏၊ သီသေ- ဦးခေါင်း၌၊ ကိတ္တကာ- အဘယ်မျှအတိုင်းအရှည်ရှိကုန်သော၊ ဦကာ- သန်းတို့ကို၊ ပဿ- ရှုပါလော့၊" ဣတိ- ဤသို့၊ ပိယကထံ- ချစ်ဖွယ်သော

စကားကို၊ ကထေတွာ- ပြောဆို၍၊ မဟာသတ္တသာ- ဘုရားလောင်းကုသမင်း၏၊ ဂုဏံ- ဂုဏ်ကျေးဇူးကို၊ ကထေန္တီ- ပြောလိုသည်ဖြစ်၍ -"န ဟိ နူနာယံ ရာဇပုတ္တီ၊ (ပ) ဝေတနေန အနတ္ထိကော"တိ- "န ဟိ နူနာယံ ရာဇပုတ္တီ၊ (ပ) ဝေတနေန အနတ္ထိကော" ဟူသော၊ ဂါထံ- ဂါထာကို၊ အာဟ- ဆိုပြီ။

၁၉။ အယံ ရာဇပုတ္တီ- ဤမင်းသမီးသည်၊ အာဠာရိကော- စဖိုသည်အဖြစ်သို့ ကပ်ရောက်သော၊ ဘတော- သူခစားဖြစ်သော၊ ပေါသေ- ကျွေးမွေးပြုစုသော၊ ဝေတနေန- အခဖြင့်၊ အနတ္ထိကော- အလိုမရှိသော၊ ကုသေ- ကုသမင်း၌ (ဝါ) ကုသမင်း၏အထံ၌၊ သာတမ္ပိ- အနည်းငယ်သော သာယာဖွယ်ကိုမျှလည်း၊ န ဟိ ဝိန္ဒတိနူန- မရလေယောင်တကား။

တဿ- ထို န ဟိ နူနာယံ စသောဂါထာ၏၊ အတ္ထော- အနက်ကို၊ (ဇဝံ- ဤသို့၊ ဝေဒိတဗ္ဗော- သိအပ်၏၊) ဧကံသေန- စင်စစ်အားဖြင့်၊ အယံ ရာဇပုတ္တီ- ဤမင်းသမီးသည်၊ ပုဗ္ဗေ- ရှေး၌၊ ကုသာဝတီနဂရေ- ကုသာဝတီမြို့၌၊ ကုသနရိန္ဒဿ- ကုသမင်း၏၊ သန္တိကေ- အထံ၌၊ မာလာဂန္ဓဝိလေပနဝတ္ထာ လင်္ကာရဝသေန- ပန်းနံ့သာ နံ့သာပြောင်း အဝတ် အဆင် တန်ဆာ၏ အစွမ်း အားဖြင့်၊ အပ္ပမတ္တကမ္ပိ- အနည်းငယ်မျှလည်းဖြစ်သော၊ သာတံ- သာယာဖွယ် ကို၊ န ဝိန္ဒတိ န လဘတိ- မရ၊ တမ္ဗူလမတ္တမ္ပိ- ကွမ်းယာမျှကိုသော်လည်း၊ ဧတေန- ထိုကုသမင်းသည်၊ ဧတိဿာ- ဤမင်းသမီးအား၊ ဒိန္နပုဗ္ဗံ- ပေးအပ်ခဲ့ဖူးသည်၊ န ဘဝိဿတိ- မဖြစ်လတ္တံ့။ ကိံ ကာရဏာ- အဘယ်အကြောင်း ကြောင့်နည်းဟူမူကား၊ ဣတ္ထိယော နာမ- မိန်းမတို့မည်သည်၊ ဧကဒိဝသမ္ပိ- တစ်နေ့ပတ်လုံးလည်း၊ အက္ခိ- ရင်ခွင်ကို၊ အဝတ္ထရိတွာ- ဖြန့်၍၊ နိပန္နသာမိကမ္ပိ- လျောင်းသောလင်သား၌၊ ဟဒယံ- နှလုံးကို၊ ဘိန္ဒိတုံ- ခွဲခြင်းငှာ၊ န သက္ကောန္တိ- မတတ်နိုင်ကုန်၊ အယံ ပန- ဤမင်းသမီးသည်ကား၊ အာဠာရိကော- စားဖိုသည်ဖြစ်သော၊ ဘတော- သူခစားဖြစ်သော၊[၁] ပေါသေ- မွေးမြူတတ် သော၊ အာဠာရိကတ္တဥ္စ- စားဖိုသည်၏အဖြစ်သို့ လည်းကောင်း၊

---

၁။ အာဠာရိကော ဘတော-ကို အာဠာရိကတ္တဉ္စ ဘတကတ္တဉ္စ ဉပဂတော-ဟု ဖွင့်ခြင်း ဖြစ်သည်၊ စဖိုသည်မဟုတ်ဘဲလျက် စဖိုသည်ဖြစ်နေသော ကုသမင်းဟု ဆိုလိုသည်။

ဘတကတ္တဥ္စ- သူခစား၏အဖြစ်သို့လည်းကောင်း၊ ဥပဂတေ- ကပ်ရောက်သော၊ မူလေနပိ- အဖိုးအခဖြင့်လည်း၊ အနတ္ထိကေ- အလိုမရှိသော၊ ကေဝလံ- သက်သက်၊ တံ ယေဝ- သူမကိုသာလျှင်၊ နိဿာယ- မှီ၍၊ ရဇ္ဇံ- မင်းအဖြစ်ကို၊ ပဟာယ- စွန့်၍၊ အာဂန္တွာ- လာလတ်၍၊ ဧဝံ- ဤသို့ ဒုက္ခံ- ဆင်းရဲကို၊ အနုဘဝန္တေ- ခံစား၍ နေသော၊ ဧတသ္မိံ ပုရိသေ- ထိုယောကျ်ား၌၊ ပဋိသန္ထာရမတ္တမ္ပိ- စကားတို့ ပြောဆိုခြင်းမျှကိုသော်လည်း၊ န ကရောတိ- မပြု၊ အမ္မ- သမီးတော်၊ တေ- ရှင်မအား၊ တသ္မိံ- ထိုယောကျ်ား၌၊ သိနေဟော- ချစ်ခြင်းသည်၊ သစေ နတ္ထိ- အကယ်၍ပင် မရှိပါသော်လည်း၊ သကလဇမ္ဗုဒီပေ- အလုံးစုံသော ဇမ္ဗူဒိပ်၌၊ အဂ္ဂရာဇာ- အမြတ်ဆုံးဖြစ်သော မင်းသည်၊ မံ- ငါ့ကို၊ နိဿာယ- မှီ၍၊ ကိလမ တိ- ပင်ပန်းဆင်းရဲ၏၊ ကတိ- ဤသို့တွေး၍၊ တဿ- ထိုကုသမင်းအား၊ ကိဉ္စိဒေဝ- တစ်စုံတစ်ခုကိုပင်လျှင်၊ ဒါတုံ- ပေးခြင်းငှာ၊ အရဟသိ- ထိုက်၏၊ ကတိ- ဤကား၊ အတ္ထော- အနက်တည်း။

ခုဇ္ဇာကို ကြိမ်းမောင်းပုံ

သာ- ထိုပဘာဝတီသည်၊ တံ- ထိုစကားကို၊ သုတွာ- ကြား၍၊ ခုဇ္ဇာယ- အထိန်းတော် ခုဇ္ဇာ၌၊ ကုဇ္ဈိ- အမျက်ထွက်ပြီ၊ အထ- ထိုသို့ အမျက်ထွက်သော အခါ၌၊ နံ- ထိုပဘာဝတီကို၊ ခုဇ္ဇာ- အထိန်းတော်ခုဇ္ဇာသည်၊ ဂီဝါယံ- လည်ပင်း၌၊ ဂဟေတွာ- ကိုင်၍၊ အန္တောဂဗ္ဘေ- တိုက်ခန်းအတွင်း၌၊ ခိပိတွာ- ပစ်လိုက်၍၊ သယံ- မိမိသည်၊ ဗဟိ- အပ၌၊ ဟုတွာ- ဖြစ်၍၊ ဒွါရံ- တံခါးကို၊ ပိဓာယ- ပိတ်၍၊ အာဝိဉ္ဆနရဇ္ဇုမှိ- (တံခါးရွက်စသည်တို့ကို) ဆွဲငင်ကြောင်းဖြစ်သော ကြိုး၌၊ ဩလမ္ဗန္တီ- တွဲလျားဆွဲလျက်၊ အဋ္ဌာသိ- ရပ်တည်ပြီ၊ ပဘာဝတီ- ပဘာဝတီသည်၊ တံ- ထိုခုဇ္ဇာကို၊ ဂဟိတုံ- ဖမ်းခြင်းငှာ၊ အသက္ကောန္တီ- မတတ်နိုင်သည်ဖြစ်၍၊ ဒွါရမူလေ- တံခါးအနီး (တံခါးဝ)၌၊ ဌတွာ- ရပ်၍၊ အက္ကောသန္တီ- ဆဲရေးလိုသည်ဖြစ်၍-"န ဟိ နူနာယံ သာ ခုဇ္ဇာ၊ (ပ) ဧဝံ ဒုဗ္ဘာသိတံ ဘဏေ"န္တိ- "န ဟိ နူနာယံ သာ ခုဇ္ဇာ၊ (ပ) ဧဝံ ဒုဗ္ဘာသိတံ ဘဏေ"ဟူသော၊ ဣတရံ- တစ်ပါးသော၊ ဂါထံ- ဂါထာကို၊ အာဟ- ဆိုပြီ။

၂၀။ ဧဝံ- ဤသို့ န ဟိ နူနာယံ ရာဇပုတ္တီ အစရှိသော အပြား အားဖြင့်၊ ဒုဗ္ဘာသိတံ- မကောင်းသောသဖြင့် ဆိုအပ်သော စကားကို၊ ဘဏေ-

ဆိုသော၊ အယံ ခုဇ္ဇာ- ဤခုဇ္ဇာသည်၊ သုနိသိတေန- ကောင်းစွာ သွေးအပ်သော၊ သတ္ထေန- ဓားဖြင့်၊ ဇိဝှါယ- လျှာ၏၊ ဆေဒနံ- ဖြတ်ခြင်းကို၊ န ဟိ နူန လဘတိ- မရလတ္တံ့ လော၊ လဘိဿတိ ဧဝ- ရလတ္တံ့သည်သာ လျှင်တည်း။

တတ္ထ- ထိုန ဟိ နူနာယံစသော ဂါထာ၌၊ သုနိသိတေနာတိ- သုနိသိတေန ဟူသည်ကား၊ သုဋ္ဌု- ကောင်းစွာ၊ နိသိတေန- သွေးထားအပ်သော၊ တိခိဏ သတ္ထေန- ထက်သောဓားဖြင့်။ ဧဝံ ဒုဗ္ဘာသိတန္တိ- ဧဝံ ဒုဗ္ဘာသိတံ ဟူသည်ကား၊ ဧဝံ- ဤသို့၊ အသောတဗ္ဗယုတ္တကံ- နားမထောင်အပ်ခြင်းနှင့် ယှဉ်စပ်သော၊ ဒုဗ္ဘာသိတံ- မကောင်းသောစကားကို၊ ဘဏန္တိ- ဆိုတတ်သော။

## ခုဇ္ဇာ ကြုံးဝါးသံ

အထ- ထိုသို့ပဘာဝတီဆဲရေးသောအခါ၌၊ ခုဇ္ဇာ- အထိန်းတော် ခုဇ္ဇာသည်၊ အာဝိဠနရဇ္ဇု- တံခါးလှည့်ကြိုးကို၊ ဂဟေတွာ- ယူ(ဆွဲ)၍၊ ဠှိတာဝ- ရပ်လျက်သာလျှင်၊ "နိပ္ပညေ- ပညာမရှိသော၊ ဒုဗ္ဗိနီတေ- ခဲယဉ်းသဖြင့် ဆုံးမအပ်သော သူငယ်မ၊ တဝ- သင့်အား၊ ရူပံ- အဆင်းသည်၊ ကိံ ကရိဿတိ- အဘယ်သို့ ပြုလတ္တံ့နည်း၊ မယံ- ငါတို့သည်၊ တဝ- သင်၏၊ ရူပံ- အဆင်းကို၊ ခါဒိတွာ- စား၍၊ ကိံ ယာပေဿာမ- မျှတစေရကုန်အံ့လော့၊" ဣတိ- ဤသို့၊ ဝတွာ- ဆို၍၊ [နှာ-၃၁၇] တေရသဟိ- တစ်ဆယ့် သုံးခုကုန်သော၊ ဂါထာဟိ- ဂါထာတို့ဖြင့်၊ ဗောဓိသတ္တဿ- ဘုရားလောင်း ကုသမင်း၏၊ ဂုဏံ- ဂုဏ်ကျေးဇူးကို၊ ပကာသေန္တီ- ထင်ရှားပြုလျက်၊ ခုဇ္ဇာဂဇ္ဇိတံ နာမ- ခုဇ္ဇာ၏ ကြုံးဝါးခြင်း မည်သည်ကို၊ ဂဇ္ဇိ- ကြုံးဝါးပြီ၊ (ကိံ ဂဇ္ဇိ- အဘယ်သို့ ကြုံးဝါးသနည်း ဟူမူကား)-"မာနံ ရူပေန ပါမေသိ၊ (ပ) ကရဿု ရုစိရေ ပိယ"န္တိ- မာနံ ရူပေန ပါမေသိ၊ (ပ) ကရဿု ရုစိရေ ပိယံဟူကုန်သော၊ (ဣမာ တေရသဂါထာယော- ဤတစ်ဆယ့်သုံးဂါထာတို့ကို၊ အာဟ- ဆိုပြီ။)

၂၁။ ပဘာဝတိ- ရှင်မပဘာဝတီ၊ တွံ- ရှင်မသည်၊ အတ္တနော- မိမိ၏၊ ရူပေန စ- အဆင်းဖြင့်လည်းကောင်း၊ အာရောဟေန စ- လုံးရပ်သဏ္ဌာန် ကြန်အင်လက္ခဏာဖြင့်လည်းကောင်း၊ နံ- ထိုကုသမင်းမြတ်ကို၊ မာ ပါမေသိ- မနှိုင်းယှဉ်ပါလင့်၊ မဟာယသောတိ- ကြီးသောအာနုဘော်ရှိသော

မင်းပေတည်း ဟူ၊ ဟဒယေ- နှလုံး၌၊ ကတွာန- ပြု၍၊ ရုစိရေ- ချစ်အပ်သော ကုသမင်း၌၊ ပိယံ- ချစ်ခြင်းကို၊ ကရဿု- ပြုလော့။

၂၂။ ပဘာဝတိ- ရှင်မပဘာဝတီ၊ တွံ- ရှင်မသည်၊ အတ္တနော- မိမိ၏၊ ရူပေန စ- အဆင်းဖြင့်လည်းကောင်း၊ အာရောဟေန စ- လုံးရပ်သဏ္ဌာန် ကြန်အင် လက္ခဏာဖြင့်လည်းကောင်း၊ နံ- ထိုကုသမင်းမြတ်ကို၊ မာ ပါမေသိ- မနှိုင်းယှဉ် ပါလင့်၊ မဟဒ္ဓနောတိ- များသောဥစ္စာနှစ်ရှိသော မင်းပေတည်းဟူ၊ ဟဒယေ- နှလုံး၌၊ ကတွာန- ပြု၍၊ ရုစိရေ- ချစ်အပ်သော ကုသမင်း၌၊ ပိယံ- ချစ်ခြင်းကို၊ ကရဿု- ပြုလော့။

၂၃။ ပဘာဝတိ- ရှင်မပဘာဝတီ၊ တွံ- ရှင်မသည်၊ အတ္တနော- မိမိ၏၊ ရူပေန စ- အဆင်းဖြင့်လည်းကောင်း၊ အာရောဟေန စ- လုံးရပ်သဏ္ဌာန် ကြန်အင်လက္ခဏာဖြင့်လည်းကောင်း၊ နံ- ထိုကုသမင်းမြတ်ကို၊ မာ ပါမေသိ- မနှိုင်းယှဉ်ပါလင့်၊ မဟဗ္ဗလောတိ- ခွန်အားကြီးသော မင်းပေတည်းဟူ၊ ဟဒယေ- နှလုံး၌၊ ကတွာန- ပြု၍၊ ရုစိရေ- ချစ်အပ်သော ကုသမင်း၌၊ ပိယံ- ချစ်ခြင်းကို၊ ကရဿု- ပြုလော့။

၂၄။ ပဘာဝတိ- ရှင်မပဘာဝတီ၊ တွံ- ရှင်မသည်၊ အတ္တနော- မိမိ၏၊ ရူပေန စ- အဆင်းဖြင့်လည်းကောင်း၊ အာရောဟေန စ- လုံးရပ် သဏ္ဌာန်ကြန်အင် လက္ခဏာဖြင့်လည်းကောင်း၊ နံ- ထိုကုသမင်းမြတ်ကို၊ မာ ပါမေသိ- မနှိုင်းယှဉ် ပါလင့်၊ မဟာရဋ္ဌောတိ- ပြန့်ပြောသော တိုင်းနိုင်ငံရှိသော မင်းပေတည်းဟူ၊ ဟဒယေ- နှလုံး၌၊ ကတွာန- ပြု၍၊ ရုစိရေ- ချစ်အပ်သော ကုသမင်း၌၊ ပိယံ- ချစ်ခြင်းကို၊ ကရဿု- ပြုလော့။

၂၅။ ပဘာဝတိ- ရှင်မပဘာဝတီ၊ တွံ- ရှင်မသည်၊ အတ္တနော- မိမိ၏၊ ရူပေန စ- အဆင်းဖြင့်လည်းကောင်း၊ အာရောဟေန စ- လုံးရပ်သဏ္ဌာန် ကြန်အင် လက္ခဏာဖြင့်လည်းကောင်း၊ နံ- ထိုကုသမင်းမြတ်ကို၊ မာ ပါပေသိ- မနှိုင်းယှဉ်ပါ လင့်၊ မဟာရာဇာတိ- အလုံးစုံသော ဇမ္ဗူဒိပ်ကျွန်း၌ မြတ်သော မင်းပေတည်းဟူ၊ ဟဒယေ- နှလုံး၌၊ ကတွာန- ပြု၍၊ ရုစိရေ- ချစ်အပ်သော ကုသမင်း၌၊ ပိယံ- ချစ်ခြင်းကို၊ ကရဿု- ပြုလော့။

၂၆။ ပဘာဝတိ- ရှင်မပဘာဝတီ၊ တွံ- ရှင်မသည်၊ အတ္တနော- မိမိ၏၊ ရူပေန စ- အဆင်းဖြင့်လည်းကောင်း၊ အာရောဟေန စ- လုံးရပ်သဏ္ဍာန်ကြန်အင် လက္ခဏာဖြင့်လည်းကောင်း၊ နံ- ထိုကုသမင်းမြတ်ကို၊ မာ ပါမေသိ- မနှိုင်းယှဉ်ပါလင့်၊ သီဟဿရောတိ- ခြင်္သေ့မင်း၏အသံနှင့် တူသော အသံရှိသော မင်းပေတည်းဟု၊ ဟဒယေ- နှလုံး၌၊ ကတွာန- ပြု၍၊ ရုစိရေ- ချစ်အပ်သော ကုသမင်း၌၊ ပိယံ- ချစ်ခြင်းကို၊ ကရဿု- ပြုလော့။

၂၇။ ပဘာဝတိ- ရှင်မပဘာဝတီ၊ တွံ- ရှင်မသည်၊ အတ္တနော- မိမိ၏၊ ရူပေန စ- အဆင်းဖြင့်လည်းကောင်း၊ အာရောဟေန စ- လုံးရပ် သဏ္ဍာန်ကြန်အင် လက္ခဏာဖြင့်လည်းကောင်း၊ နံ- ထိုကုသမင်းမြတ်ကို၊ မာ ပါမေသိ- မနှိုင်းယှဉ်ပါလင့်၊ ဝဂ္ဂုဿရောတိ- တင့်တယ်စံပယ်သော အသံရှိသော မင်းပေတည်းဟု၊ ဟဒယေ- နှလုံး၌၊ ကတွာန- ပြု၍၊ ရုစိရေ- ချစ်အပ်သော ကုသမင်း၌၊ ပိယံ- ချစ်ခြင်းကို၊ ကရဿု- ပြုလော့။

၂၈။ ပဘာဝတိ- ရှင်မပဘာဝတီ၊ တွံ- ရှင်မသည်၊ အတ္တနော- မိမိ၏၊ ရူပေန စ- အဆင်းဖြင့်လည်းကောင်း၊ အာရောဟေန စ- လုံးရပ် သဏ္ဍာန်ကြန်အင် လက္ခဏာဖြင့်လည်းကောင်း၊ နံ- ထိုကုသမင်းမြတ်ကို၊ မာ ပါမေသိ- မနှိုင်းယှဉ် ပါလင့်၊ ဗိန္ဒုဿရောတိ- တစ်ခဲနက်သော အသံရှိသော မင်းပေတည်းဟု၊ ဟဒယေ- နှလုံး၌၊ ကတွာန- ပြု၍၊ ရုစိရေ- ချစ်အပ်သော ကုသမင်း၌၊ ပိယံ- ချစ်ခြင်းကို၊ ကရဿု- ပြုလော့။

၂၉။ ပဘာဝတိ- ရှင်မပဘာဝတီ- တွံ- ရှင်မသည်၊ အတ္တနော- မိမိ၏၊ ရူပေန စ- အဆင်းဖြင့်လည်းကောင်း၊ အာရောဟေန စ- လုံးရပ် သဏ္ဍာန်ကြန်အင် လက္ခဏာဖြင့်လည်းကောင်း၊ နံ- ထိုကုသမင်းမြတ်ကို၊ မာ ပါမေသိ- မနှိုင်းယှဉ် ပါလင့်၊ မဉ္ဇုဿရောတိ- ကောင်းသောအသံရှိသော မင်းပေတည်းဟု၊ ဟဒယေ- နှလုံး၌၊ ကတွာန- ပြု၍၊ ရုစိရေ- ချစ်အပ်သော ကုသမင်း၌၊ ပိယံ- ချစ်ခြင်းကို၊ ကရဿု- ပြုလော့။

၃၀။ ပဘာဝတိ- ရှင်မပဘာဝတီ၊ တွံ- ရှင်မသည်၊ အတ္တနော- မိမိ၏၊ ရူပေန စ- အဆင်းဖြင့်လည်းကောင်း၊ အာရောဟေန စ- လုံးရပ်သဏ္ဍာန်

ကြန်အင်လက္ခဏာဖြင့်လည်းကောင်း၊ နံ- ထိုကုသမင်းမြတ်ကို၊ မာ ပါမေသိ- မနှိုင်းယှဉ် ပါလင့်၊ မဓုဿရောတိ- သာယာသောအသံရှိသော မင်းပေတည်းဟု၊ ဟဒယေ- နှလုံး၌၊ ကတွာန- ပြု၍၊ ရုစိရေ- ချစ်အပ်သော ကုသမင်း၌၊ ပိယံ- ချစ်ခြင်းကို၊ ကရဿု- ပြုလော့။

၃၁။ ပဘာဝတိ- ရှင်မပဘာဝတီ၊ တွံ- ရှင်မသည်၊ အတ္တနော- မိမိ၏၊ ရူပေန စ- အဆင်းဖြင့်လည်းကောင်း၊ အာရောဟေန စ- လုံးရပ်သဏ္ဌာန် ကြန်အင် လက္ခဏာဖြင့်လည်းကောင်း၊ နံ- ထိုကုသမင်းမြတ်ကို၊ မာ ပါမေသိ- မနှိုင်းယှဉ် ပါလင့်၊ သတသိပ္ပေါတိ- သင်အပ်ပြီးသော အရာမကသော အတတ်ရှိသော မင်းပေတည်းဟု၊ ဟဒယေ- နှလုံး၌၊ ကတွာန- ပြု၍၊ ရုစိရေ- ချစ်အပ်သော ကုသမင်း၌၊ ပိယံ- ချစ်ခြင်းကို၊ ကရဿု- ပြုလော့။

၃၂။ ပဘာဝတိ- ရှင်မပဘာဝတီ၊ တွံ- ရှင်မသည်၊ အတ္တနော- မိမိ၏၊ ရူပေန စ- အဆင်းဖြင့်လည်းကောင်း၊ အာရောဟေန စ- လုံးရပ်သဏ္ဌာန် ကြန်အင် လက္ခဏာဖြင့်လည်းကောင်း၊ နံ- ထိုကုသမင်းမြတ်ကို၊ မာ ပါမေသိ- မနှိုင်းယှဉ်ပါလင့်၊ ခတ္တိယောတိ- မပြတ်သော ဥက္ကာကရာဇ် မင်းမျိုးမှဖြစ်သော မင်းပေတည်းဟု၊ ဟဒယေ- နှလုံး၌၊ ကတွာန- ပြု၍၊ ရုစိရေ- ချစ်အပ်သော ကုသမင်း၌၊ ပိယံ- ချစ်ခြင်းကို၊ ကရဿု- ပြုလော့။

[နှာ-၃၁၈] ၃၃။ ပဘာဝတိ- ရှင်မပဘာဝတီ၊ တွံ- ရှင်မသည်၊ အတ္တနော- မိမိ၏၊ ရူပေန စ- အဆင်းဖြင့်လည်းကောင်း၊ အာရောဟေန စ- လုံးရပ် သဏ္ဌာန်ကြန်အင် လက္ခဏာဖြင့်လည်းကောင်း၊ နံ- ထိုကုသမင်းမြတ်ကို၊ မာ ပါမေသိ- မနှိုင်းယှဉ်ပါလင့်၊ ကုသရာဇာတိ- သိကြားနတ်မင်းပေးသော သမန်းမြက်၏ အမည်နှင့်တူသော အမည်ရှိသော ကုသမင်းမြတ်ပေတည်းဟု၊ ဟဒယေ- နှလုံး၌၊ ကတွာန- ပြု၍၊ ရုစိရေ- ချစ်အပ်သော ကုသမင်း၌၊ ပိယံ- ချစ်ခြင်းကို၊ ကရဿု- ပြုလော့။

တတ္ထ- ထို "မာ နံ" စသော ဂါထာတို့၌၊ မာ နံ ရူပေန ပါမေသိ အာရောဟေန ပဘာဝတီတိ- မာ နံ ရူပေန ပါမေသိ၊ အာရောဟေန ပဘာဝတိ ဟူသည်ကား၊

အရေ ပဘာဝတိ- ဟယ်ပဘာဝတီ၊ တွံ- သင်သည်၊ ဧတံ ကုသနရိန္ဒံ- ထိုကုသမင်းကို၊ အတ္တနော- မိမိ၏၊ ရူပေန- ရုပ်အဆင်းဖြင့်၊ အာရောဟပရိဏာ ဟေန- အရပ်အမောင်းဖြင့်၊ မာ ပမိနိ- မနှိုင်းချိန်ပါနှင့်၊ ဧဝံ- ဤသို့ ပမာဏံ- နှိုင်းချိန်ခြင်းကို၊ မာ ဂဏှိ- မယူပါနှင့်။ မဟာယသောတိ- မဟာယသော ဟူသည်ကား၊ သော- ထိုကုသမင်းသည်၊ မဟာနုဘာဝေါ- ကြီးသောအာနုဘော် ရှိ၏၊ ကတ္တိ ဧဝံ- ဤသို့၊ ဟဒယေ- စိတ်၌၊ ကတွာန- ပြု၍၊ ရုစိရေ- နှစ်သက်ဖွယ် ကောင်းသော၊ ပိယဒဿနေ- နှစ်သက်ဖွယ် အဆင်းရှိသော ကုသမင်း၌၊ ပိယံ- ချစ်ခြင်းကို၊ ကရဿု- ပြုလော့။ (တစ်နည်းကား= ရုစိရေ- ရုစိရဿ- နှစ်သက်ဖွယ် ကောင်းသော၊ ပိယဒဿနေ- ပိယဒဿနဿ- နှစ်သက်ဖွယ်သော အဆင်း ရှိသော၊ တဿ- ထိုကုသမင်းကို၊ ပိယံ- ချစ်ခြင်းကို၊ ကရဿု- ပြုလော့။)[1] ဟိ- မှန်၏၊ အဿ- ထိုကုသမင်း၏၊ ရူပံ- ရုပ်အဆင်းသည်၊ အာနုဘာဝေါယေဝ- ကြီးမားသော အာနုဘော် ရှိသည်သာ၊ ကတ္တိ- ဤသို့ ဝဒတိ- ဆို၏။ သဗ္ဗတ္ထ- အလုံးစုံ၌၊ ဧသ နယော- ဤနည်းပင်တည်း။ အပိ စ- တစ်နည်းသော်ကား၊ မဟာယသောတိ- မဟာယသောဟူသည်ကား၊ မဟာပရိဝါရော- များသော အခြံအရံရှိသော။ မဟဒ္ဓနောတိ- မဟဒ္ဓနော ဟူသည်ကား၊ မဟာဘောဂေါ- များသော ဥစ္စာရှိသော။ မဟဗ္ဗလောတိ- မဟဗ္ဗလောဟူသည်ကား၊ မဟာထာမော- ကြီးမားသော အစွမ်းရှိသော။ မဟာရဋ္ဌောတိ- မဟာရဋ္ဌော ဟူသည်ကား၊ ဝိပုလရဋ္ဌော- ကြီးမားသော တိုင်းနိုင်ငံရှိသော။ မဟာရာဇာတိ- မဟာရာဇာ ဟူသည်ကား၊ သကလ ဇမ္ဗုဒီပေ- အလုံးစုံသော ဇမ္ဗူဒိပ်ကျွန်း၌၊ အဂ္ဂရာဇာ- အမြတ်ဆုံးမင်းဖြစ်သော။ သီဟဿရောတိ- သီဟဿရောဟူသည်ကား၊ သီဟသဒ္ဒသမာနသဒ္ဒေါ- ခြင်္သေ့မင်း၏ အသံနှင့်တူသော အသံရှိသော။ ဝဂ္ဂုဿရောတိ- ဝဂ္ဂုဿရော ဟူသည်ကား၊ လီလာယုတ္တဿရော- စွဲမက်ဖွယ်အမူအရာနှင့် ယှဉ်သော

---

၁။ ရုစိရေ- ရုစ-ဓာတ် က္က-သရခံ၍ ရ-ပစ္စည်းဆက်၊ နှစ်သက်ဖွယ် ကောင်းသောဟု အနက်ရ၏၊ ၎င်းကို ပိယဒဿနေဟု ဖွင့်သည်၊ ပိယ-ချစ်အပ်သော၊ ဒဿန-အဆင်း (ရှိသူ) ချစ်ဖွယ်ကောင်းသောဟု အဓိပ္ပါယ်ရသည်၊ အဋ္ဌကထာ၌ ဘဿ-ဟု ပိယံ၏ ကံပုဒ်ကို ထည့်ဖွင့်ထားသည်၊ ရုစိရေ-၌ သတ္တမီဝိဘတ်ကို ဆဋ္ဌီအနက်ဟု ယူလိုသည်။

အသံရှိသော။ ဗိန္ဒုဿရောတိ- ဗိန္ဒုဿရောဟူသည်ကား၊ သမ္ပိဏ္ဍိတယနဿရော- ကောင်းစွာ ပေါင်းစုအပ် သော တစ်ခဲနက်သော အသံရှိသော။ မဉ္ဇုဿရောတိ- မဉ္ဇုဿရောဟူသည် ကား၊ သုန္ဒရဿရော- သာယာသော အသံရှိသော။ မဓုဿရောတိ- မဓုဿရောဟူသည်ကား၊ မဓုရယုတ္တဿရော- ချိုမြိန်ခြင်းနှင့် ယှဉ်သော အသံရှိသော။ သတသိပ္ပေါ်တိ- သတသိပ္ပေါ်ဟူသည်ကား၊ ပရေသံ- သူတစ်ပါးတို့၏၊ သန္တိကေ- အထံ၌၊ အသိက္ခိတွာ- မသင်ယူမူ၍၊ အတ္တနော- မိမိ၏၊ ဗလေနေဝ- အစွမ်းအားဖြင့်သာလျှင်၊ နိပ္ဖန္နအနေကသတသိပ္ပေါ- ပြီးပြည့်စုံသော အရာမက များစွာသော အတတ်ရှိသော။ ခတ္တိယောတိ- ခတ္တိယော ဟူသည်ကား၊ ဩက္ကာကပဝေဏိယံ- ဩက္ကာကမင်းဆက်၌၊ ဇာတော- ဖြစ်သော၊ အသမ္ဘိန္န ခတ္တိယော- စဉ်ဆက်မပြတ်သော မင်းမျိုး၌ဖြစ်သော။ ကုသရာဇာတိ- ကုသရာဇာဟူသည်ကား၊ သက္ကဒတ္တိယကုသတိဏသမာန နာမော- သိကြားမင်း ပေးအပ်သော သမန်းမြက်နှင့်တူသော နာမည်ရှိသော၊ ရာဇာ- မင်းတည်း။ ဟိ- မှန်၏၊ ဧဝရူပေါ- ဤသို့ သဘောရှိသော၊ အညော- အခြားသော၊ ရာဇာ နာမ- မင်းမည်သည်၊ နတ္ထိ- မရှိ၊ ဣတိ- ဤသို့၊ ဇာနိတွာ- သိ၍၊ ဧတဿ- ဤကုသမင်း ကို၊ ပိယံ- ချစ်ခြင်းကို၊ ကရောဟိ- ပြုလော့၊ ဣတိ- ဤသို့၊ ခုဇ္ဇာ- ကျွန်မသည်၊ ဧတ္တကာဟိ- ဤမျှလောက်ကုန်သော၊ ဂါထာဟိ- ဂါထာတို့ဖြင့်၊ တဿ- ထိုကုသမင်း၏၊ ဂုဏံ- ဂုဏ်ကို၊ ကထေသိ- ပြောဆိုပြီ။

ပဘာဝတီ တောင်းပန်ပြီ

ပဘာဝတီ- ပဘာဝတီသည်၊ တဿာ- ထိုအထိန်းတော် ခုဇ္ဇာ၏၊ ဝစနံ- စကားကို၊ သုတွာ- ကြား၍၊ "ခုဇ္ဇေ- ခုဇ္ဇာ၊ (တွံ- သင်သည်၊) အတိဝိယ- အလွန် လျှင်၊ ဂဇ္ဇသိ- ကြုံးဝါးဘိ၏တကား၊ ဟတ္ထေန- (ငါ၏) လက်သို့၊ ပါပုဏန္တိ- ရောက်သည်ရှိသော်၊ သဿာမိကဘာဝံ- အရှင်(လင်)ရှိသည်၏အဖြစ်ကို၊ တေ- သင့်အား၊ ဇာနာပေဿာမိ- သိစေအံ့၊" ဣတိ- ဤသို့၊ ခုဇ္ဇံ- ခုဇ္ဇာကို၊ တဇ္ဇေသိ- ခြိမ်းခြောက်ပြီ၊ သာပိ- ထိုခုဇ္ဇာသည်လည်း၊ တံ- ပဘာဝတီကို၊ (ဘာယာပေသိ- ၌စပ်၊) "အဟံ- ငါသည်၊ တံ- သင့် (ပဘာဝတီ)ကို၊ ရက္ခမာနာ- စောင့်ထိန်းသည် ရှိသော်၊ တေ- သင်၏၊ ပိတုနော- ခမည်းတော်အား၊ ကုသရာဇဿ- ကုသမင်း၏၊ အာဂတဘာဝံ- လာသည်၏အဖြစ်ကို၊ နာရောစေသိ- မကြားသိစေပြီ၊ ဟောတု-

ဖြစ်ပါစေ၊ အဇ္ဇ- ယနေ့၊ ရညော- အရှင်မင်းကြီးအား၊ အာရောစေဿာမိ- လျှောက်တင်အံ့" ဣတိ- ဤသို့ မဟန္တေန- ကျယ်စွာသော၊ သဒ္ဒေန- အသံဖြင့်၊ ဘယာပေသိ- ကြောက်စေပြီ၊ သာပိ- ထိုပဘာဝတီသည်လည်း၊ "ကောစိဒေဝ- တစ်စုံတစ်ယောက်သော သူသည်သာလျှင်၊ သုဏေယျ- ကြားရာ၏၊" ဣတိ- ဤသို့ ခုဇ္ဇံ- အထိန်းတော် ခုဇ္ဇာကို၊ သညာပေသိ- မှတ်သိစေပြီ။ (တောင်းပန်ပြီ)

## ခုနစ်ပြည်ထောင်မင်းတို့ လာတောင်းခြင်း

ဗောဓိသတ္တောပိ- ဘုရားလောင်းကုသမင်းသည်လည်း၊ တံ- ထိုပဘာဝတီ ကို၊ ပဿိတုံ- မြင်ခြင်းငှာ၊ အလဘန္တော- မရသည်ဖြစ်၍၊ သတ္တမာသေ- ခုနစ်လတို့ပတ်လုံး၊ ဒုဗ္ဘောဇနေန- မကောင်းသော အစာဖြင့်လည်းကောင်း၊ ဒုက္ခသေယျာယ- မကောင်း သောအိပ်ရာဖြင့်လည်းကောင်း၊ ကိလမန္တော- ပင်ပန်းလျက်၊ စိန္တေသိ- ကြံပြီ (ကိံ စိန္တေသိ- နည်းဟူမူကား၊) "မေ- ငါ့အား၊ ဧတာယ- ဤပဘာဝတီဖြင့်၊ ကော အတ္ထော- အဘယ် အကျိုးရှိအံ့နည်း၊ သတ္တမာသေ- ခုနစ်လတို့ပတ်လုံး၊ ဝသန္တော- နေပါလျက်၊ ဧတံ- ဤပဘာဝတီကို၊ ပဿိတုံ- မြင်ခြင်းငှာ၊ န လဘာမိ- မရ၊ အတိဝိယ- အလွန်လျှင်၊ ကက္ခဠာ- ကြမ်းတမ်း၏၊ (အတိဝိယ- အလွန်လျှင်၊) သာဟသိကာ- အနိုင်အထက် ပြုမူတတ်၏၊ (အဟံ- ငါသည်၊ နဂရံ- ကုသဝတီပြည်ကြီးသို့) ဂန္တ္ဝာ- သွား၍၊ မာတာပိတရော- မယ်တော် ခမည်းတော်တို့ကို၊ ပဿိဿာမိ- ဖူးမြင်အံ့၊" ဣတိ- ဤသို့ (စိန္တေသိ- ကြံတော်မူပြီ၊) တသ္မိံ ခဏေ- ထိုခဏ၌၊ သက္ကော- သိကြားနတ်မင်းသည်၊ အာဝဇ္ဇေန္တော- ဆင်ခြင်လတ်သော်၊ တဿ- ထိုကုသမင်း၏၊ ဥက္ကဏ္ဌိတဘာဝံ- ငြီးငွေ့သည်၏အဖြစ်ကို၊ ဉတ္វာ- သိ၍၊ "ရာဇာ- ကုသမင်း မြတ်သည်၊ သတ္တမာသေ- ခုနစ်လတို့ပတ်လုံး၊ ပဘာဝတိံ- ပဘာဝတီကို၊ ဒဋ္ဌုမ္ပိ- မြင်ခြင်းငှာလည်း၊ န လဘိ- မရပြီ၊ အဿ- ထိုကုသမင်းအား၊ လဘနာကာရံ- (ပဘာဝတီကို) ရခြင်း၏ အကြောင်း အခြင်းအရာကို၊ ကရိဿာမိ- ငါပြုအံ့၊" ဣတိ- ဤသို့ကြံ၍၊ မဒ္ဒရညော- မဒ္ဒရာဇ် မင်းကြီး၏၊ ဒူတေ- တမန်တို့ကို၊ ကတွာ- ပြု၍၊ [နှာ-၃၁၉] သတ္တန္နံ- ခုနစ်ပြည် ထောင်ကုန်သော၊ ရာဇူနံ- မင်းတို့အား၊ ဒူတံ- တမန်ကို၊ ပါဟေသိ- စေလွှတ်သည် ရှိသော်၊ "ပဘာဝတီ- ပဘာဝတီသည်၊ ကုသရာဇံ- ကုသမင်းကို၊ ဆဍ္ဍေတွာ- စွန့်ပစ်၍၊ အာဂတာ- လာပြီ၊ (တေ- သင်တို့သည်၊) အာဂစ္ဆန္တု- လာလှည့်ကုန်၊ ပဘာဝတိံ- ပဘာဝတီကို၊ ဂဏှန္တု-

ယူလှည့်ကြကုန်၊” ဣတိ- ဤသို့ ဧကေကဿ- တစ်ယောက် တစ်ယောက်သော မင်းအား၊ ဝိသုံ ဝိသုံ- အသီးအသီးဖြစ်သော၊ သာသနံ- သတင်းစကားကို၊ ပဟိဏိ- စေလွှတ်ပြီ၊ တေ- ထိုခုနစ် ပြည်ထောင်သော မင်းတို့သည်၊ မဟာပရိဝါရေန- များစွာသော အခြံအရံဖြင့်၊ ဂန္တွာ- သွားကုန်၍၊ နဂရံ- သာဂလမြို့သို့ ပတွာ- ရောက်ကုန်၍၊ အညမညဿ- တစ်ဦးသည်တစ်ဦးအား (အချင်းချင်းအား၊) အာဂတကာရဏံ- လာသောအကြောင်းကို၊ န ဇာနန္တိ- မသိကြကုန်။ တေ- ထိုခုနစ်ပြည်ထောင်သော မင်းတို့သည်၊ (ပရိဝါရယိသု- ၌စပ်) “တွံ- သင်သည်၊ ကသ္မာ- အဘယ့်ကြောင့်၊ အာဂတော- လာသနည်း၊ တွံ- သင်သည်၊ ကသ္မာ- အဘယ်ကြောင့်၊ အာဂတော- လာသည်၊ အသိ- ဖြစ်သနည်း၊” ဣတိ- ဤသို့ ပုစ္ဆိတွာ- အချင်းချင်း မေးကုန်၍၊ တမတ္ထံ- ထိုအကြောင်းကို၊ ဉတွာ- သိကုန်၍၊ ကုဒ္ဓိတွာ- အမျက်ထွက်ကြကုန်၍၊ “ဧကံ- တစ်ယောက်သော၊ ဓီတရံ- သမီးကို၊ သတ္တန္နံ- ခုနစ်ပြည်ထောင်သော မင်းတို့အား၊ ဒဿတိ ကိရ- ပေးလတ္တံ့သတတ်၊ အဿ- ထိုမဒ္ဒရာဇ်မင်း၏၊ အနာစာရံ- မပြုသင့်သော အကျင့်ကို၊ ပဿထ- ကြည့်ကြကုန်လော့၊ နော- ငါတို့ကို၊ ဥပ္ပဏ္ဍေတိ- ပြက်ရယ်ပြုဘိ၏။ နံ- ထိုမဒ္ဒရာဇ်မင်းကို၊ ဂဏှထ- ဖမ်းကြကုန်လော့” ဣတိ- ဤသို့ “သဗ္ဗေသမ္ပိ- အလုံးစုံလည်းဖြစ် ကုန်သော၊ အမှာကံ- ငါတို့အား၊ ပဘာဝတိံ ဝါ- ပဘာဝတီကိုလည်း၊ ဒေတု- ပေးမည် လော၊ ယုဒ္ဓံဝါ- စစ်ကိုလည်း၊ ဒေတု- (တိုက်)မည်လော၊” ဣတိ- ဤသို့၊ သာသနာနိ- သတင်းစကားတို့ကို၊ ပဟိဏိတွာ- စေလွှတ်၍၊ နဂရံ- မြို့ကို၊ ပရိဝါရယိသု- ဝန်းရံကုန်ပြီ။

## ခုပေးမှ ဖြစ်တော့မယ်

မဒ္ဒရာဇာ- မဒ္ဒရာဇ်မင်းကြီးသည်၊ သာသနံ- သတင်းစကားကို၊ သုတွာ- ကြားရ၍၊ ဘီတတသိတော- အလွန်ကြောက်လန့်သည်ဖြစ်၍၊ အမစ္စေ- အမတ်တော်တို့ကို၊ အာမန္တေတွာ- ခေါ်တော်မူ၍၊ “ကိံ ကရောမာ”တိ- “အဘယ် သို့ ပြုရကုန်အံ့နည်း”ဟု၊ ပုစ္ဆိ- မေးတော်မူပြီ၊ အထ- ထိုသို့မေးတော်မူသောအခါ၌၊ အမစ္စာ- အမတ်တော်တို့သည်၊ နံ- ထိုမဒ္ဒရာဇ်မင်းကြီးကို၊ “ဒေဝ- အရှင်မင်းမြတ်၊ သတ္တပိ ရာဇာနော- ခုနစ်ပြည် ထောင်မင်းတို့သည်လည်း၊ ပဘာဝတိံ- ပဘာဝတီ

ကို၊ နိသာယ- မှီ၍၊ အာဂတာ- လာရောက်ကြကုန်ပြီ၊ သစေ န ဒဿတိ- အကယ်၍ ပေးတော်မမူအံ့၊ ပါကာရံ- မြို့တော်တံတိုင်းကို၊ ဘိန္ဒိတွာ- ဖြိုဖျက်၍၊ နဂရံ- မြို့တွင်းသို့ ပဝိသိတွာ- ဝင်၍၊ ဇီဝိတက္ခယံ- အသက်ကုန်ခြင်းသို့ ပါပေတွာ- ရောက်စေ၍၊ တံ- ထိုတိုင်းပြည်ကို၊ ဂဏှိဿာမ- ယူကုန်အံ့၊ ဣတိ- ဤသို့ ဝဒန္တိ- ဆိုကုန်၏၊ ပါကာရေ- မြို့တံတိုင်းကို၊ အဘိန္နေယေဝ- မဖျက်ဆီး အပ်မီသာလျှင်၊ တေသံ- ထိုမင်းတို့အား၊ ပဘာဝတိံ- ပဘာဝတီကို၊ ပေသေဿာ မ- စေလွှတ်ကုန်အံ့" ဣတိ- ဤသို့ ဝတွာ- ဆို၍၊ (တံ- ထိုအကြောင်းကို၊ ဝဒန္တာ- လျှောက်တင် လိုကုန်သည်ဖြစ်၍)-"ဧတေ နာဂါ ဥပတ္ထဒ္ဓါ၊ (ပ) အာနေန္တွေ'တံ ပဘာဝတိ"န္တိ- ဧတေ နာဂါ ဥပတ္ထဒ္ဓါ၊ (ပ) အာနေန္တွေ'တံ ပဘာဝတိ-ဟူသော၊ ဂါထံ- ဂါထာကို၊ အာဟံသု- ဆိုကုန်ပြီ၊

၃၄။ မဟာရာဇ- အရှင်မင်းမြတ်၊ ဧတေ နာဂါ- ထိုခုနစ်ပြည်ထောင်သော မင်းတို့၏ဆင်တို့သည်၊ ဥပတ္ထဒ္ဓါ- အလွန်ခက်ထန်ကုန်၏၊ ဝမ္မိတာ- ချပ်မိန်ညို ဆင်ဝတ်ကုန်သော၊ သဗ္ဗေ- အလုံးစုံကုန်သော ခုနစ်ပြည်ထောင်မင်းတို့သည်၊ တိဋ္ဌန္တိ- မြို့ရင်းသို့ချဉ်းကပ်ထည့်ကုန်၏၊ ပါကာရံ- မြို့တော်တံတိုင်းကို၊ ပုရာမဒ္ဒန္တိ- မဖျက်ဆီးကုန်မီ၊ ဧတံ ပဘာဝတိံ- ဤပဘာဝတီကို၊ အာနေန္တု- ဆောင်စေကုန်။

တတ္ထ- ထို ဧတေ နာဂါ စသောဂါထာ၌၊ ဥပတ္ထဒ္ဓါတိ- ဥပတ္ထဒ္ဓါဟူသည် ကား၊ အတိထဒ္ဓါ- အလွန်ခက်ထန်ကုန်သော၊ ဒပ္ပိတာ- မာန်မာနထောင်လွှား ကုန်သော။ အာနေန္တွေ'တံ ပဘာဝတိန္တိ- အာနေန္တွေ'တံ ပဘာဝတိ ဟူသည် ကား၊ ဧတံ ပဘာဝတိံ- ထိုပဘာဝတီကို၊ အာနေန္တု- ဆောင်စေကုန်လော့၊ ဣတိ- ဤသို့၊ သာသနာနိ- သီတင်းစကားတို့ကို၊ ပဟိဏိံသု- စေကုန်ပြီ။ မဟာရာဇ- မြတ်သော မင်းကြီး၊ တသ္မာ- ထို့ကြောင့်၊ ယာဝ- အကြင်မျှလောက်၊ ဧတေ နာဂါ- ထို ခုနစ်ပြည်ထောင်မင်းတို့သည်၊ ပါကာရံ- မြို့တံတိုင်းကို၊ န မဒ္ဒန္တိ- မချေဖျက်ကုန်သေး၊ တာဝ- ထိုမျှလောက်၊ နေသံ- ထိုခုနစ်ပြည်ထောင်မင်းတို့အထံသို့၊ ပဘာဝတိံ- ပဘာဝတီကို၊ ပေသေဟိ- ပို့စေလော့။ ဣတိ- ဤကား၊ (အဓိပ္ပါယော- အဓိပ္ပါယ် တည်း။)

## ခုနစ်ပိုင်း ပိုင်းစေ

တံ- အမတ်တို့ လျှောက်တင်သော ထိုသတင်းစကားကို၊ သုတွာ- ကြားတော်မူ၍၊ ရာဇာ- မဒ္ဒရာဇ်မင်းကြီးသည်၊ "အဟံ- ငါသည်၊ ဧကဿ- တစ်ယောက်သော မင်းအား၊ ပဘာဝတိံ- ပဘာဝတီကို၊ သစေ ပေဿာမိ- အကယ်၍ စေလွှတ်ငြားအံ့၊ သေသာ- ကြွင်းကုန်သော မင်းတို့သည်၊ ယုဒ္ဓံ- စစ်ထိုးခြင်းကို၊ ကရိဿန္တိ- ပြုကုန်လတ္တံ့၊ ဧကဿ- တစ်ယောက်သော မင်းအား၊ ဒါတုံ- ပေးခြင်းငှာ၊ န သက္ကာ- မတတ်ကောင်း၊ သကလဇမ္ဗုဒီပေ- အလုံးစုံသော ဇမ္ဗူဒိပ် ကျွန်း၌၊ အဂ္ဂရာဇာနံ- မြတ်သောကုသမင်းကို "ဝိရူပေါ"တိ- အဆင်းမလှ၏ဟူ၍၊ ဆဍ္ဍေတွာ- စွန့်ပစ်၍၊ အာဂတာ- လာသည်ဖြစ်၍၊ အာဂမနဿ- လာခြင်း၏၊ ဖလံ- အကျိုးကို၊ လဘတု- ရစေသတည်း၊ နံ- ထိုပဘာဝတီကို၊ ဝဓိတွာန- သတ်၍၊ သတ္တခဏ္ဍာနိ- ခုနစ်ပိုင်းတို့ကို၊ ကတွာ- ပိုင်း(ပြု)၍၊ သတ္တန္နံ ခတ္တိယာနံ- ခုနစ် ပြည်ထောင်ကုန်သော မင်းတို့အား၊ ပေဿာမိ- ပို့လွှတ်စေအံ့" ဣတိ- ဤသို့ (ဝတွာ- ဆို၍၊ တံ- ထိုအကြောင်းကို) ဝဒန္တော- အမိန့်တော်ရှိသည်ဖြစ် ၍ - "သတ္တ ဗိလေ ကရိတွာန၊ (ပ) ယေ မံ ဟန္တုံ ဣဓာဂတာ"တိ- "သတ္တဗိလေ ကရိတွာန၊ (ပ) ယေ မံ ဟန္တုံ ဣဓာဂတာ"ဟူသော၊ အနန္တရံ- အခြားမဲ့ဖြစ်သော၊ ဂါထံ- ဂါထာကို၊ အာဟ- မိန့်တော်မူပြီ။

> ၃၅။ ဘောန္တော အမစ္စာ- အိုအမတ်အပေါင်းတို့၊ ယေ- အကြင် ခုနစ်ပြည်ထောင်သော မင်းတို့သည်၊ မံ- ငါ့ကို၊ ဟန္တုံ- သတ်အံ့သောငှာ၊ ဣဓ- ဤငါတို့ မဒ္ဒရာဇ်ပြည်သို့ အာဂတာ- လာရောက်ကြကုန်၏၊ တေသံ ခတ္တိယာနံ- ထိုခုနစ် ပြည်ထောင်သော မင်းတို့အား၊ ဧတံ ပဘာဝတိံ- ဤပဘာဝတီကို၊ သတ္တ ဗိလေ- ခုနစ်ပိုင်းပိုင်းသည်တို့ကို၊ ကရိတွာန- ပြု၍၊ အဟံ- ငါသည်၊ ပဒဿာမိ- ပေးလိုက်တော့ အံ့။

## မယ်တော်ထံ အသနားခံ

တဿ- ထိုမဒ္ဒရာဇ်မင်း၏၊ သာ ကထာ- မိန့်ဆိုတော်မူသော ထိုစကား သည်၊ သကလနိဝေသနေ- အလုံးစုံသော နန်းတော်၌၊ ပါကဋာ- ထင်ရှားသည်၊ အဟောသိ- ဖြစ်ပြီ၊ ပရိစာရိကာ- အလုပ်အကျွေးတို့သည်၊ ဂန္တွာ- သွား၍၊ "ရာဇာ-

ခမည်းတော်မင်းသည်၊ တံ- ထိုအရှင်သမီးတော်ကို၊ သတ္တခဏ္ဍာနိ- ခုနစ်ပိုင်းတို့ကို၊ ကတွာ- ပြု၍၊ သတ္တန္န ရာဇူနံ- ခုနစ်ပြည်ထောင်ကုန်သော မင်းတို့အား၊ ပေသေဿ တိ ကိရ- ပို့လွှတ်စေတော်မူလတ္တံ့သတတ်၊" ဣတိ- ဤသို့၊ ပဘာဝတိယာ- ပဘာဝတီအား၊ အာရောစေသုံ- လျှောက်ကြားကြကုန်ပြီ၊ သာ- ထိုပဘာဝတီသည်၊ မရဏဘယဘီတာ- သေဘေးမှ ကြောက်လန့်သည် ဖြစ်၍၊ အာသနာ- နေရာမှ၊ ဝုဋ္ဌာယ- ထ၍၊ ဘဂိနီဟိ- ညီမတော်အပေါင်းတို့သည်၊ ပရိဝုတာ- ခြံရံအပ်လျက်၊ မာတု- မယ်တော်ဘုရား၏၊ သိရိဂဗ္ဘံ- ကျက်သရေရှိသော တိုက်ခန်းဆောင်သို့၊ အဂမာသိ- သွားလေပြီ၊ တမတ္ထံ- ထိုအကြောင်းကို၊ ပကာသေန္တော- ထင်ရှားပြု တော်မူလိုသော၊ သတ္ထာ- သဗ္ဗညုမြတ်စွာဘုရားသည်-"အဝုဋ္ဌဟိ ရာဇပုတ္တီ၊ (ပ) ဒါသီဂဏပုရက္ခတာ"တိ- "အဝုဋ္ဌဟိ ရာဇပုတ္တီ၊ (ပ) ဒါသီဂဏပုရက္ခတာ"ဟူသော၊ (ဣမံ ဂါထံ- ဤဂါထာတော်ကို၊) အာဟ- ဟောတော်မူပြီ။

[နှာ-၃၂၀] ၃၆။ ဘိက္ခဝေ- ရဟန်းတို့၊ သာမာ- ရွှေအဆင်းနှင့်တူသော အဆင်း ရှိသော၊ ကောသေယျဝါသိနီ- ရွှေချည်တို့ဖြင့်စီအပ်သော ပိုးချည် ပုဆိုးကိုလည်း ဝတ်ထသော၊ ရာဇပုတ္တီ- မင်းသမီးပဘာဝတီသည်၊ ဒါသီဂဏပုရက္ခတာ- ကျွန်မ အပေါင်း ခြံရံလျက်၊ အဿုပုဏ္ဏေဟိ- မျက်ရည်တို့ဖြင့် ပြည့်ကုန်သော၊ နေတ္တေဟိ- မျက်စိတို့ဖြင့်၊ ရောဒမာနာ- ငိုလျက်၊ အဝုဋ္ဌဟိ- ထလတ်ပြီ။

တတ္ထ- ထို အဝုဋ္ဌဟိ စသောဂါထာ၌၊ သာမာတိ- သာမာဟူသည်ကား၊ သုဝဏ္ဏဝဏ္ဏာ- ရွှေအဆင်းကဲ့သို့အဆင်းရှိသော။ ကောသေယျဝါသိနီတိ- ကောသေယျဝါသိနီဟူသည်ကား၊ သုဝဏ္ဏခစိတကောသေယျနိဝသနာ- ရွှေဖြင့် စီချယ်အပ်သောပိုးဖြင့်ပြီးသော အဝတ်ကို ဝတ်ဆင်သော။

သာ- ထိုပဘာဝတီသည်၊ မာတု- မယ်တော်၏၊ သန္တိကံ- အထံသို့၊ ဂန္တွာ- သွား၍၊ မာတရံ- မယ်တော်ကို၊ ဝန္ဒိတွာ- ရှိခိုး၍၊ ပရိဒေဝမာနာ- ငိုကြွေး မြည်တမ်း လိုသည်ဖြစ်၍-"တံ နူန ကက္ကူပနိသေဝိတံ မုခံ၊ (ပ) ဧဝံဝဏ္ဏာ ပဘာဝတီ"တိ- "တံ နူန ကက္ကူပနိသေဝိတံ မုခံ၊ (ပ) ဧဝံဝဏ္ဏာ ပဘာဝတီ"ဟူကုန်သော၊ (ဣမာ ဂါထာယော- ဤရှစ်ဂါထာတို့ကို၊) အာဟ- ဆိုပြီ။

၃၇။ အမ္ဗ- မိခင်၊ အဒ္ဒါသဒ္ဒန္တာထရုပစ္စဝေက္ခိတံ- ဆင်စွယ်ဖြင့်ပြီးသော အရိုး၌ထည့်အပ်သော ကြေးမုံပြင်၌ ကြည့်အပ်ထသော၊ သုဘံ- တင့်တယ်စွာ ထသော၊ သုနေတ္တံ- ကောင်းသောမျက်စိလည်း ရှိထသော၊ ဝိရဇံ- အညစ်အကြေး လည်း ကင်းထသော၊ အနင်္ဂဏံ- အမာရွတ် မှဲ့မည်းအစရှိသော အပြစ်လည်း ကင်းထသော၊ ကက္ကုပနိသေဝိတံ- ငါးပါးသော ကသယ်မှုန့်တို့ဖြင့်လည်း အမြဲလိမ်းကျံအပ်ထသော၊ မမ- အကျွန်ုပ်၏၊ တံ မုခံ- ထိုမျက်နှာသည်၊ ခတ္တိယေဟိ- ခုနစ်ပြည်ထောင်သော မင်းတို့သည်၊ ဆုဒ္ဓံ- စွန့်ပစ်အပ်သည်ဖြစ်၍၊ ဝနေ- တော၌၊ ဌဿတိ နူန- တည်လိမ့်မည်တကား။

၃၈။ အမ္ဗ- မိခင်၊ အသိတေ- ကောင်းစွာမည်းကုန်သော၊ ဝေလ္လိ တဂ္ဂေ- ကော့သော အဖျားလည်းရှိကုန်ထသော၊ မုဒူ- နူးညံ့ကုန်ထသော၊ စန္ဒနသာရလိတ္တေ- စန္ဒကူးနံ့သာနှစ်တို့ဖြင့် လိမ်းကျံအပ်ကုန်ထသော၊ သမာ ကုလေ- ကောင်းစွာညီညွတ် ကုန်ထသော၊ မေ- အကျွန်ုပ်၏၊ ယေ ကေသာ- အကြင်ဆံတို့သည်၊ သန္တိ- ရှိကုန်၏၊ တေ ကေသေ- ထိုဆံတို့ကို၊ သီဝထိကာယ- သုသာန်၏၊ မဇ္ဈေ- အလယ်၌၊ ဂိဇ္ဈာ- လင်းတတို့သည်၊ ပါဒေဟိ- ခြေတို့ဖြင့်၊ ပရိကမိဿန္တိ နူန- ငင်လေကုန်အံ့သည်တကား။

၃၉။ အမ္ဗ- မိခင်၊ မုဒူ- နူးညံ့ကုန်ထသော၊ စန္ဒနသာရလိတ္တာ- စန္ဒကူး နှစ်တို့ဖြင့် လိမ်းကျံအပ်ကုန်ထသော၊ သုလောမာ- ကောင်းသော အမွေးလည်း ရှိကုန်ထသော၊ တမ္ဗနခါ- နီသော လက်သည်းလည်း ရှိကုန်ထသော၊ မေ- အကျွန်ုပ်၏၊ ယာ ဗာဟာ- အကြင်လက်နှစ်ဖက် တို့သည်၊ သန္တိ- ရှိကုန်၏။ တာ ဗာဟာ- ထိုလက်နှစ်ဖက်တို့ကို၊ ခတ္တိယေဟိ- ခုနစ်ပြည်ထောင်သော မင်းတို့သည်၊ ဆိန္နာ- ဖြတ်ကုန်၍၊ ဝနေ- တော၌၊ ဥဇ္ဈိတာ- စွန့်ပစ်လေကုန်သည်ရှိသော်၊ ဓင်္ကော- ကျီးသည်၊ ဂယှ- ချီယူ၍၊ လုဉ္စိတွာ- နုတ်၍၊ ခါဒန္တော- ခဲလျက်၊ ယေန ကာမံ- အကြင်အလိုရှိရာ အရပ်သို့၊ ဂစ္ဆတိ နူန- သွားလေအံ့သည်တကား။

၄၀။ အမ္မ- အမိ၊ တာလုပနိဘေ- ရွှေထန်းသီးမှည့်နှင့်တူကုန်သော၊ အလမ္ဗေ- ရင်၌တွဲရရွဲဆွဲအပ်ကုန်သော၊ ကာသိကစန္ဒနေန- နူးညံ့စွာသော စန္ဒကူးနံ့သာဖြင့်၊ နိသေဝိတေ- အမြဲထုံအပ်ကုန်သော၊ မေ- အကျွန်ုပ်၏၊ ယေ ထနာ- အကြင်သားမြတ်တို့သည်၊ သန္တိ- ရှိကုန်၏။ တေ ထနေ- ထိုသားမြတ်တို့ကို၊ တရုဏော တနုဇော- ငယ်စွာသော၊ ပုတ္တော- သားသည်၊ မာတု- အမိ၏၊ ထနေသု- သားမြတ်တို့၌၊ လမ္ဗတိ ဣဝ- စို့သကဲ့သို့ သိင်္ဂါလော- သချိုင်းပြင်၌ နေသော မြေခွေးအိုသည်၊ လမ္ဗိဿတိ နူန- စို့လေအံ့သည်တကား။

၄၁။ အမ္မ- မိခင်၊ သုကောဋ္ဋိတံ- နွားမေးရိုးဖြင့် ခတ်အပ်သည်ဖြစ်၍၊ ပုထုလံ- ကောင်းစွာကြီးစေအပ်သော၊ ကဥ္စနမေခလာဟိ- ရွှေခါးကြိုးတို့ဖြင့်၊ နိသေဝိတံ- အမြဲတန်ဆာဆင်အပ်သော၊ မေ- အကျွန်ုပ်၏၊ ယာ သောဏိ- အကြင်ခါးအရပ်သည်၊ အတ္ထိ- ရှိ၏၊ တံ သောဏိံ- ထိုခါးအရပ်ကို၊ ခတ္တိယေဟိ- ခုနစ်ပြည်ထောင်သော မင်းတို့သည်၊ ဝနေ- တော၌၊ အဝတ္ထံ- အချည်းစည်း၊ ဆိန္ဒ- ဖြတ်အပ်လေသည်ဖြစ်၍၊ ဓင်္ကော- စွန်ရဲသည်၊ ဂဏှာ ဂဏှိတွာ- ချီယူ၍၊ ခါဒိတွာ- စားပြီး၍၊ ယေန ကာမံ- အလိုရှိရာသို့ ဂစ္ဆတိ နူန- သွားလေအံ့သည် တကား၊ သိင်္ဂါလသယာ- မြေခွေးအပေါင်းတို့သည်၊ ပရိကမိဿန္တိ နူန- ဆွဲငင်လေကုန်အံ့သည်တကား။

၄၂။ အမ္မ- မိခင်၊ သောဏာ စ- ခွေးတို့သည်လည်းကောင်း၊ ဓင်္ကာ စ- ကျီးတို့သည်လည်းကောင်း၊ သိင်္ဂါလာ စ- မြေးခွေးတို့သည်လည်းကောင်း၊ အညေ- ခွေးကျီးမြေခွေးတို့မှ တစ်ပါးကုန်သော၊ ဒါဌိနော- အစွယ်ရှိကုန်သော၊ ယေ သတ္တာ- အကြင်သတ္တဝါတို့သည်၊ သန္တိ- ရှိကုန်၏၊ တေ စ သတ္တာ- ထိုသတ္တဝါတို့သည် လည်းကောင်း၊ ပဘာဝတိံ- ပဘာဝတီ၏အသားကို၊ ဘက္ခယိတွာ- စားရသော ကြောင့်၊ အဇရာ- မအိုကုန်သည်၊ ဟေဿန္တိ နူန- ဖြစ်လေကုန်အံ့သည်တကား။

[နှာ-၃၂၁] ၄၃။ အမ္မ- မိခင်၊ ဒူရဂါမိနော- အဝေးသို့သွားကုန်သော၊ ခတ္တိယာ- မင်းတို့သည်၊ မေ- ငါ၏၊ မံသာနိ- အသားတို့ကို၊ သစေ ဟရိံသု-

အကယ်၍ ဆောင်ယူကုန်ငြားအံ့၊ အဠှိနိ- အရိုးတို့ကို၊ ယာစိတွာ- တောင်းလိုက်၍၊ နံ- ထိုအရိုးကို၊ အနုပထေ- လမ်းအနီး၌၊ ဒဟာထ- သဂြိုဟ်တော် မူရစ်ပါကုန်။

၄၄။ အမ္မ- မိခင်၊ မမဗ္ဗာပိတဋ္ဌာနေ- အကျွန်ုပ်ကို သဂြိုလ်ရာ အရပ်၌၊ ခေတ္တာနိ- ပန်းခင်းတို့ကို၊ ကာရေတွာ- ပြုစေတော်မူ၍၊ ဧတ္ထ- ဤပန်းခင်း၌၊ ကဏိကာရေ- မဟာလှေကားပင်တို့ကို၊ ရောပယ- စိုက်တော်မူရစ်ပါလော့၊ ဟေမန္တာနံ ဟိမစ္စယေ- ဆောင်းလလွန်လတ်သော်၊ ယဒါ- အကြင်အခါ၌၊ တေ- ထိုမဟာလှေကားပင်တို့သည်၊ ပုပ္ဖိတာ- ပွင့်ကုန်သည်၊ အဿု- ဖြစ်ကုန်၏၊ အမ္မ- မိခင်၊ တဒါ- ထိုမဟာလှေကားပင်တို့ ပွင့်သောအခါ၌၊ မမဓိတာ- ငါ့သမီးတော် ဖြစ်သော၊ ပဘာဝတီ- ပဘာဝတီသည်၊ ဧဝံ ဝဏ္ဏာ- ဤမဟာလှေကားပွင့်နှင့် တူသောအဆင်းရှိ၏ဟူ၍၊ မမံ- အကျွန်ုပ်ကို၊ သရေယျာထ- အောက်မေ့တော်မူရစ်ပါကုန်။

တတ္ထ- ထိုတံ နူန စသော ဂါထာတို့၌၊ ကက္ကူပနိသေဝိတန္တိ- ကက္ကူပနိသေဝိတံဟူသည်ကား၊ သာသပကက္ကလောဏကက္ကမတ္တိကကက္ကတိလကက္ကဟလဒ္ဒိကက္က မုခစုဏ္ဏကေဟိ- မုန်ညင်းမှုန့် ဆားမှုန့် မြေညက်မှုန့် နှမ်းမှုန့် နနွင်းမှုန့်တည်းဟူသော မျက်နှာလိမ်းကျံသော အမှုန့်ဖြစ်ကုန်သော၊ [၁]ပဉ္စဟိ- ငါးခုကုန်သော၊ ကက္ကမေဟိ ကက္ကေဟိ- ဤကသယ်မှုန့်တို့ဖြင့်၊ ဥပနိသေဝိတံ- အမြလိမ်းကျံ၍ ထားအပ်သော။ အာဒါသဒန္တာ ထရုပစ္စဝေက္ခိတန္တိ- အာဒါသဒန္တာထရုပစ္စဝေက္ခိတံဟူသည်ကား၊ ဒန္တမယထရုမှိ- ဆင်စွယ်ရိုး တပ်ထားသော၊ အာဒါသေ- ကြေးမုံပြင်၌၊ ပစ္စဝေက္ခိတံ- ကြည့်အပ်သော၊ တတ္ထ- ထိုမှန်၌၊ ဩလောကေတွာ- ကြည့်၍၊ မဏ္ဍိတံ- တန်ဆာ ဆင်ထားအပ်သော။ သုဘန္တိ- သုဘံဟူသည်ကား၊ သုဘမုခံ- တင့်တယ်သော မျက်နှာကို။ ဝိရဇန္တိ- ဝိရဇံ

[၁]။ ကက္က- ကရ-ဓာတ် က-ပစ္စည်းဖြင့် ရုပ်ပြီး၏၊ အဖြူရောင်ကို ဟော၏။ အမှုန့်ကိုလည်း ဟော၏၊ ဤ၌-အမှုန့် အနက်ယူ၊ သာသပကက္က-မုန်ညင်းမှုန့်- ရင်းအမှုန့် ငါးမျိုးမှာ အခြားနေရာ၌ အသုံးပြုသော အမှုန့်မဟုတ် မျက်နှာလိမ်းကျံရာတွင် အသုံးပြုသော အမှုန့်ဟု သိစေလို၍ မုခစုဏ္ဏ-ဟု ဖွင့်သည်။

ဟူသည်ကား၊ ဝိဂတရဇံ- ကင်းသောမြူမှုန်ရှိသော၊ နိမ္မလံ- ကင်းသော အညစ်အကြေးရှိသော။ အနင်္ဂဏန္တိ- အနင်္ဂဏံဟူသည်ကား၊ ဂဏ္ဍပိဠကာဒိ ဒေါသရဟိတံ- မြင်းဖု ဝက်ခြံဖုအစရှိသော အပြစ်ကင်းသော။ ဆုဒ္ဒန္တိ- ဆုဒ္ဒံ ဟူသည်ကား၊[၁] အမ္ဗ- မိခင်၊ ဧဝရူပံ- ဤသို့သဘောရှိသော၊ မမ- ငါ၏၊ မုခံ- မျက်နှာကို၊ (ဝါ) မျက်နှာသည်၊ အဒ္ဒါ- မချွတ်၊ ကာဒါနိ- ယခုအခါ၌၊ ခတ္တိယေဟိ- မင်းတို့သည်၊ ဆဒ္ဒိတံ- စွန့်ပစ်အပ်သည်၊ (ဟုတွာ- ဖြစ်၍၊) ဝနေ အရညေ- တော၌၊ ဌသတိ- တည်လတ့်၊ ကတိ- ဤသို့၊ ပရိဒေဝတိ- ငိုကြွေး၏။ အသိတေတိ- အသိတေဟူသည်ကား၊ ကာဠကေ- မည်းနက်သော။ ဝေလ္လိတဂ္ဂေတိ- ဝေလ္လိတဂ္ဂေ ဟူသည်ကား၊ ဥန္နတဂ္ဂေ- ကော့သောအဖျားရှိသော။ သီဝထိကာယာတိ- သီဝထိကာယဟူသည်ကား၊ သုသာနမှိ- သင်္ချိုင်း၌။ ပရိကမိဿန္တီတိ- ပရိကမိဿန္တိဟူသည်ကား၊ ဧဝရူပေ- ဤသို့သဘောရှိကုန်သော၊ မမ- ငါ၏၊ ကေသေ- ဆံပင်တို့ကို၊ မနုဿမံသခါဒကာ- လူသားစားကုန်သော၊ ဂိဇ္ဈာ- လင်းတတို့သည်၊ ပါဒေဟိ- ခြေတို့ဖြင့်၊ ပဟရိတွာ- ပုတ်ခတ်၍၊ ပရိကမိဿန္တိ နှုန်- ဆွဲငင်ကြတော့မည်လော၊ ဂယှ ခေ‌ကော ဂစ္ဆတိ ယေန ကာမန္တိ- ဂယှ ခေ‌ကော ဂစ္ဆတိ ယေနကာမံ ဟူသည်ကား၊ အမ္ဗ- အမိ၊ မမ- ငါ၏၊ ဧဝရူပံ- ဤသို့ သဘောရှိသော၊ ဗာဟံ- လက်မောင်းကို၊ ခေ‌ကော- ကျီးသည်၊ ဂဟေတွာ- ယူ၍၊

---

၁။ ဆုဒ္ဒံ- ၎င်းကို ဆဒ္ဒိတံ-ဟု ဖွင့်သည်၊ ပါဠိဆရာတို့ ဆုဘ-ဓာတ် တ-ပစ္စည်းဟု ရုပ်ပြီး ကြံကြ၏၊ သက္ကတ၌ ကျုဘ်(ပရှ)-ဓာတ်ဖြစ်သည်၊ တ-ပစ္စည်း ဆက်လျှင် ကျုဗ္ဓ(ပရှ)-ဟု ရုပ်ပြီး၏၊ ၎င်းကို ပါဠိသို့ပြောင်းလျှင် ခုဒ္ဓ-ဟု ပုံမှန်ဖြစ်ရမည်၊ သို့သော် ဆုဒ္ဓ-ဟု ပုံစံပြောင်းလဲ၍သွားခဲ့သည်၊ နိစ္ဆုဒ္ဓ နိစ္ဆုဘန-ဟုလည်း ပုဒ်ရှိ၏၊ တံတွေးထွေးခြင်းအနက်ဟော နိဋ္ဌုဘ-ပုဒ်နှင့်ယှဉ်၍ ကြည့်သင့်၏၊ ၎င်းကို ဌုဘ-ဓာတ်ဟု ပါဠိဆရာတို့ ကြံကြ၏၊ သက္ကတ ကျုဘ(ပရှ)-ဓာတ်မှာ တုန်လှုပ်ခြင်းအနက်ကို ဟော၏၊ စွန့်ပစ်ခြင်းနှင့် အလှမ်းကွာ၏၊ မိဿကသက္ကတ-၌ ဆုဋ္ဌ-ဟု ပုံစံရှိ၏၊ ၎င်းမှာ(chut̤) ဆုဋ်-ဓာတ် ဖြတ်ခြင်းအနက်ဟော ဖြစ်သည်၊ စွန့်ခြင်းအနက်ဟော ပါဠိ ဆဋ္ဌ-ဓာတ်မှာ သက္ကတ၌ (chut̤) ဆုဋ်-ဓာတ်ဖြစ်သည် (ရိ)သရကို ဥ-သရဖြင့် အစားထိုး၍ (chut̤) ဆုဋ်-ဟု ပုဒ်ဖြစ်လာနိုင်သည်။

လုဉ္စိတွာ- နှုတ်၍၊ ခါဒန္တော- ခဲစားလျက်၊ ယေန ကာမံ- အလိုရှိရာ အရပ်သို့ ဂစ္ဆိဿတိ နူန- သွားလိမ့်မည်လော။

တာလုပနိဘေတိ- တာလုပနိဘေဟူသည်ကား၊ သုဝဏ္ဏတာလဖလ သဒိသေ- ရွှေထန်းသီးနှင့် တူကုန်သော။ ကာသိကစန္ဒနေနာတိ- ကာသိက စန္ဒနေနဟူသည်ကား၊ သုခုမစန္ဒနေန- နူးညံ့သော စန္ဒကူးမှုန့်ဖြင့်၊ နိသေဝိတေ- အမြဲမှီဝဲအပ်ကုန်သော။ ထနေသု မေတိ- ထနေသု မေဟူသည်ကား၊ အမှ- အမိ၊ မမ- ငါ၏၊ (ထနာနံ- သားမြတ်တို့၏၊ (ဝါ) သားမြတ်တို့ကို၊) သုသာနေ- သုသာန်၌၊ ပတိတာယ- စွန့်ပစ်အပ်သည်၏ အဖြစ်ကြောင့်၊ ဧဝရူပေ- ဤသို့ သဘောရှိကုန်သော၊ ထနေ- သားမြက်တို့ကို၊ ဒိသွာ- မြင်၍၊ မုခေန- နှုတ်သီးဖြင့်၊ ဉံသိတွာ- ကိုက်၍၊ မေ- ငါ၏၊ တေသု ထနေသု- ထိုသားမြတ်တို့၌၊ အတ္တနော- မိမိ၏၊ တနုဇော- သားဖြစ်သော၊ မာတု- အမိ၏၊ တရုဏပုတ္တော ဝိယ- သားငယ်ကဲ့သို့၊ သိင်္ဂါလော- မြေခွေးသည်၊ လမ္ဗိဿတိ နူန- နို့စို့လိမ့်တကား။ သောဏ္ဍိန္တိ- သောဏ္ဍိံဟူသည်ကား၊ ကဋိံ- ခါးကို။ သုကောဋ္ဋိတန္တိ- သုကောဋ္ဋိတံဟူသည်ကား၊ ဂေါဟနုကေန- နွားမေးရိုးဖြင့်၊ ပဟရိတွာ- ပုတ်ခတ်၍၊ သုဝဍ္ဎိတံ- ကောင်းစွာ ကြီးထွားစေအပ်သော။ အဝတ္ထန္တိ- အဝတ္ထံ ဟူသည်ကား၊ [1] ဆဍ္ဍိတံ- စွန့်ပစ်အပ်သော။ ဘက္ခယိတွာတိ- ဘက္ခယိတွာ ဟူသည်ကား၊ အမ္မ- အမိ၊ ဧတ္တကာ- ဤမျှလောက်ကုန်သော၊ ဧတေ- ထိုခွေး ကျီးစသောသတ္တဝါတို့သည်၊ မမ- ငါ၏၊ မံသံ- အသားကို၊ ခါဒိတွာ- စား၍၊ အဇရာ- မအိုကုန်သည်၊ ဘဝိဿန္တိ နူန- ဖြစ်ကုန်လိမ့်တကား။

သစေ မံသာနိ ဟရိံသူတိ- သစေ မံသာနိ ဟရိံသုဟူသည်ကား၊ အမ္မ- အမိ၊ သစေ- အကယ်၍၊ တေ ခတ္တိယာ- ထိုခုနှစ်ပြည်ထောင်မင်းတို့သည်၊ မယိ- ငါ၌၊ ပဋိဗဒ္ဓစိတ္တာ- တပ်မက်သောစိတ်ရှိကုန်သည်ဖြစ်၍၊ မမ- ငါ၏၊ မံသာနိ- အသားတို့ကို၊ ဟရေယျုံ- ယူကုန်ငြားအံ့၊ အထ- ထိုအခါ၌၊ တုမှေ- သင်တို့သည်၊ အဋ္ဌိနိ- အရိုးတို့ကို၊

---

၁။ အဝတ္ထ- ပါဠိဂါထာ၌ ဆိန္န အဝတ္ထံ-ဟုပုဒ် ရှိ၏၊ ၎င်းကို ဆိန္နန္တိ ဆဍ္ဍိတံ၊ အဝတ္ထန္တိ နဂ္ဂံ-ဟု အဋ္ဌကထာမူဟောင်း၌ ဖွင့်ထားသည်ဟု ဆို၏၊ စာအဆင့်ဆင့် ကူးရေးရာမှ အဝတ္ထန္တိ ဆဍ္ဍိတံ-ဟု စာမှားပုံရသည်၊ ခုနစ်ပြည်ထောင်မင်းတို့ စွန့်ပြစ်ထားသော အဝတ်မရှိသောဟု သောဏ္ဍိံပုဒ်ကို အထူးပြုသော ဝိသေသနပုဒ်များ ဖြစ်ကြသည်။

ယာစိတွာ- တောင်း၍၊ အနုပထေ- လမ်းနံဘေး၌၊[၁] နံ- ထိုအရိုးကို၊ ဒဟာထ- မီးသဂြိုဟ်ကြပါလော့။ ဇယ်မဂ္ဂမဟာမဂ္ဂါနံ- လမ်းသွယ် လမ်းမကြီးတို့၏၊ အန္တရေ- အကြား၌၊ ဒဟေယျာထ- မီးသဂြိုဟ်ကြကုန်လော့၊ ဣတိ- ဤသို့၊ ဝဒတိ- ဆို၏။ ခေတ္တာနီတိ- ခေတ္တာနိဟူသည် ကား၊ အမ္မ- အမိ၊ မမ- ငါ၏၊ စျာပိတဋ္ဌာနေ- မီးသဂြိုဟ်ရာအရပ်၌၊ မာလာဒိဝတ္ထူနိ- ပန်းအစရှိသော ဝတ္ထုတို့ကို၊ ကာရေတွာ- ပြုစေ၍၊ ဧတ္တ ဧတေသု ခေတ္တေသု- ဤမီးသဂြိုဟ်ရာနေရာတို့၌၊ ကဏိကာရရုက္ခေ- မဟာ လှေကားပန်းပင်တို့ကို၊ ရောပယ- စိုက်ပျိုးစေလော့။ ဟိမစ္စယေတိ- ဟိမစ္စယေ ဟူသည်ကား၊ ဟိမပါတာတိက္ကမေ- ဆီးနှင်းကျရာ အချိန်ကို လွန်သော၊ ဖဂ္ဂုဏမာသေ- တပို့တွဲလ၌။ သရေယျာထာတိ- သရေယျာထ ဟူသည်ကား၊ တေသံ ပုပ္ဖါနံ- ထိုမဟာလှေကားပန်းတို့၏၊ သုဝဏ္ဏစင်္ကောဋ္ဌက- ရွှေခြင်းတောင်းကို၊ ပူရေတွာ- ပြည့်စေ၍၊ ဦရူသု- ပေါင်တို့၌၊ ဌပေတွာ- ထား၍၊ မမ- ငါ၏၊ ဓီတာ- သမီးဖြစ် သော၊ ပဘာဝတီ- ပဘာဝတီသည်၊ ဧဝံ ဝဏ္ဏာ- ဤမဟာလှေကားပန်းကဲ့သို့ အဆင်းရှိ၏၊ ဣတိ- ဤသို့၊ သရေယျာထ- အမှတ်ရပါလော့။

## မယ်တော်ပါ ငိုရပြီ

[နှာ- ၃၂၂] ဣတိ- ဤသို့လျှင်၊ သာ- ထိုပဘာဝတီသည်၊ မရဏဘယ တဇ္ဇိတာ- သေဘေးမှ ကြောက်လန့်သည်ဖြစ်၍၊ မာတု- မယ်တော်၏၊ သန္တိကေ- အထံ၌၊ ဝိလပိ- ငိုကြွေးမြည်တမ်းပြီ၊ မဒ္ဒရာဇာပိ- ခမည်းတော်မဒ္ဒရာဇ်မင်းကြီး သည်လည်း၊ "ဖရသုဉ္စ- ပုဆိန်ကိုလည်းကောင်း၊ ဂဏ္ဍိကဉ္စ- စဉ်းတီတုံး (သားစဉ်းတုံး) ကိုလည်းကောင်း၊ ဂဟေတွာ- ယူ၍၊ စောရဃာတကော- ခိုးသူသတ် ယောက်ျား သည်၊ ဣဓေဝ- ဤအရပ်သို့ သာလျှင်၊ အာဂစ္ဆတု- လာစေသတည်း၊" ဣတိ- ဤသို့၊ အာဏာပေသိ- စေခိုင်းပြီ။ တဿ- ထိုခိုးသူသတ်ယောက်ျား၏၊ အာဂမနံ- လာခြင်းသည်၊ သကလရာဇဂေဟေ- အလုံး စုံသော မင်း၏နန်းတော်၌၊ ပါကဋံ- ထင်ရှားသည်၊ အဟောသိ- ဖြစ်ပြီ။ အထ- ထိုအခါ၌၊ အဿ- ထိုခိုးသူသတ်

---

၁။ **အနုပထေ• ဇယ်မဂ္ဂေ-ဟူသည် ခြေဖြင့်သာ သွားနိုင်သော လမ်းသွယ်လမ်းကြားကို ခေါ်၏၊ မဟာမဂ္ဂ-ဟူသည် ယာဉ်ရထားများ သွားနိုင်သော လမ်းမကြီးကို ခေါ်၏ ထိုနှစ်ခုတို့၏ အကြားကို အနုပထ-ဟု ခေါ်၏။**

ယောက်ျား၏၊ အာဂတဘာဝံ- လာသည်၏အဖြစ်ကို၊ သုတွာ- ကြား၍၊ ပဘာဝတိယာ- ပဘာဝတီ၏၊ မာတာ- မယ်တော်သည်၊ အာသနာ- နေရာမှ၊ ဥဋ္ဌာယ- ထ၍၊ သောကသမပ္ပိတာ- စိုးရိမ်ခြင်းဖြင့် နှိပ်စက်အပ်သည် ဖြစ်၍၊ ရညော- မင်းကြီး၏၊ သန္တိကံ- အထံသို့၊ အဂမာသိ- သွားပြီ။ တမတ္ထံ- ထိုအကြောင်းကို၊ ပကာသေန္တော- ထင်ရှားပြတော်မူလိုသော၊ သတ္ထာ- ဘုရားရှင်သည်၊ - "တဿာ မာတာ ဥဒဋ္ဌာသိ၊ (ပ) ရညော မန္ဒဿန္တေပုရေ"တိ- "တဿာ မာတာ ဥဒဋ္ဌာသိ၊ (ပ) ရညော မန္ဒဿန္တေပုရေ"ဟူသော၊ (ဣမံ ဂါထံ- ဤဂါထာကို၊) အာဟ- ဟောတော်မူပြီ။

၄၅။ ဘိက္ခဝေ- ရဟန်းတို့၊ ခတ္တိယာ- မင်းမျိုး၌လည်းဖြစ်ထသော၊ ဒေဝဝဏ္ဏိနီ- နတ်သမီးအဆင်းနှင့်တူသော အဆင်းရှိသော၊ တဿာ- ထိုပဘာဝတီ၏၊ မာတာ- မယ်တော်သည်၊ ရညော မဒ္ဒဿ- မဒ္ဒရာဇ်မင်း၏၊ အန္တေပုရေ- နန်းတော် တွင်း၌၊ အသိဉ္စ- ပုဆိန်ကိုလည်းကောင်း၊ သူနဉ္စ- သားလှီး ဓားကိုလည်းကောင်း၊ ဒိသွာ- မြင်၍၊ ဥဒဋ္ဌာသိ- နေရာမှ ထလတ်ပြီ။

တတ္ထ- ထို တဿာ မာတာ စသော ဂါထာ၌၊ ဥဒဋ္ဌာသီတိ- ဥဒဋ္ဌာသိ ဟူသည်ကား၊ အာသနာ- နေရာမှ၊ ဥဋ္ဌာယ- ထ၍၊ ရညော- မဒ္ဒရာဇ်မင်းကြီး၏၊ သန္တိကံ- အထံသို့၊ ဂန္တွာ- သွား၍၊ အဋ္ဌာသိ- တည်ပြီ။ ဒိသွာ အသိဉ္စ သူနဉ္စာတိ- ဒိသွာ အသိဉ္စ သူနဉ္စဟူသည်ကား၊ အန္တေပုရမှိ- နန်းတော်တွင်း၌၊ အလင်္ကတ မဟာတလေ- တန်ဆာဆင်အပ်သော မြတ်သောနန်းတော်ပြင်၌၊ ရညော- မင်းကြီး၏၊ ပုရတော- ရှေ့မှ၊ နိက္ခိတ္တံ- ချထားအပ်သော၊ ဖရသုဉ္စ- ပုဆိန်ကို လည်းကောင်း၊ ဂဏ္ဍိကဉ္စ- စဉ်းတီးတုံး(သားစဉ်းတုံး)ကိုလည်းကောင်း၊ ဒိသွာ- မြင်၍၊ ဝိလပန္တီ- ငိုကြွေးမြည်တမ်းလိုသော မယ်တော်မိဖုရားကြီးသည်၊ "ဣမိနာ နူန အသိနာ၊ (ပ) ခတ္တိယာနံ ပဒဿသီ"တိ- "ဣမိနာ နူန အသိနာ၊ (ပ) ခတ္တိယာနံ ပဒဿသိ"- ဟူသော၊ (ဣမံ ဂါထံ- ဤဂါထာကို၊) အာဟ- ဆိုပြီ။

၄၆။ မဒ္ဒ- မဒ္ဒရာဇ်မင်းမြတ်၊ သုသည်- ကောင်းစွာသိအပ်သော၊ တနုမဇ္ဈိမံ- ငယ်သောခါးလည်းရှိထသော၊ ဓီတရံ- သမီးတော်ပဘာဝတီကို၊

ဣမိနာ အသိနာ- ဤပုဆိန်ဖြင့်၊ ဟန္တာန- သတ်၍၊ ခတ္တိယာနံ- ခုနစ်
ပြည်ထောင် သော မင်းတို့အား၊ ပဒဿတိ နူန- ပေးတော်မူလတံ့လော။

တတ္ထ- ထို ဣမိနာ နူန စသော ဂါထာ၌၊ အသိနာတိ- အသိနာဟူသည် ကား၊ ဖရသုံ- ဓားမကို၊ သန္ဓာယ- ရည်ရွယ်၍၊ အာဟ- ဆိုပြီ။ ဟိ- မှန်၏၊ သော- ထိုဓားမသည်၊ ဣမသ္မိံ ဌာနေ- ဤနေရာ၌၊ အသိ နာမ- အသိမည်သည်၊ ဇာတော- ဖြစ်ပြီ။ သုသညံ တနုမဇ္ဈိမန္တိ- သုသညံ တနုမဇ္ဈိမံဟူသည်ကား၊ သုဋ္ဌု- ကောင်းစွာ၊ သညာတံ- သိအပ်သော၊[1] တနုမဇ္ဈိမံ- သေးသွယ်သော ခါးလည်း ရှိသော။

အထ- ထိုသို့ မယ်တော်မိဖုရားကြီး မေးလျှောက်သော အခါ၌၊ ရာဇာ- မဒ္ဒရာဇ် မင်းကြီးသည်၊ နံ- ထိုမိဖုရားကြီးကို၊ သညာပေန္တော- သိစေတော်မူ လိုသည်ဖြစ်၍၊ “ဒေဝိ- ရှင်မိဖုရား၊ ကိံ- အဘယ်သို့ ကထေသိ- ဆိုဘိသနည်း၊ တဝ- ရှင်မိဖုရား၏၊ ဓီတာ- သမီးသည်၊ သကလဇမ္ဗုဒီပေ- အလုံးစုံသော ဇမ္ဗူဒိပ်ကျွန်း၌၊ အဂ္ဂရာဇာနံ- မြတ်သော ကုသမင်းကို၊ ‘ဝိရူပေါ’တိ- အဆင်းမလှ ဟု၊ ဆဍ္ဍေတွာ- စွန့်ပစ်၍၊ ဂတမဂ္ဂေ- သွားသော ခရီး၌၊ ပဒဝလဉ္ဇေ- ခြေရာသည်၊ အဝိနဋ္ဌေယေဝ- မပျက်မီ သော်သာလျှင်၊ မစ္စုံ- သေမင်းကို၊ နလာဋေန- နဖူးဖြင့်၊ အာဒါယ- ဆောင်ယူ၍၊ အာဂတာ- ပြန်လာပြီ။ ဣဒါနိ- ယခုအခါ၌၊ အတ္တနော- မိမိ၏၊ ရူပံ- အဆင်းကို၊ နိဿာယ- မှီ၍၊ ဤဒိသံ- ဤကဲ့သို့ ရှုအပ်သော၊ (ဤသို့သဘောရှိသော) ဖလံ- အကျိုးကို၊ လဘတု- ရစေသတည်း။” ဣတိ- ဤသို့၊ အာဟ- မိန့်တော်မူပြီ။သာ- ထိုမိဖုရားကြီးသည်၊ တဿ- ထိုခမည်းတော် မဒ္ဒရာဇ်မင်းကြီး၏၊ ဝစနံ- စကားကို၊ သုတွာ- ကြား၍၊ ဓီတု- သမီးတော် ပဘာဝတီ၏၊ သန္တိကံ- အထံသို့ ဂန္တွာ- သွား၍၊ ဝိလပန္တီ- ငိုမြည်တမ်းလျက်၊ “န မေ အကာသိ ဝစနံ၊ (ပ) ကိန္နု သုခတရံ တတော”တိ- “န မေ အကာသိ ဝစနံ၊ (ပ) ကိန္နု သုခတရံ တတော”-ဟူကုန်သော၊ (ဣမာ ဆဂါထာယော- ဤ ခြောက်ဂါထာတို့ကို) အာဟ- ဆိုပြီ။

---

[1] သုသညံ- မိုးထိမူ၌ ကောင်းသောအမှတ်လည်း ရှိသော-ဟု အနက်ပေးထား၏၊ အဋ္ဌကထာဖွင့်နှင့်မညီပေ။ ဂုဏ်တစ်ခုခုဖြင့် ခြားသူတို့ထက် သာလွန်သော ပုဂ္ဂိုလ်ကို သိထားသင့်သည်၊ ပဘာဝတီသည် အဆင်းအားဖြင့် သာလွန်၍သိထိုက်သော ပုဂ္ဂိုလ်ဖြစ်သည်။ ထို့ကြောင့် သုဋ္ဌု သညာတံ-ဟု ဖွင့်သည်။

ကုသမင်းရှိလျှင် ကောင်းမည်

၄၇။ ပုတ္တိကေ- ချစ်သမီးပဘာဝတီ၊ တဝ- သင်၏၊ အတ္တကာမာယ- အကျိုးစီးပွါးကိုလိုသဖြင့်၊ ယာစန္တိယာ- တောင်းပန်သော၊ မေ- ငါ၏၊ ဝစနံ- စကားကို၊ တွံ- သင်သည်၊ န အကာသိ- မလိုက်နာ။ သာ- ထိုငါ၏သမီး ပဘာဝတီသည်၊ အဇ္ဇ- ယနေ့၊ လောဟိတသဍ္ဍာ- သွေးဖြင့်လိမ်းကျံလျက်၊ ယမသာဒနံ- ယမမင်း၏ဘုံသို့၊ ဂစ္ဆသိ- လိုက်ရအံ့သည်ကား။

၄၈။ ပုတ္တိကေ- ချစ်သမီးပဘာဝတီ၊ ယော ပေါသော- အကြင် သတ္တဝါသည်၊ အတ္တဒဿိနံ- ရှည်မြင့်စွာသော အကျိုးစီးပွါးကို မြင်လေ့ရှိကုန်သော၊ ဟိတာနံ- အစီးအပွါးကို အလိုရှိပေကုန်သော သူတို့၏၊ ဝစနံ- စကားကို၊ ဧဝံ န ကရောတိ- အကယ်၍မလိုက်နာအံ့၊ သော ပေါသော- ထိုသတ္တဝါသည်၊ ဧဝံ ဣမိနာ ပကာရေန- ဤသို့သောအပြားအားဖြင့်၊ အာပဇ္ဇတိ- ရောက်၏၊ ပါပိယဥ္စ- ပို၍ယုတ်မာသော အဖြစ်သို့လည်း၊ နိဂစ္ဆတိ- ရောက်ရ၏။

၄၉။ ပုတ္တိကေ- ချစ်သမီးပဘာဝတီ၊ သစေ စ- အကယ်၍လည်း၊ တွံ- သင်သည်၊ စိတ္တဿ- စိတ်၏၊ ဝသံ- အလိုသို့၊ အဂန္တွာ- မလိုက်မူ၍၊ ကုသေန- ကုသမင်းကြောင့်၊ ဇာတံ- ဖြစ်သော၊ တာရုဒဿနံ- နှစ်လို ဖွယ်သော အမြင်လည်းရှိထသော၊ သုဝဏ္ဏမဏိမေခလံ- ရွှေပတ္တမြားဖြင့် ပြီးသော ခါးကြိုး တန်ဆာကို ဆင်ထသော၊ ဉာတိသံဃေဟိ- ဆွေမျိုး အပေါင်းတို့သည်၊ ပူဇိတံ- ပူဇော်အပ်သော၊ ခတ္တိယံ- မင်းမျိုးဖြစ်သော၊ ကုမာရံ- သတို့သားကို၊ အဇ္ဇ- ယနေ့၊ ဓာရေသိ- ဆောင်ရအံ့၊ ဧဝံ သတိ- ဤသို့ဆောင်ရသည်ရှိသော်၊ ယမက္ခယံ- ယမမင်းအိမ်သို့၊ န ဂစ္ဆသိ- မလိုက်ရလေရာ။

[နှာ-၃၂၃] ၅၀။ ဘဒ္ဒေ- ချစ်သမီးပဘာဝတီ၊ ခတ္တိယာနံ- ကုသဝတီမင်း တို့၏၊ ယတ္ထ ကုလေ- အကြင်အမျိုး၌၊ ဘေရိ- စည်းကြီးသည်၊ နဒတိ- အသံ မြည်၏၊ ကုဉ္ဇရော စ- ဆင်ပြောင်သည်လည်း၊ နိကူဇတိ- ကြိုးကြာသံနှင့် တူသော အသံကို ပြု၏၊ တတော- ထိုကုသဝတီမင်းမျိုးထက်၊ ကိန္နု-

အဘယ်သို့လျှင်၊ သုခတရံ- လွန်မြတ်သော ချမ်းသာကို၊ ဒိသွာ- မြင်၍၊ ဣဓ- ဤအရပ်သို့ အာဂတာ- ပြေးလာသည်၊ အသိ- ဖြစ်သနည်း။

၅၁။ ဘဒ္ဒေ- ချစ်သမီးပဘာဝတီ၊ ခတ္တိယာနံ- ကုသဝတီမင်းတို့၏၊ ကုလေ- အမျိုး၌၊ အဿော စ- အထောင်မကသော မြင်းတို့ဖြင့် ခြံရံအပ်သော မင်္ဂလာမြင်းသည်လည်း၊ သိသတိ- မြူးရွှင်၏၊ (ဝါ) ဟီ၏၊ ကုမာရော- စောင်း တတ်သော သူငယ်သည်၊ ဒွါရေ- နန်းတော်တံခါး၌၊ ဥပရောဒတိ- သီချင်းသီ၍ တီး၏၊ တတော- ထိုကုသဝတီမင်းမျိုးထက်၊ ကိန္နု- အဘယ်သို့လျှင်၊ သုခတရံ- လွန်မြတ်သော ချမ်းသာကို၊ ဒိသွာ- မြင်၍၊ ဣဓ- ဤအရပ်သို့ အာဂတာ- ပြေးလာသည်၊ အသိ- ဖြစ်သနည်း။

၅၂။ ဘဒ္ဒေ- ချစ်သမီးပဘာဝတီ၊ မယူရကောဉ္စာဘိရုဒေ- ဥဒေါင်း ကြိုးကြာတို့ တွန်မြူးရာလည်းဖြစ်သော၊ ကောကိလာဘိနိကူဇိတေ- ဥဩတို့ မပြတ်တွန်မြူးရာလည်းဖြစ်သော၊ ခတ္တိယာနံ- ကုသဝတီမင်းတို့၏၊ ကုလေ- အမျိုး၌၊ အယံ ဝိဘူတိ- ဤစည်းစိမ်ချမ်းသာသည်၊ ဝတ္တတိ- ဖြစ်၏၊ တတော- ထိုကုသဝတီ မင်းမျိုးထက်၊ ကိန္နု- အဘယ်သို့လျှင်၊ သုခတရံ- လွန်မြတ်သော ချမ်းသာကို၊ ဒိသွာ- မြင်၍၊ ဣဓ- ဤအရပ်သို့ အာဂတာ- ပြေးလာသည်၊ အသိ- ဖြစ်သနည်း။

တတ္ထ- ထို န မေ အကာသိ စသော ဂါထာတို့၌၊ ပုတ္တိကေတိ- ပုတ္တိကေ ဟူသည်ကား၊ တံ- ထိုပဘာဝတီကို၊ အာလပတိ- ခေါ်၏။ ဣဒံ- ဤစကားကို၊ ဝုတ္တံ- ဆိုအပ်သည်၊ ဟောတိ- ဖြစ်၏၊ အမ္မ- ချစ်သမီး၊ ဣဓ- ဤအရပ်၌၊ ကိံ- အဘယ်ကို၊ တွံ- သင်သည်၊ ကရိဿသိ- ပြုနိုင်လတံနည်း၊ သာမိကဿ- အရှင်၏၊ သန္တိကံ- အထံသို့ ဂစ္ဆ- သွားလော့၊ ရူပမဒေန- ရုပ်အဆင်း၌ ယစ်ခြင်းဖြင့်၊ မာ မဇ္ဇိ- ယစ်မူး၍ မနေနှင့်၊ ဣတိ ဇဝံ- ဤသို့ (မယာ- ငါသည်) ယာစန္တိယာပိ- တောင်းပန်ပါ သော်လည်း၊ (တွံ- သင်သည်၊) မေ- ငါ၏၊ ဝစနံ- စကားကို၊ န အကာသိ- မလိုက်နာ၊ သာ တွံ- ထိုသင်သည်၊ အဇ္ဇ- ယနေ့၊ လောဟိတသဉ္ဇန္နာ- သွေးဖုံးလွှမ်းသည်ဖြစ်၍၊ ယမသာဓနံ- သေမင်းနိုင်ငံသို့၊ ဂစ္ဆသိ- ရောက်ရလတံ့။ မစ္စုရာဇဿ- သေမင်း၏၊ ဘဝနံ- နိုင်ငံသို့၊ ဂမိဿသိ- ရောက်ရလတံ့၊ ဣတိ- ဤကား၊ အတ္ထော- အနက်တည်း။ ပါပိယဉ္စာတိ- ပါပိယဉ္စဟူသည်ကား၊ ဣတော- ဤထက်၊ ပါပတရဉ္စ-

ယုတ်ညံ့သည်၏အဖြစ် သို့လည်း၊ နိဂစ္ဆတိ- ရောက်ရလတ့်။ **သစေ စ အဇ္ဇ မာရေယီတိ-** သစေ စ အဇ္ဇ မာရေယိဟူသည်ကား၊ အဇ္ဇ- ချစ်သမီး၊ သစေ- အကယ်၍၊ တွံ- သင်သည်၊ စိတ္တဿ- စိတ်၏၊ ဝသံ- အလိုသို့၊ အဂန္တွာ- မလိုက်မူ၍၊ ကုသနရိန္ဒံ- ကုသမင်းကို၊ ပဋိစ္စ- စွဲ၍၊ လဒ္ဓံ- ရအပ်သော၊ အတ္တနော- မိမိ၏၊ ရူပေန- အဆင်းနှင့်၊ သဒိသံ- တူသော၊ စာရုဒဿနံ- ကောင်းသောအဆင်းရှိသော၊ ကုမာရံ- မင်းသားကို၊ အဇ္ဇ- ယနေ့၊ မာရယိဿသိ- ဆောင်ယူနိုင်အံ့။ **ယမက္ခယန္တိ-** ယမက္ခယံ ဟူသည်ကား၊ ဧဝံ သန္တေ- ဤသို့ဆောင်ယူနိုင်သည်ရှိသော်၊ ယမနိဝေသနံ- သေမင်းနိုင်ငံသို့ န ဂစ္ဆေယျာသိ- မရောက်ရာ။ **တတောတိ-** တတော ဟူသည်ကား၊ ယမှိ ခတ္တိယကုလေ- အကြင်မင်းမျိုး၌၊ အယံ ဝိဘူတိ- ဤစည်းစိမ် ချမ်းသာသည်၊ (ဟောတိ- ဖြစ်၏၊) နာနာဘေရိ သဒ္ဒေန စေဝ- အမျိုးမျိုးသော စည်သံဖြင့် လည်းကောင်း၊ မတ္တဝါရဏကောဉ္စနာဒေန စ- မုန်ယဇ်သောဆင်၏ ကြိုးကြာမြည်သံ ကဲ့သို့သော မည်သံဖြင့်လည်းကောင်း၊ နိန္နာဒိတာ- ပဲ့တင်ထပ်သော၊ တမှာ ကုသာဝတီရာဇကုလာ- ထိုကုသဝတီမင်းမျိုးမှ၊ ကိံ နု- အဘယ်မည်သော၊ သုခတရံ- သာလွန်သော ချမ်းသာကို၊ ဒိသွာ- မြင်၍၊ ဣဓ- ဤအရပ်သို့၊ အာဂတာ- လာရောက်သည်၊ အသိ- ဖြစ်သနည်း၊ ဣတိ- ဤကား၊ အတ္ထော- အနက်တည်း။ **သိသတီတိ-** သိသတိဟူသည်ကား၊ ဟသတိ- ရယ်၏။ **ကုမာရောတိ-** ကုမာရော ဟူသည်ကား၊ သုသိက္ခိတော- ကောင်းစွာ သင်အပ်ပြီး သော၊ ဂန္ဓဗ္ဗကုမာရော- ဂန္ဓဗ္ဗလုလင်သည်။ **ဥပရောဒတီတိ-** ဥပရောဒတိ ဟူသည်ကား၊ နာနာတူရိယာနိ- အမျိုးမျိုးသော တူရိယာတို့ကို၊ ဂဟေတွာ- ကိုင်၍၊ ဥပဟာရံ- ပူဇော်ခြင်းကို၊ ကရောတိ- ပြု၏။ **ကောကိလာဘိနိကူဇိတေတိ-** ကောကိလာ ဘိနိကူဇိတေ ဟူသည်ကား၊ ကုသရာဇကုလေ- ကုသမင်း၏ အမျိုး၌၊ သာယံပါတော- ညဉ့်နံနက်၊ ပဝတ္တနစ္စဂီတဝါဒိတူပဟာရံ- ဖြစ်သော ကခြင်း သီဆိုခြင်း တီးမှုတ်ခြင်းတည်းဟူသော ပူဇော်မှုကို၊ (ဝါ) ဖျော်ဖြေမှုကို၊ ပဋိပ္ပရန္တီ ဝိယ- ဆန့်ကျင်ဘက်ဖြစ်၍ တည်သကဲ့သို့[၁]

---

၁။ ပဋိပ္ပရန္တိ- ဖရ-ဓာတ် ပြန့်ခြင်း၊ ပဋိ-ရှေးရှုသဖြင့် မပြန့်တော့ပေ။ သီဆိုတီးမှုတ်သံတွေ မပြန့်နိုင်အောင် ဆင်အော်သံ ကြိုးကြာမြည်သံ ဥဒေါင်းမြည်သံတွေက လွှမ်းမိုး၍ ထားသည်ဟု ဆိုလိုသည်၊ သက္ကတ၌ ရှင်းလင်း ဖယ်ရှား အနက်တို့ကို ဟော၏။

ကောကိလေဟိ- ဥဩငှက်တို့သည်၊ အဘိနိကူဇိတေ- တွန်ကြူးအပ်ရာ ဖြစ်သော၊ (ကုသရာဇ ကုလေ- ကုသမင်း၏ အမျိုး၌)။

ဣတိ- ဤသို့လျှင်၊ သာပိ- ထိုမယ်တော်မိဖုရားကြီးသည်၊ ဧတ္တကာဟိ- ဤမျှအတိုင်းအရှည်ရှိကုန်သော၊ ဂါထာဟိ- ဂါထာတို့ဖြင့်၊ တာယ- ထိုသမီးတော် ပဘာဝတီနှင့်၊ သဒ္ဓိံ- တကွ၊ သလ္လပိတွာ- စကားပြောတော်မူ၍၊ "အင္ဂ- ယခု၊ ကုသနရိန္ဒော- ကုသမင်းမြတ်သည်၊ ဣဓ- ဤငါတို့ပြည်၌၊ သစေ အဿ- အကယ်၍ ရှိသည်ဖြစ်ငြားအံ့၊ သတ္တ- ခုနစ်ပြည်ထောင်ကုန်သော၊ ဣမေ ရာဇာနော- ဤမင်းတို့ကို၊ ပလာပေတွာ- ပြေးစေ၍၊ မမ- ငါ၏၊ ဓီတရံ- သမီးတော်ပဘာဝတီကို၊ ဒုက္ခာ- ဆင်းရဲမှု၊ ပမောစေတွာ- လွတ်စေ၍၊ အာဒါယ- ခေါ်ယူ၍၊ ဂစ္ဆေယျ- သွားရာ၏၊" ဣတိ- ဤသို့ စိန္တေတွာ- ကြံ၍၊ "ကဟံ နု ခေါ သတ္တုမဒ္ဒနော၊ (ပ) ယော နော ဒုက္ခာ ပမောစယေ"တိ- "ကဟံ နု ခေါ သတ္တုမဒ္ဒနော၊ (ပ) ယော နော ဒုက္ခာ ပမောစယေ" ဟူသော၊ ဂါထံ- ဂါထာကို၊ အာဟ- ဆိုပြီ။

၅၃။ သတ္တုမဒ္ဒနော- ရန်သူတို့ကိုနှိပ်နင်းနိုင်ထသော၊ ပရရဋ္ဌပ္ပ မဒ္ဒနော- တိုင်းတစ်ပါးကိုလည်း နှိပ်နင်းနိုင်ထသော၊ သောဥ္စာရပညာဏော- မြတ်သော ပညာရှိထသော၊ ယော- အကြင်ကုသမင်းသည်၊ နော- ငါတို့ကို၊ ဒုက္ခာ- ဆင်းရဲမှု၊ ပမောစယေ- လွတ်မြောက်စေရာ၏။ သော ကုသော- ထိုကုသမင်းသည်၊ ကဟံ နု ခေါ- အဘယ်အရပ်မှာ ရှိလေသနည်း။

တတ္ထ- ထို ကဟံ နု စသော ဂါထာ၌၊ သောဥ္စာရပညာဏောတိ- သောဥ္စာရ ပညာဏောဟူသည်ကား၊ (သော- ထိုကုသမင်းသည်၊) ဥဠာရပညော- ပြန့်ပြောသော ပညာရှိ၏။

## ကုသမင်း ဒီမှာ ရှိနေသည်

[နှာ- ၃၂၄] တတော- ထို့နောင်မှ၊ ပဘာဝတီ- ပဘာဝတီသည်၊ "ကုသဿ- ကုသမင်း၏၊ ဝဏ္ဏံ- ဂုဏ်ကျေးဇူးကို၊ ဘဏန္တိယာ- ပြောဆိုသော၊ မမ- ငါ၏၊ မာတု- မယ်တော်၏၊ မုခံ- ခံတွင်းသည်၊ နပ္ပဟောတိ- မဆံ့ပြီ၊ အဿာ- ထိုမယ်တော်အား၊ တဿ- ထိုကုသမင်း၏၊ ဣဓေဝ- ဤငါတို့ပြည်၌ သာလျှင်၊ အာဠာရိကကမ္မံ- စဖိုသည်အမှုကို၊ ကတွာ- ပြု၍၊ ဝသနဘာဝံ- နေသည်၏ အဖြစ်ကို၊ အာစိက္ခိဿာမိ

တာဝ- လျှောက်ကြားပေတော့အံ့၊ (တာဝ သဒ္ဒါအနုညာတတ္ထ) ဣတိ- ဤသို့၊ စိန္တေတွာ- ကြံ၍၊ "က္ခမေဝ သော သတ္တုမဒ္ဒနော၊ (ပ) ယော တေ သဗ္ဗေ ဝဓိဿတီ"တိ- "က္ခမေဝ သော သတ္တုမဒ္ဒနော၊ (ပ) ယော တေ သဗ္ဗေ ဝဓိဿတိ"-ဟူသော၊ ဂါထံ- ဂါထာကို၊ အာဟ- ဆိုပြီ။

၅၄။ အမ္မ- မိခင်၊ သတ္တုမဒ္ဒနော- ရန်သူတို့ကို နှိပ်နင်းနိုင်ထသော၊ ပရရဋ္ဌပ္ပမဒ္ဒနော- တိုင်းတစ်ပါးကိုလည်း နှိပ်နင်းနိုင်ထသော၊ သောဠာရပညာဏော- မြတ်သောပညာလည်းရှိထသော၊ ယော ကုသော- အကြင်ကုသ မင်းမြတ်သည်၊ က္ခမေဝ- ဤငါတို့ပြည်၌ပင်လျှင်၊ အတ္ထိ- ရှိပါ၏၊ သော ကုသော- ထိုကုသမင်း မြတ်သည်၊ သဗ္ဗေ- ခပ်သိမ်း ကုန်သော၊ တေ- ထိုရန်သူမင်းတို့ကို၊ ဝဓိဿတိ- သတ်လတ္တံ့သတည်း။

နင်ရှူးနေသလား

အထ- ထိုသို့လျှောက်ကြားသောအခါ၌၊ အဿာ- ထိုပဘာဝတီ၏၊ မာတာ- မယ်တော်မိဖုရားကြီးသည်၊ "အယံ- ဤပဘာဝတီသည်၊ မရဏဘယဘီတာ- သေဘေးမှ ကြောက်သည်ဖြစ်၍၊ ဝိပ္ပလပတိ- ငိုမြည်တမ်းယောင်တကား၊" ဣတိ- ဤသို့၊ စိန္တေတွာ- ကြံ၍၊ (တံ- ထိုပဘာဝတီကို၊ ပုစ္ဆိတုကာမာ- မေးခြင်းငှာ အလိုရှိသည်ဖြစ်၍)၊ "ဥမ္မတ္တိကာ နု ဘဏသိ၊ (ပ) ကိံ နု ဇာနေမု တံ မယ"န္တိ- "ဥမ္မတ္တိကာ နု ဘဏသိ၊ (ပ) ကိံ နု ဇာနေမု တံ မယံ"-ဟူသော၊ ဂါထံ- ဂါထာကို၊ အာဟ- ဆိုပြီ။

၅၅။ ပုတ္တိကေ- ချစ်သမီး၊ ဥမ္မတ္တိကာ- ပုံ့လွင့်သော စိတ်ရှိသည်၊ ဟုတွာ- ဖြစ်၍၊ ဘဏသိ နု- ဆိုမြည်တမ်းသလော၊ အန္ဓဗာလာ- အလွန်မိုက်မဲ တွေဝေသည်ဖြစ်၍၊ ပဘာသသိ နု- ဤစကားကို ဆိုမြည်လတ်သလော၊ ကုသော- ကုသမင်းသည်၊ အာဂတော- လာသည်၊ သစေ အဿ- အကယ်၍ ဖြစ်ငြားအံ့၊ ဧဝံ သတိ- ဤသို့လာရောက်သည်ရှိသော်၊ မယံ- ငါတို့သည်၊ တံ- ထိုကုသမင်းကို၊ ကိံ- အဘယ့်ကြောင့်၊ န ဇာနေမု- မသိဘဲ ရှိကုန်အံ့နည်း။

တတ္ထ- ထို'ဥမ္မတ္တိကာ နု' စသော ဂါထာ၌၊ အန္ဓဗာလာတိ- အန္ဓဗာလာ ဟူသည်ကား၊ သမ္မူဠှာ- တွေဝေသည်၊ အညာဏာ- ဉာဏ်မရှိသည်၊ ဟုတွာ- ဖြစ်၍။ ကိံ နု ဇာနေမူတိ- ကိံ နု ဇာနေမု ဟူသည်ကား၊ ကေန ကာရဏေန- အဘယ် မည်သော အကြောင်းကြောင့်၊ တံ- ထိုကုသမင်း၏လာခြင်းကို၊ နု ဇာနေယျာမ- မသိဘဲ နေကုန်ရာအံ့နည်း။ ဟိ- မှန်၏၊ သော- ထိုကုသမင်းသည်၊ အန္တရာမဂ္ဂေ- ခရီးအကြား၌၊ ဌိတောဝ- တည်လျက်သာလျှင်၊ အမှာကံ- ငါတို့၏၊ (သန္တိကံ- အထံသို့) သာသနံ- သိတင်းစကားကို၊ ပေသေယျ- စေရာ၏။ သမုဿိတဒ္ဓဇာ- စိုက်ထောင်အပ်သော အလံတံခွန်ရှိသော၊ စတုရင်္ဂိနိသေနာ- အင်္ဂါ လေးပါး ရှိသောစစ်တပ်သည်၊ ပညာယေထ- ထင်ရှား၏။ တွံ ပန- သင်ချစ်သမီး သည်ကား၊ မရဏဘယေန- သေဘေးမှ ကြောက်သောကြောင့်၊ ကထေသိ- ဆိုဘိ၏၊ က္ကတိ- ဤကား၊ အတ္ထော- အနက်တည်း။

## ဟိုမှာ ကြည့်ပါ မယ်တော်

သာ- ထိုပဘာဝတီသည်၊ ဧဝံ- ဤသို့၊ ဝုတ္တေ- မယ်တော်မိဖုရားကြီးသည် မေးတော်မူအပ်လတ်သော်၊ "မေ- ငါ၏၊ မာတာ- မယ်တော်သည်၊ (ဝုတ္တံ- ငါလျှောက် ထားအပ်သော စကားကို)၊ နု သဒ္ဒဟတိ- ယုံကြည်တော်မမူ၊ တဿ- ထိုကုသမင်း၏၊ ဣဓ- ဤငါတို့၏ပြည်သို့၊ အာဂန္တွာ- လာ၍၊ သတ္တမာသေ- ခုနစ်လတို့ပတ်လုံး၊ ဝသနဘာဝံ- နေသည်၏အဖြစ်ကို၊ နု ဇာနာတိ- သိတော်မမူ၊ နံ- ထိုမယ်တော်မိဖုရား ကြီးကို၊ ဒဿေဿာမိ- ပြအံ့၊" က္ကတိ- ဤသို့၊ စိန္တေတွာ- ကြံ၍၊ မာတရံ- မယ်တော်၏၊ ဟတ္ထေ- လက်ကို၊ ဂဟေတွာ- ဆွဲ၍၊ သီဟပဥ္စရံ- ခြင်္သေ့ခံသော လေသွန်နန်းတံခါးကို၊ ဝိဝရိတွာ- ဖွင့်၍၊ ဟတ္ထံ- လက်ကို၊ ပသာရေတွာ- ဆန့်၍၊ ဒဿေန္တီ- ပြလိုသည်ဖြစ်၍၊ "ဧသော အာဠာရိကော ပေါသော၊ (ပ) ကုမ္ဘိံ ဓောဝတိ ဩဏတော"တိ- "ဧသော အာဠာရိကော ပေါသော၊ (ပ) ကုမ္ဘိံ ဓောဝတိ ဩဏတော" ဟူသော၊ ဂါထံ- ဂါထာကို၊ အာဟ- ဆိုပြီ။

၅၆။ အမ္မ- မိခင်၊ ယော- အကြင်သူသည်၊ ဒဠှံ- မြဲစွာ၊ သံဝေလ္လိ- အောက်ပိုး ကျိုက်သည်ကို၊ ကတွာန- ပြု၍၊ ဩဏတော- အောက်သို့ ညွတ်သော ဦးခေါင်းရှိသည် ဖြစ်၍၊ ကုမ္ဘိံ- အိုးခွက်ကို၊ ဓောဝတိ- ဆေးနေ၏။ ဧသော အာဠာရိကော- ထိုစဖိုသည်သည်၊ သော ပေါသော- ထိုကုသမင်းပင်တည်း၊

တွံ- သင်မိခင်သည်၊ ကုမာရိပုရမန္တရေ- သမီးတော်တို့နေရာ လေသာနန်းတံခါးကြား၌၊ ဩလောကေဟိ- ကြည့်တော်မူပါလော့။

တတ္ထ- ထို ဧသော စသော ဂါထာ၌၊ ကုမာရိပုရမန္တရေတိ- ကုမာရိ ပုရမန္တရေဟူသည်ကား၊ ဝါတပါနေ- လေသောက်ပြူတင်း၌၊ ဌိတာ- ရပ်လျက်၊ တဝ- သင်၏၊ မိတာနံ- သမီးဖြစ်ကုန်သော၊ ကုမာရီနံ- နန်းတွင်းသူတို့၏၊ ဝသနဋ္ဌာနန္တရေ- နေရာအရပ်၏ အကြား၌၊ နံ- ထိုကုသမင်းကို၊ ဩလောကေဟိ- ကြည့်လော့။ သံဝေလ္လိတ္တိ- သံဝေလ္လိဟူသည်ကား၊[၁] ကစ္ဆံ- ကျဉ်းမြောင်းသော အရပ်ကို၊ ဗန္ဓိတွာ- ဖွဲ့ချည်၍၊ ကုမ္ဘိံ- အိုးကို၊ ဓောဝတိ- ဆေး၍ နေ၏။

နင်တယ်မိုက်ပါလား

ကိရ- ချဲ့ဦးအံ့၊ တဒါ- ထိုအခါ၌၊ သော- ထိုကုသမင်းသည်၊ "အဇ္ဇ- ယနေ့၊ မေ- ငါ၏၊ မနောရထော- စိတ်အလိုသည်၊ (နှလုံးအလိုသည်၊) မတ္ထကံ- အပြီးအဆုံးသို့၊ ပါပုဏိဿတိ- ရောက်လတ္တံ့။ အဒ္ဓါ- မချွတ်ဧကန်၊ ပဘာဝတီ- ပဘာဝတီသည်၊ မရဏဘယတဇ္ဇိတာ- သေဘေးမှ ကြောက်သည်ဖြစ်၍၊ မမ- ငါ၏၊ အာဂတဘာဝံ- လာသည်၏အဖြစ်ကို၊ ကထေဿတိ- ပြောဆိုလတ္တံ့၊ ဘာဇနာနိ- အိုးခွက်တို့ကို၊ ဓောဝိတွာ- ဆေး၍၊ ပဋိသာမေဿာမိ- သိုမှီး (သိမ်းဆည်း)အံ့။" က္လတိ- ဤသို့၊ (မနသိကတွာ- နှလုံးသွင်း၍၊) ဥဒကံ- ရေကို၊ အာဟရိတွာ- ခပ်(ဆောင်)၍၊ ဘာဇနာနိ-အိုးခွက်တို့ကို၊ ဓောဝိတုံ- ဆေးခြင်းငှာ၊ အာရဘိ- အားထုတ်ပြီ၊ အထ- ထိုသို့မြင်ရသောအခါ၌၊ နံ- သမီးတော် ပဘာဝတီ ကို၊ မာတာ- မယ်တော်

---

၁။ သံဝေလ္လိ- သံ-ရှေးရှိသော ဝေလ္လ-ဓာတ် စလနတ္ထ၊ သံဟရဏတ္ထ-ဟုလည်းကောင်း၊ ဝိ-ရှေးရှိသော က္လလ-ဓာတ်ဟုလည်းကောင်း ရုပ်ပြီးကြကြ၏၊ တွန့်ခြင်း ခွေခြင်း လိမ်ခြင်း အနက်ကို ဟော၏၊ ခန္ဓာကိုယ်အောက်ပိုင်း၌ ဝတ်ဆင်ထားသော ပုဆိုးကို တွန့်လိမ်ခွေခေါက်၍ ပေါင်ကြားသို့ သွင်းကာ နောက်ပိုင်းခါး၌ ချည်နှောင်ထားခြင်းကို အောက်ပိုးကြိုက်သည်ဟုလည်းကောင်း၊ ခါးတောင်းကြိုက်သည်ဟုလည်းကောင်းခေါ်၏၊ ထို့ကြောင့် ကစ္ဆံ ဗန္ဓိတွာ-ဟု ဖွင့်သည်၊ ကစ္ဆ-သဒ္ဒါ ပေါင်ကြားကိုယူ၊ ၎င်းကို လိမ်ထားသော ပုဆိုးဖြင့် ဖွဲ့ချည်၍ထားသည်ဟု ဆိုလိုသည်။

မိဖုရားကြီးသည်၊ ပရိဘာသန္တိ- ဆဲရေးမြည်တမ်းတော်မူလိုသည်ဖြစ်၍၊ "ဝေဏိ တွမသိ စဏ္ဍာလီ၊ (ပ) ဒါသံ ကယိရာသိ ကာမုက"န္တိ- "ဝေဏိ တွမသိ စဏ္ဍာလီ၊ (ပ) ဒါသံ ကယိရာသိ ကာမုကံ" ဟူသော၊ ဂါထံ- ဂါထာကို၊ အာဟ- ဆိုပြီ။

၅၇။ ပုတ္တိကေ- ချစ်သမီး၊ တွံ- သင်သည်၊ ဝေဏိ- ဒေါင်းရွှေသည် သမီးသည်၊ အသိ- ဖြစ်လေသလော၊ စဏ္ဍာလီ- ဒွန်စဏ္ဍားသမီးသည်၊ အသိ- ဖြစ်လေသလော။ အဒု- ထိုသို့မဟုတ်မူ၊ ကုလဂန္ဓိနီ- အမျိုးကို ဖျက်ဆီး တတ်သော မိန်းမသည်။ အသိ- ဖြစ်လေသလော။ ကထံ- အဘယ် အကြောင်းကြောင့်၊ မဒ္ဒကုလေ- မဒ္ဒရာဇ်မင်းမျိုး၌၊ ဇာတာ- ဖြစ်ပါလျက်၊ ကာမုကံ- အဘယ်ကြောင့်၊ အတ္တနော- မိမိ၏၊ သာမိကံ- လင်ကို၊ ဒါသံ- ကျွန်အဖြစ်ကို၊ ကယိရာသိ- ပြုဘိသနည်း။ (ကာမုကံ= ကို အဘယ့်ကြောင့်ဟု အနက်ပေးသော် ရှေ့၌ ကထံ-ပုဒ်ပါပြီးဖြစ်၍ အနက်တူနှစ်ပုဒ်ထပ်သကဲ့သို့ ဖြစ်၏၊ ထို့ကြောင့် "ကာမုကံ-ချစ်လင်ကို၊ ဒါသံ- ကျွန်အဖြစ်ကို၊ ကယိရာသိ- ပြုဘိသနည်း"ဟု အနက်ပြောင်း ၍ပေးလေ။)

[နှာ-၃၂၅] တတ္ထ- ထို ဝေဏိ စသော ဂါထာ၌၊ ဝေဏီတိ- ဝေဏိ ဟူသည်ကား၊[၁] တစ္ဆိကာ- နှီးရွှေသူမသည်။ အဒူ'သိ ကုလဂန္ဓိနီတိ- အဒူ'သိ ကုလဂန္ဓိနီဟူသည်ကား၊[၂] ဥဒါဟု- ထိုသို့မဟုတ်၊ တွံ- သင်သည်၊ ကုလဒူသိကာ- အမျိုးကို ဖျက်ဆီးသူသည်။ ကာမုကန္တိ- ကာမုကံဟူသည်ကား၊ ကထံ နာမ- အဘယ့်ကြောင့်လျှင်၊ တွံ- သင်သည်၊ ဧဝရူပေ- ဤသို့သဘောရှိသော၊ ကုလေ- အမျိုး၌၊ ဇာတာ- ဖြစ်ပါလျက်၊ အတ္တနော- မိမိ၏၊ သာမိကံ- အရှင်ကို၊ ဒါသံ- ကျွန်ကို၊ ကရေယျာ သိ- ပြုဘိသနည်း၊ ဣတိ- ဤကား၊ အတ္ထော- အနက်တည်း။

---

၁။ ဝေဏီ-နှီးရွှေသမား၊ ရှေးခေတ်က ဒေါင်းရွှေသမား-ဟု အနက်ပေး၏၊ ဝါးကို ခွဲစိပ်ဖြာ၍ တောင်းပလုံးစသည် ရက်လုပ်အသက်မွေးသော ဇာတ်နိမ့်လူတန်းစားကို ခေါ်သည်၊ ဤ၌ သမီးကို မနှစ်သက်၍ ဆဲရေးသောအားဖြင့် ခေါ်ဆိုသော စကားဖြစ်သည်။

၂။ ကုလဂန္ဓိနီ- ဂန္ဓ-ဓာတ် ဆေဒနေ-အမျိုးအစဉ်အဆက်ပြတ်အောင် ဖြတ်သူ, အမျိုးကို ဖျက်ဆီးသူ-ဟု အဓိပ္ပါယ်ရ၏။

ကျွန်လို့ ထင်လို့လား

တတော- ထိုမှ၊ (ပရံ- နောက်၌) ပဘာဝတီ- ပဘာဝတီသည်၊ "မမ- ငါ၏၊ မာတာ- မယ်တော်သည်၊ ဣမဿ- ဤကုသမင်း၏၊ မံ- ငါ့ကို၊ နိဿာယ- မှီ၍၊ ဧဝံ- ဤသို့စဖိုသည်ဖြစ်၍၊ ဝသနဘာဝံ- နေလာသည်၏အဖြစ်ကို၊ န ဇာနာတိ မသော- သိတော်မမူယောင်တကား၊" ဣတိ- ဤသို့ စိန္တေတွာ- ကြံ၍၊ "နမှိ ဝေဏီ န စဏ္ဍာလီ၊ (ပ) တွံ နု ဒါသောတိ မညသီ"တိ- "နမှိ ဝေဏီ န စဏ္ဍာလီ၊ (ပ) တွံ နု ဒါသောတိ မညသီ"ဟူသော၊ ဣတရံ- တစ်ပါးသော၊ ဂါထံ- ဂါထာကို၊ အာဟ- ဆိုပြီ။

၅၈။ အမ္မ- မိခင်၊ အဟံ- အကျွန်ုပ်သည်၊ ဝေဏီ- ဒေါင်းရွှေသည် သမီးသည်၊ န အမှိ- မဖြစ်ပါ။ စဏ္ဍာလီ- ဒွန်းစဏ္ဍားသမီးသည်၊ န အမှိ- မဖြစ်ပါ။ ကုလဂန္ဓိနီ- အမျိုးကို ဖျက်ဆီးတတ်သော မိန်းမသည်၊ န အမှိ- မဖြစ်ပါ။ ဘဒ္ဒန္တေ- ချစ်မိခင်၊ တွံ- သင်မိခင်သည်၊ ဩက္ကာကပုတ္တော- ဥက္ကာကမင်း၏ သားတော် ဖြစ်သော ကုသမင်းမြတ်ကို၊ ဒါသောတိ- ကျွန်ဟူ၍၊ မညသိ နု- အောက်မေ့တော်မူဘိ၏တကား။

တတ္ထ- ထို နမှိ ဝေဏီ စသော ဂါထာ၌၊ ဩက္ကာကပုတ္တောတိ- ဩက္ကာက ပုတ္တော ဟူသည်ကား၊ အမ္မ- အမိ၊ ဧသ ဧသော- ဤသူသည်၊ ဩက္ကာကပုတ္တော- ဩက္ကာကမင်း၏ သားတည်း၊ တွံ ပန- သင်မိခင်သည်ကား၊ "ဒါသော"တိ- ကျွန်ဟူ၍၊ မညသိ- မှတ်ထင်ဘိ၏၊ ကသ္မာ- အဘယ့်ကြောင့်၊ နံ- ထိုကုသမင်းကို၊ အဟံ- ငါသည်၊ "ဒါသော"တိ- ကျွန်ဟူ၍၊ ကထေဿာမိ- ဆိုအံ့နည်း၊ ဣတိ- ဤကား၊ အတ္ထော- အနက်တည်း။

ဣဒါနိ- ယခုအခါ၌၊ (ပဘာဝတီ- ပဘာဝတီသည်၊) အဿ- ထိုကုသမင်း၏၊ ယသံ- ဂုဏ်ကျေးဇူးကို၊ ဝဏ္ဏေန္တီ- ချီးမွမ်းပြောဆိုလိုသည်ဖြစ်၍၊ "ယော ဗြာဟ္မဏသဟဿာနိ၊ (ပ) တွံ နု ဒါသောတိ မညသီ"တိ- "ယော ဗြာဟ္မဏသဟဿာနိ၊ (ပ) တွံ နု ဒါသောတိ မညသီ"ဟူကုန်သော၊ (ဣမာ ပဉ္စ ဂါထာယော- ဤငါးဂါထာတို့ကို၊) အာဟ- ဆိုပြီ။

၅၉။ အမ္မ- မိခင်၊ ဩက္ကာကပုတ္တော- ဩက္ကာကမင်း၏ သားတော် ဖြစ်သော၊ ယော ရာဇာ- အကြင်ကုသမင်းသည်၊ ဝီသတိံ ဗြာဟ္မဏ

သဟဿာနိ- နှစ်သောင်းသော ပုဏ္ဏားတို့ကို၊ သဒါ- အခါခပ်သိမ်း၊ ဘောဇေတိ- ဆွမ်းကျွေး၏၊ ဘဒ္ဒန္တေ- ချစ်မိခင်၊ တွံ- သင်မိခင်သည်၊ သော ဩက္ကာကပုတ္တော- ထိုဩက္ကာက မင်း၏ သားတော်ဖြစ်သော ကုသမင်းကို၊ ဒါသောတိ- ကျွန်ဟူ၍၊ မညသိ နု- ထင်တော်မူဘိသလော။

၆၀။ အမ္မ- မိခင်၊ ဩက္ကာကပုတ္တဿ- ဩက္ကာကမင်း၏ သားတော်ဖြစ်သော၊ ယဿ- အကြင်ကုသမင်းအတွက်၊ ဝီသတိံနာဂသဟဿာနိ- နှစ်သောင်းသော ဆင်တို့ကို၊ သဒါ- အခါခပ်သိမ်း၊ ယောဇေန္တိ- ကစေကုန်၏၊ ဘဒ္ဒန္တေ- ချစ်မိခင်၊ တွံ- သင်မိခင်သည်၊ သော ဩက္ကာကပုတ္တော- ထိုဩက္ကာကမင်း၏ သားတော်ဖြစ်သော ကုသမင်းကို၊ ဒါသောတိ- ကျွန်ဟူ၍၊ မညသိ နု- အောက်မေ့တော်မူဘိသလော။

၆၁။ အမ္မ- မိခင်၊ ဩက္ကာကပုတ္တဿ- ဩက္ကာကမင်း၏ သားတော်ဖြစ်သော၊ ယဿ- အကြင်ကုသမင်းမြတ်အတွက်၊ ဝီသတိံ အဿသဟဿာနိ- နှစ်သောင်းသော မြင်းတို့ကို၊ သဒါ- အခါခပ်သိမ်း၊ ယောဇေန္တိ- ကစေကုန်၏၊ ဘဒ္ဒန္တေ- ချစ်မိခင်၊ တွံ- သင်မိခင်သည်၊ သော ဩက္ကာကပုတ္တော- ထိုဩက္ကာက မင်း၏ သားတော်ဖြစ်သော ကုသမင်းကို၊ ဒါသောတိ- ကျွန်ဟူ၍၊ မညသိ နု- အောက်မေ့တော်မူဘိသလော။

၆၂။ အမ္မ- မိခင်၊ ဩက္ကာကပုတ္တဿ- ဩက္ကာကမင်း၏ သားတော်ဖြစ်သော၊ ယဿ- အကြင်ကုသမင်းမြတ်အတွက်၊ ဝီသတိံ ရထသဟဿာနိ- နှစ်သောင်းသော ရထားတို့ကို၊ သဒါ- အခါခပ်သိမ်း၊ ယောဇေန္တိ- ကစေကုန်၏၊ ဘဒ္ဒန္တေ- ချစ်မိခင်၊ တွံ- သင်မိခင်သည်၊ သော ဩက္ကာကပုတ္တော- ထိုဩက္ကာက မင်း၏သားတော် ဖြစ်သော ကုသမင်းကို၊ ဒါသောတိ- ကျွန်ဟူ၍၊ မညသိ နု- အောက်မေ့တော်မူဘိသလော။

၆၃။ အမ္မ- မိခင်၊ ဩက္ကာကပုတ္တဿ- ဩက္ကာကမင်း၏သားတော်ဖြစ်သော၊ ယဿ- အကြင်ကုသမင်းမြတ်အတွက်၊ ဝီသတိံ ဓေနုသဟဿာနိ- နှစ်သောင်းသော နို့ညှစ်နွားမတို့ကို၊ သဒါ- အခါခပ်သိမ်း၊ ဒုဟန္တိ- နို့ညှစ်ကုန်၏၊ ဘဒ္ဒန္တေ- ချစ်မိခင်၊ တွံ- သင်မိခင်သည်၊ သော

ဩြက္ကာကပုတ္တော- ထိုဩြက္ကာက မင်း၏ သားတော်ဖြစ်သော ကုသမင်းကို၊
ဒါသောတိ- ကျွန်ဟူ၍၊ မညသိ နု- အောက်မေ့တော်မူဘိသလော။

မယ်တော်က မင်းကြီးကို လျှောက်ပြီ

ဧဝံ- ဤသို့၊ တာယ- ထိုပဘာဝတီသည်၊ ပဉ္စဟိ ဂါထာဟိ- ငါးဂါထာတို့ဖြင့်၊ မဟာသတ္တဿ- ဘုရားလောင်းကုသမင်း၏၊ ယသော- စည်းစိမ်အခြံအရံကို၊ ဝဏ္ဏိတော- ချီးမွမ်းအပ်ပြီ။ အထ- ထိုအခါ၌၊ အဿာ- ထိုပဘာဝတီ၏၊ မာတာ- မယ်တော်သည်၊ "အယံ- ဤပဘာဝတီသည်၊ အသမ္ဘိတာ- မကြောက်မရွံ့သည် ဖြစ်၍၊ ကထံ- စကားကို၊ ကထေတိ- ပြောဆိုဘိ၏။ အဒ္ဓါ- မချွတ်ဧကန်၊ ဧတံ- ထိုစဖိုသည် အိမ်၌ရှိသော သူသည်၊ ဧဝံ- ဤပဘာဝတီဆိုသည့်အတိုင်း ကုသမင်း ဟုတ်၏၊" ဣတိ- ဤသို့၊ သဒ္ဒဟိတွာ- ယုံကြည်၍၊ ရညော- မဒ္ဒရာဇ်မင်းကြီး၏၊ သန္တိကံ- အထံသို့၊ ဂန္တွာ- သွား၍၊ တမတ္ထံ- ထိုအကြောင်းကို၊ အာရောစေသိ- လျှောက်ကြားပြီ။ သော- ထိုမဒ္ဒရာဇ်မင်းကြီးသည်၊ ဝေဂေန- လျင်မြန်စွာ၊ ပဘာဝတိယာ- ပဘာဝတီ၏၊ [နှာ-၃၂၆] သန္တိကံ- အထံသို့၊ ဂန္တွာ- သွား၍၊ "အမ္မ- ချစ်သမီး၊ ကုသရာဇာ- ကုသမင်းသည်၊ ကိုရ- ဤငါတို့ပြည်သို့ အာဂတော- ရောက်လာသည်၊ သစ္စံ ကိရ- မှန်သလော၊" ဣတိ- ဤသို့ (ပုစ္ဆိ- မေးတော်မူပြီ)။ တာတ- ဖခင်မင်းမြတ်၊ အာမ- မှန်ပါ၏၊ အဿ- ထိုကုသမင်းသည်၊ (ကရောန္တဿ- ၌စပ်) တဝ- ခမည်းတော်မင်းကြီး၏၊ ဓီတာနံ- သမီးတော်တို့၏၊ အာဠာရိကတ္တံ- စဖိုသည်၏ အဖြစ်ကို၊ ကရောန္တဿ- ပြု၍နေစဉ်၊ အဇ္ဇ- ယနေ့၊ သတ္တ မာသာ- ခုနစ်လတို့သည်၊ (သတ္တမော မာသော-ဟု ရှိလျှင် "ခုနစ်လမြောက်သည်"ဟု အနက်ပေး၍၊ အတိက္ကန္တာ- ကို အတိက္ကန္တော-ဟု ပြင်၍ အနက်ပေးလေ) အတိက္ကန္တာ- လွန်သွား ကုန်ပြီ။ ဣတိ- ဤသို့ (အာဟ- လျှောက်တင်ပြီ)။ သော- ထိုခမည်းတော် မဒ္ဒရာဇ်မင်းကြီးသည်၊ တဿာ- ထိုသမီးတော်ပဘာဝတီ၏၊ (ဝစနံ- စကားကို၊) အသဒ္ဒဟန္တော- ယုံတော်မမူသည်ဖြစ်၍၊ ခုဇ္ဇံ- အထိန်းတော်ခုဇ္ဇာကို၊ ပုစ္ဆိတွာ- မေးတော်မူ၍၊ ယထာဘူတံ- ဟုတ်မှန်သောအတိုင်း၊ သုတွာ- ကြားသိ တော်မူ၍၊ ဓီတရံ- သမီးတော်ပဘာဝတီကို၊ ဂရဟန္တော- ကဲ့ရဲ့တော်မူလိုသည် ဖြစ်၍၊ "တဠ္ဋ တေ ဒုက္ကဋံ့ ဗာလေ၊ (ပ) န တံ အက္ခာသိ'ဓာဂတ"န္တိ- "တဠ္ဋ တေ ဒုက္ကဋံ့ ဗာလေ၊ (ပ) န တံ အက္ခာသိ'ဓာဂတံ"ဟူသော၊ ဂါထံ- ဂါထာကို၊ အာဟ- ဆိုတော်မူပြီ။

၆၄။ တာလေ- အမိုက်မ၊ မဏ္ဍူကဝဏ္ဏေန- ဖားရဲ့အသွင်ဖြင့်၊ နာဂံ- ဆင်ပြောင်ကို၊ ကရောတိ ဣဝ- ပြုသကဲ့သို့၊ တွံ- သင်သည်၊ မဟာဗလံ- ခွန်အား ကြီးမားသော၊ ခတ္တိယံ- ကုသမင်းမြတ်ကို၊ ယံ ကရောတိ- အကြင်ပြုမူ၏၊ ဧတံ- ထိုပြုမူခြင်းသည်၊ တဿ- စင်စစ်၊ တေ- သင်၏၊ ဒုက္ကဋံ- မကောင်းသော အပြုအမူ တည်း၊ ဣဓ- ဤအရပ်သို့၊ အာဂတံ- ရောက်လာသော၊ တံ- ထိုကုသမင်းမြတ်ကို၊ (နော- ငါတို့အား၊) န အက္ခာသိ- မပြောကြား၊ တမ္ပိ- ထိုမပြောကြားခြင်းသည် လည်း၊ တေ- သင်၏၊ ဒုက္ကဋံ- မကောင်းသော အပြုအမူတည်း။

တတ္ထ- ထို တဿ တေ- အစရှိသော ဂါထာ၌၊ တဿတိ- တဿဟူသည်ကား၊ ဧကံသေနဝ- ဧကန်စင်စစ်အားဖြင့်သာလျှင်။

## ကုသမင်းကို ကန်တော့ပြီ

သော- ထိုမဒ္ဒရာဇ်မင်းကြီးသည်၊ ဓီတရံ- သမီးတော်ပဘာဝတီကို၊ ဂရဟိတွာ- ကဲ့ရဲ့တော်မူ၍၊ ဝေဂေန- လျင်မြန်စွာ၊ တဿ- ထိုကုသမင်း၏၊ သန္တိကံ- အထံသို့၊ ဂန္တွာ- သွား၍၊ ကတပဋိသန္ထာရော- ပြုအပ်ပြီးသော စကားအစေ့အစပ် (ပျူငှာလောကဝတ်)ရှိသည်ဖြစ်၍၊ အဉ္ဇလိံ- လက်အုပ်ကို၊ ပဂ္ဂယှ- ချီ၍၊ အတ္တနော- မိမိ၏၊ အစ္စယံ- အပြစ်ကို၊ ဒဿေန္တော- ပြလိုသည်ဖြစ်၍၊ "အပရာဓံ မဟာရာဇ၊ (ပ) နာညာသိမှာ ဣဓာဂတ"န္တိ- "အပရာဓံ မဟာရာဇ၊ (ပ) နာညာသိမှာ ဣဓာဂတံ"ဟူသော၊ ဂါထံ- ဂါထာကို၊ အာဟ- ဆိုပြီ။

၆၅။ မဟာရာဇ- ကုသမင်းမြတ်၊ တွံ- သင်မင်းမြတ်သည်၊ နော- ငါတို့၏၊ အပရာဓံ- အပြစ်ကို၊ ခမ- သည်းခံတော်မူပါလော့။ ရထေသဘ- ရထား စီးချင်း မင်းတကာတို့ထက် မြတ်တော်မူသော၊ ရာဇ- ကုသမင်းမြတ်၊ အညာတဝေသေန- မထင်ရှားသော အသွင်ဖြင့်၊ ဣဓ- ဤသာဂလမြို့သို့၊ တဝ- အရှင်မင်းမြတ်၏၊ ယံ အာဂတံ- အကြင်ရောက်တော်မူခြင်းသည်၊ အတ္ထိ- ရှိ၏၊ တံ အာဂတံ- ထိုသို့ရောက်လာတော်မူခြင်းကို၊ မယံ- အကျွန်ုပ်တို့သည်၊ န အညာသိမှာ- မသိရပါကုန်။

## ကုသမင်းတောင်းပန်ခြင်း

တံ- ထိုစကားကို၊ သုတွာ- ကြား၍၊ မဟာသတ္တော- ဘုရားလောင်း ကုသမင်းသည်၊ "အဟံ- ငါသည်၊ ဖရုသံ- ကြမ်းကြုတ်စွာသော စကားကို၊ သစေ ဝက္ခာမိ- အကယ်၍ဆိုအံ့၊ (ဇဝံ သန္တေ- ဤသို့ဆိုသည်ရှိသော်၊) က္လဓေဝ- ဤအရပ်၌ပင်လျှင်၊ အဿ- ထိုမဒ္ဒရာဇ်မင်း၏၊ ဟဒယံ- စိတ်နှလုံးသည်၊ ဖလိဿတိ- ကွဲလတ္တံ့၊ နံ- ထိုမဒ္ဒရာဇ်မင်းကို၊ အဿာသေဿာမိ- သက်သာ စေအံ့၊" က္လတိ- ဤသို့ စိန္တေတွာ- ကြံ၍၊ ဘာဇနန္တရေ- အိုးခွက်ကြား၌၊ ဌိတောဝ- ရပ်လျက်သာလျှင်၊ "မာဒိသဿ န တံ ဆန္နံ၊ (ပ) နတ္ထိ တေ ဒေဝ ဒုက္ကဋ္ဌ"န္တိ- "မာဒိသဿ န တံ ဆန္နံ၊ (ပ) နတ္ထိ တေ ဒေဝ ဒုက္ကဋံ"ဟူသော၊ က္လတရံ- တစ်ပါးသော၊ ဂါထံ- ဂါထာကို၊ အာဟ- ဆိုပြီ။

၆၆။ ဒေဝ- အရှင်မင်းကြီး၊ ယော အဟံ- အကြင်ငါသည်၊ အာဌာရိ ကော- စဖိုသည်သည်၊ ဘဝေ- ဖြစ်၏၊ တံ- ထိုသို့ဖြစ်ရခြင်းသည်၊ မာဒိသဿ- ငါကဲ့သို့သော သူအား၊ ဆန္နံ- လျောက်ပတ်သည်၊ န ဘဝတိ- မဖြစ်၊ တွညေဝ- အရှင်မင်းမြတ်သည်သာလျှင်၊ မေ- အကျွန်ုပ်အား၊ ပသီဒဿု- စိတ်ကြည်တော်မူလော့။ တေ- သင်မင်းကြီးအား။ ဒုက္ကဋံ- မကောင်းသဖြင့် ပြုအပ်သော အပြစ်သည်၊ နတ္ထိ- မရှိပေ။

## သမီးတော်ကို ကန်တော့စေပြီ

ရာဇာ- မဒ္ဒရာဇ်မင်းကြီးသည်၊ တဿ- ထိုကုသမင်း၏၊ သန္တိကာ- အထံမှ၊ ပဋိသန္ထာရံ- အစေ့အစပ်စကားကို၊ လဘိတွာ- ရ၍၊ ပါသာဒံ- ပြာသာဒ် အထက်သို့ အဘိရုဟိတွာ- တက်တော်မူ၍၊ ပဘာဝတိံ- သမီးတော်ပဘာဝတီကို၊ ပက္ကော သာပေတွာ- ခေါ်စေတော်မူ၍၊ ခမာပနတ္ထာယ- သည်းခံစေခြင်းအကျိုးငှာ၊ (ကန်တော့စေခြင်းငှာ)၊ ပေသေတုံ- စေလွှတ်ခြင်းငှာ၊ "ဂစ္ဆ ဗာလေ ခမာပေဟိ၊ (ပ) သော တေ ဒဿတိ ဇီဝိတ"န္တိ- "ဂစ္ဆ ဗာလေ ခမာပေဟိ၊ (ပ) သော တေ ဒဿတိ ဇီဝိတံ"ဟူသော၊ ဂါထံ- ဂါထာကို၊ အာဟ- မိန့်တော်မူပြီ။

၆၇။ ဗာလေ- သူမိုက်မ၊ ဂစ္ဆ- သွားချေ၊ မဟဗ္ဗလံ- ကြီးသောခွန်အား ရှိသော၊ ကုသရာဇံ- ကုသမင်းမြတ်ကို၊ ခမာပေဟိ- ကန်တော့ချေလော့၊

တုမှေဟိ- သင်တို့သည်၊ ခမာပိတော- ကန်တော့အပ်သည်ရှိသော်၊ သော
ကုသောရာဇာ- ထိုကုသမင်းမြတ်သည်၊ တေ- သင်အား၊ ဇီဝိတံ-
အသက်ကို၊ ဒဿတိ- ပေးလတ္တံ့။

သာ- ထိုပဘာဝတီသည်၊ ပိတု- ခမည်းတော် မဒ္ဒရာဇ်မင်းကြီး၏၊ ဝစနံ- စကားကို၊ (အမိန့်တော်ကို၊) သုတွာ- ကြားရ၍၊ ဘဂိနီဟိ စေဝ- ညီမတော် အပေါင်းတို့ဖြင့်လည်းကောင်း၊ ပရိစာရိကာဟိ စ- အလုပ်အကျွေး ကိုယ်လုပ်မောင်းမ အပေါင်းတို့ဖြင့်လည်းကောင်း၊ ပရိဝုတာ- ခြံရံလျက်၊ တဿ- ထိုကုသမင်း၏၊ သန္တိကံ- အထံသို့ အဂမာသိ- သွားပြီ၊ သောပိ- ထိုကုသမင်း သည်လည်း၊ ကမ္မကာရဝေသေန- အလုပ်သမားအသွင်ဖြင့်၊ ဌိတော ဝ- ရပ်လျက် သာလျှင်၊ တဿာ- ထိုပဘာဝတီ၏၊ အတ္တနော- မိမိ၏၊ သန္တိကံ- အထံသို့၊ အာဂမနံ- လာသည်ကို၊ ဉတွာ- သိ၍၊ "အဇ္ဇ- ယနေ့၊ ပဘာဝတိယာ- ထိုပဘာ ဝတီ၏၊ မာနံ- မာနကို၊ ဘိန္ဒိတွာ- ချိုးဖျက်၍၊ ပါဒမူလေ- ခြေရင်း၌၊ နံ- ထိုပဘာဝတီကို၊ ကလလေ- ရွံ့ညွန်၌၊ နိပဇ္ဇာပေဿာမိ- ဝပ်စေအံ့၊" ဣတိ- ဤသို့၊ အတ္တနာ- မိမိသည်၊ အာဘတံ- ခပ်ဆောင်အပ်သော၊ သဗ္ဗံ- အလုံးစုံ သော၊ ဥဒကံ- ရေကို၊ ဆဍ္ဍေတွာ- သွန်ပစ်၍၊ ခလမဏ္ဍလမတ္တံ- ကောက်နယ် တလင်း ဝန်းမျှလောက် သော၊ ဌာနံ- အရပ်ကို၊ မဒ္ဒိတွာ- နင်းနယ်၍၊ ဧကကလလံ- တစ်ပေါင်းတည်း သော(တစ်ပြင်တည်းသော) ရွံ့ညွန်ကို၊ အကာသိ- ပြုတော်မူပြီ၊ သာ- ထိုပဘာဝတီသည်၊ တဿ- ထိုကုသမင်း၏၊ သန္တိကံ- အထံသို့၊ ဂန္တွာ- သွား၍၊ တဿ- ထိုကုသမင်း၏၊ ပါဒေသု (ပါဒမူလေသု)- ခြေရင်းတို့၌၊ နိပတိတွာ- ဝပ်၍၊ ကလလပိဋ္ဌေ- ရွံ့ညွန်ပြင်၌၊ နိပန္နာ- လျောင်းလျက်၊ တံ- ထိုကုသမင်းကို၊ ခမာပေသိ- ကန်တော့ပြီ၊ (သည်းခံစေပြီ၊) တမတ္ထံ- ထိုအကြောင်း ကို၊ ပကာ သေန္တော- ထင်ရှားပြုတော်မူလိုသော၊ သတ္ထာ- ဘုရားရှင်သည်၊ "ပိတုဿ ဝစနံ သုတွာ၊ (ပ) ကုသရာဇံ မဟဗ္ဗလ"န္တိ- "ပိတုဿ ဝစနံ သုတွာ၊ (ပ) ကုသရာဇံ မဟဗ္ဗလံ"ဟူသော၊ (ဣမံ ဂါထံ- ဤဂါထာကို၊) အာဟ- ဟောတော်မူပြီ။

[နှာ-၃၂၇] ၆၈။ ဘိက္ခဝေ- ရဟန်းတို့၊ ဒေဝကညာ- နတ်၏အဆင်းနှင့်
တူသော အဆင်းရှိသော၊ ပဘာဝတီ- မင်းသမီးပဘာဝတီသည်၊ ပိတုဿ-
ခမည်းတော် မဒ္ဒရာဇ်မင်း၏၊ ဝစနံ- စကားကို၊ သုတွာ- ကြား၍၊ မဟဗ္ဗလံ-

ကြီးသောခွန်အား ရှိသော၊ ကုသရာဇံ- ကုသမင်းကို၊ ပါဒေ- ခြေတို့ကို၊ သိရသာ- ဦးခေါင်းဖြင့်၊ ပတိတွာ- ဝပ်၍၊ အဂ္ဂဟီ- စွဲကိုင်ပြီ။

တတ္ထ- ထို ပိတုသဿစသော ဂါထာ၌၊ သိရသာတိ- သိရသာဟူသည်ကား၊ သိရသာ- ဦးခေါင်းဖြင့်၊ နိပတိတွာ- ပျပ်ဝပ်၍၊ ကုသရာဇာနံ- ကုသမင်းကို၊ ပါဒေ- ခြေတို့ကို၊ အဂ္ဂဟေသိ- ဆွဲကိုင်ပြီ၊ ဣတိ- ဤကား၊ အတ္ထော- အနက်တည်း။

စ- ဆက်ဦးအံ့၊ ဂဟေတွာ ပန- ခြေတို့၌ ဦးခေါင်းဖြင့် ဦးတိုက်၍ကား၊ နံ- ထိုကုသမင်းကို၊ ခမာပေန္တီ- သည်းခံစေလို(ကန်တော့လို)သည်ဖြစ်၍၊ "ယာ'မာ ရတျော အတိက္ကန္တာ၊ (ပ) ခတ္တိယာနံ ပဒဿတီ"တိ- "ယာ'မာ ရတျော အတိက္ကန္တာ၊ (ပ) ခတ္တိယာနံ ပဒဿတိ"ဟူကုန်သော၊ တိဿော ဂါထာယော- သုံးဂါထာတို့ကို၊ အဘာသိ- ဆိုပြီ။

၆၉။ ဒေဝ- အရှင်မင်းမြတ်၊ တယာ- အရှင်မင်းမြတ်နှင့်၊ ဝိနာ- ကင်း၍၊ ယာ'မာ ရတျော (ယာ ဣမာ ရတ္တိယော)- အကြင်ညဉ့်တို့သည်၊ အတိက္ကန္တာ- လွန်ကုန်၏။ တာ'မာရတ္တိယော (တာ ဣမာ ရတ္တိယော)- ထိုညဉ့်တို့သည်၊ သတ္တမာသာ- ခုနစ်လရှိကုန်ပြီ။ ရထေသဘ- ရထားစီးချင်း မင်းတကာတို့ထက်မြတ်သော အရှင်မင်းမြတ်၊ တေ- အရှင်မင်းမြတ်၏၊ ပါဒေ- ခြေတော်တို့ကို၊ သိရသာ- ဦးခေါင်းဖြင့်၊ ဝန္ဒေ- ရှိခိုးပါ၏၊ မေ- အကျွန်ုပ်ကို၊ မာ ကုဇ္ဈ- အမျက်ထွက်တော် မမူပါလင့်။

၇၀။ မဟာရာဇ- အရှင်မင်းမြတ်၊ တေ- အရှင်မင်းအား၊ အပ္ပိယံ- မနှစ်သက်အပ်သည်ကို၊ ကတံ- ပြုမိပေ၏၊ သဗ္ဗံ- အလုံးစုံအပြစ်ကို၊ အဟံ- အကျွန်ုပ်သည်၊ ပဋိဇာနာမိ- ဝန်ခံပါ၏၊ မဟာရာဇ- မင်းမြတ်၊ မေ- အကျွန်ုပ်၏၊ ဝစနံ- စကားကို၊ သုဏောဟိ- နာတော်မူပါလော့၊ အဟံ- အကျွန်ုပ်သည်၊ ပုန- တစ်ဖန်၊ တုယှံ- အရှင်မင်းမြတ်အား၊ အပ္ပိယံ- မနှစ်သက်အပ်သည်ကို၊ န စာပိ ကရေယျာမိ- မပြုဝံ့ပါပြီ။

၇၁။ ဧဝံ- ဤသို့ ယာစမာနာယ- တောင်းပန်ပါသော၊ မေ- အကျွန်ုပ်၏၊ ဝစနံ- စကားကို၊ စေ န ကာဟသိ- အကယ်၍လိုက်နာတော်မမူအံ့၊ ဧဝံ

သတိ- ဤသို့ လိုက်နာတော်မမူသည်ရှိသော်၊ တာတော- ခမည်းတော်သည်၊ ဣဒါနိ- ယခုအခါ၌၊ မံ- အကျွန်ုပ်ကို၊ ဟန္တွာ- သတ်၍၊ ခတ္တိယာနံ- ခုနစ် ပြည်ထောင်သော မင်းတို့အား၊ ပဒဿတိ- ပေးလိုက်ပါလတ္တံ့။

တတ္ထ- ထို ယာမှာ စသော ဂါထာတို့၌၊ ရဇ္ဇော်တိ- ရဇ္ဇော်ဟူသည် ကား၊ ရတ္တိယော- ညဉ့်တို့သည်။ တာ'မာတိ- တာ'မာ ဟူသည်ကား၊ သဗ္ဗာပိ- အလုံးစုံလည်း ဖြစ်ကုန်သော၊ တာ ဣမာ- ထိုညဉ့်တို့သည်၊ တယာ- သင်နှင့်၊ ဝိနာ- ကင်း၍၊ အတိက္ကန္တာ- ကုန်လွန်ခဲ့ပြီ။ သဗ္ဗ တေ ပဋိဇာနာမီတိ- သဗ္ဗ တေ ပဋိဇာနာမိ ဟူသည်ကား၊ မဟာရာဇ- မြတ်သောမင်းကြီး၊ ဧတ္တကံ ကာလံ- ဤမျှလောက်သော ကာလပတ်လုံး၊ မယာ- ငါသည်၊ တဝ- သင်၏၊ အပ္ပိယမေဝ- မနှစ်သက်အပ်သည်ကိုသာ၊ ကတံ- ပြုအပ်ပြီ၊ အဟံ- ငါသည်၊ ဣဒံ သဗ္ဗံ- ဤအလုံးစုံကို၊ တေ- သင့်အား၊ ပဋိဇာနာမိ- ဝန်ခံပါ၏၊ အပရမ္ပိ- ထို့အပြင်လည်း၊ မေ- အကျွန်ုပ်၏၊ ဝစနံ- စကားကို၊ သုဏောဟိ- နားထောင်ပါဦး၊ ဣတော- ဤအခါမှ၊ ပဋ္ဌာယ- စ၍၊ အဟံ- ငါသည်၊ ပုန- တစ်ဖန်၊ တုယှံ- သင်၏၊ အပ္ပိယံ- မနှစ်သက်အပ်သည်ကို၊ န ကရိဿာမိ- မပြုတော့ပါအံ့။ ဧဝံ စေတိ- ဧဝံ စေဟူသည် ကား၊ သစေ- အကယ်၍၊ ဧဝံ- ဤသို့၊ ယာစမာနာယ- တောင်းပန်သော၊ မမ- ငါ၏၊ ဝစနံ- စကားကို၊ တွံ- သင်သည်၊ န ကရိဿသိ- မလိုက်နာငြားအံ့၊ ဣတိ- ဤကား၊ အတ္ထော- အနက်တည်း။

ကုသမင်း ကျေနပ်

တံ- ပဘာဝတီ ကန်တော့တောင်းပန်သော ထိုစကားကို၊ သုတွာ- ကြား၍၊ ရာဇာ- ကုသမင်းသည်၊ "အဟံ- ငါသည်၊ 'ဣမံ- ဤပဘာဝတီကို၊ တွဉ္စေ- သင်သည်သာလျှင်၊ ဇာနိဿတိ- သိရလိမ့်လတ္တံ့၊ ဣတိ- ဤသို့၊ သစေ ဝက္ခာမိ- အကယ်၍ ဆိုငြားအံ့၊ အဿာ- ထိုပဘာဝတီ၏၊ ဟဒယံ- စိတ်နှလုံးသည်၊ ဖလိဿတိ- ကွဲလတ္တံ့၊ နံ- ထိုပဘာဝတီကို၊ အဿာသေဿာမိ- သက်သာစေအံ့"ဣတိ- ဤသို့၊ စိန္တေတွာ- ကြံ၍၊ "ဧဝံ တေ ယာစမာနာယ၊ (ပ) နယိတုံ တံ ပဘာဝတီ"တိ- "ဧဝံ တေ ယာစမာနာယ၊ (ပ) နယိတုံ တံ ပဘာဝတီ"ဟူကုန်သော၊ (ဣမာ တိဿော ဂါထာယော- ဤသုံးဂါထာတို့ကို၊) အာဟ- ဆိုတော်မူပြီ။

၇၂။ ကလျာဏိ- ကောင်းခြင်းငါးပါးနှင့် ပြည့်စုံသော၊ ပဘာဝတိ- ရှင်မ ပဘာဝတီ၊ တွံ- သင်သည်၊ မာ ဘာယိ- မကြောက်ပါလင့်၊ တေ- ရှင်မအား၊ ဝိကုဒ္ဓေါ- အမျက်မထွက်သည်၊ အသ္မိ- ဖြစ်၏၊ ဧဝံ- ဤသို့၊ တေ- ရှင်မပဘာဝတီ သည်၊ ယာစမာနာယ- တောင်းပန်ပါလျက်၊ တေ- ရှင်မ၏၊ ဝစော- စကားကို၊ ကိံ- အဘယ်ကြောင့်၊ န ကာဟာမိ- မလိုက်နာတုံ အံ့နည်း၊ ကာဟာမိ ဧဝ- လိုက်နာအံ့သည်သာတည်း။

၇၃။ ရာဇပုတ္တိ- မင်းသမီးဖြစ်သော ရှင်မ ပဘာဝတီ၊ တေ- ရှင်မ၏၊ သဗ္ဗံ- အလုံးစုံသော အပြစ်ကို၊ ပဋိဇာနာမိ- ငါသည်းခံ၏။ မေ- ငါ၏၊ ဝစနံ- စကားကို၊ သုဏောဟိ- နာဦးလော့။ အဟံ- ငါသည်၊ ပုန- တစ်ဖန်၊ တုယှံ- အရှင်မအား၊ အပ္ပိယံ- မနှစ်သက်သည်ကို၊ န စာပိ ကရေယျာမိ- မပြုပြီ။

၇၄။ သုဿောဏိ- ပါးလျသေးသွယ် တင့်တယ်သော ခါးရှိသော၊ ပဘာဝတိ- ရှင်မ ပဘာဝတီ၊ ဗဟုံ- များစွာသော၊ မဒ္ဒကုလံ- မဒ္ဒရာဇ် မင်းမျိုးကို၊ ဟန္တွာ- အကုန်သတ်၍။ တံ- ရှင်မကို၊ နယိတုံ- ဆောင်ယူခြင်းငှာ၊ သမတ္ထော- စွမ်းနိုင်လျက်၊ တဝ ကာမာဟိ- ရှင်မကို အလိုရှိသောကြောင့် သာလျှင်၊ ပဟု- များစွာသော၊ ဒုက္ခံ- ဆင်းရဲကို၊ တိတိက္ခိသံ- ငါသည်းခံ၏။

တတ္ထ- ထို ဧဝံ တေ စသော ဂါထာတို့၌၊ **ကိံ န ကာဟာမိတိ**- ကိံ န ကာဟာမိ ဟူသည်ကား၊ ကိံကာရဏာ- အဘယ်အကြောင်းကြောင့်၊ တဝ- သင်၏၊ ဝစနံ- စကားကို၊ န ကရိဿာမိ- မလိုက်နာဘဲ နေအံ့နည်း။ **ဝိကုဒ္ဓေါ တျ'သ္မိတိ**- ဝိကုဒ္ဓေါ တျ'သ္မိဟူသည်ကား၊ တေ- သင့်အား၊ ဝိကုဒ္ဓေါ- အမျက်မထွက်သည်၊ နိက္ကောပေါ- စိတ်မဆိုးသည်၊ အသ္မိ- ဖြစ်၏။ **သဗ္ဗံ တေတိ**- သဗ္ဗံ တေဟူသည်ကား၊ ဝိကုဒ္ဓဘာဝဉ္စ- အမျက်မထွက်သည်၏ အဖြစ်ကိုလည်းကောင်း၊ ဣဒါနိ- ယခုအခါ၌၊ အပ္ပိယကရဏဉ္စ- မနှစ်သက်သည်၏ အဖြစ်ကို ပြုခြင်းကိုလည်းကောင်း၊ ဥဘယံ- နှစ်ပါးစုံသော၊ တေ- သင်၏၊ ဣဒံ သဗ္ဗမေဝ- ဤအလုံးစုံကိုပင်လျှင်၊ ပဋိဇာနာမိ- ခွင့်လွှတ်ပါ၏။ **တဝ ကာမာတိ**- [နှာ-၃၂၈] တဝ ကာမာဟူသည်ကား၊ တဝ- သင့်ကို၊ ကာမေန- အလိုရှိသောကြောင့်၊ တံ- သင့်ကို၊ ဣစ္ဆမာနော- အလိုရှိသည် ဖြစ်၍။ **တိတိက္ခိသန္တိ**-

တိတိက္ခိသံဟူသည်ကား၊ (အဟံ- ငါသည်၊) အဓိဝါသေမိ- သည်းခံ၏။ ဗဟုံ မဒ္ဒကုလံ ဟန္တွာ နယိတုံ တန္တိ- ဗဟုံ မဒ္ဒကုလံ ဟန္တွာ နယိတုံ တံ ဟူသည်ကား၊ ဗဟုမဒ္ဒရာဇကုလံ- များစွာသော မဒ္ဒရာဇ်မင်းမျိုးကို၊ ဟနိတွာ- သတ်၍၊ ဗလက္ကာရေန- အနိုင်အထက်အားဖြင့်၊ တံ- ထိုသင့်ကို၊ နေတုံ- ဆောင်ခြင်းငှာ၊ သမတ္ထော- စွမ်းနိုင်ပါလျက်။ ဣတိ- ဤကား၊ အတ္ထော- အနက်တည်း။

## ကြုံးဝါးပြီး စစ်တပ်ကို ပြင်စေခြင်း

အထ- ထိုအခါ၌၊ သော- ထိုကုသမင်းသည်၊ ဒေဝရညော- နတ်တို့၏ ဘုရင်ဖြစ်သော၊ သက္ကဿ- သိကြားမင်း၏၊ ပရိစာရိကာဝိယ- အခြံအရံ အလုပ်အကျွေးနှင့်တူသော၊ အတ္တနော- မိမိ၏၊ တံ ပရိစာရိကံ- ထိုအခြံအရံ (အလုပ်အကျွေး)ကို၊ ဒိသွာ- မြင်၍၊ ခတ္တိယမာနံ- မင်း၏ မာန်ကို၊ ဥပ္ပါဒေတွာ- ဖြစ်စေ၍၊ "မယိ- ငါသည်၊ ဓရမာနေယေဝ- ထင်ရှားရှိစဉ်ပင်လျှင်၊ မမ- ငါ၏၊ ဘရိယံ- မယားကို၊ အညေ- တစ်ပါးကုန်သော မင်းတို့သည်၊ ဂဟေတွာ- ယူ၍၊ ဂမိဿန္တိ ကိရ- သွားကုန်လတ္တံ့သတတ်၊" ဣတိ- ဤသို့၊ သီဟော ဝိယ- ခြင်္သေ့မင်းကဲ့သို့၊ ရာဇင်္ဂဏေ- မင်းရင်ပြင်၌၊ ဝိဇမ္ဘမာနော- တင့်တယ်စံပယ်တော်မူလျက်၊ "သကလနဂရဝါသိနော- အလုံးစုံသော မြို့၌နေကုန်သော သူတို့သည်၊ မေ- ငါ၏၊ အာဂတဘာဝံ- လာသည်၏ အဖြစ်ကို၊ ဇာနန္တု- သိစေကုန်သတည်း။" ဣတိ- ဤသို့၊ ဝဂ္ဂန္တော- ဟစ်ကြွေးလျက်၊ နဒန္တော- ကြုံးဝါးလျက်၊ သေဠေန္တော- လေချွန်လျက်၊ အပ္ဖောဋေန္တော- လက်ခမောင်းခတ်လျက်၊ "ဣဒါနိ- ယခုအခါ၌၊ တေ- ထိုခုနစ်ပြည်သော မင်းတို့ကို၊ ဇီဝဂ္ဂါဟံ- အသက်နှင့်တကွ ဖမ်းခြင်း (အရှင်ဖမ်းခြင်း)ကို၊ ဂဟေဿာမိ- ဖမ်းအံ့။ မေ- ငါ့အား၊ ရထာဒယော- ရထားစသည်တို့ကို၊ ယောဇေန္တု- တပ်ဆင်ကုန် (ယှဉ်ကကုန်)လော့၊" ဣတိ- ဤသို့ ဆို၍၊ "ယောဇယန္တု ရထေ အဿေ၊ (ပ) ဝိဓမန္တဿ သတ္တဝေါ"တိ- "ယောဇယန္တု ရထေ အဿေ၊ (ပ) ဝိဓမန္တဿ သတ္တဝေါ"ဟူသော၊ အနန္တရံ- အခြားမဲ့ဖြစ်သော၊ ဂါထံ- ဂါထာကို၊ အာဟ- ဆိုတော်မူပြီ။

၇၅။ ဘော- အိုအချင်းတို့ နာနာစိတ္တေ- အထူးထူးသော တန်ဆာတို့ဖြင့် ဆန်းကြယ်ကုန်သော၊ သမာဟိတေ- ရဲရင့်တည်ကြည်ကုန်သော၊ အဿေ- မြင်းတို့ကို၊ ရထေ- ရထား၌၊ ယောဇယန္တု- ကလေကုန်၊ အထ ပဿ-

ထိုနောင်မှ၊ သတ္တဝေါ- ရန်သူမင်းတို့ကို၊ ဝိဓမန္တဿ- နှိပ်နင်းသော၊ မေ- ငါ၏၊ ဝေဂံ- လုံ့လကို၊ ဒက္ခထ- မြင်ရကုန်လတ္တံ့။

တတ္ထ- ထို ယောဇယန္တု စသော ဂါထာ၌၊ နာနာစိတ္တေတိ- နာနာစိတ္တေ ဟူသည်ကား၊ နာနာလက်ာရဝိစိတ္တေ- အထူးထူးသောအဆင်တန်ဆာတို့ဖြင့် ဆန်းကြယ်ကုန်သော။ သမာဟိတေတိ- သမာဟိတေဟူသည်ကား၊ အသေ- မြင်းတို့ကို၊ သန္ဒာယ- ရည်ရွယ်၍၊ ဝုတ္တံ- ဆိုအပ်ပြီ၊ သုသိက္ခိတေ- ကောင်းစွာ လေ့ကျင့်အပ်ကုန်သော၊ နိဗ္ဗိသေဝနေ- ယဉ်ကျေးကုန်သော၊[၁] ဣတိ- ဤကား၊ အတ္ထော- အနက်တည်း။ အထ ဒက္ခထ မေ ဝေဂန္တိ- အထ ဒက္ခထ မေ ဝေဂံ ဟူသည်ကား၊ အထ- ထိုမှနောက်၌၊ မေ- ငါ၏၊ ပရက္ကမံ- လုံ့လကို၊ ပဿိဿထ- မြင်ရကုန်လတ့်၊ ဣတိ- ဤကား၊ အတ္ထော- အနက်တည်း။

စစ်ဝတ်တန်ဆာ ဝတ်ဆင်ကာ

(ဣတိ- ဤသို့ ကြုံးဝါးတော်မူ၍)၊ သတ္တုန္နံ- ရန်သူမင်းတို့ကို၊ ဂဏှနံ နာမ- ဖမ်းယူခြင်းမည်သည်၊ မယှံ- ငါ၏၊ ဘာရော- တာဝန်တည်း၊ ဂစ္ဆ- သွားချေ၊ တွံ- သင်သည်၊ နှတွာ- ရေချိုး၍၊ အလင်္ကရိတွာ- တန်ဆာဆင်ပြီး၍၊ ပါသာဒံ- ပြာသာဒ် ထက်သို့၊ အာရုဟ- တက်နှင့်လေလော့။ ဣတိ- ဤသို့ ဆို၍၊ တံ- ထိုပဘာဝတီကို၊ ဥယျောဇေသိ- လွှတ်လိုက်ပြီ။ မဒ္ဒရာဇာပိ- မဒ္ဒရာဇ်မင်း သည်လည်း၊ အဿ- ထိုကုသမင်းအား၊ ပရိဟာရကရဏတ္ထံ- ပြုပြင်ခြင်းကို ပြုခြင်းအကျိုးငှာ၊ အမစ္စေ- အမတ်တို့ကို၊ ပဟိဏိ- စေလွှတ်တော်မူပြီ။ တေ- ထိုအမတ်တို့သည်၊ တဿ- ထိုကုသမင်းအား၊ မဟာနသဒ္ဒါရေယေဝ- ဆွမ်းချက်ဆောင်တံခါးဝ၌သာလျှင်၊ သာဏိ- လိုက်ကာကို၊ ပရိက္ခိပိတွာ- ကာရံ၍၊ ကပ္ပကေ- ဆံပင်ညှပ်သမားတို့ကို၊ ဥပဋ္ဌပေသုံ- ပြုပြင်စေကုန်ပြီ။ သော- ထိုကုသမင်းသည်၊ ကတမဿုကမ္မော- ပြုပြင်

---

၁။ နိဗ္ဗိသေဝနေ• နိ-ဝိသ-ယု-ဟုပုဒ်ပြီး ကြံ၏၊ ဝိသသဒ္ဒါ အဆိပ်အနက်ဟော၏။ အဆိပ်ရှိသောသတ္တဝါသည် မာန်ရှိပြီး ရိုင်းတတ်၏၊ အဆိပ်မရှိသော သတ္တဝါသည် မာန်မရှိသဖြင့် ယဉ်ကျေး၏၊ ထို့ကြောင့် အဆိပ်မရှိသော(ဝါ) ယဉ်ကျေးသော-ဟု အနက်ပေးလေ။

အပ်ပြီးသော မုတ်ဆိတ်အမွှေးရှိသည်၊ သီသံနှာတော- ဦးခေါင်းနှင့်တကွ ရေချိုးပြီးသည်၊ သဗ္ဗာလင်္ကာရ ပဋိမဏ္ဍိတော- အလုံးစုံသော တန်ဆာတို့ဖြင့် တန်ဆာဆင်တော်မူ အပ်ပြီးသည်၊ (ဟုတွာ- ဖြစ်၍)၊ အမစ္စာဒိပရိ- မှူးမတ်အစရှိသည်တို့ဖြင့်၊ ပရိဝုတော- ခြံရံလျက်၊ "ပါသာဒံ- ပြာသာဒ်ထက်သို့ အဘိရုဟိဿာမိ- တက်အံ့၊" ဣတိ- ဤသို့ ဒိသာ- အရပ်မျက်နှာတို့ကို၊ ဝိလောကေတွာ- ကြည့်၍၊ အပ္ဖေါဋ္ဌေသိ- လက်ခမောင်း ခတ်ပြီ။ ဩလောကိတဩလောကိတဋ္ဌာနံ- ကြည့်တိုင်း ကြည့်တိုင်းသော အရပ်သည်၊ ဝိကမ္ပိ- အထူးသဖြင့် တုန်လှုပ်ပြီ။ သော- ထိုကုသမင်းသည်၊ "ဣဒါနိ- ယခုအခါ၌၊ မေ- ငါ၏၊ ပရက္ကမံ- အားထုတ်ခြင်းလုံ့လကို၊ ပဿထ- ကြည့်ကြကုန်လော့၊" ဣတိ- ဤသို့၊ အာဟ- ဆိုတော်မူပြီ၊ တမတ္ထံ- ထိုအကြောင်းကို၊ ပကာသေန္တော- ထင်ရှားပြတော်မူလိုသော၊ သတ္ထာ- မြတ်စွာဘုရားသည်၊ "တဉ္စ တတ္ထ ဥဒိက္ခိံသု၊ (ပ) ဖောဋ္ဌေန္တံ ဒိဂုဏံ ဘုဇံ"န္တိ- "တဉ္စ တတ္ထ ဥဒိက္ခိံသု၊ (ပ) ဖောဋ္ဌေန္တံ ဒိဂုဏံ ဘုဇံ"ဟူသော၊ အနန္တရံ- အခြားမဲ့ဖြစ်သော၊ ဂါထံ- ဂါထာကို၊ အာဟ- ဟောတော်မူပြီ။

၇၆။ ဘိက္ခဝေ- ရဟန်းတို့၊ သီဟံဝ- ခြင်္သေ့မင်းကဲ့သို့၊ ရညောမဒ္ဒဿ- မဒ္ဒရာဇ်မင်းကြီး၏၊ ဝိဇမ္ဘမာနံ- တင့်တယ်စွာ၊ ဘုဇံ- လက်ရုံးကို၊ ဒိဂုဏံ- နှစ်ကြိမ်၊ ဖောဋ္ဌေန္တံ- လက်ပမ်းပေါက်ခတ်ထသော၊ တဉ္စ- ထိုကုသမင်း ကိုသာလျှင်၊ တတ္ထ တသ္မိံ အန္တေပုရေ- ထိုနန်းတော်တွင်း၌၊ ဥဒိက္ခိံသု- ကြည့်ကြကုန်ပြီ။

တဿ- ထို တဉ္စ စသော ဂါထာ၏၊ အတ္ထော- အနက်ကို၊ (ဧဝံ- ဤသို့ ဝေဒိတဗ္ဗော- သိအပ်၏၊) ရညော- မဒ္ဒရာဇ်မင်း၏၊ တတ္ထ အန္တေပုရေ- ထိုနန်းတော် တွင်း၌၊ ဝိဇမ္ဘန္တံ- တင့်တယ်စံပယ်သော၊ အပ္ဖေါဋ္ဌေန္တံ- လက်ပမ်းပေါက်ခတ်သော၊ တဉ္စ- ထိုကုသမင်းကိုသာလျှင်၊ ဝါတပါနာနိ- လေသာပြူတင်းတို့ကို၊ ဝိဝရိတွာ- ဖွင့်လှစ်၍၊ ဣတ္ထိယော- မိန်းမတို့သည်၊ ဥဒိက္ခိံသု- ကြည့်ကြကုန်ပြီ ဣတိ- ဤကား၊ အတ္ထော- အနက်တည်း။

## ခြင်္သေ့မင်းအသံ ဟစ်ကြွေးည်

အထ- ထိုအခါ၌၊ အဿ- ထိုကုသမင်းအား၊ မဒ္ဒရာဇာ- မဒ္ဒရာဇ်မင်းကြီး သည်၊ ကတာပရာဓဘာဝံ- ပြုအပ်ပြီးသော မတုန်လှုပ်ခြင်း အကြောင်း ရှိသော၊

အလင်္ကတ ဝရဝါရဏံ- တန်ဆာဆင်အပ်ပြီးသော မြတ်သော ဆင်ကို၊ ပေသေသိ- ပို့စေတော်မူပြီ၊ သော- ထိုကုသမင်းသည်၊ သမုဿိတသေတစ္ဆတ္တံ- ကောင်းစွာ ဆောင်းအပ်ပြီးသော ထီးဖြူရှိသော၊ ဟတ္ထိက္ခန္ဓံ- ဆင်ကျောက်ကုန်းထက်သို့၊ အာရုယှ- တက်တော်မူ၍၊ "ပဘာဝတိံ- ပဘာဝတီကို၊ အာနေထ- ဆောင်ခဲ့ကြကုန်လော့" ဣတိ- ဤသို့ ဆို၍၊ တမ္ပိ- ထိုပဘာဝတီကိုလည်း၊ ပစ္ဆတော- နောက်မှ၊ နိသီဒါပေတွာ- နေစေ၍၊ စတုရင်္ဂိနိယာ- လေးပါးသော အင်္ဂါရှိသော၊ သေနာယ- စစ်သည်အပေါင်းသည်၊ ပရိဝုတော- ခြံရံအပ်လျက်၊ [နှာ-၃၂၉] ပါစီနဒွါရေ- အရှေ့တံခါးဖြင့်၊ နိက္ခမိတွာ- ထွက်တော်မူ၍၊ ပရသေနံ- သူတစ်ပါး၏ စစ်သည်ကို၊ ဩလောကေတွာ- ကြည့်တော်မူ၍၊ "အဟံ- ငါသည်၊ ကုသရာဇာ- ကုသမင်းတည်း၊ ဇီဝိတတ္ထိကာ- အသက်ကို အလိုရှိကုန်သော သူတို့သည်၊ ဥရေန- ရင်ဖြင့်၊ နိပဇ္ဇန္တု- ဝပ်လေကုန်သတည်း၊" ဣတိ- ဤသို့၊ တိက္ခတ္တုံ- သုံးကြိမ်၊ သီဟနာဒံ- ခြင်္သေ့မင်း အသံနှင့်တူသော အသံကို၊ နဒိတွာ- ဟစ်ကြွေးတော်မူ၍၊ သတ္တုမဒ္ဒနံ- ရန်သူကို နှိမ်နင်းခြင်းကို၊ အကာသိ- ပြုတော်မူပြီ၊ တမတ္ထံ- ထိုအကြောင်းကို၊ ပကာသေန္တော- ထင်ရှားပြတော်မူလိုသော၊ သတ္ထာ- မြတ်စွာဘုရားသည်၊ "ဟတ္ထိက္ခန္ဓဉ္စ အာရုယှ၊ (ပ) မုဉ္စ ဝါ တေ ဟနဿု ဝါ"တိ- "ဟတ္ထိက္ခန္ဓဉ္စ အာရုယှ၊ (ပ) မုဉ္စ ဝါ တေ ဟနဿု ဝါ" ဟူကုန်သော၊ (ဣမာ သတ္တဂါထာယော- ဤခုနစ်ဂါထာတို့ကို၊) အာဟ- ဟောတော်မူပြီ။

၇၇။ ဘိက္ခဝေ- ရဟန်းတို့ ကုသော- ကုသမင်းမြတ်သည်၊ ဟတ္ထိက္ခန္ဓဉ္စ- ဆင်းကျောက်ကုန်းထက်သို့လည်း၊ အာရုယှ- တက်စီး၍၊ ပဘာဝတိံ- မင်းသမီး ပဘာဝတီကို၊ အာရောပေတွာ- တင်ပြီး၍၊ သင်္ဂါမံ- စစ်မြေ အရပ်သို့ ဩတရိတွာန- သက်၍၊ သီဟနာဒံ- ခြင်္သေ့မင်းအသံနှင့်တူသော အသံကို၊ နဒီ- ဟစ်ကြွေးပြီ။

၇၈။ ဘိက္ခဝေ- ရဟန်းတို့ နဒတော- ဟောက်သော၊ သီဟဿ- ခြင်္သေ့ မင်း၏၊ သဒ္ဒံ- အသံကို၊ သုတွာ- ကြားကုန်၍၊ ဣတရေ- ခြင်္သေ့မင်းမှ တစ်ပါးကုန်သော၊ မိဂါ- သားအပေါင်းတို့သည်၊ ပလာယိံသု ဣဝ- ပြေးကုန် သကဲ့သို့ နဒတော- ဟစ်ကြွေးသော၊ တဿ ရညော- ထိုကုသမင်းမြတ်၏၊ တံသဒ္ဒံ- ထိုအသံကို၊ သုတွာ- ကြား၍၊ ခတ္တိယာ- ခုနှစ်ပြည်ထောင်သော

မင်းတို့သည်၊ ကုသသဒ္ဒဘယဋ္ဋိတာ- ကုသမင်း၏ အသံတည်းဟူသော ဘေးဖြင့် နှိပ်စက်အပ်ကုန်သည်ဖြစ်၍၊ ဝိပလာယိံသု- ပြေးလေကုန်ပြီ။

၇၉။ ဘိက္ခဝေ- ရဟန်းတို့၊ ကုသသဒ္ဒဘယဋ္ဋိတာ- ကုသမင်း၏ အသံတည်းဟူသော ဘေးဖြင့် နှိပ်စက်အပ်ကုန်သည်ဖြစ်၍၊ ဟတ္ထာရောဟာ- ဆင်းစီးသူရဲတို့သည်လည်းကောင်း၊ အနီကဋ္ဌာ- မြင်းစီးသူရဲတို့သည် လည်းကောင်း၊ ရထိကာ- ရထားစီး သူရဲတို့သည်လည်းကောင်း၊ ပတ္တိကာရကာ- ခြေသည်သူရဲ တို့သည်လည်းကောင်း၊ အညမညဿ- အချင်းချင်းအား၊ ဆိန္ဒန္တိ- ခုတ်ဖြတ်ကြကုန်၏။

၈၀။ ဘိက္ခဝေ- ရဟန်းတို့၊ ဒေဝိန္ဒော- သိကြားနတ်မင်းသည်၊ တသ္မိံ သင်္ဂါမသီသသ္မိံ- ထိုစစ်မြေဦး၌၊ ပဿိတွာ- မြင်ရ၍၊ ဟဋ္ဌမာနသော- ရွှင်လန်းဝမ်းမြောက်သော စိတ်ရှိသည်ဖြစ်၍၊ ကုသဿ ရညော- ကုသမင်း မြတ်အား၊ ဝေရောစနံ- ဝေရောစနအမည်ရှိသော၊ မဏိံ- ပတ္တမြားကို၊ အဒါ- ပေးပြီ။

၈၁။ ဘိက္ခဝေ- ရဟန်းတို့၊ သော ရာဇာ- ထိုကုသမင်းမြတ်သည်၊ တံ သင်္ဂါမံ- ထိုစစ်မြေအရပ်ကို၊ ဝိဇိတွာ- အောင်မြင်ပြီး၍၊ ဝေရောစနံ- ဝေရောစနအမည်ရှိသော၊ မဏိံ- ပတ္တမြားရတနာကို၊ လဒ္ဓါ- ရပြီး၍၊ ဟတ္ထိက္ခန္ဓဂတော- မြတ်သောဆင်ကျောက်ကုန်းထက် စီးလျက်၊ နဂရံ ပုရံ- သာဂလမြို့သို့၊ ပါဝေက္ခိ- ဝင်လေပြီ။

## ခုနစ်ပြည်ထောင်မင်းတို့ကို ဖမ်း၍ မင်းကြီးအား အပ်သော်

၈၂။ ဘိက္ခဝေ- ရဟန်းတို့၊ သတ္တခတ္တိယေ- ခုနှစ်ပြည်ထောင်မင်းတို့ကို၊ ဇီဝဂ္ဂါဟံ- အရှင်ဖမ်းခြင်းကို၊ ဂဟေတွာန- ဖမ်းယူ၍၊ ဗန္ဓိတွာ- နှောင်ဖွဲ့၍၊ ဒေဝ- ဖခင်မင်းမြတ်၊ က္လမေ- ဤမင်းတို့သည်၊ တေ- ဖခင်မင်းမြတ်၏၊ သတ္တဝေါ- ရန်သူတော်တို့တည်း၊ က္လတိ- ဤသို့ ဝတွာ- ဆို၍၊ သသုရဿ- ယောက္ခမ ဖြစ်သော မဒ္ဒရာဇ်မင်းကြီးအား၊ ဥပနာမေသိ- ဆက်သပြီ။

၈၃။ မဟာရာဇ- မင်းမြတ်၊ တေ- သင်ဖခင်မင်းမြတ်၏၊ ဝသံ- အလိုသို့ လိုက်သည်ကို၊ ဂတာ- ပြုတော်မူ၍၊ သဗ္ဗေဝ- အလုံးစုံသာလျှင်ဖြစ်

ကုန်သော၊ တဝ- သင်ဖခင်မင်းမြတ်၏၊ အမိတ္တာ- ရန်သူတို့ကို၊ ဝိဟတာ- နှိပ်စက်အပ်ကုန်ပြီ၊ တေ တယာ- သင်ဖခင်မင်းမြတ်သည်။ ကာမံ- အလိုတော်ရှိတိုင်း၊ ကရောဟိ- ပြုတော်မူလော့။ တေ- သင်ဖခင်မင်းမြတ်သည်၊ မုဉ္စ ဝါ- လွှတ်လိုလျှင်လည်း လွှတ်တော်မူလော့။ ဟနဿု ဝါ- သတ်လိုလျှင်မူလည်း သတ်တော်မူလော့။ ဣတိ- ဤသို့၊ ဥပနာမေသိ- ဆက်လေပြီ။

တတ္ထ- ထို 'ဟတ္ထိက္ခန္ဓ' စသော ဂါထာတို့၌၊ ဝိပလာယိံသူတိ- ဝိပလာယိံသု ဟူသည်ကား၊ သတိံ- သတိကို၊ ပစ္စုပဋ္ဌာပေတုံ- ရှေးရှုတည်စေခြင်းငှာ၊ အသက္ကောန္တာ- မစွမ်းနိုင်ကုန်သည်ဖြစ်၍၊ ဝိပလ္လတ္ထစိတ္တာ- ပြန့်ကျဲသောစိတ်ရှိ ကုန်သည်ဖြစ်၍၊ ဘိဇ္ဇိံသု- ကွဲပျက်ကုန်ပြီ။ **ကုသသဒ္ဒဘယဋ္ဋိတာတိ**- ကုသသဒ္ဒဘယဋ္ဋိတာ ဟူသည်ကား၊ ကုသရညော- ကုသမင်း၏၊ သဒ္ဒံ- အသံကို၊ နိဿာယ- မှီ၍၊ ဇာတေန- ဖြစ်သော၊ ဘယေန- ကြောက်ခြင်းသည်၊ ဥပဒ္ဒုတာ- နှိပ်စက်အပ်ကုန်သည် ဖြစ်၍၊ မူဠှစိတ္တာ- တွေဝေသော စိတ်ရှိကုန်သည်ဖြစ်၍။ **အညမညဿ ဆိန္ဒန္တီတိ**- အညမညဿ ဆိန္ဒန္တိ ဟူသည်ကား၊ အညမညံ- အချင်းချင်း၊ ဆိန္ဒန္တိ- ဖြတ်ကုန်၏၊ ဘိန္ဒန္တိ- နင်းချေကုန်၏။ "ဘိန္ဒိံသူ"တိပိ- ဘိန္ဒိံသုဟူ၍လည်း၊ ပါဌော- ပါဌ်သည်၊ (ဘဝတိ- ဖြစ်၏။) တသ္မိံန္တိ- တသ္မိံ ဟူသည်ကား၊ ဧဝံ- ဤသို့၊ ဗောဓိသတ္တဿ- ဘုရားအလောင်း၏၊ သဒ္ဒ သဝနေနေဝ- အသံကို ကြားသဖြင့်သာလျှင်၊ သင်္ဂါမေ- စစ်မြေပြင်သည်၊ ဘိန္နေ- ကွဲပျက်သည်ရှိသော်၊ တသ္မိံ သင်္ဂါမသီသေ- ထိုစစ်မြေပြင် အဦး၌၊ မဟာသတ္တဿ- ဘုရားအလောင်း၏၊ တံ ပရက္ကမံ- ထိုလုံ့လကို၊ ပဿိတွာ- မြင်၍၊ တုဋ္ဌဟဒယော- နှစ်သက်သော စိတ်ရှိသည်ဖြစ်၍၊ သက္ကော- သိကြားမင်းသည်၊ ဝေရောစနံ နာမ- ဝေရောစနမည်သော၊ မဏိက္ခန္ဓံ- ပတ္တမြားတုံးကို၊ တဿ- ထိုကုသမင်းအား၊ အဒါသိ- ပေးခဲ့ပြီ။ **နဂရံ ပုရန္တိ**- နဂရံ ပုရံဟူသည်ကား၊ နဂရ သင်္ခါတံ- နဂရဟုဆိုအပ်သော၊ ပုရံ- မြို့သို့။ **ဗန္ဓိတွာတိ**- ဗန္ဓိတွာဟူသည်ကား၊ တေသညေဝ- ထိုမင်းတို့၏သာလျှင်၊ ဥတ္တရိ သာဋကေန- အပေါ်ဝတ်ပုဆိုးဖြင့်၊ ပစ္ဆာဗာဟံ- လက်နောက်ပြန်၊ ဗန္ဓိတွာ- ဖွဲ့ချည်၍။ **ကာမံ ကရောဟိ တေ တယာတိ**- ကာမံ ကရောဟိ တေ တယာဟူသည်ကား၊ တွံ- သင်သည်၊ အတ္တနော- မိမိ၏၊ ကာမံ ဣစ္ဆံ ရုစိံ- အလိုကို၊ ကရောဟိ- ပြုလော့၊ ဟိ- မှန်၏၊ ဧတေ- ထို

ခုနစ်ပြည်ထောင်မင်းတို့ကို၊ တယာ- သင်သည်၊ ဒါသာ- ကျွန်တို့ကို၊ ကတာ ယေဝ- ပြုအပ်ပြီးကုန်သည်သာ၊ ဣတိ- ဤကား၊ အတ္ထော- အနက်တည်း။

[နှာ-၃၃၀] (တတော- ထို့နောင်မှ၊) ရာဇာ- မဒ္ဒရာဇ်မင်းကြီးသည်၊ (တံ- ထိုအလုံးစုံကို၊ ရညောယေဝ- ကုသမင်းအားသာလျှင်၊ နိယျာဒေန္တော- အပ်နှင်းတော်မူလိုသည်ဖြစ်၍)၊ "တုယှေ၀ သတ္တဝေါ ဧတေ၊ (ပ) မုဉ္စ ဝါ တေ ဟနဿု ဝါ"တိ- "တုယှေ၀ သတ္တဝေါ ဧတေ၊ (ပ) မုဉ္စ ဝါ တေ ဟနဿု ဝါ"ဟူသော၊ (ဣမံ ဂါထံ- ဤဂါထာကို)၊ အာဟ- ဆိုပြီ။

၈၄။ မဟာရာဇ- ကုသမင်းမြတ်၊ ဧတေ- ဤခုနစ်ယောက်သော မင်းတို့သည်၊ တုယှေ၀- သင်မင်းမြတ်၏သာလျှင်၊ သတ္တဝေါ- ရန်သူတို့တည်း။။ ဟိ သစ္စံ- မှန်၏၊ တေ- ထိုခုနစ်ပြည်ထောင်သော မင်းတို့သည်၊ မယှံ- ငါ၏၊ န သတ္တဝေါ- ရန်သူမဟုတ်ကုန်။ တွညေ၀- သင်မင်းမြတ်သည် သာလျှင်၊ နော- ငါတို့၏၊ မဟာရာဇ- အစိုးရသောမင်းပေတည်း။ တေ- ထိုခုနစ်ပြည်ထောင်သော မင်းတို့ကို၊ မုဉ္စ ဝါ- လွှတ်လိုမူလည်းလွှတ်လော့၊ ဟနဿု ဝါ- သတ်လိုမူလည်း သတ်လော့။

တတ္ထ- ထို 'တုယှေ၀' စသော ဂါထာ၌၊ တွညေ၀ နောတိ- တွညေ၀ နော ဟူသည်ကား၊ မဟာရာဇ- မြတ်သောမင်းကြီး၊ တွံယေဝ- သင်သည်ပင်လျှင်၊ အမှာကံ- ငါတို့၏၊ ဣဿရော- အစိုးရသူတည်း၊ ဣတိ- ဤကား၊ အတ္ထော- အနက်တည်း။

## ညီမ ခုနစ်ဖော်နှင့် လက်ဆက်ပြီ

ဧဝံ- ဤသို့၊ ဝုတ္တေ- မဒ္ဒရာဇ်မင်းကြီးသည် မိန့်ဆိုအပ်သော်၊ မဟာ သတ္တော- ဘုရားလောင်းကုသမင်းသည်၊ "ဣမေဟိ- ဤခုနစ်ပြည်ထောင်ကုန်သော မင်းတို့ကို၊ မာရိတေဟိ- သေစေခြင်းတို့ဖြင့်၊ ကိံ- အဘယ်အကျိုးရှိအံ့နည်း။ တေသံ- ထိုမင်းတို့၏၊ အာဂမနံ- လာခြင်းသည်၊ နိရတ္ထကံ- အကျိုးမဲ့ သည်၊ မာ ဟောတု- မဖြစ်စေသတည်း။ ပဘာဝတိယာ- ပဘာဝတီ၏၊ ကနိဋ္ဌာ- ညီမဖြစ်ကုန်သော၊ သတ္တ- ခုနစ်ယောက် ကုန်သော၊ မဒ္ဒရာဇဓီတရော- မဒ္ဒရာဇ်မင်း၏ သမီးတော်တို့သည်၊

အတ္ထိ- ရှိကုန်၏။ (အဗျယပုဒ်)တာ- ထိုမင်းသမီး ခုနစ်ယောက်တို့ကို၊ နေသံ- ထိုခုနစ်ပြည်ထောင် မင်းတို့အား၊ ဒါပေဿာမိ- ပေးစေအံ့။" ဣတိ- ဤသို့ စိန္တေတွာ- ကြံ၍၊ "ကညာ တေ မိတရော သတ္တ၊ (ပ) ဟောန္တု ဇာမာတရော တဝ"တိ- "ကညာ တေ မိတရော သတ္တ၊ (ပ) ဟောန္တု ဇာမာတရော တဝ-ဟူသော၊ ဂါထံ- ဂါထာကို၊ အာဟ- ဆိုတော်မူပြီ။

၈၅။ မဟာရာဇ- ဖခင်မင်းမြတ်၊ တေ- သင်ဖခင်မင်းမြတ်၏၊ သတ္တ- ခုနစ်ယောက်ကုန်သော။ ကညာ မိတရော- ဤသမီးတော်တို့သည်၊ ဒေဝ ကညူပမာ- နတ်သမီးလျှင် ဥပမာရှိကုန်သည်ဖြစ်၍၊ သုဘာ- တင့်တယ်ကုန်၏၊ နေသံ- ထိုခုနစ်ယောက်သော သမီးတော်တို့တွင်၊ ဧကေကံ- တစ်ယောက် တစ်ယောက်သော သမီးတော်ကို၊ ဧကေကဿ- တစ်ယောက်တစ်ယောက်သော မင်းအား၊ ဒဒါဟိ- ပေးတော်မူလော့၊ တဝ- သင်ဖခင်မင်းမြတ်၏၊ ဇာမာတရော- သမက်တော်တို့သည်၊ ဟောန္တု- ဖြစ်စေကုန်လော့။

အထ- ထိုအခါ၌၊ ရာဇာ- မဒ္ဒရာဇ်မင်းကြီးသည်၊ နံ- ထိုကုသမင်းကို၊ (နိယျာဒေတုကာမော- သမီးတော်တို့အား အပ်နှင်းလိုသည်ဖြစ်၍)၊ "အမှာကဉ္စေဝ တာသဉ္စ၊ (ပ) ဒေဟိ နေသံ ယဒိစ္ဆသီ"တိ- အမှာကဉ္စေဝ တာသဉ္စ၊ (ပ) ဒေဟိ နေသံ ယဒိစ္ဆသိဟူသော၊ (ဣမံ ဂါထံ- ဤဂါထာကို၊) အာဟ- ဆိုပြီ။

၈၆။ မဟာရာဇ- ကုသမင်းမြတ်၊ အမှာကဉ္စေဝ- ငါတို့ကို လည်းကောင်း၊ တာသဉ္စ- ထိုသမီးတော်တို့ကိုလည်းကောင်း၊ သဗ္ဗေသံ- အလုံးစုံကုန်သော၊ နော- ငါတို့ကို၊ တွံ- သင်မင်းမြတ်သည်၊ ဣဿရော- အစိုးရတော်မူ၏၊ တွညေဝ- သင်မင်းမြတ်သည်သာလျှင်၊ နော- ငါတို့၏၊ မဟာရာဇာ- အစိုးရတော်မူသော မင်းပေတည်း၊ နေသံ- ထိုခုနစ်ပြည်ထောင် သောမင်းတို့အား၊ ယဒိစ္ဆသိ- အကယ်၍ ပေးတော်မူလိုအံ့၊ ဒေဟိ- ပေးတော် မူလော့။

တတ္ထ- ထို အမှာကဉ္စေဝ စသော ဂါထာ၌၊ တွံ နော သဗ္ဗေသန္တိ- တွံ နော သဗ္ဗေသံဟူသည်ကား၊ မဟာရာဇ- မြတ်သောမင်းကြီး၊ ကုသနရိန္ဒ- ကုသမင်းမြတ်၊

ကိံ- အဘယ်ကို၊ ဝဒေသိ- ဆိုဘိသနည်း၊ တွေဥဝ- သင်သည် ပင်လျှင်၊ သတ္တာနံ့- ခုနစ်ယောက်ကုန်သော၊ ဧတေသဥ္စ ရာဇူနံ- ထိုမင်းတို့၏ လည်းကောင်း၊ မမဥ္စ- ငါ၏လည်းကောင်း၊ သဗ္ဗေသံ- အလုံးစုံကုန်သော၊ ဣမာသဥ္စ- ဤတိုင်းသူပြည်သားတို့၏လည်းကောင်း၊ နော- ငါတို့၏၊ ဣဿရော- အစိုးရသူတည်း။ ယဒိစ္ဆသီတိ- ယဒိစ္ဆသိဟူသည်ကား၊ ယဒိ- အကယ်၍၊ ဣစ္ဆသိ- အလိုရှိအံ့၊ ယဿဝါ- အကြင်ပုဂ္ဂိုလ်အားမူလည်း၊ ယံ- အကြင်ဝတ္ထုကို၊ ဒါတုံ- ပေးခြင်းငှာ၊ ဣစ္ဆသိ- အလိုရှိ၏၊ တဿ- ထိုသူအား၊ တံ- ထိုဝတ္ထုကို၊ ဒေဟိ- ပေးလော့၊ ဣတိ- ဤကား၊ အတ္ထော- အနက်တည်း။

ဧဝံ- ဤသို့၊ ဝုတ္တေ- မဒ္ဒရာဇ်မင်းကြီးသည် မိန့်ဆိုတော်မူအပ်သော်၊ သောထိုကုသမင်းသည်၊ သဗ္ဗာပိ- အလုံးစုံလည်း ဖြစ်ကုန်သော၊ တာ- ထိုခုနစ်ယောက်ကုန်သော မင်းသမီးတို့ကို၊ အလင်္ကာရာပေတွာ- တန်ဆာဆင်စေပြီး၍၊ ဧကေကဿ- တစ်ယောက်တစ်ယောက်သော၊ ရညော- မင်းအား၊ ဧကေကံ- တစ်ယောက်တစ်ယောက်သော သမီးတော်ကို၊ အဒါသိ- ပေးတော်မူပြီ။ တမတ္ထံ- ထိုအကြောင်းကို၊ ပကာသေန္တော- ထင်ရှားပြတော်မူလိုသော၊ သတ္ထာ- မြတ်စွာဘုရားသည်၊ "ဧကမေကဿ ဧကေကံ၊ (ပ) ဖိတံ ခရဏိမာဝသု"န္တိ- "ဧကမေကဿ ဧကေကံ၊ (ပ) ဖိတံ ခရဏိမာဝသုံ"ဟူကုန်သော၊ ပဉ္စဂါထာယော- ငါးဂါထာတို့ကို၊ အဘာသိ- ဟောကြားတော်မူပြီ။

၈၇။ ဘိက္ခဝေ- ရဟန်းတို့၊ တဒါ- ထိုမဒ္ဒရာဇ်မင်း ခွင့်ပြုသောအခါ၌၊ သီဟဿရော- ခြင်္သေ့မင်းအသံနှင့်တူသော အသံရှိသော၊ ကုသော- ကုသမင်း မြတ်သည်၊ ရညော မဒ္ဒဿ- မဒ္ဒရာဇ်မင်း၏၊ ဓီတရော- သမီးတော်တို့ကို၊ တေသံ ခတ္တိယာနံ- ထိုခုနစ်ပြည်ထောင်သော မင်းတို့တွင်၊ ဧကမေကဿ- တစ်ယောက် ယောက်သော မင်းအား၊ ဧကေကံ- တစ်ယောက်ယောက်သော မင်းသမီးကို၊ အဒါ- ပေးပြီ။

၈၈။ ဘိက္ခဝေ- ရဟန်းတို့၊ သတ္တခတ္တိယာ- ခုနစ်ပြည်ထောင်သော မင်းတို့သည်၊ တာဝဒေ- ထိုခဏ၌၊ တေန လာဘေန- ထို သမီးကညာကို ရသဖြင့်၊ ပဏီတာ- ရောင့်ရဲကုန်သည်ဖြစ်၍၊ သီဟဿရေ- ခြင်္သေ့မင်း

အသံနှင့် တူသော အသံရှိသော၊ ကုသေ- ကုသမင်းမြတ်သည်၊ တုဋ္ဌာ- နှစ်သက်ကုန်သည် ဖြစ်၍၊ သကရဋ္ဌာနိ- မိမိတို့၏ တိုင်းပြည်တို့သို့ ပါယိံသု- သွားလေကုန်ပြီ။

## ကုသဝတီ ပြည်တော်ပြန်

၈၉။ ဘိက္ခဝေ- ရဟန်းတို့၊ မဟာဗလော- ကြီးစွာသော ခွန်အားရှိသော၊ ကုသော ရာဇာ- ကုသမင်းမြတ်သည်၊ ပဘာဝတိဥ္စ- မင်းသမီးပဘာဝတီကို လည်းကောင်း၊ သုဘံ- တင့်တယ်စွာသော၊ ဝေရောစနံ- ဝေရောစနအမည် ရှိသော၊ မဏိဥ္စ- ပတ္တမြားရတနာကိုလည်းကောင်း၊ အာဒါယ- ယူ၍၊ ကုသာဝတိံ- ကုသာ ဝတီပြည်ကြီးသို့၊ အဂမာသိ- သွားလေပြီ။

၉၀။ ဘိက္ခဝေ- ရဟန်းတို့၊ တေ- ထိုမင်းမိဖုရားနှစ်ပါးတို့သည်၊ ဧကရထေ- တစ်ခုတည်းသော ရထား၌၊ အာရုယှ- စီးကုန်၍၊ ယန္တာ- သွားကြကုန်လျက်၊ ကုသာဝတိံ- ကုသာဝတီပြည်ကြီးသို့၊ ပဝိသန္တာ- ဝင်လေကုန်သည် ရှိသော်၊ မဏိရတနာနုဘာဝေန- ဝိရောစနပတ္တမြား ရတနာ၏ အာနုဘော်ကြောင့်၊ သမာနဝဏ္ဏရူပေန- တူညီသော အဆင်းအသွင်ရှိသဖြင့်၊ အညမညံ- အချင်းချင်း၊ အတိရောစိသုံ- အလွန်နှစ်သက်ကြကုန်ပြီ။ (အဿု- ကားနိပါတ်ပုဒ်)

[နှ၁-၃၃၁] ၉၁။ ဘိက္ခဝေ- ရဟန်းတို့၊ မာတာ- မယ်တော် သီလဝတီမိဖုရား ကြီးသည်၊ ပုတ္တေန- သားတော်မင်းမြတ်နှင့်၊ သံဂစ္ဆိ- ပေါင်းမိပြီ။ တဒါ- ထိုအခါ၌၊ ဇယမ္ပတီ- လင်မယားဖြစ်ကုန်သော၊ တေ ဥဘယော စ- ထို မင်း မိဖုရား နှစ်ပါးတို့ သည်လည်း၊ သမဂ္ဂါ- ညီညွတ်သင့်တင့်ကြကုန်သည်၊ အာသုံ- ဖြစ်ကုန်ပြီ၊ ဖီတံ- စည်ပင်ဝပြောသော၊ ရဇ္ဇံ- မြေအပြင်ကို၊ အာဝသုံ- စိုးမိုးအုပ်ချုပ် နေကြကုန်ပြီ။

တတ္ထ- ထို ဧကမေကဿ စသော ဂါထာတို့၌၊ **ပီဏိတာတိ**- ပီဏိတာ ဟူသည်ကား၊ သန္တပ္ပိတာ- ရောင့်ရဲစေအပ်ကုန်ပြီ။ **ပါယိံသူတိ**- ပါယိံသုဟူသည်

ကား၊ ဣဒါနိ- ယခုအခါ၌၊ အပ္ပမတ္တာ- မမေ့မလျော့ကုန်သည်ဖြစ်၍၊ ဘဝေယျာထ- ဖြစ်ကြကုန်လော့။ ဣတိ- ဤသို့၊ ကုသနရိန္ဒေန- ကုသမင်းသည်၊ ဩဝဒိတာ- ဆုံးမအပ်ပြီးကုန်သည်ဖြစ်၍၊ အဂမံသု- သွားကြကုန်ပြီ။ **အဂမာသိတိ-** အဂမာသိ ဟူသည်ကား၊ ကတိပါဟံ- ရက်အနည်းငယ်၊ ဝသိတွာ- နေ၍၊ "အမှာကံ- ငါတို့၏၊ ရဋ္ဌံ- နိုင်ငံသို့ ဂမိဿာမ- သွားကုန်အံ့" ဣတိ- ဤသို့ သသုရံ- ယောက္ခမ ယောက်ျား သူကို၊ အာပုစ္ဆိတွာ- ပန်ကြား၍၊ ဂတော- သွားခဲ့ပြီ။ **ဧကရထေ ယန္တာတိ-** ဧကရထေ ယန္တာ ဟူသည်ကား၊ ဒွေပိ- နှစ်ယောက်တို့သည်လည်း၊ ဧကရထံ- တစ်စီးသော ရထားကို၊ အဘိရုယှ- စီး၍၊ ဂစ္ဆန္တာ- သွားကြကုန်လျက်။ **သမာနာဝဏ္ဏရူပေနာတိ-** သမာနာ ဝဏ္ဏရူပေနဟူသည်ကား၊ ဝဏ္ဏေန စ- အဆင်းအားဖြင့်လည်းကောင်း၊ ရူပေန စ- ရုပ်အသွင်အားဖြင့်လည်းကောင်း၊ သမာနာ- တူကုန်သည်၊ ဟုတွာ- ဖြစ်ကုန် ၍။ **နာညမညာတိရောစိသုန္တိ-** နာညမညာတိရောစိသုံဟူသည်ကား၊ ဧကော- တစ်ယောက်သည်၊ ဧကံ- တစ်ယောက်ကို၊ နာတိက္ကမိ- မလွန်ပြီ။ မဏိရတနာ နုဘာဝေန- သိကြားမင်းပေးသော ပတ္တမြားရတနာ၏ အာနုဘော်ကြောင့်၊ မဟာသတ္တော- ဘုရားအလောင်းသည်၊ အဘိရူပေါ- အဆင်းလှသည်၊ သုဝဏ္ဏဝဏ္ဏော- ရွှေအဆင်းကဲ့သို့ အဆင်းရှိသည်၊ သောဘဂ္ဂပ္ပတ္တော- တင့်တယ်ခြင်းသို့ ရောက်သည်၊ အဟောသိ ကိရ- ဖြစ်ပြီသတတ်၊ (ကိရ- တစ်ဆင့်စကား ကြားရသည်ကား၊ သော- ထိုကုသမင်းသည်၊ ပုဗ္ဗေ- ရှေးဘဝ၌၊ ပစ္စေကဗုဒ္ဓဿ- ပစ္စေကဗုဒ္ဓါအား၊ ပိဏ္ဍပါတနိဿန္ဒေန စ- ဆွမ်းလှူရသော အကျိုးဆက်ကြောင့်လည်းကောင်း၊ ဗုဒ္ဓပဋိမာကရဏနိဿန္ဒေန စ- ဘုရား ဆင်းတုတော်ပြုလုပ် ပူဇော်ရခြင်း၏ အကျိုး ဆက်ကြောင့်လည်းကောင်း၊ ဧဝံ- ဤသို့ တေဇဝန္တော- တန်ခိုးထက်သည်၊ အဟောသိ- ဖြစ်ပြီ)။ **သံဂစ္ဆီတိ-** သံဂစ္ဆိ ဟူသည်ကား၊ အထ- ထိုအခါ၌၊ အဿ- ထိုကုသမင်း၏၊ မာတာ- မယ်တော်သည်၊ မဟာသတ္တဿ- ဘုရားအလောင်း၏၊ အာဂမနံ- ပြန်လာခြင်းကို၊ သုတွာ- ကြား၍၊ နဂရေ- မြို့၌၊ ဘေရိံ- စည်ကို၊ စရာပေတွာ- လှည့်လည်စေ၍၊ မဟာသတ္တဿ- ဘုရားအလောင်းအား၊ ဗဟုံ- များစွာသော၊ ပဏ္ဏာကာရံ- လက်ဆောင်ပဏ္ဏာကို၊ အာဒါယ- ယူ၍၊ ပစ္စုဂ္ဂမနံ- ခရီးဦးကြိုခြင်းကို၊ ကတွာ- ပြု၍၊ သမာဂစ္ဆိ- စုဝေး ရောက်ရှိခဲ့ပြီ။ သောပိ- ထိုကုသမင်းသည်လည်း၊ မာတရာ- မယ်တော်နှင့်၊ သဒ္ဓိံယေဝ-

အတူသာလျှင်၊ နဂရံ- မြို့ကို၊ ပဒက္ခိဏံ- လက်ယာရစ် လှည့်သည်ကို၊ ကတွာ- ပြု၍၊ သတ္တာဟံ- ခုနစ်ရက်ပတ်လုံး၊ ဆဏကီဠံ- ပွဲသဘင် ပျော်ပါးခြင်းကို၊ ကီဠိတွာ- ပျော်ပါး၍၊ အလင်္ကတပါသာဒတလံ- တန်ဆာဆင် အပ်သော ပြာသာဒ်အပြင်သို့၊ အဘိရုဟိ- တက်ရောက်ခဲ့ပြီ။ ဥဘောပိ- နှစ်ယောက်လည်း ဖြစ်ကုန်သော၊ တေ ဇယမ္ပတိကာ- ထိုလင်မယားတို့သည်၊ သမဂ္ဂါ- အညီအညွတ်၊ အဟေသုံ- ဖြစ်ကုန်ပြီ။ တတော- ထိုမှ၊ ပဋ္ဌာယ- စ၍၊ ယာဝဇီဝံ- အသက်ထက်ဆုံး၊ သမဂ္ဂါ- ညီညွတ် ကုန်သည်၊ သမ္မောဒမာနာ- အညီအမျှ ဝမ်းမြောက်ကုန်သည်၊ (ဟုတွာ- ဖြစ်ကုန်၍၊) ဖီတံ- စည်ပင်ဝပြောသော၊ ရဇ္ဇံ- မြေအပြင်ကို၊ အဇ္ဈာဝသိံသု- စိုးအုပ်၍နေကြကုန်ပြီ၊ ဣတိ- ဤကား၊ အတ္ထော- အနက်တည်း။

ဇာတ်ပေါင်းခန်း

သတ္ထာ- မြတ်စွာဘုရားသည်၊ ဣမံ ဓမ္မဒေသနံ- ဤကုသဇာတ်တရား ဒေသနာတော်ကို၊ အာဟရိတွာ- ဆောင်တော်မူပြီး၍၊ သစ္စာနိ- သစ္စာတရား လေးပါးတို့ကို၊ ပကာသေတွာ- ပြတော်မူ၍၊ ဇာတကံ- ဇာတ်တော်ကို၊ သမော ဓာနေသိ- ပေါင်းတော်မူပြီ၊ သစ္စပရိယောသာနေ- သစ္စာတို့ကို ပြတော်မူသည်၏ အဆုံး၌၊ ဥက္ကဏ္ဌိတဘိက္ခု- သာသနာတော်၌ မပျော်ရွှင်၍ လူထွက်လိုသော ရဟန်းသည်၊ သောတာပတ္တိဖလေ- သောတာပတ္တိဖိုလ်၌၊ ပတိဋ္ဌဟိ- တည် လေပြီ၊ (တဒါနိ- ယခုအခါ၌၊) မဟာရာဇကုလာနိ- မြတ်သော သာကီဝင်မင်းမျိုး ဖြစ်ကုန်သော မယ်တော်ခမည်းတော်တို့သည်၊ တဒါ- ထိုအခါ၌၊ မာတာ ပိတရော- မယ်တော် ခမည်းတော်တို့သည်၊ အဟေသုံ- ဖြစ်ကုန်ပြီ။ (ဣဒါနိ- ၌၊) အနုရုဒ္ဓေါ- အရှင်အနုရုဒ္ဓါသည်၊ တဒါ- ၌၊ သက္ကော- သိကြားမင်းသည်၊ အဟောသိ- ဖြစ်ဖူးပြီ)။ (ဣဒါနိ- ၌၊) အာနန္ဒော- အရှင်အာနန္ဒာသည်၊ တဒါ- ထိုအခါ၌ (လိုက်)၊ ကနိဋ္ဌော- ညီတော် ဇယမ္ပတိမင်းသားသည်၊ အဟောသိ- ဖြစ်ဖူးပြီ။ (ဣဒါနိ- ယခုအခါ၌)၊ ခုဇ္ဇုတ္တရာ- ခုဇ္ဇုတ္တရာသည်၊ တဒါ- ထိုအခါ၌၊ ခုဇ္ဇာ- အထိန်းတော်ခုဇ္ဇာသည်၊ အဟောသိ- ပြီ။ (ဣဒါနိ- ယခုအခါ၌၊) ရာဟုလမာတာ- အရှင်ရာဟုလ မယ်တော်သည်၊ တဒါ- ထိုအခါ၌၊ ပဘာဝတီ- ပဘာဝတီသည်၊ အဟောသိ- ဖြစ်ပြီ။ (ဣဒါနိ- ၌၊) ဗုဒ္ဓပရိသာ- ငါဘုရား၏ ပရိသတ်တို့သည်၊ တဒါ- ထိုအခါ၌၊ ပရိသာ-

ပရိသတ်တို့သည်၊ အဟေသုံ- ဖြစ်ဖူးကုန်ပြီ။ (ဣဒါနိ- ယခုအခါ၌)၊ အဟမေဝ- ငါဘုရားသည်သာလျှင်၊ တဒါ- ၌၊ ကုသရာဇာ ပန- ကုသမင်းသည်ကား၊ အဟောသိ- ဖြစ်ဖူးပြီ။ ဣတိ- ဤသို့၊ (ဇာတကံ- ကို၊ သမောဓာနေသိ- ပေါင်းတော်မူပြီ)။

ပဥ္စမာ- ရှေးဦးစွာသော၊ ကုသရာဇဇာတကဝဏ္ဏနာ- ကုသမင်းဇာတ်၏ အဖွင့်သည်၊ (နိဋ္ဌိတာ- ပြီးဆုံးခြင်းသို့ ရောက်ပြီ။)

# ၂-သောဏနန္ဒဇာတ် (၅၃၂)

## အသက်စည်းစိမ်မငဲ့မူ၍ မိဘကို လုပ်ကျွေးသင့်ကြောင်း

### ဟောတော်မူရာဌာန

သတ္ထာ- မြတ်စွာဘုရားသည်၊ "ဒေဝတာ နု'သိ ဂန္ဓဗ္ဗောတိ ဣဒံ"- "ဒေဝတာ နု'သိ ဂန္ဓဗ္ဗော" အစရှိသော ဂါထာပုဒ်တို့ဖြင့် တန်ဆာဆင်အပ်သော ဤ သောဏနန္ဒဇာတ်တော်ကို၊ ဇေတဝနေ- ဇေတဝန်ကျောင်းတော်၌၊ ဝိဟရန္တော- သီတင်းသုံးနေတော်မူစဉ်၊ မာတုပေါသကဘိက္ခုံ- အမိ(အဘ)ကို လုပ်ကျွေးသော ရဟန်းကို၊ အာရဗ္ဘ- အကြောင်းပြု၍၊ ကထေသိ- ဟောတော်မူပြီ။

### ပစ္စုပ္ပန်ဝတ္ထု

ဝတ္ထုံ- ပစ္စုပ္ပန်ဝတ္ထုသည်၊ သာမဇာတကေ- သုဝဏ္ဏသာမဇာတ်၌၊ ဝတ္ထုသဒိသံ- ပစ္စုပ္ပန်ဝတ္ထုနှင့်တူသည်သာလျှင်တည်း။ ပန- အထူးကား၊ တဒါ- ထိုအခါ၌၊ သတ္ထာ- မြတ်စွာဘုရားသည်၊ "ဘိက္ခဝေ- ရဟန်းတို့ ဣမံ ဘိက္ခုံ- ဤရဟန်းကို မာ ဥဇ္ဈာယိတ္ထ- မကဲ့ရဲ့ကြကုန်လင့်၊ ပေါရာဏကပဏ္ဍိတာ- ရှေးပညာရှိတို့သည်၊ သကလဇမ္ဗုဒီပေ- အလုံးစုံသော ဇမ္ဗူဒိပ်ကျွန်း၌၊ ရဇ္ဇံ- မင်းအဖြစ်ကို၊ လဘမာနာပိ- ရကုန်သော်လည်း၊ တံ- ထိုမင်းအဖြစ်ကို၊ အဂ္ဂဟေတွာ- မယူကုန်မူ၍၊ မာတာပိတရော- မိဘတို့ကို၊ ပေါသိံသုယေဝ- လုပ်ကျွေးဖူးကုန်ပြီသာလျှင်တည်း။" ဣတိ- ဤသို့၊ ဝတွာ- မိန့်တော်မူ၍၊ အတီတံ- အတိတ်ကို၊ အာဟရိ- ဆောင်တော်မူပြီ။

အတိတ်ဝတ္ထု

[နှာ-၃၃၂] အတီတေ- လွန်လေပြီးသောအခါ၌၊ ဗာရာဏသိ- ဗာရာဏသီ ပြည်သည်၊ ဗြဟ္မဝဍ္ဎနံ နာမ- ဗြဟ္မဝဍ္ဎနအမည်ရှိသော၊ နဂရံ- မြို့သည်၊ အဟောသိ- ဖြစ်ပြီ။ တတ္ထ- ထိုဗြဟ္မဝဍ္ဎနမြို့၌၊ မနောဇော နာမ- မနောဇအမည်ရှိသော၊ ရာဇာ- မင်းသည်၊ ရဇ္ဇံ- မင်းအဖြစ်ကို (ဝါ) တိုင်းပြည်ကို၊ ကာရေသိ- ပြုစေပြီ (အုပ်ချုပ်ပြီ)။ တတ္ထ- ထိုဗြဟ္မဝဍ္ဎနမြို့၌၊ အသီတိကောဋိဝိဘဝေါ- ကုဋေရှစ်ဆယ် စည်းစိမ် ဥစ္စာရှိသော၊ ဗြာဟ္မဏမဟာသာလော- များသော ဥစ္စာနှစ်ရှိသော ပုဏ္ဏားမျိုး ဖြစ်သော၊ အညတရော- ပုဏ္ဏားတစ်ယောက်သည်၊ အပုတ္တကော- သားသမီး မရှိသည်၊ အဟောသိ- ဖြစ်ပြီ။ တဿ- ထိုပုဏ္ဏား၏၊ ဗြာဟ္မဏီ- ပုဏ္ဏေးမသည်၊ တေနေဝ- ထိုပုဏ္ဏားသည်ပင်၊ "ဘောတိ- ရှင်မ၊ (တွံ- သင်ရှင်မသည်)၊ ပုတ္တံ- သားဆုကို၊ ပတ္ထေဟိ- တောင့်တလော့ (တောင်းလော့)" ဣတိ- ဤသို့၊ ဝုတ္တာ- ဆို အပ်သော်၊ (ပုတ္တံ- သားဆုကို) ပတ္ထေသိ- တောင့်တပြီ (တောင်းပြီ)။ အထ- ထိုအခါ၌၊ ဗောဓိသတ္တော- ဘုရားလောင်းသည်၊ ဗြဟ္မလောကာ- ဗြဟ္မာပြည်မှ၊ စဝိတွာ- စုတေ၍၊ တဿာ- ထိုပုဏ္ဏေးမ၏၊ ကုစ္ဆိသ္မိံ- ဝမ်း၌၊ ပဋိသန္ဓိံ- ပဋိသန္ဓေကို၊ ဂဏှိ- ယူတော်မူပြီ။ စ- ဆက်ဦးအံ့၊ ဇာတဿ- ဖွားမြင်ပြီးသော၊ အဿ- ထို ဘုရားလောင်း သူငယ်အား၊ "သောဏကုမာရော"တိ နာမံ- "သောဏသတို့သား"ဟူသော အမည်ကို၊ ကရိံသု- မှည့်ကုန်ပြီ။ တဿ- ထိုသောဏသတို့သား၏၊ ပဒသာ- ခြေဖြင့်၊ ဂမနကာလေ- သွားနိုင်သောအခါ၌၊ အညော- တစ်ယောက်သော၊ သတ္တောပိ- သတ္တဝါသည်လည်း၊ ဗြဟ္မလောကာ- ဗြဟ္မာ့ပြည်မှ၊ စဝိတွာ- စုတေ၍၊ တဿာယေဝ- ထိုပုဏ္ဏေးမ၏ဝမ်း၌သာလျှင်၊ ပဋိသန္ဓိံ- ပဋိသန္ဓေကို၊ ဂဏှိ- ယူပြီ။ ဇာတဿ- ဖွားမြင်ပြီးသော၊ တဿ- ထိုသူငယ်အား၊ "နန္ဒကုမာရော"တိ နာမံ- "နန္ဒသတို့သား" ဟူသော အမည်ကို၊ ကရိံသု- မှည့်ကုန်ပြီ။ ဥဂ္ဂဟိတဝေဒါနံ- သင်အပ်ပြီးသော ဗေဒင်ရှိကုန်သော၊ သဗ္ဗသိပ္ပေသု- အလုံးစုံကုန်သော အတတ်တို့၌၊ နိပ္ဖတ္တိံ- ပြီးဆုံးခြင်းသို့ ပတ္တာနံ- ရောက်ကုန်သော၊ ဝယပ္ပတ္တာနံ- အရွယ်သို့ ရောက်ကုန်သော၊ တေသံ- ထိုသား နှစ်ယောက်တို့၏၊ ရူပသမ္ပဒံ- အဆင်း၏ ပြည့်စုံခြင်းကို၊ ဒိသွာ- မြင်၍၊ ဗြာဟ္မဏော- ပုဏ္ဏားကြီးသည်၊ ဗြာဟ္မဏိံ- ပုဏ္ဏေးမကို၊ အာမန္တေတွာ- ခေါ်၍၊ "ဘောတိ- အိုပုဏ္ဏေးမ၊ ပုတ္တံ- သားဖြစ်သော၊ သောဏကုမာရံ- သောဏ

သတို့သားကို၊ ဃရဗန္ဓနေန- အိမ်ထောင်ဟူသော အနှောင်အဖွဲ့ဖြင့်၊ ဗန္ဓိဿာမ- နှောင်ဖွဲ့ကုန်အံ့။" ဣတိ- ဤသို့ အာဟ- ဆိုပြီ။ သာ- ထိုပုဏ္ဏေးမသည်၊ "သာဓူ"တိ- ကောင်းပြီဟု၊ သမ္ပဋိစ္ဆိတွာ- ဝန်ခံ၍၊ ပုတ္တဿ- သားအား၊ တမတ္ထံ- ထိုအကြောင်းကို၊ အာစိက္ခိ- ပြောကြားပြီ။ သော- ထိုသောဏသတို့သားသည်၊ "အမ္မ- မိခင်၊ မယှံ- အကျွန်ုပ်အား၊ ဃရာဝါသေန- အိမ်ရာတည်ထောင်လူ့ဘောင်၌ နေခြင်းဖြင့်၊ အလံ- အကျိုးမရှိ။ အဟံ- အကျွန်ုပ်သည်၊ ယာဝဇီဝံ- အသက်ရှည်သမျှကာလပတ်လုံး၊ တုမှေ- သင်မိခင်ဖခင်တို့ကို၊ ပဋိဇဂ္ဂိတွာ- လုပ်ကျွေး၍၊ တုမှာကံ- သင်မိခင် ဖခင်တို့၏၊ အစ္စယေန- ကွယ်လွန်သောအခါ၌၊ ဟိမဝန္တံ- ဟိမဝန္တာသို့၊ ပဝိသိတွာ- ဝင်၍၊ ပဗ္ဗဇိဿာမိ- ရသေ့ရဟန်းပြုအံ့။" ဣတိ- ဤသို့ အာဟ- ဆိုပြီ။ သာ- ထို ပုဏ္ဏေးမသည်၊ ဗြာဟ္မဏဿ- အဖပုဏ္ဏားကြီးအား၊ တမတ္ထံ- ထိုအကြောင်းကို၊ အာရောစေသိ- ပြောကြားပြီ။

တေ- ထိုမိဘတို့သည်၊ ပုနပ္ပုနံ- အဖန်ဖန် အထပ်ထပ်၊ ကထေန္တာပိ- ပြောဆို ကုန်ပါသော်လည်း၊ တဿ- ထိုသောဏသတို့သား၏၊ စိတ္တံ- စိတ်ကို၊ အလဘိတွာ- မရ၍၊ နန္ဒကုမာရံ- ညီနန္ဒသတို့သားကို၊ အာမန္တေတွာ- ခေါ်၍၊ "တာတ- အမောင် နန္ဒ၊ တေန ဟိ- ထိုသို့ဖြစ်လျှင်၊ တွံ- (သင်) အမောင်သည်၊ ကုဋုမ္ဗံ- ဥစ္စာနှစ်ကို၊ ပဋိပဇ္ဇာဟိ- စီရင်လော့။" ဣတိ- ဤသို့၊ ဝတွာ- ဆို၍၊ "အဟံ- အကျွန်ုပ်သည်၊ ဘာတရာ- နောင်တော် သောဏသည်၊ ဆဍ္ဍိတခေဠံ- ထွေးအပ်သော တံတွေးကို၊ သီသေန- ဦးခေါင်းဖြင့်၊ န ဥက္ခိပါမိ- မရွက်လိုပါ။ အဟမ္ပိ- အကျွန်ုပ်သည်လည်း၊ တုမှာကံ- သင်မိခင် ဖခင်တို့၏၊ အစ္စယေန- ကွယ်လွန်သော အခါ၌၊ ဘာတရာဝ- နောင်တော်နှင့်သာလျှင်၊ သဒ္ဓိံ- အတူတကွ၊ ပဗ္ဗဇိဿာမိ- ရသေ့ရဟန်းပြုပါအံ့။" ဣတိ- ဤသို့၊ ဝုတ္တေ- သားငယ်သည် ဆိုအပ်လတ်သော်၊ တေသံ- ထိုသားနှစ်ယောက်တို့၏၊ ဝစနံ- စကားကို၊ သုတွာ- ကြားရ၍၊ "ဣမေ ဒွေ- ဤသား (သူငယ်)နှစ်ယောက်တို့သည်၊ ဧဝံ- ဤသို့၊ တရုဏာဝ- ငယ်ကုန်စဉ်ဖြစ်၍ပင်၊ ကာမေ- ကာမဂုဏ်တို့ကို၊ ပဇဟန္တိ- စွန့်ကုန်သေး၏။ မယံ ပန- ငါတို့သည်ကား၊ ကိမင်္ဂ- အဘယ်ဆိုဖွယ်ရာရှိအံ့နည်း၊ သဗ္ဗေဝ- အလုံးစုံ သာလျှင်ဖြစ်ကုန်သော ငါတို့လေးယောက်တို့သည်၊ ပဗ္ဗဇိဿာမ- ရဟန်း ပြုကြကုန်အံ့၊" ဣတိ- ဤသို့၊ စိန္တေတွာ- ကြံ၍၊ "တာတာ- အမောင်တို့၊ အမှာကံ- ငါ(မိဘ)တို့၏၊ အစ္စယေန-

ကွယ်လွန်သောအခါ၌၊ ပဗ္ဗဇ္ဇာယ- ရဟန်းပြုခြင်းငှာ၊ ဝေါ- သင်(အမောင်)တို့အား၊ ကိံ- အဘယ်အကျိုးရှိအံ့နည်း၊ ဣဒါနေဝ- ယခု၌ပင်လျှင်၊ သဗ္ဗေ- အလုံးစုံကုန်သော၊ မယံ- ငါတို့သည်၊ ပဗ္ဗဇိဿာမ- ရဟန်းပြုကြအံ့။" ဣတိ- ဤသို့ဆို၍၊ ရဉော- မင်းအား၊ အာရောစေတွာ- ပန်ကြား၍၊ သဗ္ဗံ- အလုံးစုံသော၊ ဓနံ- ဥစ္စာကို၊ ဒါနမုခေ- ပေးလှူမှုကို အဦးပြုခြင်း၌၊ ဝိဿဇ္ဇေတွာ- စွန့်၍၊ ဒါသဇနံ- ကျွန်အပေါင်းကို၊ ဘုဇိဿံ- ကျွန်မဟုတ်သည်၏ အဖြစ်ကို၊ ကတွာ- ပြု၍၊ ဉာတီနံ- ဆွေမျိုးတို့အား၊ ဒါတဗ္ဗယုတ္တကံ- ပေးအပ်သည်၏အဖြစ်နှင့် ယှဉ်သည်ကို၊ ဒတွာ- ပေး၍၊ စတ္တာရောပိ- လေးယောက်လည်း ဖြစ်ကုန်သော၊ ဇနာ- မိသားတစ်စုတို့သည်၊ ဗြဟ္မဝဍ္ဎနနဂရာ- ဗြဟ္မဝဍ္ဎနမြို့မှ၊ နိက္ခမိတွာ- ထွက်ကုန်ပြီး၍၊ ဟိမဝန္တပဒေသေ- ဟိမဝန္တာအရပ်၌၊ ပဥ္စပဒုမသဉ္ဆန္နံ- ငါးပါးကုန်သော ကြာမျိုးတို့ဖြင့် ဖုံးလွှမ်းအပ်သော၊ သရံ- အိုင်ကို၊ နိဿာယ- အမှီပြု၍၊ ရမဏီယေ- မွေ့လျော်ဖွယ်ကောင်းသော၊ ဝနသဏ္ဍေ- တောအုပ်၌၊ အဿမံ- ကျောင်းသခ်မ်းကို၊ မာပေတွာ- ဖန်ဆင်း၍၊ ပဗ္ဗဇိတွာ- ရသေ့ ရဟန်းပြု၍၊ တတ္ထ- ထိုတောကျောင်း၌၊ ဝသိံသု- နေကြကုန်ပြီ။

ဥဘောပိ- နှစ်ယောက်လည်းဖြစ်ကုန်သော၊ ဘာတရော- ညီနောင်တို့သည်၊ မာတာပိတရော- မိဘတို့ကို၊ ပဋိဇဂ္ဂိံသု- လုပ်ကျွေးကုန်ပြီ။ တေသံ- ထိုမိဘတို့အား၊ ပါတောဝ- နံနက်စောစော၌ပင်လျှင်၊ ဒန္တကဋ္ဌဉ္စ- ဒန်ပူကိုလည်းကောင်း၊ မုခဓောဝနဉ္စ- မျက်နှာသစ်ရေကိုလည်း၊ ဒတွာ- ပေး၍၊ ပဏ္ဏသာလဉ္စ- သစ်ရွက်မိုးသော ဇရပ်ကျောင်းကိုလည်းကောင်း၊ ပရိဝေဏဉ္စ- ပရိဝုဏ်ကိုလည်းကောင်း၊ သမ္မဇ္ဇိတွာ- တံမြက်လှည်း၍၊ ပါနီယံ- သောက်ရေကိုလည်းကောင်း၊ ပရိဘောဇနီယံ- သုံးဆောင်ရေကိုလည်းကောင်း၊ ဥပဋ္ဌပေတွာ- ဖြစ်စေ၍ (တည်ထား၍)၊ အရညတော- တောမှ၊ မဓုရဖလာဖလာနိ- ချိုမြိန်ကောင်းမြတ်သော သစ်သီးကြီးငယ်တို့ကို၊ အာဟရိတွာ- ဆောင်ယူ၍၊ မာတာပိတရော- မိဘတို့ကို၊ ခါဒါပေန္တိ- စားစေကုန်၏။ ဥဏှောဒက- နွေးသော၊ ဝါရိနာ ဝါ- ရေဖြင့်လည်းကောင်း၊ သီတေန- အေးသော၊ ဝါရိနာ ဝါ- ရေဖြင့်လည်းကောင်း၊ နှာပေန္တိ- ရေချိုးစေကုန်၏။ ဇဋာ- ဆံကျစ်တို့ကို၊ သောဓေန္တိ- သုတ်သင်ကုန်၏။ တေသံ- ထိုမိဘတို့အား၊ ပါဒပရိကမ္မာဒီနိ- ခြေ လက် ဆုပ်နယ်ခြင်း စသည်တို့ကို၊ ကရောန္တိ- ပြုကုန်၏။

## ညီရသေ့ လှ၍ ပြုစုခြင်း

[နှာ- ၃၃၃] ဇဝံ- ဤသို့၊ အဒ္ဒါနေ- ရှည်ကြာသော ကာလသည်၊ ဂတေ- ရောက်လတ်သော်၊ နန္ဒပဏ္ဍိတော- ညီတော်နန္ဒပညာရှိသည်၊ "မယာ- ငါသည်၊ အာဘတဖလာဖလာနေဝ- ဆောင်ယူအပ်သော သစ်သီးကြီးငယ်တို့ကိုသာလျှင်၊ ပဌမံ- ရှေးဦးစွာ၊ မာတာပိတရော- မိဘတို့ကို၊ ခါဒါပေဿာမိ- စားစေအံ့။ ဣတိ- ဤသို့ ပုရတော- ရှေးဦးစွာ၊ ဂန္တွာ- သွား၍၊ ဟိယျော စ- ယမန်နေ့၌လည်းကောင်း၊ ပရဟိယျော စ- တမြန်နေ့၌လည်းကောင်း၊ ဂဟိတဋ္ဌာနတော- ဆွတ်ခူးယူအပ်ရာ အရပ်မှ၊ ယာနိ ဝါ တာနိ ဝါ- ဟုတ်ဟုတ်ညားညား အမှတ်မထား တစ်ပါးပါးသော သစ်သီးတို့ကို၊ ပါတောဝ- နံနက်စောစော၌သာလျှင်၊ အာဟရိတွာ- ဆောင်ယူ၍၊ မာတာပိတရော- မိဘတို့ကို၊ ခါဒါပေသိ- စားစေပြီ။ တေ- ထိုမိဘတို့သည်၊ တာနိ- ထိုသစ်သီးတို့ကို၊ ခါဒိတွာ- စားပြီး၍၊ မုခံ- ခံတွင်းကို၊ ဝိက္ခာလေတွာ- ဆေးကြော၍၊ ဥပေါသထိကာ- ဥပုသ်သီလစောင့်သုံးကြကုန်သည်၊ ဘဝန္တိ- ဖြစ်ကုန်၏။ သောဏပဏ္ဍိတော ပန- နောင်တော် သောဏပညာရှိသည်ကား၊ ဒူရံ- ဝေးသော အရပ်သို့၊ ဂန္တွာ- သွား၍၊ မဓုရမဓုရာနိ- အလွန့်အလွန်ချိုမြိန်ကုန်သော၊ သုပက္က သုပက္ကာနိ- အလွန့်အလွန် မှည့်ကုန်သော၊ (ဖလာနိ- သစ်သီးတို့ကို)၊ အာဟရိတွာ- ဆောင်ယူ၍၊ ဥပနာမေသိ- ဆက်ကပ်ပြီ။ အထ- ထိုအခါ၌၊ နံ- ထိုသောဏ ပညာရှိကို၊ "တာတ- ချစ်သား သောဏ၊ တေ- သင်ချစ်သား၏၊ ကနိဋ္ဌေန- ညီတော်နန္ဒသည်၊ အာဘတာနိ- ဆောင်ယူအပ်ကုန်သော သစ်သီးတို့ကို၊ မယံ- ငါ(မိဘ)တို့သည်၊ ပါတောဝ- နံနက်စောစော၌ပင်၊ ခါဒိတွာ- စားကုန်၍၊ ဥပေါသထိကာ- ဥပုသ်သီလ စောင့်သုံးကုန်သည်၊ ဇာတာ- ဖြစ်ကုန်ပြီ။ ဣဒါနိ- ယခုအခါ၌၊ နော- ငါတို့အား၊ န အတ္ထော- အလိုမရှိပြီ။" ဣတိ- ဤသို့၊ ဝဒန္တိ- ဆိုကုန်၏။ ဣတိ- ဤသို့သော အကြောင်းကြောင့်၊ တဿ- ထိုသောဏပညာရှိ၏၊ ဖလာဖလာနိ- သစ်သီးကြီးငယ် တို့သည်၊ ပရိဘောဂံ- သုံးဆောင်ခွင့်ကို၊ န လဘန္တိ- မရကုန်၊ ဝိနဿန္တိ- ပျက်စီး ကုန်၏။ ပုနဒိဝသေသုပိ- နောက်နေ့တို့၌လည်း၊ တထေဝ- ထို့ရှေးနေ့နှင့် အတူ သာလျှင်၊ တဿ- ထိုသောဏပညာရှိ၏၊ ဖလာဖလာနိ- သစ်သီးကြီးငယ်တို့သည်၊ ပရိဘောဂံ- သုံးဆောင်ခွင့်ကို၊ န လဘန္တိ- မရကုန်။ ဝိနဿန္တိ- ပျက်စီးကုန်၏။ ဣတိ ဇဝံ- ဤသို့ ပျက်စီးကုန်သည်၊ (သန္တေသု-

ဖြစ်ကုန်သော်လည်း)၊ သော- ထိုသောဏပညာရှိသည်၊ ပဥ္စာဘိညတာယ- ငါးပါးသော အဘိညာဥ်ရှင် ဖြစ်သည်၏ အဖြစ်ကြောင့်၊ ဒူရံ- ဝေးသော အရပ်သို့ ဂန္တွာပိ- သွား၍လည်း၊ အာဟရတိ- ဆောင်ယူ၏။ တေ ပန- ထိုမိဘတို့သည်ကား၊ န ခါဒန္တိ- မစားကြရကုန်။

အထ- ထိုအခါ၌၊ မဟာသတ္တော- ဘုရားလောင်း သောဏသည်၊ "မေ- ငါ၏၊ မာတာပိတရော- မိဘတို့သည်၊ သုခုမာလာ- နူးညံ့ကုန်၏။ နန္ဒော စ- ညီတော် နန္ဒသည်ကား၊ ယာနိ ဝါ တာနိ ဝါ- ဟုတ်ဟုတ်ညားညား အမှတ်မထား တစ်ပါးပါးကုန်သော၊ အပက္ကဒုပ္ပက္ကာနိ- မမှည့်သေးကုန်သော ကောင်းစွာမမှည့် ကုန်သော၊ ဖလာဖလာနိ- သစ်သီးကြီးငယ်တို့ကို၊ အာဟရိတွာ- ဆောင်ယူ၍၊ ခါဒါပေသိ- စားစေပြီ။ ဧဝံ- ဤသို့ စားစေသည်၊ သန္တေ- ရှိလတ်သော်၊ ဣမေ- ဤမိဘတို့သည်၊ စိရံ- ကြာမြင့်စွာ၊ န ပဝတ္တိဿန္တိ- မတည်ကုန်လတ္တံ့။ နံ- ထိုညီတော် နန္ဒကို၊ ဝါရေဿာမိ- တားမြစ်အံ့။" ဣတိ- ဤသို့၊ စိန္တေသိ- ကြံတော်မူပြီ။ အထ- ထိုမှနောက်၌၊ သော- ထိုဘုရားလောင်း သောဏသည်၊ နံ- ထိုညီတော် နန္ဒကို၊ အာမန္တေတွာ- ခေါ်တော်မူ၍၊ "နန္ဒ- အမောင် နန္ဒ၊ ဣတော- ဤနေ့မှ၊ ပဋ္ဌာယ- စ၍၊ ဖလာဖလံ- သစ်သီးကြီးငယ်ကို၊ အာဟရိတွာ- ဆောင်ယူ၍၊ မမ- ငါ၏၊ အာဂမနံ- ရောက်လာသည့်တိုင်အောင်၊ ပဋိမာနေဟိ- စောင့်ငံ့လင့်လော့။ ဥဘောပိ- နှစ်ယောက်လည်းဖြစ်ကုန်သော ငါတို့သည်၊ ဧကတော- တပေါင်းတည်းသာလျှင်၊ ခါဒါပေဿာမ- (မိဘတို့ကို) စားစေကုန်အံ့။" ဣတိ- ဤသို့၊ အာဟ- ဆိုပြီ။ သော- ထိုညီနန္ဒသည်၊ ဧဝံ- ဤသို့၊ ဝုတ္တေပိ- နောင်တော်သောဏသည် ဆိုအပ်ပါ သော်လည်း၊ အတ္တနော- မိမိ၏၊ ပုညံ- ကောင်းမှုကို၊ ပစ္စာသီသန္တော- တောင့်တသည် ဖြစ်၍၊ တဿ- ထိုနောင်တော်၏၊ ဝစနံ- စကားကို၊ န အကာသိ- မလိုက်နာပြီ။ မဟာသတ္တော- ဘုရားလောင်းသောဏသည်၊ "နန္ဒော- ငါ့ညီနန္ဒသည်၊ မမ- ငါ၏၊ ဝစနံ- စကားကို၊ အကရောန္တော- နားမထောင်သည် ဖြစ်၍၊ အယုတ္တံ- မသင့်သည်ကို၊ ကရောတိ- ပြုဘိ၏။ နံ- ထိုညီနန္ဒကို၊ ပလာပေဿာမိ- ပြေးစေအံ့။ တတော- ထို့နောင်မှ၊ ဧကကော- တစ်ယောက်တည်းသာလျှင်၊ မာတာပိတရော- မယ်တော် ခမည်းတော်တို့ကို၊ ပဋိဇဂ္ဂိဿာမိ- လုပ်ကျွေးအံ့။" ဣတိ- ဤသို့၊ စိန္တေတွာ- ကြံတော်မူ၍၊ "နန္ဒ- အမောင်နန္ဒ၊ တွံ- သင်သည်၊ အနောဝါဒကော- ဆိုဆုံးမ

စကားကို မလိုက်နာသည်ဖြစ်၍၊ ပဏ္ဍိတာနံ- ပညာရှိတို့၏၊ ဝစနံ- စကားကို၊ န ကရောသိ- နား‌မထောင်။ အဟံ- ငါသည်၊ ဇေဋ္ဌော- အစ်ကိုကြီးတည်း။ မာတာပိတရော- မိဘတို့သည်၊ မမေဝ- ငါ၏သာလျှင်၊ ဘာရော- တာဝန်တည်း။ အဟမေဝ- ငါသည်သာလျှင်၊ နေသံ- ထိုမိဘတို့ကို၊ ပဋိဇဂ္ဂိဿာမိ- လုပ်ကျွေးအံ့။ တွံ- သင်သည်၊ ဣဓ- ဤအရပ်၌၊ ဝသိတုံ- နေခြင်းငှာ၊ န လစ္ဆသိ- မရလတ္တံ့။ အညတ္ထ- တစ်ပါးသော အရပ်သို့၊ ယာဟိ- သွားလေလော့။" ဣတိ- ဤသို့ ဆို၍၊ တဿ- ထိုညီနန္ဒအား၊ အစ္ဆရံ- လက်ဖျစ်ကို၊ ပဟရိ- တီးပြီ။

## အစ်ကိုရသေ့အား ကန်တော့မည်

သော- ထိုညီနန္ဒသည်၊ တေန- ထိုနောင်တော်သောဏသည်၊ ပလာပိတော- ပြေးစေအပ်သည်ဖြစ်၍၊ တဿ- ထိုနောင်တော်သောဏ၏၊ သန္တိကေ- အထံ၌၊ ဌာတုံ- တည်ခြင်းငှာ၊ အသက္ကောန္တော- မတတ်နိုင်သည်ဖြစ်၍၊ တံ- ထိုနောင်တော်ကို၊ ဝန္ဒိတွာ- ရှိခိုး၍၊ မာတာပိတရော- မိဘတို့သို့ ဥပသင်္ကမိတွာ- ချဉ်းကပ်၍၊ တမတ္ထံ- ထိုအကြောင်းကို၊ အာရောစေတွာ- ပြောကြား၍၊ အတ္တနော- မိမိ၏၊ ပဏ္ဏသာလံ- သစ်ရွက်မိုးသော ကျောင်းဇရပ် အတွင်းသို့၊ ပဝိသိတွာ- ဝင်၍၊ ကသိဏံ- ကသိုဏ်းကို၊ ဩလောကေတွာ- ကြည့်၍၊ တံ ဒိဝသမေဝ- ထို့နေ့၌ပင်လျှင်၊ ပဉ္စ- ငါးပါးကုန်သော၊ အဘိညာယော- အဘိညာဉ်တို့ကိုလည်းကောင်း၊ အဋ္ဌ- ရှစ်ပါးကုန်သော၊ သမာပတ္တိယော- သမာပတ်တို့ကိုလည်းကောင်း၊ နိဗ္ဗတ္တေတွာ- ဖြစ်စေ၍၊ စိန္တေသိ- ကြံပြီ၊ (ကံ စိန္တေသိ- နည်း၊) "အဟံ- ငါသည်၊ သိနေရုပါဒတော- မြင်းမိုရ်တောင် ခြေရင်းမှ၊ ရတနဝါလုကာ- ရတနာသဲတို့ကို၊ အာဟရိတွာ- ထုတ်ဆောင်၍၊ မမ- ငါ၏၊ ဘာတု- နောင်တော်၏၊ ပဏ္ဏသာလာယ- သစ်ရွက်မိုးသော ကျောင်းဇရပ်၌ လည်းကောင်း၊ ပရိဝေဏေ- ပရိဝုဏ်၌လည်းကောင်း၊ ဩကိရိတွာ- ကြဲ၍၊ ဘာတရံ- နောင်တော်ကို၊ ခမာပေတုံ- သည်းခံစေခြင်း (ကန်တော့ခြင်း)ငှာ၊ ပဟောမိ- စွမ်းနိုင်၏၊ ဧဝမ္ပိ- ဤသို့စွမ်းနိုင်သော်လည်း၊ န သောဘိဿတိ- မတင့်တယ်လတ္တံ့၊ အနောတတ္တတော- အနောတတ်အိုင်မှ၊ ဥဒကံ- ရေကို၊ အာဟရိတွာ- ဆောင်ယူ၍၊ မမ- ငါ၏၊ ဘာတု- နောင်တော်၏၊ ပဏ္ဏသာလာယ- သစ်ရွက်မိုး သော ကျောင်းဇရပ်၌ လည်းကောင်း၊ ပရိဝေဏေ- ပရိဝုဏ်၌လည်းကောင်း၊ ဩသိဉ္စိတွာ- သွန်းလောင်း၍၊ ဘာတရံ- နောင်တော်ကို၊

ခမာပေတုံ- သည်းခံစေခြင်းငှာ၊ ပဟောမိ- စွမ်းနိုင်၏၊ ဧဝမ္ပိ- ဤသို့ ကန့်ကွက်တော့ခြင်းငှာ စွမ်းနိုင်သော်လည်း၊ [နှာ- ၃၃၄] န သောဘိဿတိ- မတင့်တယ်လတ္တံ့ မေ- ငါ၏၊ ဘာတရံ- နောင်တော်ကို၊ ဒေဝတာနံ- နတ်တို့၏၊ ဝသေန- အစွမ်းဖြင့်၊ သဓေ ခမာပေဿံ- အကယ်၍ သည်းခံစေပြားအံ့၊ စတ္တာရော- လေးယောက်ကုန်သော၊ မဟာရာဇာနော စ- နတ်မင်းကြီးတို့ကိုလည်းကောင်း၊ သက္ကဉ္စ- သိကြားမင်းကို လည်းကောင်း၊ အာနေတွာ- ဆောင်ယူ၍၊ ဘာတရံ- နောင်တော်ကို၊ ခမာပေတုံ- သည်းခံစေခြင်းငှာ၊ ပဟောမိ- စွမ်းနိုင်ရာ၏၊ ဧဝမ္ပိ- ဤသို့သည်းခံစေသော်လည်း၊ န သောဘိဿတိ- မတင့်တယ်လတ္တံ့ သကလ ဇမ္ဗုဒီပေ- အလုံးစုံသော ဇမ္ဗူဒိပ် ကျွန်း၌၊ မနောဇံ- မနောဇအမည်ရှိသော၊ အဂ္ဂရာဇာနံ- မြတ်သော မင်းကို၊ အာဒိံ ကတွာ- အစပြု၍၊ ရာဇာနော- မင်းတို့ကို၊ အာနေတွာ- ဆောင်ယူ၍၊ ခမာပေဿာမိ- သည်းခံစေအံ့ ဧဝံ- ဤသို့သည်းခံ စေသည်၊ သန္တေ- ရှိလတ်သော်၊ မမ- ငါ၏၊ ဘာတု- နောင်တော်၏၊ ဂုဏော- ဂုဏ်ကျေးဇူးသည်၊ သကလဇမ္ဗုဒီပေ- အလုံးစုံသော ဇမ္ဗူဒိပ်ကျွန်း၌၊ အဝတ္ထရိတွာ- လွှမ်းမိုး၍၊ ဂမိဿတိ- သွားလတ္တံ့ စန္ဒိမသူရိယော ဝိယ- နေလကဲ့သို့ ပညာယိဿတိ- ထင်ရှားလတ္တံ့" ဣတိ- ဤသို့ (စိန္တေသိ- ကြံပြီ။ )

မင်းတို့အား စည်းရုံးခြင်း

သော- ထိုညီတော်နန္ဒသည်၊ တာဝဒေဝ- ထိုခဏ၌ပင်လျှင်၊ ဣဒ္ဓိယာ- တန်ခိုးဖြင့်၊ ဂန္တွာ- သွား၍၊ ဗြဟ္မဝဍ္ဎနနဂရေ- ဗြဟ္မဝဍ္ဎနမြို့၌၊ တဿ ရညော- ထိုမနောဇမင်း၏၊ နိဝေသနဒွါရေ- နန်းတော်တံခါး၌၊ ဩတရိတွာ- သက်ဆင်း၍၊ ဌိတော- ရပ်လျက်၊ "ဧကော- တစ်ပါးသော၊ တာပသော- ရသေ့သည်၊ ဝေါ- သင်အရှင်မင်းကြီးတို့ကို၊ ဒဋ္ဌုကာမော ကိရ- မြင်ခြင်းငှာ အလိုရှိသတတ်။" ဣတိ- ဤသို့၊ ရညော- မနောဇ မင်းကြီးအား၊ အာရောစာပေသိ- လျှောက်ကြားစေပြီ၊ ရာဇာ- မနောဇမင်းသည် "ပဗ္ဗဇိတဿ- ရသေ့ရဟန်းအား၊ မယာ- ငါသည်၊ ဒိဋ္ဌေန- မြင်ခြင်းဖြင့်၊ ကိံ- အဘယ်အကျိုးရှိအံ့နည်း၊ အာဟာရတ္ထာယ- အစာအာဟာရ အကျိုးငှာ၊ အာဂတော- လာသည်၊ ဘဝိဿတိ- ဖြစ်လတ္တံ့၊" ဣတိ- ဤသို့ နှလုံးသွင်း၍၊ ဘတ္တံ- ထမင်းကို၊ ပဟိဏိ- ပို့စေပြီ၊ သော- ထိုနန္ဒရသေ့ ပညာရှိသည်၊ ဘတ္တံ- ထမင်းကို၊ န ဣစ္ဆိ- အလိုမရှိ၊ တဏ္ဍုလံ- ဆန်ကို၊ ပဟိဏိ- ပို့စေပြီ၊ တဏ္ဍုလံ- ဆန်ကို၊ န ဣစ္ဆိ- အလိုမရှိ၊ ဝတ္ထာနိ- အဝတ်တို့ကို၊ ပဟိဏိ- ပို့စေပြီ၊ ဝတ္ထာနိ-

အဝတ်တို့ကို၊ န ကုစ္ဆိ- အလိုမရှိ၊ တမ္ဗုလံ- ကွမ်းကို၊ ပဟိဏိ- ပို့စေပြီ၊ တမ္ဗုလံ- ကွမ်းကို၊ န ကုစ္ဆိ- အလိုမရှိ၊ အထ- ထိုအခါ၌၊ အဿ- ထိုနန္ဒရသေ့၏၊ သန္တိကေ- အထံ၌၊ "ကိမတ္ထံ- အဘယ်အကျိုးငှာ၊ အာဂတော- ကြွလာတော်မူသည်။ အသိ- ဖြစ်သနည်း။" ဣတိ- ဤသို့၊ ဒူတံ- တမန်ကို၊ ပေသေသိ- စေလွှတ်ပြီ၊ သော- ထိုနန္ဒရသေ့သည်၊ ဒူတေန- တမန်သည်၊ ပုဋ္ဌော- မေးအပ်သည်ရှိသော်၊ "ရာဇာနံ- မင်းကို၊ ဥပဋ္ဌဟိတုံ- လုပ်ကျွေးခြင်းငှာ၊ အာဂတော- လာသည်၊ အမှိ- ဖြစ်၏၊" ဣတိ- ဤသို့၊ အာဟ- ဆိုပြီ၊ ရာဇာ- မနောဇမင်းသည်၊ တံ- ထိုစကားကို၊ သုတွာ- ကြား၍၊ "မမ- ငါ့အား၊ ဥပဋ္ဌာကာ- အလုပ်အကျွေး တို့သည်၊ ဗဟူ- များကုန်၏၊ အတ္တနော၀- မိမိ၏သာလျှင်၊ တာပသဓမ္မံ- ရသေ့ရဟန်းတရားကို၊ ကရောတု- ပြုလေလော့၊" ဣတိ- ဤသို့၊ ပေသေသိ- စေလွှတ်ပြီ၊ သော- ထိုနန္ဒရသေ့သည်၊ တံ- ထိုမင်း စကားကို၊ သုတွာ- ကြား၍၊ "အဟံ- ငါသည်၊ တုမှာကံ- သင်အရှင် မင်းကြီးတို့အား၊ အတ္တနော- မိမိ၏၊ ဗလေန- အားအစွမ်းဖြင့်၊ သကလဇမ္ဗုဒီပေ- အလုံးစုံသော ဇမ္ဗုဒိပ်ကျွန်း၌၊ ရဇ္ဇံ- မင်းအဖြစ်ကို၊ ဂဟေတွာ- ယူ၍၊ ဒဿာမိ- ပေးအံ့၊" ဣတိ- ဤသို့၊ အာဟ- ဆိုပြီ။

တံ- ထိုစကားကို၊ သုတွာ- ကြား၍၊ ရာဇာ- မနောဇမင်းသည်၊ "ပဗ္ဗဇိတာ နာမ- ရသေ့ရဟန်းတို့မည်သည်ကား၊ ပဏ္ဍိတာ- ပညာရှိကုန်၏၊ ကိဉ္စိ- တစ်စုံ တစ်ခုသော၊ ဥပါယံ- အကြောင်းကို၊ ဇာနိဿန္တိ- သိကုန်လတ္တံ့၊" ဣတိ- ဤသို့၊ စိန္တေသိ- ကြံပြီ၊ (ဣတိ- ဤသို့ ကြံပြီး၍၊) တံ- ထိုနန္ဒပညာရှိရသေ့ကို၊ ပက္ကောသာ ပေတွာ- ခေါ်စေတော်မူပြီး၍၊ အာသနေ- နေရာ၌၊ နိသီဒါပေတွာ- နေစေ၍၊ ဝန္ဒိတွာ- ရှိခိုး၍၊ "ဘန္တေ- အရှင်ဘုရား၊ တုမှေ- အရှင်ဘုရားတို့သည်၊ မယှံ- ငါ့အား၊ သကလဇမ္ဗုဒီပရဇ္ဇံ- အလုံးစုံသော ဇမ္ဗုဒိပ်ကျွန်း၌ မင်း၏အဖြစ်ကို၊ ဂဟေတွာ- ယူ၍၊ ဒဿထ ကိရ- ပေးတော်မူကုန်လတ္တံ့လော၊" ဣတိ- ဤသို့၊ ပုစ္ဆိ- မေးပြီ၊ မဟာရာဇ- မြတ်သော မင်းကြီး၊ အာမ- ဟုတ်၏၊ ဣတိ- ဤသို့၊ (အာဟ- ဆိုပြီ)၊ ကထံ- အဘယ်သို့ ဂဏှိဿထ- ယူနိုင်ပါကုန်အံ့နည်း၊ ဣတိ- ဤသို့ (ပုစ္ဆိ- မေးလျှောက်ပြီ)၊ မဟာရာဇ- မြတ်သောမင်းကြီး၊ အန္တမသော- အောက် ထစ်ဆုံးအားဖြင့်၊ ဝါ- အယုတ်ဆုံးအားဖြင့်၊ ခုဒ္ဒကမက္ခိကာယ- ယင်မငယ်၏၊ ပိဝနမတ္တမ္ပိ- သောက် လောက်ရုံမျှလည်းဖြစ်သော၊ လောဟိတံ- သွေးကို၊ ကဿစိ- တစ်စုံ

တစ်ယောက်သော သူအား၊ အနုပ္ပါဒေတွာ- မဖြစ်စေမူ၍၊ တဝ- အရှင်မင်းကြီးအား၊ ဓနစ္ဆေဒံ- ဥစ္စာပျက်စီးခြင်းကို၊ အကတွာ- မပြုမူ၍၊ အတ္တနော- မိမိ၏၊ ကုဒ္ဒါလယာဝ- တန်နိုးဖြင့်သာလျှင်၊ ဂဟေတွာ- ယူ၍၊ ဒဿာမိ- ပေးအံ့၊ အပိ စ- စင်စစ်သော်ကား၊ ကေဝလံ- သက်သက်၊ ပပဉ္စံ- ကြာမြင့်သည်ကို၊ အကတွာ- မပြုမူ၍၊ အဇ္ဇေဝ- ယနေ့ပင်လျှင်၊ နိက္ခမိတုံ- ထွက်ခြင်းငှာ၊ ဝဋ္ဋတိ- သင့်၏၊ ဣတိ- ဤသို့၊ (အာဟ- ဆိုပြီ)

ကောသလမင်းကို ရပြီ

သော- ထိုမနောဇမင်းသည်၊ တဿ- ထိုနန္ဒရသေ့ပညာရှိ၏၊ ဝစနံ- စကားကို၊ သဒ္ဒဟိတွာ- ယုံကြည်၍၊ သေနင်္ဂပရိဝုတော- စစ်သည်အပေါင်းသည် ခြံရံအပ်သည် ဖြစ်၍၊ နဂရာ- ဗြဟ္မဝဍ္ဎနမြို့မှ၊ နိက္ခမိ- ထွက်ပြီ၊ သေနာယ- စစ်သည်အပေါင်းအား၊ ဥဏှံ- အပူသည်၊ သစေ ဟောတိ- အကယ်၍ ဖြစ်ငြားအံ့၊ နန္ဒပဏ္ဍိတော- နန္ဒပညာရှိ ရသေ့သည်၊ အတ္တနော- မိမိ၏၊ ကုဒ္ဒါလယာ- တန်ခိုးဖြင့်၊ ဆာယံ- အရိပ်အာဝါသကို၊ ကတွာ- ပြု၍၊ သီတံ- ချမ်းအေးခြင်းကို၊ ကရောတိ- ပြု၏၊ ဒေဝေ- မိုးသည်၊ ဝဿန္တေ- ရွာသည်ရှိသော်၊ သေနာယ- စစ်သည် အပေါင်း၏၊ ဥပရိ- အပေါ်၌၊ ဝဿိတုံ- ရွာခြင်းငှာ၊ န ဒေတိ- မပေး၊ သီတံ ဝါ- လေအေးကိုလည်းကောင်း၊ ဥဏှံ ဝါ- လေပူကိုလည်းကောင်း၊ ဝါရေတိ- တားမြစ်၏၊ မဂ္ဂေ- လမ်းခရီး၌၊ ခါဏုကဏ္ဋကာဒယော- သစ်ငုတ် ဆူးငြောင့် အစရှိကုန်သော၊ သဗ္ဗပရိဿယေ- အလုံးစုံကုန်သော ဘေးရန်တို့ကို၊ အန္တရဓာပေ တိ- ကွယ်ပျောက်စေ၏၊ မဂ္ဂံ- လမ်းခရီးကို၊ ကသိဏမဏ္ဍလံ ဝိယ- ကသိုဏ်းဝန်း ကဲ့သို့ သမံ- ညီညွတ်စွာ၊ ကတွာ- ပြု၍၊ သယံ- မိမိသည်၊ အာကာသေ- ကောင်းကင်၌၊ စမ္မခဏ္ဍံ- သားရေအခင်းကို၊ ပတ္ထရိတွာ- ဖြန့်၍၊ ပလ္လင်္ကေန- တင်ပလ္လင်ဖွဲ့ခွေ နေခြင်းဖြင့်၊ နိသိန္နော- နေလျက်၊ သေနာယ- စစ်သည်အပေါင်း သည်၊ ပရိဝုတော- ခြံရံအပ်သည်ဖြစ်၍၊ ဂစ္ဆတိ- သွား၏။

ဧဝံ- ဤသို့၊ သေနံ- စစ်သည်အပေါင်းကို၊ အာဒါယ- ယူ၍၊ ပဌမံ- ရှေးဦးစွာ၊ ကောသလရဋ္ဌံ- ကောသလတိုင်းသို့၊ ဂန္တွာ- သွား၍၊ နဂရဿ- မြို့၏၊ အဝိဒူရေ- အနီးအပါးအရပ်၌၊ ခန္ဓာဝါရံ- သစ်တပ်ကို၊ နိဝါသာပေတွာ- တည်စေ၍၊ "နော-

ငါတို့အား၊ ယုဒ္ဓံ ဝါ- စစ်ပွဲကိုမူလည်း၊ ဒေတု- ပေးအံ့လော၊ သေတစ္ဆတ္တံ ဝါ- ထီးဖြူကိုမူလည်း၊ ဒေတု- ပေးအံ့လော၊" ဣတိ- ဤသို့၊ ကောသလရညော- ကောသလမင်းအား၊ ဒူတံ- တမန်ကို၊ ပါဟေသိ- စေလွှတ်ပြီ၊ သော- ထိုကောသလမင်းသည်၊ ကုဇ္ဈိတွာ- အမျက်ထွက်၍၊ "အဟံ- ငါသည်၊ န ရာဇာ ကိံ- မင်းမဟုတ်ပါလော၊" ဣတိ- ဤသို့ (မနသိကတွာ- နှလုံးသွင်း၍) "ယုဒ္ဓံ- စစ်ထိုးခြင်းကို၊ ဒမ္မိ- ပေးအံ့၊" ဣတိ- ဤသို့၊ သေနာယ- စစ်သည်အပေါင်းကို၊ ပုရက္ခတော- ရှေ့ရှုပြုအပ်သည်ဖြစ်၍၊ နိက္ခမိ- မြို့မှ ထွက်ပြီ၊ ဒွေ- နှစ်ဦးကုန်သော၊ သေနာ- စစ်သည်တို့သည်၊ ယုဇ္ဈိတုံ- စစ်တိုက်ခြင်းငှာ၊ အာရဘိံသု- အားထုတ်ကုန်ပြီ၊ နန္ဒပဏ္ဍိတော- နန္ဒပညာရှိရသေ့သည်၊ ဒွိန္နမ္ပိ- နှစ်ဦးနှစ်ဖက်လည်း ဖြစ်ကုန်သော စစ်သည်တို့၏၊ အန္တရေ- အကြား၌၊ အတ္တနော- မိမိ၏၊ နိသီဒနံ- နေရာဖြစ်သော၊ အဇိနစမ္မံ- သစ်နက်ရေကို၊ မဟန္တံ- ကြီးစွာကို၊ ကတွာ- ပြု၍၊ ပသာရေတွာ- ဖြန့်၍၊ ဒွိဟိပိ- နှစ်ဦးနှစ်ဖက်လည်း ဖြစ်ကုန်သော၊ သေနာဟိ- စစ်သည်တို့သည်၊ ခိတ္တသရေ- ပစ်အပ်သော မြားတို့ကို၊ စမ္မေနေဝ- သားရေဖြင့်သာလျှင်၊ သမ္ပဋိစ္ဆိ- ခံယူပြီ၊ ဧကသေနာယပိ- တစ်ယောက်သော စစ်သည်အားလည်း၊ ကောစိ- တစ်စုံတစ်ခုသော၊ ကဏ္ဍော- မြားသည်၊ ဝိဒ္ဓေါ နာမ- စူးဝင်အပ်သည် မည်သည်၊ နတ္ထိ- မရှိ၊ ပန- ဆက်ဦးအံ့၊ ဟတ္ထဂတာနံ- လက်၌ရှိကုန်သော၊ ကဏ္ဍာနံ- မြားတို့၏၊ ခယေန- ကုန်ခြင်းကြောင့်၊ ဒွေပိ သေနာ- နှစ်ဦးနှစ်ဖက်ကုန်သော စစ်သည်တို့သည်လည်း၊ နိရုဿာဟာ- အားထုတ်ခြင်း မရှိကုန်သည်ဖြစ်၍၊ အဋ္ဌံသု- ရပ်တည်ကုန်ပြီ၊ နန္ဒပဏ္ဍိတော- နန္ဒပညာရှိရသေ့သည်၊ မနောဇ ရာဇဿ- မနောဇာမင်း၏၊ သန္တိကံ- အထံသို့၊ ဂန္တွာ- သွား၍၊ "မဟာရာဇ- မြတ်သော မင်းကြီး၊ မာ ဘာယိ- ကြောက်တော်မမူပါလင့်၊" ဣတိ- ဤသို့၊ အဿာသေတွာ- နှစ်သိမ့်ပြီး၍၊ ကောသလဿ- ကောသလမင်း၏၊ သန္တိကံ- အထံသို့၊ ဂန္တွာ- သွား၍၊ "မဟာရာဇ- မြတ်သော မင်းကြီး၊ မာ ဘာယိ- ကြောက်တော်မမူပါလင့်၊ တေ- သင်မင်းကြီးအား၊ ပရိပန္ထော- ဆန့်ကျင်ဘက်ရန်သူသည်၊ နတ္ထိ- မရှိ၊ တဝ- သင်မင်းကြီး၏၊ ရဇ္ဇံ- တိုင်းပြည်သည်၊ တဝေဝ- သင်မင်းကြီးအားသာလျှင်၊ ဘဝိဿတိ- ဖြစ်လတ္တံ့၊ ကေဝလံ- စင်စစ်သော်ကား၊ မနောဇရညော- မနောဇာမင်း၏၊ ဝသဝတ္တီ- အလိုသို့ လိုက်ခြင်းသည်၊ ဟောဟိ- ဖြစ်တော်မူလော့၊ ဣတိ- ဤသို့၊ အာဟ- ဆိုပြီ။

[နှာ- ၃၃၅] သော- ထိုကောသလမင်းသည်၊ တဿ- ထိုနန္ဒပညာရှိရသေ့၏၊ (ဝစနံ- စကားကို၊) သဒ္ဒဟိတွာ- ယုံကြည်၍၊ "သာဓူ"တိ- ကောင်းပြီဟု၊ သမ္ပဋိစ္ဆိ- ဝန်ခံပြီ၊ အထ- ထိုသို့ ဝန်ခံသောအခါ၌၊ နံ- ထိုကောသလမင်းကို၊ မနောဇဿ- မနောဇမင်း၏၊ သန္တိကံ- အထံသို့ နေတွာ- ဆောင်ယူ၍၊ "မဟာရာဇ- မြတ်သော မင်းကြီး၊ ကောသလ- ရာဇာ- ကောသလမင်းသည်၊ တေ- အရှင်မင်းကြီး၏၊ ဝသေ- အလို၌၊ ဝတ္တတိ- လိုက်၏၊ (တသ္မာ- ထို့ကြောင့်) ဣမဿ- ဤကောသလ မင်း၏၊ ရဇ္ဇံ- တိုင်းပြည်သည်၊ ဣမဿေဝ- ဤကောသလမင်းအားသာလျှင်၊ ဟောတု- ဖြစ်ပါစေလော့၊" ဣတိ- ဤသို့၊ အာဟ- ဆိုပြီ၊ သော- ထိုမနောဇမင်း သည်၊ "သာဓူ"တိ- ကောင်းပြီဟု၊ သမ္ပဋိစ္ဆိတွာ- ဝန်ခံ၍၊ တံ- ထိုကောသလမင်းကို၊ အတ္တနော- မိမိ၏၊ ဝသေ- အလို၌၊ ဝတ္တေတွာ- လိုက်စေ၍၊ ဒွေ- နှစ်ဦးနှစ်ဖက် ကုန်သော၊ သေနာ- စစ်သည်တို့ကို၊ အာဒါယ- သိမ်းယူ၍၊ အင်္ဂရဋ္ဌံ- အင်္ဂတိုင်းသို့၊ ဂန္တွာ- သွား၍၊ အင်္ဂံ- အင်္ဂတိုင်းကို၊ ဂဟေတွာ- သိမ်းယူ၍၊ တတော- ထိုနောက်မှ၊ မဂဓရဋ္ဌံ- မဂဓတိုင်းကို၊ (ဂဟေတွာ- သိမ်းယူ၍၊) ဣတိ- ဤသို့၊ ဧတေနုပါယေန- ဤနည်းအားဖြင့်၊ သကလဇမ္ဗုဒီပေ- အလုံးစုံသော ဇမ္ဗူဒိပ်ကျွန်း၌၊ ရာဇာနော- မင်းတို့ကို၊ အတ္တနော- မိမိ၏၊ ဝသေ- အလို၌၊ ဝတ္တေတွာ- ဖြစ်စေ၍၊ တတော- ထို့နောက်မှ၊ တေဟိ- ထိုမင်းအပေါင်းတို့သည်၊ ပရိဝုတော- ခြံရံအပ်သည် ဖြစ်၍၊ ဗြဟ္မဝဍ္ဎနနဂရမေဝ- ဗြဟ္မဝဍ္ဎနမြို့သို့သာလျှင်၊ ဂတော- သွားလေပြီ၊ ဧသ (ဧသော) ပန- ထိုနန္ဒပညာရှိရသေ့သည်ကား၊ ရဇ္ဇံ- တိုင်းပြည်အပေါင်းကို၊ ဂဏှန္တော- သိမ်းယူသည် ရှိသော်၊ သတ္တန္နံ သံဝစ္ဆရာနံ- ခုနစ်နှစ်တို့၏၊ ဥပရိ- အထက်၌၊ သတ္တဒိဝသာဓိကေဟိ- ခုနစ်ရက်တို့ဖြင့် ပိုလွန်ကုန်သော၊ သတ္တမာသေဟိ- ခုနစ်လတို့ဖြင့်၊ ဂဏှိ- သိမ်းယူပြီ၊ (ခုနစ်နှစ်၊ ခုနစ်လ၊ ခုနစ်ရက်တို့ဖြင့်သာလျှင်၊ သိမ်းယူ၏ဟူလို) သော- ထိုမနောဇမင်းသည်၊ ဧကေကရာဇဓာနိတော- တစ်ဦး တစ်ဦးသော မင်းနေပြည်မှ၊ နာနပ္ပကာရံ- အထူးထူးအပြားပြားရှိသော၊ ခဇ္ဇဘောဇနံ- ခဲဖွယ်ဘောဇဉ်ကို၊ အာဟာရာပေတွာ- ဆောင်ယူစေ၍၊ ဧကသတရာဇာနော- တစ်ရာ့တစ်ယောက်သော မင်းတို့ကို၊ ဂဟေတွာ- ခေါ်ယူ၍၊ တေဟိ- ထိုမင်းတို့နှင့်၊ သဒ္ဓိံ- တကွ၊ သတ္တာဟံ- ခုနစ်ရက်ပတ်လုံး၊ မဟာပါနံ- မြတ်သော အဖျော်ရည်ကို၊ ပိဝိ- သောက်ပြီ။

## မင်းအားလုံးရ၍ မင်းကြီးကျေးဇူးတင်ခြင်း

နန္ဒပဏ္ဍိတော- နန္ဒပညာရှိရသေ့သည်၊ "ယာဝ- အကြင်မျှလောက်၊ ရာဇာ- မနောဇာမင်းသည်၊ သတ္တာဟံ- ခုနစ်ရက်ပတ်လုံး၊ ဣဿရိယသုခံ- အစိုးရခြင်း မင်း၏ စည်းစိမ်ချမ်းသာကို၊ အနုဘောတိ- ခံစားသေး၏၊ တာဝ- ထိုမျှလောက်၊ အဿ- ထိုမနောဇာမင်းအား၊ အတ္တာနံ- မိမိကိုယ်ကို၊ န ဒဿေဿာမိ- မပြအံ့၊" ဣတိ- ဤသို့ ဥတ္တရကုရုမှ- မြောက်ကျွန်း၌၊ ပိဏ္ဍာယ- ဆွမ်းအလို့ငှာ၊ စရိတွာ- လှည့်လည်၍၊ ဟိမဝန္တေ- ဟိမဝန္တာ၌၊ ကဥ္စနဂုဟာဒွါရေ- ရွှေလိုဏ်ဂူ၏ တံခါး၌၊ သတ္တာဟံ- ခုနစ်ရက်ပတ်လုံး၊ ဝသိ- နေပြီ၊ မနောဇောပိ- မနောဇာမင်းသည် လည်း၊ သတ္တမေ ဒိဝသေ- ခုနစ်ရက်မြောက်သော နေ့၌၊ အတ္တနော- မိမိ၏၊ မဟန္တံ- ကြီးစွာသော၊ သိရိဝိဘဝံ- စည်းစိမ်ချမ်းသာ အသရေ၏ တင့်တယ်ခြင်းကို၊ ဩလောကေတွာ- ကြည့်၍၊ "အယံ ယသော- ဤစည်းစိမ်ကို၊ မယှံ- ငါ၏၊ မာတာပိတူဟိ- မိဘတို့သည်၊ န ဒိန္နော- ပေးအပ်သည် မဟုတ်၊ အညေဟိ- တစ်ပါးကုန်သော သူတို့သည်၊ န ဒိန္နော- ပေးအပ်သည် မဟုတ်၊ နန္ဒတာပသံ- နန္ဒရသေ့ကို၊ နိဿာယ- မှီ၍၊ ဥပ္ပန္နော- ဖြစ်ပြီ၊ ခေါ ပန- စင်စစ်သော်ကား၊ တံ- ထိုနန္ဒပညာရှိကို၊ အပဿန္တဿ- မမြင်ရသော၊ မေ- ငါအား၊ အဇ္ဇ- ယနေ့၊ သတ္တမော ဒိဝသော- ခုနစ်ရက်မြောက်ရှိပြီ၊ မေ- ငါအား၊ ယသဒါယကော- စည်းစိမ်ချမ်းသာကို ပေးသော ရှင်ရသေ့သည်၊ ကဟံ နု ခေါ- အဘယ်မှာနည်း၊" ဣတိ- ဤသို့၊ နန္ဒပဏ္ဍိတံ- နန္ဒပညာရှိရသေ့ကို၊ သရိ- အောက်မေ့ပြီ။ သော- ထိုနန္ဒပညာရှိရသေ့သည်၊ တဿ- ထိုမနောဇာမင်း၏၊ အနုဿရဏဘာဝံ- အောက်မေ့သည်၏အဖြစ်ကို၊ ဉတွာ- သိ၍၊ အာဂန္တွာ- လာ၍၊ ပုရတော- ရှေ့မှ၊ အာကာသေ- ကောင်းကင်၌၊ အဋ္ဌာသိ- ရပ်ပြီ၊ ရာဇာ- မနောဇာ မင်းသည်၊ တံ- ထိုနန္ဒပညာရှိရသေ့ကို၊ ဒိသွာ- မြင်၍၊ "အဟံ- ငါသည်၊ ဣမဿ တာပသဿ- ဤရသေ့၏၊ ဒေဝတာဘာဝံ ဝါ- နတ်၏အဖြစ်ကိုလည်းကောင်း၊ မနုဿဘာဝံ ဝါ- လူ၏အဖြစ်ကိုလည်းကောင်း၊ န ဇာနာမိ- မသိ၊ ဧသ (ဧသော)- ဤရသေ့ သည်၊ မနုဿော- လူသည်၊ သစေ ဘဝေယျ- အကယ်၍ဖြစ်ငြားအံ့၊ သကလ ဇမ္ဗုဒီပရဇ္ဇံ- အလုံးစုံသော ဇမ္ဗူဒိပ်ကျွန်း၌ မင်း၏အဖြစ်ကို၊ ဧတဿေဝ- ထိုရသေ့အားသာလျှင်၊ ဒဿာမိ- ပေးအံ့၊ အထ- ထိုသို့မဟုတ်၊ ဒေဝေါ- နတ်သည်၊

(သစေ ဘဝေယျ- အကယ်၍ဖြစ်အံ့၊) အဿ- ထိုနတ်အား၊ သက္ကာရံ- ပူဇော်သက္ကာရကို၊ ကရိဿာမိ- ပြုအံ့၊” ဣတိ- ဤသို့ စိန္တေသိ- ကြံပြီ၊ သော- ထိုမနောဇာမင်းသည်၊ တံ- ထိုနန္ဒပညာရှိရသေ့ကို၊ ဝိမံသန္တော- စုံစမ်းလိုသည်ဖြစ်၍၊ “ဒေဝတာ နု'သိ ဂန္ဓဗ္ဗော၊ (ပ) ကထံ ဇာနေမု တံ မယ”န္တိ- “ဒေဝတာ နု'သိ ဂန္ဓဗ္ဗော၊ (ပ) ကထံ ဇာနေမု တံ မယံ”ဟူသော၊ ပဌမံ- ရှေးဦးစွာသော၊ ဂါထံ- ဂါထာကို၊ အာဟ- ဆိုပြီ။

၉၂။ ဘော တာပသ- အို ရှင်ရသေ့၊ တွံ- ရှင်ရသေ့သည်၊ ဒေဝတာ- စာတုမဟာရာဇ်နတ်သည်၊ အသိ နု- ဖြစ်သလော၊ ဂန္ဓဗ္ဗော- ဂန္ဓဗ္ဗနတ်သည်၊ အသိ နု- ဖြစ်သလော၊ အဒု- ထိုသို့မဟုတ်မူ၊ ပုရိန္ဒဒေါ- အလှူလက်ဦး ပေးကျူးစွာသော၊ သက္ကော- သိကြားမင်းသည်၊ အသိ နု- ဖြစ်သလော၊ ဣဒ္ဓိမာ- တန်ခိုးကြီးသော၊ မနုဿဘူတော- လူဖြစ်သောသူသည်၊ အသိ နု- ဖြစ်သလော၊ ကထံ- အသို့လျှင်၊ တံ- ရှင်ရသေ့ကို၊ မယံ- ငါတို့သည်။ ဇာနေမု- သိရကုန်အံ့နည်း။

သော- ထိုနန္ဒပညာရှိရသေ့သည်၊ တဿ- ထိုမနောဇာမင်း၏၊ ဝစနံ- စကားကို၊ သုတွာ- ကြား၍၊ သဘာဝမေဝ- ဟုတ်မှန်တိုင်းကိုသာလျှင်၊ ကထေန္တော- ပြောဆိုသည် ဖြစ်၍၊ “နာပိ ဒေဝေါ န ဂန္ဓဗ္ဗော၊ (ပ) ဧဝံ ဇာနာဟိ ဘာရဓာ”တိ- “နာပိ ဒေဝေါ န ဂန္ဓဗ္ဗော၊ (ပ) ဧဝံ ဇာနာဟိ ဘာရဓာ”ဟူသော၊ ဒုတိယံ- နှစ်ခုမြောက်သော၊ ဂါထံ- ဂါထာကို၊ အာဟ- ဆိုပြီ။

[နှာ-၃၃၆] ၉၃။ ဘာရဓ- ပြည်ကြီးဝန်ကို ရွက်ဆောင်တတ်သော မင်းမြတ်၊ အဟံ- ငါသည်၊ ဒေဝေါပိ- စာတုမဟာရာဇ်နတ်သည်လည်း၊ န အမှိ- မဖြစ်၊ ဂန္ဓဗ္ဗောပိ- ဂန္ဓဗ္ဗနတ်သည်လည်း၊ န အမှိ- မဖြစ်၊ ပုရိန္ဒဒေါ- အလှူလက်ဦး ပေးကျူးစွာသော၊ သက္ကောပိ- သိကြားမင်းသည်လည်း၊ န အမှိ- မဖြစ်၊ ဣဒ္ဓိမာ- တန်ခိုးကြီးသော၊ မနုဿဘူတော- လူဖြစ်သောသူတည်း၊ ဧဝံ- ဤသို့၊ ဇာနာဟိ- သိတော်မူလော့။

တတ္ထ- ထို 'နာပိ ဒေဝေါ' စသော ဂါထာ၌၊ ဘာရဓာတိ- ဘာရဓဟူသည်ကား၊ ရဋ္ဌဘာရဓာရိတာယ- တိုင်းပြည်ဝန်ကို ဆောင်တတ်သည်၏ အဖြစ်ကြောင့်၊ နံ- ထိုမင်းကို၊ ဧဝံ- ဤသို့ ဘာရဓဟူ၍၊ အာလပတိ- ခေါ်၏။

တံ- ထိုစကားကို၊ သုတွာ- ကြား၍၊ ရာဇာ- မနောဇမင်းသည်၊ “အယံ- ဤရသေ့သည်၊ မနုဿဘူတော- လူဖြစ်သည်ဖြစ်၍၊ ဝါ- လူစင်စစ်ဖြစ်လျက်၊ မယှံ- ငါ့အား၊ ဧဝံ- ဤသို့၊ ဗဟုပကာရော ကိရ- ကျေးဇူးများလှဘိ၏၊ မဟန္တေန- များမြတ်စွာသော၊ ယသေန- စည်းစိမ်ချမ်းသာဖြင့်၊ နံ- ထိုရသေ့ကို၊ သန္တပ္ပေဿာမိ- ရောင့်ရဲစေအံ့၊” ဣတိ- ဤသို့၊ စိန္တေတွာ- ကြံ၍၊ “ကတရူပမိဒံ ဘောတော (ပ) အနုသာသ ယဒိစ္ဆသိ”တိ- “ကတရူပ မိဒံ ဘောတော (ပ)အနုသာသ ယဒိစ္ဆသိ”ဟူကုန်သော၊ (ဣမာဟိ ဂါထာဟိ- ဤခြောက်ဂါ ထာတို့ဖြင့်) အာဟ- ဆိုပြီ။

၉၄။ ဘော တာပသ- အို ရှင်ရသေ့၊ ဘောတော- အရှင်၏။ ကတရူပံ- ပြုအပ်သောသဘောဟု ဆိုအပ်သော၊ ဣဒံ ဝေယျာဝစ္စံ- ဤကာယဝေယျာဝစ္စသည်၊ အနပ္ပကံ- များစွာ၏၊ ဒေဝမှိ- မိုးသည်လည်း၊ ဝဿမာနမှိ- ရွာလတ်သော်၊ အနောဝဿံ- မိုးမစွတ်အောင်၊ ဘဝံ- အရှင်သည်၊ အကာ- ပြုတော်မူပေပြီ။

၉၅။ ဘော တာပသ- အို ရှင်ရသေ့၊ ဘဝံ- အရှင်ကောင်းသည်၊ တတော- ထို့နောင်မှ၊ ဃောရေ- ကြမ်းကြုတ်စွာသော၊ ဝါတာတပေ- လေနေအပူ၌၊ သီတစ္ဆာယံ- ချမ်းမြေ့သော အရိပ်ကို၊ အကာ- ပြုတော်မူပေပြီ။ တတော- ထို့နောင်မှ၊ အမိတ္တမဇ္ဈေသု- ရန်သူတို့၏ အလယ်တို့၌၊ သရတာဏံ- မြားအရံအတားကို၊ ဘဝံ- အရှင်ကောင်းသည်၊ အကာ- ပြုတော်မူပေပြီ။

၉၆။ တတော- ထို့နောင်မှ၊ ဖီတာနိ- ပွင့်လင်း စည်ပင်ကုန်သော၊ ရဋ္ဌာနိ- တိုင်းကြီးပြည်ကြီးတို့သည်၊ သန္တိ- ရှိကုန်၏၊ ဘဝံ- အရှင်ကောင်းသည်၊ တေ ရဋ္ဌဝါသိနော- ထိုတိုင်းကြီးပြည်ကြီးတို့၌ နေကုန်သော မင်းတို့ကို၊ အမှာကံ- အကျွန်ုပ်တို့၏၊ ဝသိနော- အလိုသို့ လိုက်သည်တို့ကို၊ အကာ- ပြုတော်မူပေပြီ။ တတော- ထို့နောင်မှ၊ ဘဝံ- အရှင်ကောင်းသည်၊ ဧကသတံ ခတ္တေ- တစ်ရာ့တစ်ပါးသော မင်းတို့ကို၊ အနုယန္တေ- အကျွန်ုပ်၏ နောက်လိုက်မင်းတို့ကို၊ အကာ- ပြုတော်မူပေပြီ။

၄၇။ ဘော တာပသ- အို ရှင်ရသေ့၊ ဘောတော- အရှင်မြတ်အား၊ မယံ- အကျွန်ုပ်တို့သည်၊ ပတီတာ- နှစ်သက်ကုန်သည်၊ အဿု- ဖြစ်ကုန်ပြီ၊ တေ- ရှင်ရသေ့အား၊ ဝရံ- ဆုကို၊ ဒဒါမိ- ပေးအံ့၊ ယံ ဘဉ္ဇံ- အကြင် ရတနာကို၊ ကင်္ခသိ- အလိုရှိ၏၊ တံ ဘဉ္ဇံ- ထိုအလိုရှိသော ရတနာကို၊ ဝဒ- မိန့်တော်မူပါလော့၊ ဘောတော- အရှင်ဘုရားအား၊ ဟတ္ထိယာနဉ္စ- ဆင်ယာဉ်ကိုလည်းကောင်း၊ အဿရထဉ္စ- မြင်းကသော ရထားယာဉ် ကိုလည်းကောင်း၊ အလင်္ကတာ- တန်ဆာဆင်အပ်ကုန်သော၊ နာရိယော စ- သတို့သမီးငယ်တို့ကိုလည်းကောင်း၊ ရမ္မာနိ- နှလုံးမွေ့လျော်ဖွယ် ရှိကုန်သော၊ နိဝေသနာနိ စ- အိမ်တို့ကိုလည်းကောင်း၊ မယံ- အကျွန်ုပ်တို့သည်၊ ဒဒါမသေ- ပေးပါကုန်အံ့။

၄၈။ အထ ဝါ- ထိုမှတစ်ပါး။ အင်္ဂေ ဝါ- အင်္ဂတိုင်းကိုလည်းကောင်း၊ မဂဓေဝါ- မဂဓတိုင်းကိုလည်းကောင်း၊ မယံ- အကျွန်ုပ်တို့သည်၊ ဘောတော- အရှင်ဘုရားအား၊ ဒဒါမသေ- ပေးပါကုန်အံ့၊ အထ ဝါ- ထိုမှတစ်ပါး၊ သုမနာ- နှစ်သက်ဖွယ်ရှိကုန်သော၊ အဿကာ'ဝန္တိ- အဿကတိုင်း အဝန္တိတိုင်းတို့ကို၊ တေ- အရှင်ဘုရားအား၊ မယံ- အကျွန်ုပ်တို့သည်။ ဒမ္မ- ပေးပါကုန်အံ့။

၄၉။ ဘော တာပသ- အို ရှင်ရသေ့၊ ဘောတော- အရှင်ဘုရားအား၊ ဥပမုံ ဝါပိ ရဋ္ဌဿ- ထက်ဝက်သော ပြည်ကိုမူလည်း၊ မယံ- အကျွန်ုပ် တို့သည်၊ ဒဒါမသေ- ပေးပါးကုန်အံ့၊ တေ- အရှင်ဘုရားအား၊ ရဋ္ဌေန- ဇမ္ဗူဒိပ်ကျွန်းအလုံး၌ မင်းအဖြစ်ဖြင့်၊ သစေ အတ္ထော- အကယ်၍ အလိုတော်ရှိအံ့၊ ဒဒါမသေ- ပေးပါးကုန်အံ့။ ယံ- အကြင်အရာဝတ္ထုကို၊ ကင်္ခသိ- အလိုရှိ၏၊ တံ- ထိုအလိုရှိသော အရာဝတ္ထု ကို၊ အနုသာသ- ညွှန်ကြားတော်မူပါလော့။

တတ္ထ- ထို 'ကတရူပမိဒံ' စသော ဂါထာတို့၌၊ ကတရူပမိဒန္တိ- ကတရူပမိဒံ ဟူသည်ကား၊ ကတသဘာဝံ- ပြုအပ်သော သဘောဖြစ်သော။ ဝေယျာဝစ္စန္တိ-

ဝေယျာဝစ္စံ ဟူသည်ကား၊[၁] ကာယဝေယျာဝတိကကမ္မံ- ကိုယ်ဖြင့် ကြောင့်ကြစိုက် အပ်သော အမှုသည်၊ ဝါ- ကိုယ်ဖြင့်ပြုအပ်သော အမှုကြီးငယ်သည်။ အနောဝသန္တိ- အနောဝသံဟူသည်ကား၊ အဝသံ- မိုးမစွတ်သည်ကို၊ ယထာ- အကြင် အခြင်းအရာအားဖြင့် ပြုအပ်သည်ရှိသော်၊ ဒေဝေါ- မိုးသည်၊ န ဝဿတိ- မစိုစွတ်၊ တထာ- ထိုအခြင်းအရာအားဖြင့်၊ ကတံ- ပြုအပ်၏၊ ဣတိ- ဤကား၊ အတ္ထော- အနက်တည်း။ သီတစ္ဆာယန္တိ- သီတစ္ဆာယံဟူသည်ကား၊ သီတလံ- အေးချမ်း သော၊ ဆာယံ- အရိပ်ကို။ ဝသိနော တေတိ- ဝသိနော တေဟူသည်ကား၊ တေ

---

၁။ ဝေယျာဝစ္စ- ဗျာဝဋဿ ကမ္မံ ဝေယျာဝစ္စံ-ဟု ဝိဂြိုဟ်ပြု၏၊ ဗျာဝဋ-ပုဒ်နောင် ဏျ-ပစ္စည်း ဆက်၍ ဋျ-ကို စ္စ-ပြု၊ ရှေ့ ဗျာ-ကို ဝေယျာ-ပြု၍ ရုပ်ပြီး၏၊ ဝိ+အာ-ရှေ့ရှိသော ဝဋ-ဓာတ်ဟုလည်းကောင်း၊ ပရ-ဓာတ်ဟုလည်းကောင်း၊ ဝဟ-ဓာတ်ဟု လည်းကောင်း ပုဒ်ပြီးကြံကြသည်။ ဝဋ-ဓာတ်ကြံခြင်းမှာ ဗျာဝဋ-ပုဒ်ကို ကြည့်၍ ကြံခြင်းဖြစ်သည်၊ ၎င်းနှင့်အနက်တူ ဗျာပါရ-ပုဒ် ရှိသေးသည်၊ ၎င်းကို ဝဋ-ဓာတ်ဖြင့် ရုပ်တွက်၍မရနိုင်။ ထို့အပြင် ဝဋ-ဓာတ် ဝေဘန်ခြင်း၊ ထုံးဖွဲ့ခြင်းအနက်ကို ဟောသဖြင့် ကြောင့်ကြစိုက်ခြင်း၊ အားထုတ်ခြင်းအနက်နှင့် အလှမ်းကွာ၍ နေ၏။ ထို့ကြောင့် ဝဟ-ဓာတ်ဟု ကြံခြင်းဖြစ်နိုင်သည်၊ ဝဟ-ဓာတ်ဖြင့် ရုပ်ပြီးရန်မှာလည်း မလွယ်ပေ။ ဝိ+အာ-၌ ဝိ-၏ ဣ-သရကို ယ-ပြု၍ ဗျာ-ဟုသက္ကတ၌ ဖြစ်၏၊ ပါဠိ၌ ဗျာ-ဟု ဖြစ်၏၊ နောက်တစ်နည်းကား- ဝိ-၏ ဣ-သရကို ဧ-ပြု၍ ကြား၌ ယ်-ဗျည်းထည့်ပေးပြီး ဝေယာ-ဟု သက္ကတ၌ ဖြစ်၏၊ ပါဠိ၌ ဝေယျာ-ဟု ရုပ်ဖြစ်၏၊ သက္ကတ၌ ပ်-ဗျည်း(ရိ)သရဖြင့် (Pṛ)- ဓာတ် အားထုတ်ခြင်း အနက်ဟော ရှိ၏၊ တ-ပစ္စည်းဆက်လျှင် (vyāpṛta)- ဟုရုပ်ဖြစ်၏၊ အ-ပစ္စည်းဆက်လျှင် ရှေ့(ရိ)သရကို အာရ-ပြု၍ ဗျာပါရ-ဟု ရုပ်ဖြစ်၏၊ ပြာကတ-၌ ပ်-ဗျည်းနှင့် ဝ်-ဗျည်း အသံအပြောင်းအလဲ ဖြစ်တတ်၏၊ ပူပ-ပူဝ-ဟုလည်းကောင်း၊ အဝဒါန-အပဒါန-ဟုလည်းကောင်း ပြောင်းသည်ကို သိပါ၊ ဤ၌ ပ်-ဗျည်းသည် ဝ်-ဗျည်းသံသို့ ပြောင်း၍ တ်-ဗျည်းကို ဋ-ဟုပြောင်းခြင်းမှာ ပြာကတဝင်ခြင်း ဖြစ်သည်၊ ပါဠိ၌ (ရိ)သရကို အ-သရဖြင့် အစားထိုးလေ့ရှိ၏၊ ထို့ကြောင့် ဗျာဝဋ-ဟုရုပ်ဖြစ်၏၊ တဒ္ဓိတ်ပစ္စည်းဆက်လျှင်ရှေ့ ဗျာ-သည် ဝေယျာ-သို့ ပြောင်းပေးရသည်၊ ဏိက-ပစ္စည်းဆက်၍ ဝေယျာဝတိက-ဟုလည်းကောင်း၊ ဝေယျာဝဋိက-ဟုလည်းကောင်း ရုပ်ဖြစ်နိုင်၏။

ရဋ္ဌဝါသိနော- ထို တိုင်းကြီး ပြည်ကြီးတို့၌ နေကြကုန်သော သူတို့ကို၊ အမှာက်- ငါတို့၏၊ ဝသဝတ္တိနော- အလိုသို့ လိုက်သည်တို့ကို။ ခတ္တေတိ- ခတ္တေဟူသည် ကား၊ ခတ္တိယေ- မင်းတို့ကို၊ အဋ္ဌကထာယံ ပန- အဋ္ဌကထာ၌ကား၊ အယမေဝ- ဤခတ္တိယေသည်ပင်လျှင်၊ ပါဠော- ပါဠ်သည်၊ (ဘဝတိ- ဖြစ်၏)။ ပတီတာ'ဿု မယန္တိ- ပတီတာ'ဿု မယံဟူသည်ကား၊ မယံ- အကျွန်ုပ်တို့သည်၊ တုဋ္ဌာ- နှစ်သက်ကုန်ပြီ။ ဝဒ တံ ဘဥ္စမိစ္ဆသီတိ- ဝဒ တံ ဘဥ္စမိစ္ဆသိ ဟူသော ဤပါဌ်၌၊ ဘဥ္စန္တိ ဧတံ- ဘဥ္စဟူသော ဤအမည်သည်၊ ရတနဿ- ရတနာ၏၊ နာမံ- အမည်တည်း။ တေ- သင့်အား၊ ဝရံ- ဆုကို၊ ဒဒါမိ- ပေး၏၊ ယံ ရတနံ- အကြင် ရတနာကို၊ ဣစ္ဆသိ- အလိုရှိ၏၊ တံ- ထိုရတနာကို၊ ဝဒေဟိ- ပြောလော့၊ ဣတိ- ဤကား၊ အတ္ထော- အနက်တည်း။

"ဟတ္ထိယာန"န္တိအာဒီဟိ- ဟတ္ထိယာနံ အစရှိကုန်သော ပုဒ်တို့ဖြင့်၊ သရူပတော- သရုပ်အားဖြင့်၊ တံ တံ ရတနံ- ထိုထိုရတနာကို၊ [နှာ-၃၃၇] ဒဿေတိ- ပြ၏။ အဿကာ'ဝန္တီတိ- အဿကာ'ဝန္တိဟူသည်ကား၊ အဿကရဋ္ဌံ ဝါ- အဿကတိုင်းကိုလည်းကောင်း၊ အဝန္တိရဋ္ဌံ ဝါ- အဝန္တိတိုင်းကိုလည်းကောင်း။ ရဋ္ဌေနာတိ- ရဋ္ဌေနဟူသည်ကား၊ သစေပိ- အကယ်၍လည်း၊ တေ- သင့်အား၊ သကလဇမ္ဗုဒီပရဋ္ဌေန- အလုံးစုံသော ဇမ္ဗူဒိပ်ကျွန်းကို အစိုးရသော မင်း၏အဖြစ်ဖြင့်၊ အတ္ထော- အလိုရှိအံ့၊ တမ္ပိ- ထိုဇမ္ဗူဒိပ်မင်းအဖြစ်ကိုလည်း၊ တေ- သင့်အား၊ ဒတွာ- ပေး၍၊ အဟံ- ငါသည်၊ ဖလကာဝုဓဟတ္ထော- ဒိုင်းကာ လက်နက် စွဲကိုင်သည်ဖြစ်၍၊ တုမှာကံ- သင်တို့၏၊ ရထဿ- ရထား၏၊ ပုရတော- ရှေ့မှ၊ ဂမိဿာမိ- သွားအံ့၊ ဣတိ- ဤအနက်ကို၊ ဒီပေတိ- ပြ၏။ ယဒိစ္ဆသီတိ- ယဒိစ္ဆသိဟူသည်ကား၊ မယာ- ငါသည်၊ ဝုတ္တပ္ပကာရေသု- ဆိုအပ်ပြီးသော အပြားရှိကုန်သော၊ ဧတေသု- ဤအရာတို့၌၊ ယံ- အကြင်အရာကို၊ ဣစ္ဆသိ- အလိုရှိ၏၊ တံ- ထိုအရာကို၊ အနုသာသ- ပြောကြားလော့၊ အာဏာပေဟိ- စေခိုင်းလော့၊ ဣတိ- ဤကား၊ အတ္ထော- အနက်တည်း။

## အစ်ကိုရသေ့အား ကန်တော့တောင်းပန်

တံ- ထိုစကားကို၊ သုတွာ- ကြား၍၊ နန္ဒပဏ္ဍိတော- နန္ဒပညာရှိသည်၊ အတ္တနော- မိမိ၏၊ အဓိပ္ပါယံ- အလိုကို၊ အာဝိကရောန္တော- ထင်ရှားပြုလို သည်ဖြစ်၍၊

“န မေ အတ္ထောပိ ရဋ္ဌေန၊ (ပ) အတ္ထော မယှံ န ဝိဇ္ဇတီတိ”- “န မေ အတ္ထောပိ ရဋ္ဌေန၊ (ပ) အတ္ထော မယှံ န ဝိဇ္ဇတိ”ဟူသော၊ (ဣမံ ဂါထံ- ဤဂါထာကို၊) အာဟ- ဆိုပြီ။

၁၀၀။ မဟာရာဇ- မြတ်သော မင်းကြီး၊ မေ- ငါ့အား၊ ရဋ္ဌေန- ဇမ္ဗူဒိပ်မင်း အဖြစ်ဖြင့်လည်းကောင်း၊ နဂရေန ဝါ- မြို့ရွာဖြင့်လည်းကောင်း၊ ဓနေန ဝါ- ဥစ္စာဖြင့် လည်းကောင်း၊ န အတ္ထော- အလိုမရှိ၊ အထောပိ- ထိုမှတစ်ပါးလည်း၊ ဇနပဒေန- ဇနပုဒ်ဖြင့်၊ မယှံ- ငါ့အား၊ အတ္ထော- အလိုသည်၊ န ဝိဇ္ဇတိ- မရှိ။

“သစေ တေ မယိ သိနေဟော အတ္ထိ၊ ဧကံ မေ ဝစနံ ကရောဟီ”တိ- “သစေ တေ မယိ သိနေဟော အတ္ထိ၊ ဧကံ မေ ဝစနံ ကရောဟိ”ဟူသော စကားကို၊ ဝတွာ- ဆို၍၊ “ဘောတော ရဋ္ဌေ ဝိဇိတေ၊ (ပ) သောဏ ယာစေမု သံဝရန္တိ- “ဘောတော ရဋ္ဌေ ဝိဇိတေ၊ (ပ) သောဏ ယာစေမု သံဝရံ”ဟူသော၊ ဂါထာဒွယံ- ဂါထာနှစ်ပုဒ်ကို၊ အာဟ- ဆိုပြီ။

၁၀၁။ မယိ- ငါ၌၊ တေ- အရှင်မင်းကြီး၏၊ သိနေဟော- ချစ်ခြင်းသည်၊ သစေ အတ္ထိ- အကယ်၍ရှိပါအံ့၊ မေ- ငါ၏၊ ဧကံ ဝစနံ- တစ်ခွန်းသော စကားကို၊ ကရောဟိ- လိုက်နာပါလော့၊ ဣတိ ဣဒံ ဝစနံ- ဤသို့သော စကားကို၊ ဝတွာ- ဆို၍၊ မဟာရာဇ- မြတ်သောမင်းကြီး၊ ဘောတော- အရှင်မင်းကြီး၏သာလျှင်၊ ဝိဇိတေ- အာဏာတော်နှံ့ရာဖြစ်သော၊ ရဋ္ဌေ- တိုင်းနိုင်ငံတော်၌၊ အရညေ- တောအရပ်၌၊ အဿမော- တစ်ခုသော ကျောင်းသည်၊ အတ္ထိ- ရှိ၏၊ မယှံ- ငါ၏၊ ပိတာ စ- အဖသည်လည်းကောင်း၊ ဇနေတ္တိ စ- အမိသည်လည်းကောင်း၊ ဣတိ- ဤသို့၊ ဥဘော- နှစ်ယောက်ကုန်သော မိဘတို့သည်၊ တသ္မိံ အဿမေ- ထိုကျောင်း၌၊ သမ္မန္တိ- နေကုန်၏။

၁၀၂။ အဟံ- ငါသည်။ တေသု ပုဗ္ဗာစရိယေသု- ထိုလက်ဦးဆရာ ဖြစ်ကုန်သော မိဘတို့၌၊ ပုညံ- ကောင်းမှုကို၊ ကာတဝေ- ပြုခြင်းငှါ၊ န လဘာမိ- မရပါ၊ ဘဝန္တံ- အရှင်မင်းကြီးကို၊ အဇ္ဈာဝရံ ကတွာ- အခြံအရံ

အဖော်သဟဲကို ပြု၍၊ (အဋ္ဌကထာအဖွင့်၊) အဇ္ဈာဝရံ- လွန်ကျူးမိသော အပြစ်ကို၊ (ရှေးနိဿယ၊) သောဏ- ငါ့နောင်တော် သောဏပညာရှိကို၊ အာယတိံ- နောင်အခါ၌၊ သံဝရံ- စောင့်စည်းခြင်းကို၊ ယာစေမု- တောင်းပန်ပါကုန်အံ့။

တတ္ထ- ထို ဘောတော ဝ စသော ဂါထာတို့၌၊ ရဋ္ဌေတိ- ရဋ္ဌေဟူသည်ကား၊ ရဋ္ဌေ- တိုင်းနိုင်ငံ၌။ ဝိဇိတေတိ- ဝိဇိတေဟူသည်ကား၊ အာဏာပဝတ္တိဋ္ဌာနေ- အာဏာပြန့်နှံ့ရာ အရပ်၌။ အဿမေဝါတိ- အဿမေဝါဟူသည်ကား၊ ဟိမဝန္တာရညေ- ဟိမဝန္တာတော၌၊ ဧကော- တစ်ခုသော၊ အဿမေ- သခ်မ်းကျောင်းသည်၊ အတ္ထိ- ရှိ၏။ သမ္မန္တိတိ- သမ္မန္တိဟူသည်ကား၊ တသ္မိံ အဿမေ- ထိုသခ်မ်းကျောင်း၌၊ ဝသန္တိ- နေကုန်၏။ တေသာ'ဟန္တိ- တေသာ'ဟံ ဟူသည်ကား၊ တေသု- ထိုမိဘနှစ်ပါးတို့၌၊ အဟံ- ငါသည်။ ကာတဝေတိ- ကာတဝေဟူသည်ကား၊ ဝတ္တပဋိဝတ္တဖလာဖလာ ဟရဏသင်္ခါတံ- ဝတ်ကြီး ဝတ်ငယ်ပြုခြင်း သစ်သီးကြီး သစ်သီးငယ်ကို ဆောင်ယူခြင်းဟု ဆိုအပ်သော၊ ပုညံ- ကောင်းမှုကို၊ ကာတုံ- ပြုခြင်းငှါ၊ န လဘာမိ- မရ၊ မေ- ငါ၏၊ ဘာတာ- အစ်ကိုဖြစ် သော၊ သောဏပဏ္ဍိတော နာမ- သောဏပဏ္ဍိတမည်သူသည်၊ မမ- ငါ၏၊ ဧကသ္မိံ- တစ်ခုသော၊ အပရာဓေ- အပြစ်ကြောင့်၊ ဣဓ- ဤအရပ်၌၊ မာ ဝသိ- မနေလင့်၊ ဣတိ- ဤသို့၊ မံ- ငါ့ကို၊ ပလာပေသိ- နှင်ထုတ်ခဲ့ပြီ။ အဇ္ဈာဝရန္တိ- အဇ္ဈာဝရံ ဟူသည်ကား၊ အဓိအာဝရံ- အခြံအရံကို၊ တေ မယံ- ထိုငါတို့သည်၊ ဘဝန္တံ- အရှင့်ကို၊ သပရိဝါရံ- အဖော်ကို၊ ကတွာ- ပြု၍၊ သောဏပဏ္ဍိတံ- သောဏပညာရှိကို၊ သံဝရံ- နောင်အခါ၌ စောင့်ထိန်းမှုကို၊ ယာစေမု- တောင်းပန်လိုကုန်၏၊ အာယတိံ- နောင်အခါ၌၊ သံဝရံ- စောင့်စည်းမှုကို၊ ယာစာမ- တောင်းပန်လို၏၊ ဣတိ- ဤကား၊ အတ္ထော- အနက်တည်း။ "ယာစေမိမံ ဝရ"န္တိပိ- ယာစေမိမံ ဝရံ ဟူ၍လည်း၊ ပါဌော- ပါဠ်သည်၊ (ဘဝတိ- ဖြစ်၏၊) မယံ- ငါတို့သည်၊ တယာ- သင်နှင့်၊ သဒ္ဓိံ- အတူ၊ သောဏံ- သောဏပညာရှိကို၊ ယာစေယျာမ- တောင်းပန်လိုကုန်၏၊ ခမာပေယျာမ- သည်းခံစေလိုကုန်၏၊ ဣမံ ဝရံ- ဤဆုကို၊ တဝ- သင်၏၊ သန္တိကာ- အထံမှ၊ ဂဏှာမိ- ယူ၏၊ ဣတိ- ဤကား၊ အတ္ထော- အနက်တည်း။

အထ- ထိုသို့ အလိုကိုပြဆိုသော အခါ၌၊ နံ- ထိုနန္ဒပညာရှိရသေ့ကို၊ ရာဇာ- မနောဇမင်းသည်၊ (ပုစ္ဆန္တော- မေးလျှောက်လိုသည်ဖြစ်၍)၊ "ကရောမိ တေ တံ ဝစနံ၊ (ပ) ကီဝန္တော ဟောန္တု ယာစကာ"တိ- "ကရောမိ တေ တံ ဝစနံ၊ (ပ) ကီဝန္တော ဟောန္တု ယာစကာ"ဟူသော၊ (ဣမံ ဂါထံ- ဤဂါထာကို၊) အာဟ- ဆိုပြီ။

၁၀၃။ ဗြာဟ္မဏ- မကောင်းမှုကို အပပြုပြီးသော ရှင်ရသေ့၊ တွံ- အရှင်ဘုရားသည်၊ ယံ ဝစနံ- အကြင်စကားကို၊ မံ- အကျွန်ုပ်ကို၊ ဘဏသိ- ဆို၏၊ တေ- အရှင်ဘုရား၏၊ တံ ဝစနံ- ထိုစကားကို အဟံ- အကျွန်ုပ်သည်။ ကရောမိ- လိုက်နာပါအံ့၊ နော- အကျွန်ုပ်တို့အား၊ ဧတဥ္စ ခေါ- ထိုအကြောင်းကိုသာလျှင်၊ အက္ခာဟိ- ကြားတော်မူပါလော့၊ ယာစကာ- တောင်းပန်မည့်သူတို့သည်၊ ကီဝန္တော- အဘယ်မျှရှိကုန်သည်၊ ဟောန္တု- ဖြစ်ကုန်သနည်း။

တတ္ထ- ထို ကရောမိ စသော ဂါထာ၌၊ ကရောမီတိ- ကရောမိဟူသည် ကား၊ သကလဇမ္ဗုဒိပရဇ္ဇံ- အလုံးစုံသော ဇမ္ဗူဒိပ်ကျွန်းကို အစိုးရသော မင်း၏ အဖြစ်ကို၊ ဒဒမာနော- ပေးလိုသော၊ အဟံ- ငါသည်၊ ဧတ္တကံ- ဤမျှလောက်ကို၊ ကိံ- အဘယ့်ကြောင့်၊ န ကရိဿာမိ- မပြုနိုင်ပါအံ့နည်း၊ ကရောမိ- ပြုအံ့၊ ဣတိ- ဤသို့ ဝဒတိ- ဆို၏။ ကီဝန္တောတိ- ကီဝန္တောဟူသည်ကား၊ ကိတ္တကာ- အဘယ်မျှရှိကုန်သည်၊ (ဘဝန္တိ- ဖြစ်ကုန်သနည်း)။

နန္ဒပဏ္ဍိတော- နန္ဒပညာရှိရသေ့သည်၊ (အတ္တနော ဝသံ- မိမိ၏ အလိုကို၊ ရညော- မင်းအား၊ အာရောစေန္တော- ပြောကြားလိုသည်ဖြစ်၍)၊ "ပရောသတံ ဇာနပဒါ၊ (ပ) အလံ ဟေဿန္တိ ယာစကာ"တိ- "ပရောသတံ ဇာနပဒါ၊ (ပ) အလံ ဟေဿန္တိ ယာစကာ"ဟူသော၊ (ဣမံ ဂါထံ- ဤဂါထာကို၊) အာဟ- ဆိုပြီ။

၁၀၄။ မဟာရာဇ- မင်းမြတ်၊ ပရောသတံ- တစ်ရာအတိုင်း အရှည်ရှိကုန်သော၊ ဇာနပဒါ- ဇနပုဒ်၌နေကုန်သော၊ မဟာသာလော စ- ဂဟပတိမဟာ သာလတို့သည်လည်းကောင်း၊ ဗြာဟ္မဏာ စ- ဗြာဟ္မဏ မဟာသာလအဖြစ်သို့ ရောက်ကုန်ပြီးသော ပုဏ္ဏားတို့သည် လည်းကောင်း၊ အဘိဇာတာ- မြတ်သောအမျိုး၌ ဖြစ်ကုန်သော၊ ယသဿိနော- များသော

အခြံအရံရှိကုန်သော၊ သဗ္ဗေ- အလုံးစုံ ကုန်သော၊ ဣမေ စ ခတ္တိယာ- ဤမင်းတို့သည်လည်းကောင်း၊ မနောဇော- မနောဇ အမည်ရှိသော၊ ဘဝဒ္ဓ ရာဇာ- အရှင်မင်းကြီးသည်လည်းကောင်း၊ ယာစကာ- ငါ၏အကျိုးငှါ နောင်တော် သောဏပညာရှိအား တောင်းပန်မည့်သူတို့သည်၊ အလံ- စွမ်းနိုင်ကုန်သည်၊ ဟေဿန္တိ- ဖြစ်ကုန်လတ္တံ့။

ကတ္ထ- ထို 'ပရောသတံ' စသော ဂါထာ၌၊ ဇာနပဒါတိ- ဇာနပဒါဟူသည် ကား၊ ဟာပဟီ- အိမ်၌နေသူတည်း။ မဟာသာလာ စ ဗြာဟ္မဏာတိ- မဟာသာလာ စ ဗြာဟ္မဏာဟူသည်ကား၊ သာရပ္ပတ္တာ- မြတ်သည်၏အဖြစ်သို့ ရောက်ကုန်သော ဗြာဟ္မဏာ စ- ဗြာဟ္မဏတို့သည်လည်း၊ ပရောသတာယေဝ- အရာမက သည်သာလျှင်ဖြစ်ကုန်သော။ အလံ ဟေဿန္တီတိ- အလံ ဟေဿန္တိ ဟူသည်ကား၊ ပရိယတ္တာ- စွမ်းနိုင်ကုန်သည်၊ ဘဝိဿန္တိ- ဖြစ်ကုန်လတ္တံ့။ ယာစကာတိ- ယာစကာဟူသည်ကား၊ မမတ္ထာယ- ကျွန်ုပ်၏အကျိုးငှါ၊ သောဏ ပဏ္ဍိတဿ- သောဏပညာရှိအား၊ ခမာပကာ- တောင်းပန်တတ်ကုန်သော သူတို့သည်။

မင်းအပေါင်း သွားကြပုံ

[နှာ-၃၃၈] အထ- ထိုအခါ၌၊ ရာဇာ- မနောဇမင်းသည်၊ နံ- ထိုရသေ့ ကျောင်းသို့ သွားအံ့သော အစီအရင်ကို (ပဟိဏန္တော- စေလွှတ်တော်မူ လိုသည်ဖြစ်၍)၊ "ဟတ္ထီ အဿေစ ယောဇေန္တု (ပ) ယတ္ထ သမ္မတိ ကောသိယော"တိ- "ဟတ္ထီ အဿေ စ ယောဇေန္တု (ပ) ယတ္ထ သမ္မတိ ကောသိယော"ဟူသော၊ (ဣမံ ဂါထံ- ဤဂါထာကို) အာဟ- ဆိုပြီ။

၁၀၅။ ဘောန္တော အမစ္စာ- အို အမတ်အပေါင်းတို့၊ ဟတ္ထီအဿေ စ- ဆင်မြင်းတို့ကိုလည်း၊ ယောဇေန္တု- ကလေကုန်၊ သာရထိ- ရထားထိန်း၊ ရထံ- ရထားကို၊ သန္နယှ- ကလေလော့၊ အာဗန္ဓနာနိ- ဆင်မြင်းရထားတို့၌ ဖွဲ့ချည်သော ကြိုးစသည်တို့ကို၊ ဂဏှာထ- ယူခဲ့ကုန်၊ ပါဒါသု- ရထားဦးတို့၌၊ ဓဇေ- တံခွန်တို့ကို၊ ဉဿာရယ- ဆောင်ကြလေကုန်၊ ယတ္ထ- အကြင်ကျောင်း၌၊ ကောသိယော- ကောသိယအနွယ်ဖြစ်သော

ရှင်ရသေ့သည်၊ သမ္မတိ- နေ၏၊ တံ အသမံ- ထိုကျောင်းသို့ ဂမိဿာမ- သွားကြကုန်အံ့။

တတ္ထ- ထို ဟတ္ထိစသော ဂါထာ၌၊ ယောဓေန္တူတိ- ယောဓေန္တုဟူသည် ကား၊ ဟတ္ထာရောဟာ- ဆင်စီးသူရဲတို့သည်၊ ဟတ္ထိ- ဆင်တို့ကို၊ (ကပ္ပေန္တု- က ကုန်လော့၊) အဿာရောဟာ စ- မြင်းစီးသူရဲတို့သည်လည်း၊ အဿေ- မြင်းတို့ကို၊ ကပ္ပေန္တု- ကကုန်လော့။ ရထံ သန္နယှ သာရထီတိ- ရထံ သန္နယှ သာရထိ ဟူသည်ကား၊ သမ္မ သာရထိ- အဆွေရထားထိန်း၊ တွမ်- သင်သည်လည်း၊ ရထံ- ရထားကို၊ သန္နယှ- ကလော့။ အာဗန္ဓနာနီတိ- အာဗန္ဓနာနိဟူသည်ကား၊ ဟတ္ထိအဿရထေသု- ဆင် မြင်း ရထားတို့၌၊ အာဗန္ဓိ တဗ္ဗာနိ- တပ်ဆင်အပ်ကုန်သော၊ ဘဏ္ဍာနိ စ- အဆောက်အဦးတို့ကိုလည်း၊ ဂဏှထ- ယူကြကုန်လော့။ ပါဒါသု'ဿာရယဒ္ဓဇေတိ- ပါဒါသု'ဿာရယ ဒ္ဓဇေဟူသည်ကား၊ ရထေ- ရထား၌၊ ဌပိတဓဇပါဒါသု- ထားအပ်သော အလံတံခွန်၏ ခြေတို့၌၊ ဓဇေ- အလံတံခွန်တို့ကို၊ ဥဿာရယန္တု- စိုက်ထူကုန်လော့၊ ဥဿာပေန္တု- စိုက်ထူကုန်လော့။ ကောသိယောတိ- ကောသိယောဟူသည်ကား၊ ယသ္မိံ အဿမေ- အကြင်သခ်မ်းကျောင်း၌၊ ကောသိယ ဂေါတ္တော- ကောသိယအနွယ် ဖြစ်သော ရသေ့သည်၊ ဝသတိ- နေ၏၊ ဣတိ- ဤကား၊ အတ္ထော- အနက်တည်း။

"တတော စ ရာဇာ ပါယာသိ၊ (ပ) ယတ္ထ သမ္မတိ ကောသိယော"တိ- "တတော စ ရာဇာ ပါယာသိ၊ (ပ) ယတ္ထ သမ္မတိ ကောသိယော"ဟူသော၊ အယံ- ဤဂါထာသည်၊ အဘိသမ္ဗုဒ္ဓဂါထာ- သစ္စာလေးပါးသိတော်မူပြီး၍ ဟောကြားတော်မူအပ်သောဂါထာတည်း။

၁၀၆။ ဘိက္ခဝေ- ရဟန်းတို့၊ တတော- ထိုသို့စေပြီးသောနောက်မှ၊ ရာဇာ- မနောဇမင်းသည်၊ စတုရင်္ဂိနီ- လေးပါးသော အင်္ဂါရှိသော၊ သေနာယ- စစ်သည်ဖြင့်၊ ပရိဗုတော- ခြံရံလျက်၊ ပါယာသိ- သွားလေပြီ၊ ယတ္ထ- အကြင် ကျောင်း၌၊ ကောသိယော- ကောသိယအနွယ်ဖြစ်သော ရှင်ရသေ့သည်၊ သမ္မတိ- နေ၏၊ ရမ္မံ- နှလုံးမွေ့လျော်ဖွယ်ရှိသော။ တံ - အဿမံ- ထိုကျောင်းသို့ အဂမာ- သွားလေပြီ။

တတ္ထ- ထို 'တတော စ' စသော ဂါထာတို့၌၊ တတော စာတိ- တတော စ ဟူသည်ကား၊ ဘိက္ခဝေ- ရဟန်းတို့ ဇဝံ- ဤသို့ ဝတွာ- ဆိုပြီး၍၊ တတော- ထိုနေ့ာင်မှ သော ရာဇာ- ထိုမင်းသည်၊ ဧကသတခတ္တိယေ- တစ်ရာ့တစ်ပါး သော မင်းတို့ကို၊ ဂဟေတွာ- ခေါ်ယူ၍၊ မဟတိယာ- ကြီးစွာသော၊ သေနာယ- စစ်တပ်ဖြင့်၊ ပရိဝုတော- ခြံရံလျက်၊ နန္ဒပဏ္ဍိတံ- နန္ဒပညာရှိကို၊ ပုရတော- ရှေ့၌၊ ကတွာ- ပြု၍၊ နဂရာ- မြို့မှ၊ နိက္ခမိ- ထွက်ပြီ။ စတုရင်္ဂိနီတိ- စတုရင်္ဂိနီဟူသည်ကား၊ စတုရင်္ဂိနိယာ- အင်္ဂါလေးပါးရှိသော၊ သေနာယ- စစ်တပ်ဖြင့်၊ အဂမာသိ- သွားခဲ့ပြီ၊ အန္တရမဂ္ဂေ- လမ်းခရီးအကြား၌၊ ဝတ္တမာနေပိ- ဖြစ်ပါသော်လည်း၊ အဝသံ- မချွတ်၊ ဂါမိတာယ- ရောက်အပ်သည်၏ အဖြစ်ကြောင့်၊ ဇဝံ- ဤသို့ အဂမာသိ ဟူ၍၊ ဝုတ္တော- ဆိုအပ်ပြီ။ စတုဝီသတိ အက္ခောဘဏိသင်္ခါတေန- နှစ်ဆယ့်လေးပါး သော အက္ခောဘဏီဟု ဆိုအပ်သော၊ ဗလကာယေန- စစ်တပ်အပေါင်းနှင့်၊ သဒ္ဓိံ- အတူ၊ မဂ္ဂံ- ခရီးသို့၊ ပဋိပန္နဿ- သွားသော၊ တဿ- ထိုမင်းအတွက်၊ နန္ဒပဏ္ဍိတော- နန္ဒပညာရှိသည်၊ ကဒ္ဓိနုဘာဝေန- တန်ခိုးအာနုဘော်ဖြင့်၊ အဋ္ဌသဘဝိတ္ထတံ- ရှစ်ဥသဘကျယ်သော၊ မဂ္ဂံ- လမ်းကို၊ သမံ- အညီအမျှ၊ မာပေတွာ- ဖန်ဆင်း၍၊ အာကာသေ- ကောင်းကင်၌၊ စမ္မခဏ္ဍံ- စမ္မခဏ်းကို၊ ဝါ- သားရေပိုင်းကို၊ ပတ္ထရိတွာ- ဖြန့်၍၊ တတ္ထ- ထိုစမ္မခဏ်း၌၊ ပလ္လင်္ကေန- ထက်ဝယ် ဖွဲ့ခွေနေခြင်းဖြင့်၊ နိသီဒိတွာ- ထိုင်၍၊ သေနာယ- စစ်တပ်ဖြင့်၊ ပရိဝုတော- ခြံရံလျက်၊ အလင်္ကတ ဟတ္ထိက္ခန္ဓေ- တန်ဆာဆင်အပ်သော ဆင်ကျောက်ကုန်း၌၊ နိသီဒိတွာ- ထိုင်၍၊ ဂစ္ဆန္တေန- သွားသော၊ ရညာ- မင်းနှင့်၊ သဒ္ဓိံ- အတူ၊ ဓမ္မယုတ္တကထံ- တရားနှင့် ယှဉ်သော စကားကို၊ ကထေန္တော- ပြောဆိုလျက်၊ သီတဥဏှာဒိပရိဿယေ- အအေး အပူ အစရှိသော ဘေးရန်တို့ကို၊ ဝါရေန္တော- တားမြစ်လျက်၊ အဂမာသိ- သွားခဲ့ပြီ။

အထ- ထိုအခါ၌၊ အဿ- ထိုနန္ဒပညာရှိရသေ့၏၊ အဿမံ- သင်္ခမ်း ကျောင်းသို့ ပါပုဏနဒိဝသေ- ရောက်အံ့သော နေ့၌၊ သောဏပဏ္ဍိတော- သောဏပညာရှိ ရသေ့သည်၊ "(က္ကတော- ဤအရပ်မှ) နိက္ခန္တဿ- ထွက်သွားလေသော၊ မမ- ငါ၏၊ ကနိဋ္ဌဿ- ညီနန္ဒအား၊ အတိရေက သတ္တမာသ သတ္တဒိဝသာဓိကာနိ- ခုနစ်လ, ခုနစ်ရက် ကျော်လွန်ကုန်သော၊ သတ္တဝဿာနိ- ခုနစ်နှစ်တို့သည်၊ (အဟေသုံ- ရှိကုန်ပြီ)" က္ကတိ- ဤသို့ အာဝဇ္ဇေတွာ- ဆင်ခြင်တော် မူ၍၊ "ဧတရဟိ- ယခုအခါ၌၊

သော- ထိုညီနန္ဒရသေ့သည်၊ ကဟံ နု ခေါ- အဘယ်မှာနည်း၊" က္ကတိ- ဤသို့၊ ဒိဗ္ဗေန- နတ်၌ဖြစ်သော၊ စက္ခုနာ- မျက်စိဖြင့်၊ ဩလောကေန္တော- ကြည့်တော်မူလတ်သော်၊ စတုဝီသတိ အက္ခောဘဏီ ပရိဝါရေန- နှစ်ဆယ်လေးအက္ခောဘိဏီအခြံအရံရှိသော စစ်သည်နှင့်၊ သဒ္ဓိံ- တကွ၊ ဧကသတရာဇာနော- တစ်ရာ့တစ်ပါးသော မင်းတို့ကို၊ ဂဟေတွာ- ခေါ်ယူ၍၊ မမဉ္စေဝ- ငါကိုသာလျှင်၊ ခမာပေတုံ- သည်းခံစေခြင်းငှာ၊ (ကန်တော့ခြင်းငှာ၊) အာဂစ္ဆတိ- လာ၏၊" က္ကတိ- ဤသို့ ဒိသွာ- မြင်၍၊ စိန္တေသိ- ကြံတော်မူပြီ၊ (ကိံ စိန္တေသိ- နည်း၊) "က္ကမေဟိ ရာဇူဟိ စေဝ- ဤတစ်ရာ့တစ်ပါးသော မင်းတို့သည်လည်းကောင်း၊ ပရိသာဟိ စ- နှစ်ဆယ့်လေးအက္ခောဘိဏီ အရေအတွက် ရှိသော ပရိသတ်တို့သည်လည်းကောင်း၊ မမ- ငါ၏၊ ကနိဋ္ဌဿ- ညီနန္ဒ ရသေ့၏၊ ဗဟူနိ- များစွာကုန်သော၊ ပါဋိဟာရိယာနိ- တန်ခိုး ပြာဋိဟာတို့ကို၊ ဒိဋ္ဌာနိ- မြင်အပ်ကုန်ပြီ၊ မမ- ငါ၏၊ အာနုဘာဝံ- အာနုဘော်ကို၊ အဇာနိတွာ- မသိခြင်းကြောင့်၊ 'အယံ ကူဋဇဋိလော- ဤရသေ့စဉ်းလဲသည်၊ အတ္တနော- မိမိ၏၊ ပမာဏံ- အတိုင်းအရှည်ကို၊ န ဇာနာတိ- မသိ၊ အမှာကံ- ငါတို့၏၊ အယျေန- အရှင်နှင့်၊ သဒ္ဓိံ- တကွ၊ ပယောဇေသိ- ယှဉ်ဘိ၏တကား၊' က္ကတိ- ဤသို့၊ မံ- ငါကို၊ ဝမ္ဘေန္တာ- ကဲ့ရဲ့ကုန်သည်၊ ကထေန္တာ- ပြောဆိုကုန်သည်၊ ဟုတွာ- ဖြစ်၍၊ အဝီစိပရာယဏာ- အဝီစိငရဲသို့ ရောက်ရကုန်သည်၊ ဝါ- အဝီစိငရဲလျှင် လဲလျောင်းရာရှိကုန်သည်၊ ဘဝေယျုံ- ဖြစ်ကုန်ရာ၏၊ နေသံ- ထိုသူတို့အား၊ က္ကဒ္ဓိပါဋိဟာရိယံ- တန်ခိုး ပြာဋိဟာကို၊ ဒဿေဿာမိ- ငါပြအံ့၊" က္ကတိ- ဤသို့၊ စိန္တေသိ- ကြံတော်မူပြီ၊ သော- ထိုသောဏပညာရှိရသေ့သည်၊ စတုရင်္ဂုလမတ္တေန- လေးလက်သစ် အတိုင်းအရှည် ရှိသော ပမာဏဖြင့်၊ အံသံ- ပခုံးကို၊ အဖုသန္တံ- မတွေ့ထိစေဘဲ၊ အာကာသေ- ကောင်းကင်၌၊ ကာဇံ- ထမ်းပိုးကို၊ ဌပေတွာ- ထား၍၊ အနောတတ္တတော- အနောတတ်အိုင်မှ၊ ဥဒကံ- ရေကို၊ အာဟရိတုံ- ဆောင်ယူခြင်းငှာ၊ ရညော- အနောဇာမင်း၏၊ အဝိဒူရေ- မနီးမဝေးသော အရပ်၌၊ အာကာသေန- ကောင်းကင် ဖြင့်၊ ပါယာသိ- သွားလေ ပြီ၊ နန္ဒပဏ္ဍိတော- နန္ဒပညာရှိရသေ့သည်၊ တံ- ထိုနောင်တော် သောဏပညာရှိ ကို၊ အာဂစ္ဆန္တံ- လာသည်ကို၊ ဒိသွာ- မြင်၍၊ အတ္တာနံ- မိမိကိုယ်ကို၊ ဒဿေတုံ- ပြခြင်းငှာ၊ အဝိသဟန္တော- မဝံ့သည်ဖြစ်၍၊ နိသိန္နဋ္ဌာနေ ယေဝ- ထိုင်နေရာ အရပ်၌ပင်လျှင်၊

အန္တရဓာယိတွာ- ကွယ်ပျောက်၍၊ ပလာယိတွာ- ပြေးသည် ဖြစ်၍၊ ဟိမဝန္တံ- ဟိမဝန္တာသို့၊ ပါဝိသိ- ဝင်လေပြီ၊ မနောဇရာဇာ ပန- မနောဇမင်း သည်ကား၊ ရမဏီယေန- နှစ်သက်ဖွယ်ရှိသော၊ ဣသိဝေသေန- ရသေ့အသွင်ဖြင့်၊ တထာ အာဂစ္ဆန္တံ- ထို့သို့ ကြွလာသော၊ တံ- ထို သောဏ ပညာရှိရသေ့ကို၊ ဒိသွာ- မြင်၍၊ (ကာရဏံ- အကြောင်းကို၊ ပုစ္ဆန္တော- မေးလျှောက် လိုသည်ဖြစ်၍)၊ "ကဿ ကာဒမ္ဗယော ကာဇော ။ပ။ ဥဒဟာရာယ ဂစ္ဆတော"တိ- "ကဿ ကာဒမ္ဗယော ကာဇော ။ပ။ ဥဒဟာရာယ ဂစ္ဆတော"ဟူသော၊ ဂါထံ- ဂါထာကို၊ အာဟ- ဆိုပြီ။

မနောဇမင်း အံ့ဩခြင်း

၁၀၇။ ဘော တာပသ- အို ရှင်ရသေ့၊ ဥဒဟာရာယ- ရေခပ်အံ့ သောငှါ၊ ဂစ္ဆတော- သွားသော အရှင်ဘုရား၏၊ ကာဒမ္ဗယော- ထိန်သားဖြင့် ပြုလုပ်ထားသော၊ ကာဇော- ထမ်းပိုးသည်၊ အံသံ- ပခုံးစွန်းကို၊ အသမ္ဖုသံ- မထိမူ၍၊ ဝေဟာသံ- ကောင်းကင်၌၊ ဧတိ- အလိုလိုလာ၏၊ ဧသော ကာဇော- ထိုထမ်းပိုးသည်၊ ကဿ- အဘယ်သူ၏၊ ကာဇော- ထမ်းပိုးနည်း။

[နှာ-၃၃၉] တတ္ထ- ထို 'ကဿ' စသော ဂါထာ၌၊ ကာဒမ္ဗယောတိ- ကာဒမ္ဗယော ဟူသည်ကား၊ ကဒမ္ဗရုက္ခမယော- ထိန်သားဖြင့် ပြုလုပ်ထားသော။ အံသံ အသမ္ဖုသံ ဧတီတိ- အံသံ အသမ္ဖုသံ ဧတိဟူသည်ကား၊ အံသံ- ပခုံးကို၊ အသမ္ဖုသန္တော- မထိမူ၍၊ သယမေဝ- အလိုလိုသာလျှင်၊ အာဂစ္ဆတိ- လာ၏။ ဥဒဟာရာယာတိ- ဥဒဟာရာယဟူသည်ကား၊ ဥဒကံ- ရေကို၊ အာဟရိတုံ- ဆောင်ယူခြင်းငှါ၊ ဂစ္ဆန္တဿ- သွားသော၊ ကဿ- အဘယ်သူ၏၊ ဧသ ကာဇော- ထိုထမ်းပိုးသည်၊ ဧဝံ- ဤသို့၊ ဧတိ- လာသနည်း၊ တွံ- သင်သည်၊ ကော နာမ- အဘယ်အမည်ရှိသူနည်း၊ ကုတော ဝါ- အဘယ်အရပ်မှလည်း၊ အာဂစ္ဆသိ- လာသနည်း၊ ဣတိ- ဤကား၊ အတ္ထော- အနက်တည်း။

ဧဝံ- ဤသို့ ဝုတ္တေ- မနောဇမင်းသည် မေးလျှောက်အပ်သော်၊ မဟာ သတ္တော- ဘုရားလောင်း သောဏပညာရှိရသေ့သည်၊ (ကာရဏံ- အကြောင်းကို၊ ပဋိကထေန္တော- ပြန်ပြောတော်မူလိုသည်ဖြစ်၍)၊ "အဟံ သောဏော မဟာရာဇ၊ (ပ) ပုဗ္ဗေ ကတမနုဿရ"န္တိ- "အဟံ သောဏော မဟာရာဇ၊ (ပ) ပုဗ္ဗေ

ကတမနုသ်ရဲ"ဟူသော၊ ဂါထာဒွယံ- ဂါထာနှစ်ခုတို့၏ အပေါင်းကို၊ အာဟ- ဆိုတော်မူပြီ။

၁၀၈။ မဟာရာဇ- မင်းမြတ်၊ အဟံ- ငါသည်၊ သဟိတဗ္ဗတော- သီလကျေးဇူးနှင့်ပြည့်စုံသော၊ သောဏော- သောဏအမည်ရှိသော၊ တာပသော- ရသေ့တည်း၊ အတန္ဒိတော- မပျင်းမရိသည်ဖြစ်၍၊ ရတ္တိန္ဒိဝံ- နေ့ညဉ့်ပတ်လုံး၊ မာတာပိတရော- အမိအဖတို့ကို၊ ဘရာမိ- မွေးမြူ၏။

၁၀၉။ ဒိသမ္ပတိ- အရပ်မျက်နှာအရှင်ဖြစ်တော်မူသော မင်းမြတ်၊ ပုဗ္ဗေ- ရှေးငယ်စဉ်ကာလ၌၊ ကတံ- ပြုအပ်ဖူးသော ကျေးဇူးကို၊ အနုဿရံ အနုဿရန္တော- အစဉ်အောက်မေ့လျက်၊ ဝနေ- တော၌၊ ဖလဥ္စ- သစ်သီးကြီးငယ်ကိုလည်းကောင်း၊ မူလဥ္စ- သစ်မြစ်သစ်ဉကိုလည်းကောင်း၊ အာဟရိတွာ- ဆောင်ယူ၍၊ မာတာပိတရော- အမိအဖတို့ကို၊ ပေါသေမိ- ကျွေးမွေး၏။

တတ္ထ- ထို 'အဟံ' စသော ဂါထာတို့၌၊ သဟိတဗ္ဗတောတိ- သဟိတဗ္ဗတော ဟူသည်ကား၊ အဟံ- ငါသည်၊ သဟိတဝတော- အကျိုးစီးပွား ရှိသော၊ သီလာစာရသမ္ပန္နော- သီလအကျင့်နှင့်ပြည့်စုံသော၊ ဧကော- တစ်ယောက်သော၊ တာပသော- ရသေ့တည်း၊ ဣတိ- ဤသို့၊ ဝဒတိ- ဆို၏။ ဘရာမီတိ- ဘရာမိ ဟူသည်ကား၊ ပေါသေမိ- မွေးမြူ၏။ အတန္ဒိတောတိ- အတန္ဒိတောဟူသည်ကား၊ အနလသော- မပျင်းရိသည်၊ ဟုတွာ- ဖြစ်၍။ ပုဗ္ဗေ ကတမနုဿရန္တိ- ပုဗ္ဗေ ကတမနုဿရံ ဟူသည်ကား၊ တေဟိ- ထိုမိဘ နှစ်ပါးတို့သည်၊ ပုဗ္ဗေ- ရှေး၌၊ မယှံ- ငါ့အတွက်၊ ကတံ- ပြုအပ်သော၊ ဂုဏံ- ဂုဏ်ကျေးဇူးကို၊ အနုဿရန္တော- အမှတ်ရသည်ဖြစ်၍၊ ဣတိ- ဤကား၊ အတ္ထော- အနက်တည်း။

တံ- ထိုစကားကို၊ သုတွာ- ကြား၍၊ ရာဇာ- မနောဇမင်းသည်၊ တေန- ထိုသောဏပညာရှိရသေ့နှင့်၊ သဒ္ဓိံ- တကွ၊ ဝိဿာသံ- အကျွမ်းဝင်ခြင်းကို၊ ကတ္တုကာမော- ပြုခြင်းငှာ အလိုရှိသည်ဖြစ်၍၊ "ဣစ္ဆာမ အဿမံ ဂန္တုံ (ပ) ယေန ဂစ္ဆေမု အဿမ"န္တိ- "ဣစ္ဆာမ အဿမံ ဂန္တုံ (ပ) ယေန ဂစ္ဆေမု အဿမံ"ဟူသော၊ အနန္တရံ- အခြားမဲ့ဖြစ်သော၊ ဂါထံ- ဂါထာကို၊ အာဟ- ဆိုပြီ။

၁၁၀။ သောဏ- သောဏအမည်ရှိသော အရှင်ဘုရား၊ ယတ္ထ- အကြင်ကျောင်း၌၊ ကောသိယော- ကောသိယအနွယ်ဖြစ်သော အရှင်ဘုရားသည်၊ သမ္မတိ- နေတော်မူ၏၊ တံ အဿမံ- ထိုကျောင်းသို့၊ ဂန္တုံ- သွားခြင်းငှါ၊ မယံ- အကျွန်ုပ်တို့သည်၊ ကာမ- အလိုရှိပါကုန်၏၊ နော- အကျွန်ုပ်တို့အား၊ မဂ္ဂံ- ခရီးကို၊ အက္ခာဟိ- ကြားတော်မူပါလော့၊ ယေန- အကြင်အရပ်၌၊ အဿမော- အရှင်ဘုရားကျောင်းတော်သည်၊ အတ္ထိ- ရှိ၏၊ တံ အဿမံ- ထိုအရှင်ဘုရား ကျောင်းတော်သို့၊ ဂစ္ဆေမု- သွားကြပါကုန်အံ့။

[နှာ-၃၄၀] တတ္ထ- ထို'ကာမ အဿမံ' အစရှိသော ဂါထာ၌၊ အဿမန္တိ- အဿမံ ဟူသည်ကား၊ တုမှာကံ- အရှင်ဘုရားတို့၏၊ အဿမပဒံ- ကျောင်းသခ်မ်း နေရာသို့၊ (ဂန္တုံ ဂစ္ဆေမု- တို့၌စပ်)

သောဏပညာရှိရသေ့ လမ်းညွှန်ပြ

အထ- ထိုအခါ၌၊ မဟာသတ္တော- ဘုရားလောင်း သောဏရှင်ရသေ့ သည်၊ အတ္တနော- မိမိ၏၊ အာနုဘာဝေန- အာနုဘော်တန်ခိုးဖြင့်၊ အဿမပဒဂါမိမဂ္ဂံ- တောကျောင်းသို့ သွားသော လမ်းခရီးကို၊ မာပေတွာ- ဖန်ဆင်း၍၊ (တဿ- ထိုမနောဇာမင်းအား၊ အဿမပဒဂါမိမဂ္ဂံ- ကို၊ အာရောစေန္တော- ပြောကြား တော်မူလိုသည် ဖြစ်၍)၊ "အယံ ဧကပဒီ ရာဇ ။ပ။ ဧတ္ထ သမ္မတိ ကောသိယော"တိ- "အယံ ဧကပဒီ ရာဇ ။ပ။ ဧတ္ထ သမ္မတိ ကောသိယော"-ဟူသော၊ ဂါထံ- ဂါထာကို၊ အာဟ- ဆိုတော်မူပြီ။

၁၁၁။ ရထေသဘ- ရထားစီးချင်း မင်းတကာတို့ထက် မြတ်တော် မူသော၊ ရာဇ- မင်းမြတ်၊ ဧကပဒီ- တစ်ယောက်သွားလောက်ရုံမျှဖြစ်သော၊ အယံ- ဤ ခြေကြောင်းခရီးသည်၊ အတ္ထိ- ရှိ၏။ ဣမိနာ- ဤခြေကြောင်း ခရီးဖြင့်၊ ဂစ္ဆထ- သွားလေကုန်၏။ ယေန- အကြင်အရပ်မျက်နှာအဖို့ဖြင့်၊ မေဃသန္နိဘာ- တိမ်အဆင်းနှင့် တူသော၊ ကောဝိဠာရေဟိ- ပင်လယ် ကသစ်ပွင့်တို့ဖြင့်၊ သဉ္ဆန္နံ- ကောင်းစွာ ဖုံးလွှမ်းအပ် သော၊ ဧတံ ဝနံ-

ဤတောသည်၊ ဒိဿတိ- ထင်၏၊ ဧတ္ထ- ဤတောအရပ်၌၊ ကောသိယော- ကောသိယအနွယ်ဖြစ်သော ရှင်ရသေ့သည်၊ သမ္မတိ- နေ၏။

တဿ- ထို 'အယံ' စသော ဂါထာ၏၊ အတ္ထော- အနက်ကို၊ (ဧဝံ- ဤသို့၊ ဝေဒိတဗ္ဗော- သိအပ်၏၊) မဟာရာဇ- မြတ်သောမင်းကြီး၊ ဧကပဒိကော- တစ်ယောက် သွားလောက်ရုံမျှသာဖြစ်သော၊ အယံ ဇင်္ဃမဂ္ဂေါ- ဤခြေဖြင့်သွား အပ်သော လမ်းသည်၊ (အတ္ထိ- ရှိ၏၊) ဣမိနာ- ဤလမ်းဖြင့်၊ ဂစ္ဆထ- သွားကြကုန်လော့၊ ယေန- ဒိသာဘာဂေန- အကြင်အရပ်အဖို့ဖြင့်၊ မေဃဝဏ္ဏံ- မိုးတိမ်အဆင်းရှိသော၊ သုပုပ္ဖိတကောဝိဠာရသဉ္ဆန္နံ- ကောင်းစွာပွင့်သော ပင်လယ်ကသစ်ပန်းတို့ဖြင့် ဖုံးလွှမ်းသော၊ ဧတံ ဝနံ- ဤတောအုပ်သည်၊ ဒိဿတိ- ထင်၏၊ ဧတ္ထ- ဤတောအုပ်၌၊ မမ- ငါ၏၊ ကောသိယ ဂေါတ္တော- ကောသိယ အနွယ်ဖြစ်သော၊ ပိတာ- အဖသည်၊ ဝသတိ- နေ၏၊ သော အဿမော- ထိုသင်္ခမ်းကျောင်းသည်၊ ဧတဿ- ထို ကောသိယအနွယ်ဖြစ်သော အဖ၏၊ (အဿမော- သင်္ခမ်းကျောင်းတည်း၊) ဣတိ- ဤကား၊ အတ္ထော- အနက်တည်း။

"ဣဒံ ဝတွာန ပက္ကာမိ ။ပ။ သဒ္ဒါရမ္မိ ဥပါဝိသိ"တိ- "ဣဒံ ဝတွာန ပက္ကာမိ ။ပ။ သဒ္ဒါရမ္မိ ဥပါဝိသိ"ဟူကုန်သော၊ ဣမာ- ဤဂါထာတို့သည်၊ အဘိသမ္ဗုဒ္ဓဂါထာ- ဘုရားဖြစ်ပြီး၍ဟောကြားတော်မူအပ်သော ဂါထာတို့တည်း။

၁၁၂။ ဘိက္ခဝေ- ရဟန်းတို့၊ မဟာဣသိ- ရသေ့မြတ်သည်၊ ဝေဟာသေ- ဝေဟာသဟု ဆိုအပ်သော၊ အန္တလိက္ခသ္မိံ- ကောင်းကင်၌၊ ဌတွာ- ရပ်၍၊ ခတ္တိယေ- မင်းတို့ကို၊ အနုသာသိတွာန- ဆုံးမပြီး၍၊ ဣဒံ ဝစနံ- ဤစကားကို၊ ဝတွာ- ဆိုပြီး၍၊ တရမာနော- အဆောတလျင်၊ ပက္ကာမိ- သွားလေပြီ။

၁၁၃။ ဘိက္ခဝေ- ရဟန်းတို့၊ မဟာဣသိ- ရသေ့မြတ်သည်၊ အဿမံ- သင်္ခမ်းကျောင်းကို၊ ပရိမဇ္ဇိတွာ- တံမြက်လှည်းပြီး၍၊ အာသနံ- ခမည်းတော် ရသေ့ကြီးနေရာကို၊ ပညာပေတွာန- ခင်းပြီး၍၊ ပဏ္ဏသာလံ- သစ်ရွက်မိုးသော ကျောင်းတွင်းသို့ ပဝိသိတွာ- ဝင်လေ၍၊ ပိတရံ- အဖရသေ့ကြီးကို၊ ပတိဗောဓယိ- ကြို၍ သိစေပြီ။

၁၁၄။ မဟာက္ကသေ- ဖခင်ရသေ့ကြီး၊ အဘိဇာတာ- မြတ်သောအမျိုး၌ ဖြစ်ကုန်သော၊ ယသဿိနော- မြတ်သော အခြံအရံရှိကုန်သော၊ ဣမေ ရာဇာနော- ဤ တစ်ရာ့တစ်ပါးသော မင်းတို့သည်။ အာယန္တိ- လာကုန်၏၊ တွံ- ဖခင်ရသေ့မြတ်သည်၊ အဿမာ- သင်္ခမ်းကျောင်းမှ၊ နိက္ခမိတွာန- ထွက်လတ်၍၊ နိသီဒ- နေတော်မူပါလော့၊ ဣတိ- ဤသို့၊ ပတိဗောဓယိ- သိစေပြီ။

၁၁၅။ ဘိက္ခဝေ- ရဟန်းတို့၊ တဿ- ထိုသားတော် သောဏပညာရှိ၏၊ တံ ဝစနံ- ထိုစကားကို၊ သုတွာ- ကြား၍၊ မဟာက္ကသိ- ခမည်းတော်ရသေ့ကြီးသည်၊ တရမာနော- အဆောတလျင်၊ အဿမာ- သင်္ခမ်းကျောင်းတွင်းမှ၊ နိက္ခမိတွာန- ထွက်လတ်၍၊ သဒ္ဒါရမို- မိမိကျောင်းတံခါးဝ၌၊ ဥပါဝိသိ- မြင့်သောနေရာ၌ နေပြီ။

[နှာ-၃၄၁] တတ္ထ- ထို 'က္ကဒံ ဝတ္ထာန' စသော ဂါထာတို့၌၊ ပက္ကာမီတိ- ပက္ကာမိ ဟူသည် ကား၊ အနောတတ္တံ- အနောတတ်အိုင်သို့ အဂမာသိ- သွားခဲ့ပြီ။ အဿမံ ပရိမဇ္ဇိတွာတိ- အဿမံ ပရိမဇ္ဇိတွာ ဟူသည်ကား၊ ဘိက္ခဝေ- ရဟန်းတို့၊ သောက္ကသိ- ထိုရသေ့သည်၊ ဝေဂေန- လျင်စွာဖြင့်၊ အနောတတ္တံ- အနောတတ်အိုင်သို့ ဂန္တွာ- သွား၍၊ ပါနီယံ- သောက်ရေကို၊ အာဒါယ- ယူ၍၊ တေသု ရာဇူသု- ထိုမင်းတို့သည်၊ အဿမံ- သင်္ခမ်းကျောင်းသို့၊ အသမ္ပတ္တေသုယေဝ- မရောက်မီ ကုန်သာလျှင်၊ အာဂန္တွာ- ပြန်လာ၍၊ ပါနီယဃဋေ- သောက်ရေအိုးတို့ကို၊ ပါနီယမာဠကေ- သောက်ရေအိုးစင်၌၊ ဌပေတွာ- ထား၍၊ "မဟာဇနော- လူ အပေါင်းသည်၊ ပိဝိဿတိ- သောက်လတ့်၊" ဣတိ- ဤသို့၊ ဝနကုသုမေဟိ- တောပန်းတို့ဖြင့်၊ ဝါသေတွာ- အနံ့ထုံ၍၊ သမ္မဇ္ဇနိံ- တံမြက်စည်းကို၊ အာဒါယ- ယူ၍၊ အဿမံ- သင်္ခမ်းကျောင်းကို၊ သမ္မဇ္ဇိတွာ- တံမြက်လှည်း၍၊ ပဏ္ဏသာလဒွါရေ- သစ်ရွက်မိုးကျောင်း၏ တံခါးဝ၌၊ ပိတု- အဖ၏၊ အာသနံ- နေရာကို၊ ပညာပေတွာ- ခင်းထား၍၊ ပဝိသိတွာ- သစ်ရွက်မိုးကျောင်းသို့ဝင်၍၊ ပိတရံ- ခမည်းတော်ကို၊ ဇာနာပေသိ- သိစေပြီ။ ဣတိ- ဤကား၊ အတ္ထော- အနက်တည်း။ ဥပါဝိသီတိ- ဥပါဝိသိဟူသည်ကား၊ ဥစ္စာသနေ- မြင့်သောနေရာ ၌၊ နိသီဒိ- နေခဲ့ပြီ။

## ဖခင်ရသေ့ကြီးနှင့် တွေ့ကြုံပြီ

ဗောဓိသတ္တဿ- ဘုရားလောင်း သောဏရသေ့၏၊ မာတာ ပန- မယ်တော်သည်ကား၊ တဿ- ထိုရသေ့ကြီး၏၊ ပစ္ဆတော- နောက်မှ၊ နိစဋ္ဌာနေ- နိမ့်သော အရပ်၌၊ ဧကမန္တံ- တင့်အပ်လျောက်ပတ်စွာ၊ နိသီဒိ- ထိုင်နေပြီ၊ မဟာသတ္တော- ဘုရားလောင်း သောဏရသေ့သည်၊ နီစာသနေ- နိမ့်သော နေရာ၌၊ နိသီဒိ- ထိုင်နေပြီ၊ နန္ဒပဏ္ဍိတောပိ- ညီတော်နန္ဒပညာရှိရသေ့သည်လည်း၊ ဗောဓိသတ္တဿ- ဘုရားလောင်း နောင်တော်သောဏရသေ့၏၊ အနောတတ္တတော- အနဝတတ်အိုင်မှ၊ ပါနီယံ- ရေကို၊ အာဒါယ- ခပ်ယူ၍၊ အဿမံ- တောကျောင်းသို့ အာဂတကာလေ- လာသောအခါ၌၊ ရညော- မနောဇာမင်း၏၊ သန္တိကံ- အထံသို့ အာဂန္ဓာ- လာ၍၊ အဿမဿ- တောကျောင်း၏၊ အဝိဒူရေ- မနီးမဝေးသော အရပ်၌၊ ခန္ဓာဝါရံ- သစ်တပ်မြို့ကို၊ နိဝါသေသိ- တည်ပြီ၊ အထ- ထိုအခါ၌၊ ရာဇာ- မနောဇာမင်းသည်၊ နှတွာ- ရေချိုး၍၊ သဗ္ဗာလင်္ကာရပဋိမဏ္ဍိတော- အလုံးစုံသော တန်ဆာတို့ဖြင့် တန်ဆာဆင်အပ်သည်၊ ဧကသတရာဇပရိဝုတော- တစ်ရာ့တစ်ပါးသော မင်းအပေါင်းသည် ခြံရံအပ်သည်၊ (ဟုတွာ- ဖြစ်၍၊) နန္ဒပဏ္ဍိတံ- နန္ဒပညာရှိရသေ့ကို၊ ဂဟေတွာ- ယူ၍၊ မဟန္တေန- များစွာသော၊ သိရိသောဘဂ္ဂေန- အသရေ၏ တင့်တယ်ခြင်းအစုဖြင့်၊ ဗောဓိသတ္တံ- ဘုရားလောင်း သောဏရသေ့ကို၊ ခမာပေတုံ- သည်းခံစေခြင်းငှာ၊ အဿမံ- တောကျောင်းသို့ ပါဝိသိ- ဝင်ပြီ၊ အထ- ထိုအခါ၌၊ တထာ- ထိုသို့သော အခြင်းအရာဖြင့်၊ အာဂစ္ဆန္တံ- လာသော၊ နံ- ထိုမနောဇာမင်းကို၊ ဗောဓိသတ္တဿ- ဘုရားလောင်းသောဏ ရသေ့၏၊ ပိတာ- ခမည်းတော်ရှင်ရသေ့ကြီးသည်၊ ဒိသွာ- မြင်၍၊ ဗောဓိသတ္တံ- သားတော်ဘုရားလောင်းကို၊ ပုစ္ဆိ- မေးပြီ၊ သောပိ- ထိုသားတော်ဘုရားလောင်းသည်လည်း၊ အဿ- ထိုခမည်းတော်ရှင်ရသေ့ကြီးအား၊ အာစိက္ခိ- လျှောက်ကြားပြီ၊ တမတ္ထံ- ထိုအကြောင်းကို၊ ပကာသေန္တော- ထင်ရှားပြတော်မူလိုသော၊ သတ္ထာ- မြတ်စွာဘုရားသည်၊ "တဥ္စ ဒိသွာန အာယန္တံ၊ (ပ) သာဂရေဿဝ ဦမိယော"တိ- "တဥ္စ ဒိသွာန အာယန္တံ၊ (ပ) သာဂရေဿဝ ဦမိယော"ဟူကုန်သော၊ (ဒွါဒသဂါထာယော- တစ်ဆယ့်နှစ်ဂါထာတို့ကို၊) အာဟ- ဟောတော်မူပြီ။

၁၁၆။ ဘိက္ခဝေ- ရဟန်းတို့၊ တေဇသာ- မိမိတန်ခိုးဖြင့်၊ ဇလန္တံရိဝ- တောက်ပသကဲ့သို့သော၊ ခတျသယ်ပရိဗျူဠှ- တစ်ရာ့တစ်ပါးသော မင်းအပေါင်းတို့ ခြံရံလျက်၊ အာယန္တံ- လာလတ်သော၊ တဥ္စ- ထိုမနောဇာမင်းကို သာလျှင်၊ ဒိသွာန- မြင်လတ်၍၊ ကောသိယော- ကောသိယအနွယ်ဖြစ်သော ရှင်ရသေ့ကြီးသည်၊ ဇတံ- ဤသို့သော စကားကို၊ အဗြဝိ- ဆိုလေပြီ။

၁၁၇။ ပုတ္တ- ချစ်သားသောဏ၊ ဘေရိမုဒိင်္ဂါ စ- စည်ကြီး မုရိုးစည်တို့သည်လည်းကောင်း၊ သင်္ခါ စ- ခရုသင်းတို့သည်လည်းကောင်း၊ ပဏဝဒိန္ဒိမာ စ- ထက်စည် ပတ်သာတို့သည်လည်းကောင်း၊ ပုရတော- ရှေ့မှ၊ ရထေသဘံ- ရထားစီးချင်း မင်းတကာတို့ထက် မြတ်သော မင်းကို၊ ဟာသယန္တာ- ရွှင်စေကုန် လျက်၊ ပဋိပန္နာနိ- လာလတ်ကုန်၏၊ ကဿ- အဘယ်သူ၏၊ ပုရတော- ရှေ့မှ၊ အာဂစ္ဆန္တိ- လာကြကုန်သနည်း။

၁၁၈။ တာတ- ချစ်သားသောဏ၊ ပုထုနာ- များမြတ်သော၊ ဝိဇ္ဇုဝဏ္ဏိနာ- လျှပ်စစ်နွယ်အဆင်းနှင့်တူသော အဆင်းရှိသော၊ ကဥ္စနပဋ္ဋေန- ရွှေသင်းကျစ်ပြားဖြင့်၊ ပရိက္ခိတ္တော- ခြံရံအပ်သော၊ နလာတန္တော- နဖူးစွန်းသည်၊ ကဿ- အဘယ်သူ၏၊ နလာတန္တော- နဖူးစွန်းနည်း၊ ကလာပသန္နဒ္ဓေါ- ကောင်းစွာဖွဲ့အပ်သော လေးမြားတောင့်ရှိသော၊ ယုဝါ- လုလင်ပျိုသည်၊ သိရိယာ- မိမိအရေဖြင့်၊ ဇလံ ဇလန္တော- တောက်ပလျက်၊ ဧတိ- လာလတ်သည်ကား၊ ကော- အဘယ်လုလင်နည်း။

၁၁၉။ တာတ- အမောင်သောဏ၊ ဥက္ကာမုခပဟဋ္ဌံဝ- ဦးသစ်သော ရွှေကဲ့သို့လည်းကောင်း၊ ခဒိရင်္ဂါရသန္နိဘံဝ- ဖုတ်အပ်သော မီးလျှံကင်းသော ရှားမီးကျိုး အဆင်းကဲ့သို့လည်းကောင်း၊ အဿ- ထိုလုလင်၏၊ မုခဉ္စ- မျက်နှာသည် လည်း၊ ရုစိရာ- ပြိုးပြိုးပြက်ပြက်၊ ဘာတိ- တောက်ပ၏၊ သိရိယာ- မိမိအရေဖြင့်၊ ဇလံ ဇလန္တော- တောက်ပလျက်၊ ဧတိ- လာလတ်သည်ကား၊ ကော- အဘယ်မင်းနည်း။

၁၂၀။ တာတ- ချစ်သားသောဏ၊ အာဒိစ္စရံသာဝရဏံ- နေမင်း၏ အရောင်ကို တားဆီးနိုင်သော၊ မနောရမံ- နှလုံးမွေ့လျော်ဖွယ်သော၊ သသလာကံ- အရိုးနှင့် တကွသော၊ ပဂ္ဂဟိတံ- ကိုင်စွဲအပ်သော၊ ဆတ္တံ- ထီးသည်၊ ကဿ- အဘယ်မည်သော မင်း၏၊ ဆတ္တံ- ထီးနည်း၊ သိရိယာ- မိမိအရေဖြင့်၊ ဇလံ ဇလန္တော- တောက်ပလျက်၊ ဧတိ- လာလတ်သည်ကား၊ ကော- အဘယ်မင်းနည်း။

၁၂၁။ တာတ သောဏ- ချစ်သားသောဏ၊ ဥတ္တမံ- မြတ်သော၊ ဝါလဗီဇနိံ- သားမြီးယပ်ကို၊ အာဒါယ- ကိုင်၍၊ ဟတ္ထိက္ခန္ဓေန- ဆင်ကျောက်ကုန်း၌ စီးလျက်၊ အာယတော- လာလတ်သော၊ ဝရပုညဿ- မြတ်သောဘုန်းရှိသော၊ ကဿ- အဘယ်မည်သော မင်း၏၊ အင်္ဂံ- ကိုယ်ကို၊ ပရိဂ္ဂယှ- ဝန်းရံ၍၊ စရန္တိ- လှည့်လည်နေကြသနည်း။

[နှာ-၃၄၂] ၁၂၂။ တာတ- ချစ်သားသောဏ၊ သေတာနိ- ဖြူကုန်သော၊ ဆတ္တာနိ- ထီးတို့သည်၊ ကဿ- အဘယ်သူ၏၊ ဆတ္တာနိ- ထီးတို့နည်း၊ ဝမ္မိတာ- ချပ်မိန်ညိုဝတ်ကုန်သော၊ အာဇာနီယာ စ- အာဇာနည်မြင်းတို့သည်လည်း၊ သမန္တာ- ထက်ဝန်းကျင်မှ၊ ပရိကီရေန္တိ- ခြံရံကုန်၏၊ သိရိယာ- မိမိအရေဖြင့်၊ ဇလံ ဇလန္တော- တောက်ပလျက်၊ ဧတိ- လာလတ်သည်ကား၊ ကော- အဘယ်မင်းနည်း။

၁၂၃။ တာတ- ချစ်သားသောဏ၊ ယသဿိနော- များသော အခြံအရံ ရှိကုန်သော၊ ဧကသတံခတျာ- တစ်ရာ့တစ်ယောက်သော မင်းတို့သည်၊ အနုယန္တာ- အစဉ်လိုက်ကုန်သည်၊ ဟောန္တိ- ဖြစ်ကုန်၏။ ကဿ- အဘယ်သူ၏၊ သမန္တာ- ထက်ဝန်းကျင်မှ၊ အနု ပရိယန္တိ- ခြံရံကုန်သနည်း၊ သိရိယာ- မိမိအရေဖြင့်၊ ဇလံ ဇလန္တော- တောက်ပလျက်၊ ဧတိ- လာလတ်သည်ကား၊ ကော- အဘယ်မင်းနည်း။

၁၂၄။ တာတ- ချစ်သားသောဏ၊ စတုရင်္ဂိနီ- လေးပါးသော အင်္ဂါရှိကုန်သော၊ ဟတ္ထိအဿရထပတ္တိသေနာ စ- ဆင် မြင်း ရထား ခြေသည်ဟု ဆိုအပ်သော စစ်သည်အပေါင်းတို့သည်၊ ကဿ-

အဘယ်မင်း၏၊ သမန္တာ- ထက်ဝန်း ကျင်မှ၊ အနုပရိယန္တိ- ခြံရံကုန်သနည်း၊ သိရိယာ- မိမိအရေဖြင့်၊ ဇလံ ဇလန္တော- တောက်ပလျက်၊ ဧတိ- လာလတ်သည်ကား၊ ကော- အဘယ်မင်းနည်း။

၁၂၅။ တာတ- ချစ်သားသောဏ၊ သာဂရဿ- သမုဒ္ဒရာ၏၊ ဥမိယော ဣဝ- လှိုင်းတံပိုးတို့ကဲ့သို့၊ အက္ခောဘဏီ- အက္ခောဘဏီမည်သော၊ အပရိယန္တာ- အဆုံးအပိုင်းအခြားမရှိသော၊ မဟတီ- များစွာသော၊ ဧသာ သေနာ- ဤစစ်သည် အပေါင်းသည်၊ ကဿ- အဘယ်မင်း၏၊ ပိဋ္ဌိတော- နောက်မှ၊ အနုဝတ္တတိ- အစဉ်တစိုက် လိုက်သနည်း။

သောဏပညာရှိ လျှောက်ထားချက်

၁၂၆။ ဘိက္ခဝေ- ရဟန်းတို့၊ တဒါ- ထိုသို့ အဘရသေ့ကြီး မေးသော အခါ၌၊ သောဏပဏ္ဍိတော- သောဏပညာရှိသည်၊ ဣတိ- ဤသို့၊ အာဟ- ဖြေဆိုတော်မူပြီ။ တာတ- ဖခင်သူမြတ်၊ မနောဇော- လူတို့ကို အစိုးရသော၊ ရာဇာဘိရာဇာ- မင်းတကာတို့သည် ပူဇော်ထိုက်သော မနောဇမင်းကြီးသည်၊ ဇယတံ- ရန်အပေါင်းကို အောင်မြင်ခြင်းသို့ ရောက်ကုန်သော တာဝတိံသာ နတ်တို့၏၊ ပတိ- အရှင်ဖြစ်သော၊ ဣန္ဒော ဝ- သိကြားနတ်မင်းကဲ့သို့ နန္ဒဿ- ညီနန္ဒ၏၊ အဇ္ဈာဝရံ- အခြံအရံကို၊ ကတွာ- ပြု၍၊ ဗြဟ္မစာရိနံ- မြတ်သောအကျင့်ကို ကျင့်လေ့ရှိကုန်သော ဖခင်ရသေ့တို့၏၊ အဿမံ- သင်္ခမ်းကျောင်းသို့၊ ဧတိ- လာ၏။

၁၂၇။ တာတ- ဖခင်သူမြတ်၊ သာဂရဿ- သမုဒ္ဒရာ၏၊ ဥမိယော ဣဝ- လှိုင်းတံပိုးကဲ့သို့၊ အက္ခောဘဏီ- အက္ခောဘဏီမည်သော၊ အပရိယန္တာ- အဆုံး အပိုင်းအခြားမရှိသော၊ မဟတီ- များစွာသော၊ ဧသာ သေနာ- ဤစစ်သည် အပေါင်းသည်၊ တဿ- ထိုမနောဇမင်းမြတ်၏၊ ပိဋ္ဌိတော- နောက်မှ၊ အနုဝတ္တတိ- အစဉ်တစ်စိုက်လိုက်၍နေ၏၊ ဣတိ- ဤသို့၊ သောဏပဏ္ဍိတော- သောဏပညာ ရှိသည်၊ အာဟ- ဖြေဆိုပြီ။

တတ္ထ- ထို 'တဥ္စ ဒိသွာန' စသော ဂါထာတို့၌၊ ဇလန္တံရိဝါတိ- ဇလန္တံရိဝ ဟူသည်ကား၊ ဇလန္တံ ဝိယ- တောက်ပသကဲ့သို့။ ပဋိပန္နာနီတိ- ပဋိပန္နာနိဟူသည်

ကား၊ ဧတာနိ တူရိယာနိ- ထိုအတီးအမှုတ်တို့သည်၊ ကဿ- အဘယ်သူ၏၊ ပုရတော- ရှေ့မှ၊ အာဂစ္ဆန္တိ- လာကုန်သနည်း၊ ဣတိ- ဤကား၊ အတ္ထော- အနက်တည်း။ ဟာသယန္တာတိ- ဟာသယန္တာဟူသည်ကား၊ တောသေန္တာ- နှစ်သက်စေကုန်လျက်။ ကဥ္စနပဋ္ဋေနာတိ- ကဥ္စနပဋ္ဋေနဟူသည်ကား၊ တာတ- ချစ်သား၊ ကဥ္စနမယေန- ရွှေဖြင့်ပြီးသော၊ ဝိဇ္ဇုဝဏ္ဏေန- လျှပ်စီးလျှပ်ရောင် အဆင်းရှိသော၊ ဥဏှီသပဋ္ဋေန- သင်းကျစ်ပြားဖြင့်၊ ပရိက္ခိတ္တော- ဝန်းရံအပ်သော၊ နလာဋန္တော- နဖူးစွန်းသည်၊ ကဿ- အဘယ်သူ၏၊ (နလာဋန္တော- နဖူးစွန်းနည်း၊) ဣတိ- ဤသို့၊ ပုစ္ဆတိ- မေး၏။ ယုဝါတိ- ယုဝါဟူသည်ကား၊ တရုဏော- လုလင်ပျိုသည်။ ကလာပသန္နဒ္ဓေါတိ- ကလာပသန္နဒ္ဓေါဟူသည်ကား၊ သန္နဒ္ဓ သရတူဏီရော- ဖွဲ့ချည်ထားအပ်သောမြား, မြားကျည်တောက် ရှိသော။ ဥက္ကာမုခပဟဋ္ဌဝါတိ- ဥက္ကာမုခပဟဋ္ဌဝဟူသည်ကား၊ ကမ္မာရာနံ- ပန်းထိမ်သည် တို့၏၊ ဥဒ္ဓနေ- ရွှေရည်ကြိုရာဖိုဌ်၊ ပဟဋ္ဌ- ပွတ်တိုက်အပ်သော၊ ဝါ- ထုရိုက် အပ်သော၊[၁] သုဝဏ္ဏံ ဝိယ- ရွှေကဲ့သို့။ ခဒိရင်္ဂါရသန္နိဘာတိ- ခဒိရင်္ဂါရသန္နိဘာ ဟူသည်ကား၊ ဝိတစ္စိတခဒိရင်္ဂါရဝဏ္ဏာ- အလျှံကင်းသော မီးကျီခဲအဆင်းရှိသော။ အာဒိစ္စရံသာဝရဏန္တိ- အာဒိစ္စရံသာဝရဏံဟူသည်ကား၊ အာဒိစ္စရံသိနံ- နေမင်း၏ အရောင်တို့ကို၊ အာဝရဏံ- တားဆီးနိုင်သော။ အင်္ဂ ပရိဂ္ဂယှာတိ- အင်္ဂ ပရိဂ္ဂယှ ဟူသည်ကား၊ အင်္ဂံ- ကိုယ်အင်္ဂါကို၊ ပရိဂ္ဂဟေတွာ- သိမ်းပိုက်၍၊ သရီရံ- ကိုယ်ခန္ဓာကို၊ ပရိက္ခိပိတွာ- ဝန်းရံ၍၊ ဣတိ- ဤကား၊ အတ္ထော- အနက်တည်း။ ဝါလဗီဇနိမုတ္တမန္တိ- ဝါလဗီဇနိမုတ္တမံဟူသည်ကား၊ ဥတ္တမံ- မြတ်သော၊ ဝါလဗီဇနိံ- သားမြီးယပ်ကို။ စရန္တီတိ- စရန္တိဟူသည်ကား၊ သဥ္စရန္တိ- လာကုန်၏။ ဆတ္တာနီတိ- ဆတ္တာနိ ဟူသည်ကား၊ အာဇာနီယပိဋ္ဌေ- အာဇာနည် မြင်းကျောက်ကုန်း၌၊ နိသိန္နာနံ- ထိုင်နေ ကုန်သော သူတို့၏၊ ဓာရိတဆတ္တာနိ- ဆောင်းမိုးအပ်သော ထီးတို့သည်။

---

၁။ ပဟဋ္ဌ- မိုးထိမှု၌ ဦးသစ်သောဟု အနက်ပေး၏၊ သက္ကတ-၌ ပြ-ရှေ့ရှိသော ghsa- - ဓာတ် ပါဠိ၌ ဃသ-ဓာတ် ပွတ်တိုက်ခြင်း၊ ထုရိုက်ခြင်းအနက်ဟော တ-ပစ္စည်းဖြင့် ရုပ်ပြီး၏၊ ပကတိရွှေ၌ကပ်နေသော အညစ်အကြေးများ ပျောက်ကင်းအောင် အပူပေးပြီး ထုရိုက်ပွတ်ခြင်းကို ယခုခေတ်၌ ရွှေသန့်စင်သည်ဟုခေါ်၏။

ပရိကိရေန္တီတိ- ပရိကိရေန္တိ ဟူသည်ကား၊ တဿ- ထိုမင်း၏၊ သမန္တာ- ထက်ဝန်းကျင်မှ၊ သဗ္ဗဒိသာဘာဂေသု- အလုံးစုံသော အရပ်မျက်နှာအဖို့တို့၌၊ ပရိကိရယန္တိ- ဖြန့်ကြက်၍ ထားကုန်၏။ စတုရင်္ဂိနီတိ- စတုရင်္ဂိနီဟူသည်ကား၊ ဟတ္ထိအာဒီဟိ- ဆင်အစရှိကုန်သော၊ စတူဟိ- လေးပါး ကုန်သော၊ ဧတေဟိ အင်္ဂေဟိ- ထိုစစ်အင်္ဂါတို့နှင့်၊ သမန္နာဂတာ- ပြည့်စုံသော။ အက္ခောဘဏီတိ- အက္ခောဘဏီဟူသည်ကား၊ ခေါဘေတုံ- တုန်လှုပ်စေခြင်းငှါ၊ န သက္ကာ- မတတ်ကောင်း။ သာဂရဿေဝါတိ- သာဂရဿေဝဟူသည်ကား၊ သာဂရဿ- သမုဒ္ဒရာ၏၊ ဥမိယော ဝိယ- လှိုင်းတံပိုးကဲ့သို့၊ အပရိယန္တာ- အဆုံး အပိုင်းအခြား မရှိသော။ ရာဇာဘိရာဇာတိ- ရာဇာဘိရာဇာ ဟူသည်ကား၊ ဧကေသတရာဇူနံ- တစ်ရာ့ တစ်ပါးသော မင်းတို့သည်၊ ပူဇိတော- ပူဇော်အပ်သော၊ ဝါ- တစ်နည်းကား၊ တေသံ- ထိုတစ်ရာ့တစ်ပါးသော မင်းတို့ထက်၊ အဓိကော- လွန်မြတ်သော၊ ရာဇာ- မင်းတည်း။ က္ကတိ- ထို့ကြောင့်၊ ရာဇာဘိရာဇာ- ရာဇာဘိ ရာဇာမည်၏။ ဇယတံ ပတီတိ- ဇယတံ ပတိဟူသည်ကား၊ ဇယပ္ပတ္တာနံ- အောင်ခြင်းသို့ ရောက်ကုန်သော၊ တာဝတိံသာနံ- တာဝတိံသာနတ်တို့၏၊ ဇေဋ္ဌကော- အကြီးအကဲသည်။ အဗ္ဘာဝရန္တိ- အဗ္ဘာဝရံဟူသည်ကား၊[1] မမံ- ငါ့ကို၊ ခမာပနတ္ထာယ- သည်းခံစိမ့်သောငှါ၊ နန္ဒဿ- ညီနန္ဒ၏၊ ပရိသဘာဝံ- ပရိသတ်အဖြစ်သို့၊ ဥပဂန္တာ- ကပ်ရောက်၍၊ ဧတိ- လာ၏။

မင်းတစ်ရာ့တစ်ပါးတို့ ကန်တော့ပြီ

[နှာ-၃၄၃] (တေဟိ- ထိုတစ်ရာ့တစ်ပါးသော မင်းတို့သည်၊ ဥပဂန္တွာ- ဆည်းကပ်ခစားခြင်းငှာ၊ ကာရဏံ- ရောက်လာသော အကြောင်းကို၊) သတ္ထာ- ပြတော်မူလိုသော မြတ်စွာဘုရားသည်၊ "အနုလိတ္တာ စန္ဒနေန၊ (ပ) က္လသိနံ အဗ္ဘုပါဂမုံ"န္တိ- "အနုလိတ္တာ စန္ဒနေန၊ (ပ) က္လသိနံ အဗ္ဘုပါဂမုံ"ဟူသော၊ (က္လမံ ဂါထံ- ဤဂါထာကို၊) အာဟ- ဟောတော်မူပြီ။

---

၁။ အဗ္ဘာဝရံ- မိုးထိမူ၌ အဗ္ဘာဝရံ-နေရာ၌ အဗ္ဘာစရံ-ဟုပါဌ်များ၍နေ၏၊ ထို့ကြောင့် လွန်ကျူးသောအပြစ်ကို-ဟုအနက်ပေးမှား၍ နေသည်၊ အဗ္ဘာဝရ-သဒ္ဒါ အခြံအရံ ပရိသတ်ကိုဟော၏။

၁၂၈။ ဘိက္ခဝေ- ရဟန်းတို့၊ စန္ဒနေန- ကောင်းသော အနံ့ရှိသော စန္ဒကူးနံ့သာဖြင့်၊ အနုလိတ္တာ- လိမ်းကျံကုန်ပြီး၍၊ ကာသိကုတ္တမဓာရိနော- ကာသိကရာဇ်တိုင်း၌ဖြစ်သော မြတ်သောပုဆိုးတို့ကို ဝတ်ကုန်ပြီးသော၊ သဗ္ဗေ- အလုံးစုံသော တစ်ရာ့တစ်ပါးသော မင်းတို့သည်။ ပဥ္စလိကာ- လက်အုပ်ချီကုန်သည်၊ ဟုတွာ- ဖြစ်ကုန်၍၊ ဣသိနံ- ရသေ့တို့၏၊ သန္တိကံ- အထံသို့၊ အဈူပါဂမုံ- ရိုသေစွာ ဆည်းကပ်လာကုန်ပြီ။

တတ္ထ- ထို 'အနုလိတ္တာ' စသော ဂါထာ၌၊ ဣသီနံ အဈူပါဂမုန္တိ- ဣသီနံ အဈူပါဂမုံ ဟူသည်ကား၊ ဘိက္ခဝေ- ရဟန်းတို့၊ သဗ္ဗေပိ- အလုံးစုံလည်းဖြစ်ကုန်သော၊ သုရဘိစန္ဒနေန- မွှေးကြိုင်သော စန္ဒကူးနံ့သာဖြင့်၊ အနုလိတ္တာ- လိမ်းကျံအပ်ကုန်သော၊ ဥတ္တမကာသိကဝတ္ထဓာရိနော- မြတ်သော ကာသိတိုင်းဖြစ်အဝတ်တို့ကို ဝတ်ဆင်ထားကုန်သော၊ တေ ရာဇာနော- ထိုမင်းတို့သည်၊ သိရသိ- ဦးခေါင်း၌၊ ပတိဋ္ဌာပိတအဥ္စလီ- ထားအပ်သော လက်အုပ်ရှိကုန်သည်၊ ဟုတွာ- ဖြစ်၍၊ ဣသီနံ- ရသေ့တို့၏၊ သန္တိကံ- အထံသို့ ဥပဂတာ- ကပ်ရောက် ကြကုန်သည်။

တတော- ထို ဆည်းကပ်ပြီးသော နောက်မှ၊ မနောဇော ရာဇာ- မနောဇ မင်းကြီးသည်၊ တံ- ထိုသောဏရှင်ရသေ့ကို၊ ဝန္ဒိတွာ- ရှိခိုး၍၊ ဧကမန္တံ- သင့်တင့် လျောက်ပတ်သော အရပ်၌၊ နိသိန္နော- ထိုင်နေလျက်၊ ပဋိသန္ထာရံ- နွေးထွေး ပျူငှာခြင်းကို၊ ကရောန္တော- ပြုလိုသည်ဖြစ်၍၊ "ကစ္စိ နု ဘောတော ကုသလံ၊ (ပ) ကစ္စိ ဟိံသာ န ဝိဇ္ဇတိ"တိ- "ကစ္စိ နု ဘောတော ကုသလံ၊ (ပ) ကစ္စိ ဟိံသာ န ဝိဇ္ဇတိ"ဟူသော၊ ဂါထာဒွယံ- ဂါထာနှစ်ခုတို့၏ အပေါင်းကို၊ အာဟ- ဆိုပြီ။

၁၂၉။ ဘန္တေ- အရှင်ဘုရား၊ ကစ္စိ- အသို့နည်း၊ ဘောတော- အရှင်ဘုရားအား၊ ကုသလံ နု- အပြစ်ကင်းပါ၏လော၊ ကစ္စိ- အသို့နည်း၊ ဘောတော- အရှင်ဘုရားအား၊ အနာမယံ- အနာကင်းပါ၏လော၊ ကစ္စိ- အသို့နည်း၊ ဥဉ္ဆေန- သပိတ်လက်စွဲ၍ ဆွမ်းခံသဖြင့်၊ ယာပေထ- မျှပါကုန်၏လော၊ ကစ္စိ- အသို့နည်း၊ မူလဖလာ- တောသစ်မြစ်သစ်သီးတို့သည်၊ ဗဟူ- များပါကုန်၏လော။

၁၃၀။ ကစ္စိ- အသို့နည်း၊ ဝါဋ္ဋမိဂါကိဏ္ဏေ- သားရဲတို့ဖြင့် ပြွမ်းသော၊ ဝနေ- တော၌၊ သရီသပါစ- မြွေ ကင်း သန်းတို့သည်လည်းကောင်း၊ ဒံသာ မကသာ စ- မှက် ခြင်တို့သည်လည်းကောင်း၊ အပ္ပမေဝ- နည်းပါ၏လော၊ ကစ္စိ- အသို့နည်း၊ ဟိံသာ- ညှဉ်းဆဲခြင်းသည်၊ န ဝိဇ္ဇတိ- မရှိ ကင်းပါ၏လော။

တတော- ထိုမှ၊ ပရံ- နောက်၌၊ ဥဘိန္နံ- နှစ်ပါးကုန်သော၊ တေသံ- ထိုသောဏ ရှင်ရသေ့နှင့် မနောဇာမင်းတို့၏၊ ဝစနပဋိဝစနဝသေန- စကားဆို ခြင်း, စကားတုံ့ဆိုခြင်း၏ အစွမ်းဖြင့် (ပျူငှာလောကဝတ်ကို ပြုတော်မူလိုသည်၏ အစွမ်းဖြင့်)၊ "ကုသလဉ္စေဝ နော ရာဇ (ပ) နန္ဒဿ ပရိသာယ စာ"တိ- "ကုသလဉ္စေဝ နော ရာဇ (ပ) နန္ဒဿ ပရိသာယစ"ဟူကုန်သော၊ ကထိတဂါထာ- ပြောဆို အပ်ကုန်သော ရှစ်ဂါထာတို့သည်၊ ဟောန္တိ- ဖြစ်ကုန်၏။

၁၃၁။ ရာဇ- မင်းမြတ်၊ နော- ငါတို့အား၊ ကုသလဉ္စေဝ- အပြစ်မရှိ သည်သာလျှင်တည်း။ ရာဇ- မင်းမြတ်၊ အထော- ထိုမှတစ်ပါး၊ အနာမယံ- အနာကင်းသည်သာလျှင်တည်း၊ အထော- ထိုမှတစ်ပါး၊ ဥဉ္ဆေန- သပိတ်လက်စွဲ ၍ ဆွမ်းခံခြင်းဖြင့်၊ ယာပေမ- မျှတလောက်ပါကုန်၏၊ အထော- ထိုမှတစ်ပါး၊ မူလဖလာ- တောသစ်မြစ် သစ်သီးတို့သည်၊ ဗဟူ- များပါပေကုန်၏။

၁၃၂။ အထော- ထိုမှတစ်ပါး၊ ဝါဋ္ဋမိဂါကိဏ္ဏေ- သားရဲတို့ဖြင့် ပြွမ်းသော၊ ဝနေ- တော၌၊ သရီသပါ စ- မြွေ ကင်း သန်းတို့သည် လည်းကောင်း၊ ဒံသာမကသာ စ- မှက် ခြင်တို့သည်လည်းကောင်း၊ အပ္ပမေဝ- နည်းကုန် သလျှင်ကတည်း၊ မယှံ- ငါအား၊ ဟိံသာ- ညှဉ်းဆဲ ခြင်းသည်၊ န ဝိဇ္ဇတိ- မရှိပေ။

၁၃၃။ မဟာရာဇ- မင်းမြတ်၊ ဣဓ အဿမေ- ဤကျောင်း၌၊ သမ္ဗတံ- နေကုန်သော ငါတို့အား၊ ဝဿပူဂါနိ- နှစ်အပေါင်းတို့သည်၊ ဗဟူနိ- များကုန်ပြီ၊ ဥပ္ပန္နံ- ဖြစ်သော၊ အာဗာဓံ- ဖျားနာခြင်းကိုလည်းကောင်း၊

အမနောရမံ- စိတ်နှလုံး မမွေ့လျော်ခြင်း (မနှစ်သက်ဖွယ်) ကိုလည်းကောင်း၊ နာဘိဇာနာမိ- မသိစဘူး။

၁၃၄။ မဟာရာဇ- မင်းမြတ်၊ တေ- သင်မင်းမြတ်၏၊ အာဂတံ- လာခြင်းသည်၊ သွာဂတံ= သု အာဂတံ- ကောင်းသော လာခြင်းတည်း။ အထော- ထိုမှ တစ်ပါး၊ တေ- သင်မင်းမြတ်၏၊ အာဂတံ- လာခြင်းသည်၊ အဒုရာဂတံ- အပြစ် မရှိသော လာခြင်းတည်း။ ဣဿရော-လူတို့ကို အစိုးရသော မင်းမြတ်သည်၊ အနုပ္ပတ္တော- ရောက်လာတော်မူပေသည်၊ အသိ- ဖြစ်၏၊ ဣဓ- ဤအရပ်၌၊ ယံ- အကြင်အလိုသည်၊ အတ္ထိ- ရှိ၏၊ တံ- ထိုအလိုကို၊ ပဝေဒယ- ကြားတော်မူလော့။

၁၃၅။ မဟာရာဇ- မင်းမြတ်၊ တိန္ဒုကာနိ စ- တည်သီးတို့သည်လည်းကောင်း၊ ပိယာလာနိ စ- လွန်သီးတို့သည်လည်းကောင်း၊ မဓုကေ စ- သစ်မည်စည်သီး ထောက်ရွာသီးတို့သည်လည်းကောင်း၊ ကာသုမာရိယော စ- သရက်ဖြူသီးတို့သည်လည်းကောင်း၊ ဧတာနိ ဖလာနိ- ထိုအသီးတို့သည်၊ ခုဒ္ဒကပ္ပါနိ- ပျားမွဲ ပျားလေးရည် အရသာ ရှိကုန်၏။ ရာဇ- မင်းမြတ်၊ ဝရံ ဝရံ- ချိုနိုးရာရာကို၊ ဘုဉ္ဇ- စားတော်မူလော့။

၁၃၆။ မဟာရာဇ- မင်းမြတ်၊ ဣဒံပိ ပါနီယံ- ဤသောက်ရေသည်လည်း၊ သီတံ- အေးမြ၏။ ဂိရိဂဗ္ဘရာ- အနဝတတ်အိုင်မှ၊ အာဘတံ- ဆောင်အပ်၏။ တ္ဝံ- သင်မင်းမြတ်သည်၊ သစေ အဘိကင်္ခသိ- အကယ်၍ အလိုရှိအံ့၊ တတော- ထိုရေအိုးစင်မှ၊ ဂဟေတွာ- ယူ၍၊ ပိဝ- သောက်တော်မူလော့။

၁၃၇။ ဘန္တေ- အရှင်ဘုရား၊ ယံ- အကြင်အရာကို၊ ဒိန္နံ- ပေးတော်မူအပ်၏၊ တံ- ထိုအရာကို၊ အမှေဟိ- အကျွန်ုပ်တို့သည်၊ ပဋိဂ္ဂဟိတံ- ခံအပ်ပါ၏။ သဗ္ဗဿ- အလုံးစုံအား၊ အဂ္ဃိယံ- ပန်ခြင်းကို၊ ကတံ- ပြုအပ်သည်မည်၏။ နန္ဒဿာပိ- နန္ဒပညာရှိအားလည်း၊ နိသာမေထ- သည်းခံတော်မူပါကုန်။ သော- ထိုနန္ဒပညာရှိသည်။ ဝစနံ- စကားကို၊ ပဝက္ခတိ- ကြားလျှောက်ပါလတ္တံ့။

၁၃၈။ ဘန္တေ- အရှင်ဘုရား၊ မယံ- အကျွန်ုပ်တို့သည်၊ နန္ဒသာ- နန္ဒပညာရှိ၏၊ အဇ္ဈာဝရာ- အခြံအရံတို့သည်၊ အမှ- ဖြစ်ပါကုန်၏၊ ဘောတော- အရှင်ဘုရား၏၊ သန္တိကံ- အထံသို့၊ အာဂတာ- ရောက်လာကုန်၏၊ နန္ဒသ စ- နန္ဒပညာရှိ၏လည်းကောင်း၊ ပရိသာယ စ- ပရိသတ်၏လည်းကောင်း၊ ဝစနံ- စကားကို၊ ဘဝံ- အရှင်ဘုရားသည်၊ သုဏာတု- နာတော်မူလော့။

ဣမာ- ဤဂါထာတို့သည်၊ ယေဘုယျေန- များသောအားဖြင့်၊ ပါကဋသမ္ဗန္ဓာ ယေဝ- ပေါ်လွင်ထင်ရှားသော ပုဒ်စပ်ခြင်းရှိကုန်သည်သာ။ ပန- ဆက်၍ ဆိုဦးအံ့၊ ဧတ္ထ- ဤဂါထာတို့၌၊ ယံ ပဒံ- အကြင်ပုဒ်သည်၊ အပါကဋံ- မပေါ်လွင် မထင်ရှားသော အနက်နှင့် ယှဉ်စပ်ခြင်းရှိ၏၊ တဒေဝ- ထိုပုဒ်ကိုသာလျှင်၊ ဝဏ္ဏာမ- ဖွင့်ဆိုကုန်အံ့။ ပဝေဒယာတိ- ပဝေဒယဟူသည်ကား၊ ဣမသ္မိံ ဌာနေ- ဤအရပ်၌၊ တဝ- သင်၏၊ အဘိရုစိတံ- နှစ်သက်အပ်သော၊ ယံ- အကြင်အရာသည်၊ အတ္ထိ- ရှိ၏၊ တံ- ထိုအရာကို၊ နော- ငါတို့အား၊ ကထေဟိ- ပြောပါလော့၊ ဣတိ- ဤသို့၊ ဝဒတိ- ဆို၏။ ခုဒ္ဒကပ္ပါနီတိ- ခုဒ္ဒကပ္ပါနိဟူသည်ကား၊[1] တောနိ နာနာရုက္ခဖလာနိ- ဤအမျိုးမျိုးသောသစ်ပင်တို့မှသီးသော သစ်သီးတို့သည်၊ ခုဒ္ဒကမဓုပဋိဘာဂါနိ- ပျားငယ်၏အရသာနှင့် တူကုန်သော၊ မဓုရာနိ- ချိုမြိန်သော အရသာရှိကုန်၏။ ဝရံ ဝရန္တိ- ဝရံ ဝရံဟူသည်ကား၊ ဣတော- ဤသစ်သီးကြီးငယ်မှ၊ ဥတ္တမုတ္တမံ- ကောင်းနိုး ရာရာကို၊ ဂဟေတွာ- ယူ၍၊ ဘုဥ္ဇ- သုံးဆောင်ပါလော့။ ဂိရိဂဗ္ဘရာတိ- ဂိရိဂဗ္ဘရာ ဟူသည်ကား၊ အနောတတ္တတော- အနောတတ်အိုင်မှ။ သဗ္ဗသ အဂ္ဃိယန္တိ- သဗ္ဗသ အဂ္ဃိယံ ဟူသည်ကား၊[2] ယေန- အကြင်အရာဖြင့်၊ မယံ- ငါတို့ကို၊ အာပုစ္ဆိတာ-

---

၁။ ခုဒ္ဒကပ္ပ- ခုဒ္ဒ-သဒ္ဒါ ပျားငယ်၊ ယင်ပျားကို ဟော၏။ ကပ္ပ-သဒ္ဒါ အတူဟူသော အနက်ကို ဟော၏။ ယင်ပျားအရသာနှင့်တူသော ဟူ၏။ ပျားငယ်ကို ပျားမွဲဟုလည်း ခေါ်၏။

၂။ အဂ္ဃိယံ- အဂ္ဃ-ဓာတ် ပူဇာယံ၊ အ-ပစ္စည်းဆက်၊ အဂ္ဃ-ပုဒ်သည် ဧည့်သည်တို့အား ပေးလှူပူဇော်အပ်သော ပစ္စည်းဝတ္ထုကို ဟော၏။ ဣ-သရခံ၍ ယ-ပစ္စည်းထပ်ဆက်၊ အဂ္ဃိယ-ဧည့်သည်တို့အား ပေးအပ်သော ပစ္စည်းဝတ္ထုတို့ကိုလည်းကောင်း ဧည့်သည်အား 'စားပါ သောက်ပါ နေထိုင်ပါ' စသည်ဖြင့် ပန်ကြားခြင်းကို လည်းကောင်း ဟော၏။

ပန်ကြားအပ်ပြီ၊ တံ- ထိုအရာကို၊ အမှေဟိ- ငါတို့သည်၊ ပဋိဂ္ဂဟိတံ နာမ- ခံယူအပ်ပြီးသည် မည်၏၊ တုမှေဟိ စ- သင်တို့သည်လည်း၊ ဒိန္နမေဝ နာမ- ပေးအပ်ပြီးသည်သာ မည်၏၊ ဧတ္တာဝတာ- ဤမျှဖြင့်၊ သဗ္ဗဿ- အလုံးစုံသော၊ ဣမဿ ဇနဿ- ဤလူအပေါင်းကို၊ အဂ္ဂိယံ- ပန်ကြားခြင်းကို၊ တုမှေဟိ- သင်တို့သည်၊ ကတံ- ပြုအပ်ပါပြီ။ နန္ဒဿာပီတိ- နန္ဒဿာပိ ဟူသည်ကား၊ တာဝ- ရှေးဦးစွာ၊ အမှာကံ- ငါတို့အတွက်၊ သဗ္ဗံ- အလုံးစုံကို၊ ကတံ- ပြုအပ်ပြီးပါပြီ။ ပန- ဆက်၍ ဆိုဦးအံ့၊ ဣဒါနိ- ယခုအခါ၌၊ နန္ဒပဏ္ဍိတော- နန္ဒပညာရှိသည်၊ ကိဉ္စိ- တစ်စုံတစ်ခုကို၊ ဝတ္တုကာမော- ပြောခြင်းငှာ အလိုရှိ၏။ တာဝ- ရှေးဦးစွာ၊ တဿပိ- ထိုနန္ဒပညာရှိ၏လည်း၊ ဝစနံ- စကားကို၊ သုဏာထ- နားထောင်ပါဦး။ အဇ္ဈာဝရမှာတိ- အဇ္ဈာဝရမှာ ဟူသည်ကား၊ ဟိ- အကြောင်းကား၊ မယံ- ငါတို့သည်၊ အညေန- တစ်ပါးသော၊ ကမ္မေန- အမှုဖြင့်၊ န အာဂတာ- လာကြသည်မဟုတ်၊ ပန- အဟုတ်သော်ကား၊ နန္ဒဿ- နန္ဒပညာရှိ၏၊ ပရိသာ- အခြံအရံတို့သည်၊ ဟုတွာ- ဖြစ်၍၊ တုမှာကံ- သင်တို့ကို၊ ခမာပနတ္ထာယ- သည်းခံစိမ့်သောငှါ၊ အာဂတာ- လာပါ ကုန်၏၊ ဣတိ- ဤသို့ ဝဒတိ- ဆို၏။ ဘဝန္တိ- ဘဝံဟူသည်ကား၊ ဘဝံ သောဏ ပဏ္ဍိတော- အရှင်သောဏပညာရှိသည်၊ သုဏာတု- နားထောင်ပါလော့။

## နန္ဒရသေ့ တောင်းပန်ခြင်း

[နှာ-၃၄၄] ဧဝံ- ဤသို့၊ ဝုတ္တေ- မနောဇာမင်းသည် တောင်းပန်အပ်ပြီးသည်ရှိသော်၊ နန္ဒပဏ္ဍိတော- နန္ဒပညာရှိရသေ့သည်၊ အာသနာ- နေရာမှ၊ ပဋ္ဌာယ- ထ၍၊ မာတာပိတရော စ- မယ်တော်ခမည်းတော်တို့ကိုလည်းကောင်း၊ ဘာတရဉ္စ- နောင်တော် သောဏရသေ့ကိုလည်းကောင်း၊ ဝန္ဒိတွာ- ရှိခိုး၍၊ သကပရိသာယ- မိမိပရိသတ်နှင့်၊ သဒ္ဓိံ- တကွ၊ သလ္လပန္တော- စကားပြောလိုသည်ဖြစ်၍၊ "ပရောသတံ ဇာနပဒါ၊ (ပ) အရိယမဂ္ဂါဝရော နရော"တိ- "ပရောသတံ ဇာနပဒါ၊ (ပ) အရိယမဂ္ဂါဝရော နရော" ဟူကုန်သော၊ (ဣမာ သတ္တ ဂါထာ- ဤခုနစ်ဂါထာတို့ကို) အာဟ- ဆိုပြီ။

၁၃၉။ ပရောသတံ- တစ်ရာအတိုင်းအရှည်ရှိသော၊ ဇာနပဒါ- ဇနပုဒ်၌
နေကုန်သော၊ မဟာသာလာ စ- ဂဟပတိမဟာသာလတို့သည်

လည်းကောင်း၊ ဗြာဟ္မဏာ စ- အထွတ်သို့ ရောက်ကုန်ပြီးသော ပုဏ္ဏားတို့သည်လည်းကောင်း၊ အဘိ ဇာတာ- မြတ်သောအမျိုး၌ ဖြစ်ကုန်သော၊ ယသဿိနော- များသောအခြံအရံ ရှိကုန်သော၊ သဗ္ဗေ- အလုံးစုံကုန်သော၊ ဣမေ စ ခတ္တိယာ- ဤတစ်ရာသောမင်းတို့သည်လည်းကောင်း၊ မနောဇော- မနောဇအမည်ရှိသော၊ ဘဝဠ ရာဇာ- အရှင် မင်းကြီးသည် လည်းကောင်း၊ မေ- ငါ၏၊ ဝစော- စကားကို၊ အနုမညန္တု- သိစေကုန် သတည်း။

၁၄၀။ သမိတာရော- အညီအညွတ်စည်းဝေးလာကုန်သော၊ ယေ စ ဒေဝါ- အကြင်နတ်တို့သည်လည်းကောင်း၊ ဣဓ အဿမေ- ဤကျောင်းဇရပ်၌၊ ဝသန္တာ- စောင့်နေကုန်သော၊ ယေ စ ယက္ခာနိ- အကြင်နတ်တို့သည် လည်းကောင်း၊ အရညေ- ဟိမဝန္တာတောအရပ်၌၊ ဝသန္တာ- နေကုန်သော၊ ယာနိ စ ဘူတဘဗျာနိ- အကြင် အသက်အရွယ်ကြီးခြင်းသို့ ရောက်ကုန်ပြီးသော နတ်, ငယ်နုသောနတ်တို့သည်လည်းကောင်း၊ သန္တိ- ရှိကုန်၏၊ တေ ဒေဝါ- ထိုနတ်တို့ သည်၊ မမ- ငါ၏၊ ဝစနံ- စကားကို၊ သုဏန္တု- နာကြကုန်သတည်း။

၁၄၁။ ဘူတာနံ- နတ်တို့အား၊ နမော- ရှိခိုးခြင်းကို၊ ကတွာန- ပြုပြီး၍၊ ကောသိယ- ကောသိယအနွယ်ဖြစ်တော်မူသော နောင်တော်သူမြတ်၊ သုဗ္ဗတံ- ကောင်းသော အကျင့်ရှိသော၊ ဣသိံ- သီလက္ခန္ဓအစရှိသော ကျေးဇူးအပေါင်းကို ရှာမှီးလေ့ရှိသော နောင်တော်သူမြတ်ကို၊ ဝက္ခာမိ- ကြားလျှောက်ပါအံ့။ သော အဟံ- ထိုအကျွန်ုပ်ကို၊ တေ- သင်နောင်တော်သူမြတ်သည်၊ တဝ- သင်၏၊ ဒက္ခိဏာဗာဟု- ညာလက်ရုံးကဲ့သို့၊ သမ္မတော- သမုတ်အပ်ပါ၏။

၁၄၂။ ဝီရ- ကြီးသောလုံ့လရှိတော်မူသော၊ ကောသိယ- ကောသိယအနွယ်ဖြစ်သော နောင်တော်သူမြတ်၊ ပိတရဠ- အဖကိုလည်းကောင်း၊ ဇနေတ္တိဠ- အမိကိုလည်းကောင်း၊ ဘတ္တုကာမဿ- လုပ်ကျွေးလိုသည် ဖြစ်၍၊ သတော- ဖြစ်သော၊ မေ- အကျွန်ုပ်၏၊ ဣဒံ ဌာနံ- ဤအမိအဖတို့အား လုပ်ကျွေးခြင်းတည်း ဟူသော၊ ပုညံ- ကောင်းမှုကို၊ ကရောန္တံ- ပြုသော၊ မံ- အကျွန်ုပ်ကို၊ မာ ဝါရယ- မြစ်တော်မမူပါလင့်။

[နှာ-၃၄၅] ၁၄၃။ ဟိ သစ္စံ- မှန်၏၊ ဧတံ- ဤ အမိအဖတို့အား လုပ်ကျွေးခြင်းကို၊ သတ္ထာ- ဘုရားအစရှိသော သူတော်ကောင်းအပေါင်း တို့သည်၊ ဥပညာတံ- ကပ်၍သိအပ် ချီးမွမ်းအပ်၏၊ ဧတံ- ဤ အမိအဖ တို့အား လုပ်ကျွေးခြင်း တည်းဟူသော ကောင်းမှုကို၊ မမ- အကျွန်ုပ်အား၊ ဥပနိဿဇ- ပေးတော်မူ ပါလော့၊ ဥဋ္ဌာနပါရိစရိယာယ- ထကြွလုံ့လ လုပ်ကျွေးခြင်းဖြင့်၊ ဒီဃရတ္တံ- ရှည်မြင့်စွာသော နေ့ညဥ့်ပတ်လုံး၊ တယာ- သင်နောင်တော် သူမြတ်သည်၊ ကုသလံ- မိဖတို့အား လုပ်ကျွေးခြင်း တည်းဟူသော ကောင်းမှုကို၊ ကတံ- ပြုတော်မူအပ်ပြီ၊ ကဒါနိ- ယခုအခါ၌၊ အဟံ- အကျွန်ုပ်သည်၊ မာတာ ပိတူသု- မိဘတို့၌၊ ပုညာနိ- ကောင်းမှုတို့ကို၊ ကတ္တုကာမော- ပြုလိုပါ၏၊ မမ- အကျွန်ုပ်အား၊ လောက ဒဒေါ- နတ်ရွာကို ပေးသည်၊ ဘဝ- ဖြစ်တော်မူပါလော့။

၁၄၄။ ဣသေ- သီလက္ခန္ဓအစရှိသော ကျေးဇူးအပေါင်းကို ရှာလေ့ ရှိတော်မူသော နောင်တော်သူမြတ်၊ တွံ- သင်နောင်တော်သူမြတ်သည်၊ ဓမ္မပဒံ- ကြီးသောသူတို့အား အရိုအသေပြုခြင်း၏အဖြစ်ဟု ဆိုအပ်သော တရားအစုကို၊ ဇာနာသိ ယထာ- သိတော်မူသကဲ့သို့၊ တထေဝ- ထို့အတူ သာလျှင်၊ ဓမ္မေ- အမျိုးမျိုးသော တရားတို့ကို၊ ဝိဒူ- သိကုန်သော၊ မနုဇာ- တစ်ပါးသော မင်းတို့သည်၊ သန္တိ- ရှိပါကုန်၏၊ ကိန္တိ- အသို့သိကုန်သနည်း၊ ဓမ္မပဒံ- ကြီးသောသူတို့အား အရိုအသေပြုခြင်း၏အဖြစ်ဟု ဆိုအပ်သော တရားစုသည်၊ သဂ္ဂဿ လောကဿ- နတ်ရွာကို ရခြင်း၏၊ မဂ္ဂေါ- အကြောင်းဟူ၍၊ ဝိဒူ- သိပါကုန်၏။

၁၄၅။ ယော နရော- အကြင်သူသည်၊ ဥဋ္ဌာနပါရိစရိယာယ- ထကြွ လုံ့လ လုပ်ကျွေးခြင်းဖြင့်၊ မာတာပိတုသုခါဝဟံ- အမိအဖတို့၏ ချမ်းသာကို ဆောင်တတ်သော၊ တံ မံ- ထိုအကျွန်ုပ်ကို၊ ပုညာ- ကောင်းမှုမှ၊ နိဝါရေတိ- တားမြစ်၏။ သော နရော- ထိုသူသည်၊ အရိယမဂ္ဂါဝရော- ချစ်မြတ်နိုး အပ်သော နတ်ရွာခရီးကို ပိတ်ဆီးတတ်သော သူမည်သည်၊ ဟောတိ- ဖြစ်၏။

တတ္ထ- ထို 'ပရောသတံ' စသော ဂါထာတို့၌၊ **အနုမညန္တူ**တိ- အနုမညန္တု ဟူသည်ကား၊ အနုဇာနန္တု- လျော်စွာသိပါကုန်လော့၊ သာဓုကံ- ကောင်းစွာ၊ သုတွာ- ကြားနာ၍၊ ပစ္စက္ခံ- မျက်မှောက်ကို၊ ကရောန္တု- ပြုပါကုန်လော့၊ ဣတိ- ဤကား၊ အတ္ထော- အနက်တည်း။ **သမိတာရောတိ**- သမိတာရော ဟူသည်ကား၊ သမာဂတာ- အတူတကွလာကုန်သော။ **အရညေ ဘူတဘဗျာနီ**တိ- အရညေ ဘူတဘဗျာနိ ဟူသည်ကား၊ အသ္မိံ ဟိမဝန္တာရညေ- ဤဟိမဝန္တာတော၌၊ ဝုဍ္ဎိမရိယာဒပ္ပတ္တာနိ- အသက်အရွယ် ကြီးရင့်ခြင်းအပိုင်းအခြားသို့ ရောက်ကုန်သော၊ ယာနိ ဘူတာနိ စေဝ- အကြင်အသက် အရွယ်ကြီးသော နတ်တို့သည်လည်းကောင်း၊ တရုဏဒေဝတာနိ- နုပျိုသော နတ်ဖြစ်ကုန်သော၊ ယာနိ ဘဗျာနိ စ- အကြင် အသက်အရွယ်တိုးပွားဆဲဖြစ်သော နတ်တို့ သည်လည်းကောင်း၊[၁] (သန္တိ- ရှိကုန်၏၊) သဗ္ဗာနိ- အလုံးစုံလည်းဖြစ်ကုန်သော၊ တာနိပိ- ထိုနတ်တို့သည်လည်း၊ မမ- ငါ၏၊ ဝစနံ- စကားကို၊ သုဏန္တု- နာယူကြပါကုန်လော့။ ဣတိ- ဤကား၊ အတ္ထော- အနက်တည်း။ "**နမော ကတွာနာ**"တိ ဣဒံ- နမော ကတွာနဟူသော ဤစကားကို၊ သော- ထိုနန္ဒပညာရှိသည်၊ ပရိသာယ- ပရိသတ်အား၊ သညံ- အသိကို၊ ဒတွာ- ပေး၍၊ တသ္မိံ ဝနသဏ္ဍေ- ထိုတောအုပ်၌၊ နိဗ္ဗတ္တဒေဝတានံ- ဖြစ်သောနတ်တို့ကို၊ နမက္ကာရံ- ရှိခိုးခြင်းကို၊ ကတွာ- ပြု၍၊ အာဟ- ပြောပြီ။ တဿ- ထိုဂါထာ၏၊ အတ္ထော- အနက်ကို၊ (ဧဝံ- ဤသို့ ဝေဒိတဗ္ဗော- သိအပ်၏)။ အဋ္ဌ- ယနေ့၊ ဗဟူဟိ- များစွာကုန်သော၊ ဒေဝတာဟိ- နတ်တို့သည်၊ မမ- ငါ၏၊ ဘာတိကဿ- အစ်ကို ဖြစ်သူ၏၊ ဓမ္မကထာသဝနတ္ထံ- တရားစကားကို နာကြားရန် အလို့ငှါ၊ အာဂတာဟိ- လာရောက်ကြကုန်သည်၊ ဘဝိတဗ္ဗံ- ဖြစ်သင့်၏၊ အဟံ- ငါသည်၊ ဝေါ- သင် နတ်မင်းတို့ကို၊ နမက္ကာရော- ရှိခိုးပါ၏။ တုမှေပိ- သင်နတ်မင်းတို့သည်လည်း၊ မယှံ- ငါ၏၊ သဟာယာ- အပေါင်းအဖော် တို့သည်၊ ဟောထ- ဖြစ်ကြပါ ကုန်လော့၊ ဣတိ- ဤကား၊ အတ္ထော- အနက်တည်း။ သော- ထိုနန္ဒပညာရှိသည်၊ ဒေဝတာနံ- နတ်တို့ကို၊ အဉ္ဇလိံ- လက်အုပ်ကို၊ ပဂ္ဂဟေတွာ- ချီ၍၊ ပရိသံ- ပရိသတ်ကို၊ ဇာနာပေတွာ- သိစေပြီး၍၊ "ဣသိံ ဝဏ္ဍာမိ"တိအာဒိံ- ဣသိံ ဝဏ္ဍာမိ ဤသို့ အစရှိသော

---

၁။ ဘူတာနိ-ကို ဝုဍ္ဎိမရိယာဒပ္ပတ္တာနိ-ဟု ဖွင့်သည်၊ ဘဗျာနိ-ကို တရုဏဒေဝတာနိ-ဟု ဖွင့်သည်။

စကားရပ်ကို၊ အာဟ- ဆိုပြီ။ တတ္ထ- ထို ဣသိ ဝဏ္ဍာမိ စသော စကားရပ်၌၊ ဣသိန္တိ- ဣသိ ဟူသည်ကား၊ သောဏ ပဏ္ဍိတံ- သောဏပညာရှိကို၊ သန္ဓာယ- ရည်ရွယ်၍၊ ဝဒတိ- ဆို၏။ သမ္မတောတိ- သမ္မတောဟူသည်ကား၊ ဘာတရော နာမ- အစ်ကိုတို့မည်ကုန်သည်၊ အင်္ဂသမာ- မိမိကိုယ်၏အစိတ်အပိုင်း နှင့် တူကုန်သည်၊ ဟောန္တိ- ဖြစ်ကုန်၏၊ တသ္မာ- ထို့ကြောင့်၊ သော အဟံ- ထိုငါ့ကို၊ တေ- သင်နောင်တော်သည်၊ ဒက္ခိဏာ ဗာဟုတိ- ညာလက်ရုံးဟူ၍၊ သမ္မတော- သမုတ်အပ်ပြီ။ တေန- ထို့ကြောင့်၊ မေ- ငါ့အား၊ ခမိတုံ- သည်းခံခြင်းငှါ၊ အရဟထ- ထိုက်ပါကုန်၏၊ ဣတိ- ဤအနက်ကို၊ ဒီပေတိ- ပြ၏။

ဝီရာတိ- ဝီရဟူသည်ကား၊ ဝီရိယဝန္တ- ဝီရိယရှိသူ၊ မဟာပရက္ကမ- ကြီးသော အားထုတ်ခြင်းရှိသူ။ ပုညမိဒံ ဌာနန္တိ- ပုညမိဒံ ဌာနံဟူသည်ကား၊ ဣဒံ မာတာပိတု ဥပဋ္ဌာနံ နာမ- ဤအမိအဖကို လုပ်ကျွေးခြင်းမည်သည်၊ သဂ္ဂသံဝတ္တနိကကာရဏံ- နတ်ပြည်၌ဖြစ်ခြင်း၏ အကြောင်းဖြစ်သော၊ ပုညံ- ကောင်းမှုတည်း၊ တံ- ထိုကောင်းမှုကို၊ ကရောန္တ- ပြုသော၊ မံ- ငါ့ကို၊ မာ ဝါရယ- မတားမြစ်ပါလင့်၊ ဣတိ- ဤသို့၊ ဝဒတိ- ဆို၏။ သတ္တံ ဟေတန္တိ- သတ္တံ ဟေတံဟူသည်ကား၊ ဟိ- မှန်၏၊ ဧတံ မာတာပိတုဥပဋ္ဌာနံ နာမ- ဤအမိအဖတို့ကို လုပ်ကျွေးခြင်းမည်သည် ကို၊ ပဏ္ဍိတေဟိ- ပညာရှိတို့သည်၊ ဥပညာတံ- ကပ်၍သိအပ်၏၊ ဥပဂန္တာ- ကပ်၍၊ ဉာတဗ္ဗံ- သိလည်းသိအပ်၏၊ ဝဏ္ဏိတဗ္ဗံ- ချီးမွမ်းလည်းချီးမွမ်းအပ်၏။ မမေတံ ဥပနိဿဇာတိ- မမေတံ ဥပနိဿဇဟူသည်ကား၊ ဣဒံ- ဤ အမိအဖတို့အား လုပ်ကျွေးခြင်းကို၊ တွံ- သင်သည်၊ မယှံ- ငါ့အား၊ နိဿဇ- စွန့်လော့၊ ဝိဿဇ္ဇေဟိ- စွန့်လော့၊ ဒေဟိ- ပေးလော့။ ဥဋ္ဌာနပါရိစရိယာယာတိ- ဥဋ္ဌာနပါရိစရိယာယ ဟူသည်ကား၊ ဥဋ္ဌာနေန စ- နေရာမှ ထပေးခြင်းဖြင့်လည်းကောင်း၊ ပါရိစရိယာယ စ- ပြုစုလုပ်ကျွေးခြင်းဖြင့်လည်းကောင်း။ ကတန္တိ- ကတံဟူသည်ကား၊ ဒီဃရတ္တံ- ရှည်မြင့်စွာသော ကာလပတ်လုံး၊ တယာ- သင်သည်၊ ကုသလံ- ကုသိုလ်ကို၊ ကတံ- ပြုအပ်ပြီးပါပြီ။ ပုညာနီတိ- ပုညာနိဟူသည်ကား၊ ဣဒါနိ- ယခုအခါ၌၊ အဟံ- ငါသည်၊ မာတာပိတူသု- အမိအဖတို့၌၊ ပုညာနိ- ကောင်းမှုတို့ကို၊ ကတ္တုကာမော- ပြုခြင်းငှါ အလိုရှိ၏။ မမ လောကဒဒေါတိ- မမ လောကဒဒေါ ဟူသည်ကား၊ တဿ မမ- ထိုငါ့အဖို့၊ တွံ- သင်သည်၊ သဂ္ဂလောကဒဒေါ- နတ်ပြည်လောကကို

ပေးသူသည်၊ ဟောတိ- ဖြစ်ပါလော့၊ ဟိ- မှန်၏၊ အဟံ- ငါသည်၊ တေသံ- ထို အမိအဖတို့၏၊ ဝတ္တံ- ဝတ်ကြီးဝတ်ငယ်ကို၊ ဥပဋ္ဌာနံ- ပြုစုလုပ်ကျွေးခြင်းကို၊ ကတွာ- ပြု၍၊ ဒေဝလောကေ- နတ်ပြည်လောက၌၊ အပရိမာဏံ- အတိုင်းအရှည် မရှိသော၊ ယသံ- စည်းစိမ်ချမ်းသာကို၊ လဘိဿာမိ- ရပါအံ့၊ တဿ- ထိုစည်းစိမ် ချမ်းသာကို၊ မေ- ငါ့အား၊ တွံ- သင်သည်၊ ဒါယကော- ပေးတတ်သူသည်၊ ဟောဟိ- ဖြစ်ပါလော့၊ ဣတိ- ဤသို့၊ ဝဒတိ- ဆို၏။

တထေဝါတိ- တထေဝ ဟူသည်ကား၊ တွံ- သင်သည်၊ ဇာနာသိ ယထာ- သိ သကဲ့သို့၊ တထေဝ- ထို့အတူပင်၊ အညေပိ- အခြားလည်းဖြစ်ကုန်သော၊ မနုဇာ- လူတို့သည်၊ ဣမိဿံ ပရိသာယံ- ဤပရိသတ်၌၊ သန္တိ- ရှိကုန်၏။ တေ- ထိုလူတို့ သည်လည်း၊ နာနပ္ပကာရေ- အထူးထူးသော အပြားရှိကုန်သော၊ ဓမ္မေ- တရားတို့ကို၊ (ဇာနန္တိ- သိကုန်၏၊ တေ- ထိုလူတို့သည်၊) ဣဒံ ဇေဋ္ဌာပစာယိက ဘာဝသင်္ခါတံ- ဤကြီးသောသူတို့အား အရိုအသေပြုသည်၏အဖြစ်ဟု ဆိုအပ်သော၊ ဓမ္မကောဋ္ဌာသံ- တရားအစုကို၊ ဝဒန္တိ- ပြောဆိုကြကုန်၏။ ကိန္တိ- အသို့ဆိုကုန်သနည်း ဟူမူကား၊ မဂ္ဂေါ သဂ္ဂဿ လောကဿာတိ- မဂ္ဂေါ သဂ္ဂဿ လောကဿဟူ၍၊ (ဝဒန္တိ- ဆိုကုန်၏)။ သုခါဝဟန္တိ- သုခါဝဟံဟူသည်ကား၊ ဥဋ္ဌာနေန စ- နေရာမှ ကခြင်းဖြင့်လည်းကောင်း၊ ပါရိစရိယာယ စ- ပြုစုလုပ်ကျွေးခြင်း ဖြင့်လည်းကောင်း၊ မာတာပိတူနံ- အမိအဖတို့၏၊ သုခါဝဟံ- ချမ်းသာကို ဆောင်တတ်သော။ တံ မန္တိ- တံ မံဟူသည်ကား၊ တံ မံ- ထိုငါ့ကို၊ ဧဝံ- ဤသို့ သမ္မာပဋိပန္နမ္ပိ- ကောင်းစွာကျင့် ပါသော်လည်း၊ ဘာတာ- အစ်ကိုဖြစ်သော၊ သောဏပဏ္ဍိတော- သောဏ ပညာရှိသည်၊ တမှာ ပုညာ- ထိုကောင်းမှုမှ၊ အဘိဝါရေတိ- တားမြစ်ဘိ၏။ အရိယမဂ္ဂါဝရောတိ- အရိယမဂ္ဂါဝရော ဟူသည်ကား၊[၁] သော- ထိုအစ်ကိုဖြစ်သော သောဏပညာရှိသည်၊ ဧဝံ- ဤသို့၊ ဝါရေန္တော- တားမြစ်သော၊ အယံ နရော-

၁။ အရိယမဂ္ဂါဝရော- အရိယမဂ်အရ သောတာပတ္တိမဂ်စသည်ကို မယူရ၊ နတ်ပြည်ကိုသာ ယူရမည်။ နတ်ပြည်ကို ချစ်ဖွယ်အနေဖြင့် ရှုမြင်အပ်သော အဆင်း ရှိသောကြောင့် အရိယာ-ဟု တင်စား၍ ခေါ်ဝေါ်သည်။ ထို့ကြောင့် အရိယသင်္ခါတဿ-ဟု ဖွင့်သည်။

ဤလူသည်၊ မမ- ငါ၏၊ ပိယဒဿနတာယ- ချစ်ဖွယ်အနေဖြင့် ရှုမြင်အပ်သည်၏ အဖြစ်ကြောင့်၊ အရိယသဒ္ဓါတဿ- အရိယာဟု ဆိုအပ်သော၊ ဒေဝလောကဿ- နတ်ပြည်လောက၏၊ မင်္ဂါဝရဏော နာမ- လမ်းခရီးကို တားမြစ်တတ်သူမည်သည်၊ ဟောတိ- ဖြစ်၏။ ဣတိ- ဤကား၊ အတ္ထော- အနက်တည်း။

## သောဏပညာရှိရသေ့၏ မိန့်ခွန်း

[နှာ-၃၄၆] ဧဝံ- ဤသို့ နန္ဒပဏ္ဍိတေန- နန္ဒပညာရှိရသေ့သည်၊ ဝုတ္တေ- ဆိုအပ်လတ်သော်၊ မဟာသတ္တော- ဘုရားလောင်း နောင်တော်သောဏ ရသေ့သည်၊ "ဣမဿ- ဤနန္ဒပညာရှိရသေ့၏၊ ဝစနံ- စကားကို၊ တုမ္ဟေပိ- ရှင်မင်းကြီးတို့သည်၊ တာဝ- ရှေးဦးစွာ၊ သုတံ- ကြားတော်မူအပ်ပြီ။ ဣဒါနိ- ယခုအခါ၌၊ မမပိ- ငါ၏လည်း၊ (ဝစနံ- စကားကို၊) သုဏာထ- နာတော်မူကုန်လော့။" ဣတိ- ဤသို့ မိန့်တော်မူ၍၊ သာဝေန္တော- ကြားနာလိုသည်ဖြစ်၍၊ "သုဏန္တု ဘောန္တော ဝစနံ (ပ) ဇေဋ္ဌော စ'သို့ ရထေသဘာ"တိ- "သုဏန္တု ဘောန္တော ဝစနံ (ပ) ဇေဋ္ဌော စ'သို့ ရထေသဘာ" ဟူကုန်သော၊ (ဣမာ စတဿော ဂါထာ- ဤလေးဂါထာတို့ကို၊) အာဟ- ဆိုတော်မူပြီ။

၁၄၆။ မမ- ငါ၏၊ ဘာတုရဇ္ဈာဝရာ- ညီတော်နန္ဒပရိသတ် ဖြစ်၍၊ အာဂတာ- ရောက်လာကြကုန်သော၊ ဘောန္တော ရာဇာနော- အို မင်းများတို့ မမ- ငါ၏၊ ဝစနံ- စကားကို၊ သုဏန္တု- နာယူကြကုန်လော့၊ မဟာရာဇ- မြတ်သော မနောဇာမင်းမြတ်၊ ယော ပုဂ္ဂလော- အကြင်ပုဂ္ဂိုလ်သည်၊ ပေါရာဏံ- ရှေး၌ဖြစ်သော၊ ကုလဝံသံ- အမျိုးအနွယ်ကို၊ ပရိဟာပယံ ပရိဟာပယန္တော- ယုတ်စေလျက်၊ ဇေဋ္ဌေသု- ဂုဏ်ဖြင့် ကြီးသောသူ အရွယ်ဖြင့် ကြီးသောသူတို့၌၊ အဓမ္မာစာရီ- မရိုမသေ ပြုခြင်းအစရှိသော ဒုစရိုက်တရားကို ကျင့်လေ့ရှိ၏။ သော ပုဂ္ဂလော- ထို ဂုဏ်ဖြင့် ကြီးသောသူ အရွယ်ဖြင့်ကြီးသောသူတို့၌ မရိုမသေပြုခြင်း အစရှိသော ဒုစရိုက်တရားကို ကျင့်လေ့ရှိသော ပုဂ္ဂိုလ်သည်၊ နိရယံ- ငရဲ၌၊ ဥပပဇ္ဇတိ- ဖြစ်ရာ၏။

၁၄၇။ ဒိသမ္ပတိ- အရပ်မျက်နှာအရှင်ဖြစ်တော်မူသော မင်းမြတ်၊ ယေ စ- အကြင်ပုဂ္ဂိုလ်တို့သည်ကား၊ ပေါရာဏဿ- ရှေး၌ဖြစ်သော၊ ဓမ္မဿ-

ကြီးသောသူတို့အား အရိုအသေပြုခြင်းအစရှိသော ကုသိုလ်တရား၌၊ ကုသလာ- လိမ္မာကုန်၏၊ စာရိတ္တေန- အကျင့်သီလနှင့်၊ သမ္ပန္နာ- ပြည့်စုံကုန်၏၊ တေ ပုဂ္ဂလာ- ထိုပုဂ္ဂိုလ်တို့သည်၊ ဒုဂ္ဂတိံ- ဒုဂ္ဂတိသို့၊ န ဂစ္ဆန္တိ- မရောက်ကုန်။

၁၄၈။ ဘာရစ- ပြည်ကြီးဝန်ကို ဆောင်ရွက်တော်မူတတ်သော မင်းမြတ်၊ မာတာ စ- အမိသည်လည်းကောင်း၊ ပိတာ စ- အဖသည်လည်းကောင်း၊ ဘာတာ စ- ညီတို့သည်လည်းကောင်း၊ ဘဂိနီ စ- နှမတို့သည်လည်းကောင်း၊ ဉာတီ စ- အဆွေအမျိုးတို့သည်လည်းကောင်း၊ ဗန္ဓဝါ စ- အဆွေခင်ပွန်းတို့သည်လည်းကောင်း၊ တေ သဗ္ဗေ- ထိုအလုံးစုံသောသူတို့သည်၊ ဇေဋ္ဌဿ- သားကြီး၏၊ ဘာရာ- ဝန်တို့တည်း၊ ဧဝံ- ဤသို့၊ ဇာနာဟိ- သိတော်မူလော့။

၁၄၉။ ရဋ္ဌေသဘ- ရထားစီးချင်း မင်းတကာတို့ထက် မြတ်တော်မူသော မင်းမြတ်၊ နာဝိကော- လှေမှူးသည်၊ ဂရုံ- လေးစွာသော၊ ဘာရံ- ဝန်ကို၊ အာဒိယိတွာ- တင်၍၊ ဥဿဟေ ဝိယ- လုံ့လပြုရသကဲ့သို့၊ တထာ- ထို့အတူ၊ အဟဉ္စ- ငါသည်လည်း၊ တေ- ထိုမိဘတို့ကို၊ ဥဿဟာမိ- လုံ့လပြုရာ၏၊ ဓမ္မဉ္စ- ကြီးသောသူတို့သည် ကျင့်ရာသောတရားကိုလည်း၊ နပ္ပမဇ္ဇာမိ- ငါမမေ့၊ ဇေဋ္ဌော စ- အကြီးသည်လည်း၊ အသ္မိ- ဖြစ်၏။

တတ္ထ- ထို'သုဏန္တု' စသော ဂါထာတို့၌၊ ဘာတုရဋ္ဌာဝရာတိ- ဘာတုရဋ္ဌာဝရာ ဟူသည်ကား၊ မမ- ငါ၏၊ ဘာတု- ညီဖြစ်သော နန္ဒပညာရှိ၏၊ ပရိသာ- ပရိသတ်သည်၊ ဟုတွာ- ဖြစ်၍၊ အာဂတာ- လာရောက်ကြကုန်သော၊ သဗ္ဗေပိ- အလုံးစုံလည်း ဖြစ်ကုန်သော၊ ဘောန္တော ရာဇာနော- အရှင်မင်းတို့သည်၊ မမပိ- ငါ၏လည်း၊ ဝစနံ- စကားကို၊ တာဝ- ရှေးဦးစွာ၊ သုဏန္တု- နားထောင်ဦးလော့။ ပရိဟာပယန္တိ- ပရိဟာပယံ ဟူသည်ကား၊ ပရိဟာပေန္တော- ဖယ်ရှားလျက်။ ဓမ္မဿာတိ- ဓမ္မဿဟူသည်ကား၊ ပဝေဏိဓမ္မဿ- အစဉ်အဆက်လာသော တရားဖြစ်သော။ ဇေဋ္ဌာပစာယနဓမ္မဿ- ကြီးသောသူတို့အပေါ်၌ အရိုအသေပြု သော တရား၌၊ ('ကုသလာ'ပုဒ်ကို ငဲ့၍ အာဓာရအနက်ပေးလိုက်သည်၊) ကုသလာတိ- ကုသလာ

ဟူသည်ကား၊ ဆေကာ- လိမ္မာကုန်သော။ စာရိတ္တေန စာတိ- စာရိတ္တေန စ ဟူသည်ကား၊ အာစာရသီလေန- အကျင့်သီလဖြင့်၊ သမ္ပန္နာ- ပြည့်စုံကုန်သော သူတို့သည်။ ဘာရာတိ- ဘာရာဟူသည်ကား၊ သဗ္ဗေ- အလုံးစုံ ကုန်သော၊ ဧတေ- ထို မိဘတို့အပေါ်၌ ပြုကျင့်အပ်သော ကျင့်ဝတ်တို့ကို၊ ဇေဋ္ဌေန- အကြီးဖြစ်သော သားသည်၊ ဝဟိတဗ္ဗာ- ဆောင်ရွက်အပ်ကုန်၏။ ပဋိဇဂ္ဂိတဗ္ဗာ- လုပ်ကျွေးအပ်ကုန်၏၊ ဣတိ- ထို့ကြောင့်၊ တဿ- ထိုအကြီးဖြစ်သော သား၏၊ ဘာရာ နာမ- ဝန်တို့ မည်ကုန်၏။ နာဝိကော ဝိယာတိ- နာဝိကော ဝိယ ဟူသည်ကား၊ နာဝါယ- လှေဖြင့်၊ ဂရုံ- လေးလံသော၊ ဘာရံ- ဝန်ကို၊ အာဒိယိတွာ- ယူ၍၊ သမုဒ္ဒမဇ္ဈေ- သမုဒ္ဒရာ၏ အလယ်၌၊ နာဝံ- လှေကို၊ သောတ္ထိနာ- ချမ်းသာစွာ၊ နေတုံ- ဆောင်ခြင်းငှာ၊ နာဝိကော- လှေသူကြီးသည်၊ ဥဿဟေတိ- စွမ်းနိုင်၏။ ဝါယမတိ- အားထုတ်၏။ နာဝါယ- လှေနှင့်၊ သဟ- တကွ၊ သဗ္ဗဘဏ္ဍဥ္စ- အလုံးစုံသော ဘဏ္ဍာသည် လည်းကောင်း၊ ဇနော စ- လှေပေါ်ပါ လူအပေါင်းသည်လည်းကောင်း၊ တဿေဝ- ထိုလှေသူကြီး၏သာ၊ ဘာရော- ဝန်သည်၊ ဟောတိ ယထာ- ဖြစ်သကဲ့သို့၊ တထာ- ထို့အတူ၊ သဗ္ဗေ- အလုံးစုံကုန်သော၊ ဉာတကာ- ဆွေမျိုးတို့သည်၊ မမေဝ- အကြီး ဖြစ်သော ငါ၏သာလျှင်၊ [နှာ-၃၄၇] ဘာရော- ဝန်တည်း။ ဣတိ- ဤသို့ (မနသိ ကရိတ္ဝာ- နှလုံးပြု၍)၊ အဟံ- ငါသည်၊ တေ- ထိုမိဘတို့ကို၊ ပဋိဇဂ္ဂိတုံ စ- ကျွေးမွေး ခြင်းငှာလည်း၊ ဥဿဟာမိ- စွမ်းနိုင်၏။ သက္ကောမိ- စွမ်းနိုင်၏။ တဉ္စ ဇေဋ္ဌာပစာယနဓမ္မံ- ထိုကြီးသော သူတို့အား အရိုအသေပြုကျင့်သော တရားကိုလည်း၊ နပ္ပမဇ္ဇာမိ- မမေ့။ စ- ဆက်ဦးအံ့၊ ကေဝလံ- သက်သက်၊ ဧတေသညေဝ- ထိုဆွေမျိုးအပေါင်းတို့၏ သာလျှင်၊ (ဇေဋ္ဌော- အကြီးသည်)၊ န- မဟုတ်သေး။ သကလဿပိ- အလုံးစုံသာလျှင် ဖြစ်သော၊ လောကဿ- လောက၏၊ ဇေဋ္ဌော စ- အကြီးသည်လည်း၊ အသ္မိ- ဖြစ်၏။ တသ္မာ- ထို့ကြောင့်၊ အဟမေဝ- ငါသည်သာလျှင်၊ နန္ဒေန- နန္ဒပညာရှိနှင့်၊ သဒ္ဓိံ- အတူ၊ ပဋိဇဂ္ဂိတုံ- မိဘတို့ကို လုပ်ကျွေးခြင်းငှာ၊ ယုတ္တော- သင့်၏။ ဣတိ- ဤသို့ (အာဟ- ဆိုပြီ)။

### မင်းများ ကြည်ညိုသွားကြပြီ

တံ- ထိုစကားကို၊ သုတွာ- ကြား၍၊ သဗ္ဗေပိ- အလုံးစုံလည်းဖြစ်ကုန်သော၊ တေ ရာဇာနော- ထိုမင်းတို့သည်၊ အတ္တမနာ- နှစ်သက်ဝမ်းမြောက်သော စိတ်ရှိ

ကုန်သည်၊ ဟုတွာ- ဖြစ်ကုန်၍၊ "အ၀သေသာ- ကြွင်းကုန်သော ဆွေမျိုးတို့သည်၊ ဇေဌ္ဌာဘာတိကဿ- အစ်ကိုကြီး သောဏ၏၊ ဘာရာ ကိရ- တာဝန်ဖြစ်ကုန်သတတ်၊ ဣတိ- ဤသို့၊ အဇ္ဇ- ယနေ့၊ အမှေဟိ- ငါတို့သည်၊ ဉာတံ- သိအပ်ပြီ။" ဣတိ- ဤသို့ နန္ဒပဏ္ဍိတံ- နန္ဒပညာရှိရသေ့ကို၊ ပဟာယ- စွန့်၍၊ မဟာသတ္တံ- ဘုရားလောင်း သောဏရသေ့ကို၊ သန္နိသိတာ- ကောင်းစွာ မှီအပ်ကုန်သည်၊ ဟုတွာ- ဖြစ်၍၊ တဿ- ထိုဘုရားလောင်းရှင်ရသေ့အား၊ ထုတိံ- ချီးမွမ်းခြင်းကို၊ ကရောန္တာ- ပြုကုန်လျက်၊ "အမိဂမာ တမေ ဉာဏံ (ပ) ကောသိယော ပဝိဒံသယီ"တိ- "အမိဂမာ တမေ ဉာဏံ၊ (ပ) ကောသိယော ပဝိဒံသယိ"ဟူကုန်သော၊ ဒွေ ဂါထာ- နှစ်ဂါထာတို့ကို၊ အဘာသိံသု- ဆိုကုန်ပြီ။

၁၅၀။ ဘန္တေ- အရှင်ဘုရား၊ မယံ- အကျွန်ုပ်တို့သည်၊ ဣတော- ဤ အခါမှ၊ ပုဗ္ဗေ- ရှေးကာလ၌၊ တမေ- ကြီးသောသူတို့ကျင့်ရသော တရား တို့ကို ဖုံးလွှမ်းတတ်သော မောဟ၌၊ ဝတ္တမာနာ- ဖြစ်ကုန်၍၊ န ဇာနာမ- မသိပါကုန်။ အဇ္ဇ- ယနေ့၊ ဇာတဝေဒတော- မိုက်သောအခါ တောင်ထိပ် ထက်၌တောက်သော တောမီးမှ၊ ဇာလံ ဣဝ- အလင်းရောင်ကိုကဲ့သို့၊ ဉာဏံ- သိခြင်းဉာဏ်ကို၊ အမိဂမာ- ရပေကုန်ပြီ။ ဧဝမေဝ- ဤအတူ သာလျှင်၊ ကောသိယော- ကောသိယအနွယ် ဖြစ်သော၊ ဘဝံ- အရှင် ဘုရားသည်၊ နော- အကျွန်ုပ်တို့အား၊ ဓမ္မံ- ကြီးသောသူတို့ကို ပြုရသော ကျင့်ဝတ်တရားကို၊ ပဝိဒံသယိ- ပြတော်မူပေပြီ။

၁၅၁။ ဘန္တေ- အရှင်ဘုရား၊ ပဘင်္ကရော- အရောင်ကို ပြုတတ်သော၊ ဝိသုဒေဝေါ- ဒြပ်ကို ပြုတတ်သော၊ ဥဒယံ ဥဒယန္တော- တက်၍ထွန်းသော၊ အာဒိစ္စော- နေမင်းသည်၊ ပါဏီနံ- သတ္တဝါတို့အား၊ ကလျာဏပါပကံ- ကောင်း မကောင်းဖြစ်သော၊ ရူပံ- ရူပါရုံကို၊ ပဝိဒံသေတိ ယထာ- ပြသကဲ့သို့ ဧဝမေဝ- ဤအတူသာလျှင်၊ ကောသိယော- ကောသိယအနွယ်ဖြစ်သော၊ ဘဝံ- အရှင်ဘုရားသည်၊ နော- အကျွန်ုပ်တို့အား၊ ဓမ္မံ- ကြီးသောသူတို့ကို ပြုရသော ကျင့်ဝတ်တရားကို၊ ပဝိဒံသယိ- အပြားအားဖြင့် ပြတော်မူပေပြီ။

တတ္ထ- ထို 'အမိဂမာ' စသော ဂါထာတို့၌၊ **အမိဂမာတိ**- အမိဂမာ ဟူသည်ကား၊ မယံ- ငါတို့သည်၊ ဣတော- ဤအခါမှ၊ ပုဗ္ဗေ- ရှေး၌၊ ဇေဋ္ဌာပစာယန

ဓမ္မပဋိစ္စာဒကေ- ကြီးသောသူတို့အား အရိုအသေပြုကျင့်သော တရား၌ ဖုံးလွှမ်းသော၊ တမေ- အမိုက် အမှောင်၌၊ ဝတ္တမာနာ- ဖြစ်ကုန်သည် (ဟုတ္ဂာ- ဖြစ်၍၊) န ဇာနာမ- မသိကုန်၊ အဇ္ဇ- ယနေ့၊ ဇာတဝေဒတော- တောမီးမှ၊ ဇာလံ- မီးတောက်မီးလျှံကဲ့သို့ ဉာဏံ- ဉာဏ်ကို၊ အဓိဂတာ- ရအပ်ပြီ။ ဧဝမေဝ နောတိ- ဧဝမေဝ နော ဟူသည် ကား၊ မဟန္ဓကာရေ- ကြီးစွာသော အမိုက်မှောင်၌၊ ပဗ္ဗတမတ္ထကေ- တောင်ထိပ်၌၊ ဇလိတော- တောက်သော၊ ဇာတဝေဒေါ- တောမီး သည်၊ သမန္တာ- ထက်ဝန်းကျင်မှ၊ အာလောကံ- အရောင်အလင်းကို၊ ဖရန္တော- ဖြန့်သည်ဖြစ်၍၊ ရူပါနိ- အဆင်းတို့ကို၊ ဒဿေတိ ယထာ- ပြဘိသကဲ့သို့၊ တထာ- ထို့အတူ၊ နော- ငါတို့အား၊ ဘဝံ ကောသိယဂေါတ္တော- ကောသိယအနွယ် ဖြစ်သော အရှင်သောဏပညာရှိသည်၊ ဓမ္မံ- တရားကို၊ ပဝိဒံသယိ- ထင်ရှားပြခဲ့ပြီ၊ က္ကတိ- ဤကား၊ အတ္တော- အနက်တည်း။ ဝါသုဒေဝေါတိ- ဝါသုဒေဝေါ ဟူသည်ကား၊ ဝသုဒေဝေါ- ဒြပ်ဝတ္ထုကို ပြတတ်သော၊[၁] ဝသုဇောတနော- ပစ္စည်းဥစ္စာကို ပြတတ်သော၊ ဓနပကာသနော- ဥစ္စာစီးပွားကို ထင်ရှားပြ တတ်သော၊ က္ကတိ- ဤကား၊ အတ္တော- အနက်တည်း။

က္ကတိ- ဤသို့လျှင်၊ မဟာသတ္တော- ဘုရားလောင်း သောဏရှင်ရသေ့ သည်၊ ဧတ္တကံ- ဤမျှလောက်သော၊ ကာလံ- ကာလပတ်လုံး၊ နန္ဒပဏ္ဍိတဿ- နန္ဒပညာရှိ ရသေ့၏၊ ပါဋိဟာရိယာနိ- တန်ခိုးပြာဋိဟာတို့ကို၊ ဒိသွာ- မြင်ရ၍၊ တသ္မိံ- ထိုနန္ဒပညာရှိ ရသေ့၌၊ ပသန္နစိတ္တော- ကြည်ညိုသော စိတ်ရှိကုန်သော၊ တေ ရာဇာနော- ထိုမင်းတို့ကို၊ ဉာဏဗလေန- မိမိဉာဏ်အစွမ်းဖြင့်၊ တသ္မိံ- ထိုနန္ဒပညာရှိရှင်ရသေ့၌၊ ပသာဒံ- ကြည်ညိုခြင်းကို၊ ဘိန္ဒိတွာ- ဖျက်ဆီး၍၊ အတ္တနော- မိမိ၏၊ ကထံ- စကားကို၊ ဂါဟာပေတွာ- ယူစေ၍၊ သဗ္ဗံ- အလုံးစုံကုန်သော ပရိသတ်တို့ကိုသာလျှင်၊ အတ္တနော- မိမိသို့၊ မုခံ- ရှေးရှု၊ ဥလ္လောကိတေ-

---

၁။ ဝသုဒေဝ• ဝသု-သဒ္ဒါ ဥစ္စာဓန-ကို ဟော၏၊ ရုပ်ဝတ္ထု-ကိုလည်း ဟော၏၊ ဒေဝ-သဒ္ဒါ ဒိဝု-ဓာတ်၊ ထွန်းပခြင်း အနက်ဟော၊ ထို့ကြောင့် ဇောတနော-ဟု ဖွင့်သည်၊ ဝသုဒေဝနတ် ဥစ္စာဓနကို ပြတတ်သောနတ်ဟု အဘိဓာန် ဖွင့်၏၊ ဤ၌ နေမင်းကိုယူ။ နေသည် အရောင်အလင်းကို ပေးသောအားဖြင့် ဥစ္စာဓန ဒြပ်ဝတ္ထုတို့ကို ပြသကဲ့သို့ ဖြစ်သည်။

မော်ကြည့်ခြင်းတို့ကို၊ အကာသိ- ပြုတော်မူပြီ။ အထ- ထိုအခါ၌၊ နန္ဒပဏ္ဍိတော- ညီတော်နန္ဒရသေ့သည်၊ "မေ- ငါ၏၊ ဘာတာ- နောင်တော်သည်၊ ပဏ္ဍိတော- ပညာရှိတော်မူသည်၊ ဗျတ္တော- ဥပါယ်တံမျဉ်၌ ကျွမ်းကျင် လိမ္မာ တော်မူသည်၊ ဓမ္မကထိကော- တရားကို ဟောတတ်တော်မူသည်၊ (ဟုတွာ- ဖြစ်၍) မေ- ငါ၏၊ သဗ္ဗေပိ- အလုံးစုံလည်း ဖြစ်ကုန်သော၊ ရာဇာနော- မင်းပရိသတ် တို့ကို၊ ဘိန္ဒိတွာ- ဖျက်ဆီး၍၊ အတ္တနော- မိမိ၏၊ ပက္ခေ- အသင်းအပင်းတို့ကို၊ ကရိ- ပြုနိုင်ပြီ၊ ဣမံ- ဤငါ့နောင်တော်ကို၊ ဌပေတွာ- ထား၍၊ အညော- ငါ့နောင်တော်မှ တစ်ပါးသော၊ မယှံ- ငါ၏၊ ပဋိသရဏံ- ကိုးကွယ်ရာသည်၊ နတ္ထိ- မရှိပြီ၊ ဣမမေဝ- ငါ့နောင်တော် ကိုသာ၊ ယာစိဿာမိ- တောင်းပန်အံ့၊" ဣတိ- ဤသို့ စိန္တေတွာ- ကြံ၍၊ "ဧဝံ မေ ယာစမာနဿ၊ (ပ) ဝုဋ္ဌိတော ပရိစာရကော"တိ- "ဧဝံ မေ ယာစမာနဿ၊ (ပ) ဝုဋ္ဌိတော ပရိစာရကော"ဟူသော၊ ဂါထံ- ဂါထာကို၊ အာဟ- ဆိုပြီ။

၁၅၂။ ဘာတိက- နောင်တော်သူမြတ်၊ ဧဝံ- ဤသို့၊ ခမာပနတ္ထာယ- သည်းခံစိမ့်သောငှာ၊ ယာစမာနဿ- တောင်းပန်ပါသော၊ မေ- အကျွန်ုပ်၏၊ အဉ္ဇလိံ- လက်အုပ်ကို၊ တုမှေ- နောင်တော်သူမြတ်တို့သည်၊ သစေ နာဝဗုဇ္ဈထ- အကယ်၍ ခံတော်မမူကုန်အံ့၊ တုမှေဝ- နောင်တော်တို့သည် သာလျှင်၊ မာတာပိတရော- အမိအဖတို့ကို၊ ဥပဋ္ဌဟထ- လုပ်ကျွေးတော်မူ ကုန်လော့။ အဟံ ပန- အကျွန်ုပ်သည်ကား၊ တဝ- နောင်တော်သူမြတ်၏၊ ပဒ္ဓစရော- အနီးနေ တပည့်သည်၊ ဝုဋ္ဌိတော- မပျင်းမရိသော၊ ပရိစာရိကော- အလုပ်အကျွေးသည်၊ ဟေဿံ- ဖြစ်ပါအံ့။

တဿ- ထို 'ဧဝံ မေ' စသော ဂါထာ၏၊ အတ္ထော- အနက်ကို၊ (ဧဝံ- ဤသို့၊ ဝေဒိတဗ္ဗော- သိအပ်၏၊) သစေ- အကယ်၍၊ တုမှေ- သင်တို့သည်၊ ဧဝံ- ဤသို့၊ ယာစမာနဿ- တောင်းပန်သော၊ မမ- ငါ၏၊ ခမာပနတ္ထာယ- သည်းခံစိမ့်သောငှာ၊ ဝါ- ခွင့်လွှတ်စိမ့်သောငှာ၊ ပဂ္ဂဟိတံ- ချီအပ်သော၊ အဉ္ဇလိံ- လက်အုပ်ကို၊ နာဝဗုဇ္ဈထ- အသိအမှတ် မပြုကုန်ငြားအံ့၊ န ပဋိဂ္ဂဏှထ- မခံယူကုန်ငြားအံ့။ တုမှေဝ- နောင်တော်ကြီး ဖြစ်သော သင်တို့သည်သာလျှင်၊ မာတာပိတရော- အမိအဖတို့ကို၊ ဥပဋ္ဌဟထ- လုပ်ကျွေးပါကုန်လော့၊ အဟံ ပန- ညီဖြစ်သော ငါမူကား၊ တုမှာကံ- သင်အစ်ကိုကြီးတို့၏၊ ပဒ္ဓစရော- အနီးအပါး၌ လှည့်လည်သော သူသည်၊

ဝေယျာဝစ္စကရော- အမှု ကြီးငယ်ကို ပြုတတ်သော သူသည်၊ ဟေဿံ- ဖြစ်အံ့၊ ရတ္တိန္ဒိဝံ- နေ့နေ့ညဉ့်ညဉ့် အနလသဘာဝေန- မပျင်းရိသည်၏ အဖြစ်ဖြင့်၊ ဝုဋ္ဌိတော- ထကြွသည်ဖြစ်၍၊ ပရိစာရကော- လုပ်ကျွေးတတ်သော၊ အဟံ- ငါသည်၊ တုမှေ- သင် နောင်တော်ကြီး တို့ကို၊ ပဋိဇဂ္ဂိဿာမိ- လုပ်ကျွေးပြုစုပါအံ့၊ က္ကတိ- ဤကား၊ အတ္ထော- အနက်တည်း။

မိဘလုပ်ကျွေးခွင့်ရပြီ

